www.burmeseclassic.com

# စောပြည့်ဟာလာ

အချစ်ကအချစ် ရန်ငြိမ်းကရန်ငြိမ်း

BURMESE CLASSIC .com

cover:mgkyawoo

www.burmeseclassic.com

www.burmeseclassic.com

ၾ

ၾ

# စောပြည့်မာလာ

အချစ်ကအချစ် ရန်ငြိုးကရန်ငြိုး

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၄၆၀၈၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၃၉၀၉၀၉
ထုတ်ဝေသူ ● ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ရွှန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ ● ဦးကျော်ရင် (ရွှေခြသေ့ံပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ပုံနှိပ်ခြင်း ● ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ။
အုပ်ရေ ● ၅၀၀ အုပ်
တန်ဖိုး ● ၁၀၀ ကျပ်
ဖြန့်ချိရေး ● ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ ဓိ-၄၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 095163764, 095162031

ဂ၉၅.၈၃

စောပြည့်မာလာ
အချစ်ကအချစ် ရန်ငြိုးကရန်ငြိုး/ စောပြည့်မာလာ ။- ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၀၉။
(၃၈၂) စာ၊ ၁၂ စင်တီမီတာ x ၁၇.၇ စင်တီမီတာ
(၁) အချစ်ကအချစ် ရန်ငြိုးကရန်ငြိုး

## (တစ်)

နှင်းဆီပြာဟိုတယ်။

နှင်းဆီပြာဟိုတယ်ကြီး၏ အချက်အချာအကျဆုံး ဆောင်ရွက်မှုများနှင့် နိုင်ငံခြားမှ ပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းချက်များအတွက် ဆွေးနွေးတင်ပြကြသည့် အစည်းအဝေးပွဲကြီးပြီးစီးသွားချိန်တွင် နေ့လည်ထမင်းစားချိန်ပင် လွန်သွားလေပြီဖြစ်၏။

နှင်းဆီပြာဟိုတယ်မှ အရေးအပါဆုံးသော ဝန်ထမ်းများ အစည်းအဝေးခန်းထဲမှထွက်သွားကြချိန်တွင် နှင်းဆီပြာဟိုတယ်ပိုင်ရှင်၏ တစ်ဦးတည်းသောသားလည်းဖြစ်၊ ဟိုတယ်ကြီး၏စီအီးအိုအရာရှိလည်းဖြစ်သည့် ကိုကိုသည် ထိုင်ရာမှမထသေးဘဲရှိ၏။

"ကဲ ချယ်ရီရေ..အစ်ကိုထမင်းဆာပြီကွာ၊ အိမ်ပြန်ကြရအောင်၊ ချယ်ရီလည်း ဒီနေ့အစည်းအဝေးမှာ ခေါင်းတော့ကိုက်သွားမယ်နဲ့တူတယ်. . ."

"ချယ်ရီက ဘာမှနားလည်တာမဟုတ်ပါဘူး ကိုမြတ်ထင်ရယ်၊ အစ်ကိုက ဒီတစ်ခေါက်လိုက်တက်ပါဆိုလို့ လာတက်တာပါ

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟင်..ဖြေ်ာ် ဟိုမှာ သားကိုကိုလည်း ရှိနေသေးတာပဲ. . ."

ဦးမြတ်ထင်နှင့် ဒေါ်ချယ်ရီရွှေတို့ဇနီးမောင်နှံနှစ်ဦး နောက်ဆုံးမ မနေရာမှထကာ စကားတွေဆိုဖြစ်ရင်း အစည်းအဝေးခုံ၏ အလည်လောက်တွင် ငြိမ်ငြိမ်ကြီးထိုင်ကာရှိနေသည့် ကိုကို့ကို လှမ်းမြင်လိုက်၍ ဒေါ်ချယ်ရီသည်စိတ်ရင်းဖြင့်ပြုံးရယ်ကာ ဆိုဖြစ်လိုက်ခြင်းပါ။

"ဟာ သား မပြန်သေးဘူးလား၊ မဆာသေးဘူးလား၊ အစည်းအဝေးမှာ သားရဲ့တင်ပြချက်တွေအားလုံး ဖေဖေသိပ်သဘောကျတယ်ကွာ. . ."

"ကျေးဇူးတင်ပါတယ်၊ သွားနှင့်ပါ၊ ကျွန်တော်လည်း ခုပဲ ပြန်လိုက်ခဲ့မှာပါ. . ."

"ဒါဆို ဖေဖေတို့သွားပြီ သား. . ."

ဖခင်ဖြစ်သူ ဦးမြတ်ထင်တစ်ယောက် သူ့ကိုဆိုရင်း ဒေါ်ချယ်ရီရွှေနှင့်အတူ အစည်းအဝေးခန်းမကြီးထဲမှ လှမ်းထွက်သွားကြသည်ကို ကိုကိုသည် မမှိတ်မသုန်သောအကြည့်တွေနှင့် ကြည့်နေဖြစ်သည်ပါ။

ကြည့်ရင်းမှ သူ့မျက်နှာထားက တဖြည်းဖြည်းတင်းထန်၍ လာသည်။ သူ့မျက်ဝန်းညိုအစုံသည်လည်း စက်ဆုပ်မုန်းတီးမှုတွေနှင့် ရူးရဲခက်ထန်လာ၏။ စက်ဆုပ်ခံပြင်းမှုများ၏ ဒေါသသည် မကြာမတင် ပေါက်ကွဲထွက်လုလု ကြိမ်ဖန်များစွာဖြစ်ခဲ့ရသည်။ ယခုလည်း ပေါက်ကွဲချင်မှုအား ချုပ်တီးထားရလွန်း၍ သူ့မေးကြောကြီးများသည် ပြတ်ထွက်မတတ် တင်းတောင်နေရလေ၏။

ဟွန်း..သိထားပါ၊ မကြာတော့ဘူးဆိုတာ၊ နှစ်ပေါင်းများစွာ ခံစားခဲ့ရတဲ့ ငါတို့သားအမိရဲ့ခံစားမှုမျိုး မျှဝေခံစားကြည့်လိုက်ကြပါဦးလေ. . .။





သူလှမ်းကြည့်ရင်းမှ မျက်ဝန်းအစုံကို မှိတ်ပစ်လိုက်သည်။ ပြီးတော့ အတွင်းသွားများ အမှုန့်ဖြစ်မတတ်ကြိတ်ချေရင်းမှ နာနာကြည်းကြည်းကြီး သူ့ရင်ထဲမှ ဆိုဖြစ်လိုက်ခြင်းပါတည်း။

တစ်အောင့်ခန့်ကြာမှ သူသည် နေရာမှထထွက်ခဲ့လိုက်လေသည်။ သူ့ခြေလှမ်းများသည် ဓာတ်လှေကားရှိရာသို့ ဦးတည်၍လာသည်။ အစည်းအဝေးခန်းမကြီးရှိရာအထပ်မှ သူသည် မြေညီထပ်သို့ဆင်းခဲ့လိုက်သည်။

မြေညီထပ်အရောက် ဓာတ်လှေကားတံခါးပွင့်သည်နှင့် သူ့အသွင်သည် စောစောကနှင့်မတူတော့ပါ။ စောစောက သူ့အသွင်သည် ကြောက်စရာကောင်းလောက်အောင် တစ်ကိုယ်လုံးတောင့်တင်း၍ တုန်မတတ်ရှိနေချေ၏။ မျက်ဝန်းမျက်နှာအသွင်ကပင်လည်း နာကြည်းမုန်းတီး စက်ဆုပ်မှုတွေကြောင့် လွန်စွာမှခက်ထန်တင်းမာနေသည်ပါ။

ခုမှ သူသည် အရည်ခွံချွတ်ပစ်လိုက်သလို အသွင်သည် ပြောင်းသွားပါပြီ။ သို့မဟုတ် တန်ခိုးပါဝါတွေနှင့်များ ပြောင်းပစ်လိုက်သလို ပြောင်းလဲသွား၏။ မှန်သည်၊ ခုဖြင့် သူ့အသွင်သည် မင်းသားလေးတစ်ပါးကဲ့သို့ လွန်စွာမှ နုပျိုချောမောခန့်ညားနေရလေသည် မဟုတ်ပါတကား။

မြေညီထပ်သို့အရောက်တွင် သူ့အသွင်သည် လန်းဆန်းတက်ကြွခြင်း၊ ပျော်ရွှင်ခြင်း၊ နုပျိုချောမောခြင်းတွေဖြင့် သူ့ခြေလှမ်းများသည် ချီသယ်လာ၏။ ဟိုတယ်ကြီး၏တစ်နေရာရှိ ပေါင်မုန့်နှင့်မုန့်မျိုးစုံ၊ ထောပတ်နှင့်ချိစ်မျိုးစုံ စားသောက်ဆိုင်ရှေ့သို့ အရောက် မတော့ အပြုံးချောချောတွေဖြင့် သူ့မျက်နှာအသွင်သည် ပို၍ပင်နုပျို



www.burmeseclassic.com

www.burmeseclassic.com



ချောမောနေရလေ၏။

"ဪ မင်္ဂလာပါ စီအီးအို၊ ရောက်လာပြီလား၊ မမလည်း အလုပ်ပြီးသွားပါပြီ၊ အဝတ်လဲပြီးထွက်ခဲ့မယ်လို့ပြောသွားတယ်. ."

"ရပါတယ်ဗျာ၊ ကျွန်တော်ထိုင်ပြီးစောင့်မှာပါ၊ အေးဆေးပါ"

"မစောင့်ရပါဘူး ကိုကိုကြီးရာ၊ မမလည်းပြီးပါပြီနော်၊ ဖေဖေနဲ့ မေမေကပြန်သွားပြီလား ကိုကို၊ မေမေက ဒီနေ့အစည်းအဝေး လိုက်တယ်ဆို၊ ဘာတွေအရေးကြီးလို့လဲဟင်. . ."

"အရေးကြီးလို့တော့ မဟုတ်ပါဘူးဗျာ၊ ဟိုတယ်ကြီးရဲ့ လုပ်ငန်းတွေ ဘယ်လိုကျယ်ပြန့်ပြီး ချဲ့ရဦးမယ်ဆိုတာတွေ အနံ့တီ လေးကို သိစေချင်လို့ ဖေဖေက အစည်းအဝေးခေါ်တက်တာပါ"

"ဪ ဒါလား၊ မေမေကတော့ ဘာမှသိမှာမဟုတ်ပါဘူး ကိုကိုရာ၊ မမတို့သားအမိက မမဖေဖေရဲ့လုပ်ကိုင်ခဲ့တဲ့ အလုပ်တွေနဲ့ ပတ်သက်ရင် ဘာမှသိတာမှမဟုတ်တာ၊ ကဲ ကဲ လာပါ ကိုကို၊ မမတို့အိမ်ပြန်ကြရအောင်၊ မမလည်းထမင်းဆာနေပြီ. . ."

စလင်းဘက်လေးကိုယူလိုက်ပြီး သူ့လက်မောင်းဆီ ချိတ်တွယ်ကာ မမဆိုရင်းက ဟိုတယ်ထဲမှလှမ်းထွက်ခဲ့လိုက်ကြသည်။ ကားပါကင်ဆီအရောက် ဟိုတယ်မှ ကားလေးကို မောင်းထွက်ခဲ့လေ၏။ ကားပေါ်ရောက်သည်နှင့် မမသည် ဟိုတယ်မှထုတ်သည့် ကြော်ငြာစာစောင်တွေကို ဖတ်ကြည့်နေလိုက်သည်။ ကားမောင်းရင်းမှ ကိုကိုသည် မမ၏အလှဝင်းမဲ့မှုံ့ညက်ညက်ကလေးဆီကြည့်ကာ ကြည့်ကာရှိရင်း၊ ငယ်စဉ်က မမကို သူ ချီပိုးခဲ့ရတာလေးတွေ၊ အလိုလိုက် အကြိုက်ပေးရတာလေးတွေ၊ ကျီစယ်ချော့မြှူခဲ့ရတာလေးတွေဆီ အမှတ်ရမြင်ယောင်ကာ သက်မဖောအား သူ ကျိတ်ချဖြစ်ရလေ၏။





မမရယ်..သိပ်ကိုချစ်တာပါ၊ မင်းလေးကိုလေ ကိုကို ရှူးမတတ်ကိုချစ်ရတာပါဗျာ၊ ဒါပေမယ့် မင်းကတော့ ပျော်ရွှင်ချမ်းမြေ့ မှုတွေနဲ့ အကြင်နာတွေအပြည့်ရရှိပြီး ဘဝမှာခံစားမှုဆိုတာ ဘာမှန်း မသိခဲ့ရဘူး. . .

ကို့နေရာမှလည်းနေပေးကြည့်ပါဦး မမရယ်၊ ငယ်ငယ်က တည်းက မင်းကိုမှသိပ်ချစ်သိပ်မြတ်နိုးခဲ့ရပေမယ့် ကို့ရဲ့ခံစားမှုတွေကို တော့ မင်းတို့သားအမိသိအောင် မျှပေးရမယ်၊ အဲဒါ ကိုယ်အသက် တယ်နှစ်ကတည်းကဆုံးဖြတ်ခဲ့တဲ့ ကို့ရဲ့ဆုံးဖြတ်ချက်ပဲ. . .

မင်းကိုသိပ်ချစ်ပါတယ်၊ ဒါပေမယ့် ကို့အမေကိုတွေ့ရင် မင်းတို့သားအမိကို ဘယ်လိုမှခွင့်လွှတ်လို့မရဘူးကွာ၊ ခွင့်မလွှတ်နိုင် ဘူး၊ တောင်းပန်ပါတယ်–တောင်းပန်ပါတယ်၊ မင်းကိုတောင်းပန်ပါ တယ် မမရယ်. . .။

"ကိုကိုရေ. .မမတို့လက်ထပ်ပြီးရင် ဘယ်ကိုဟန်းနီးမွန်း ထွက်ကြမလဲဟင်. . ."

"ဟင်! ဟန်းနီးမွန်း . . အင်း. . ."

သူ နှာကျင်စွာတွေးဆဲ ရုတ်တရက်ပြောလာသည့် မမ စကားကြောင့် သူ စဉ်းစားသလိုနေပြီးမှ. . .

"မမ.သွ. .ချင်တဲ့ဆီသွားမယ်. . ."

"တကယ်. . ."

"နစ်ကယ်ဗျာ. . ."

"ကိုကို. . ."

"ဟင်. . ."

"မမကို ဘယ်တော့မှမမုန်းရဘူးနော်. . ."



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုခုံးစွန်းဝယ် မမ ခေါင်းလေးမှေးတင်ကာဆိုလာတော့ ကိုကိုသည် ထိုစကားအတွက် ရင်ဝယ်နာကျင်မှုတွေနှင့် မျက်ရည်များ [illegible]သွားလိုက်ရပါ၏။

ရန်[illegible]ူးနဲ့အချစ်က တစ်ခုစီပါပဲ မမရယ်၊ မင်းကိုမချစ်ဘဲ နေလို့လည်းမရဘူး၊ ဒီလိုပဲ ရန်ညိုးကိုလည်း မဆပ်လို့မရဘူး...။

"ကိုကို ပြောလေ၊ ဘာလို့မပြောတာလဲ၊ မမကတော့ ကိုကို့ ကိုချစ်လိုက်ရတာ၊ ကိုကိုနဲ့မြန်မြန်လက်ထပ်ချင်လို့ အမြန်ဆုံးဘွဲ့ရ အောင် ကြိုးစားလိုက်ရတာ၊ ပြော. .မမကို ဘယ်တော့မှမမုန်းဘူးလို့"

"ချစ်တာကိုတော့ ပြောင်းလဲလို့မရပါဘူး အချစ်ရယ်. ."

"ဒါဆို မမကို ထာဝရချစ်ပေါ့နော် ကိုကို. . ."

"အင်း အချစ်က ထာဝရပါပဲဗျာ. . ."

"ဝမ်းသာလိုက်တာ ကိုကိုရယ်. . ."

ဝမ်းပန်းတသာဖြင့် မမဆိုကာ သူ့ကိုနမ်းလာတော့ သူသည် နာကျင်မှုတွေနှင့် ပြုံးဖြစ်လိုက်ရပါလေ၏။ ။

❖ ❖ ❖



(နှစ်)

အောက်ထပ်သို့ဆင်းပြီး ကော်ဖီသွားသောက်ခါနီးတိုင်း ကိုကိုသည် အခန်းတစ်ခုရှေ့တွင်ရပ်ကာ အခန်းတံခါးကို ညင်သာစွာ ဟ,ကြည့်ဖြစ်သည်။ ကိုကို့အကြည့်များသည် အခန်းထဲမှမြင်ကွင်း ကြောင့် လွန်စွာမှထိခိုက်ကြေကွဲဝမ်းနည်းနေရသည့် အကြည့်မျိုးပါ။ ထိုသို့သော အခန်းတံခါးကို ဟဟဖွင့်၍ကြည့်လေတိုင်းလည်း ကိုကို့ မျက်ဝန်းအစုံသည် နီရဲ၍စွတ်စိုလာရပါ၏။

"ဟီ ဟိ၊ ဟီ ဟိ. .ငါအလှပြင်ရဦးမယ်၊ ငါ့ယောက်ျား အလုပ်သွားတော့မယ်၊ ငါ့ယောက်ျားအတွက် ကော်ဖီဖျော်ပေးရဦးမယ်၊ ငါ့သားလေးလည်း ကျောင်းသွားတော့မယ်၊ အဝတ်လဲပေးရဦးမယ်

[illegible] ဟီး ဟီး၊ အဟင့် ဟ[illegible] အမလေး ရက်စက်လိုက်တာ၊ ရက်စက်လိုက်ကြတာ၊ ဘာဖြစ်လို့ ငါ့ယောက်ျားနဲ့ငါ့သားကို ဘာမှ လုပ်မပေးရ[illegible] [illegible]လဲ. . .

ဟီး ဟီး [illegible] သားရေ. .သားရေ၊ သားလေးအတွက် မေမေထမင်းစားဖို့ [illegible]ပေးပါ့မယ်ကွယ်၊ အစ်ကို အစ်ကို..ကိုမြတ် ထင်. .ကျွန်မဖျော်တဲ့ကော်ဖီမှ သောက်ချင်ပါတယ်ဆို၊ အခုတော့ ဟင့် ဟင့် ဟင့်. . .

အို မဖြစ်သေးပါဘူး မဖြစ်သေးပါဘူး၊ ငါ့ယောက်ျားအလုပ်



www.burmeseclassic.com

www.burmeseclassic.com



သွားတော့မယ်၊ ငါအလုပ်ပြင်မှုဖြစ်မယ်၊ ငါ့ယောက်ျားနဲ့အတူ ကုမ္ပဏီလိုက်ပြီး ဝိုင်းကူညီရဦးမယ်၊ ပြီးတော့ ဟိုတယ်ကြီးရဲ့အလုပ်သမားတွေကိုလည်း သွားကြည့်ပေးရဦးမယ်၊ ဟင်း ဟင်း ဟင်း၊ ဟား ဟား ဟား ဟား. . ."

ဟင်း မေမေ မေမေရယ်. .မေမေဘယ်လောက်စိတ်ဆင်းရဲပင်ပန်းခဲ့တယ်ဆိုတာ ကျွန်တော်အသိဆုံးပါပဲဗျာ၊ မေမေ ခုလိုဘဝရောက်အောင်လုပ်ခဲ့တဲ့သူတွေကို ကျွန်တော်မုန်းတယ်၊ သိပ်မုန်းတယ်၊ သိပ်နာကြည်းတယ်၊ ဒါကြောင့် သူတို့လဲမေမေ့လိုခံစားကြရမယ်...

မေမေ့လို ရူးသွပ်မသွားကြရင်တောင် မေမေ့လိုစိတ်ဒုက္ခတွေဖိစီးတာခံကြရမယ်၊ စိတ်ဒုက္ခတွေ မေမေ့ထက်မသာတောင် မေမေ့ထက်မလျော့စေရဘူးဗျာ၊ ကျွန်တော်လုပ်ပြမယ်၊ ကျွန်တော်လုပ်ပြမယ်၊ မေမေ. .မေမေမြင်တွေ့စေရမယ်၊ မေမေရှေ့မှာ မြင်တွေ့စေရမယ်. . .

မကြာတော့ပါဘူး မေမေ၊ မကြာတော့ဘူး၊ မေမေမြင်တွေ့စေရမယ်၊ မေမေ့လို သူတို့လည်း အရူးတစ်ပိုင်းဖြစ်စေရမယ်၊ မေမေစောင့်ကြည့်နေပါ...။

မီခင်ထံကြည့်ရင်းမှ မေးကြောကြီးများထောင်သည်အထိ ရင်ထဲမှစကားတွေကို ဆိုနေဖြစ်ခြင်းပါ။ ပြီးတော့ သူသည် ဖြတ်ခနဲ အခန်းရှေ့မှလှမ်းထွက်သွားလိုက်သည်။ သူ့အရိပ် ဖြတ်ခနဲတစ်ချက်ကြောင့်ဖြစ်ဟန်တူသည်၊ အခန်းထဲမှ ဒေါ်ဝင်းမာစံသည် အခန်းတံခါးဆီ လှမ်းကြည့်ပြီးပြုံးနေလိုက်သည်။

"ဟား ဟား ဟား ဟား. . ."

ပြီးတော့ ဒေါ်ဝင်းမာစံသည် အားပါတရကြီး အော်ဟစ်





ရယ်မောပစ်လိုက်လေ၏။ ဒေါ်ဝင်းမာစံတစ်ယောက် တစ်ယောက်တည်း အားပါးတရအော်ဟစ်ရယ်ပစ်နေဆဲအချိန်၌ ကြီးမားသလောက်ရှင်းသန့်လှပလွန်းသည့် တိုက်ကြီး၏အောက်ထပ်တွင်ကား. . .

"ဪ သားလာပြီ၊ လာ သား၊ ကော်ဖီသောက်မလား၊ နွားနို့သောက်မလား၊ သမီး. .သမီးကိုကို့ကို ထည့်ပေးကွယ်. ."

"ဟုတ်ကဲ့ မေမေ၊ ကိုကို. .နွားနို့သောက်မယ်မဟုတ်လား"

"ဒါပေါ့ မမလုပ်ပေးသမျှ ကိုကိုဘယ်တုန်းက ငြင်းခဲ့ဖူးလို့လဲ. . ."

သူဆိုရင်း မမပါးနုနုလေးဆီ တစ်ချက်ဖွဖွဖျစ်ကိုင်လိုက်ပြီး မမအနီးရှိခုံတွင် ဝင်ရောက်ထိုင်လိုက်သည်။ ဖခင်ဖြစ်သူ ဦးမြတ်ထင်နှင့် ဒေါ်ချယ်ရီရွှေသည် ပေါ့ပါးလန်းဆန်းခြင်းနှင့် ချောမောခန့်ထည်သလောက် နုပျိုလွန်းသည့် သူ့အသွင်ရှင်းသန့်သန့်ဆီ အပြုံးတွေနှင့် အေးချမ်းစွာကြည့်ဖြစ်ကြရင်း. . .

"သား. . ."

"ဗျာ ဖေဖေ. . ."

ဖခင်ခေါ်တော့ နို့သောက်ရင်း သူ ထူးသည်။ ပြီးတော့ ထောပတ်ပါးပါးလေးနှင့် သကြားဖြူးထားသည့်ပေါင်မုန့်မီးကင်တစ်ချပ်ကိုစားရင်း ဖခင်ပြောမည့်စကားတွေကို သူ နားထောင်နေလိုက်၏။

"သားတို့မင်္ဂလာဆောင်ကို ဘယ်လိုဖြစ်စေချင်လဲ၊ ဘယ်လိုဟိုတယ်. . ."

"အာ. .ကျွန်တော်အဲလိုမလုပ်ချင်ပါဘူး ဖေဖေရယ်၊ မေမေကလည်း ကျန်းမာရေးမှမကောင်းသေးတာ၊ ကျွန်တော်ဖြစ်ချင်တာက ရုံးတက်လက်မှတ်ထိုးမယ်၊ ပြီးတော့ လူအိုရုံ၊ စိတ်ကျန်းမာရေးဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com



မိဘမဲ့ဂေဟာ၊ ဆွံ့အနားမကြားဆေးရုံ၊ အဲဒီနေရာတွေမှာ လှူတန်းမယ်၊ ဘုန်းကြီးကျောင်း၊ မမ္ဗရိပ်သာကျောင်းနဲ့ သီလရှင်ကျောင်းတွေမှာ ဆွမ်းကျွေးလှူတန်းမယ်. . ."

"ဟာ ကိုကို ကောင်းတယ်၊ ကောင်းတယ်၊ သိပ်ကောင်းတာပဲ၊ မမလည်း အဲဒါကိုပိုပြီးသဘောကျတယ်၊ အဲဒီလိုလုပ်ဖို့ ကိုကို့ကိုပြောမလို့. . ."

"ကဲ အစ်ကိုရေ. .ကလေးတွေကတော့ သူတို့မင်္ဂလာပွဲကို သူတို့စိတ်ကြိုက်စီစဉ်နေကြပြီပဲ. . ."

"အေးလေ သားနဲ့သမီးအစီအစဉ်တွေက သိပ်ကောင်းတဲ့ အစီအစဉ်တွေပါ၊ ဘယ်လိုလဲ အမေကြီးက သဘောကျရဲ့လားဗျာ"

"ချယ်ရီသဘောကျပါတယ် အစ်ကို၊ အစ်ကို့သဘောလည်း သားနဲ့သမီးကို ပြောပြလိုက်ဦးလေ. . ."

"အစ်ကိုလည်းသဘောကျပါတယ်၊ သားနဲ့သမီးတို့ အစီအစဉ်တွေက ပိုတောင်မှန်မြတ်ကြပါသေးတယ်. . ."

"ဒါဆို ဖေဖေ. .ကျွန်တော်တို့လက်ထပ်ဖို့ မင်္ဂလာရက်ကို ရွေးချယ်ပေးပါ၊ ဒေါ်လေးချယ်ရီကပဲ ဘုန်းကြီးနဲ့ ကောင်းမြတ်တဲ့ ရက်ကိုတွက်ချက်ပေးပါ၊ ဖြစ်နိုင်ရင်တော့ ကျွန်တော်က ဒီလထဲမှာပဲ မင်္ဂလာအစီအစဉ်ကို ဖြစ်စေချင်ပါတယ်ခင်ဗျာ. . ."

"စိတ်ချပါကွယ်၊ ဒေါ်လေး ဘုန်းကြီးကျောင်းကို မနက်ဖြန်ပဲ သွားပေးပါ့မယ်၊ သမီးလေးကလည်း ဘာတွေလိုအပ်မလဲဆိုတာ စဉ်းစားပြီး မေမေ့ကိုပြောပေါ့ကွယ်. . ."

"ဟုတ်ကဲ့ မေမေ၊ မမပြောပါ့မယ်. . ."

"အင်း သမီးနဲ့သားနဲ့ လိုအပ်တာတွေမှန်သမျှ ဖေဖေတို့ကို





ပြောပါ၊ ဖေဖေအားလုံးပြီးပြည့်စုံအောင် လုပ်ပေးပါ့မယ်. . ."

"ဟုတ်ကဲ့ပါ ဖေဖေ၊ ဖေဖေ့ကို မမ ကျေးဇူးတင်ပါတယ်"

"ကျွန်တော်လည်း ကျေးဇူးတင်ပါတယ် ဖေဖေ. . ."

"မလိုပါဘူး သားရယ်၊ ဖေဖေ့သားဟာ ဖေဖေ့ဘဝအတွက် အရေးအကြီးဆုံးပါပဲကွယ်၊ လောကမှာ ဖေဖေယုံကြည်ပြီး အားအကိုးရဆုံးဟာ ဖေဖေ့သားပါပဲ၊ ဖေဖေ့အတွက် ဖေဖေ့သားပဲရှိတယ်. ."

ရယ်စရာတွေသိပ်မပြောပါနဲ့ ဖေဖေရယ်၊ ကျွန်တော်မရယ်နိုင်လို့ပါ. . .။

ဖခင်မျက်နှာဆီ သူ မကြည့်၊ မနက်စာကို အပြီးသတ်စားရင်းက သူ့ရင်ထဲမှဆိုနေလိုက်ခြင်းပါ။

"ကဲ ကဲ စားကြကွယ့်၊ ပြီးရင် ဖေဖေတို့အလုပ်သွားကြရအောင်. . ."

"ဒိုး. .ဂလွမ်း. . ဒေါင်. .ချွမ်း. . .၊ ဖယ်စမ်း ဖယ်ကြစမ်း၊ ငါ့ကို နင်တို့ကဆွဲစရာလားဟဲ့၊ သွားစမ်း၊ ဘယ်မလဲ ငါ့လင်ကိုမှ သွားရည်ကျတဲ့ကောင်မ၊ မိန်းမယုတ်မ၊ အခုထွက်ခဲ့၊ ငါတစ်ခါတည်း လည်ပင်းကိုနင်းသတ်ပစ်မယ်. . ."

အိမ်ရှေ့ဧည့်ခန်းထဲမှ ဆူညံသံ၊ ကွဲရှသံနှင့် အော်ကြီးဟစ်ကျယ်စကားသံတွေကြောင့် ထမင်းစားခန်းထဲမှ ကော်ဖီသောက်နေကြသည့် ဦးမြတ်ထင်တို့အားလုံးမှာ ကပျာကယာ အိမ်ရှေ့သို့ ပြေးထွက်ခဲ့လိုက်ကြရလေ၏။

"ဟော့ ဝင်းမာစံ. .မင်းဖောက်လာပြန်ပြီလား၊ ငြိမ်ငြိမ်နေစမ်း၊ မင်းမရှက်ဘူးလား၊ အော်ကြီးဟစ်ကျယ်နဲ့. . ."

"ဘာလို့ရှက်ရမှာလဲ၊ ရှက်ရမှာက ဟောဟိုက လင်ခိုး



www.burmeseclassic.com

www.burmeseclassic.com



ကြောင်တောင်နှိုက်မပဲ၊ ဟဲ့ လင်ခိုးမ. .လာစမ်း၊ နင့်ကို ငါပါးရိုက်မယ်. . ."

"အို ဝင်းမာစံရယ်. .စိတ်ကိုလျှော့ပါနော်. . ."

"ဘာပြောတယ်၊ သူများအိမ်ထောင်ပျက်စီးအောင်လုပ်တဲ့ ကောင်မကများ၊ လေချိုလာသွေးနေတယ်၊ ဟဲ့ နင်လာစမ်း၊ ငါ့ အကြောင်းပြလိုက်မယ်. . ."

ပြောပြောဆိုဆိုနှင့် ဒေါ်ဝင်းမာစံသည် ဒေါ်ချယ်ရီရွှေ၏ ရင်ဘတ်မှအင်္ကျီစကို ဆောင့်ဆွဲလိုက်ပြီး ပါးကိုဖြောင်းခနဲရိုက်ချပစ်လိုက်သည်။

"ဖြန်း. . ."

"အား အမလေး. . ."

မြန်ဆန်လွန်း၍ ဘယ်သူကမှ ဘာမှမလုပ်နိုင်အောင်ဖြစ်သွားရသည်။

"ဟင် မှတ်ထား ကောင်မ၊ မြိန်လိုက်တာဟယ်၊ ညီးကို ဒီလိုရိုက်ရတာ၊ ငါတကယ်အားရတယ်. . ."

"ဝင်းမာစံ. .နင်က အရူးပါးမပဲ၊ ကဲဟယ်. .ဖြန်း ဖြန်း"

"အား အား. . ."

"အို အို အစ်ကို အစ်ကို၊ မလုပ်ပါနဲ့ မလုပ်ပါနဲ့၊ ဒီလို မလုပ်ပါနဲ့၊ စိတ်ဝေဒနာသည်ကို အစ်ကိုလုပ်ရင် သူပဲခံရမှာပေါ့၊ သူ ဘာသိမလဲ အစ်ကိုရယ်. . ."

"ကြောက်တယ် ကြောက်တယ် ကြောက်တယ်. . ."

ဦးမြတ်ထင်က ဒေါ်ဝင်းမာစံပါးနှစ်ဘက်ကို ဘယ်ပြန်ညာပြန်ရိုက်ပစ်လိုက်သည်တွင် ဒေါ်ချယ်ရီရွှေက ကြားမှကာကွယ်ပေး





သည်။ သည်လိုကျတော့လည်း ဒေါ်ဝင်းမာစံသည် ကြောက်တတ်လိုက်သည်မှာ နေစရာပင်မရှိအောင်ပါ။

"ကြောက်တယ် ကြောက်တယ်၊ ကျွန်မမှာဘာအပြစ်ရှိလို့လဲ၊ ကြောက်တယ် ကြောက်တယ်. . ."

ဒေါ်ချယ်ရီရွှေကိုဖက်ပြီး တုန်ခိုက်စွာနှင့် ဒေါ်ဝင်းမာစံဆိုတော့သားဖြစ်သည့်ကိုကိုမှာ မိခင်အဖြစ်အား မကြည့်ရက်နိုင်အောင်ရှိရပါ၏။

"တော်ပါတော့ ဖေဖေ၊ မေမေက အသိစိတ်မှမရှိတာဘဲ ဖေဖေရယ်. . ."

သူ့ကြေကွဲမှုတွေကို ဖုံးဖိမြိုသိပ်ရင်း ကြားဝင်ဆိုသည်။

"ဟုတ်ပါတယ် ဖေဖေရယ်၊ မေမေ့ကို မရိုက်ပါနဲ့တော့ရှင်၊ ဖေဖေရိုက်ရင် မေမေကတော့ ခံရမှာပါပဲ၊ မေမေ့ကိုနားလည်ပေးပါ ဖေဖေရယ်. . ."

မမကလည်း ဝမ်းနည်းစွာဖြင့် ကြားဝင်ဆိုရှာသည်။ ဦးမြတ်ထင်သည် ဒေါ်ဝင်းမာစံထံ စူးစူးရဲရဲကြည့်နေလိုက်သည်။ အတန်ကြာမှ မြိုသိပ်ထိန်းချုပ်မှုတွေကိုလျှော့ရင်း အသက်တစ်ချက်ကို ရှူထုတ်လိုက်သည်။

ကိုကိုနှင့်မမသည်လည်း ဒေါသစိတ်တွေကို မြိုသိပ်ချုပ်တီးထားနေဟန်ရှိသည့် ဦးမြတ်ထင်ထံကြည့်ပြီး ကိုကိုသည် မမလက်ကလေးကို ဖြတ်ခနဲဆွဲကာ အပြင်သို့လှမ်းထွက်သွားလိုက်ပါတော့၏။

သူဆွဲခေါ်ရာလိုက်ပါခဲ့ရင်း သူ့မျက်နှာချောချောဆီ မမ တစ်ချက်မော့ကြည့်ဖြစ်သည်။ သူ့မျက်နှာအသွင်သည် ဒေါသတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



နီရဲကာ လွန်စွာဝင့်မာခက်ထန်နေသည်ကို တွေ့မြင်ဖြစ်ရပါ၏။

တိုက်ကြီးထဲတွင်ကား ဦးမြတ်ထင်သည်လည်း ဇနီးဖြစ်သူ ဒေါ်ဝင်းမာစံထံ စူးစူးရဲရဲကြီးကြည့်နေပြီးကာမှ ဒေါ်ချယ်ရီရွှေလက်ကို ဆွဲကာ နေရာမှ လှမ်းထွက်ခဲ့လိုက်ပြီး. . .

"ဘုတ်ဆုံ. .ဟဲ့ ဘုတ်ဆုံ. . ."

"ရှင် လာပါပြီ သူဌေး. . ."

"နင်ဘာလုပ်နေတာလဲ၊ ဟိုမှာ နင့်အရှူးမကို နင်ကောင်းကောင်းသွားထိန်းစမ်း၊ နင့်အရူးမ စည့်ခန်းကိုထွက်မလာစေနဲ့. . ."

"ဟုတ် ဟုတ်ကဲ့ပါ သူဌေး၊ ကျွန်မသတိထားပါ့မယ်"

ဒေါ်ချယ်ရီရွှေလက်ကို ဆွဲကိုင်ထားဆဲမှ ဘုတ်ဆုံကိုပြောနေသည့် စကားတွေကိုနားထောင်ပြီး ဒေါ်ဝင်းမာစံသည် သွားတို့စေ့ကြိတ်ကာ ဦးမြတ်ထင်နှင့် ဒေါ်ချယ်ရီရွှေတို့ထံသို့ မျက်ထောင့်နီကြီးနှင့် စူးစူးဝါးဝါးကြီးလှမ်းကြည့်နေလေ၏။

ဘုတ်ဆုံမကလည်း မယားငယ်ယူပြီး မယားကြီးကို လူမဆန်စွာနှိပ်စက်အနိုင်ကျင့်ရပ့ါမလားဟူသော အတွေးနှင့် ဦးမြတ်ထင်နှင့် ဒေါ်ချယ်ရီရွှေတို့အား မကျေမနပ်ဖြစ်ကာ လှမ်းကြည့်နေသည်ပါ။

ဦးမြတ်ထင်ကဖြင့် ဒေါ်ချယ်ရီရွှေကိုနှုတ်ဆက်ကာ ကုမ္ပဏီသို့ ထွက်သွားပါပြီ။ ခင်ပွန်းသည် ဦးမြတ်ထင်တစ်ယောက် ထွက်သွားသည်နှင့် ဒေါ်ချယ်ရီရွှေသည် ဒေါ်ဝင်းမာစံမျက်နှာကို ဆေးလူးပေးဖို့ ဆေးပုလင်းလေးယူပြီး ဒေါ်ဝင်းမာစံရှိရာသို့လှမ်းအလာ ဒေါ်ဝင်းမာစံသည် စာကြည့်ခန်းထဲသို့ လှမ်းဝင်သွားလိုက်ပြီး. . .

"ဒိုင်း. . ."





"အမေ့. . ."

မိမိလာသည်ကိုတွေ့သည်နှင့် စာကြည့်ခန်းထဲဝင်ရောက်ကာ တံခါးကိုဒိုင်းခနဲ ဆောင့်ပိတ်ပစ်လိုက်သည့် ဒေါ်ဝင်းမာစံ၏အပြုအမူကြောင့် ဒေါ်ချယ်ရီရွှေသည်ပင် လန့်ဖြန့်အံ့သြသွားလိုက်ရပါလေ၏။

ဒေါ်ချယ်ရီရွှေသည် ဆေးပုလင်းလေးကိုင်ပြီး စာကြည့်ခန်းတံခါးဆီ တွေးတောစဉ်းစားဟန်လေးနှင့် လှမ်းကြည့်နေဆဲ ဘုတ်ဆုံမက ဒေါ်ချယ်ရီရွှေအား မျက်စောင်းထိုးမဲ့ရွဲ့ကာ ထွက်သွားလိုက်တော့သည်။

"ဟဲ့ ဘုတ်ဆုံမ. .ညီးကပဲ သူဌေးကတော်ကို မဲ့ရွဲ့မျက်စောင်းထိုးစရာလား အေ့. . ."

"ထိုးစရာပေါ့ မချစ်ရဲ့၊ ဒီမိန်းမက သူဌေးကတော်အစစ်မှ မဟုတ်တာ၊ ဂရုမစိုက်နိုင်ပေါင်. . ."

"ရာရာစစ ဘုတ်ဆုံမရယ်၊ နင့်ရဲ့သူဌေးကတော်အကြောင်းကိုရော နင်ဘယ်လောက်သိလို့လဲ. . ."

"သိတယ်၊ သူ ဒီလိုဘဝရောက်ရတာ နင့်ရဲ့ကောင်မကြီးကြောင့်ပဲ. . ."

"ကြည့်စမ်း၊ နင် ဒီလိုပြောတယ်. . ."

"ပြောတယ်၊ ဟုတ်တာပဲဟာ. . ."

"အေး နင့်ကို ငါ သူဌေးနဲ့တိုင်ပြောမယ်၊ ဒီလောက်ဖြစ်တဲ့ကောင်မ. . ."

"တိုင် ပဒိုင်. . ."

"အေးပါ. .ညီး သိမယ်. . ."

"သိပဒီ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကဲဟယ်. .သိပဒိဦး. . ."

"ဒေါက်. . ."

"အား. . ."

မချစ်တစ်ယောက် ဟင်းချိုခပ်မြည်းနေသည့် ဇွန်းကြီးနှင့် ပစ်ထည့်လိုက်တော့သည်။ ဇွန်းနှင့်ဘုတ်ဆုံမခေါင်းတို့ မိတ်ဆက်သံနှင့် ဘုတ်ဆုံမအော်လိုက်သည့်အသံကြီးကို ကြားသည်နှင့် မချစ်ကား ခြံထဲပြေးပြီဖြစ်၏။ ။

❖ ❖ ❖



(သုံး)

"တောက်. .၊ အသုံးမကျတဲ့သမီး။ တစ်နေကုန်တစ်နေခမ်း လတ်ယားလတ်ယားနဲ့ လျှောက်သွားနေတာက ဘယ်တွေသွားနေ တာလဲ၊ နင် တော်တော်အသုံးမကျတဲ့သမီးပဲ ဝင်းစုချို. . ."

"အဖေကလည်း ဝင်းစုကိုပဲ အပြစ်တင်နေတာပဲ၊ ဝင်းစု လည်း ကြိုးစားတာ အဖေ့အမြင်ပဲ၊ ဝင်းစုတို့သုံးယောက်ကလည်း ပြန်စဉ်းစားကြည့်ရင် အဖေတို့သူငယ်ချင်းသုံးယောက်လိုပဲ ဖြစ်နေ တာပဲ. . .

အဖေတို့တုန်းကလည်း ပတ်လည်ရိုက်ပြီး ကြိုက်ခဲ့ကြတာပဲ မဟုတ်လား၊ အခုဝင်းစုကလည်း ငယ်ငယ်ကတည်းကပဲ ကိုကို့ကို ချစ်လာခဲ့တာပါပဲ၊ ကိုကိုကပြန်ချစ်အောင် ကိုကိုက ဂရုစိုက်အောင် ငယ်ငယ်ထဲက ဝင်းစုလည်းအမျိုးမျိုးကြိုးစားခဲ့တာပဲ အဖေရဲ့. .

ဒါပေမယ့် ကိုကိုနဲ့မမတို့က ငယ်ငယ်ထဲက တစ်ယောက် ကိုတစ်ယောက် သူတို့သိပ်ချစ်ခဲ့ကြတာ၊ တစ်ယောက်ကိုတစ်ယောက် ငယ်ငယ်ကတည်းက သိပ်ဂရုစိုက်ခဲ့ကြတာ၊ သူတို့သံယောဇဉ်တွေက အရမ်းကြီးတာ. . ."

"နင်တိတ်စမ်း၊ လျှောက်ပြောမနေနဲ့၊ နင်အသုံးမကျတာက မကျတာပဲ၊ နင်က မမထက်သုံးနှစ်ကြီးတယ်၊ ဒါတောင် နင် မမ



www.burmeseclassic.com

www.burmeseclassic.com



ခြေဖျားဟောင်မမီဘူး၊ ဒါနဲ့များ ပြောလိုက်ရင် မိုးတစ်လုံးလေတစ်လုံး၊ အခုဟိုက လက်ထပ်ကြတော့မယ်ဟဲ့၊ နင်က ငပေါမကြီး. . ."

"အဖေ. .ဝင်းစုကိုဒီလိုမပြောပါနဲ့၊ အဖေကိုယ်တိုင်ကရော အဖေလိုချင်တာရခဲ့လို့လား. . ."

"ဖြန်း. .၊ ကောင်မ-ငါ့ကိုတောင် နင်ကပမာမခန့်နဲ့. . ."

"အား. .အဖေသတ်ချင်လည်း သတ်လိုက်၊ ဝင်းစုလောက် အဖေမခံစားရပါဘူး အဖေရဲ့၊ ငယ်ငယ်ထဲက ဝင်းစုလည်း ကိုကို့ အပေါ် ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ ဝင်းစုပဲသိတယ်၊ အခု ကိုကိုနဲ့ မမတို့ လက်ထပ်ကြတော့မယ်ဆိုလို့ ဝင်းစုဘယ်လောက်ခံစားနေရလဲ ဆိုတာ အဖေသိရဲ့လား. .၊ အီး ဟီး ဟီး. . ."

သမီးဖြစ်သူဝင်းစုချိုက ငိုကြီးချက်မနှင့် အော်ဟစ်ဆိုတော့ ကဘောကမ္ဘာထဲက ကြံစည်လာသည့် အကြံအစည်တွေ ဘာတစ်ခု အထမမြောက်၍ ပေါက်ကွဲနေသည့် ဦးလင်းနိုင်တစ်ယောက် စိတ် ရှုပ်ရှုပ်နှင့် တစ်ချက်ဖြင့် ငြိမ်သွားရလေ၏။

"အီး ဟီး ဟီး၊ အဟင့် ဟင့် ဟင့်. . ."

တကယ့်ခံစားချက်တွေနှင့် ငိုရှိုက်ကာ ပေါက်ကွဲပွင့်ထွက် နေသည့် သမီးဖြစ်သူ ဝင်းစုချိုအား ဦးလင်းနိုင်သည် ငြိမ်၍ကြည့်နေ ဖြစ်လေသည်။ ဝင်းစုချိုသည်က မခံချင်စိတ်၊ မကျေနပ်စိတ်၊ ဒေါသ စိတ်တွေနှင့် ပေါက်ကွဲနေရင်းမှ. . .

"ကိုကိုနဲ့မမက ငယ်ငယ်လေးကတည်းက တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ကြတာ၊ ကိုကိုကပိုဆိုးတယ်၊ မမကိုဆိုရင် ငယ်ငယ်ကတည်းက ချစ်လိုက်တာ တုန်နေတာပဲ . . .

နောက်ပိုင်း သူ့အဖေက မမအမေကိုယူလိုက်မှ၊ ကိုကို့





အမေရှုးသွားမှ ကိုကိုက မမကိုနှာကြည်းသလိုဖြစ်သွားတာ၊ ဒါတောင် မှ ကိုကို့ပုံစံက ခုထိမမမှမမပဲ၊ မမကို တစ်ခါမှလက်လွှတ်ခဲ့တာ မဟုတ်ဘူး ဟီး ဟီး ဟီး. . .

ဒါတွေသိလျက်နဲ့ ဝင်းစုက ကိုကို့ကိုရအောင်ကြိုးစားနေရ တာ၊ ငယ်ငယ်ကတည်းက ဝင်းစုလည်း ကိုကို့ကိုချစ်ခဲ့တာပဲ၊ ကိုကို့ အချစ်ကိုရဖို့ နည်းမျိုးစုံနဲ့ ဒီကနေ့အထိ ဝင်းစုကြိုးစားနေတာ၊ ဖေဖေပိုချင်တဲ့ စည်းစိမ်တွေအတွက်ချည်းပဲမဟုတ်ဘူး၊ ကိုကို့ကို ဝင်းစုတကယ်ချစ်လို့ပါ ဖေဖေရဲ့ ဟီး ဟီး ဟီး. . ."

"ဟင်း. .၊ ကဲ သမီးဝင်းစု. .တော်တော့၊ တော်တော့၊ တိတ်တော့၊ ဖေဖေပြောမယ်-သမီးနားထောင်. . ."

"အဟင့် ဟင့် ဖေဖေရယ်၊ ဝင်းစုကတော့ အသည်းကွဲနေရ ပါပြီ၊ အခုသူတို့လက်ထပ်တော့မယ်၊ ဝင်းစု ရှုံးတော့မယ်. . ."

"ဖေဖေပြောတာ နားထောင်ပါဆို၊ ဘာဖြစ်ဖြစ် ကိုကိုနဲ့ မမယူပြီးလည်း သူတို့စိတ်ချမ်းသာရမှာမဟုတ်ပါဘူး၊ ဘာကြောင့်လဲ ဆိုတော့ သမီးရဲ့အန်တီလေးဒေါ်ဝင်းမာစံက သူတို့ကို ဘယ်လို ကြည်ဖြူနိုင်မှာလေသမီးရဲ့. . .

စဉ်းစားကြည့်လေ၊ သူ့အမေက သူ့လင်ကိုယူပြီး၊ သူ့သမီးနဲ့ သူ့သားကိုပြန်ပေးစားတယ်ဆိုတော့ ဝင်းမာစံက ဘယ်ခံမလဲ၊ ဝင်းမာစံ ရဲ့စိတ်ရောဂါပျောက်ရင် မလွယ်တဲ့ကိစ္စပဲ၊ အခုတောင် ဝင်းမာစံက နည်းနည်းသိနေသလိုပဲ. . .

ရွာသာကြီးကနေ အိမ်ပြန်ရောက်နေပြီဆိုတော့ ဝင်းမာစံရဲ့ စိတ်ရောဂါ သက်သာလာလို့ပဲပေါ့ သမီးရဲ့၊ ဝင်းမာစံ ရူးသွားတာ ကလည်း သူတို့ကြောင့်ပဲလေ၊ ချယ်ရီရွှေက သူ့ယောကျ်ားသေတာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းမာစံယောက်ျားမြတ်ထင်ကို ချက်ချင်းယူလိုက်လို့ပေါ့၊ ဒါကြောင့် ဝင်းမာစံ သည်းခြေပျက်သွားအောင် ခံစားသွားလိုက်ရတာဖြစ်မယ်

ဘယ်နည်းနဲ့မှ ဝင်းမာစံက သူတို့သားအမိကို ကြည်ဖြူ ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး၊ ကိုယ့်အမေဒီလောက်ဖြစ်နေတာတောင် ဟိုနွားက မိန်းမရှားလို့ ဒီကောင်မလေးကိုယူတာ. . ."

"ဘာပဲဖြစ်ဖြစ်၊ ဖေဖေ ဘာပဲပြောပြော ကိုကိုက မမကိုပဲ ချစ်တာ၊ သူ့အမေဘဝပျက်သွားတာတောင် ကိုကိုက မမကိုပဲချစ်တာ ကြည့်ပါလား. . ."

"အေးလေ အခုဖေဖေပြောတာ ရှင်းနေပြီပဲ၊ သူတို့လက်ထပ်ပြီးလည်း သာယာမှာမဟုတ်ဘူးလို့၊ သမီးအန်တီလေး ဝင်းမာစံ တစ်ယောက်လုံးရှိနေသေးတာပဲသမီးရဲ့၊ သမီးက အန်တီလေးကို ဂရုစိုက်သလိုလိုနဲ့ နေ့တိုင်းအိမ်ကိုသွားကြည့်. . .

သူတို့တစ်ချက်မှားတာနဲ့ သမီးဝင်လို့ရတယ်၊ အန်တီလေး မြန်မြန်နေကောင်းရင် ငါ့သမီးအတွက်ရော ဖေဖေ့အတွက်ပါ အားလုံး အဆင်ပြေသွားမယ်၊ နောက်ဆုံး သမီးရယ်. .ဖေဖေကုန်ကုန်ပဲပြောတော့မယ်၊ ကိုကို့ကို ငါ့သမီးဉာဏ်ရှိသလောက်နဲ့ ချဉ်းကပ်လို့လည်း ရသေးတယ်. . ."

ရင်ကွဲ အသည်းကွဲ ရူးသွပ်မတတ်ရှိုက်ငိုနေသည့် ဝင်းစုချို တစ်ယောက် ဖခင်ပြောလိုက်သည့်စကားတွင် မျက်ရည်များပင် ရုတ်ချည်းရပ်တန့်သွားလိုက်၏။ တစ်ဆက်တည်းလည်း ဝင်းစုချိုသည် အပေါ်သွားနှင့် အောက်နှုတ်ခမ်းကို ဖိကိုက်ရင်း. . .

"ဝင်းစုကိုလည်း လျှော့မတွက်ပါနဲ့ ဖေဖေ၊ ဝင်းစုကလည်း ဖေဖေ့သမီးပါ၊ ဖေဖေတောင်မှ နှင်းဆီပြာဟိုတယ်လုပ်ငန်းကြီး တစ်ခု





လုံးကိုရဖို့အတွက် ကြိုးစားနေခဲ့တာ သမီးငယ်ငယ်ကတည်းက ခုချိန်ထိပဲမဟုတ်လား. . ."

သမီးစကားအား ဦးလင်းနိုင်သည် ပြုံး၍ခေါင်းညိတ်နားထောင်နေမိသည်။ တစ်နည်းအားဖြင့် သမီးအား အားပေးနေခြင်းပါ။

မှန်သည်၊ ဦးလင်းနိုင်သည် ခမည်းခမက်စပ်၍မှ နှင်းဆီပြာဟိုတယ်လုပ်ငန်းကြီးအား ပိုင်ဆိုင်ခွင့်မရသေးလျှင် ဦးလင်းနိုင်အတွက် ရသည့်နည်းလမ်းတွေ ရှိနေဦးမည်က အမှန်ပင်မဟုတ်ပါတကား။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (လေး)

နာရီကိုကြည့်လိုက်တော့ ညဉ့်ဆယ့်တစ်နာရီပင် ခွဲတော့မည်ဖြစ်သည်။ ကိုမြတ်ထင်သည် ညနေအစည်းအဝေးပြီးကတည်းက ဟိုတယ်စာရင်းတွေကို ကြည့်ရှုစစ်ဆေးနေခဲ့သည်မှာ မရှင်းလင်းနိုင်၊ မပြီးစီးနိုင်အောင် ဖြစ်နေရလေ၏။

လစဉ်လတိုင်းလိုလို ရှေ့စာရင်းနှင့် နောက်စာရင်း မကိုက်ညီဖြစ်နေ၍ ကိုမြတ်ထင်သည် စဉ်းစားမရအောင် စိတ်ရှုပ်ထွေးကာ ထပ်တလဲလဲ စာရင်းတွေကို တိုက်ကြည့်စစ်ဆေးနေဆဲ. . .

"ဒေါက်. .ဒေါက်. . .ဒေါက်. . ."

"ဟူး. . ."

ရုံးခန်းတံခါးခေါက်သံကြောင့် ကိုမြတ်ထင်သည် အခန်းတံခါးဆီ လေပြင်းတစ်ချက်ကိုမှုတ်ထုတ်ကာ လှမ်းကြည့်ဖြစ်ရင်း...

"ကိုချစ်ခင်. .ဘာကိစ္စလဲ၊ ဝင်လာပါ. . ."

"မြတ်ထင်. .ငါပါ. . ."

ဆိုရင်း ပျာပျာသလဲ ကိုလင်းနိုင်တစ်ယောက် ပြေးဝင်လာသည်ကိုတွေ့၍ ကိုမြတ်ထင်သည်အံ့သြစွာကြည့်နေရင်းမှ. . .

"ဟင် လင်းနိုင်၊ ဘယ်အချိန်ရှိနေပြီလဲ၊ မပြန်သေးဘူးလား၊ ဒီမှာ ငါက စာရင်းတွေလုပ်မပြီး. . ."





"အဲဒါတွေအသာထားဦး မြတ်ထင်၊ အခုဟိုကောင် မင်းကိုလိုက်ရှာနေတယ်. . ."

"ဘယ်သူလဲကွ၊ ဘာဖြစ်လို့လဲ. . ."

"အဂ္ဂ..အဂ္ဂကျော်၊ မင်းကိုအထင်လွဲနေတယ်၊ ငါရှင်းပြတာတောင်မရဘူး၊ အရက်တွေလည်း အရမ်းမူးနေတယ်. . ."

"ဟာ အဂ္ဂ အရက်သောက်ပြန်ပြီလား၊ ဒီကောင် အရက်မှမသောက်တတ်တာ၊ ဒီကောင်အရက်ဝင်ရင် သွေးဆိုးတယ်ဆိုတာလည်း မင်းအသိပဲ၊ ဘာဖြစ်လို့ မင်းအရက်တိုက်ရတာလဲ၊ မင်းတော်တော်ပြဿနာရှာတာပဲ လင်းနိုင်ရာ. . ."

"သူငယ်ချင်းမြတ်ထင်. .ငါတိုက်တာမဟုတ်ပါဘူး၊ အခုကသူ့ဟာသူဘယ်ကသောက်လာမှန်းတောင် ငါမသိဘူး၊ သူ ငါ့ဆီရောက်လာတော့ အရက်တွေအရမ်းမူးနေပြီ၊ မင်းကိုသတ်မယ်တဲ့၊ သူ့လက်ထဲမှာလည်း ဓားနဲ့ကွ. . ."

"ဟင် ဘာဖြစ်လို့ အဂ္ဂက ငါ့ကိုသတ်ချင်ရတာလဲ၊ ဒီကောင်ဘာသဘောလဲမသိဘူး၊ အရက်မူးတိုင်း ငါ့ကိုပဲရန်ရှာနေတာ၊ ဟိုတစ်ခါကလည်း အရက်မူးပြီး ငါ့ကိုသတ်မယ်ဆိုပြီး ဓားနဲ့လိုက်တယ်၊ အခုလည်းလုပ်ပြန်ပြီလား၊ ဒီကောင်တော့ မဟုတ်တော့ဘူးထင်တယ်. . ."

"အေးကွာ ငါလည်းမပြောတတ်တော့ဘူး မြတ်ထင်ရာ၊ မင်းလည်း သူ့[illegible]ဒီလောက်ကောင်းနေတာပဲ. . ."

"လင်းနိုင်. .အခု အဂ္ဂဘယ်မှာလဲ. . ."

"အဂ္ဂ အနောက်မှာလိုက်လာနေတယ်၊ ငါက သူ့အရင် မင်းကိုပြေးလာပြောထားရတာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်စိတ်ပျက်ဖို့ကောင်းတာပဲကွာ. . ."

"ဒီကောင်ကြည့်ရတာ မင်းကို သူ့ရင်ထဲတစ်ခုခုကြိတ်ပြီး မကျေမနပ်ဖြစ်နေကယ်ထင်တယ်ကွ. . ."

"သူ မကျေမနပ်ဖြစ်ရအောင် ငါက သူ့ကိုဘာများလုပ်ထားတာရှိလို့လဲ၊ မင်းတို့သူငယ်ချင်းနှစ်ယောက်စလုံးကို ငါ ဘာမဆိုအတူတူပဲအကျိုးတူခံစားစေတာပဲမဟုတ်လား၊ ငါ့သူငယ်ချင်းတွေဆိုပြီး မင်းတို့ကို ငါလက်တွဲခေါ်ခဲ့တာ ဒီနေ့အထိပဲမဟုတ်လား

မင်းတို့တွေ အခက်အခဲအကျပ်အတည်းတွေရှိနေလို့ ငါ့လုပ်ငန်းမှာ မင်းတို့ကို မဖြစ်စလောက်ငွေလေးတွေထည့်ခိုင်းပြီး ငါက မင်းတို့ကို အဆင့်မြင့်တဲ့လုပ်ငန်းရှင်တွေဖြစ်စေခဲ့တာပါ. . .

ပြီးတော့ ငါနဲ့တစ်တန်းတည်း မင်းတို့နှစ်ယောက်စလုံးကို အကျိုးအမြတ်ခွဲဝေပေးတာပဲမဟုတ်လား၊ မင်းတို့ကို ငါဘာတစ်ခုနှိမ့်ချခဲ့တာရှိလဲ၊ စကားတစ်ခွန်းနဲ့တောင် အမှားလုပ်ခဲ့တာရှိဖူးလား"

"ဟုတ်ပါတယ်ကွာ၊ အဲဒါငါသိပါတယ်၊ အဂ္ဂလည်းသိပါတယ်၊ ဒါပေမယ့် သူက ဘာကိုများမကျေမနပ်ဖြစ်နေလဲမှမသိတာ"

"အဓိပ္ပါယ်မရှိတာကွာ၊ ကဲ လာ လာ ဒီကောင်ဘယ်မှာလဲ"

"အနောက်မှာကျန်ခဲ့တယ်၊ လမ်းမှာပဲရှိဦးမယ်၊ မင်းသွားမလို့လား မြတ်ထင်. . ."

"မသွားလို့ဖြစ်မလားကွ၊ ဒီအချိန်ကြီး သူ့ကိုလမ်းပေါ်မှာပစ်ထားလို့ဖြစ်မလား၊ ချော့ခေါ်ပြီး သူ့အိမ်ပြန်ပို့ရမှာပေါ့. . ."

"ဖြစ်ပါ့မလား မြတ်ထင်၊ သူကအရမ်းမူးနေတာနော်၊ ပြီးတော့ သူ့လက်ထဲမှာ ဓါးနဲ့၊ မင်းကိုတွေ့တာနဲ့သတ်မှာတဲ့၊ အခုက အရင်တစ်ခါထက်ပိုပြီးဆိုးတယ်ကွ. . ."





"ဆိုး ဆိုးကွာ၊ လာ သွားမယ်. . ."

ဘီဒိုအံဆွဲများနှင့် ရုံးခန်းတံခါးတွေကိုပိတ်ပြီး ကိုမြတ်ထင်သည် ဟိုတယ်မှထွက်သွားလိုက်ပြီဖြစ်၍ ကိုလင်းနိုင်သည်လည်း အခြေအနေကိုကြည့်ပြီး နောက်မှလိုက်ပါသွားလေ၏။

ကိုမြတ်ထင်သည် ဟိုတယ်မှ ကားကိုမောင်းထွက်ခဲ့သည်။ ညသည် အချိန်လွန်ချိန်မို့ တိတ်ဆိတ်ငြိမ်သက်နေ၏။ တစ်ချက်တစ်ချက် လျှပ်စီးကလက်သည်။ အနေအထားက မိုးရွာမည့်အခြေအနေမျိုးဖြစ်နေ၏။

ကိုမြတ်ထင်သည် အချိန်နှင့်ရာသီဥတုကို ဂရုမစိုက်၊ သူငယ်ချင်းအဂ္ဂကျော်အား တွေ့မြင်နိုင်မည့်လမ်းအတိုင်း ကားကို ဂရုစိုက်မောင်းခဲ့သည်။ အနီးမှလိုက်ပါလာသည့် လင်းနိုင်က သူ့ကိုကြည့်ကာကြည့်ကာနှင့် ရှိနေသည်ကိုလည်း ကိုမြတ်ထင်သတိမထားဖြစ်။

"မိုးကရွာတော့မှာ၊ ဟော ပြောရင်းဆိုရင်း မိုးရွာပြီ၊ ဒီကောင်အရက်မူးပြီးအအေးမိရင် ကျန်းမာရေးထိခိုက်ဦးမယ်၊ ဒီအရက်ကဘယ်သူကတိုက်လိုက်ပြန်ပြီလဲမသိဘူး၊ တော်တော်စိတ်ပျက်ဖို့ကောင်းတယ်၊ အိမ်ရောက်ရင် သူ့မိန်းမနဲ့သူ့သမီးလေးက စိတ်ညစ်ရဦးမယ်. . ."

"ငါမတိုက်ပါဘူးကွာ၊ တကယ်ပါ၊ သူ့ဟာသူသောက်လာပြီး ငါ့ဆီရောက်လာတာ၊ ငါတောင်အံ့ဩနေတာ၊ သူ့အခြေအနေက တော်တော်ဆိုးနေလို့ မင်းဆီ ငါလာပြောတာ. . ."

"နေပါဦး၊ သူကဘာတွေပြောနေလို့လဲ. . ."

"မသိပါဘူးကွာ၊ စုံနေတာပဲ၊ မြတ်ထင်. .မင်း သူ့ကိုသတိထားနော်၊ သူ့လက်ထဲမှာဓါးနဲ့၊ ဒီကောင်က လူစိတ်ပျောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီကွာ. . ."

"ဟင်း အလုပ်ကပင်ပန်းရတဲ့ကြားထဲ စိတ်ညစ်တယ်ကွာ၊ အဂ္ဂက ညနေလောက်ကတောင် အကောင်းကြီးပါ၊ ဒီကောင်နဲ့ငါ အေးအေးဆေးဆေး စကားတော့ပြောကြည့်ရမယ်. . ."

ကိုမြတ်ထင်၏ ထိုစကားအတွက် လင်းနိုင်တစ်ယောက် မျက်လုံးတစ်ချက် ကစားသွားရသည်။ ကိုမြတ်ထင်ကား မသိ။

"ဟော မြတ်ထင်. .ဟိုမှာ ဟိုမှာ အဂ္ဂ၊ တွေ့လား သူ့ လက်ထဲမှာ ဓါး. . ."

"ဟင်း. . ."

ဓါးတစ်လက်နှင့် အရက်တွေမူးရှုံနေသည့် ကိုအဂ္ဂကျော် တစ်ယောက် လမ်းလျှောက်နေသည်က တစ်လမ်းလုံးအပြည့်ဖြစ်နေသည်။ ရမ်းကားသည့်ကားမောင်းသမားနှင့် တွေ့လို့ကဖြင့် အဂ္ဂကျော် လိုလူစားမျိုး အလောင်းကောက်၍ပြီးတော့မည်မဟုတ်ပါ။

ကိုမြတ်ထင်သည် သက်မမောကြီးတစ်ချက်ကိုချပြီး လမ်းဘေးတစ်နေရာတွင် ကားကိုထိုးရပ်လိုက်သည်။

"မြတ်ထင်. .မိုးကလည်းရွာနေတယ်၊ မင်းမိုးရေတွေစိုကုန်မှာပေါ့. . ."

"ငါကမိုးရေစိုယုံပဲ၊ ဟိုကောင်က အအေးမိပြီးသေတော့မှာ၊ လင်းနိုင်. .တကယ်ဆိုရင် မင်း သူ့ကိုချော့မော့ပြီး အိမ်ကိုပြန်ပို့ထားသင့်တယ်၊ သက်သက်ငါ့ဆီလာရတယ်လို့၊ ဦးနှောက်မရှိတဲ့ကောင်ပဲ. . ."

"ငါလည်း မင်းအတွက်စိုးရိမ်သွားလို့ပါကွာ. . ."

"ကဲ ငါသွားလိုက်ဦးမယ်. . ."





"မြတ်ထင်. .မင်းသတိတော့ထားနော်. . ."

ကိုမြတ်ထင် ကားပေါ်မှဆင်းသွားသည်တွင် လင်းနိုင်က ကားပေါ်တွင်ကျန်ရစ်ပြီး လှမ်းပြောသည်။

"အဂ္ဂ သူငယ်ချင်း..ဟော့ကောင် အဂ္ဂ. .မိုးတွေရွာနေတယ်ကွ၊ မင်းအအေးမိလိမ့်မယ်၊ လာ ကားပေါ်တက် အိမ်ပြန်မယ်. . ."

"ဟင် မြတ်ထင်. .မင်း မြတ်ထင်မဟုတ်လား. . ."

"အေး ငါ မြတ်ထင်၊ လာကွာ သွားမယ်. . ."

"ဘာပြောတယ်၊ ကြာကူလီကောင်မြတ်ထင်၊ မင်းကို ငါ သတ်မယ်. . ."

"ဟော့ကောင် အဂ္ဂ. .မင်း ဘာစကားပြောတာလဲကွ. ."

"ဘာစကားပြောရမလဲကွ၊ မင်းလိုကြာကူလီကောင်ကို ငါ သတ်မယ်၊ ငါ့မိန်းမကို မင်း ကြာခိုချင်လို့ ငါ့ကို မင်းအလုပ်မှာ ရှယ်ယာဝင်. . ."

"ဟော့ကောင် အဂ္ဂ. .မင်း တိတ်စမ်း၊ ခွေးစကားတွေမပြောနဲ့"

"ခွေးဇာတ်ခင်းဖို့ကြံနေတာက မင်းကွ၊ မင်းမှာဘာအကြံအစည်တွေရှိတယ်ဆိုတာ ငါအားလုံးသိပြီးပြီ၊ မင်းဟာသူငယ်ချင်းကောင်းမဟုတ်ဘူး၊ သစ္စာမရှိတဲ့မင်းလိုကောင်ကို ငါသတ်မယ်ကွာ၊ မင်း မင်း လာစမ်း. . ."

"ဟော့ကောင် ဟော့ကောင် အဂ္ဂ. .အဂ္ဂ. .သူငယ်ချင်း မင်း မင်း သတိထား၊ သတိထား. .ဟာ. . ."

"အင့်. .၊ အား. . ."

မူးမူးနှင့် မြတ်ထင်ထံ ဓါးနှင့်ထိုးရန်လှမ်းဝင်လာသည့် အဂ္ဂကျော်တစ်ယောက်မှာ မြတ်ထင်က သတိထားပြီးဘေးသို့တိမ်းရှောင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၍ အငှကျော်သည် ကိုယ့်ကိုယ်ကိုပင်မထိန်းနိုင်ဘဲ ဟပ်ထိုး လဲကျသွားခိုက် ကိုင်ထားသည့်ဓါးနှင့်ပင် ပြန်ထိုးမိသွားရပါတော့၏။

"ဟာ အငှ. . ."

ကားပေါ်မှလှမ်းကြည့်နေသည့် လင်းနိုင်မှာ သဘောကျသွား သလို သေချာမချာစိတ်နှင့် သေချာလှမ်းကြည့်နေလိုက်သည်။

"ဟာ အငှ အငှ..သူငယ်ချင်း. . ."

ကိုမြတ်ထင်သည် လဲကျသွားသည့် သူငယ်ချင်းအငှထံ ပြေးကပ်သွားပြီး သူငယ်ချင်းကိုပွေ့ယူကာ ပက်လက်လှန်ကြည့်လိုက် သည်။

"ဟာ အငှ. . ."

ရင်ဝတွင်စိုက်နေသည့်ဓါးကိုတွေ့လိုက်သည်တွင် မြတ်ထင် သည် လွန်စွာတုန်လှုပ်သွားလိုက်ပြီး မှင်သက်စွာကြည့်နေဖြစ်သည်။ ထိုအချိန်၌ပင် ဘယ်အချိန်က ကားပေါ်မှဆင်းလာမှန်းမသိသည့် လင်းနိုင်သည် ပျာပျာသလဲပုံစံနှင့် အနားကပ်လာရင်း. . .

"မြတ်ထင်. .မြတ်ထင်. .ဓါးကိုဆွဲနှုတ်လိုက်၊ ဓါးကိုဆွဲနှုတ် လိုက်၊ ဆေးရုံပို့ကြရအောင်၊ မြန်မြန်ဓါးကိုဆွဲနှုတ်. . ."

လင်းနိုင်ဆိုတော့ ကိုမြတ်ထင်သည် ဇောဟုန်တွေနှင့် အငှ ရင်ဝမှဓါးကိုဆွဲနှုတ်လိုက်မိတော့သည်။

"ဟာ မြတ်ထင်. .လင်းနိုင်သေသွားပြီကွ. . ."

"ဟင်! ဘာ. .၊ ဆေးရုံပို့မယ်ဆို. . ."

"ပို့လို့မရတော့ဘူး၊ သူသေသွားပြီ. . ."

"ဟာ ဒါဆိုဘယ်လိုလုပ်မလဲ၊ အငှ အငှ သူငယ်ချင်း သူငယ်ချင်း. .မင်းကို ကိုယ်မသတ်ဘူး၊ မင်းကို ကိုယ်မသတ်ဘူးနော်၊





သူငယ်ချင်း သူငယ်ချင်း အား ဟား ဟား

အား ဟား ဟား အား ဟား ဟား. . ."

"ဟင် အစ်ကို အစ်ကို. .ဘာဖြစ်လို့လဲဟင်၊ အစ်ကို အစ်ကို. .သတိထားပါဦး အစ်ကို. ."

"ဟင် ဟင် ဩော် ချယ် ချယ်ရီ. . ."

"အင်း ချယ်ရီပါ၊ အစ်ကိုဘာဖြစ်လဲဟင်၊ အစ်ကိုအရမ်းကို ညီးတွားနေတယ်၊ ကြည့်ပါဦး၊ ချွေးစေးတွေလည်း တစ်ကိုယ်လုံး ရွှဲနေတာပဲ၊ အစ်ကိုနေမကောင်းဘူးလားဟင်. . ."

အိပ်မောကျနေရာမှ နှစ်ဦးသား အိပ်ယာမှလန့်နိုးခဲ့ကြပြီး တထိုင်လိုက်ကြသည်။

"အစ်ကိုနေကောင်းပါတယ် ချယ်ရီရယ်၊ အိပ်မက်ဆိုးတွေ မက်မိတယ်. . ."

"ဩော် အစ်ကိုရယ်. .အစ်ကိုလည်း အိပ်မက်ဆိုးတွေ မက်ပြန်ပြီလား၊ ဒီအိပ်မက်ဆိုးကလည်း ဘာမို့လို့လဲ အစ်ကိုရယ်၊ အမြဲလိုမက်နေတော့တာပဲ၊ မဖြစ်ပါဘူး ဘုန်းကြီးကျောင်းကိုသွားမှပဲ ဖြစ်မယ်၊ ဆရာတော်ကိုပြောပြရင် ဆရာတော်က အစ်ကို့ကိုနောက်ထပ် အိပ်မက်ဆိုးတွေမမက်အောင် လုပ်ပေးလိမ့်မယ်. . ."

"ကိစ္စမရှိပါဘူး ချယ်ရီရယ်၊ ကိုယ်လည်း နေ့တိုင်းမက်တာမှ မဟုတ်ဘဲ. . ."

"နေ့တိုင်းမဟုတ်ပေမယ့် အစ်ကို ဒီအိပ်မက်ကိုမက်တိုင်း ခုလိုပဲကြောက်ရွံ့တုန်လှုပ်နေတယ်မဟုတ်လား. . ."

"ဟင်း ဒါက အစ်ကိုစိတ်ထိခိုက်ရလို့ပါကွယ်. . ."

ခင်ပွန်းသည်စကားအတွက် ဒေါ်ချယ်ရီရွှေသည် ခင်ပွန်း



www.burmeseclassic.com

သည်ထံ နှားမလည်စွာငေးကြည့်နေမိသည်။ ပြီးမှ. . .

"ကဲ အစ်ကို. .ဘာမှမစဉ်းစားနဲ့တော့နော်၊ ကဲ ထ အဝတ်လဲရအောင်၊ ချွေးတွေက ရေတွေလားတောင် ထင်ရတယ်.."

ဆိုရင်း ဒေါ်ချယ်ရီရွှေသည် ခင်ပွန်းသည်ကိုယ်မှ ချွေးတွေ ကို ရေပတ်ဝတ်ကလေးနှင့် သုတ်ပေးသည်။ ပြီးတော့ ညဝတ်အင်္ကျီ တစ်စုံကိုယူပြီး ဦးမြတ်ထင်ကို အဝတ်လဲပေးသည်။ ပြီးတော့ ရေ အေးအေးလေးတစ်ခွက်တိုက်လိုက်သည်။

"အင်း ကျေးဇူးပါပဲ မိန်းမရယ်. . ."

"ပြောစရာလား အစ်ကိုရယ်၊ ကဲ ကဲ ပြန်အိပ်တော့နော်"

ခေါင်းရင်းမှမီးခလုတ်ကိုပိတ်ပြီး ပြန်အိပ်သည်။ ဒေါ်ချယ်ရီ ရွှေသည် ခင်ပွန်းသည်၏ လက်တစ်ဘက်ကိုဆုပ်ကိုင်ထားပြီး ခင်ပွန်း သည်၏ ရင်ဘတ်ထက် လက်တစ်ဘက်ကိုဖိတင်ထားပေးသည်။ ဇနီး သည်၏ ကြင်နာနွှမ်းနှင့်နှစ်သိမ့်မှုအတွက် ဦးမြတ်ထင်သည် ကြည်နူး ရပါသည်၊ ကျေးဇူးတင်ရပါသည်၊ ကျေနပ်ရပါသည်။

သို့သော် ဦးမြတ်ထင်သည် ညအိပ်မီးရောင်လေးအောက်မှ ဇနီးသည်၏အေးချမ်းသော မျက်နှာလေးဆီ မသိမသာ ခိုးကြည့်မိရင်း သက်မမောအား တိတ်တခိုးချဖြစ်လိုက်ရပါ၏။ မှန်သည်၊ အဘယ် ကြောင့်ဆိုသော်. . .

မိမိ၏အိပ်မက်ထဲမှ အဖြစ်အပျက်အကြောင်းအရာတွေက တကယ့်ဖြစ်ရပ်မှန်တွေပါ။ မိမိသည် သူငယ်ချင်းအား သတ်ဖို့နေသာ စိုးစဉ်းမျှ စိတ်နှင့်ပင် မပစ်မှားခဲ့ဖူးပါ။ ယခုကဲ့သို့ ချယ်ရီရွှေနှင့် အကြောင်းပါရမည်ကိုလည်း စိုးစဉ်းမျှမတွေးဖူးခဲ့ပါ။

မိမိဘဝတွင် မမျှော်လင့်မထင်မှတ်ထားတွေက ဆက်တိုက်





ဖြစ်ပေါ်ခဲ့ရသည်၊ မယုံကြည်နိုင်တာတွေဖြစ်ခဲ့ရသည်။ နာကြည်းကြေကွဲ ရာတွေ ဖြစ်ပေါ်ခံစားခဲ့ရသည်။ ခုဖြင့်လည်း မငြိမ်းချမ်းသေးသည့် အခြေအနေတွင်ရှိနေသေးကြောင်း ကိုမြတ်ထင်သိပါ၏။

မည်သို့ဖြစ်စေ အခြေအနေတွေကို ပြီးစီးစေလိုက်ပါပြီ။ ကိုယ်ဖြစ်စေချင်သလို မဖြစ်လာတော့လည်း သူဖြစ်စေချင်သည့်အတိုင်း ဖြစ်အောင်နေလိုက်သည်။ သည်လိုကျတော့လည်း သူကမဖြစ်စေချင် ပြန်။

သူကအရာအားလုံး လိုချင်နေသည်။ အရာရာသည် သူ ခြယ်လှယ်စိုးမိုးသလိုရလိမ့်မည်ဟု သူထင်ပုံရသည်။ ထို့အတွက် လူတစ်ယောက်သည် အရာအားလုံးကို လိုချင်၍မရနိုင်ကြောင်းနှင့် အရာရာကို ကိုယ့်စိတ်တိုင်းကျစိုးမိုးခြယ်လှယ်၍ မရနိုင်ကြောင်းအား မိမိကမျက်ဝါးထင်ထင်လုပ်ပြလိုက်သည်။ မိမိခံစားရသည့် နာကြည်း မှုးတီးစက်ဆုပ်မှုနှင့် မတန်မရာကြေးကို သူတို့ကိုပြန်ပေးလိုက်ခြင်းပါ။

"ဟင်း. . ."

အတွေးများနှင့် ဦးမြတ်ထင်သည် သက်မမောအား ရင်ထဲမှ ကြိတ်ချလိုက်သည်။ ပြီးတော့ ဦးမြတ်ထင်သည် အေးချမ်းမှုများ ကိုသာ မိမိအားပေးအပ်ထားသည့် ဇနီးသည်ချယ်ရီရွှေ၏ မိမိရင်ဘတ် ပေါ်မှ လက်ကလေးကိုဆုပ်ကိုင်ထားဖြစ်ရင်းမှ. . .

ချယ်ရီရေ. .အစ်ကိုကျိန်ပြောပါတယ်ကွယ်၊ ကိုယ်ရဲ့အချစ် ဆုံးသူငယ်ချင်းအဂ္ဂကျော်ကို ကိုယ်မသတ်ခဲ့ပါဘူး၊ ဟိုအရင်ကတည်း က မင်းကိုလည်း ကိုယ် စိတ်နဲ့တောင် တစ်ခါမှမပြစ်မှားခဲ့ပါဘူး...

ဒါပေမယ့် အဂ္ဂနဲ့အဖြစ်မှာ ကိုယ်ဟာမပြေးသော် ကန်ရာ ရှိခဲ့တဲ့အဖြစ်မျိုး ဖြစ်ခဲ့ရပါတယ် ချယ်ရီရယ်၊ အဲဒီညကပဲ အစ်ကို...



www.burmeseclassic.com

လင်းနိုင် ရဲ့စခန်းကိုသွားခဲ့ပါတယ်၊ အဖြစ်မှန်ကိုဖုံးကွယ်ပြီး လမ်းမှ အဂ္ဂရဲ့အလောင်းကိုတွေ့တဲ့အနေနဲ့ပဲ ပြောပြခဲ့တယ်၊ ဒီစကားတွေ အားလုံးကို လင်းနိုင်ကပဲ စခန်းမှူးကို ဖွင့်ပြောခဲ့တာပါ၊ ကိုယ်က တော့ စိတ်ထိခိုက်လွန်းလို့ ဘာမှကိုပြောမထွက်ခဲ့ဘူး. . .

ဒီလိုနဲ့ပဲ အဂ္ဂနာရေးကိစ္စပြီးစီးသွားခဲ့တယ်၊ အစ်ကို့ရင်ထဲ မှာတော့ အဂ္ဂအတွက် ထိခိုက်မှုတွေ၊ ဝမ်းနည်းမှုတွေအပြည့်နဲ့ပါ တစ်ဆက်တည်းမှာပဲ ကိုယ့်ဘဝ၊ ကိုယ့်အိမ်တွင်းရေးထဲမှာ ပြဿနာ တွေရှုပ်ထွေးဝင်ရောက်လာတယ်၊ ကိုယ်တကယ်ထိတ်လန့်အံ့သြခဲ့ တယ် ချယ်ရီ၊ ကိုယ်တကယ်ရှက်လန့်ခံစားခဲ့ရတယ် ချယ်ရီ. . .

ဟင်း ဘာပဲဖြစ်ဖြစ် ခုတော့ အစ်ကိုတကယ်ပဲ ငြိမ်းချမ်း ပါပြီကွယ်၊ ငြိမ်းချမ်းစွာ အစ်ကိုနေတတ်ပါပြီချယ်ရီ၊ အရာရာကို လျစ်လျူရှုပြီး ချယ်ရီနဲ့ငြိမ်းချမ်းပျော်ရွှင်စွာ အစ်ကိုနေထိုင်တတ်ပါပြီ ကွယ်. . .

ကိုယ်ပြောတာတွေအမှန်ပါ ချယ်ရီ၊ ကိုယ့်ကိုအထင်မလွဲ ပါနဲ့နော်၊ စိတ်မဆိုးပါနဲ့နော်၊ တစ်နေ့ ဒီအကြောင်းတွေကိုသိလာ ရင် အစ်ကို့ကို ချယ်ရီခွင့်လွှတ်နားလည်နိုင်ပါစေ ချယ်ရီရယ်. . .

ဦးမြတ်ထင်ကား ရင်ဝယ်တိုးတိတ်စွာဆုတောင်းရင်း ပြန်၍ အိပ်ပျော်သွားလိုက်ရပါပြီတည်း။ ။

❖ ❖ ❖



## (ငါး)

သည်နေ့ကဖြင့် မင်္ဂလာရက်မြတ်နေ့ပါ။ မှန်သည်၊ သည် နေ့သည် ကိုကိုနှင့်မမတို့၏ ဖူးစာရေစက် အကြောင်းဆက်ဆပေါင်းဖက် ကြသော လက်ထပ်ထိမ်းမြားကြသည့် မင်္ဂလာရက်မြတ်ဦးပါတည်း။

သည်လင်သည်မယား အိုအောင်မင်းအောင် ပေါင်းဖက် ကြရပါစေဗျား–ဟု တရားသူကြီးက ဆုံးမဩဝါဒစကားနှင့် ဆုတောင်း စကားဆိုပြီးသည်တွင် လက်ထပ်ထိမ်းမြားခြင်းမင်္ဂလာ ပြီးမြောက်ပြီ ဖြစ်၍ သူငယ်ချင်းတွေအားလုံးမှာ ရယ်ရွှင်ပြုံးပျော်သွားကြ၏။

အသစ်စက်စက်ကလေး ကြင်စဦးဇနီးမောင်နှံများဖြစ်သွားကြ ပြီ။ မမသည် ချစ်ရသောချစ်ဦးသူ ချစ်ခင်ပွန်းကိုကို့ကို ပြုံး၍ကြည့် သည်။ မမအပြုံးသည် အမှန်စင်ကန်ပျော်ရွှင်မှုတွေနှင့် ကိုကို့အပေါ် အလွန်မှယုံကြည်အားကိုးစိတ်ချထားသော အပြုံးမျိုးပါ။

ကိုကိုကလည်း မမကိုကြည့်၍ပြုံးသည်။ ကိုကို့အပြုံးသည် အလွန်မှမောကျပ်နေသလို ပင်ပန်းခက်ခဲလွန်းနေသလိုနှင့် ကျေနပ် နေသလိုရှိသောအပြုံးမျိုးပါ။ တစ်ဆက်တည်းလည်း ကိုကို့မျက်ဝန်း ရှိသည့် အရောင်များအမျိုးမျိုး ပြောင်းလဲနေသလိုရှိ၏။

တရားသူကြီးရှေ့မှ သူတို့ထရပ်လိုက်သည်။ [illegible]တော့ သူငယ်ချင်းတွေနှင့်အတူ တရားရုံးတော်ပေါ်မှ [illegible]ဆင်းခဲ့လိုက်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကြ၏။

"မမ. .နင်တို့က အလှူအတန်းကိစ္စတွေ ရှိသေးတယ် မဟုတ်လား၊ ငါနဲ့ချစ်ဦးက ကော်ဖီဆိုင်မှာ ပြန်စောင့်နေမယ်၊ နင် တို့ပြန်လာမှ စားသောက်ကြမယ်၊ ဘယ်လိုလဲ. . ."

"အေး ဟုတ်ပြီ၊ ဒါဆိုငါတို့သွားမယ်၊ ခင်စပယ်..၊ ချစ်ဦး... ငါတို့သွားပြီနော်. . ."

"အေးပါ အေးပါ၊ နင်တို့ရဲ့မင်္ဂလာရှိသောရက်မြတ်ကို ဂုဏ် ပြုပါတယ်ဟာ. . ."

"ကျေးဇူးတင်ပါတယ်ကွာ. . ."

ချစ်ဦးမျက်နှာဆီကြည့်ပြီး ကိုကိုဆိုသည်။ ပြီးတော့ မမ လက်ကလေးကိုဆွဲခေါ်ကာ တောက်ပသော နောက်ဆုံးပေါ်ကားကြီး ပေါ်သို့ တက်သွားလိုက်ကြလေတော့၏။ ထို့နောက် ကိုကိုသည် တရားရုံးရှေ့မှ ကားကိုမောင်းထွက်ခဲ့သည်။ မမက ပျော်ရွှင်စွာနှင့် ချစ်ဦးနှင့် ခင်စပယ်တို့ထံသို့ လက်ပြနှုတ်ဆက်နေ၏။

"ချစ်ဦးက မမကို ဟိုးတုန်းထဲက စိတ်ဝင်စားနေတာ ကိုကို ရိပ်မိတယ်. . ."

"ရှင်. . ."

ကားမောင်းရင်း ရုတ်တရက်ဆိုလာသည့် ကိုကို့စကားကြောင့် မမ အံ့သြသွားသည်။ ပြီးမှ မမသည် လှပချစ်စရာကောင်းသော အပြုံးလေးနှင့် ကိုကို့ထံကြည့်လာရင်း. . .

"ကိုကိုကလည်း ခင်စပယ်က ချစ်ဦးကို စိတ်ဝင်စားနေတာ ပါနော်. . ."

"ကိုကိုပြောတာက မမကို ချစ်ဦးစိတ်ဝင်စားနေတာကိုပါ"





"ဒါတော့ဘယ်သိမလဲ၊ မမသိတာကတော့ ချစ်ဦးက သူ ငယ်ချင်းကောင်းတစ်ယောက်ဆိုတာပါပဲ. . ."

"သူကဘာလုပ်. . ."

"ချစ်ဦးလား. . ."

"အင်း. . ."

"ချစ်ဦးက သူ့အဖေလိုပဲ၊ သူလည်း ရှေ့နေပဲလေ. . ."

"ဪ သူ့အဖေဆိုတာ ကိုကိုတို့ဟိုတယ်က အားကိုးရ တဲ့ ရှေ့နေကြီးဦးဇော်ကြည်ဆိုတာလား. . ."

"ဟုတ်တယ်လေ၊ ကိုကို့ဖေဖေကတောင် မကြာခဏပြောတာ မကြားဖူးသေးတယ်၊ ဘဘဦးဇော်ကြည်က သစ္စာရှိတယ်တဲ့. ."

"တစ်ကြိတ်တည်းတစ်ဉာဏ်တည်းတွေဆိုတော့လည်း ဒီလိုပဲ ပြောမှာပေါ့ကွာ. . ."

"ဟင် ကိုကိုကလည်း ဒီလိုတော့မပြောပါနဲ့. . ."

"အင်း ဟုတ်တယ်၊ ကိုကိုတို့ရဲ့မင်္ဂလာဦးနေ့ရက်မှာ ဒီ စကားတွေမပြောတာကောင်းတယ်၊ ကဲ အခု ဘယ်အရင်သွားကြ မလဲ. . ."

"ဟင် ဒါဆို ကိုကိုက အခုဘယ်ကိုမောင်းနေတာလဲ"

"အင်း အခုဒီနေရာနဲ့ဆိုရင် ဘယ်နေရာက ပိုပြီးနီးနေမလဲ၊ ဟုတ်ပြီ ဘိုးဘွားရိပ်သာနဲ့နီးနေတယ်၊ ဘိုးဘွားရိပ်သာကို အရင် သွားပြီး လှူကြမယ်. . ."

"ဟုတ်ကဲ့. . ."

"မမ. . ."

"ရှင်. .ကိုကို. . ."



www.burmeseclassic.com

www.burmeseclassic.com

"မင်းကို ကိုကိုသိပ်ချစ်တယ်ဆိုတာ ယုံတယ်မဟုတ်လား၊ ငယ်ငယ်ကတည်းက မင်းကို ကိုကိုသိပ်ချစ်ခဲ့တာပါ၊ ကိုကိုသိပ်ချစ်တာ မင်းတကယ်ယုံကြည်တယ်မဟုတ်လား. . ."

"ဟုတ်ကဲ့၊ ယုံတာပေါ့ကိုကိုရယ်၊ ငယ်ငယ်ကတည်းက မမကို ကိုကိုကပဲအမြဲဂရုစိုက်ခဲ့တာ၊ ကြည့်ရှုခဲ့တာလေ၊ ဒါကြောင့်ပဲ မမကလည်း ငယ်ငယ်ကတည်းကပဲ ကိုကို့ကိုယုံကြည်အားကိုးခဲ့တာ၊ စိတ်ချယုံကြည်စွာနဲ့ ကိုကို့ကိုချစ်အားကိုးခဲ့ရတာပါ. . ."

"တကယ်လို့ ကိုကိုက မင်းကိုမုန်းအောင် နာကြည်းအောင် လုပ်ရင် မင်း ကိုကို့ကိုမုန်းသွားမှာလား၊ နာကြည်းသွားမှာလားဟင်"

"ဟင် ကိုကိုကရော မမကို အဲလိုတကယ်လုပ်မှာလား ဟင်. . ."

မမအမေးတွင် သူနှုတ်ဆိတ်သွားသည်။ သူ့ရင်ထဲမတော့ လှုပ်ရှားနေသလိုလို။ မပြတ်သားသည်လည်းမဟုတ်၊ ပြတ်သားသည် လည်းမဟုတ်။ မမကိုချစ်သည်။ အသည်းထဲရင်ထဲကကို ချစ်သည်။ ငယ်စဉ်တောင်ကြေးကလေးဘဝထဲက မမကို သူ အလွန်ချစ်သ[illegible]ခဲ့သည်။ မမအတွက်ဆိုလျှင် ဘာမဆို သူဖြစ်စေခဲ့သည်ချည်းပါ။

မမကို သူတို့သုံးယောက်တွင် အငယ်ဆုံးလေးမို့လည်း မမကို သူသည် အချစ်ပိုခဲ့ရသည်၊ အသနားပိုခဲ့ရသည်။ နေရာတကာ ဂရုစိုက်မှု၊ ပြုစုစောင့်ရှောက်မှုတွေ လွန်ကဲခဲ့ရ၏။ သို့သော်လည်း ခုဖြင့် အချစ်က အချစ်၊ ရန်ညိုးကရန်ညိုး၊ ဂလဲ့စားက ဂလဲ့စား အဖြစ် သူခွဲခြားရပြီဖြစ်သည်။ အခုဖြင့် သူခင်းသောလမ်းပေါ် အားလုံးက ယုံကြည်စွာနှင့်လျှောက်ခဲ့ကြပြီဖြစ်သည်။

သူ မမကိုချစ် [illegible] ချစ်ချင်လည်း မမကို သူ သက်ထပ်ခဲ့ပြီ





ဖြစ်သည်။ သို့သော် ရန်ညှိုးကလည်းရှိသည်။ ပြီးတော့ ဂလဲ့စားက လည်းရှိသည်။ ထို့အတွက် အချစ်နှင့် မင်္ဂလာပွဲပြီးဆုံးလျှင် ရန်ညှိုး နှင့် ဂလဲ့စားသည် စတင်ရတော့မည်ဖြစ်၏။ ဒါသည်လည်း သူလုပ်သောအလုပ်၊ သူခင်းသောလမ်းမို့ သူလျှောက်ရမည်ဖြစ်၏။

သည်နေ့လို၊ သည်အချိန်လို၊ သည်အခြေအနေလိုဖြစ်အောင် သူကြိုးစားခဲ့ရသည်မှာ ဆယ့်နှစ်နှစ်သားဘဝကတည်းကပါ။ သူ ဆယ့်နှစ်နှစ်သားဘဝကတည်းက ခံစားခဲ့ရသည့်အဖြစ်တွေကို အားလုံးကိုသိစေချင်သည်။ အားလုံးကို ပြန်ခံစားစေချင်သည်။

ထို့အတွက် သည်လိုအခြေအနေရောက်အောင် သူကြိုးစားခဲ့ရသည်။ အခုရောက်လာပါပြီ။ သူစောင့်နေသည့်နေ့ရက်ကို ရောက်လာပါပြီ။ စိတ်ကူးတွေနှင့် ကားမောင်းလာရင်းက သူ တံတွေးတွေကို အကြိမ်ကြိမ်မြိုချဖြစ်ခဲ့သည်။ တစ်ဆက်တည်းလည်း ဒေါသနှင့် မကျေနပ်မှုတွေကြားကပင် သူ့မျက်ဝန်းမှအရည်ကြည်တို့သည် စို့ဝဲလာရလေ၏။

သူ မျက်တောင်တွေကို တဖျတ်ဖျတ်ခတ်ပစ်လိုက်သည်။ စိတ်ကိုတင်းပစ်ထားသည်။ အတည်ငြိမ်ဆုံးဖြစ်အောင် စိတ်တွေကို သူ ကြိုးစားထား၏။

"ကိုကို. . ."

"ဟင်. . ."

"ဘာဖြစ်ဖြစ် [illegible] ကို့ကိုချစ်တယ်၊ ကိုကိုမုန်းအောင်လုပ်လည်း ချစ်နေမယ်၊ ကိုကိုနာကြည်းအောင်လုပ်လည်းချစ်နေမယ်၊ ကိုကိုက နာကျင်အောင်လုပ်လည်း ချစ်နေမှာပါပဲ၊ မမအချစ်က ကို[illegible]အပေါ်မှာ ထာဝရအချစ်ပါ၊ ပြောင်းလဲမသွားတဲ့အချစ်ပါ ကိုကိုရယ်၊ အဲဒါကို့


www.burmeseclassic.com

www.burmeseclassic.com



[illegible]သောက်တည်းကိုပဲ ယုံကြည်အားကိုးပြီး ချစ်သွားမယ်. . .
ငယ်ငယ်ကတည်းက ကိုကို့ကိုချစ်ခဲ့တာ၊ ချစ်တတ်တဲ့
[illegible]ကတည်းက ကိုကို့ကိုချစ်ခဲ့တာ၊ ကိုကို့ကိုပဲချစ်ခဲ့တာ၊ မုန်းဖို့
[illegible]ဟုတ်[illegible]း. . ."

[illegible]ဆိုရင်း ကိုကို့ပုခုံးစွန်းတွင် ခေါင်းလေးမှေးတင်လိုက်သည်။ ထိုအခါ ထိန်းချုပ်ထားသည့်ကြားမှ ကိုကို့မျက်ဝန်းမှ မျက်ရည်စက်သည် ကြွေသက်သွားလိုက်ရလေ၏။ ခဏကြာတော့ ကိုကိုမောင်းလာသည့်ကားလေးသည် ဘိုးဘွားရိပ်သာသို့ ရောက်လာခဲ့သည်။ ဘိုးဘွားရိပ်သာရုံးခန်းတွင် မင်္ဂလာဦးအလှူကို လှူဒါန်းခဲ့ပြီးနောက် မိဘမဲ့ဂေဟာသို့ သူတို့ထွက်ခဲ့လိုက်ကြသည်။

ထိုမှ ဆွံ့အနားမကြားကျောင်း၊ ပြီးတော့ မျက်မမြင်ကျောင်းစသည်ဖြင့် လှူဒါန်းခဲ့ပြီးမှ သူတို့သည် ဘုရားသွားပြီး ရွှေသင်္ကန်းကပ်လှူပူဇော်သည်။ ပြီးမှ သူငယ်ချင်းတွေနှင့် စားသောက်ရန် သူတို့ပြန်ခဲ့လိုက်ကြလေ၏။

× × × × ×

"ချယ်ရီရေ. . ."

"ရှင် အစ်ကို. . ."

"တစ်နာရီပဲထိုးတော့မယ်ကွာ၊ သားနဲ့သမီးလည်း ခုထိပြန်မလာကြသေးဘူး. . ."

"အစ်ကိုရယ် ဒီနေ့က သားတို့ရဲ့မင်္ဂလာဦးနေ့ပဲ၊ မိတ်ဆွေသူငယ်ချင်းတွေကို ကျွေးမွေးလို့မပြီးသေးလို့နေမှာပေါ့၊ ခုအချိန်လောက်ဆိုရင်တော့ ပြန်လာခါနီးပါပြီ. . ."





သားနှင့်သမီးပြန်မရောက်ကြသေး၍ မိဘနှစ်ပါးမှာ အိပ်၍မပျော်၊ ဧည့်ခန်းတွင်ထွက်ထိုင်ပြီး သားနှင့်သမီးပြန်အလာကို စကားပြောရင်း စောင့်နေဖြစ်ကြသည်။

"အင်း ချယ်ရီရေ. အစ်ကိုလည်း အခုမှပဲ စိတ်အေးသွားရတယ်ကွယ်၊ အဂ္ဂနဲ့ပြောဆိုခဲ့တဲ့စကားတွေ အခုအထမြောက် အောင်မြင်သွားပြီမဟုတ်လား. . ."

"ဟုတ်ပါတယ် အစ်ကိုရယ်၊ ချယ်ရီလည်း အခုမှပဲ စိတ်အေးသွားတာပါ၊ သားနဲ့လက်မထပ်ခင်အချိန်မှာ သမီးလေးမတော်တဲ့သူတွေနဲ့ တွေ့သွားမှာစိုးရိမ်နေရတာ. . ."

"ကိုယ်ကတော့ အဲဒီအတွက် မစိုးရိမ်ဘူး ချယ်ရီ၊ ဘာကြောင့်လဲဆိုတော့ သားနဲ့သမီးတို့က ငယ်ငယ်ထဲက သိပ်သံယောဇဉ်ကြီးကြတဲ့သူလေးတွေဆိုတာ သိနေလို့လေ. . .

အစ်ကိုကျေနပ်တယ်ဆိုတာက အဂ္ဂဖြစ်စေချင်တဲ့ဆန္ဒ ဖြစ်မြောက်သွားလို့ပါ၊ သူငယ်ချင်းအဂ္ဂအပေါ်မှာ ကိုယ်တာဝန်ကျေသွားပြီဆိုတဲ့အသိကြောင့်ပါ. . ."

"ဟုတ်ပါတယ် အစ်ကိုရယ်၊ ချယ်ရီလည်း အစ်ကို့လိုပါပဲ၊ အစ်ကို[illegible]ကလေ သူ့ညီမလေးကိုသိပ်ချစ်ရှာတာ၊ ကံဆိုးတဲ့ညီမလေးက သမီးလေးကိုမွေးပြီး သေသွားရှာတော့ ညီမလေးကိုယ်စား ဒီသမီးလေး[illegible]ချစ်ခဲ့ရတာပါအစ်ကိုရယ်. . .

သူ့ညီမ[illegible]ကလည်း သူ့ခင်ပွန်းကားတိုက်ပြီး ဆုံးသွားတော့ သူလည်းစိ[illegible]တ်ကျသွားရှာပြီပေါ့ အစ်ကိုရယ်၊ သမီးလေးမမက တကယ်ကိုသနားစရာ၊ ချစ်စရာကောင်းတဲ့သမီးလေး[illegible]ရှင်၊ တကယ်တော့ သမီးလေးမမကို ဘုရားက ချယ်ရီ့အ[illegible] တမင်



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးပေးလိုက်သလိုပါပဲလေ၊ ချယ်ရီက ကလေးမရနိုင်တော့ဘူး ဆိုတာနဲ့ပဲ သမီးလေးက ချယ်ရီ့ဆီကိုရောက်လာရတော့တာပဲ. ."

"ဒါပေါ့ ချယ်ရီရယ်၊ သတ္တဝါတစ်ခု ကံတစ်ခုတဲ့၊ သမီးလေးက ကံကောင်းသူလေးပါကွယ်၊ ကိုယ့်သူငယ်ချင်းအဂ္ဂက ကိုယ်နဲ့ ပြန်တွေ့တဲ့အချိန်ကတည်းက သမီးလေးမမအကြောင်းကို ကိုယ့်ကို ပြောပြခဲ့တာပါ. . ."

"တောင်းပန်ပါတယ် အစ်ကိုရယ်၊ အစ်ကိုမသိဘူးထင်လို့ ချယ်ရီက အစ်ကို့ကိုသမီးလေးအကြောင်း ဖွင့်မပြောခဲ့တာပါ၊ အစ်ကို က သားနဲ့သမီးကိစ္စတွေကိုပြောပြီး အစ်ကိုအဂ္ဂပြောပြသွားတာတွေကို ပါ ဖွင့်ပြောတော့မှ အစ်ကိုသိနေတယ်ဆိုတာ ချယ်ရီသိသွားတာ

ဘာပဲဖြစ်ဖြစ်လေ အခုတော့ ချယ်ရီလည်း သမီးလေး အတွက် စိတ်အေးရပါပြီလေ၊ သားကလည်း သမီးလေးကို သိပ်ချစ် တာသိရလို့ ချယ်ရီစိတ်ချမ်းသာရတယ် အစ်ကို. . ."

"စိတ်ချပါ မိန်းမရယ်၊ ကိုယ်တို့သားအဖကြောင့် ချယ်ရီတို့ သားအမိ ဘယ်တော့မှစိတ်မဆင်းရဲစေရပါဘူးလို့ ကိုယ်ဂတိပေးပါ တယ်ဗျာ. . ."

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်၊ အစ်ကို့ကို တောင်းပန် ချင်တာတစ်ခုက အစ်ကိုရဲ့ဇနီးကြီးမဝင်းမာစံကိုလည်း ဂရုစိုက်ပေး ပါနော် အစ်ကို၊ မဝင်းမာစံရဲ့စိတ်ရောဂါကိုလည်း ပျောက်အောင် ဂရုစိုက်ကုသပေးပါနော် အစ်ကို. . ."

"ဟင်း သူ့အတွက်မပူပါနဲ့ ချယ်ရီ၊ သူ့အတွက် အစ်ကို စိတ်ကျန်းမာရေးဆေးရုံက ဆရာဝန်ဆရာမတွေနဲ့ အားလုံးပြောဆို မှာကြားထားပြီးသားပါ၊ ဖြစ်နိုင်ရင် သူ့အကြောင်းမပြောပါနဲ့ကွယ်၊





မသိတဲ့သူတွေကတော့ ကိုယ်ကသိပ်ရက်စက်တဲ့လူဆိုးကြီးပေါ့၊ ဟင်း... မပြောတာဘဲကောင်းပါတယ်ကွာ၊ ပြောရင် ကိုယ့်ကိုယ်ကို သိပ်ရှက် တယ်၊ ဒေါသလည်းထွက်တယ်၊ တော်ပြီ တော်ပြီ၊ ကိုယ်တို့ ကော်ဖီ သောက်ပြီး သားတို့ကိုစောင့်ကြမယ်. . ."

"အမလေး ကော်ဖီတော့မသောက်ပါနဲ့အစ်ကိုရယ်၊ တော် ကြာအိပ်လို့မပျော်ဘဲဖြစ်နေပါဦးမယ်. . ."

"ကရင်း ရင်း ရင်း. . ."

စကားတွေဆိုရင်း အိမ်ရှေ့မှ လူခေါ်ဘဲလ်သံကမြည်လာ သည်။

"ဟော အစ်ကို. .သားတို့ပြန်ရောက်လာကြပြီထင်တယ်၊ ကားသံတောင်မကြားလိုက်ဘူး. . ."

အလုပ်သမတစ်ဦးက ပြေးလာပြီး အိမ်ရှေ့တံခါးကို အပြေး သွားဖွင့်ပေးသည်။ တံခါးဖွင့်ပြီးသည်နှင့် အိမ်ထဲသို့ ကိုကိုနှင့်မမတို့ လက်ချင်းဆွဲကာ ပျော်ရွှင်စွာဝင်ရောက်လာကြသည်ကို တွေ့လိုက်ကြ ရလေ၏။

"ဟာ ဖေဖေနဲ့အန်တီလေးက မအိပ်သေးဘဲကိုး. . ."

"ဟုတ်တယ် သား၊ သားတို့ပြန်မရောက်သေးလို့ သားတို့ ကို စောင့်နေကြတာ. . ."

"သမီးလေး သိပ်ပျော်ခဲ့လား. . ."

"အဟင်း ဟင်း ကိုကိုက သူ့သူငယ်ချင်းတွေရှေ့မှာ သိပ် ဂရုစိုက်လွန်းလို့ မမဖြင့်နေလို့တောင်မတတ်အောင်ဖြစ်ရတယ် မေမေ"

"ကဲ ချယ်ရီ. .ကိုယ်မပြောဘူးလား. . ."

"အဟင်း ဟင်း. .ကဲ ကဲ သားနဲ့သမီးတို့ အနားယူကြ



www.burmeseclassic.com

www.burmeseclassic.com



တော့နော်၊ မနက်ဖြန်ဆိုရင် သတင်းစာထဲမှာ သားနဲ့သမီးတို့ လက်ထပ်ထိမ်းမြားခြင်းသတင်းပါပြီ. . ."

"မေမေ ထည့်တာလားဟင်. . ."

"ဖေဖေထည့်တာပါ သမီး. . ."

"ကျေးဇူးတင်ပါတယ် ဖေဖေ. . ."

"ဖေဖေတို့က လုပ်ပေးရမှာပေါ့ သမီးရယ်၊ ကဲ ကဲ သားနဲ့သမီးတို့ သွားအနားယူကြတော့နော်. . ."

"ဟုတ်ကဲ့ပါ ဖေဖေ. . ."

မိဘတွေကိုနှုတ်ဆက်ခဲ့ပြီး သူတို့အပေါ်ထပ်သို့ တက်ခဲ့လိုက်ကြသည်။ သူတို့အိပ်ခန်းထဲအရောက်မတော့ ကိုကိုသည် မမကို ဇွေ့ခနဲပွေ့ချီလိုက်သည်နှင့် မမမှာလန့်ဖြန့်သွားရရင်း. . .

"အို အို ကိုကို ကိုကို. .မရဘူး မရဘူး မရသေးဘူးနော်၊ ခြေလက်တွေဆေးပြီး အဝတ်တွေလဲရဦးမှာနော်၊ မရဘူး မရဘူး"

မမတစ်ယောက် ပြောမိပြောရာတွေပြောပြီး ကိုကို့လက်ထဲမှ ရုန်းဆင်းသည်။

"အဟွန်း ဟွန်း၊ အဟား ဟား. . ."

ကိုကိုသည် မမတစ်ယောက် မျက်လုံးလေးမှိတ်ကာ ပြောဆိုနေသည့် စကားတွေကို သဘောကျ၍ ပြုံးရာမှ ရယ်ပစ်လိုက်သည်။ ပြီးမှ ကိုကိုသည် မမကိုယ်လေးကိုချပေးလိုက်ပြီး. . .

"ကဲပါဗျာ. .အမိန့်တော်အတိုင်းပါ. . ."

"ရော့ ဒီမှာ သွားတိုက်တံ၊ ကိုကိုအရင်ရေချိုးခန်းထဲဝင်၊ မမ ညဝတ်အင်္ကျီထုတ်ထားပေးမယ်. . ."

ရှက်မျက်နှာရဲရဲနှင့် မမဆိုပြီး အဝတ်ထုတ်ရန် လှည့်ထွက်





သွားတော့ ကိုကိုသည် နှစ်သက်မြတ်နိုးစွာပြုံးဖြစ်ရလေသည်။ ကိုကိုတစ်ယောက် ရေချိုးခန်းထဲဝင်ပြီး ရေချိုးခန်းထဲမှ ပြန်ထွက်လာသည်တွင် အခန်းထဲတွင် မမကိုမတွေ့၍ လိုက်ရှာကြည့်သည်။ ကိုကိုတစ်ယောက်လိုက်ရှာနေသည်ကိုကြည့်ပြီး ဝရံတာတွင် ပုန်းနေသည့် မမသည် ဒူးလေးတွေပင်တုန်နေဖြစ်၏။

မမကိုလိုက်ရှာနေသည့် ကိုကိုမှာ ဝရံတာဘက်တွင် မမအရိပ်ကိုတွေ့လိုက်ရသည်တွင် ပြုံးဖြစ်သွားသည်။ ဝရံတာဘက်သို့ ကိုကိုမျက်နှာမူလိုက်သည်နှင့် မမမျက်လုံးတွေ ပြူးနေတော့၏။

"ထွက်ခဲ့နော် ကောင်မလေး၊ နောက်မှကြောက်ပါပြီ မအော်နဲ့ မရဘူးကွ. . ."

"အိုး မလာနဲ့ မလာနဲ့၊ ကိုကို မလာနဲ့၊ မမခြေတွေ လက်တွေဆေးရဦးမယ်. . ."

"ရတယ်၊ မဆေးနဲ့တော့၊ ဘာမှလည်းပေတာမှမဟုတ်တာ၊ လာခဲ့. . ."

"အား ကိုကို. . ."

"ဟား ဟား ဟား . . . "

"ကိုကိုနော် ကိုကို. . ."

ကိုကိုက ခြောက်သည်။ မမက ကြောက်သည်။ ကိုကိုက မမကိုဇွေ့ခနဲပွေ့ချီတော့ မမတစ်ယောက်ပါလာ၏။ ကိုကို့ရင်ခွင်ထဲမှ ရှက်ရွံ့ယားယံစွာနှင့် မမရုန်းတော့ နှစ်ဦးသားသည် အိစက်ညက်ညောသော ဖဲမွေ့ယာကြီးပေါ်သို့ လုံးထွေးကျသွားကြ၏။

တစ်ဆက်တည်းလည်း ကိုကိုသည် ခေါင်းရင်းမှမီးခလုတ်ကို လှမ်းပိတ်လိုက်သည်။ အခန်းတစ်ခုလုံးသည် မှောင်ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကိုချစ်တာပါ၊ ဘဝတစ်ခုလုံးနဲ့ရင်းပြီး ချစ်တာပါ၊ ဘဝတစ်ခုလုံးပုံအပ်ပြီး ချစ်တာပါအချစ်ရယ်၊ ယုံနော်. . ."

"မမလည်း ကိုကိုနဲ့ထပ်တူပါ၊ ယုံနော် ကိုကို. . ."

"ယုံတာပေါ့အချစ်ရယ်၊ သိပ်ကိုယုံပါတယ်ကွာ. . ."

သူတို့စကားလေးတွေ တီးတိုးဆိုဖြစ်ကြသည်။ ပြီးတော့ သူတို့စကားသံလေးတွေ တိတ်ဆိတ်ပျောက်ကွယ်သွားကြ၏။ ညသည်တိတ်ဆိတ်၍ ငြိမ်သက်နေသလို သူတို့အခန်းတစ်ခုလုံးသည်လည်း တိတ်ဆိတ်ငြိမ်သက်သွား၏။ ။

❖ ❖ ❖



(ခြောက်)

ခင်ပွန်းသည်ထက် စောစီးစွာပင် အိပ်ယာမှ မမနိုးလာခဲ့သည်။ ငယ်စဉ်ကတည်းက ကိုကို့ကို ချစ်ရခင်ရ ယုံကြည်အားကိုးရ စိတ်ချလွန်းသည့်စိတ်ကြောင့် ယခုကဲ့သို့ ကိုကိုနှင့်အတူနေရခြင်းသည် မမအတွက် လွန်စွာပျော်ရွှင်နေကြရသည်ပါ။

ကိုကိုမနိုးခင် ကိုကို့အတွက် မမသည် မျက်နှာသစ်ဖို့ သွားတိုက်တံနှင့် သွားတိုက်ဆေးကို အသင့်လုပ်ထားပေးသည်။ ပြီးတော့ ကိုကိုရေချိုးပြီးသုတ်ဖို့ မျက်နှာသုတ်ပုဝါလည်းအသင့်၊ ပြီးတော့ ကိုကိုအလုပ်သွားလျှင်ဝတ်ဖို့ ဝတ်စုံလည်းအသင့်ပြင်ဆင်ထားပေးပြီးဖြစ်၏။

အားလုံးပြင်ဆင်ပြီးသည့်တွင် မမသည် အိပ်ယာထက်၌ အိပ်မောကျနေဆဲရှိသည့် ကိုကို့ထံ ချမ်းမြေ့လှပသော အပြုံးလေးနှင့် လှမ်းကြည့်ပြီး ကိုကို့အတွက်မနက်စာပြင်ဆင်ပေးဖို့ အောက်ထပ်သို့ ဆင်းသွားလိုက်လေ၏။

မမအခန်းထဲမှထွက်သွားပြီး မကြာခင်ပင် ကိုကိုသည် အိပ်ယာမှနိုးလာသည်။ အိပ်ယာမှနိုးလာသည့် ကိုကို့မျက်နှာချောချောသည် လွန်စွာမှအေးခဲစွာနှင့် ငြိမ်သက်လွန်းနေသည်ပါ။ ကိုကိုသည် အိပ်ယာမှနိုးကာ မျက်ဝန်းအစုံပွင့်လျက်မှ အတန်ကြာသည်အထိ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်နေသည်။ ပြီးမှ ကိုကိုသည် အိပ်ယာထက်မှထကာ ရေချိုးခန်းထဲဝင်လိုက်သည်နှင့် မမပြင်ဆင်ပေးထားသည့် သွားတိုက်တံကို မြင်တွေ့လိုက်ရလေ၏။

"ဟင်း. . ."

သွားတိုက်တံဆီကြည့်ပြီး ကိုကိုသည် အတွင်းသွားတို့ဆေးကာ အသက်ကိုပြင်းပြင်းကြီး ရှူထုတ်လိုက်သည်။ ထို့နောက် ကိုကိုသည် သွားတိုက်တံအသစ်တစ်ချောင်းထုတ်ပြီး ကိုယ့်ဟာကိုယ်သွားတိုက် ရေချိုးသည်။

မျက်နှာသုတ်ပုဝါနောက်တစ်ထည်ကို ထုတ်ပြီးသုတ်သည်။ ကိုယ့်ဟာကိုယ် ဝတ်စုံတစ်စုံထုတ်ပြီးဝတ်လိုက်သည်။ မမလုပ်ထားပေးသမျှ သူဘာမှအသုံးမပြု။ သူ့မျက်နှာချောချောသည်က ခပ်တည်တည်နှင့် တင်းတင်းကြီးပင်ရှိသည်။

အားလုံးပြင်ဆင်ပြီးသည်နှင့် သူ နာရီဆီတစ်ချက်ကြည့်သည်။ အလုပ်သွားရန်စောသေးပေမယ့် အပြင်တွင်ပင် မနက်စာစားရန်ဆုံးဖြတ်၍ အိမ်မှစောစောထွက်ရန် သူသည် အခန်းထဲမှ ထွက်မည်အပြု. . .

"ကိုကို နိုးပြီလား၊ မနက်စာစားဖို့ မေမေနဲ့အတူ မမပြင်ဆင်ထားတယ်. . ."

ချိုသောအပြုံးလှလှလေးတွေနှင့် မမဆိုတော့ ကိုကိုသည် မမကိုပင်မကြည့်၊ လုံးဝအရေးမစိုက်ဘဲ အခန်းထဲမှလှမ်းထွက်သွားလိုက်ပါတော့၏။

"ဟင်!. . ."

မမမှာ ကိုကို့ထံ အံ့ဩနားမလည်စွာနှင့် ငေးကြည့်ကျန်ရစ်





ခဲ့လေသည်။ ပြီးမှ မမသည် ကိုကိုဝတ်သွားသည့် ဝတ်စုံကို သတိထားမိလိုက်သည်။ မိမိထုတ်ထားပေးသည့် ဝတ်စုံကတစ်မျိုး၊ ယခုကိုကိုဝတ်သွားသည်ကတစ်မျိုး။

အခန်းထဲဝင်ခဲ့ပြီး မမသည် ကိုကို့အတွက် မိမိပြင်ဆင်လုပ်ပေးထားသည့်အရာတွေကို ပြန်၍ကြည့်ဖြစ်သည်။ မိမိပြင်ဆင်ထားသွားသည့်အတိုင်းပင် အရာမယွင်း လက်ရာမပျက်ဘဲရှိသည်ကို မမတွေ့လိုက်ရ၏။

ကိုကို ဘာကိုများစိတ်ကောက်သွားပါလိမ့်၊ ငါ အိပ်ယာကတိတ်တိတ်ကလေးထသွားလို့များလား . ဟင်း. . .

အတွေးနှင့် သက်မလေးချဖြစ်ရသည်။ တစ်ဆက်တည်းလည်း မမသည် ဝရံတာဘက်သို့ ပြေးထွက်ကြည့်လိုက်ဖြစ်သည်။

"ဟင် ကိုကို ကားမောင်းထွက်သွားပြီ၊ မနက်စာတောင်စားရဲ့လားမသိဘူး. . ."

အံ့ဩစိတ်နှင့် မမရေရွတ်ရင်း အောက်ထပ်သို့ ပြေးဆင်းခဲ့သည်။ ထမင်းစားခန်းထဲအရောက် မိဘနှစ်ပါးကိုသာ မမ တွေ့လိုက်ရ၍ မမရင်ထဲမကောင်းဖြစ်သွားရရှာ၏။

"ဩော် သမီး လာလေ၊ သားကော. .အလုပ်သွားကြရမယ်မဟုတ်လား၊ ကော်ဖီလာသောက်လေ. . ."

"အင် ဟို မေမေ. .မမတို့က သူငယ်ချင်းတွေနဲ့ချိန်းထားလို့ပါ၊ စောစောပဲသွားတော့မယ်၊ ဖေဖေနဲ့မေမေတို့ပဲ အေးအေးဆေးဆေးသောက်ကြပါတော့နော်. . ."

"ဩော် သမီး. . ."

"ရှင် ဖေဖေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ဟန်းနီးမွန်းသွားဖို့ ရှိသေးတယ်လေ၊ သမီးတို့ ဘယ်ကိုသွားမလဲ. . ."

"ဟို အဲဒါ ကိုကိုနဲ့တိုင်ပင်ရပါဦးမယ် ဖေဖေ၊ အေးအေး ဆေးဆေးပါ. . ."

"ဒါဆိုလည်း သမီးတို့သွားမယ့်အချိန်ကျရင် ဖေဖေ့ကိုပြော နော်၊ ဟုတ်ပြီလား. . ."

"ဟုတ်ကဲ့ ဖေဖေ၊ ခွင့်ပြုပါဦး၊ မေမေလည်း သမီးသွားမယ် နော်. . ."

"ကောင်းပြီ သမီး. . ."

မိဘတွေကိုနှုတ်ဆက်ခဲ့ပြီး မမသည်ပြင်ဆင်ကာ အလုပ်သို့ ထွက်ခဲ့သည်။ လမ်းတစ်လျှောက်၌ မမသည် စဉ်းစားမရအောင်ဖြစ်ခဲ့ရ ရှာ၏။ တစ်အောင့်ကြာတော့ မမတစ်ယောက် ဟိုတယ်သို့ရောက် လာသည်။ ကိုကိုဘာဖြစ်သည်ကို သိချင်၍ မမသည် ကိုကို့ရုံးခန်း ဆီသို့ တန်းဝင်လာခဲ့ပြီး. . .

"ကိုကို. . ."

"မင်းရိုင်းလှချည်လား၊ မင်းစည်းကမ်းနားမလည်ဘူးလား၊ ဘာဖြစ်လို့ တံခါးမခေါက်ဘဲဝင်လာတာလဲ၊ အခုထွက်သွားပါ. ."

သူဆိုတော့ မမမှာ တံတွေးလေးတစ်ချက်မြိုချဖြစ်ရင်း ခက်ထန်နေသည့် သူ့မျက်နှာဆီ နားမလည်စွာကြည့်ဖြစ်ရင်းက...

"ကိုကိုရယ် မမ နားမလည်တော့ပါဘူး၊ ကိုကို ဘာမကျေ နပ်လို့လဲဟင်၊ မမကိုပွင့်ပွင့်လင်းလင်းပြောပြပါလား. . ."

"မင်းလျှာရှည်နေတုန်းလား၊ ထွက်သွား၊ ငါမအားဘူးကွ၊ အခုထွက်သွား၊ ငါမခေါ်ဘဲနဲ့ မင်းဘယ်တော့မှ မလာပါနဲ့၊ အခု





ထွက်သွား. . ."

"ကိုကို. . ."

"ထွက်သွား၊ မင်း ငါ့ကိုလာနှောင့်ယှက်နေတာလား၊ မင်း မသွားရင် ငါဆွဲထုတ်ခိုင်းရလိမ့်မယ်၊ ထွက်သွားစမ်း. . ."

"စိတ်မဆိုးပါနဲ့ ကိုကို၊ မမထွက်သွားပါ့မယ်၊ တောင်းလည်း တောင်းပန်ပါတယ်. . ."

စကားအဆုံး သူ့ရှေ့မှ မမထွက်ခဲ့လိုက်တော့သည်။ သူ့ရှေ့ မှ မမ ချာခနဲလှည့်အထွက် မမမျက်ရည်စက်တို့သည် ကြမ်းထက် ကြွေသက်ခဲ့ရလေ၏။ ကိုကို့ရုံးခန်းထဲမှ မမတစ်ယောက် ဝမ်းနည်း စွာ ပြေးထွက်သွားသည်တွင် ဝင်းစုချိုသည် ကိုကို့ရုံးခန်းသို့အလာ လှမ်းမြင်တွေ့လိုက်သည်။

ဝင်းစုချို စဉ်းစားသည်။ သေချာနားမလည်၍ ကိုကိုနှင့် မမအခြေအနေကို သေချာသိအောင်စုံစမ်းဖို့ ဝင်းစုချိုဆုံးဖြတ်လိုက် ၏။

x x x x x

"မမ. .နင်ငိုနေတယ် ဟုတ်လား. . ."

"ဟင် သြော် ခင်စပယ်၊ မငိုပါဘူး၊ မျက်လုံးထဲဂျုံဝင်သွားလို့ ပွတ်နေတာပါ. . ."

"မလိမ်ပါနဲ့ မမရယ်၊ နင်ရောက်လာကတည်းက နင့် မျက်နှာမကောင်းတာ ငါသတိထားမိပါတယ်၊ နင်မပြောချင်လည်း နေပါဟာ. . ."

"ငါဘာမှမဖြစ်ပါဘူး ခင်စပယ်ရယ်၊ ဟကယ်ပါ. ."



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ အေးပါ၊ နင်စိတ်ချမ်းသာရင်လည်း ပြီးတာပါပဲ၊ ငါက နင်စိတ်ဆင်းရဲနေတယ်ထင်လို့ မေးကြည့်တာပါ၊ ကဲ ငါ အပြင်ထွက်လိုက်ဦးမယ်နော်. . ."

"အင်း. . ."

မုန့်လုပ်ခန်းတွင် မမနှင့်စကားတွေပြောခဲ့ပြီး ခင်စပယ် အပြင်သို့ထွက်ခဲ့လိုက်သည်။ အပြင်သို့အရောက် ခင်စပယ်သည် ငွေသိမ်းကောင်တာတွင် ဝင်ရောက်ထိုင်မည်အပြု လက်ချင်းချိတ်ကာ ပြုံးရွှင်ရယ်မောစွာနှင့် ဆိုင်ထဲသို့ဝင်ရောက်လာကြသည့် ကိုကိုနှင့်ဝင်းစုချိုတို့ကို တွေ့လိုက်ရသည်တွင် အံ့ဩသွားလိုက်ရ၏။

"ကိုကိုရေ. .ရေခဲမုန့်လား၊ ကော်ဖီလား. . ."

"ကော်ဖီ. . ."

စားပွဲတစ်ခုတွင်ထိုင်ပြီး ဝင်းစုချိုဆိုတော့ ကိုကိုသည် အီးမေးလ်တစ်စောင်ကိုဖတ်ရင်းကဆိုလိုက်သည်။ ခင်စပယ်သည် သူတို့နှစ်ယောက်ဆီလှမ်းကြည့်နေဆဲ ဝင်းစုချိုသည် ခင်စပယ်ထံကြည့်လာရင်းက. . .

"မန်နေဂျာ. . ."

"ရှင်. . ."

"မမရော. . ."

"ရှိပါတယ်၊ မုန့်လုပ်နေပါတယ်. . ."

"ခေါ်လိုက်ပါ၊ ကော်ဖီနှစ်ခွက်နဲ့ ချောကလက်ကိတ်တစ်ပွဲ လာချပေးပါလို့ ပြောလိုက်ပါ၊ သူ့ကိုလာပို့ခိုင်းနော်. . ."

ဝင်းစုချို စကားအဆုံးတွင် ခင်စပယ်သည် ဘာမှပြန်မပြောဘဲ ဝင်းစုချိုကိုသာ စေ့စေ့ကြည့်ပြီး အခန်းထဲသို့လှမ်းဝင်ခဲ့လိုက်သည်။





"ဟင် ခင်စပယ်၊ ဘာကိစ္စလဲ. . ."

"မမ. . ."

"ဟင်. . ."

"နင်မပြောလည်း ငါရိပ်မိပါပြီ. . ."

"ဟင် ဘာတွေပြောနေတာလဲ ခင်စပယ်. . ."

"ငါပြောတာ နင်သိချင်ရင် ကော်ဖီနှစ်ခွက်နဲ့ ချောကလက်ကိတ်တစ်ပွဲပြင်ပြီး အပြင်ကလူနှစ်ယောက်အတွက် နင်ကိုယ်တိုင်သွားပို့လိုက်. . ."

စကားအဆုံး ခင်စပယ်ပြန်ထွက်ခဲ့လိုက်တော့သည်။ မကြာလိုက်။ မမသည် ခင်စပယ်မှာသွားသည့်အတိုင်း ကော်ဖီနှစ်ခွက်နှင့်ကိတ်တစ်ပွဲကိုလာရောက်ချပေးသည်။ ဝင်းစုချိုနှင့် ခင်ပွန်းသည်ကိုကိုကိုမြင်သည်တွင် ငယ်ပေါင်းတွေမို့ မမသည် ရင်းနှီးပျူငှာသော အပြုံးလေးတွေနှင့်ကြည့်ဖြစ်ရင်း. . .

"အစ်မဝင်းစုလည်း ပျောက်နေတာကြာပြီနော်၊ ခရီးထွက်နေလို့လားဟင်. . ."

"မထွက်ပါဘူးရှိပါတယ်၊ နင်ပျော်ရွှင်နေတဲ့အချိန်မှာ ငါက မျက်ရည်တွေနဲ့ ပျောက်သွားနိုင်ပါ့မလား၊ နင်ရော ငါ့နေမှာဆိုရင် ပျော်နေနိုင်ပါ့မလား၊ စဉ်းစားလည်းပြောပါလား. . ."

ဝင်းစုချို ဆိုသည်။ ဝင်းစုချိုအသွင်နှင့် စကားသံတွေက မကျေမနပ်။ သို့သော်လည်း ခုလိုကိုကိုနှင့် အတူတွဲပြီးကော်ဖီသောက်ပျော်ရွှင်ကျေနပ်နေသလိုပါ။

မမသည် မရည်မလည် မပါးမနပ်မို့ သူတို့စားပွဲနားတွင် မျက်လုံးလေးကလယ်ကလယ်နှင့် ရပ်၍နေသည်။ ထိုအခါ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



သည် ဝင်းစုချိုကို ကိတ်တစ်ဖွန်းခွဲ့ကျွေးလိုက်သည်။ ပြီးတော့ တစ်ရှူးလေးနှင့် ဝင်းစုချိုနှုတ်ခမ်းလေးဆီ တို့သုတ်ပေးလိုက်၏။ မမသည် သူတို့နှစ်ယောက်ကို ငေး၍သာကြည့်နေမိသည်။ တစ်ခါ ဝင်းစုချိုက ကိုကို့ကို ကိတ်တစ်ဖွန်းလှမ်းခွဲ့ကျွေးသည်။ ခင်စပယ်သည် သူတို့သုံးယောက်ဆီလှမ်းကြည့်ပြီး သူငယ်ချင်းအတွက် နှုတ်ခမ်းကို ဖိကိုက်ထားဖြစ်ရလေ၏။

"မမ. . ."

"ရှင်. . ."

"ဘာရပ်နေတာလဲ၊ နင့်အလုပ်နင်သွားလုပ်တော့လေ. ."

"ဩော် ဟုတ်ကဲ့ပါ. . ."

"ကိုကိုရေ. .မမဆိုတဲ့ကောင်မလေးကတော့ တကယ်ပဲနော်၊ ငယ်ငယ်ကတည်းကအတိုင်းပဲ၊ နုံအအနဲ့ ဘာမှကိုအလိုက်မသိဘူး"

"အင်း ဝင်းစုရေ. .ဒါကသူ့ပုံစံပဲလေကွာ. . ."

သူတို့စားပွဲမှလှမ်းထွက်ခဲ့သည့်။ မမမှာ ဝမ်းနည်းခြင်းတွေနှင့် မျက်ရည်များစီးကျလာရလေ၏။

"ခွပ်. .ချွမ်း. . ."

လက်နှင့်မတော်တဆတိုက်မိသလို ဝင်းစုချိုသည် ဖန်ခွက်တစ်လုံးကိုတိုက်ချပစ်လိုက်သည်။ ထိုအခါ မမသည် အလုပ်သမားမို့ တာဝန်ရှိ၍ ဖန်ခွက်အကွဲတွေကောက်ဖို့ သူတို့စားပွဲဆီ ပြန်လျှောက်ခဲ့ရသည်။ စားပွဲအနီးအရောက်၌ မမကို ခင်ပွန်းသည် ကိုကို့ကို ကြည့်မိသော်လည်း ကိုကိုကဂရုမစိုက်။ ဝင်းစုချိုက မမကိုကြည့်ပြီး မဲ့ပြုံးပြုံးသည်။

"ဟဲ့ ဘာရပ်နေတာလဲ၊ ကောက်လေ. . ."





ဝင်းစုချိုဆိုတော့ မမသည် ဒူးလေးတုပ်ကာထိုင်ချပြီး ဖန်ခွက်အကွဲတွေကိုကောက်သည်။ ဖန်ခွက်တွေကိုကောက်နေဆဲ ဝင်းစုချိုသည် မမခေါင်းပေါ်သို့ သောက်ရေတွေကို လောင်းချလိုက်သည်တွင် မမတစ်ကိုယ်လုံးလို စိုရွှဲသွားလိုက်ရလေ၏။

ကိုကိုက မမဆီတစ်ချက်ကြည့်ပြီး ဘာမှမပြောဘဲနေသည်။ ပြီးတော့ ကျသင့်ငွေကို ရှင်းပေးခဲ့ပြီး ဝင်းစုချိုနှင့်အတူ နေရာမှထကာ ထွက်သွားတော့မည်ပြုပြီးမှ. . .

"ဩော် မမ. . ."

"ရှင် ကိုကို. . ."

"ညနေအလုပ်ပြန်ရင် ကိုယ့်ကိုမစောင့်နဲ့၊ မင်းဟာမင်းပြန်ပါ၊ ကိုယ်သွားစရာရှိတယ်. . ."

"ဟုတ်ကဲ့ပါ. . ."

မမဘာ့က်လှည့်ဆိုပြီး စကားအဆုံး ကိုကိုသည် ဝင်းစုချိုနှင့်အတူ လက်ချင်းတွဲကာ လှမ်းထွက်သွားလိုက်ပါတော့၏။

"တောက် မမ..အဲဒါတွေက ဘာတွေလဲဟာ. . ."

ခင်စပယ်စကားအတွက် မမသည် မျက်ရည်တွေသာ ကျလာရလေ၏။ ခင်စပယ်မှာလည်း နားမလည်နိုင်သလို မမကိုကြည့်သည်။

"မမ. .ငါဘာမှနားမလည်တော့ဘူး၊ နင်တို့ဘာဖြစ်ကြလဲ"

"အဲ ဒါ. ဟင့် မမလည်း ဘာမှကိုမသိတော့ပါဘူး ခင်စပယ်ရယ်၊ ဒီနေ့မိုးဂ . .ကတည်းက ကိုကို့ဆက်ဆံရေးက အခုလိုမျိုးဖြစ်သွားရတော့တာပါပဲ. . ."

"ဝင်းစုချိုဆိုတဲ့အမျိုးသမီးကတော့ မျက်နှာပြောင်လွန်းပါတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ခဝင်းစုကတော့ ဒီလိုပါပဲ၊ ငါ့ကိုယ်ငယ်ကတည်းက သူ့ဒီလို[illegible]ခဲ့တယ်. . ."

"[illegible]ခဲ့နေလို့ပေါ့၊ သူ့ထက်ငယ်တယ်ဆိုပြီး အနိုင်ကျင့်တာ၊ ဒါမှ[illegible]တဲ့ သူ[illegible]ကိုလုနေတာပဲဖြစ်ရမယ်. . ."

"ငါ[illegible]သိတော့ပါဘူးဟယ်၊ ငါဘာမှလဲမပြောတတ်တော့ဘူး။ ငါဘာမှလဲ[illegible]ားမလည်တော့ဘူး. . ."

"ဟင်း မမရယ်. .နင့်အတွက်တော့ ငါရင်လေးမိပါသေးတယ်၊ ဒီအကြောင်းတွေ ချစ်ဦးကသိရင် စိတ်ကောင်းဦးမှာမဟုတ်ဘူး. . ."

"လျှောက်မပြောပါနဲ့ဟာ၊ ငါ့အတွက် ဘာမှကိစ္စမရှိပါဘူး"

"အေးပါ အေးပါ၊ ညနေကျရင် နင့်ကို ငါတို့ပဲပြန်လိုက်ပို့ပါ့မယ်. . ."

"ကျေးဇူးတင်ပါတယ်ဟယ်၊ ငါအလုပ်ဆက်လုပ်လိုက်ဦးမယ်နော်. . ."

"နင့်အဝတ်တွေလဲလိုက်ဦး. . ."

"အင်းပါ၊ ဟင်း. . ."

ဆိုရင်း မမတစ်ယောက် မုန့်လုပ်ရန် အထဲဝင်ရောက်သွားသည်တွင် ခင်စပယ်သည် လုပသောမမနောက်ကျောလေးဆီကြည့်ကာ သက်မမောအားချကျန်ရစ်ခဲ့လေ၏။ ။

❖ ❖ ❖



(ခုနစ်)

အလုပ်တွေလုပ်ရင်းမှ ကိုကိုသည် လက်မှနာရီဆီ တစ်ချက်ကြည့်လိုက်သည်။ စိတ်သည် ချစ်စိတ်နှင့် ဒေါသစိတ်တို့ လုံးထွေးကာ အစရှာမရှိသလိုဖြစ်နေရ၏။

"ကျွတ်. . ."

ညီးတွားရင်း သူ မျက်လုံးအစုံမှိတ်ကာ ခေါင်းကိုရမ်းလိုက်သည်။ ရင်ထဲမှာ ဝမ်းလည်းနည်းသည်။ ဒေါသလည်းထွက်သည်။ ခံပြင်းသည့်။ မရှုစိမ့်နိုင်အောင်လည်းဖြစ်သည်။ လျစ်လျူရှုကာ စိမ်းကားထားရပေမယ့် သူ့ရင်ထဲမည်မျှအထိ ခံစားနေရသည်ကို မည်သူကမျှမသိ။ မလုပ်ရက်၊ မလုပ်ချင်။ သို့သော် ဘာဖြစ်ဖြစ် သူလုပ်ရမည်။ လုပ်[illegible]လုပ်ရမည်။

အစ[illegible]ကတည်းက သူ့တွင် အစီအစဉ်ကရှိနေပြီးသား၊ ရည်ရွယ်ချက်တွေနှ[illegible]ဝင်ရမည့်အလုပ်တွေက ရှိနှင့်နေပြီးသားပါ။ သူခံစားရသလို [illegible]ခဲ့ရသလို၊ သူဝမ်းနည်းကြေကွဲခဲ့ရသလို၊ သူငိုကြွေးခဲ့ရသလို၊ သူ[illegible]ယ်သိမ်ငယ်ခဲ့ရသလို ပြန်ပြီးလက်တုံ့ပြန်ရမည်ကို သူ့တွင်အင်အား[illegible]အပြည့်ရှိနေပြီးသားပါ။

သူအမြန်ဆုံးအကောင်အထည်ဖော်မည်၊ အမြန်ဆုံးလုပ်[illegible] အမြန်ဆုံးခံစားစေရမည်၊ အမြန်ဆုံး အမြန်ဆုံး။



www.burmeseclassic.com

"ဟား. . ."

တွေးရင်း ပင်ပန်းလှသောလေပြင်းတစ်ချက်ကို သူ မှုတ်ထုတ်သည်။ အတွင်းသွားများ တင်းတင်းစေ့ထားသည့်မှာ မေးကြောများပင် ပြိုက်သွက်မတတ်ရှိ၏။ မျက်ဝန်းအစုံတွင်မတော့ အရည်ကြည်တို့ကလည်း ပြည့်လျှမ်းနေသည်ပါ။

ကိုကိုပင်ပန်းလှပါတယ် မမရယ်၊ ထိခိုက်ခံစားရလွန်းပါတယ်ကွာ၊ ဒါပေမယ့် မင်း ကိုကို့ရဲ့ခံစားမှုတွေကို မသိခဲ့ဘူးမဟုတ်လား၊ ဒါကြောင့် မင်းတို့သားအမိသိအောင် ကိုယ်လုပ်ပြရမှာ၊ မင်းလေးကို ငယ်ငယ်လေးကတည်းက သိပ်ချစ်ခဲ့ပေမယ့်လည်း မင်းကို ခါးခါးသီးသီးမုန်းပြမယ်၊ မင်းနဲ့မင်းအမေပြန်ခံစားကြည့်ပါ၊ အထူးသဖြင့် မင်းအမေပေါ့ကွာ။

ကိုယ်ကျခဲ့ရတဲ့မျက်ရည်ပေါက်ကြီးငယ်တွေရဲ့ အကြောင်းကိုလည်း မင်းကို ကိုယ်ပြောပြရဦးမှာပါ၊ မင်း သိစေရမှာပါ၊ မင်းတို့သားအမိသိစေရမယ်၊ မင်းတို့သားအမိပျော်ရွှင်နေတဲ့အချိန်မှာ ကိုယ်ဘယ်လိုနေခဲ့ရလဲဆိုတာတွေ မင်းသိအောင် ပြောပြမယ်. . .

မကြာတော့ဘူး၊ မင်းတို့သားအမိသိစေရမယ်၊ အမြန်ဆုံးအမြန်ဆုံး သိစေရမယ်၊ ကိုယ်ပြောပြမယ်၊ မကြာတော့ဘူး၊ မကြာတော့ဘူး. . .။

စိတ်ထဲမှရေရွတ်ရင်း သူနာရီကိုကြည့်လိုက်သည်။ လေးနာရီထိုးပြီမို့ သူအိမ်ပြန်ရန် ပြင်ဆင်လိုက်၏။ ဖိုင်တွေကို ဘီဒိုထဲတွင်သော့ခတ်သိမ်းဆည်းပြီး ရုံးခန်းတံခါးကိုပိတ်ကာ သူထွက်ခဲ့လိုက်သည်။ ဓာတ်လှေကားရှေ့အရောက် ဦးလင်းနိုင်ကိုတွေ့လိုက်ရ၍...

"မင်္ဂလာပါ လေးလေး. . ."





"ဩော် မင်္ဂလာပါ ကိုကို၊ ပြန်တော့မလို့လား. . ."

"ဟုတ်ကဲ့ လေးလေး. . ."

"ကိုကို့ဖေဖေရော ပြန်သွားပြီလား. . ."

"ဖေဖေတော့ မပြန်လောက်သေးဘူးနဲ့တူတယ် လေးလေး၊ လေးလေး ဖေဖေ့ဆီသွားမလို့လား. . ."

"အေး သွားကြည့်လိုက်ဦးမယ်လေ၊ ဩော် ကိုကို..ခုနကသမီးဝင်းစုတောင် ဖုန်းဆက်သေးတယ်၊ ဟိုတယ်အောက်ထပ်မှာသူရောက်နေတယ်တဲ့၊ ကိုကိုနဲ့ချိန်းထားလား. . ."

"ချိန်းတော့မထားပါဘူး လေးလေး၊ ဒါပေမယ့် သူရောက်နေတယ်ဆိုတော့လည်း သူသွားချင်တဲ့ဆီ လိုက်ပို့လိုက်ပါ့မယ်. ."

"ကိုကို့ကိုတော့ သမီးက အနိုင်ကျင့်ဦးမယ်နဲ့တူတယ်၊ ကဲ လေးလေး သွားလိုက်ဦးမယ်. . ."

"ဟုတ်ကဲ့ လေးလေး. . ."

ဦးလင်းနိုင်ဆက်ထွက်သွားသည်တွင် ကိုကိုသည် ဓာတ်လှေကားထဲဝင်လိုက်ပြီး အောက်ထပ်သို့ဆင်းခဲ့လိုက်သည်။ အောက်ထပ်အရောက်မတော့ မိမိအားစောင့်နေသည့် ဝင်းစုချိုကိုတွေ့လိုက်ရ၏။

"ကိုကိုရေ့ .အရင်ဆုံးကော်ဖီသွားသောက်ကြရအောင်နော်"

"ကောင်းသားပဲ. . ."

စိတ်ကမပါသော်လည်း လိုက်လျောဖြစ်သည်။ ငယ်သူငယ်ချင်းမို့ကလည်း တစ်ကြောင်းပါ။ ထုံးစံအတိုင်း ဝင်းစုချိုသည် သူ့လက်မောင်းဆီ ကန့်ကလျဆုပ်ကိုင်ကာ တွဲလျှောက်ခဲ့သည်။

ဟိုတယ်အတွင်းမှ ကော်ဖီဆိုင်ထဲဝင်လိုက်သည်မတော့ [illegible]

www.burmeseclassic.com



နှင့် ခင်စပယ်သည် သူတို့ထံအံ့ဩစွာလှမ်းကြည့်ဖြစ်ကြလေ၏။ စားပွဲတစ်နေရာတွင် သူတို့နှစ်ယောက်ထိုင်လိုက်သည်။ ချစ်ဦးသည် သူထို့ထံကြည့်ပြီး ကိုကို့အားနား:မလည်နိုင်သလို ဖြစ်နေရလေ၏။ ခင်စပယ်သည်လည်း ငွေသိမ်းကောင်တာမှ လှမ်းကြည့်နေသည်ပါ။

"ဘာသုံးဆောင်မလဲခင်ဗျာ. . ."

စားပွဲထိုးလေးတစ်ယောက်က သူတို့ထံသွားပြီးမေးရင်းကမီနူးကိုပါပေးသည်။ ဝင်းစုချိုသည် ဘာကိုမှအရေးမလုပ်သလိုပုံစံနှင့်ရှိရင်း. . .

"မင်းကိုမလိုဘူး၊ မမကိုပဲလွှတ်လိုက်၊ တို့ကြိုက်တာကိုမမပဲသိတယ်. . ."

"ဟုတ်ကဲ့ခင်ဗျာ. . ."

ကြားလိုက်ရသည့် ဝင်းစုချိုစကားကြောင့် ချစ်ဦးရော ခင်စပယ်ပါ ဒေါသထွက်သွားကြရသည်။ စားပွဲထိုးလေးက အထဲပြန်ဝင်သွားသည်။ မကြာလိုက်၊ မမသည် အပြင်သို့ထွက်လာပြီး စားပွဲတစ်နေရာတွင် ခင့်ပွန်းသည်ကိုကိုနှင့်ဝင်းစုချိုကို တွေ့လိုက်ရသည်တွင် မျက်နှာလှလှလေးမှာ ညှိုးငယ်သွားလိုက်ရလေ၏။

မမ၏ခံစားမှုမျက်နှာလေးအား ချစ်ဦးရော ခင်စပယ်ကပါ လှမ်းမြင်လိုက်သည်။ ခင်စပယ်မှာ မမအတွက် မခံမရပ်နိုင်အောင်ဖြစ်နေရပြီး ချစ်ဦးသည်က ရှေ့နေပီပီ မမအတွက် ဘာလုပ်ပေးရမည်ကို စဉ်းစားပေးနေဖြစ်၏။ မမသည် သူ့တို့အနီး သွားရောက်ရပ်လိုက်ပြီး. . .

"မင်္ဂလာပါ မမဝင်းစုချို၊ ဘာများသုံးဆောင်ပါမလဲရှင်"

"ထုံးစံအတိုင်းပဲ ချာတိတ်ရေ. .တို့အတွက် ကော်ဖီနှစ်ခွက်နဲ့





ချောကလက်ကိတ်ပေး. . ."

"ဟုတ်ကဲ့ပါ. . ."

စားသုံးသူကိုရိုသေလေးစားစွာဖြင့် မမဆိုရင်း အထဲပြန်ဝင်သွားသည်။ အထဲအရောက်မတော့ မမသည် ထိန်းချုပ်ထားရသမျှအားပါးတရ ငိုရှိုက်ပစ်လိုက်မိပါတော့၏။

"အဟင့် ဟင့် ဟင့်. .ဟင့် ဟင့် ဟင့်. . . ."

"မမ. . ."

ခင်စပယ်အနားရောက်လာပြီးခေါ်တော့ မမသည် ရက်လန့်တကြားလေးဖြင့် လှည့်ကြည့်လာပြီး မျက်ရည်တွေကိုပါ သုတ်ပစ်လိုက်ရှာ၏။

ခင်စပယ်သည် ရင်ဆို့နေသလို ဘာမှဆက်မမေးဖြစ်တော့ဘဲမမမျက်နှာလေးဆီသာ ကြည့်နေဖြစ်တော့သည်။ ရှည်လျားကော့ပျံနေသည့် မမ၏မျက်တောင်လှလှကြီးတွေသည် မျက်ရည်တွေကြောင့်တစ်စုတစ်စု စေးကပ်နေကြ၏။

ဝမ်းနည်းနေ၍ နီရဲနေသော မမ၏မျက်ဝန်းအစုံသည် စွတ်စိုကာ လှပလွန်းနေသည်ပါ။ ခံစားချက်တွေကို မပီမပြင်ဖုံးကွယ်ထားရှာသည့် မမမျက်နှာညှိုးညှိုးလေးသည် လှပလွန်းသလောက် ချစ်စရာသနားစရာကောင်းနေရသည်ပါ။

မမမျက်နှာလေးဆီကြည့်ပြီး ခင်စပယ်သည်ပင် မျက်ရည်တို့ဝဲလာရသည်။ သို့သော်လည်း ခင်စပယ်သည် အရာရာကို ထိန်းသိမ်းလိုက်ပြီး လက်ထဲယူလာသည့်တစ်ရှူးနှင့် မမမျက်ဝန်းမှမျက်ရည်စလေးတွေကို သုတ်ပေးလိုက်သည်။ ပြီးတော့ အသင့်ယူလာသည့် ကိတ်ကပ်ဘူးလေးနှင့် မမမျက်နှာဖူးဖူးလေးဆီ ခပ်ပါးပါးလေးလူးပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး. . .

"သူတို့ရှေ့မှာ နေပြတာတတ်ရမယ်၊ မဖြစ်မနေ ကြိုးစားပြီး နေပြပါ မမ၊ ကြာနေမယ် သွား၊ ကော်ဖီနဲ့မုန့်သွားပို့လိုက်ဦးနော်"

မမခေါင်းလေးညိတ်လိုက်သည်။ ပြီးတော့ ကော်ဖီနှင့်မုန့်ဗန်းလေးကိုယူကာ လှမ်းထွက်သွားတော့မည်အပြု. . .

"မမ. .ဖြစ်အောင်နေပြရမယ်နော်. . ."

စိတ်မချ၍ ခင်စပယ်ထပ်မှာသည်။ မမခေါင်းလေးထပ်ညိတ်ပြ၏။ ခင်စပယ်ကြောင့် မမသည် ဘာမှမဖြစ်သလိုပုံစံလေးနှင့် ကိုကိုနှင့် ဝင်းစုချိုတို့ရှေ့သို့ပြန်ရောက်လာခဲ့၏။

ကော်ဖီနှစ်ခွက်ကို သေချာစွာချပေးသည်၊ မုန့်ပန်းကန်ကိုပါ ချပေးသည်။ ပြီးတော့ ခြေနှစ်လှမ်းဆုတ်ကာ မမ ရပ်နေလိုက်ပြီး..

"လိုအပ်တာရှိရင်ပြောပါရှင်. . ."

ပြုံးပြုံးလေးနှင့် မမဆိုသည်။ ထို့အတွက် ချစ်ဦးသည် ကျေနပ်စွာပြုံး၍ကြည့်နေလိုက်သည်။ ပြီးတော့ ခင်စပယ်ထံလှမ်းကြည့်ပြီး မသိမသာလက်မထောင်ပြလိုက်သည်။

ဝင်းစုချိုသည် မမအနီးတွင်ရှိနေသည်ကို မလိုလားဟန်နှင့် မျက်လုံးကြီးပြူးကြည့်သလို ထွက်သွားရန် မျက်ရိပ်ပြသလိုရှိနေ၏။ ကော်ဖီသောက်ရင်း တစ်ချိဖြင့် ကိုကိုသည် မမမျက်နှာလေးဆီ တစ်ချက်မော့ကြည့်လာသည်။

"ဘာလိုအပ်လဲရှင်. . ."

"ကိုယ်တို့ကော်ဖီသောက်ပြီးရင် အပြင်သွားစရာရှိတယ်၊ မင်းပါမင်းပဲပြန်ပါ. . ."

"ဟုတ်ကဲ့ပါ၊ ကျွန်မအတွက် အားလုံးအဆင်ပြေပါတယ်ရှင်"





"ကိုကို. .ရှော့. . ."

သူတို့စကားဆိုဆဲ ဝင်းစုချိုက ချောကလက်ကိတ်ကို လှမ်းခွံ့သည်။ မမကြည့်ရင်း မျက်ရည်သည် ရုတ်ချည်းဝဲတက်လာ၏။ ကိုကိုက ဂရုမစိုက်သလိုနေသည်။ ထိုမြင်ကွင်းအတွက် ချစ်ဦးသည် မမအနီးသို့ ကပျာကယာလှမ်းခဲ့ပြီး. . .

"မမ. .ကိုယ့်ကိုကော်ဖီနဲ့ကိတ်လုပ်ပေးပါဦး. . ."

"ဩော် ဟုတ်ကဲ့ ကိုချစ်ဦး. . ."

ဆိုရင်း ချစ်ဦးနှင့်အတူ မမလှမ်းထွက်သွားသည်။ ပြီးတော့ ချစ်ဦးအတွက် ကော်ဖီနှင့်ကိတ်ကို မမပြင်ဆင်ယူခဲ့ပေးသည်။

"မမ. .မမပြန်ရင် ကိုယ်ပြန်လိုက်ပို့ပေးမယ်နော်၊ မမကိုနေ့တိုင်းကိုယ်ပဲပြန်လိုက်ပို့ပေးမယ်. . ."

"ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ် ကိုချစ်ဦး. . ."

ကြားနေရသည့်စကားတွေအတွက် မရိုးမရွဖြစ်နေသည်က ကိုကိုပါ။ ကိုယ့်အလှည့်ကျတော့ မခံနိုင်သလို အကြည့်စူးကြီးနှင့် ချစ်ဦးထံ ကိုကိုလှမ်းကြည့်သည်။ ပြီးတော့ မမထံ ကိုကိုပြန်ကြည့်လိုက်ပြီး. . .

"အခုဘယ်နှစ်နာရီထိုးနေပြီလဲ၊ ပြန်ဖို့မလုပ်သေးဘူးလား၊ သွား. .အဝတ်သွားလဲ၊ မင်းကို အရင်ပြန်ပို့မယ်. . ."

"ရပါတယ် ကိုကို၊ ကိုကိုသွားစရာရှိတာပဲ စိတ်ချလက်ချ သွားပါ. . ."

"ပြန်ပို့မယ်လို့ပြောနေတယ်နော်၊ အခုအဝတ်သွားလဲပါ"

မမကိုပြန်ပို့မည်ဆိုနေ၍ ဝင်းစုချိုတစ်ယောက် ကော်ဖီပင် ပြီးအောင်မသောက်တော့၊ ကော်ဖီဖိုးငွေကို စားပွဲပေါ်ထားပေးခဲ့ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို .လာ၊ ဝင်းစုတို့သွားကြမယ်၊ အချိန်မရှိဘူး၊ ဝင်းစုက ညစာတွေပါ အားလုံးမှာထားပြီးပြီ၊ လာ လာ သွားမယ်. . ."

ဝင်းစုဆိုရင်း အားမမှုကြီးဆွဲခေါ်တော့ ကိုကိုတစ်ယောက် ကိုယ့်အတတ်နှင့် ကိုယ်စူးကာ ဝင်းစုချိုဆွဲခေါ်ရာသို့ နောက်ဆံတင်းစွာနှင့်ပင် လိုက်ပါသွားလိုက်ရပါတော့သတည်း။ မမ၊ ချစ်ဦးနှင့် ခင်စပယ်တို့သည် ကိုယ်စီငြိမ်သက်စွာဖြင့် လှမ်းကြည့်ကျန်နေရစ်ခဲ့ကြလေ၏။

× × × × ×

"ချယ်ရီ. . ."

"ရှင် အစ်ကို. . ."

"သား မပြန်လာသေးဘူးလား၊ သားတစ်ယောက် နောက်ပိုင်းမှာ တစ်ခါမှ မိသားစုနဲ့ထမင်းစားတာ မတွေ့ရတော့ဘူး၊ ဘယ်လောက်များ အလုပ်များနေလို့လဲ. . ."

"အစ်ကိုရယ် သားက အိမ်ထောင်ကျပြီဆိုတော့ ပိုကြိုးစားနေမှာပေါ့. . ."

"အခုလည်းပြန်မလာသေးဘူးနဲ့တူတယ်၊ ခုထိလည်း ဟန်းနီးမွန်းသွားကြဖို့ ဘာမှမပြောသေးဘူး. . ."

"သွားမှာပေါ့ အစ်ကိုရယ်၊ သားမှာ အလုပ်ကလေးတွေ မပြတ်သေးလို့ဖြစ်မှာပါ၊ ကဲ ကဲ အစ်ကိုဆေးသောက်ပြီး အနားယူလိုက်ပါ၊ ဆရာဝန်ကပြောတယ်မဟုတ်လား၊ အစ်ကို့အာရုံကြောတွေအတွက် ဆေးမှန်မှန်သောက်ပြီး အနားယူရမယ်လို့၊ ကဲ သောက်၊ ပြီးရင်အနားယူတော့နော်၊ သားနဲ့သမီးကို ချယ်ရီပဲသွားကြည့်လိုက်





မယ်. . ."

"အေးပါကွာ. . ."

အေးချမ်းသော၊ နွေးထွေးသော၊ အိမ်ရှင်မကောင်းပီသသော မယားကောင်းတစ်ယောက်၊ မိခင်ကောင်းတစ်ယောက် ပီသလွန်းသည့် ဇနီးသည် ဒေါ်ချယ်ရီရွှေ၏ကြင်နာမှုနှင့် ဂရုစိုက်မှုတွင် ဦးမြတ်ထင်တစ်ယောက် စိတ်ချမ်းသာမှုနှင့် ငြိမ်းချမ်းရသည်ကအမှန်ပါ။

မိန်းမရယ် .မင်းနဲ့ကိုယ် စောပြီးများတွေ့ခဲ့ကြမယ်ဆိုရင် ဒီလိုမျိုးရှုပ်ထွေးတဲ့အဖြစ်တွေနဲ့ ကြုံတွေ့ခံစားရမှာ မဟုတ်ပါဘူး၊ ခုတော့ မင်းကိုသိပ်သနားတယ် ချယ်ရီရယ်၊ ကိုယ့်ကိုယ်ကိုလည်း ကိုယ်သနားတယ်၊ ယှဉ်ကြုံးမရဘူး၊ နှမြောတယ် ဟင်း. . .

စိတ်ထဲမှ စကားတွေကို ဦးမြတ်ထင်ဆိုနေခြင်းပါ။ ဒေါ်ချယ်ရီသည် ခင်ပွန်းသည်ကို ကောင်းမွန်စွာ သိပ်ထားပေးခဲ့ပြီး အခန်းထဲမှ ထွက်ခဲ့လိုက်သည်။ ညည့်ခန်းထဲအရောက် ဆိုဖာတွင်ထိုင်ကာ ငိုက်မြည်းနေသည့် သမီးချောအား ဒေါ်ချယ်ရီတွေ့သည်တွင် ကြင်နာစွာ ပြုံးလိုက်ပြီး . . .

"သမီး. .သမီးလေး. . ."

"ဟင် ဩော်. .ရှင် မေမေ. . ."

"သမီးလေးလန့်သွားလားကွယ်. . ."

"ဘာမှမဖြစ်ပါဘူး မေမေ၊ ဖေဖေအိပ်သွားပြီလား၊ မေမေလည်း အိပ်တော့လေ. . ."

"မေမေအိပ်မပျော်သေးပါဘူး သမီးရယ်၊ မေမေ သမီးကို စကားတစ်ခွန်းနှစ်ခွန်း မေးချင်တယ်၊ ရမလားဟင်. . ."

"မေမေကလည်း ကိုယ့်သမီးပဲ၊ မရဘဲနေမလား၊ မေမေ



www.burmeseclassic.com

www.burmeseclassic.com



ဘာသိချင်လို့လဲဟင်၊ မေးလေ. . ."

"ဟင်း မေမေသိချင်တာက သမီးလေးနဲ့ သားကိုကို အဆင်ပြေရဲ့လားဟင်၊ ပြီးတော့ သားက သမီးကိုကြင်နာရဲ့လားကွယ်"

"ဩော် မေမေရယ်၊ သမီးက ဘာများလဲလို့၊ သမီးတို့ အဆင်ပြေပါတယ် မေမေရဲ့၊ ကိုကိုကအလုပ်တွေများနေလို့ပါ၊ အဟင်း ကိုကို့လိုကြင်နာတတ်တဲ့သူမျိုး ရှိမယ်တောင်မထင်ဘူး၊ ကိုကို့ကို သမီးက သိပ်ချစ်တယ် . . ."

"ကိုကိုကရော သမီးကိုချစ်ရဲ့လား. . ."

"ချစ်တာပေါ့ မေမေရယ်၊ ဟိုးငယ်ငယ်လေးကတည်းက ကိုကိုက သမီးကိုသိပ်ချစ် သိပ်အလိုလိုက်ခဲ့တာပါ. . ."

"သမီးတို့ချင်း အဆင်ပြေဖို့က ပိုပြီးအရေးကြီးပါတယ်လေ၊ မေမေကြားနေရတာက. . ."

"ဟင် မေမေဘာကြားလို့လဲဟင်. . ."

"ကြားယုံတင်မဟုတ်ဘဲ မေမေမြင်လည်းမြင်တယ်သမီး၊ ကိုကိုနဲ့ဝင်းစုချို. . ."

"ဩော် ဒါလား၊ မေမေကလည်း အစ်မဝင်းစုချိုက သမီးတို့နဲ့ ငယ်ပေါင်းပဲလေ၊ ဖေဖေတို့သူငယ်ချင်းသုံးယောက်လိုပေါ့၊ ဖေဖေဦးအဂ္ဂရယ်၊ ဖေဖေဦးမြတ်ထင်ရယ်၊ လေးလေးဦးလင်းနိုင်ရယ် သူငယ်ချင်းတွေဖြစ်သလို. . .

သမီးတို့လည်း ကိုကိုရယ်၊ အစ်မဝင်းစုချိုရယ်၊ သမီးရယ်ကလည်း ငယ်ပေါင်းသူငယ်ချင်းတွေပဲလေ၊ သမီးကတော့ အငယ်ဆုံးလေးပေါ့၊ ကိုကိုနဲ့အစ်မဝင်းစုကတော့ သက်တူရွယ်တူတွေဆိုတော့ သူတို့ကိုအထင်မလွဲပါနဲ့ မေမေရယ်. . ."





"အေးလေ သမီးတို့ချင်း နားလည်မှုရှိရင် ပြီးတာပါပဲကွယ်၊ ကဲ သမီးအနားသွားယူပါလား၊ မေမေစောင့်ပေးမယ်. . ."

"ရတယ် မေမေ၊ သမီးပဲစောင့်လိုက်ပါ့မယ်၊ မေမေပဲသွားနားပါတော်နော်၊ မေမေက တစ်နေကုန်အိမ်အလုပ်တွေနဲ့ ဖေဖေ့အလုပ်တွေရော၊ ဒေါ်လေးဝင်းမာ့စ်အလုပ်တွေနဲ့ပါ ကိုယ်ရော စိတ်ပါ မောနေရှာမှာပါ၊ မေမေပဲသွားနားပါနော် နော်. . ."

မိမိကိုချော့မော့စွာ မမဆိုတော့ ဒေါ်ချယ်ရီတစ်ယောက် အခန်းထဲပြန်ဝင်သွားလိုက်ရသည်။ မမမှာ မိခင်နောက်ကျောဆီကြည့်ပြီး ဝမ်းနည်းစွာဖြင့် ကျန်ရစ်ခဲ့ရလေ၏။ ပြီးတော့ မမမှာ နာရီဆီလှမ်းကြည့်သည်။ ညဉ့်ဆယ်နှစ်နာရီထိုးတော့မည်ဖြစ်၏။ ဘယ်နှစ်နာရီပဲဖြစ်ဖြစ် ခင်ပွန်းသည်အား စောင့်ရမည့်တာဝန်က မမတာဝန်မို့ မမသည်ဆိုဖာပေါ်တွင် လှဲအိပ်ရင်းစောင့်နေဖြစ်၏။

"တီး တီး. . ."

"ဟော ကိုကိုပြန်လာပြီ. . ."

ဆင်ဝင်အောက်ရပ်လာသည့် ကားဟွန်းသံကြောင့် မမသည် ဆိုဖာထက်ငုတ်တုတ်လေး ထထိုင်လိုက်သည်။ ပြီးမှ အိမ်တံခါးကို သွားဖွင့်ပေးလိုက်သည်။

မမ အိမ်တံခါးဖွင့်လိုက်သည်နှင့် ကိုကိုသည် တိုက်ထဲသို့ တန်းဝင်သွားသည်။ မမကိုလည်းမကြည့်၊ စကားလည်းမဆို၊ ရှိသည်ဟုပင်မထင်ဘဲ ကိုကိုသည် အပေါ်ထပ်သို့ လှမ်းတက်သွားလိုက်သည်။

မမသည်လည်း ညှိုးငယ်ပြီး ငြိမ်သောမျက်နှာလေးနှင့် နောက်မှလိုက်တက်သွားသည်။ အပေါ်ထပ်အရောက်မတော့ မမသည်



www.burmeseclassic.com

www.burmeseclassic.com



အခြားအခန်းတစ်ခုဆီသို့ လှမ်းဝင်သွားလိုက်ပြီး အိပ်ယာတွင်စိတ်ကို လျှော့ကာ အိပ်လိုက်တော့သည်။

ထိုအချိန်များ၌ ဖနီးမောင်နှံနေသည့် အခန်းတွင်ကား ကိုကိုသည် အိပ်ယာပေါ်တွင် မိမိခေါင်းအုံးတစ်လုံးတည်းကိုသာ တွေ့လိုက်ရ၍ မကျေမနပ်နှင့် စိုးရိမ်လှုပ်ခတ်သွားရရင်း အခန်းထဲမှ ပြေးထွက်ခဲ့လိုက်သည်။ အိမ်ထောင်မပြုခင်က မမတစ်ယောက်တည်းနေခဲ့သည့်အခန်းရှေ့ ကိုကိုရောက်လာသည်။

အခန်းတံခါးကို တွန်းဖွင့်လိုက်သည်နှင့် တံခါးကပိတ်ထားသည်မို့ အခန်းထဲမှမမမှာလည်း လန့်သွားရပြီး ငုတ်တုတ်ထထိုင်ဖြစ်ရတော့သည်။

"ဒေါက် ဒေါက် ဒေါက်. .မမ..မမ. .တံခါးဖွင့်. . ."

"လာပြီ၊ လာပါပြီ ကိုကို. . ."

အောက်ထပ်မှ မိဘတွေကြားမည်စိုး၍ မမသည် ကပျာကယာ အခန်းတံခါးကို ထဖွင့်ပေးလိုက်ရသည်။

"ကိုကို. .ဘာဖြစ်လို့လဲဟင်၊ ဘာလိုအပ်လို့လဲ. . ."

"အေး လိုအပ်တာက မင်းကို၊ ဘာဖြစ်လို့လဲလို့ မင်းပဲ မေးရသေးလား၊ မင်းကဘာလဲ..အပျိုလား၊ အခု ကိုယ့်အိပ်ယာမှာ ကိုယ်ပြန်အိပ်ပါ၊ လင်ယူပြီးတစ်ခန်းဆီအိပ်ရအောင် မင်းကဘာလဲ၊ ဒီကနေ့ နိုင်ငံခြားသားတွေတောင် တစ်ခန်းစီမအိပ်ဘူးကွ၊ မင်းက ဘယ်သူ့အကြောင်းစဉ်းစားချင်လို့လဲ. . ."

"မဟုတ်ပါဘူး၊ မမက ကိုကို့ကိုပဲလွတ်လွတ်လပ်လပ်နေစေချင်လို့ပါ. . ."

"လွတ်လွတ်လပ်လပ်နေချင်မှတော့ မိန်းမယူဦးမလားကွ၊





ကိုယ့်မိန်းမနဲ့ကိုယ် အတူအိပ်တာ မလွတ်လပ်ဘူးလို့ရှိသေးလား"

"ဒီတစ်ညတော့ ရှိပါစေတော့ ကိုကိုရယ်၊ နောက်ညမှပဲ မမ. . ."

"ဘာပြောတယ်. .နောက်ည..၊ မင်းတော့လား. . ."

"အို အမေ့ ကိုကို. .မမလိုက်ပါ့မယ်၊ မမကိုအောက်ချပေးပါ. . ."

ပြောပြောဆိုဆိုနှင့်ပင် ကိုကိုတစ်ယောက် မမကိုယ်လုံးလေးကို ဆွေ့ခနဲပုခုံးထက်ထမ်းခေါ်သွား၍ မမမှာ အလန့်တကြားဆိုရသည်။ ဆိုရင်းကပင် အိပ်ခန်းရှိရာသို့ သူတို့ပြန်ရောက်လာခဲ့ကြ၏။

အိပ်ယာဆီအရောက်မတော့ သူ မမကိုယ်လေးကို ညင်သာစွာချသိပ်ပေးလိုက်သည်။ ခေါင်းအုံးတစ်လုံးကို နှစ်ယောက်အုံးပြီး စောင်တစ်ထည်တည်းအောက်တွင် သူတို့နွေးထွေးစွာရှိနေလိုက်ကြ၏။

သူ မမကို ထွေးပိုက်ကာ အကြင်နာအနမ်းများသီကုံးသည်တွင် မမသည် ဝေဒနာမျက်ရည်မိုးများ စီးဆင်းကျနေရလေ၏။ သူ့ရင်ခွင်တွင် မမသည် သူမမြင်အောင် မျက်ရည်မျက်နှာလေးကို ဖွက်ထားဖြစ်သည်။ ကိုကိုသည် လက်တစ်ဘက်က မီးကြိုးလေးကို ဆွဲပိတ်လိုက်သည်။ တစ်ခန်းလုံးသည် အမှောင်ကျသွား၏။ မွေးကြိုင်သောအနမ်းပွင့်တို့သည် တစ်ခန်းလုံးတွင် ပြည့်လျှံဖုံးလွှမ်းသွားသည်။ တိတ်ဆိတ်ငြိမ်သက်ခြင်းတွေလည်း လွှမ်းမိုး၍နေသည်။

အတန်ကြာမှ ကိုကိုသည် အိပ်ယာထက်မှထခဲ့ပြီး ဝရံတာဘက်သို့ လှမ်းထွက်ခဲ့သည်။ မမသည်လည်း အမှောင်ထဲမှ ကိုကို့ကို ထဲလှမ်းကြည့်နေ၏။ ခြံထဲမှမီးအလင်းရောင်နှင့် ဝရံတာမှကိုကို့ကို.



www.burmeseclassic.com

www.burmeseclassic.com



ကို မမလှမ်းမြင်နေရသည်။

ကိုကိုသည် ဝရံတာလက်တန်းတွင် လက်နှစ်ဘက်ကို ထောက်ပြီး ခေါင်းကိုငုံ့ထားသည်။ ပြီးတော့ သူ့ဆံပင်တွေကို လက်နှစ်ဘက်နှင့်ဆုတ်ဆွဲကာ ဖွပစ်နေ၏။

"ဘာကိုနားလည်ရမလဲ ကိုကိုရယ်၊ ကိုကိုဘာဖြစ်နေလဲဟင်၊ ဘာတွေဖြစ်နေလဲ၊ ဘာတွေဖြစ်ချင့်နေလဲ၊ ကိုကို့ကို မမဘယ်လိုမှ နားမလည်တော့ဘူး၊ ကိုကိုပွင့်ပွင့်လင်းလင်းပြောပါလား၊ မမ ဘာကူညီရမလဲ၊ မမကူညီလို့ရမယ့်ကိစ္စမျိုးလား၊ ပြောပြပါလား ကိုကိုရယ်"

မျက်ရည်တွေနှင့် မမတစ်ယောက် စကားတွေတီးတိုးဆိုနေဆဲအချိန်များ၌ ဝရံတာမှကိုကိုသည်လည်း မျက်ရည်တွေစီးကျရင်းမှ ရင်နာမှုသည် သူ့ရင်တစ်ခုလုံးအား လှိုက်စားလွန်း၍ သူ့ရင်တစ်ခုလုံးသည် ပွင့်ထွက်မတတ်ရှိနေရတော့သည်တကား။ ။

❖ ❖ ❖



(ရှစ်)

စေ့ကျိတ်ထားသည့် အတွင်းသွားတွေက တစ်ချက်တစ်ချက် ကျစ်ခနဲကျစ်ခနဲမြည်၏။ ခံစားမှုတွေက ဘယ်တော့မှကုန်ဆုံးမေ့ပျောက်နိုင်မည်မဟုတ်ကြောင်း သူ့ကိုယ်သူသိနေ၏။ ထို့အတွက် သူ့မျက်နှာပြင်၌ အရိပ်များသည် တစ်ခုပြီးတစ်ခု ပြောင်းလဲနေသလို ရှိသည်ပါ။

သည်နေ့တစ်ကုန်နီးပါး စိတ်တွေထွေပြား၍နေသည်။ သူ ပြူတင်းနားတွင် ရပ်နေသည်မှာကြာပြီ။ အဝေးဆုံးနေရာဆီ လှမ်းကြည့်လိုက်၊ ညို့ဆိုင်းနေသည့် ကောင်းကင်ကြီးဆီလှမ်းကြည့်လိုက်နှင့် စိတ်သည် ဝေဟာနေသလိုရှိ၏။

မနက်ကတည်းက သူ အလုပ်မလုပ်ဖြစ်။ မနက်ကတည်းက ခုတိုင် သူ ဘာတစ်ခုမှမလုပ်ဖြစ်ပါ။ ဟိုတယ်သို့ရောက်လာခဲ့သူကဖြင့် သူ [illegible]။ ယခုအလုပ်မှပင် ပြန်ချိန်ရောက်တော့မည်၊ သူ ဘာတစ်ခုမှမလုပ်ဖြစ်။ တစ်ချိန်လုံးအတွေးတွေနှင့်သာ သူ့စိတ်များသည် တစ်ချိန်[illegible]ကျောမငြိမ်သလိုရှိနေခဲ့ရလေ၏။

ခုဖြင့် သူသည် ဆုံးဖြတ်ချက်ကို ယတိပြတ်ချလိုက်ပါပြီ။ သူလက်မှ နာရီဆီတစ်ချက်ငုံ့ကြည့်သည်။ ပြီးတော့ ကောင်းကင်ကြီးဆီ မော့ကြည့်သည်။ ကောင်းကင်မျက်နှာပြင်သည် စောစောကထက်



www.burmeseclassic.com

www.burmeseclassic.com



ညိုညို့ညို့ ဆိုင်းဆိုင်းရှိနေရလေ၏။

"မိုးရွာဖို့တော့ သေချာတယ်. . ."

သူ့နှုတ်မှရေရွတ်ရင်း ပြူတင်းအနီးမှခွာကာ စားပွဲထက်မှ အတက်ကျကော့စ်နှင့် ကားသော့ကိုလှမ်းယူပြီး ရုံးခန်းထဲမှ လှမ်းထွက်ခဲ့လိုက်ပါတော့၏။ ဓာတ်လှေကားနှင့်အပေါ်ထပ်မှ သူ ဆင်းခဲ့သည်။ အောက်ထပ်အရောက်မတော့ သူ့ခြေလှမ်းများသည် မမရှိရာ ကော်ဖီဆိုင်သို့တလွှားလွှားလှမ်းခဲ့၏။ ဆိုင်ထဲသို့ သူ ဝင်လိုက်သည်နှင့် ခင်စပယ်သည် သူ့ထံလှမ်းကြည့်ကာ အံ့သြနေတော့သည်။ သူသည် ယခင်နေ့တွေက ဘာမှမဖြစ်ထားသလို ချောမောသောအပြုံးနှင့် ခင်စပယ်ထံလှမ်းကြည့်လာရင်း. . .

"မန်နေဂျာ. .မမ မပြန်သေးဘူးမဟုတ်လား. . ."

"ဩော် မပြန်သေးပါဘူးရှင်. . ."

"ဒါဖြင့် ဒီနေ့တော့ ကျွန်တော်စောစောပြန်ခေါ်သွားချင်ပါတယ်၊ ခွင့်တောင်းတာပါ. . ."

"ဩော် ဟုတ်ကဲ့ ရပါတယ် ရပါတယ် စီအီးအို၊ ကျွန်မ သွားခေါ်ပေးပါ့မယ်. . ."

ဇနီးမောင်နှံချစ်ကြည်ရေးရပြီမို့ ခင်စပယ်ပျော်ရွှင်စွာနှင့် အထဲဝင်ပြေးသွားလိုက်သည်။

"ဟဲ့ ဟဲ့ မမ. . ."

"ဟင် ဘာလဲ ခင်စပယ်. . ."

"နင့်ချစ်ကိုကိုက နင့်ကိုအတူပြန်ဖို့ အခုလာခေါ်နေတယ်၊ နင်တို့ပိစိပြန်ဖြစ်သွားလို့ ငါဝမ်းသာလိုက်တာဟယ်၊ ကဲ ကဲ သွား သွား. . ."





"အို နင်ကလည်း အစောကြီးရှိသေးတယ်၊ ခုမှနှစ်နာရီပဲရှိသေးတဲ့ဟာ၊ မှဟုတ်တာ. . ."

မမစဉ်းစားရင်း အံ့သြထူးဆန်းနေသလိုဆိုသည်။

"ဟဲ့ အမယ် သူကပဲပြောရတယ်ရှိသေးတယ်၊ စီအီးအိုကငါ့ဆီက နင့်ကိုခေါ်သွားဖို့ ခွင့်တောင်းတာဟဲ့ . . ."

"ဟင်!. . ."

"ခုမှမဟင်နဲ့၊ ကဲ သွားပါ၊ မြန်မြန်အဝတ်လဲပါတော့. ."

တွန်းတွန်းထိုးထိုးနှင့် ခင်စပယ်ဆိုတော့ မမတစ်ယောက်သည်လည်း အဝတ်လဲပြီး မုန့်ဖုတ်ခန်းထဲမှထွက်ခဲ့ဖြစ်ရပါတော့၏။

"မမ..ပင်ပန်းနေလားဟင်. . ."

မမကိုတွေ့သည်နှင့် ကြင်နာစွာ ပုခုံးလေးမှထွေးပိုက်ကာ သူဆိုတော့ မမသည် ရွှန်းလက်သော မျက်ဝန်းလှလှလေးတွေနှင့် သူ့ထံမော့ကြည့်ကာ ကြည်နူးရရှာပါ၏။ တစ်ဆက်တည်းလည်း ခင်ပွန်းသည်အပေါ် အံ့သြစိတ်နှင့် ယုံကြည်မှုများလည်းရှိသွားရသလိုပါ။

"မပင်ပန်းပါဘူး ကိုကိုရယ်၊ ဒါနဲ့ အခုမမကိုလာခေါ်တာ၊ ကိစ္စရှိလို့လားဟင်. . ."

"တးကွေ့တော့မရှိပါဘူး၊ သွားစရာလေးရှိလို့ပါ. . ."

ဇနီးမောင်နှံနှစ်ဦး ကြင်နာစွာစကားတွေ ပြောနေကြသည်ကို ကြည့်ပြီး ခင်စပယ်[illegible]ည်လည်း ကျေနပ်စွာပြုံးနေဖြစ်လေ၏။

"ဘယ်ကိုသွားမှာလဲ ကိုကို. . ."

"ဟိုရောက်တော့သိမယ်၊ ကဲ လာ သွားကြစို့. . ."

"ဟုတ်ကဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ခင်စပယ် သွားလိုက်ဦးမယ်နော်. . ."

ခင်စပယ်ထံ ကိုကိုကလှမ်းပြုံး၍ နှုတ်ဆက်သည်။ မမက နှုတ်ဆက်စကားဆိုသွား၏။ ထို့နောက်မတော့ ကိုကိုသည် မမလက် ကလေးတစ်ဘက်ကိုဆွဲကာ ဟိုတယ်ထဲမှ လှမ်းထွက်သွားလိုက်ပါ တော့၏။

× × × × ×

"ဟင် ကိုကို၊ စိတ်ကျန်းမာရေးဆေးရုံကြီးကို လာတာလား"

"ဟုတ်တယ်. . ."

စိတ်ကျန်းမာရေးဆေးရုံကြီးရှေ့ ကားရပ်လိုက်သည်နှင့် မမ စိတ်ထဲ ဘာရယ်မဟုတ်သလိုနှင့် ဘာမှန်းမသိသလိုဖြင့် မေးသည်။ ကိုကိုကလည်း မတည်မပြုံး အေးဆေးစွာပင်ဆို၏။ ထို့နောက် ကားပေါ်မှ သူတို့ဆင်းလိုက်ကြသည်။

"လာ မမ. .ဟိုဘက်ခဏသွားမယ်. . ."

သူဆိုရင်း မမလက်ကလေးကို ဆွဲခေါ်သွားသည်။ မမသည် က ခင်ပွန်းသည်အား ယုံကြည်အားကိုးစွာဖြင့် လိုက်ပါသွားဖြစ်၏။ စကြံန်လမ်းတစ်လျှောက် သူတို့လျှောက်ဝင်ခဲ့ကြသည်။ လျှောက်ခဲ့ ကြရင်းမှ ကိုကိုသည် မမလက်ကလေးအား မသိမသာလွှတ်လိုက်၏။

ကိုကိုသည် ရှေ့မှမသိမသာ ခြေလှမ်းခပ်သွက်သွက်လှမ်းပြီး ဆက်လျှောက်သွားသည်။ မမကား မိမိဝန်းကျင်တွင် စိတ်ရောဂါသည် များ မသိမသာများပြားလာသည်ကိုကြည့်ရင်း နောက်တွင်ကျန်ရစ်ခဲ့ တော့၏။

"အို အို. . ."





စိတ်ရောဂါသည်တွေမှာ မိမိထံဝိုင်းရံ၍ ချဉ်းကပ်လာနေကြ သည်မို့ မမသည် ရောဂါသည်တွေဆီကြည့်ပြီး စိုးရွံ့ထိတ်လန့်ကာ ကြောက်ရွံ့လာရရှာ၏။

"အို အို ကိုကို၊ ကိုကို ကိုကိုရေ. .ကိုကိုရေ လုပ်ပါဦး၊ လုပ်ပါဦး. . ."

မမကြောက်ရွံ့၍ အော်ခေါ်သော်လည်း ကိုကိုကား မရှိပါ တော့။ မမသည် ကိုကို့ကိုရှာဖွေရင်း ဘယ်ဘက်ကိုပြေး၍ပြေးရမှန်း မသိအောင် ဖြစ်နေရရှာ၏။

"ဟီး ဟီး ဟီး. . ."

"ဟား ဟား ဟား. . ."

"ဆေးလိပ်ပေး၊ ဆေးလိပ်ပေး၊ ငါ့ကိုဆေးလိပ်ပေးစမ်း"

"ငါ့ကိုမုန့်ပေး၊ ငါ့ကိုမုန့်ကျွေးစမ်း. . ."

"ပိုက်ဆံပေး၊ ငါ့ကိုပိုက်ဆံပေး. . ."

"ဟီဟိ. .ဟီး ဟီး ခစ် ခစ် ခစ်. . ."

"အား အား သွား သွားကြ၊ သွားကြပါ၊ အဟင့် ဟင့် ကိုကို ကိုကိုရေ. .အား. . ."

စိတ်ရောဂါသည်တွေမှာ မမအနီးဝိုင်းရံချဉ်းကပ်ကာ တောင်း ချင်ရာတွေ တောင်းလာကြသည်မို့ မမကား ကြောက်ရွံ့ခြောက်ခြားမှု တွေဖြင့် အော်ဟစ်ကာငိုပါပြီ။ နောက်ဆုံး မမသည် နေရာ၌ထိုင်ချကာ မျက်နှာလေးအုပ်၍ သွေးပျက်ခမန်း ခြောက်ခြားကြောက်ရွံ့မှုတွေနှင့် ငိုရှိုက်နေပါတော့၏။

ထိုမြင်ကွင်းအား ကိုကိုကား မလှမ်းမကမ်းမှရပ်ကာ အေး စက်သောအကြည့်တွေနှင့် လှမ်းကြည့်နေလေ၏။ မမတစ်ယောက်



www.burmeseclassic.com

မြေပေါ်တွင်ထိုင်ကာ ကိုယ်လေးဝပ်၍ အော်ဟစ်ငိုကြွေးနေသည့် အဖြစ်၊ ကြောက်ရွံ့ခြောက်ခြားနေသည့်အဖြစ်အား ကိုကိုသည် နှုတ်ခမ်းတို့စေကာ မဲ့ပြုံး ကျေနပ်ပြုံးတို့နှင့် ရှိနေရလေ၏။

သူကျေနပ်စွာလှမ်းကြည့်နေဆဲ မမထံသို့ ဆရာမများနှင့် အစောင့်များပြေးသွားကြသည်ကို သူတွေ့လိုက်ရသည်။ ဆရာမများနှင့် အစောင့်တွေက စိတ်ရောဂါသည်တွေကို ဆွဲခေါ်သူကိုဆွဲခေါ်၊ မောင်းထုတ်သူကိုမောင်းထုတ်ပြီးမှ ကိုကိုသည် မမထံသို့ တစ်လှမ်းချင်းလှမ်းခဲ့လိုက်လေ၏။

"ကိုကို ကိုကို အဟင့် ဟင့်. . ."

သူ့ကိုမြင်သည်တွင် မမသည် သူ့ရင်ခွင်ထဲပြေးဝင်ကာ သူ့ကိုကြောက်အားလန့်အားဖက်ပြီး အားပါးတရ ကလေးလေးတစ်ယောက်လို ငိုရှိုက်ပါတော့၏။

"ဘာဖြစ်လို့လဲ မမရယ်. . ."

"မမကြောက်တယ် ကိုကို၊ ဘယ်ပျောက်သွားတာလဲ၊ မမကြောက်လို့သေတော့မယ် အဟင့် ဟင့် ဟင့်. . ."

"ဩော် မမကလည်းကွာ၊ စိတ်ရောဂါသည်တွေကို ဘာကြောက်စရာရှိလို့လဲ၊ သူတို့တွေက ရောဂါသည်တွေပါ၊ ကိုယ့်အိမ်မှာတောင် စိတ်ရောဂါသည်ရှိနေတာပဲမဟုတ်လား၊ ကိုကို့မေမေလေ၊ မေမေလည်း စိတ်ရောဂါသည်ပဲမဟုတ်လား. . .

မေမေလည်း စိတ်မှမကျန်းမာသေးတာ၊ မကြာခဏဖောက်ဖောက်နေတာ မမလည်းသိတာပဲမဟုတ်လား၊ ဟိုးတုန်းကဆိုရင်း မေမေ့ကိုလည်း ဒီဆေးရုံမှာပို့ထားရတာ၊ အဲဒီတုန်းက မေမေက သိပ်သနားစရာကောင်းခဲ့တာပါ. . .





ကိုကိုက အများကြီးငယ်သေးတော့ မေမေ့အတွက် ဘာမှ မကာကွယ်ပေးနိုင်ခဲ့ဘူးလေ၊ ဒီဆေးရုံမှာ မေမေတစ်ယောက်တည်း တော်တော်ကြာကြာလေး နေခဲ့ရရှာတာ၊ ကဲ ကဲ လာ လာ မိုးဖွဲ့တွေ တောင်ကျလာပြီ၊ ကိုကိုတို့ပြန်ကြရအောင်. . ."

"အဟင့် ဟင့် ဟင့်. . ."

စကားတွေဆိုရင်း ကိုကိုသည် မမကိုထွေးဖက်ကာ ကားရှိရာသို့ ပြန်ခေါ်ခဲ့သည်။ မမသည် ကြောက်ရွံ့မပြယ်သေးသည်မို့ ကိုကိုပြောသည့်စကားတွေကို သဘောမပေါက်၊ မစဉ်းစားတတ်ဘဲ ရှိရရှာပါ၏။ ငိုရှိုက်ဆဲကပင် ကားရပ်ထားရာသို့ ပြန်ရောက်ခဲ့ကြသည်။

သူတို့ကားရှိရာအရောက်၌ မိုးသည်ဖွဲ့ရာမှ သည်းလာ၏။ ထို့နောက် ကိုကိုသည် စိတ်ကျန်းမာရေးဆေးရုံဝင်းထဲမှ ကားကို ဖြည်းညင်းစွာ မောင်းနှင်ထွက်ခဲ့လေ၏။ စိတ်ကျန်းမာရေးဆေးရုံကြီးမှ သူတို့ပြန်လာချိန်တွင် အမှောင်သည် ပိပြင်စွာလွှမ်းနေလေပြီ ဖြစ်လေ၏။

× × × × ×

"သမီးဝင်းစု. .ပြန်လာပြီလား. . ."

"ဟင်း ပြန်လာပြီ အဖေရေ၊ ကိုကိုက ဟိုကောင်မလေးနဲ့ အပြင်ထွက်သွားတယ်တဲ့၊ နေ့လည်နှစ်နာရီလောက်ထဲကတဲ့၊ အိမ်ကို ဖုန်းဆက်တော့ ပြန်မရောက်ကြသေးဘူးတဲ့၊ ကိုကို့ဆီဖုန်းဆက်တော့ ဖုန်းပိတ်ထားတယ်၊ ဒါကြောင့်သိပ်အမောမခံတော့ဘူး၊ ပြန်လာခဲ့လိုက်တော့တယ်. . ."

www.burmeseclassic.com



"သမီးနဲ့ ကိုကိုရဲ့အခြေအနေကတော့ ကောင်းတယ်မဟုတ်လား. . ."

"ကောင်းတာပေါ့ အဖေရဲ့၊ ကြည့်ရတာ ကောင်မလေးနဲ့ လက်ထပ်ပြီးမှ ကိုကိုနောင်တရပုံပေါက်နေတယ်၊ ဒါ ဝင်းစုအတွက် အခွင့်အရေးပဲပေါ့ အဖေရဲ့. . ."

"ဒါပေါ့ သမီးရဲ့၊ ဒါပေမယ့် ဘာပြောပြောပါ၊ ဝင်းမာစံက ရှိနေသေးလို့၊ သူ မရှိဘူးဆိုရင် ဘယ်တော့မှ သူ့သားနဲ့ချယ်ရီ့ သမီးကို သဘောတူမှာ မဟုတ်ဘူးဆိုတာ အဖေအသိဆုံးပဲ. ."

"အေးလေ သိမှာပေါ့၊ အဖေတို့လူကြီးတွေ မေတ္တာရေးကလည်း ပတ်လည်ရှုပ်နေကြတဲ့ဟာ၊ အဟား ဟား ဟား. . ."

"တယ် ဒီကောင်မလေး၊ အဖေကို ဒီလိုပြောစရာလား"

"နို့ မဟုတ်လို့လား အဖေရဲ့၊ လေးလေးအဂ္ဂကျော်ရဲ့ဇနီး၊ အန်တီချယ်ရီရွှေကို တွေ့တာနဲ့ ဖေဖေရော လေးလေးဦးမြတ်ထင်ကပါ စိတ်ဝင်စားသွားကြတာမဟုတ်လား၊ ဖေဖေက အကဲဆုံး၊ ပိုပြီးအသိသာဆုံးပဲ၊ သမီးတောင် ရိပ်မိပါတယ်နော်. . ."

"ဟဲ့ ကောင်မလေး၊ နင် အဖေကို ပြောလေကဲလေပါလား"

"ဝင်းစုက အဖေ့ကိုသနားလို့ပါ အဖေရဲ့၊ တကယ်ဆို မဆိုမဖြစ်တဲ့ အန်တီချယ်ရီရွှေက မုဆိုးဖိုဖြစ်တဲ့ ဖေဖေနဲ့ရ,ရမှာ၊ နောက်မှ လေးလေးဦးမြတ်ထင်နဲ့ရသွားတော့ အန်တီဝင်းမာစံမျာ မှုရတဲ့အတ္တထိရောက်သွားတာ၊ သိပ်သနားဖို့ကောင်းတာပဲ. ."

ဒါပေမယ့် ဖေဖေစောင့်ကြည့်နေပါ မမတို့သားအမိ သူတို့ အကြိမ်ကြမ်းကာလကို ပြန်လွှင့်သွားအောင် ဝင်းစုလုပ်ပြမယ်၊ တစ်နည်း ပြောရရင် အန်တီဝင်းမာစံအတွက် ဝင်းစု ဂလဲ့စားချေပေးမယ်..."





"သမီး. .သမီးလုပ်ရမှာ ဒါတွေမဟုတ်ဘူး၊ ကိုကို့ကိုပဲ ရအောင်ယူဖို့ပဲ၊ ကိုကို့ကိုရရင် အားလုံးပြီးသွားပြီ၊ အဲဒါ သမီးသိဖို့ပဲ. . ."

"စိတ်ချပါ ဖေဖေရာ၊ ခုလည်း သမီးနဲ့ ကိုကို့အခြေအနေက သိပ်ကောင်းနေပါတယ်၊ ကဲ ဝင်းစုအနားယူတော့မယ်၊ ဂွတ်နိုက် ဖေဖေ. . ."

"ဂွတ်နိုက်. .သမီး. . ."

သမီးဖြစ်သူဝင်းစုချိုတစ်ယောက် အပေါ်ထပ်တက်သွားပြီမို့ အောက်ထပ်ဧည့်ခန်းကြီးတွင် ဦးလင်းနိုင်တစ်ယောက် ယမကာခွက်လေးတဆဆဖြင့် ဘာတွေကိုစိတ်ကူးပြီး ဘာတွေကိုကျေနပ်မှန်းမသိ ရှိကာ တပြုံးပြုံးနှင့် ရှိကျန်ရစ်ခဲ့လေ၏။

လူသည် ကျေးဇူးရှိမှ ကျေးဇူးရသည်ဟူသော စကားသည် အလကားမဟုတ်၊ ကျေးဇူးမရှိလျှင် ကျေးဇွပ်စရာလည်းမရှိ ပတ်သက်စရာလည်းမရှိ၊ ကျေးဇူးရှိမှသာ ပတ်သက်ဆက်နွယ်၍ ကျေးဇွပ်ဖို့ ဖြစ်ရ၏။

ဇနီးဖြစ်သူက ကျန်းမာရေးမကောင်း၊ သမီးလေးကလည်း တစ်ယောက်၊ တစ်ခွက်တစ်ငုံပဲသောက်ရသောက်ရ အရက်မှအရက် ဖြစ်နေသည့် လင်းနိုင်တစ်ယောက် အလုပ်ကလက်မဲ့ အိမ်ရှိပစ္စည်းတွေလည်း ရောင်းစား၍ကုန်ပြီ။ စားရမဲ့မဲ့ သောက်ရမဲ့မဲ့၊ ထမင်းကို နပ်မှန်အောင် မစားမရ သမီးကအော်ငိုသည်။ လင်းနိုင်က အရက်ဆိုရင် ပြီးရော။ သောက် မူး၊ လမ်းဘေးတွင် မူးလဲနေချိန်၊ ဇနီးသည်က ရောဂါထပြီး အိပ်ယာထဲသေဆုံး၊ ထိုသို့သော ဒုက္ခသုက္ခ အဖုံဖုံရောက်နေဆဲအချိန်တွင်. . .



www.burmeseclassic.com

www.burmeseclassic.com



ငယ်ပေါင်း သူငယ်ချင်းကောင်း သူဌေးသား လုပ်ငန်းကြီးရှင် မြတ်ထင်နှင့်တွေ့သည်။ မြတ်ထင်က စိတ်စေတနာကောင်းအပြည့် အဝနှင့် ငယ်သူငယ်ချင်းတွေကို ရှာဖွေသည်။ စုံစမ်းသည်။ တွေ့တော့ ဖေးမသည်။ ကူညီသည်၊ ကယ်တင်သည်။

ပြောင်ပြောင်ရောင်ရောင်ဖြစ်၊ လူတစ်လုံးသူတစ်လုံးဖြစ်၊ လုပ်ငန်းရှင်ဆိုသည့်နေရာမျိုးရလာတော့ လင်းနိုင်တို့အောက်ခြေလွတ်လာသည်။ ဘဝင်မြင့် ဘဝမေ့လာသည်။ ငွေမြင်ဖူးလာတော့ ငွေကို ထပ်၍လိုလားလာသည်။ ပို၍ချမ်းသာချင်လာသည်။ သူဌေးကြီး ဖြစ်ချင်လာသည်။

သည်တော့ လင်းနိုင်တို့ နေ့စဉ်ညစဉ် စဉ်းစားသည်၊ စိတ်ကူးသည်၊ ကြံစည်သည်။ ကျေးဇူးရှင် ငယ်သူငယ်ချင်း မြတ်ထင် တစ်ယောက် ဘဝပျောက်ဖို့ ခွက်ပျောက်ဖို့အထိ။ သည်ကနေ့အထိ ဖြစ်ပျက်နေသမျှသည် လင်းနိုင်၏အကြံအစည်တွေနှင့် ကြိုတ်ပြီး ဖန်တီးနေသမျှတွေချည်းသာဟုဆိုလျှင် ပို၍အမှန်ဆုံးဖြစ်၏။ ကောက်ကျစ်သော လူသည် ချိုထွက်မနေတော့လည်း မည်သူက သိရှိနိုင်ပါမည်နည်း။

× × × × ×

အပြင်ဘက်တွင် မိုးတွေကရွာနေသည်မှာ တဝေါဝေါ၊ တအုံးအုံး။ ဒေါ်ချယ်ရီရွှေသည် နံရံထက်မှ နာရီဆီလှမ်းကြည့်လိုက်သည်။ ရှစ်နာရီခွဲတော့မည်ဖြစ်လေ၏။

"သမီးလေး ကိုကိုနဲ့အတူ ကောင်းကောင်းပဲရှိနေရဲ့လား သမီးလေးရယ်. . ."





အပြင်မှ အုံးအုံးထရွာနေသည့် မိုးရေတွေဆီလှမ်းကြည့်ပြီး ဒေါ်ချယ်ရီရွှေတစ်ယောက် ရင်ဝယ် ဝမ်းနည်းခြင်း၊ စိုးရိမ်ခြင်းတွေနှင့် ရေရွှတ်နေဖြစ်ခြင်းပါ။

သမီးလေးတို့ ညစာထမင်းမှ စားပြီးကြပြီလား၊ ပြန်လာရင် ဆာနေကြမလား၊ အိုး ဘာပဲဖြစ်ဖြစ် စားစား မစားစား၊ ထမင်းတွေဟင်းတွေ အဆင်သင့်နွေးနေဖို့က အရေးကြီးတယ်....။

စိတ်ကူးတွေနှင့် ဒေါ်ချယ်ရီရွှေသည် မီးဖိုထဲဝင်လိုက်၊ ဧည့်ခန်းဆီပြန်ထွက်ပြီး သားသမီးတွေအပြန်ကို မျှော်လိုက်နှင့် တစ်ကိုယ်တည်း စိတ်ဗျာများကာရှိနေဆဲ. . .

"ကဲဟယ် ကောင်မ. .လာစမ်း. . . ."

"အား အမလေး. . ."

"ဖြန်း ဖြန်း ဖြန်း၊ နင်သေရမယ်၊ ညီးသေကိုသေရမယ်၊ အခု သေ သေ. . ."

"အ အ အား အား . .မဝင်းမာစံ၊ မဝင်းမာစံ၊ အိုး အမလေး. .ကယ် ကယ်ကြပါဦး. . ."

"ဒိန်း ဂျလိမ်း ဒိုင်း. . ."

"ဝေါ ဝေါ ဝေါ. . ."

တိုက်ကြီးထဲမှ ဒေါ်ချယ်ရီရွှေ၏ဆံပင်တွေကို နှစ်ပတ်သုံးပတ် လက်တွင်ဆွဲလိမ်ကာ ဒေါ်ဝင်းမာစံတစ်ယောက် အကြိုက်ဆောင့်ဆွဲမွှေ့ရမ်းနေသမျှ ဒေါ်ချယ်ရီရွှေသည် ကော်ရုပ်တစ်ရုပ်အလား ရှိသမျှပစ္စည်းတွေနှင့် ကိုင်ရိုက်ပစ်နေသလို ခံစားနေရပါတော့၏။

ဒေါ်ချယ်ရီရွှေမှာ အိမ်ရှိလူတွေကို အော်ခေါ်သော်လည်း မိုးခြိမ်းသံတွေကြောင့် မကြားနိုင်လေ၊ ဒေါ်ဝင်းမာစံအတွက် အကြိုက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေလေဖြစ်နေရ၏။

"ဖြန်း ဖြန်း ဟဲ့ လင်ခိုးမရဲ့၊ ညီး ငါ့မျက်နှာကို စေ့စေ့ကြည့်စမ်း. . ."

"မ မဝင်းမာစ်၊ မလုပ် မလုပ်ပါနဲ့ရှင်. . ."

"ဪ် မလုပ်ရဘူး ဟုတ်လား၊ ငါက ညီးကို ရိုခိုးနေရမယ်ပေါ့၊ လင်ခိုးမကများ ဒေါသထွက်စရာ ကဲ ကဲ ကဲ. . ."

"အား အမလေး အင့်. . ."

ဆံပင်ဆွဲ ပါးရိုက် ဆွဲမွှေခြင်းခံနေရသည့် ဒေါ်ချယ်ရီရွှေကား တစ်ချီဖြင့် နံရံနှင့်ဆောင့်မိကာ ပစ်ဆောင့်မိခိုက် လက်မောင်းတစ်ဘက်ပြုတ်ထွက်သွားမတတ် ခံစားချက်နှင့် သတိလစ်မတတ်ရှိခဲ့ပြင် အပေါ်ထပ်မှ ဦးမြတ်ထင်ပြေးဆင်းလာသည်ကို တွေ့လိုက်ရလေ၏။

"ဟဲ့ ကောင်မ. .အခုရပ်စမ်း၊ နင့်ကို ငါအခုသတ်မယ်၊ သတ်မယ်၊ နင်လိုမိန်းမယုတ်မမျိုး၊ လောကကြီးမှာမရှိမှ အေးသွားမယ်၊ ဖြန်း ဖြန်း ဖြန်း. . ."

"အား အား အား၊ ကြောက်တယ် ကြောက်တယ်၊ ကယ်ပါကယ်ပါ၊ ကြောက်တယ ကြောက်တယ်. . ."

ဦးမြတ်ထင်ကား ဒေါ်ဝင်းမာစ်အား ပါးနားတွေကို ဒေါသတကြီးဖြင့် တဖြန်းဖြန်းရိုက်ပစ်တော့သည်။ ဆံပင်ကို ဆောင့်ဆွဲကာ နံရံနှင့်ပစ်တိုက်ပစ်သည်။ ဒေါ်ဝင်းမာစ်သည် နံရံကိုလက်နှင့်ဖမ်းထောက်သော်လည်း နံရံနှင့် နဖူးမိတ်ဆက်သွား၍ ဖူးယောင်ကာ စပါးလုံးတစ်တောင့်ခန့်ကွဲသွားရသည်။

သွေးတွေက နဖူးမှမျက်နှာပြင်ထက် စီးဆင်းကျလာသည်။





ဒေါ်ချယ်ရီရွှေမှာ မလုပ်ရန်တားမြစ်သော်လည်း မိမိကိုယ်တိုင် နာကျင်လွန်းစွာ ခံစားနေရ၍ ထိရောက်စွာ ကာကွယ်မပေးနိုင်အောင် ဖြစ်နေရ၏။

"ကြောက်တယ် ကြောက်ပါပြီ၊ မလုပ်ပါနဲ့ မလုပ်ပါနဲ့၊ ကြောက်တယ် ကြောက်တယ်. . ."

"မိန်းမလည်မ၊ နင့်ကျတော့ ကြောက်တတ်တယ်၊ နာကျင်တတ်တယ် ဟုတ်လား၊ နင်အရူးထတိုင်း သူများကိုလုပ်တော့ သူများမနာရဘူးလား၊ နင်က အရူးပါးမ၊ နင်ရူးတာကော ဟုတ်ရဲ့လား"

"အစ်ကို အစ်ကို မလုပ်ပါနဲ့၊ မလုပ်ပါနဲ့တော့ အစ်ကိုရယ်၊ တောင်းပန်ပါတယ်၊ တော်ပါတော့၊ ရပ်ပါတော့၊ တောင်းပန်ပါတယ်၊ အစ်ကိုလုပ်ရင် သူခံရရုံပဲရှိမှာပေါ့ အစ်ကိုရယ်၊ အစ်ကိုဘာပြောပြော ဘာနားလည်မှာလဲရှင်၊ တောင်းပန်ပါတယ်၊ တော်ပါတော့၊ တောင်းပန်ပါတယ်. . ."

ဒေါ်ချယ်ရီရွှေ နေရာမှမထနိုင်၍ အားရှိသမျှ လှမ်းအော်ပြောရင်း တားမြစ်ပေးရသည်။ သည်လိုဆိုတော့လည်း ဒေါ်ဝင်းမာစ်သည် ဒေါ်ချယ်ရီရွှေကိုပြေးဖက်ကာ နောက်တွင်ပုန်းကွယ်၍နေလေ၏။

"တောက် ဒီအရူးမတော့ တကယ်စိတ်ပျက်ဖို့ကောင်းနေပြီ"

ဒေါ်ချယ်ရီရွှေက တောင်းပန်နေ၍ ဦးမြတ်ထင်သည် မကျေမနပ်ဖြင့် ရပ်လိုက်ရ၏။ ခါးနှစ်ဘက်ကို တင်းတင်းကြီးထောက်ပြီး ဦးမြတ်ထင်သည် ဒေါ်ဝင်းမာစ်ထံ စေ့စေ့စူးစူး တင်းတင်းထန်ထန်ကြီး ကြည့်ပစ်နေလိုက်၏။ ဒေါ်ဝင်းမာစ်သည် ဦးမြတ်ထင်ထံမကြည့်ရဲ ဒေါ်ချယ်ရီရွှေကိုဖက်ထားပြီး နောက်တွင်ပုန်းနေရ၏။

"မမလေး မမလေး. . ."



www.burmeseclassic.com

www.burmeseclassic.com



"မမ. .မမ. .အမလေး မျက်နှာမှာလည်း သွေးတွေနဲ့ပါလား. . ."

ခုမှကြားဟန်တူကြသည်။ အိမ်ဖော်တွေမှာ ခုမှအပြေးရောက်လာကြ၏။

"ကဲ ဆေးသေတ္တာသွားယူ၊ ဆေးထည့်ပေးရအောင်. . ."

"ဟုတ်ကဲ့ မမလေး. . ."

မချစ်က ဆေးသေတ္တာသွားယူသည်တွင် ဘုတ်ဆုံမကသူမ၏သခင်မအား ပြေးပွေ့ထားပြီး ဒေါ်ချယ်ရီထံမျက်စောင်းတချက်ဖြင့်ကြည့်သည်။ မချစ် ဆေးသေတ္တာယူပြီးရောက်လာသည်နှင့် ဒေါ်ချယ်ရီသည် ဒေါ်ဝင်းမာစံအား ကိုယ်တိုင်ပင်ဆေးထည့်ပေး၏။

ခင်ပွန်းသည်ဦးမြတ်ထင်ရှိနေ၍ ဒေါ်ဝင်းမာစံသည် ငြိမ်သက်စွာခံနေ၏။ တကယ်တော့ ဦးမြတ်ထင်လက်မှ ကာကွယ်ပေးပြီးကြင်နာဖေးမစွာဆေးထည့်တတ်သူက ဒေါ်ချယ်ရီရွှေပါ။ သို့သော်လည်း ဦးမြတ်ထင်လစ်တိုင်း ဒေါ်ဝင်းမာစံသည် ဒေါ်ချယ်ရီရွှေကို သေစေလိုသောစိတ်နှင့် ရန်ရှာတတ်သည်က အမှန်ပါတည်း။

"ချယ်ရီ. .လာ၊ အပေါ်တက်မယ်၊ ဘယ်အရာနဲ့မှမထိုက်တန်တဲ့မိန်းမကို ဂရုစိုက်စရာမလိုဘူး၊ ထားခဲ့လိုက်. . ."

ဆေးထည့်ပြီးသည်နှင့် ဦးမြတ်ထင်သည် ဒေါ်ချယ်ရီရွှေလက်ကိုဆွဲကာ အပေါ်ထပ်သို့တက်သွားလိုက်ကြပါတော့၏။ ဒေါ်ဝင်းမာစံကား လှေကားမှတက်သွားကြသည့် ခင်ပွန်းသည်နှင့် ဒေါ်ချယ်ရီရွှေတို့အား ဘာမှမသိနားမလည်သော ကြောင်တောင်တောင်မျက်လုံးနှင့် လက်သည်းတွေကို ပါးစပ်နှင့်ကိုက်ကာ လှမ်းကြည့်ကျန်နေရစ်ခဲ့သည်။





ဒေါ်ဝင်းမာစံ၏ထိုအသွင်အားကြည့်ကာ သနားမဆုံးအကြည့်နှင့် မခံချိမခံသာဖြစ်ကာ ဒေါ်ချယ်ရီရွှေအား အမုန်းကြီးမုန်းတီးနေသူကား အိမ်ဖော်ဘုတ်ဆုံမပါတည်း။

× × × × ×

ညဆယ်နာရီ။ မိုးတွေကတအုံးအုံးနှင့် တဝေါဝေါရွာချကောင်းဆဲပါ။ ကိုကိုသည် ကားကို မနှေးမမြန်မောင်းနှင်နေ၏။ မမသည် တည်တင်းသောမျက်နှာထားနှင့် ကားမောင်းနေသည့် ကိုကို့မျက်နှာဆီကြည့်ကာ နားမလည်နိုင်အောင်ရှိနေရှာသည်။ တစ်ချိန်လုံးကိုကိုသည် စကားမဆို၊ ကားကိုသာ တိတ်ဆိတ်စွာ မောင်းနှင်နေ၍မမတစ်ယောက် စိုးရွံ့နေရှာသည်ကအမှန်ပါ။ ကိုကိုဘာဖြစ်နေသည်ကိုမမ မသိ။ မေးကြည့်ချင်သော်လည်း မမေးရဲ။ ထို့အတွက် မမသည်ကိုကို့အသွင်အား ခိုး၍ကြည့်ကာကြည့်ကာသာ ရှိနေရရှာ၏။

ထိုအခိုက် ကိုကိုသည် လမ်းမကြီးတစ်နေရာ၌ ကားကိုတုံ့ခနဲရပ်ပစ်လိုက်သည်။ မမသည် စိုးရိမ်စွာနှင့် ပတ်ဝန်းကျင်ကိုကြည့်ပြီး နားမလည်စွာနှင့် ကိုကို့ထံပြန်ကြည့်ရင်းက. . .

"ဘာဖြစ်လို့ရပ်တာလဲ ကိုကို၊ ကားဘာဖြစ်လို့လဲ. . ."

"ဘာမှမဖြစ်ဘူး၊ မင်း ဆင်း. . ."

"ရှင်. . ."

"မင်း ဆင်း၊ မင်း အခုငါ့ကားပေါ်ကဆင်းသွားလို့ ပြောနေတာ၊ ဆင်း အခုဆင်း. . ."

"အို ဘယ်လိုပြောလိုက်တာလဲ ကိုကိုရယ်၊ အချိန်လည်းမတော် မိုးတွေကလည်း ဒီလောက်ရွာနေတာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ဖြစ် မင်းဆင်း၊ အခုဆင်း၊ မင်းကြောက်တယ် မဟုတ်လ အား ငါ့ရဲ့အမေဟာလည်း ထိတ်လန့်ကြောက်ရွံ့စွာနဲ့ စိတ်ကျန်းမာ ေးဆေးရုံကို ရောက်သွားရတာ၊ အဲဒါတွေမင်းသိလား၊ မင်းရဲ့အမေသိလား. . ."

"အို ကိုကိုဘာတွေပြောနေတာလဲ. . ."

"အဟား သိဘူးလား၊ အေး ဒါဆိုမင်းသိအောင် ငါပြောမယ်၊ ငါ့အမေ ရောဂါဖြစ်သွားရတာ မင်းတို့ကြောင့်၊ မင်းတို့သားအမိကြောင့်ကွ. . ."

"ရှင်. . ."

"မရှင် ဘယ်လောက်ခံစားခဲ့ရလဲဆိုတာ မင်းတို့မသိဘူးမဟုတ်လား၊ အဲဒီအချိန်က ငါ့အသက်ဆယ့်နှစ်နှစ်၊ မင်းတို့သားအမိကြောင့် ငါတို့မိသားစုတွေဘဝ ပျက်စီးခဲ့ကြရတယ်. ."

". ."

ဂ စကားတွေကြောင့် မမမျက်ရည်မိုးများသည် မိုးနှင့်အပြိုင် သွန်းဖြိုးကျလာကြ၏။

"မျှော်လင့်မထားတဲ့တစ်နေ့ မင်းတို့သားအမိကို ငါတို့အဖေ အိမ်ပေါ်ခေါ်တင်လာတဲ့နေ့ကို ငါလုံးဝမမေ့ဘူး၊ အဲဒီမတိုင်ခင်ကတည်းက ငါ့မိဘတွေအမြဲစကားများနေကြတယ်၊ ငါက ငယ်သေးတော့ ဘာကြောင့်ဆိုတာ မသိခဲ့ဘူး၊ မင်းတို့သားအမိအိမ်ပေါ်ရောက်လာမှ ငါ့မိဘတွေ နေ့တိုင်းစကားများနေကြရတဲ့အကြောင်းရင်းကို ငါသိလာရတယ်. . .

အဲဒီအချိန်ကစပြီး ငါ့အမေဟာ စိတ်ရောဂါစွဲကပ်ခဲ့တယ်၊ ငါတို့မိသားစု ဘဝပျက်ခဲ့တယ်၊ အဲဒါမင်းတို့ကြောင့်၊ မင်းတို့သားအမိ





ကြောင့်ကွ. . ."

စိတ်နှင့်မာန်နှင့် ခံစားမှုလွန်ကဲမှုတွေဖြင့် သူ အော်ပစ်လိုက်၍ မမသည် တုန်လှုပ်၍ပင်သွားရှာ၏။ မျက်ရည်ကာတာကျိုးပေါက်ရင်း မမ သူ့ကိုအသနားခံတောင်းပန်သည်။

"မမ,မသိဘူး၊ မမဘာမှမသိခဲ့ရပါဘူး ကိုကိုရယ်၊ မမဘာမှ နားမလည်ခဲ့ပါဘူး၊ မမဘာမှမသိပါဘူး၊ မမတောင်းပန်ပါတယ်၊ မမသိခဲ့ရင် မေမေ့ကို ဖေဖေနဲ့မယူဖို့ပြောမှာပါ၊ တောင်းပန်ပါတယ်"

"မင်းတောင်းပန်လို့ ငါတို့မိသားစုဘဝ ကောင်းသွားရောလား၊ မင်းတို့သားအမိအိမ်ပေါ်ရောက်လို့ ငါ့အမေ စိတ်ရောဂါရတာနဲ့ မစာမနာ စိတ်ကျန်းမာရေးဆေးရုံကို အတင်းပို့ပစ်ခဲ့ကြတယ်၊ ငါ့အမေမသွားချင်ဘူး၊ ငါ့အမေတောင်းပန်တာတောင် မရဘူး. .

တကယ်ဆိုရင် ငါ့အမေကို အိမ်မှာပဲဆေးကုရင်ရဲ့သားနဲ့ ဆေးရုံမှာ နှစ်တွေနဲ့ချီပြီးသွားထားခဲ့ကြတယ်၊ ငါ ဟိုတယ်လုပ်ငန်းတွေကို စပြီးလုပ်တဲ့နှစ်ကျမှ ငါ့အမေကို အိမ်ပြန်ခေါ်ခဲ့ရတယ်၊ အဲဒီအချိန်က ငါဘယ်လောက်ခံစားခဲ့ရမလဲ၊ ဘယ်လောက်အထိကြေကွဲခဲ့ရလဲဆိုတာ မင်းတို့ခံစားကြည့်ကြစမ်းပါ ငါ့နေရာမှာ မင်းတို့ခံစားကြည့်ကြစမ်းပါ၊ ဒါကြောင့် ငါ မင်းတို့ခံစားဖူးအောင် ကိုယ်ချင်းစာတတ်အောင် ဒီနေ့ရောက်လာအောင် ငါကြိုးစားခဲ့တာကွ. . ."

"ဒါ ဒါဆို ကိုကိုက မမတို့သားအမိကို ဂလဲ့စားချေတာပေါ့နော်. . ."

"ဟုတ်တယ် ဟုတ်တယ်၊ မင်းတို့ကို ငါဂလဲ့စားချေတာ၊ အဲဒီနေ့ကိုရောက်ဖို့ ငါဘယ်လောက်ကြိုးစားခဲ့ရလဲ သိလား..."

"ဒါဆို မမကိုသိပ်ချစ်တယ်ဆိုတာ ကိုကိုလိမ်ပြောခဲ့တာပေါ့



www.burmeseclassic.com

www.burmeseclassic.com



နေ့ ရပါတယ် ကိုကိုရယ်၊ မမကတော့ ကိုကို့ကိုချစ်တယ်၊ ကိုကိုမုန်းလည်း ချစ်တယ်၊ ကိုကို ဂလဲ့စားချေလည်းချစ်တယ်၊ ဘယ်တော့မှ မပြောင်းလဲဘူး. . ."

"မဟုတ်ဘူး၊ အချစ်ကအချစ်ပဲ၊ ရန်ညှိုးက ရန်ညှိုးပဲ၊ ဒါကော့ ကိုယ်လည်းဘယ်တော့မှပြောင်းလဲမှာ မဟုတ်ဘူး၊ အချစ်နဲ့ ဂလဲ့စားကိုခွဲခြားထားတယ်၊ ဖြစ်နိုင်ရင်တော့ မင်းကိုမုန်းလို့ရရင် သိပ်မုန်းပစ်လိုက်ချင်တာ. . .

ခက်နေတာက မင်းကိုဘယ်လိုမှမုန်းမေ့မရလို့ ရန်ညှိုးတွေကြားမှာ ခက်နေရတယ်၊ အခက်ဆုံးဖြစ်နေရတယ်၊ ကိုယ်ငယ်ငယ်က ကိုယ့်မိဘတွေဟာ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြတယ်၊ ကိုယ်တို့မိသားစုက အမြဲသာယာပျော်ရွှင်နေကြတယ်၊ မင်းတို့သားအမိ အိမ်ပေါ်ရောက်လာမှပဲ. .တောက်. . ."

သူဆိုရင်း တက်တစ်ချက်ကို မချိမဆန့် ပြင်းပြင်းခေါက်ပစ်လိုက်သည်။ သွားတွေကို ဒေါသနှင့်ကျိုးကြေမတတ် သူစေ့ကြိတ်ထားသည်။ သူ့မျက်နှာချောချောသည် ဒေါသအမုန်းတရားနှင့် ရန်ညှိုးတွေကြောင့် တင်းမာမှုများဖြင့် ခက်ထန်နေတော့၏။

မမကား ဘာမှမဆို၊ သူ့ကိုသာ မျက်ရည်တွေနှင့် ကြည့်နေဖြစ်လေ၏။

"မင်းအတွက် အဖေရှိမှုဖြစ်လား၊ မင်းအတွက် အဖေရှားလား၊ မင်းအမေက မင်းအတွက် အဖေကို ငါ့အဖေကိုမှ တမင်ရွေးချယ်ခဲ့တာ သိပ်တရားမလွန်ဘူးလား. . ."

"ကိုကိုဘာပြောပြော မမ,မသိဘူး၊ မမနားမလည်ပါဘူး"

"မင်း နားလည်လည်မလည်လည် ငါ့ခံစားမှုတွေအားလုံး





မင်းတို့သားအမိ ပြန်ပေးဆပ်ရမယ်၊ မင်းတို့ခံစားရတာကိုလည်း ငါပြန်မြင်ချင်တယ်၊ ငါ့အဖေကတော့ မင်းတို့သားအမိကို စိတ်ချမ်းသာမှုပေးလိမ့်မယ်၊ ဒါပေမယ့် ငါကတော့ ခုချိန်ကစပြီး မင်းတို့သားအမိကို လက်တုံ့ပြန်ပြီဆိုတာ အသိပေးလိုက်မယ်၊ အခုဆင်း မင်း ကားပေါ်ကဆင်း. . ."

"မလုပ်ပါနဲ့ ကိုကိုရယ်၊ မမတောင်းပန်. . ."

"ဆင်း. . ."

သူအော်ပစ်သည်။ မမသည် မျက်ရည်တွေနှင့် သူ့ကိုကြည့်ပြီး ခေါင်းလေးရမ်းသည်။ သည်တော့ သူသည် ကားတံခါးကိုဖွင့်ကာ ကားပေါ်မှဆင်းပြီး မမဘက်မှကားတံခါးကိုဖွင့်ပြီး မမကို ကားပေါ်မှဆွဲချသည်။

"မလုပ်နဲ့ မလုပ်ပါနဲ့၊ မမတောင်းပန်ပါတယ်၊ အဟင့်ဟင့် တောင်းပန်ပါတယ်. . ."

"တောင်းပန်တယ်ဆိုတဲ့စကားလုံးလောက်တော့ ငါလည်း ပါးစပ်နဲ့ပြောတတ်ပါတယ်၊ စိတ်ချ တစ်နေ့မင်းတို့ကိုလည်း ငါ တောင်းပန်တဲ့စကားပြောပါ့မယ်၊ အခုမင်းဆီက အဓိပ္ပါယ်ရှိတဲ့ တောင်းပန်တဲ့စကားကို ငါမကြားချင်ဘူး၊ မရဘူး၊ ဆင်း မင်းတို့ဒုက္ခရောက်တာ ငါမြင်ချင်တယ်၊ ငါကြည့်ချင်တယ်၊ ငါ့ကိုတစ်လှည့်ပေးကြည့်စမ် [illegible] ဆင်းကွာ. . ."

ဆိုရင်း သူ [illegible] ကားပေါ်မှ မမကိုဆွဲချသည်။ မမကလည်း ကားကိုဆွဲထားပြီး ရုန်း [illegible] သည်။ နောက်ဆုံး အားချင်းမယှဉ်သာတော့ မမသည် ကားအောက်သို့ရောက်သွားရပြီဖြစ်၏။ နဂါးယောက်စလုံးက မိုးရေထဲတွင် ရွှဲနစ်နေပြီဖြစ်သည်။ မမက ကားပေါ်ပြန်တက်ရန်



www.burmeseclassic.com

www.burmeseclassic.com



ကြီးစားသည်။ သူက မမလက်တွေကိုဆွဲပြီး အဆေးကိုတွန်းပစ်သည်။

တစ်ချီဖြင့် မိုးရေတွေနှင့်ချော်ပြီး အစကတည်းကလည်း အနည်းငယ်ချောင်နေသည့် လက်ထပ်လက်စွပ်ကလေးသည် မမလက်ထဲမှ ကျွတ်ထွက်သွားလိုက်လေ၏။ လက်စွပ်လေးကျွတ်သွား၍ မမသည် လက်စွပ်လေးကိုလိုက်၍အကောက် ကိုကိုသည် ကားပေါ်တက်ကာ မောင်းထွက်သွားလိုက်လေပြီဖြစ်လေ၏။

"ကိုကို ကိုကို ကိုကိုရေ့ .မထားခဲ့ပါနဲ့၊ မထားခဲ့ပါနဲ့ ကိုကိုရယ်၊ ကိုကို ကိုကို. . ."

မမကား လက်စွပ်လေးကိုရအောင်ကောက်ပြီး အော်ဟစ်ငိုယိုကာခေါ်သော်လည်း ကိုကိုကား မကြားပါတော့။ ။

❖ ❖ ❖



(ကိုး)

ညက သူငယ်ချင်းခင်စပယ်တို့အိမ်ကို သွားပြီးအိပ်ခဲ့ရသည်။ ခင်စပယ်တို့သားအမိက စိုးရိမ်စိတ်တွေနှင့် မေးမြန်းခဲ့ကြသော်လည်း မမသည် ဘာတစ်ခွန်းမှမပြောပြဘဲ ဝမ်းနည်းကြေကွဲခြင်းတွေနှင့် ဆိတ်ဆိတ်ပင်နေခဲ့ရှာ၏။ ခုမနက်ဖြင့် မမသည် အိမ်သို့ပြန်ရောက်ပါပြီ။ မမသည် ဝမ်းနည်းခြင်း၊ အားငယ်ခြင်း၊ ထိခိုက်ကြေကွဲခြင်းတွေနှင့် တိုက်ကြီးဆီသို့ တစ်လှမ်းချင်းလှမ်းဝင်ခဲ့သည်။

ညကတစ်ညလုံး မမ အိပ်၍မပျော်ခဲ့၊ တစ်ညလုံး မမငိုခဲ့သည်။ ဝမ်းနည်းမဆုံးသော ခံစားမှုတွေနှင့် မမငိုခဲ့ရရှာပါ၏။ စိတ်ရောကိုယ်ပါ သိမ်ငယ်စိတ်၊ အားငယ်စိတ်တွေနှင့် မမသည် တိုက်ကြီးထဲသို့ရောက်ခဲ့၏။ တိုက်ကြီးထဲရောက်သည်နှင့် ဧည့်ခန်းကြီးကို ဖြတ်ကျော်ကာ မမသည် အပေါ်ထပ်သို့တက်ခဲ့လိုက်သည်။ အပေါ်ထပ်အရောက်မတော့ မမသည် မိမိ၏အိပ်ခန်းထဲသို့ပင်မဝင်တော့၊ မိခင်ရှိရာ အိပ်ခန်းထဲသို့ တန်းဝင်သွားလိုက်လေ၏။

"ဟင် သမီးလေး..မေမေ့ဆီလာတယ်၊ လာ လာ ဘာကိစ္စရှိလို့လဲသမီး၊ သမီးအလုပ်မသွားသေးဘူးလား. . ."

ကြည်လင်ချိုသာ၍ ကြင်နာနွေးထွေးလွန်းသော မိခင်စ[illegible]အား အတွက် မမသည် မျက်ရည်တွေစီးကျလာပြီး မိခင်မျက်နှာ[illegible]ချော



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့သာ ငေးကြည့်နေမိတော့သည်။

"အို သမီးလေးရယ် ဘာဖြစ်လို့လဲကွယ်၊ မေမေညက သားနဲ့ သမီးအပြန်ကို စောင့်ပါတယ်၊ ဒါပေမယ့် မေမေ့လက်တစ်ဘက်နာသွားလို့ ဆေးလူးဆေးသောက်ပြီး အိပ်. . ."

"မေမေ. . ."

မိခင်စကားပင်မဆုံး မမဖြတ်ပြီးခေါ်လိုက်သည်။ ဒေါ်ချယ်ရီသည် အိပ်ယာထက်မှထထိုင်ကာ သမီးချောလေးအား အံ့သြစွာဖြင့် ကြည့်နေမိလေ၏။

"အဟင့် အဟင့် ဟင့်. . ."

"သမီး အိုး သမီးရယ်. . ."

အသံတိတ်ကြိတ်၍ မျက်ရည်တွေကျလာသော်လည်း ရှိုက်သံသည် ပွင့်ထွက်လာရလေသည်။ ဒေါ်ချယ်ရီသည် သမီးလေး၏ အဖြစ်ကိုကြည့်ပြီး မယုံနိုင်အောင်၊ နားမလည်နိုင်အောင် ဖြစ်သွားရ၍ ချစ်သမီးလေးနားလျှောက်ခဲ့ပြီး ထွေးပွေ့ထားမည်အပြု မမသည် ခြေတစ်လှမ်းနောက်ဆုတ်ကာ မိခင်ထံကြေကွဲစွာ ကြည့်လိုက်ပြီးမှ..

"မေမေ. .သမီးသိပ်ရှက်တယ်၊ သိပ်ဂုဏ်နည်းတယ်၊ မေမေ ဘာကြောင့်အဲဒီလိုလုပ်ရတာလဲ၊ မေမေ ဘာကြောင့် အဲဒီလိုလုပ်ရတာလဲ ဟီး ဟီး ဟီး. . ."

ချစ်သမီးအား ထိတို့ချင်၊ ဆုပ်ကိုင်ချင်၊ ထွေးပိုက်ချင်သော်လည်း သမီးကမခံ၍ ဒေါ်ချယ်ရီရွှေသည် လွန်စွာထိခိုက်ရပါသည်။ နားမလည်နိုင်အောင်ဖြစ်ရပါသည်။ မမသည်က မိခင်ထံ မျက်ရည်ပေါက်ကြီးငယ်ကျဆင်းနေသည့် မျက်ဝန်းတို့ဖြင့်ကြည့်ဆဲ. . .

"မေမေ. .ခုမှတော့ ဘာမှမတတ်နိုင်တော့ဘူးလားဟင်၊





ဘယ်လိုမှပြုပြင်လို့မရတော့ဘူးလား၊ ပြန်နောက်ဆုတ်လို့ မရတော့ဘူးလား. . ."

"သမီးလေး ဘာတွေပြောနေတာလဲကွယ်. . ."

"အဟင့် ဟင့် မေမေရယ်၊ မေမေ ဒီတိုက်ကြီးပေါ်ရောက်မှပဲ စိတ်ချမ်းသာခဲ့ရတာလားဟင်၊ မေမေစိတ်ချမ်းသာခဲ့ရတယ်ဆိုရင် ကိုကိုပြောတဲ့စကားတွေက မှန်ပါလိမ့်မယ် မေမေရယ်. . .

သမီးတို့သားအမိကြောင့် ကိုကိုသိပ်စိတ်ဆင်းရဲခဲ့ရတယ်တဲ့၊ သမီးတို့သားအမိကြောင့် ကိုကို့မေမေရူးခဲ့ရတာတဲ့၊ သမီးသားအမိကြောင့် ကိုကိုတို့မိသားစုဘဝလေး ပျက်စီးဆုံးရှုံးနစ်နာခဲ့ရတာတဲ့"

"ဟင် သမီး. .ဒီစကားတွေက. . ."

"ဟုတ်တယ်၊ ဒီစကားတွေက မေမေ့ကို သမီးပြောတာ မဟုတ်ဘူး၊ မမကို ကိုကိုကပြောခဲ့တဲ့စကားတွေပါ၊ တကယ်ပဲ ဒီတိုက်ကြီးပေါ်ရောက်မှ မေမေပျော်ရွှင်ခဲ့ရတာဆိုရင် သမီးကပဲ ကိုကို့ကို ပြန်ပေးဆပ်လိုက်ပါ့မယ် မေမေ. . .

ကိုကိုစိတ်ချမ်းသာဖို့ သမီးအဖွမ်းကုန်ပြန်ပေးဆပ်လိုက်ပါ့မယ်၊ မေမေ့အတွက်ချည်းပဲတော့လည်း မဟုတ်ပါဘူး၊ သမီးကိုယ်၌က ကိုကို့ကိုချစ်လို့၊ ကိုကို့ကိုမုန်းမရလို့၊ ကိုကို့ကိုနာကြည်းလို့မရလို့ပါ မေမေရယ်. . .

ဟိုးအစကတည်းက သမီးက နားလည်တတ်တဲ့အရွယ်သာဆိုရင် ကိုကို့ကို ခုလိုဝေဒနာတွေခံစားရအောင် မလုပ်ခဲ့ပါဘူး၊ မေမေ့ကိုတားမြစ်ခဲ့မှာပါ၊ မရ ရအောင် တားမြစ်ခဲ့မှာပါ၊ ဟုတ်တယ် ဒီမှာ မေမေ. .သမီးအတွက် အမေမရှိလို့ဘာမှမဖြစ်ပါဘူး. . ."

"အို သမီး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဟုတ်တယ်၊ သမီးအတွက် အဖေမရှိလို့ ဘာမှမဖြစ်ဘူး၊ မေမေ့ကို သမီး အဖေရဖို့ မပူဆာခဲ့ပါဘူး၊ မေမေ့ တစ်ယောက်တည်းကိုပဲ သမီးချစ်ပြီး ဘဝတစ်လျှောက်နေလို့ရပါတယ်

မေမေ့ကိုမကျေနပ်ဘူး၊ မေမေ့ကိုမုန်းတယ်လို့လည်း သမီး မပြောနိုင်ဘူး၊ ဒါပေမယ့် မေမေလုပ်ခဲ့တဲ့အလုပ်တွေ၊ မေမေကျေနပ် ခဲ့တဲ့အလုပ်တွေအတွက် မေမေစောင့်ကြည့်၊ မေမေ့သမီးရဲ့ဘဝကို မေမေစောင့်ကြည့် – အီး ဟီး ဟီး. . ."

"အို သမီး သမီး သမီးလေး. . ."

စကားအဆုံး၌ မမကား မျက်နှာကိုလက်ကလေးနှင့် အုပ်ကာ ကြိတ်ငိုရင်း အခန်းထဲမှပြေးထွက်သွားပါပြီ၊ ဒေါ်ချယ်ရီရွှေကား သမီး လေး၏စကားများအား သဘောပေါက်တာတစ်ချို့ မပေါက်တာ တစ်ချို့ အတွေးတို့ဖြင့် ရှက်လန့်ခြင်း၊ စိတ်ထိခိုက်မှုများမဆုံးအောင် ကျန်ရစ်ခဲ့ရလေ၏။

ဒေါ်ချယ်ရီရွှေသည် သမီးလေးနောက်ပြေးထွက်လိုက်သွား ချင်သော်လည်း မနေ့ညကအဖြစ်တွေကြောင့် တစ်ကိုယ်လုံးနာကျင် ကာ ခြေလှမ်းပင်လည်း ကောင်းကောင်းမလှမ်းနိုင်၊ လက်ပင်လည်း မမြှောက်နိုင်အောင်ဖြစ်နေရ၍ စိတ်ထိခိုက်ခြင်းများစွာနှင့် ငိုရှိုက်ကာ ကျန်ရစ်ခဲ့ရရှာပါ၏။

ဒေါ်ချယ်ရီရွှေသည် မိမိချစ်သမီးလေးစကားများအတွက် ရှက်လန့်ခြင်းနှင့် ထိခိုက်ခြင်းများဖြင့် အတန်ကြာသည်အထိ ငိုရှိုက် နေမိပြီးမှ မိမိကိုယ်မိမိ ထိန်းသိမ်းလိုက်သည်။ ငိုထားသည်မှန်းမသိ အောင် မျက်နှာအနေအထားကို ပြုပြင်နေဆဲ အခန်းထဲသို့ ဦးမြတ် ထင်တစ်ယောက် ဝင်ရောက်လာခဲ့လေ၏။





"ချယ်ရီရေ့.ဒီနေ့တော့ အစ်ကို ဟိုတယ်မသွားဘူး၊ အိမ်က အလုပ်ခန်းထဲမှာပဲ စာရင်းတွေလုပ်တော့မယ်၊ ဟိုတယ်မှာ သားလည်း ရှိနေမှာပဲလေ. . ."

"ဟုတ်ကဲ့၊ ဒါဆို အစ်ကို့အဝတ်တွေ ပြန်ထည့်ထားလိုက် တော့မယ်. . ."

ဇနီးသည်၏ စကားသံခပ်တိမ်တိမ်ကြောင့် ဦးမြတ်ထင်သည် ဒေါ်ချယ်ရီ့မျက်နှာဆီ လှမ်းကြည့်လိုက်သည်။ ပြီးမှ. . .

"ချယ်ရီ .ဘာဖြစ်လို့လဲ၊ မျက်နှာလည်း မကောင်းပါလား"

"ရှင် ဘာမှမဖြစ်ပါဘူး အစ်ကို၊ ချယ်ရီကောင်းပါတယ်"

ဒေါ်ချယ်ရီ ပြုံး၍ဆိုသည်။ ပြီးတော့ မျက်နှာလေးလွှဲကာ ဟိုဟိုဒီဒီလုပ်နေလိုက်သည်။ ဦးမြတ်ထင်သည် ဒေါ်ချယ်ရီ၏ လုပ ကျက်သရေရှိသော နောက်ကျောလေးဆီ တစ်ချက်လှမ်းကြည့်လိုက် ပြီးမှ အခန်းထဲမှလှမ်းထွက်သွားသည်။

ဦးမြတ်ထင်သည် ဒေါ်ဝင်းမာစံကို လိုက်၍ရှာသည်။ အပေါ် ထပ်တွင်မတွေ့တော့ ဝရံတာမှ ပန်းခြံထဲကို လှမ်းကြည့်ရှာသည်။ ပန်းခြံထဲတွင်လည်းမတွေ့သည်တွင် ဦးမြတ်ထင်သည် အောက်ထပ်သို့ ဆင်းခဲ့လိုက်၏။ အောက်ထပ်အရောက် ဧည့်ခန်းတွင်လည်း မတွေ့၍ ထမင်းစားခန်းထဲသို့ ဝင်ခဲ့လိုက်၏။ ထမင်းစားခန်းထဲမတော့ ကိုကို သည် မိခင်ကိုမနက်စာကောင်းစွာကျွေးမွေးပြုစုနေသည်ကို ဦးမြတ် ထင်တွေ့လိုက်ရ၏။

ဦးမြတ်ထင်သည် သားအမိနှစ်ယောက်ထံ ကြည့်လိုက် သည်။ ဦးမြတ်ထင်အကြည့်သည် အကြင်နာတရားမဲ့နေသည်ဆိုခြင်း ထက် နာကြည်းနေသည့်အကြည့်မျိုးပါ။ ဒေါ်ဝင်းမာစံသည်ကား ခင်ပွန်း



www.burmeseclassic.com

www.burmeseclassic.com



သည်ကိုတွေ့သည်တွင် ကြောက်ရွံ့တုန်လှုပ်ဟန်ဖြင့် သားကိုဖက်ထား လိုက်သည်။

ကိုကိုသည် ထိုသို့သောမိခင်အဖြစ်ကို ခံစားရဆုံးပါ။ မိမိအားဖက်ထားသည့် မိခင်ကို ကိုကိုသည် ကြင်နာစွာထွေးဖက်ထား လိုက်ပြီး ဖခင်ထံလှမ်းကြည့်နေလိုက်သည်။ ဦးမြတ်ထင်သည် နဂါးအမောက်ထောင်နေသည့် ဟန်မျိုးရှိသည့်သားအသွင်ဆီကြည့်ပြီး နားလည်လိုက်သည်။ ပြီးမှ ဒေါ်ဝင်းမာစံထံ လက်ညှိုးထိုးလိုက်ပြီး–

"မင်းကောင်းကောင်းနေပါ၊ မင်းကောင်းကောင်းမနေရင် မင်းကိုဆေးရုံပြန်ပို့မယ် . . ."

"အင်း အင်း အင်း . . ."

ဦးမြတ်ထင်ဆိုတော့ ဒေါ်ဝင်းမာစံသည် သားကို တိုး၍ဖက်ကာ ကြောက်ရွံ့နေ၏။ တစ်ကိုယ်လုံးကြောက်လွန်း၍ တုန်နေသည့် မိခင်အဖြစ်ကြောင့် ကိုကိုသည် ဖခင်ထံတည်တင်းစွာ လှမ်းကြည့်လိုက်ပြီး . . .

"ဖေဖေ . ဒီလောက်ထောင်လည်း မေမေ့ကို မဖိနှိပ်ထားပါနဲ့၊ မေမေ ဘာဖြစ်နေတယ်ဆိုတာလည်း ဖေဖေသိတာပဲ၊ အခုတစ်အိမ်လုံး စိတ်ချမ်းသာနေကြတာပဲမဟုတ်လား၊ မေမေ့ကိုလည်း စိတ်ချမ်းသာအောင်ထားဦးမှပေါ့ . . ."

"ဟွန်း ငါ့သား . မင်းက အဖေ့သားပါကွာ၊ မင်း အဖေ့အကြောင်းကိုသိကောင်းသိမယ်၊ မင်းရဲ့အမေအကြောင်းကိုတော့ မင်းမသိပါဘူး၊ သားနဲ့အမေကိုတော့ အဖေဘာမှမပြောလိုဘူး၊ ငါ့သားသိထားဖို့က မင်းအမေအကြောင်းကို ကောင်းကောင်းသိတဲ့လူက အဖေပဲဆိုတာ အဲဒီစကားကိုမင်းမှတ်ထားပေးပါ . . ."





စကားအဆုံး ဦးမြတ်ထင်သည် ထမင်းစားခန်းထဲမှ လှည့်ထွက်သွားလိုက်တော့သည်။ ကိုကိုသည် ဖခင်၏နောက်ကျောဆီ လှမ်းကြည့်ပြီး အတွင်းသွားများ စေ့ကြိတ်ကာ ကျန်ရစ်ခဲ့လေ၏။

× × × × ×

"သူဌေး သူဌေး . မမ မရှိတော့ဘူး၊ မမ သူ့အခန်းထဲမှာ မတွေ့ဘူး၊ မမဘယ်ထွက်သွားပြီလဲမသိဘူး၊ ဘယ်လိုလုပ်မလဲ သူဌေး..."

အလုပ်သမားအမျိုးသမီး ဘုတ်ဆုံမတစ်ယောက် စိုးရိမ်တကြီးနှင့် အပြေးအလွှားလာရောက်ပြောတော့ တစ်ချက်မျှသာ လှမ်းကြည့်လိုက်ပြီး . . .

"စိတ်ပူစရာမလိုဘူး၊ ခင်ဗျားအလုပ်သာ ခင်ဗျားလုပ်ပါ၊ သူ့ကိုအချိန်တန်ရင် ခင်ဗျားပြန်တွေ့မှာပဲ၊ သူကရှုးတယ်ဆိုပေမယ့် သူ့အကြောင်းသူသိတယ်၊ အဲဒါခင်ဗျားသိလား . . ."

ထိုမျှသာဆိုပြီး ဦးမြတ်ထင်သည် တစ်ဘက်သို့လှည့်နေလိုက်တော့သည်။ ဘုတ်ဆုံမမှာ မိမိ၏သခင်မအတွက် မကျေမနပ်ဖြစ်ကာ ဦးမြတ်ထင်ကို မဲ့ရွဲ့တွန့်တဲ့ကာ ကြည့်နေလိုက်သည်။

"ဆရာ ဆရာ . သူဌေး သူဌေး . . ."

"ဟဲ့ မချစ် . ဘာဖြစ်လာတာလဲ . . ."

မချစ်၏ပျာပျာသလဲအသွင်ကြောင့် ဒေါ်ချယ်ရီပါ စိုးရိမ်သွားရသည်။ မချစ်မှာလည်း စိုးရိမ်တကြီးဖြစ်ရင်း . . .

"သူဌေး . မမလေး–သမီးမမ မရှိဘူး၊ ညကလည်း ပြန်အိပ်ပုံမရဘူး၊ အခုလည်း အလုပ်သွားပုံမရဘူး၊ မနက်စာစားတာလည်း



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဘူး၊ ပြီးတော့ မနက်ကအစောကြီးအပြင်ကပြန်လာတာနဲ့ တွေ့တယ်၊ တွေ့လိုက်တယ်၊ ပြီးတော့ ပြန်ပြေးထွက်သွားတာလည်း တွေ့တယ်. . ."

"ဟင် သမီးလေး . . ."

မချစ်စကားတွေကိုနားထောင်ပြီး ဒေါ်ချယ်ရီသည် မျက်နှာအပျက်ကြီးပျက်နေရသည်။ တစ်ဆက်တည်းလည်း မနက်က သမီးလေးပြောသည့်စကားတွေကို ပြန်လည်ကြားယောင်ကာ ဒေါ်ချယ်ရီသည် စိတ်ထိခိုက်ဝမ်းနည်းမိရလေ၏။

"ဘာပြောတယ်၊ သမီး ညကတည်းက အိမ်မှာမရှိဘူးဟုတ်လား၊ သားကဘယ်မှာလဲ၊ သားကဘာလုပ်နေလဲ၊ ကျွတ်တော်တော်ခက်ကြတာပဲ. . ."

ပြောပြောဆိုဆိုနှင့် ဦးမြတ်ထင်သည် သားဖြစ်သူကိုကို့ထံဖုန်းလှမ်းဆက်လိုက်သည်။

"ဟဲလို သား ကိုကို .မင်းတို့ဘယ်လိုဖြစ်ကြတာလဲ၊ လက်ထပ်ပြီးတာ ဟန်းနီးမွန်းခရီးတောင်မထွက်ရသေးဘူး၊ သားတို့ကရှေ့နဲ့နောက်ဖြစ်နေကြပြီလား၊ အခုသမီးမမကအိမ်မှာမရှိဘူး၊ ညကတည်းက အိမ်မှာမရှိတာ၊ သမီးမမကို မင်းတွေ့အောင်ရှာပြီး အိမ်ပြန်ခေါ်ခဲ့၊ ဒီမှာမင်းဒေါ်လေးလည်း စိတ်ပူနေတယ် ဒါပဲ. . ."

စကားအဆုံး ဦးမြတ်ထင်သည် ဖုန်းကိုပိတ်လိုက်သည်။ ပြီးတော့ ခြံထဲမှအလုပ်သမားတွေအားလုံးကိုခေါ်ပြီး သမီးမမကို ရှာဖွေခိုင်းလိုက်၏။ အိမ်တွင် ဦးမြတ်ထင်တစ်ယောက် စိုးရိမ်စိတ်တွေနှင့် စိတ်အလိုမကျရှိကာ စိတ်တိုနေဆဲအချိန်များ၌. . .

နှင်းဆီပြာဟိုတယ်ကြီး၏ စီအီးအိုရုံးခန်းကြီးထဲတွင်မလည်း





ကိုကိုသည် မမသတင်းကြားလိုက်ရ၍ စိတ်တွေမငြိမ်မသက်ဖြစ်သွားရသော်လည်း သူသည် သူ့စိတ်တွေကို ဖိနှိပ်ထိန်းချုပ်ထားဟန်ရှိလေ၏။ သူ့အသွင်သည် တည်တင်း၍နေသည်။ သူ စိတ်လည်းတိုသည်၊ စိုးရိမ်စိတ်တွေလည်းဖြစ်နေပုံပါ။ ခင်စပယ်ရှိရာ ကော်ဖီဆိုင်သို့ သူ ဖုန်းလှမ်းဆက်လိုက်သည်။

"မင်္ဂလာပါ သူဌေး. . ."

"မမ အလုပ်မလာဘူးလား၊ အခုမမဘယ်မှာလဲ. ."

"မလာဘူး သူဌေး၊ သူ့အဖေနဲ့သွားတွေ့ဦးမယ်လို့ပြောတယ်၊ ညကလည်း မမ ကျွန်မဆီရောက်လာတယ်၊ ဘာမှမေးလို့မရဘူး. . ."

"ကျေးဇူးပါပဲ၊ လိုအပ်မှဖုန်းထပ်ဆက်ပါမယ်. . ."

"ဟုတ်ကဲ့ပါ သူဌေး. . ."

တစ်ဘက်မှ ခင်စပယ်ပြောသည့်စကားတွေကို သူ သေချာစွာနားထောင်သည်။ စကားအဆုံး သူ ဖုန်းကိုပိတ်ပြီး အပေါ်အင်္ကျီနှင့်ကားသော့ကိုယူကာ ရုံးခန်းထဲမှ အမြန်ဆုံးလှမ်းထွက်သွားလိုက်ပါတော့၏။

x x x x x

ဦးလင်းနှင့် သမီးဖြစ်သူဝင်းနုချိုတို့သားအဖနှစ်ယောက်မှာ အံ့ဩမဆုံးသောအကြည့်တွေနှင့် ဒေါ်ဝင်းမာစံထံကြည့်နေဖြစ်ကြလေ၏။

ဒေါ်ဝင်းမာစံသည် ဘယ်ခြေပေါ် ညာခြေချိတ်ကာ စီးကရက်ကို ဟန်ပါပါသောက်နေလိုက်သည်။ ထိုပုံစံက ဒေါ်ဝင်းမာစံ၏



www.burmeseclassic.com

www.burmeseclassic.com



ပုံစံအမှန်ဖြစ်ကြောင်း ဦးလင်းနိုင် သိသည်။ သို့သော်လည်း ဦးလင်းနိုင်သည် ဇဝေဇဝါဖြစ်နေရ၏။ ဒေါ်ဝင်းမာစံသည် နှုတ်ခမ်းနီတွေကို ရဲရဲကြီးဆိုးထားပြီး ဆံပင်တွေကို ဖားလျားချထားသည်။

မျက်လုံးအစုံက တည်ငြိမ်နက်နဲစွာကို၏။ ထိုအထဲ ဒေါသရိပ်ကပါ ဝင်စွက်နေသည်ဟု ဦးလင်းနိုင်ထင်နေ၏။ ဝတ်ထားသည့် ဝတ်စုံက လက်ပြတ် အနီရဲရဲဂါဝန်ရှည်ဖြစ်သည်။ ဒေါ်ဝင်းမာစံသည် ဖြူဆွတ်သောအသားနှင့် ရုပ်ရည်လည်း ချောမောလှပပြီး ခေတ်လည်း မီသော အမျိုးသမီးတစ်ယောက်ပါ။

"ဟဲ့ လင်းနိုင်၊ သမီးဝင်းစုချို. . ."

"ဟင်!. . ."

"ရှင်. . ."

ဒေါ်ဝင်းမာစံခေါ်တော့ သားအဖနှစ်ယောက် တအံ့တသြဖြစ်ကာ ပြိုင်တူထူးဖြစ်ကြသည်။

"နင်တို့သားအဖကလည်း ငါ့ကိုကြည့်နေတာများ အရူးတစ်ယောက်လိုပဲ. . ."

"အင်. . ."

ထိုစကားအတွက် သားအဖနှစ်ယောက်မှာ ပို၍မျက်လုံးတွေပြူးကြရပြန်သည်။ စိတ်ထဲလည်း ဇဝေဇဝါပိုဖြစ်သွားကြရ၏။

"ဟင်း နင်တို့စိတ်ထဲ ငါ့ကိုရူးမှရူးရဲ့လားလို့ ထင်နေကြယ်မဟုတ်လား၊ အေး ငါကလည်း ရူးမှမရူးဘဲ. . ."

"ဟင် ဝင်းမာ. .နင် မရူးဘူး ဟုတ်လား. . ."

"ဟုတ်တယ်၊ ငါမရူးဘူး၊ ငါဟန်ဆောင်နေတာ၊ သူတို့ကို ငါ ဂလဲ့စားချေဖို့၊ ငါအနိုင်ယူဖို့အတွက် ငါနှစ်ပေါင်းများစွာ ဟန်





ဆောင်နေလာခဲ့တာ. . ."

"ဟား ဝင်းမာစံ. .နင်တော်တော် တော်တဲ့မိန်းမပဲဟာ၊ ငါတို့တစ်ချက်ကလေးမှ မရိပ်မိဘူးဟာ ၊ တကယ်ပဲ. . ."

"အေး အဲဒီလိုမရိပ်မိအောင်လည်း ငါကအစွမ်းကုန်ရူးပြခဲ့ရတာလေ၊ အခုငါ့အလှည့်ရောက်ပြီ၊ ငါ့သားကလည်း သူတို့တွေကို တုံ့ပြန်မှုပေးနေပြီ၊ သူတို့ဆီကလျော်ကြေးတွေတောင်းနေပြီ၊ သူတို့ကို ခံစားမှုတွေ စပေးနေပြီဆိုတာ ငါသိတယ်၊ ဒါကြောင့် ငါကလည်း ငါ့ရဲ့သားကိုပိုပြီးဖိအားပေးထားတယ်. . .

ငါမရူးဘူးဆိုတာ ငါ့သားမသိစေရဘူး၊ ငါ့အတွက် ငါ့သားဟာ သူတို့ကိုဂလဲ့စားကောင်းကောင်းချေရမယ်၊ အခု ငါ နင်တို့ဆီလာတဲ့ကိစ္စ သိလား. . ."

"ဟင့်အင်း. . ."

ဒေါ်ဝင်းမာစံစကားတွေကို နားထောင်ပြီး အခြေအနေအရ ကြံစည်နေတတ်သည့် ဦးလင်းနိုင်တစ်ယောက် ဒေါ်ဝင်းမာစံပြောလာမည့်စကားတွေကို စိတ်ဝင်တစားနားစွင့်ထားနေဖြစ်၏။ ထို့အတူပင် သမီးဖြစ်သူ ဝင်းစုချိုကလည်း မျှော်လင့်ချက်တွေနှင့် နားစွင့်နေသည်ပါ။

"နင်တို့သားအဖ ငါနိုင်းသလိုလုပ်၊ ငါနဲ့ပူးပေါင်း. . ."

"ဟုတ်ကဲ့ပါ အန်တီလေး၊ ဝင်းစုလည်း အန်တီလေးအတွက် တကယ်မခံနိုင်ပါဘူး၊ ဝင်းစုဘာလုပ်ပေးရမလဲဟင်. . ."

"အန်တီက သားကို သမီးဝင်းစုနဲ့ပဲ သဘောတူတယ်၊ ဒီတော့ သမီးအနေနဲ့ သားကိုရတဲ့နည်းနဲ့ချဉ်းကပ်ပါ၊ အန်တီကိုယ်တိုင်လည်း အခွင့်ကောင်းရဖို့ကူညီမယ်. . ."

"ဟုတ်ကဲ့ အန်တီလေး၊ ခုနောက်ပိုင်း ကိုကိုက ဝင်းစုကို



www.burmeseclassic.com

www.burmeseclassic.com



တော်တော်လေးတော့ အလေးထားနေပါတယ်. . ."

"အေး ဆက်ပြီးကြိုးစား၊ လက်ထပ်ရဖို့အထိ သမီးကြိုးစားသွားရမယ်. . ."

"ဟုတ်ကဲ့ပါ အန်တီလေး၊ ဝင်းစုကလည်း ကိုကို့အပေါ်မှာ ငယ်ငယ်ကတည်းက သံယောဇဉ်ကြီးခဲ့တာပါ၊ ဝင်းစုလည်း ကိုကို့ကို လက်လွှတ်မခံနိုင်ပါဘူး၊ ဝင်းစုဖြစ်အောင်ကြိုးစားပါ့မယ်. . ."

"ဟုတ်ပြီ၊ အန်တီလေးကျေနပ်တယ်၊ လင်းနိုင်. . ."

"ဟင် ပြော. . ."

"နင်နဲ့ငါက လုပ်ငန်းတွေအားလုံး ငါတို့လက်ထဲရောက်ဖို့ ကြိုးစားရမယ်၊ အဲဒီအတွက် သူဘာတွေလုပ်ထားတယ်ဆိုတာသိဖို့ ရှေ့နေဦးဖော်ကြည်ကို အရင်ဆုံးပေါင်းရမယ်. . ."

"ဒီလူကသစ္စာရှင်နော်၊ ပြီးတော့ သိပ်စေ့စပ်တာ၊ ပေါင်းဖို့တော့မလွယ်ဘူး၊ အချိန်ပဲကုန်မယ်၊ အချိန်ကုန်ခံမယ့်အစား ရှင်းပစ်လိုက်တာကမှ ပိုပြီးကောင်းဦးမယ်. . ."

"အေး နင်ပြောတာလည်းမှန်တာပဲ၊ အခွင့်အရေးရဖို့ ငါ ကြံလိုက်ဦးမယ်၊ သူ့စရိုက်နဲ့သူသွားဖို့ပေါ့၊ နင်လည်းစဉ်းစားပေးဦး"

"အေးပါ၊ ငါစိတ်ကူးရရင်လည်း နင့်ကိုပြောမယ်. . ."

"အင်း. .ငါ အဲဒီသားအမိရဲ့ဘဝ စုတ်ပြတ်သတ်သွားတာကို မြင်ချင်တယ်၊ ပြီးတော့ မြတ်ထင်ဆိုတဲ့အကောင် ့ လည်း ပညာကောင်းကောင်းပြန်ပေးရမယ်၊ သူ့စိတ်ထဲမှာ ငါက သူ့ကိုအရူးအမူးဖြစ်နေတယ်လို့များ သူထင်နေလားမသိဘူး၊ ... ငါအရူးအမူးဖြစ်နေတာက သူ့ကိုမဟုတ်ဘူး၊ သူ့စည်းစိမ်တွေကိုပ. . .

မြတ်ထင်ဆိုတဲ့အကောင်က အလကားကောင်၊ ဘာမှ အသုံး





မကျတဲ့အကောင်၊ သိပ်ပျင်းဖို့ကောင်းတဲ့အကောင်၊ သူ့အလုပ်တွေ လောက်သာ စိတ်ဝင်စားတဲ့အကောင်. . ."

"နင်တို့တွေက အချင်းချင်းချစ်ကြိုက်လို့ ယူခဲ့ကြတာပဲ မဟုတ်လား ဝင်းမာရာ. . ."

"ဟုတ်တယ်၊ အဲဒီတုန်းက မသိလို့ယူခဲ့တာ၊ သူက ချစ်သူလည်းချစ်သူ၊ ချမ်းလည်းချမ်းသာတဲ့သူကို ငါမှမယူရင် ငါမိုက်မဲရာကျသွားမှာပေါ့ဟဲ့. . ."

"ဟား ဟား ဟား. .အေးပါ အေးပါ ငါသဘောပေါက်ပါပြီ ဝင်းမာရာ. . ."

လူကြီးတွေစကားပြောဆဲ ဝင်းစုချိုက ဘီးတစ်ချောင်းယူကာ ဒေါ်ဝင်းမာစံ၏ဆံပင်တွေကို ညင်သာစွာဖြီးသင်၍ပေးသည်။ ဒေါ်ဝင်းမာစံသည် ဝင်းစုချိုအား ကျေနပ်စွာပြုံးကြည့်သည်။

"သမီး. .အန်တီ့ဆံပင်ကို ရှင်းအောင်မဖြီးနဲ့. . ."

"ဟုတ်ကဲ့ပါ အန်တီလေး၊ အန်တီလေးဆံပင်တွေက သိပ်လှတာပဲ. . ."

"သမီးက အန်တီလေးကိုလာပြီးကြည့်ရှု ပြုစုတယ်ဆိုပြီး နေ့တိုင်းလာခဲ့နော်၊ ဒါမှကိုကိုနဲ့နီးစပ်မှာ. . ."

"ဟုတ်ကဲ့ပါ အန်တီလေး. . ."

"လင်းနိုင်. .နင်နဲ့ငါ အရေးကြီးရင်ကြီးသလို အဆက်အသွယ်အမြဲလ ့မယ်. . ."

"အေးပါ. . ."

"ကဲ ဒါဆို ငါပြန်တော့မယ်. . ."

"ဩော် ဝင်းမာ. .ဟိုရှေ့နေကိစ္စ နင်လည်းစဉ်းစား၊ ငါလည်း



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားမယ်. . ."

"အေးပါ၊ ကဲ ငါသွားပြီ. . ."

စကားအဆုံး အရှုံးကြီးပုံဖြစ်အောင် ခေါ်ဝင်းမာစံသည် နှုတ်ခမ်းနီတွေကို ပေရေပွထအောင် ထပ်ဆိုးလိုက်သည်။ ဆံပင်တွေကို ပွရောင်းအောင်ဖွပစ်ပြီး ဘီး၊ မှန်၊ ပန်းနှင့် နှုတ်ခမ်းနီတောင့်တွေကို လက်နှစ်ဘက်ကကိုင်ကာ လှမ်းထွက်သွားလိုက်ပါတော့၏။

"ဟား ဟား ဟား. . ."

ခေါ်ဝင်းမာစံလှမ်းထွက်သွားသည်ကို ကြည့်ပြီး ဦးလင်းနိုင်တစ်ယောက် အားပါးတရကြီးအော်ရယ်ပစ်လိုက်ပါတော့၏။ ဝင်းစုရှိုက ဖခင်ထံ နားမလည်စွာလှမ်းကြည့်သည်။ မှန်သည်၊ ဦးလင်းနိုင်သည် သူ၏အားပါးတရ ရယ်မောခြင်းအား သူ့ကိုယ်သူပင် အသိဆုံးမဟုတ်ပါတကား။

× × × × ×

ဖေဖေ. .သမီးကတကယ်မသိတာပါ၊ တကယ်မသိခဲ့တာပါ ဖေဖေရယ်၊ ဖေဖေမရှိတော့တဲ့အချိန်မှာ မေမေ့အနေနဲ့ အခက်အခဲတွေ ရှိတော့ရှိခဲ့မှာပါ၊ ဒါပေမယ့် သမီးမှတ်မိတာ မေမေလည်းကောင်းမွန်စွာနေခဲ့ပါတယ်. . .

သမီးအတွက် အဖေမရှိလို့လည်း ဘာမှမဖြစ်ပါဘူး ဖေဖေရယ်၊ မေမေ့ကိုလည်း ဖေဖေလိုချင်ပါတယ်လို့ သမီးမပူဆာခဲ့ပါဘူး၊ ခုလိုပြဿနာတွေဖြစ်လာမယ်မှန်းသိရင် သမီး မေမေ့ကိုတားခဲ့မှာပါ ဖေဖေရယ်. . .

ခုတော့ ခုတော့ သမီး ဒုက္ခဖြစ်နေပြီ ဖေဖေ၊ သမီးဘာလုပ်





ရမလဲ ဖေဖေ၊ သမီးဘာလုပ်ရမလဲဟင်. . .အဟင့် ဟင့် ဟင့်...။

ရွှေတိဂုံဘုရားတွင် ကဗျည်းထိုးလှူဒါန်းထားပေးသည့် ဖခင်ဦးအဂ္ဂကျော်၏အမည်ဆီကြည့်ပြီး မမတစ်ယောက် ရင်ထဲအသည်းထဲမှ လှိုက်လှဲမြည်ကြွေးစွာဖြင့် ရေရွတ်နေခြင်းပါ။ မျက်ရည်တွကလည်း မိုးပြင်းများတဝေါဝေါရွာသွန်းသကဲ့သို့ ရှိရှာလေ၏။

ထိုနေရာလေးတွင် မမတစ်ယောက် ထိုင်နေခဲ့သည်မှာ နာရီပေါင်းများစွာကြာနေပါပြီ။ ယခု မိုးပင်စုန်းစုန်းချုပ်ပြီ၊ မမသည် နေရာမှ မရွေ့လျားဖြစ်သေးပါ။

"ဖေဖေ. .သမီးအိမ်ကိုမပြန်ချင်ဘူး၊ မေမေ့ကိုတွေ့ရင် သမီးရှက်တယ်၊ အားလည်းငယ်တယ် ဖေဖေရယ်၊ ဒါပေမယ့် သမီးပြန်ရမယ်၊ ဘာကြောင့်လဲဆိုတော့ သမီးပြန်ပေးဆပ်ရမယ်လေ၊ ကိုကိုခံစားခဲ့ရသလို သမီးလည်းပြန်ခံစားပေးမှ တရားမယ်မဟုတ်လား ဖေဖေရယ်. . .

ကိုကိုကလည်း သမီးတို့သားအမိကို အဲဒီလိုပြန်ခံစားစေချင်တာပါတဲ့၊ ဖေဖေ. .သမီးဆုံးဖြတ်ပါတယ်၊ ကိုကိုဖြစ်စေချင်တဲ့အတိုင်းပြန်ပေးဆပ်ပါ့မယ်လို့၊ ကိုကိုလုပ်သမျှ သမီးအပြုံးနဲ့ပဲလက်ခံပေးပါ့မယ် ဖေဖေရယ် အင့် အဟင့် ဟင့်. . ."

မမတစ်ယောက် စကားတွေဆိုရင်း ရှိုက်၍ငိုသည်။ ထိုအနိုက် [illegible]အား တစ်နေကုန်လိုက်ရှာနေသည့် ကိုကိုသည် မမနောက်သို့ရောက်[illegible]လေ၏။ မမကိုတွေ့သည်တွင် သူသည် မျက်ရည်တွေနှင့် [illegible]တွေနှင့် ကြည့်နေဖြစ်လေ၏။ အတန်ကြာမှ ကိုကိုသည် မမလက်ကလေးတစ်ဘက်အား ဆတ်ခနဲဆွဲကာ ခေါ်ထုတ်သွားလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အို ဟင်. .ကိုကို. . ."

"မင်းတော်တော် ငါ့ကိုဒုက္ခပေးတာပဲ၊ မင်းတို့သားအမိ ငါတို့သားအမိကို ဘယ်အထိဒုက္ခပေးနေဦးမှာလဲ၊ မင်းတို့ဒုက္ခပေးလို့ မာရေးဘူးလားကွ၊ အခု မင်းကို ငါဘယ်လောက်တောင်ရှာခဲ့ရလဲ ဆိုတာ မင်းသိလား သိလား. . ."

"အို အမလေး . . ."

သူစကားတွေ ဒေါသနှင့်ဆိုရင်း မမလက်မောင်းဆီ ဆုပ်ညှစ်ကိုင်ကာ ဆွဲလှဲတွန်းခါပစ်လိုက်၍ မမသည် စက်လှေကားထစ်များမှ အရှိန်နှင့် လေးငါးဆင့်ခန့်ကျသွားရသည်။ သတိထားပြီး မမသည် လက်ကိုင်ဆီမြဲမြဲစွာဖမ်းဆုပ်ကိုင်ထားမိမှပင် အရှိန်ရပ်သွားလိုက်ရရှာပါ၏။

မမသည် ဝမ်းနည်းစွာ မျက်ရည်များကျလာသည်ကို ကိုကို မမြင်အောင် ခိုးသုတ်ပြီးမျက်နှာလေးကို ခပ်ငုံ့ငုံ့လေးထားလိုက်သည်။ မမအသွင်လေးဆီကြည့်ပြီး ကိုကိုသည်လည်း ရင်ဝယ်ရှိုက်ငိုနေမိသလိုပါ။ သို့သော်လည်း ကိုကိုမျက်နှာသည်က တင်းမာခက်ထန်နေရပါချေ၏။

ကားရပ်ထားရာဆီသို့ သူတို့လျှောက်ခဲ့သည်။ ကိုကိုသည် မမကိုကျော်ကာ ရှေ့မှလျှောက်သွားသည်။ လျှောက်ရင်းနှင့် နောက်ကျနေသည့် မမထံပြန်လှည့်ကြည့်သည်။ ပြီးတော့ ကိုကိုသည် မမထံ ပြန်လျှောက်လာပြီး မမလက်ကို ဆောင့်ခနဲဆွဲကာ ခြေလှမ်းကျဲကြီးတွေနှင့် ဆွဲခေါ်သွားတော့ မမခြေလှမ်းများသည် လိုက်မမီအောင်ဖြစ်ရ၏။

"အင့်. .အို. . ."





တစ်ချိုဖြင့် မမသည် ဝမ်းလျားမှောက်ကာ လဲကျသွားပါတော့၏။ ကိုကိုဆွဲထား၍ မမလက်ကလေးကစ်ဘက်က တန်းလန်း။ မမသည် နာကျင်လွန်းသည်ကို ကြိတ်၍ခံသည်။ ကိုကိုသည် မမလက်ကလေးကိုဆောင့်လွှတ်ချလိုက်ပြီး. . .

"ဒီလောက်တောင်ဖြစ်နေလည်း နေခဲ့တော့၊ ငါ့အမေလည်း ဘယ်ထွက်သွားလဲမသိဘူး၊ မင်းနဲ့ပဲ အချိန်ကုန်မခံနိုင်ဘူး၊ ငါ့အမေကိုလည်း ရှာရဦးမယ်. . ."

စကားအဆုံး ကိုကိုသည် ကားရှိရာသို့ ခြေလှမ်းကျကြီးတွေနှင့် လှမ်းထွက်သွားတော့ မမသည် နာကျင်သည်ကိုမှ အမှုမထားနိုင်၊ ကိုကို့နောက် ပြေးလိုက်ရှာရင်း. . .

"ကိုကို. .ကိုကို မထားခဲ့ပါနဲ့၊ မထားခဲ့ပါနဲ့ ကိုကို၊ ကိုကို. . ."

မမပြေးလိုက်ခေါ်သော်လည်း ကိုကိုကား ကားမောင်း၍ထွက်သွားပါလေပြီ။ ကိုကိုသည် စိတ်ကိုတင်းပြီး နောက်သို့တစ်ချက်ပင် လှည့်မကြည့်၊ ကားကိုမောင်းနှင်ထွက်ခဲ့လေ၏။ မမသည် ကိုကို့ကို ပြေးလိုက်၍မမှီတော့၍ တစ်လှမ်းချင်းပင် လျှောက်လှမ်းမိတော့သည်။ လမ်းမကြီး၏ တစ်နေရာအရောက်မတော့. . .

"အို ဒုက္ခပါပဲ၊ ငါ့ကို ညဘက်လှုပ်ရှားနေတဲ့ မိန်းကလေးလို့ ထင်တော့မယ်. . ."

အမျိုးသားသုံးယောက်၏ အကြည့်တွေက ခပ်လှမ်းလှမ်းမှာကတည်းက မမကိုလှေ့လာခဲ့ကြသည်ကိုတွေ့၍ မမမှာ ဒူးတွေ တဆတ်ဆတ်တုန်သည်အထိ ထိတ်လန့်ကြောက်ရွံ့နေရရှာပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . ."

"အမေ့. . ."

ဟိုကခေါ်လိုက်သည်တွင် မမလန့်တုန်တက်သွားရသည်။ မမ၏ကြောက်ရွံ့နေသည့် အသွင်လေးကြောင့် တစ်ဘက်က ပို၍ ရဲတင်းလာပြီး မမအနားသို့ဝိုင်း၍ ချဉ်းကပ်လာကြတော့သည်။

"အို ရှင်တို့ထင်သလိုမဟုတ်ပါဘူး၊ ရှင်တို့လမ်းရှင်တို့ သွားကြပါ. . ."

"ဟဲ ဟဲ ဟဲ. ညီမလေးက သိပ်ချစ်စရာကောင်းလွန်းလို့ပါ"

"ဟုတ်တယ်၊ အစ်ကိုတို့က စိတ်ဝင်စားမိလို့ပါ ဟဲ ဟဲ၊ အစ်ကိုတို့နဲ့လိုက်ခဲ့နော်. . ."

"ရှင်တို့တရားလွန်နေပြီ၊ လူရမ်းကားတွေ့သွား သွားကြ"

မမအော်ဟစ်ရင်း မျက်ရည်တွေကျလာသည်။ ထိုအခိုက် ခပ်လှမ်းလှမ်းမှ ကားမီးရောင်ကို မမရော လူရမ်းသားသုံးဦးကပါ တွေ့လိုက်ကြသည်နှင့်. . .

"ဟော့ ကောင်မလေးကို မမြင်အောင်ကွယ်ထားလိုက်.."

တစ်ယောက်ကဆိုသည်တွင် နှစ်ယောက်က မမကိုချုပ်ကိုင်ပြီးကွယ်ထားသည်မို့ ကြိုးစားကြသည်။ မမကလည်း စလင်းဘက်နှင့် မျက်နှာတွေကိုရိုက်ပြီး အရဲစွန့်ကာ ကားလမ်းမကြီးပေါ်သို့ ပြေးထွက်ရပ်လိုက်တော့သည်။

"ကျွီ ကျွီး. . ."

ကားသည်လည်း ခပ်လှမ်းလှမ်းကတည်းက ထိုလူသုံးလေးယောက်ဆီ သတိထားကြည့်ကာ မောင်းနှင်လာသည်မို့ မမ လမ်းမပေါ်ထွက်ရပ်သည်နှင့် ဘရိတ်နင်းပြီး ရပ်ပြီးသားဖြစ်သွားတော့၏။





"ကျွန်မကို ကူညီပါရှင်၊ ဒီလူတွေက လူရမ်းကားတွေပါ"

"ဟင် မမ. . ."

"ဟော့ မဆိုင်ရင်ဝင်မရှုပ်နဲ့၊ ငါ့မိန်းမရန်ဖြစ်ပြီး အိမ်ပေါ်က ဆင်းလာလို့လိုက်ခေါ်တာကွ. . ."

လူရမ်းကား၏စကားကြောင့် မမရော ကားထဲမှ ချစ်ဦးပါ ဒေါသထောင်းခနဲထွက်သွားရသည်။ ချစ်ဦးသည် ကားထဲမှ လိုင်စင်နှင့်ကိုင်သည့် သေနတ်ကိုဆွဲထုတ်လိုက်ပြီး ကားပေါ်မှဆင်းလိုက်ရင်းကွ. . .

"ငါ့နမကိုတောင် မိန်းမလို့ပြောရဲတဲ့ကောင်၊ ဘယ်မှာလဲ ကဲ လာ တွေ့မယ်၊ ဒီသေနတ်ကိုအတုလို့ထင်ရင် စမ်းကြည့်လိုက်"

"ဟင် ဟာ. . ."

ချစ်ဦးစကားနှင့် ချစ်ဦးလက်ထဲမှ သေနတ်ကိုတွေ့၍ လူရမ်းကားတွေပြေးပါပြီ။ မမကား မမျှော်လင့်ဘဲ ချစ်ဦးကိုတွေ့လိုက်ရ၍ ဝမ်းနည်းဝမ်းသာဖြစ်သွားရရှာ၏။

"အို ကိုချစ်ဦး. . ."

"အေး ငါ့အမှုသည်အိမ်က ပြန်လာတာ၊ လာ မြန်မြန် ကားပေါ်တက်၊ ဘယ်လိုဖြစ်ရတာလဲ. . ."

"အဟင့် ဟင့် ဟင့်. . ."

မမကား ရှိုက်ကြီးတငင်ငိုချဖြစ်လိုက်ရှာပါတော့၏။ ပြီးမှ မမ၏ကြေကွဲမဆုံးပြောပြသည့် စကားများအတွက် ချစ်ဦးသည် မယုံကြည်နိုင်အောင်ဖြစ်ကာ နားထောင်ရင်း ဒေါသများထွက်နေရပါတော့၏။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



"ကရင်း ရင်း ရင်း. . ."

ညဘက်မို့ လမ်းရှင်းလို့သာပါ။ စိတ်တွေယောက်ယက်ခတ်ကာ ကားမောင်းလာသည့် ကိုကိုသည် မီးလင်းသည်အထိဖွင့်ထားသည့် စားသောက်ဆိုင်တန်းများရှေ့အရောက် ဖုန်းမြည်၍ဖုန်းကိုနားထောင်လိုက်သည်။

"သားလား. .မင်းအမေတော့ အိမ်ပြန်ရောက်နေပြီ၊ မင်းမိန်းမကိုပဲတွေ့အောင် ရှာခေါ်ခဲ့တော့ ဒါပဲ. . ."

"ဟင်!. . ."

တစ်ဘက်မှ ဖခင်စကားကြားတော့။ သူသည် ကားကိုပြန်ကွေ့မည်အပြု ကားကထိုးရပ်သွားတော့၏။ ဆီဒိုင်ခွက်ဆီကြည့်တော့ ဆီကကုန်သွားပြီကိုတွေ့လိုက်ရ၍ သူသည် အသင့်တွေ့လိုက်ရသည့် ကားတစ်စီးကိုငှားကာ မမကိုထားခဲ့သည့် နေရာဆီထွက်ခဲ့လိုက်၏။ မမအားထားခဲ့သည့် နေရာသို့အရောက်မတော့ မမကိုမတွေ့ပါတော့။

"ဟင်း ပြဿနာပဲ၊ အေးလေ ဒီလောက်မီးချုပ်နေမှတော့သူလည်း ဘယ်နေတော့မှာလဲ၊ ကားငှားပြီးအိမ်လောက်ပြီပေါ့၊ အိမ်ရောက်မှ မမပြန်မရောက်သေးရင်လည်း တစ်မျိုးစဉ်းစားရှာရမှာပေါ့ဟူး. . ."

အတွေးနှင့် သူစိတ်စောပြီး ကားဆရာကိုပြောကာ သူကားရပ်ခဲ့သည့်နေရာသို့ပြန်လာခဲ့သည်။ ထိုအငှားကားမှပင် သူသည်ဆီနှစ်ဂါလံတောင်းဝယ်လိုက်ပြီး မိမိကားတွင်ထည့်လိုက်၏။ ထို့နောက် ကိုကိုသည် အိမ်သို့ပြန်ခဲ့လိုက်လေ၏။

တစ်အောင့်ကြာသည်တွင် သူအိမ်သို့ပြန်ရောက်လာသည်။





သူ ကားပေါ်ကဆင်းလိုက်ချိန်တွင် ချစ်ဦးကားလည်း သူ့ကားနောက်တွင်ရပ်လာပြီး ကားပေါ်မှချစ်ဦးနှင့်မမတို့ဆင်းလာသည်ကိုတွေ့တော့ သူအံ့ဩရင်း သဝန်တိုသွားရသလိုရှိလေ၏။

"အဟော် မင်းတို့က ဘယ်မှာဘယ်လိုလုပ်ပြီး တွေ့ခဲ့ကြတာလဲ. . ."

"ဟောဒီလိုလုပ်ပြီးတွေ့ခဲ့ကြတာပဲ၊ ကဲ ခွပ် ခွပ်. . ."

"အ အင့်. . ."

"အို ကိုချစ်ဦး. .မလုပ်ပါနဲ့၊ မလုပ်ပါနဲ့ ကိုချစ်ဦးရယ်၊ မမတောင်းပန်ပါတယ်. . ."

"ဟင်း မမ. .နင့်အစား ငါတော့ရင်နာတယ်၊ ဒီမှာ ဦးကိုကို့ခင်ဗျားဗျာ တကယ်အံ့ဩမိပါတယ်၊ ခင်ဗျားကိုဘယ်လိုနားလည်ရတော့မလဲ. . ."

"ဒါဆိုလည်း မင်းနားလည်အောင်ကြိုးစားလိုက်ဦးပေါ့ကွာ"

"ခင်ဗျား. . ."

"မင်း ငါ့ကိုနောက်တစ်ခါထပ်ထိရင် မင်းကိုယ်ပေါ်မှာဒဏ်ရာတစ်ခုခုရသွားလိမ့်နော်၊ မယုံမရှိနဲ့. . ."

"ကိုချစ်ဦးရယ်၊ မမတောင်းပန်ပါတယ်. . ."

"ဩော် ဘယ်သူတွေများလဲလို့ သားတို့ပြန်လာကြပြီပဲ၊ မောင်ချစ်ဦးလည်းပါလာတာကိုး. . ."

"ဟုတ်ကဲ့ လေးလေး. . ."

"သားဖေဖေရော နေကောင်းလားကွ၊ ကိစ္စလေးရှိလို့ အားတဲ့နေ့လာပါဦးလို့ ပြောလိုက်ဦးနော် သား. . ."

"ဟုတ်ကဲ့ လေးလေး၊ ပြောလိုက်ပါ့မယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေထွက်လာ၍ သူတို့လည်းအခြေအတင်စကားတွေ ရပ်တန့်သွားကြရသည်။ ချစ်ဦးနှင့်လူကြီးတွေ စကားဆိုဆဲ ကိုကို သည် မမလက်ကလေးကိုဆွဲခေါ်ကာ အိမ်ထဲသို့ ဝင်ရောက်သွား လိုက်ပါတော့၏။ အိပ်ခန်းထဲအရောက်၌ ကိုကိုသည် မမလက် ကလေးမှ ဆွဲပစ်သလိုဆွဲကာ အိပ်ယာထက်ပစ်တင်လိုက်သည်။

"အို အင့်. . ."

မမသည် အိစက်ညက်ညောသော အိပ်ယာကြီးထက် နစ်ဝင် သလိုရှိဆဲ ကိုကိုသည် မမကိုယ်ပေါ်မှဖိထားလိုက်ပြီး. . .

"ပြောစမ်း၊ မင်း ဟိုကောင်နဲ့ဘယ်လိုတွေ့ခဲ့တာလဲ၊ ဘာတွေ ဖြစ်ခဲ့လဲ. . ."

"မမပြောပြရင် ကိုကိုဝမ်းသာမှာပါ၊ ကိုကိုဝမ်းသာအောင်ပဲ မမပြောပြပါ့မယ်၊ မမ လူရမ်းကားသုံးယောက်နဲ့တွေ့တယ်၊ လူရမ်း ကားတွေ ဆွဲခေါ်ရာ မမပါလုလုမှာပဲ အမှုသည်အိမ်ကပြန်လာတဲ့ ကိုချစ်ဦးနဲ့တွေ့ပြီး မမကိုအိမ်ပြန်ပို့ပေးခဲ့တာပဲ. . ."

မမစကားတွေနားထောင်ပြီး မမ မမြင်အောင် သူမျက်ဝန်း အစုံကို တစ်ချက်မှိတ်ထားလိုက်သည်။ ပြီးမှ ကိုကိုသည် မမကို ကြည့်သည်။ မမလက်ကလေးနှစ်ဘက်တွင် ညိုမည်းနေသည့် ဒဏ် ရာလေးကိုတွေ့သည်တွင် သူ့ရင်တစ်ခုလုံး နာကျင်ကိုက်ခဲသွားလိုက် ရလေ၏။

"ဆေးထည့်ပေးမယ်. . ."

"ရပါတယ်၊ မမအိပ်ချင်နေပြီ. . ."

သူ ဆေးပုလင်းသွားထယူတော့ မမသည် တစ်ဘက်သို့ လှည့်ကာ ကွေးကွေးလေးအိပ်နေလိုက်တော့သည်။ သူ ဆေးပုလင်း





ယူပြီး မမကိုပြန်လှူပေးသည်။ မမကရန်းလိုက်ပြီး. . .

"ကျွန်မ ဘာမှမဖြစ်ပါဘူး၊ ရပါတယ်၊ ရှင်ဝမ်းသာကျေနပ် ရအောင်လို့ပဲ ကျွန်မပြောပြပါတယ်. . ."

"မင်းစကားများပါနဲ့ကွာ. . ."

သူဆိုရင်း ဆေးကိုဖွတ်လူးပေးတော့ မမလည်း ဆိတ်ဆိတ် ပင်နေတော့၏။

သိပ်ချစ်ပါတယ် မမရယ်၊ ဒါပေမယ့် ကိုယ့်အသည်းမှာ လည်း နာကျင်လွန်းလို့ပါ. . .။

သူ့ရင်ထဲမှ ဆိုဖြစ်ခြင်းပါ။ မမသည်လည်း သူ့ကို နား မလည်ခြင်း၊ ခံစားရခြင်း၊ နာကျင်ရခြင်း၊ ဝမ်းနည်းရခြင်းတွေနှင့် ငေး၍ပင်ကြည့်နေဖြစ်တော့၏။

"ဒေါက် ဒေါက် ဒေါက်. . ."

အခန်းတံခါးခေါက်သံသုံးချက်နှင့် အခန်းထဲသို့ မိဘနှစ်ပါး ဝင်ရောက်လာသည်ကိုတွေ့လိုက်ရသည်။

"သားက သမီးကိုလျှစ်လျူရှုနိုင်လွန်းတယ်၊ သားက သမီးကို ချစ်တယ်ဆိုတာလည်း ဖေဖေသိပါတယ်၊ နောက်တစ်ခါ သမီးကို ဂရုစိုက်ပါ. . ."

ဖခင်စကားအား ကိုကိုသည် ခွန်းတုံ့မဆိုဘဲ ဆေးပုလင်း လေးယူကာ နေရာမှထွက်သွားလိုက်တော့သည်။

"ဖေဖေရယ် ကိုကို့ကိုမပြောပါနဲ့၊ ကိုကိုက သမီးကိုဂရု စိုက်ပါတယ်. . ."

"သမီးကဘယ်တွေလျှောက်သွားနေလဲ သမီးရယ်၊ မေမေဖြင့် စိတ်ပူလိုက်ရတာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပူပါနဲ့ မေမေ၊ မမက ဖေဖေ့ဆီသွားပြီးတောင်းပန်နေတာပါ၊ မမက မေမေ့ကို ဖေဖေရဖို့ လုံးဝမပူဆာခဲ့ပါဘူးလို့၊ ပြီးတော့ ဖေဖေနဲ့လည်း မမလုပ်ရမယ့်အလုပ်တွေကို တိုင်ပင်ပြောပြခဲ့ပါတယ်. . ."

"ဟင်!. . ."

ဒေါ်ချယ်ရီရွှေမှာ ချစ်သမီးလေးစကားများအတွက် အံ့သြရင်းကျက်နှာပါပျက်ရရှာပါ၏။ ထို့အတူ ဦးမြတ်ထင်သည်လည်း သမီးစကားအား နားမလည်ခြင်း၊ အံ့သြခြင်းတွေနှင့် ဖနီးထံကြည့်ဖြစ်၏။ မမကားအိပ်ချင်နေပြီမို့ တခြားအခန်းသို့ လှမ်းထွက်သွားလိုက်လေပြီဖြစ်၏။ ။

❖ ❖ ❖



(တစ်ဆယ်)

မုန့်ဖုတ်ဖိုဂျွတ္တေနယ်နေရသော်လည်း မမစိတ်မှာ ကိုယ်နှင့်ကင်းကွာနေရလေ၏။ ဂျုံတုံးကိုနယ်ရင်း မမသည် မနေ့ညက ကိုကိုနှင့်အဖြစ်အပျက်တွေကို မြင်ယောင်သတိရနေဖြစ်၏။ ကိုကို့အသွင်ကိုမြင်ယောင်သည်၊ ကိုကို့စကားများနှင့် ကိုကို့ဟန်တွေကိုမြင်ယောင်၊ ကြားယောင်မိတော့ မမသည် လွန်စွာမှဝမ်းနည်းကြေကွဲလာရလေ၏။ အလုပ်လုပ်ရင်း မမမျက်ရည်တွေ စီးကျလာသည်။

"အဟင့် ဟင့် ဟင့် . . ."

မျက်ရည်တွေစီးကျရာမှ မမကြိတ်၍ရှိုက်ဖြစ်လာရလေ၏။

"အဟင့် ဟင့် ဟင့် ဟင့် ဟင့်. . ."

တစ်ချီဖြင့် မမသည် စိတ်လွတ်ကိုယ်လွတ်ပင် ရှိုက်ငိုချမိတော့သည်။ ရှိုက်ငိုရင်းမှလည်း ဂျုံနယ်လိုက်၊ လက်မောင်းလေးနှင့်မျက်ရည်တွေသုတ်လိုက်နှင့် နောက်ဆုံး မမသည် သတိဝင်လာ၍မိမိကိုယ်မိမိထိန်းသိမ်းလိုက်ရလေ၏။

မုန့်လုပ်ခန်းထဲ တစ်ဦးတစ်ယောက် သို့မဟုတ် သူငယ်ချင်းခင်စပယ်ဝင်ရောက်လာလို့ တွေ့သွားလျှင် ပြောဆိုရှင်းပြနေရတော့မည်မို့ မမသည် အိမ်သို့ပင်ပြန်တော့ရန် ဆုံးဖြတ်လိုက်ရပါတော့၏။ ဆုံးဖြတ်ချက်နှင့်အတူ မမသည် အဝတ်လဲပြီး အပြင်သို့ထွက်ခဲ့သည်တွင် ဘယ်အချိန်ကရောက်ပြီး ကော်ဖီသောက်နေမှန်းကြမှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကိုကိုနှင့်ဝင်းစုချိတို့ကို တွေ့လိုက်ရ၍ ခြေစုံလေးရပ်ကာ မမလှမ်းကြည့်ဖြစ်လိုက်ရလေ၏။

ကြည့်နေရင်းမှ မမရင်ထဲလှိုက်ဆူကာ ငိုချင်လာသည်၊ အလွန်အမင်းဝမ်းနည်းကြေကွဲလာသည်။ ထိုမြင်ကွင်းအား မမဆက်မကြည့်တော့၍ မမသည် ဆိုင်ထဲမှလှမ်းထွက်ခဲ့လိုက်ပါတော့၏။ အပြင်သို့အရောက်မတော့ မမသည် အငှားကားတစ်စီးကို ငှားကာ အိမ်သို့ပြန်ခဲ့သည်။ လမ်းတစ်လျှောက်၌ မမသည် စိတ်ထိခိုက်ခြင်းများစွာဖြင့် ကြိတ်၍ငိုရှိုက်ခဲ့ရရှာပါ၏။ မှန်သည်။ မမတစ်ယောက် ဝမ်းနည်းကြေကွဲစွာနှင့် အိမ်သို့ပြန်လာနေဆဲအချိန်များ၌. . .

(× × )လမ်းရှိ ဦးမြတ်ထင်၏ကြီးမားလှပသော တိုက်ကြီးထဲတွင်ကား ဒေါ်ဝင်းမာစံသည် အရှုံးမပုံသဏ္ဌာန်နှင့် တိုက်ကြီးထဲရှိလူတွေ၏အခြေအနေကိုလိုက်၍ ကြည့်ရှုပြီးမှ မိမိအခန်းထဲသို့ပြန်ဝင်ခဲ့ပြီး ဖုန်းနံပါတ်တစ်ခုကိုနှိပ်လိုက်၏။

"ဟယ်လို. .အလုပ်စလို့ရပြီ၊ ခြံနောက်ဘက်တံခါးဖွင့်ထားတယ်၊ အားလုံးအသင့်လုပ်ထားတယ်၊ အားလုံးပိပိရိရိဖြစ်ဖို့လိုတယ်နော်၊ ဒါပဲ. . ."

စကားအဆုံး ဒေါ်ဝင်းမာစံသည် ဖုန်းကိုပိတ်လိုက်ပြီး မှန်းတီးလွန်းသော ကျေနပ်ပြုံး၊ မဲ့ပြုံးမျိုးကိုပြုံးလိုက်၏။ တိုက်ကြီးပေါ်၌ဒေါ်ဝင်းမာစံတစ်ယောက် ကျေနပ်ပြုံးများနှင့်ရှိနေဆဲ ခြံကြီး၏နောက်ပေါက်မှ လူရှုယ်ကစ်ယောက်သည် လှစ်ခနဲတိုက်ကြီးနားသို့ ပြေးကပ်လိုက်သည်။

ယုံမှ လူရှုယ်သည် မီးဖိုဆောင်တံခါးမှ တိုက်ကြီးထဲဝင်ခဲ့ပြီး ဧည့်ခန်းကြီးထဲရောက်လာ၏။ ထိုမှတဆင့် လူရှုယ်သည် တောက်ပ





နေသည့် လှေကားကြီးမှ အပေါ်ထပ်သို့ လျင်မြန်စွာပြေးတက်ခဲ့လိုက်သည်။ အပေါ်ထပ်အရောက်မတော့ လူရှုယ်သည် အခန်းထောင့်တစ်နေရာတွင်ရပ်လိုက်ပြီး မျက်လုံးနှစ်လုံးသာဖောက်ထားသည့် ခေါင်းစွပ်ကိုစွပ်လိုက်၏။ ပြီးတော့ လူရှုယ်သည် ဘယ်,ညာအခန်းတွေဆီ လှမ်းကြည့်ကာ အကဲခတ်လိုက်ပြီးမှ အခန်းတစ်ခုအနီးသို့ လျင်မြန်စွာချဉ်းကပ်ဝင်ရောက်ခဲ့လိုက်လေ၏။

အခန်းထဲတွင်မတော့ ဦးမြတ်ထင်သည် စားပွဲတွင် အလုပ်တွေလုပ်နေရင်းမှ ညောင်းညာလာ၍ ထိုင်ရာမှအထ မျက်နှာဖုံးစွပ်နှင့်လူသည်လည်း အခန်းထဲသို့ ဝင်ရောက်လာသည်ကို တွေ့လိုက်ရလေ၍. . .

"ဟင် ဟေ့ မင်းဘယ်သူလဲ. . ."

ဦးမြတ်ထင်မေးသော်လည်း မျက်နှာဖုံးနှင့်လူသည် ဦးမြတ်ထင်အား ဓားအတင်းပင်ဝင်ရောက်ကာ လုံးတော့သည်။ ဦးမြတ်ထင်အိပ်ခန်းထဲတွင် လုံးထွေးသတ်ပုတ်နေဆဲအချိန်၌ပင် မမသည်လည်း အိမ်သို့ပြန်ရောက်လာခဲ့လေ၏။

"ခွန်း. .ဒေါက်. .ဂွန်း. . ."

"ဟင်. . ."

မမသည် အိမ်ထဲသို့ဝင်လိုက်သည်နှင့်ပင် အပေါ်ထပ်မှအသံတွေကိုကြားလိုက်ရ၍ ရုတ်တရက်အံ့သြရင်း ဘယ်ကဘာဖြစ်တဲ့အသံပါလိမ့်ဟူသောအတွေးနှင့် စဉ်းစားဖြစ်သည်။

"ဂွန်း ဂွန်း. . ."

"ဟင် ဒါအပေါ်ထပ်က မေမေ့ကိုများ အန္တရာယ်ပေးကအိုး. . ."



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ချေရှိသည့်အတွေးနှင့် မမသည် စိုးရိမ်စိတ်တွေနှင့် အပေါ်ထပ်သို့ အပြေးတက်ခဲ့လိုက်တော့သည်။ အပေါ်ထပ်အရောက် မတော့ မေမေ့အိပ်ခန်းထဲပြေးဝင်ကြည့်လိုက်သည်နှင့်. . .

"ဟင်! အိုး ဖေဖေ ဖေဖေ. ရှင် ရှင် ရှင် ဘယ်သူလဲ၊ ရှင်ဘယ်သူလဲ. . ."

မမဝင်လိုက်သည်နှင့် ဦးမြတ်ထင်သည် ကြမ်းထက်၌လဲကျနေပါပြီ။ မမအသံကြားလိုက်ရ၍ မျက်နှာဖုံးစွပ်နှင့်လူသည် ဦးမြတ်ထင်အား ဓား[illegible]ဘာ့မည့်ဆဲဆဲ အလန့်တကြားဖြစ်ကာ မထိုးဖြစ်တော့ဘဲ မမထံသို့ အထိတ်တလန့်လိုလှမ်းကြည့်သည်။

တစ်ဘက်နှင့်တစ်ဘက် စက္ကန့်လေးကြာကြာ လှမ်းကြည့်နေကြဆဲ မမသည် အမှတ်တမဲ့ ဓားကိုင်ထားသည့် ထိုလူ၏ယာဘက်လက်ဖမိုးပေါ်မှဒဏ်၊ နီညစ်ညစ်ကြီးကိုတွေ့မြင်လိုက်ရလေ၏။ မျက်နှာဖုံးနှင့်လူသည် သတိရပြီး မမထံပြေးလာမည်အပြု မမသည်လည်း သတိရလိုက်ပြီး. . .

"လာကြပါဦး လာကြပါဦး၊ ဒီမှာ လူသတ်သမား လူသတ်သမား၊ လာကြပါဦး ကယ်ကြပါဦး. . ."

"ဟင်! ဟာ တောက်. . ."

သံကုန်ခြစ်၍ မမအော်ဟစ်ခေါ်တော့ မျက်နှာဖုံးစွပ်နှင့် လူမှာ ထိတ်လန့်သွားသည်။ လူတွေအသံကိုလည်း ကြားလိုက်ရ၍ မျက်နှာဖုံးစွပ်လူမှာ မမကိုရန်မပြုနိုင်တော့ဘဲ အခန်းထဲမှ သေပြေးရှင်ပြေး ပြေးထွက်သွားလိုက်ရပါတော့၏။

"ဟင် အိုး ဖေဖေ ဖေဖေ ဖေဖေ ဖေဖေ. . ."

လူဆိုးလည်းပြေးထွက်သွားပြီမို့ မမသည် ဦးမြတ်ထင်အား





ငိုရှိုက်ကာပြေးပွေ့ရင်းခေါ်သည်။

"ဟင် သူ့ဌွေး သူ့ဌွေး. .၊ သမီး မမ. .သူ့ဌွေးဘာဖြစ်တာလဲ. . ."

"လူဆိုး လူဆိုး လူသတ်သမား လူသတ်သမား၊ ဒေါ်လေးချစ် ဒေါ်လေးချစ်. .မေမေ မေမေကောဟင်. . ."

"ဒီအချိန် မမလေးက ဈေးသွားတယ်လေ သမီးရဲ့. . ."

"ဒါဖြင့် ဒါဖြင့် ဖေဖေ့ကိုလုပ်ပါဦး၊ ကယ်ပါဦး၊ ဆေးရုံပို့ရမယ်၊ ဖုန်းဆက်ရမယ် အီး ဟီး ဟီး ဟီး. . ."

မျက်ရည်တွေနှင့် ငိုရင်းရှိုက်ရင်း ပြောရင်းဆိုရင်းဖြင့် မမတစ်ယောက်မှာ ဒေါ်ချစ်နှင့်အတူ ဗျာများနေရပါတော့၏။

× × × × ×

"ဝင်းစုချို့ .မင်းထွက်သွားလို့မရသေးဘူးလား၊ မင်း ငါ့ကိုတော်တော်စိတ်ပျက်အောင်လုပ်တာပဲ၊ ထွက်သွား အခုထွက်သွားတော့၊ သွားဆိုသွားတော့. . ."

"အို ကျွတ် . . ."

ဒေါသတကြီးဖြင့် ကိုကိုတစ်ယောက် အော်ထုတ်နှင်ထုတ်နေပြီမို့ ဝင်းစုချိုမှာ ရှက်လည်းရှက်၊ မျက်နှာလည်းပျက်သွားရသည်။ ဘယ်လိုမှ မမိဆက်ပြီး ကိုကို့အနီးတွင်နေရတော့ပြီမို့ နောက်ဆုံး ဝင်းစုချိုသည် ရှက်ရှက်နှင့်ပင် ကိုကို့ရုံးခန်းထဲမှ လှမ်းထွက်သွားလိုက်ရပါတော့၏။

"တောက်. . ."

ကိုကိုတစ်ယောက် ဒေါသတွေနှင့် တစ်ကိုယ်တည်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

"မမပြောရရင် ကိုကိုဝမ်းသာမှာပါ၊ ကိုကိုဝမ်းသာအောင်ပဲ မမပြောပြပါ့မယ်၊ မမ လူရမ်းကားသုံးယောက်နဲ့ တွေ့တယ်၊ လူရမ်းကားတွေဆွဲခေါ်ရာ မမပါလုလုမှာပဲ အမှုသည်အိမ်ကပြန်လာတဲ့ ကိုရှုံဦးနဲ့ တွေ့ပြီး မမကိုအိမ်ပြန်ပို့ပေးခဲ့တာပဲ. . ."

ဒေါသတွေကြားမှ ကိုကိုတစ်ယောက် ညက မမပြောခဲ့သည့် စကားတွေကို ပြန်လည်ကြားယောင်နေမိခြင်းပါ။ ကိုကိုမှာ မမစကားတွေကို ပြန်ကြားယောင်ဆဲ၊ ဆောက်တည်ရာမရအောင် ခံစားနေရဆဲ. . .

"ကရင်း ရင်း ရင်း. . ."

ဖုန်းမြည်သံကြောင့် သူ့ အတွေးတို့ပြတ်တောက်သွားသည်။ ပြီးတော့ သူ့ရှေ့မှဖုန်းကို ကောက်ယူနားထောင်လိုက်၏။

"ဟဲလို. .၊ ဟင်!. . ."

တစ်ဘက်မှကြားလိုက်ရသော စကားကြောင့် ကိုကိုသည် လွှန်စွာတုန်လှုပ်သွားရပြီးနောက် ဖုန်းပြောအပြီး ရုံးခန်းထဲမှ လျင်မြန်စွာထွက်သွားလိုက်ပါတော့၏။

× × × × ×

ကိုကိုတစ်ယောက် ဆေးရုံသို့ ရောက်လာချိန်တွင် ဖခင် ဦးမြတ်ထင်သည် အရေးပေါ်ခန်းထဲရောက်နေပြီဖြစ်၏။ ဦးမြတ်ထင်အတွက် ဒေါ်ချယ်ရီရွှေနှင့် မမတို့ထံ အမုန်းမျက်လုံးတွေနှင့် အေးစက်စက်ကြည့်လာရင်းက. . .

"မမ. .မင်းတို့သားအမိပြန်လို့ရပြီ. . ."





"မဖြစ်ဘူး၊ ဖေဖေ့အကြောင်းကို ဘာမှမသိရသေးဘူး"

"ပြန်ပါ၊ မင်းတို့အတွက် ဒီလောက်ကြီးဖြစ်နေစရာမလိုပါဘူးကွ. . ."

"ဘယ်လိုပြောလိုက်တာလဲ ကိုကို၊ ဖေဖေခုလိုဖြစ်နေတဲ့အချိန်မှာ မမတို့သားအမိက ဘာမှမဆိုင်သလိုနေလိုက်ရမှာလား"

"အေး ဟုတ်တယ်၊ စဉ်းစားပါဦး၊ မင်းတို့နဲ့ ဆိုင်ကောဆိုင်လို့လား. . ."

"ဘာဖြစ်ဖြစ် မေမေက ဖေဖေရဲ့ဇ-. . ."

"သမီး မမ. .တော်ပါတော့ကွယ်၊ မပြောပါနဲ့၊ သားကိုကိုကပြန်ဆိုလည်း ဒေါ်လေးတို့ပြန်ပါ့မယ်. . ."

"ဟုတ်တယ် ပြန်ပါ၊ ဖေဖေ့နားမှာ ကျွန်တော်ရှိမယ်"

"အေး အေး ဒေါ်လေးတို့ပြန်မယ်နော်၊ သမီး လာ လာ မေမေတို့ပြန်ကြတာပေါ့ကွယ်၊ နောက်နေ့မှပဲ သမီးဖေဖေကို လာကြည့်လည်းရပါတယ်၊ လာ သမီး သွားကြရအောင်. . ."

ဒေါ်ချယ်ရီရွှေမှာ မမလက်ကလေးဆွဲကာဆိုတော့ မမသည် ကိုကို့ထံစေ့စေ့ကြည့်လိုက်သည်။ ကိုကိုကလည်း အမုန်းမျက်လုံးနှင့် စူးစူးရဲရဲကြီးကြည့်နေသည်ပါ။ ကိုကို့မျက်လုံးတွေဆီ မမသည်လည်း စက္ကန့်များကြာကြာပြန်ကြည့်နေပြီးမှ အကြည့်ကိုလွှဲဖယ်ကာ ကိုကို့ရှေ့မှလှမ်းထွက်ခဲ့လိုက်လေတော့၏။

ကိုကိုသည် တင်းထန်သောမျက်နှာအသွင်နှင့် မေးကြောများတင်းထောင်နေသည်အထိ သွားတို့စေ့ကာရှိရင်း တံတွေးတစ်ချက်ကိုမြိုချကာ မမတို့သားအမိထံသို့ လှမ်းကြည့်ကျန်ခဲ့လိုက်လေ၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်တစ်)

နံနက်စာကော်ဖီနှင့်မုန့်ကို တိုက်ကျွေးရင်း ကိုကိုသည် စိတ္တဇဝေဒနာရှင်မိခင်ကြီးအား လွန်စွာမှ သနားကြင်နာနေရရှာသည်ပါ။ ဘာမှမသိရှာဟု သနားကြင်နာစိတ်တွေနှင့် မိခင်ကြီး၏အသွင်ဆီကြည့်ရင်းမှလည်း ကိုကိုသည်စိတ်ထဲမချင့်မရဲဖြစ်ရ၏။ မမတို့သားအမိအပေါ်လည်း မကျေမနပ်ဒေါသတွေထွက်ရ၏။

ကလေးတစ်ယောက်လို ပလုတ်ပလောင်းစားရင်း မိခင်ကြီး၏နှုတ်ခမ်းဆီ သူသည်လက်သုတ်ပုဝါနှင့် သာသာတို့ကာ သုတ်ပေးသည်။ ဒေါ်ဝင်းမာစံသည် မိမိအပေါ်၌ မိမိသား၏အလေးထားသနားကြင်နာနေသော မျက်ဝန်းအစုံဆီကြည့်ရင်း ကျေနပ်အားရနေသည်ပါ။

"မေမေရယ်. .မေမေ့ကိုသနားလိုက်တာ၊ မေမေကတော့ ဘာမှမသိရှာဘူးနော်၊ အခုဆိုရင် ဖေဖေကဆေးရုံပေါ်ရောက်နေတယ်၊ သေမလား ရှင်မလားဆိုတာတောင် မပြောနိုင်ဘူး မေမေရယ်၊ ဒါပေမယ့် မေမေစိတ်မပူပါနဲ့၊ မေမေခံစားခဲ့ရသမျှတွေအတွက် ကျွန်တော်သူတို့ဆီကပြန်ယူပေးပါမယ်. . ."

မိခင်ကိုထွေးဖက်ကာ သူရင်နာစွာနှင့်ဆိုတော့ ဒေါ်ဝင်းမာစံသည် သူ့နောက်ကျောဘက်တွင် ကျေနပ်စွာဖြင့်ကြိတ်ပြုံးနေလိုက်၏။ ထို့နောက် ကိုကိုသည် မိခင်အား ထမင်းစားခန်းထဲမှခေါ်ခဲ့ပြီး အပေါ်





ထပ်အခန်းသို့ ပြန်ပို့ပေးခဲ့သည်။

"မေမေ. .ကျွန်တော်အလုပ်သွားတော့မယ်၊ ဖေဖေ့ကိုလည်း သွားကြည့်ရဦးမယ်၊ မေမေ အိမ်မှာကောင်းကောင်းနေခဲ့တော့နော်"

မိခင်ကိုနှုတ်ဆက်ပြီး သူထွက်ခဲ့လိုက်သည်။ သားဖြစ်သူကိုကိုတစ်ယောက် အခန်းထဲမှထွက်သွားသည်နှင့် ဒေါ်ဝင်းမာစံသည် နက်နဲသောမျက်လုံးတွေက အလုပ်လုပ်ရင်း တွေးတောစဉ်းစားကာ ကျန်ရစ်ခဲ့လေ၏။

တစ်အောင့်ကလေးကြာတော့ ဒေါ်ဝင်းမာစံသည် အိပ်ယာမှထကာ ပြူတင်းပေါက်ဆီလှမ်းသွားလိုက်သည်။ ပြူတင်းပေါက်မှ ခြံထဲလှမ်းအကြည့်မတော့ သားကိုကိုမောင်းသည့်ကားလေးသည် ခြံထဲမှထွက်သွားသည်ကိုတွေ့သည်နှင့် ဒေါ်ဝင်းမာစံသည် ရုတ်ချည်းဒေါသတွေနှင့် ဖုန်းကောက်ဆက်ပါတော့၏။

"ဟယ်လို. .ဟဲ့ လင်းနိုင်၊ နင် ကိုမြတ်ထင်ကို ဒီလောက်တောင်ပဲလုပ်ရလားဟဲ့၊ ကိစ္စတွေက ဘာမှမပြီးသေးဘဲနဲ့၊ ငါပြောတာက ခြောက်ပြယုံလောက်ပြောတာ၊ သူရှိနေရင် ကိစ္စတွေလုပ်ရတာမြန်မယ်၊ သူမရှိရင် အချိန်တွေကြန့်ကြာမှာစိုးရတယ်. ."

"ဝင်းမာစံရယ် မပူပါနဲ့ဟာ၊ မြတ်ထင်က ဆေးရုံပေါ်မှာတင်ရှိပါသေးတယ်၊ ဆရာဝန်တွေကလည်း အတိအကျ ဘာမှမပြောသေးပါဘူး၊ ကဲ ပြော ငါအခုဘာဆက်လုပ်ပေးရမလဲ. . ."

"နင် ရှေ့နေဦးဇော်ကြည်နဲ့သွားတွေ့၊ နည်းနည်းပါးပါးတီးခေါက်ကြည့်ပေါ့၊ မြတ်ထင်ဘာတွေလုပ်သွားတယ်ဆိုတာ၊ ပြီးတော့ ဟိုတယ်လုပ်ငန်းတွေနဲ့ပတ်သက်တဲ့ စာချုပ်စာတမ်းဖိုင်ကိုရှာပြီး [illegible] ယူလာခဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စ ငါဒီနေ့လုပ်ရမလား. . ."

"အေးပေါ့၊ ဒါနဲ့ နင်အခုဖြစ်တဲ့ကိစ္စမှာ နင် ဘယ်သူ့ကို ခိုင်းလိုက်လဲ၊ စိတ်ချရတဲ့လူဖြစ်ရဲ့လား၊ တော်ကြာမှ. . ."

"ဒီအတွက် ဘာမှမပူပါနဲ့ဟာ၊ ငါ့တပည့်ပါ၊ ဒီကောင်က ရုပ်ဖြောင့်တယ်၊ လက်လည်းကျတယ်ဟာ၊ စိတ်လည်းချရတယ်၊ ကဲ ဒါပဲနော် ဝင်းမာ၊ ငါ ကိစ္စတွေဆက်လုပ်လိုက်ဦးမယ်. . ."

စကားအဆုံး လင်းနိုင်တစ်ယောက် ဖုန်းချလိုက်သည်။ ပြီးတော့ ဦးလင်းနိုင်သည် အကြံပြုး အောင်နိုင်ပြုံးတွေနှင့် ကျေနပ်စွာ ပြုံးရယ်ရင်း. . .

"ဝင်းမာစံ ပင်းမာစံ၊ သူ့ကိုယ်သူလျှင်လှပြီလို့ထင်လား မသိဘူး၊ တော်တော်အတဲ့မိန်းမ၊ အေးလေ ဒီကောင်မလျှင်တာတော့ လည်း လျှင်တာပါပဲ၊ သူ့ကိုယ်သူ ရှူးချင်ဟန်ဆောင်နေတာ ငါတောင် ခုမှသိတာပဲ၊ ဟား ဟား ဒါပေမယ့် ငါ့ကိုတော့ နင်မရတော့ဘူး ဝင်းမာစံ၊ နင့်အကြောင်းတွေ ငါသိသွားပြီ . . ."

ဦးလင်းနိုင်တစ်ယောက် နှုတ်မှရေရွတ်ရင်း ဝင်းမာစံကိုလည်း လျှော့တွက်ထား၍တော့မရကြောင်း ကိုယ့်ကိုယ်ကို သတိပေးရင်း အိမ်ထဲမှလှမ်းထွက်ခဲ့လိုက်လေ၏။

× × × × ×

ဟိုတယ်ကြီး၏စားသောက်ဆိုင်တစ်ခုတွင် ရှေ့နေကြီး ဦးဇော်ကြည်၏ခြေလှမ်းတွေကိုစောင့်ကြည့်ရင်း ဦးလင်းနိုင်သည် မဂ္ဂဇင်းတစ်စောင်ကိုဖတ်နေဖြစ်၏။ စောင့်ကြည့်နေဆဲ ဦးဇော်ကြည်တစ်ယောက် ခပ်လှမ်းလှမ်းမှလှမ်းလာသည်ကို တွေ့သည်နှင့် ဦးလင်းနိုင်





သည် ကဖျော်ဖျော်ကယာဆိုင်ရာမှထကာ လှမ်းထွက်သွားလိုက်လေ၏။ ဦးဇော်ကြည်နှင့် မျက်နှာချင်းဆိုင်တွေ့လိုက်သည်မတော့. . .

"ဪ ကိုဇော်ကြည်. .ဘယ်လဲဗျာ. . ."

"ကျုပ်ဆေးရုံသွားမလို့ပါ၊ ကိုမြတ်ထင်အခြေအနေကို သွားကြည့်မလို့ပါ၊ ခင်ဗျားကော ခင်ဗျားသူငယ်ချင်းဆီ မသွားဘူးလား ဗျာ. . ."

"ကျုပ်လည်းသွားမလို့ပါ၊ သူမရှိတော့ ဒီမှာနည်းနည်းအလုပ် ပိုလုပ်ရမယ်မဟုတ်လား၊ ဒီကအလုပ်တွေပြီးရင် ကျုပ်သွားမလို့ဘဲ"

"ဒါဆိုလည်း ကျုပ်သွားတော့မယ် ကိုလင်းနိုင်. . ."

"ဟုတ်ကဲ့ ဟုတ်ကဲ့. . ."

စကားတွေအဆုံး တစ်ယောက်ကိုတစ်ယောက် ကျောခိုင်းထွက်ခဲ့လိုက်ကြသည်။ ဦးလင်းနိုင်သည် မာဘ်လေ့ကားရှိရာ ခပ်သွက်သွက်လှမ်းခဲ့ပြီး ခုနစ်ထပ်သို့တက်ခဲ့လိုက်သည်။ ခုနစ်ထပ် အရောက် ဦးဇော်ကြည်ရုံးခန်းဆီသို့လှမ်းခဲ့ပြီး အခန်းထဲဝင်ခဲ့လိုက်လေ၏။

ရုံးခန်းထဲရောက်သည်နှင့် ဦးလင်းနိုင်သည် မာစတာကီးတစ်ချောင်းနှင့် ဦးဇော်ကြည်ရုံးခန်းထဲမှ ဘီဒိုတွေအားလုံးကို လိုက်ဖွင့်ကြည့်သည်။ ဖိုင်တွေကိုရှာသည်။ ဖိုင်တွေကတော့ အများကြီးတွေ့သည်၊ သို့သော်လည်း မိမိလိုချင်သည့်ဖိုင်ကိုမတွေ့သေး၍ ဘီဒိုတွေ တစ်ခုပြီးတစ်ခုဖွင့်ပြီး ဆက်ရှာရ၏။

နောက်ဆုံးဟိုတယ်ကြီးနှင့် ပတ်သက်သည့် ဖိုင်ကြီးတစ်ခုကိုတွေ့လိုက်ရသည်တွင် ဦးလင်းနိုင်သည် ကျေနပ်သွားရပြီး ဖိုင်ကြီးကို ယူကာ ရုံးခန်းထဲမှထွက်ခဲ့လိုက်ပါတော့၏။ သည့်နောက်မတော့



www.burmeseclassic.com

www.burmeseclassic.com



ဖိုင်ကိုယူကာ ဦးလင်းနိုင်သည် ဟိုတယ်မှကားကိုမောင်းထွက်ခဲ့ပြီး ဒေါ်ဝင်းမာစံထံဖုန်းလှမ်းဆက်သည်။

"ဟယ်လို ဝင်းမာ. .၊ ငါအခုဘက်ကိုလာခဲ့ရမလဲ. ."

"အားလုံးအဆင်ပြေခဲ့ရဲ့လား. . ."

"ငါကိုယ်တိုင်လုပ်တာပါဟ၊ ဇော်ကြည်က ဆေးရုံမှာ မြတ်ထင်ကိုသွားကြည့်နေတယ်. . ."

"ခြံနောက်ဘက်ကနေဝင်ခဲ့၊ အဲဒီနားမှာစောင့်နေမယ်. ."

"အေး ပြီးရော. . ."

စကားပြောအပြီး ဦးလင်းနိုင်ရောက်လာမည့်အချိန်အား ဒေါ်ဝင်းမာစံသည် ကျေနပ်အားရမှု၊ အောင်နိုင်မှု ဒေါသမာန်တွေနှင့် စောင့်နေဖြစ်၏။ တစ်အောင့်ခန့်ကြာမတော့ ချိန်းထားသည့်အတိုင်း ချိန်းထားသည့်နေရာသို့ ဦးလင်းနိုင်ရောက်လာခဲ့သည်။

"တော်သေးတယ် ဝင်းမာရာ၊ ငါက နင့်ကိုခြံထဲလိုက်ရှာရဦးမလားလို့. . ."

"စောင့်နေမယ်လို့ပြောတာပဲ၊ ဘယ်မှာလဲ ဖိုင်. . ."

"ရော့ ဒီမှာ. . ."

ဦးလင်းနိုင်လှမ်းပေးသည့်ဖိုင်အား ဒေါ်ဝင်းမာစံသည် တောက်ပနေသော လောဘ၊ ဒေါသ၊ မောဟမီးများနှင့် လှမ်းယူလိုက်ပြီးကြည့်လိုက်သည်။ တစ်ဆက်တည်း မျက်နှာထားသည် ဒေါသမီးဘက် ပို၍တောက်လောက်သွားရရင်း. . .

"အိုး ရှင်တော့လွဲလာပြန်ပြီ၊ ဒီဖိုင်မဟုတ်ဘူး၊ ကျွန်မပြောတာက ဒီဟိုတယ်ကြီးနဲ့ပတ်သက်တဲ့စာချုပ်ဖိုင်ကို ပြောတာ၊ အခု ရှင်ယူလာတဲ့ဖိုင်က ဟိုတယ်ရဲ့လုပ်ငန်းကိစ္စဖိုင်တွေဖြစ်နေတယ်"





"ဟူး. . ."

ဒေါ်ဝင်းမာစံစကားအတွက် ဦးလင်းနိုင်သည် မချင့်မရဲဖြစ်ကာ မောဟိုက်သွားရသည်။

"ဒါနဲ့များ ရှင့်ကိုယ်ရှင်အထင်ကြီးနေလိုက်တာ၊ ရှင်ဒီလိုတလွဲတွေလုပ်နေလို့ကတော့ မဖြစ်ဘူးနော်၊ ဆေးရုံပေါ်ကလူ အခြေအနေပြန်မကောင်းလာသေးခင် ကိစ္စတွေကို အပြတ်လုပ်ရမှာ၊ ရှင်သိတယ်မဟုတ်လား. . ."

"ဟင်! ဟောတော် ဟိုမှာ ဒေါ်ဝင်းမာစံနဲ့ဦးလင်းနိုင်တို့ပါလား၊ ဘာတွေပြောနေကြပါလိမ့်၊ ဘာလို့အိမ်ရှေ့မှာမတွေ့ကြဘဲ ဒီနေရာမှာ ခိုးကြောင်ခိုးဝှက်လာတွေ့နေကြတာလဲ၊ ပြီးတော့ ဒေါ်ဝင်းမာစံက ရှူးနေတာပဲမဟုတ်လား၊ အခုဦးလင်းနိုင်နဲ့ စကားတွေပြောဆိုနေပုံက အကောင်းပကတိအတိုင်းပဲ၊ ဒေါ်ဝင်းမာစံရူးနေတယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား၊ ကြည့်ရတာ မသင်္ကာစရာပဲ၊ ငါတွေ့တာ မြင်တာတွေတော့ မမလေးကိုပြောပြထားဦးမှ. . ."

အမှိုက်လာပစ်ရာမှ မမျှော်လင့်ဘဲခြံနောက်ဘက်တွင် ဦးလင်းနိုင်နှင့် ဒေါ်ဝင်းမာစံတို့၏ မရိုးသားသည့်ပုံစံတွေကို မချစ်တစ်ယောက် လှမ်းမြင်တွေ့လိုက်ရလေ၍ တွေးတောရင်း မှတ်ချက်ချနေဖြစ်ခြင်းပါ။

သည့်နောက်မတော့ မချစ်သည် အံ့ဩစိတ် စိုးရိမ်စိတ်တို့ဖြင့် တိုက်ကြီးရှိရာသို့ ကပျာကယာပြန်လှည့်ပြေးခဲ့လိုက်ပါတော့၏။ တိုက်ကြီးထဲအရောက်မတော့ မချစ်သည် ဒေါ်ချယ်ရီရွှေရှိရာ မီးဖိုဆောင်ဘက်သို့ တန်းဝင်ခဲ့ပြီး အခြေအနေကိုတစ်ချက်ကြည့်လိုက်သည်။ ဒေါ်ဝင်းမာစံ၏လူ ဘုတ်ဆုံမကိုမတွေ့တော့မှ. . .

"မမလေး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဩော် မချစ်၊ ပြော ဘာလဲ. . ."

"ကျွန်မ မသင်္ကာစရာမြင်ကွင်းကို အခုပဲတွေ့ခဲ့ရတယ်"

"ဘာမြင်ကွင်းလဲ၊ ဘယ်မှာတွေ့တာလဲ. . ."

"ခြံနောက်ဘက်က တံခါးပေါက်နားမှာ၊ ဦးလင်းနိုင်နဲ့ ဒေါ်ဝင်းမာစံကို စကားတွေကြိတ်ပြောနေတာတွေ့ခဲ့ရတယ်၊ ဘာတွေပြောနေတယ်ဆိုတာတော့ ကျွန်မ မကြားဘူး၊ ကျွန်မတကယ်ပြောတာ မမလေး၊ ဒေါ်ဝင်းမာစံဟာ မရိုးဘူးနဲ့တူတယ်၊ တမင်သက်သက် ရိုးဟန်ဆောင်နေတာပဲဖြစ်ရမယ်၊ သူတို့ကြည့်ရတာ အကြံတစ်ခုခု ရှိကောင်းရှိနေလိမ့်မယ်. . ."

"ဟင်!. . ."

မချစ်ပြောပြသည့်စကားများအတွက် ဒေါ်ချယ်ရီရွှေသည် လွန်စွာအံ့ဩသွားရသည်။ မယုံကြည်နိုင်အောင်လည်း ဖြစ်သွားရသည်။ ပြီးမှ ဒေါ်ချယ်ရီရွှေသည် တစ်စုံတစ်ရာအကြောင်းတွေကို ပြန်လည်အမှတ်ရ တွေးတောဖြစ်လိုက်ရ၏။

တခြားဖြင့်မဟုတ်၊ ဒေါ်ဝင်းမာစံသည် မိမိအားကြည့်သည့် မျက်လုံးအကြည့်တွေနှင့် ပြောဆိုသည့်စကားတွေ၊ ပြီးတော့မိမိအား ဆံပင်ဆွဲ ပါးရိုက်ခဲ့စဉ်ကမြင်ကွင်းတွေ။ ဒေါ်ဝင်းမာစံ မိမိအားရိုက်သည်က တကယ့်နာစေချင်၊ သေစေချင်သည့်ရိုက်ချက်တွေ၊ ပြင်းထန်သည့်ရိုက်ချက်တွေပါ။

ပြီးတော့ မိမိအားကြည့်သည့် ဒေါ်ဝင်းမာစံ၏ မျက်လုံးတွေကလည်း အရူးတစ်ယောက်မျက်လုံးမျိုးနှင့်မတူ၊ ဒေါသတကြီး အာဃာတအညှိုးနှင့်ကြည့်သည့် မျက်လုံးတွေသာဖြစ်၏။ မိမိအားပြောဆိုသည့် စကားတွေကလည်း အရူးတစ်ယောက်ပြောဆိုသည့် စကား





မျိုးမဟုတ်။ အာဃာတအညှိုးနှင့် ဒေါသတကြီးပြောဆိုပစ်နေသည့် စကားလုံးတွေပါ။

မိမိနှင့်နှစ်ယောက်တည်းရှိလျှင် ဒေါ်ဝင်းမာစံသည် ကျားမကြီးတစ်ကောင်နှယ် အမြဲရန်လို၍ တိုက်ခိုက်နေတတ်ပြီး၊ လူတွေရှေ့ဆိုလျှင် သိုးကလေးတစ်ကောင်လို မိမိအားလည်းလွန်စွာ အားကိုးသလိုနေပြတတ်၏။ အထူးသဖြင့် သူမ၏ခင်ပွန်းနှင့် သားရှေ့တွင် ဖြစ်၏။

ဒေါ်ချယ်ရီသည် မချစ်ပြောသော စကားများနှင့်ပတ်သက်ပြီး ဒေါ်ဝင်းမာစံအကြောင်းအား စဉ်းစားနေဆဲ ဘုတ်ဆုံမအသံကိုကြားလိုက်ရလေ၍ မချစ်သည် တစ်ဘက်တံခါးပေါက်မှ လှစ်ခနဲပျောက်ထွက်သွားလိုက်ရပြီး ဒေါ်ချယ်ရီရွှေသည်လည်း ထမင်းပွဲအား အားဆေးစွာပြင်ဆင်နေလိုက်လေ၏။

x x x x x

"ဟင်း. . ."

ရှေ့နေကြီးဦးဇော်ကြည်သည် မိသားစုဝင်တွေဆီကြည့်ပြီး စိတ်မချမ်းမြေ့သော သက်မမောကြီးအားချလိုက်ဖြစ်ခြင်းပါ။ ဒေါ်ချယ်ရီရွှေနှင့် မမတို့သားအမိက တစ်ဘက်ဆိုဖာပေါ်တွင်ထိုင်ပြီး ကိုကိုနှင့် ဒေါ်ဝင်းမာစံသားအမိက တစ်ဘက်ဆိုဖာတွင် ထိုင်ကြသည်။ ပြီးတော့ အသိသက်သေရှေ့နေနှစ်ယောက်က မျက်နှာချင်းဆိုင်တွင် ထိုင်ကြ၏။

"ကျုပ်လည်းစိတ်မကောင်းပါဘူးဗျာ၊ ဒီနေ့မနက်စောစောပိုင်းဆေးရုံမှာကိုမြတ်ထင်ကို ကျုပ်သွားကြည့်ပြီးပါပြီ၊ ဆရာဝန်တွေက



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြောပါတယ်၊ ကိုမြတ်ထင်အခြေအနေက ပြန်ကောင်းလာဖို့ ဆိုတာ ဘယ်လိုမှ အတိအကျမပြောနိုင်ပါဘူးတဲ့၊ ကိုမြတ်ထင် အခြေအနေက ကိုမာရောဂါအခြေအနေမျိုးဖြစ်သွားပြီဆိုတော့ သူပြန်နိုး လာဖို့ဆိုတာ ခန့်မှန်းလို့မရပါဘူးတဲ့. . .

ပြီးတော့ ခေါင်းနဲ့ကိုယ်မှာရထားတဲ့ ဒဏ်ရာတွေကလည်း ပြင်းတယ်လို့ပြောတယ်၊ ဒါကြောင့် ကျုပ်လည်း သူ့ကိုကြည့်ပြီး ကိစ္စတွေကို မြန်မြန်ဆောင်ရွက်ဖို့ ဆုံးဖြတ်လိုက်တာပါ၊ ဒါက ကိုမြတ်ထင်ရေးခဲ့တဲ့သေတမ်းစာပါ၊ ဒီသေတမ်းစာကို ခင်ဗျားတို့ အားလုံး ဖတ်ရပါမယ်၊ အကြမ်းဖျင်း ကျုပ်ပြောပြချင်တာကတော့ ဒီတိုက်ကြီးနဲ့ခြံကြီးကို ဒေါ်ချယ်ရီရွှေတစ်ဦးတည်းကိုပဲ ပေးခဲ့ပါတယ်"

ဦးစကားအတွက် နှုတ်ခမ်းတွေကိုပေရေ နီရဲနေအောင် ဆိုး ထားပြီး ဆံပင်တွေကို ဖားလျားချထားသည်။ လက်ထဲမတော့ ဘီး၊ မှန်နှင့် ပန်းတစ်ပွင့်ကိုကိုင်ထားသည့် ဒေါ်ဝင်းမာစံ၏မျက်လုံးနှင့် မျက်နှာအသွင်သည် လွန်စွာမုန်းတီးစက်ဆုပ်မှု၊ ခံပြင်းမှု၊ မကျေနပ်မှု တွေနှင့် လွှမ်းမိုးသွားရပြီး တစ်ကိုယ်လုံးသည် တင်းမာ တောင့် တင်းသွားလိုက်ရလေ၏။

"ဟိုကယ်နှင့်ကုမ္ပဏီလုပ်ငန်းကြီးတွေအားလုံးကိုတော့ သား ကိုကိုနဲ့ သမီးမမနှစ်ဦးပေါင်းပြီး ပေးခဲ့ပါတယ်၊ ဒါပေမယ့် ဟိုတယ် လုပ်ငန်းတစ်ခုကို ခင်ပွန်းသည်အဂ္ဂကျော်ရဲ့ကိုယ်စား ဒေါ်ချယ်ရီရွှေကို ပေးဖို့လည်း ရေးထားပါတယ်. . .

ဒေါ်ဝင်းမာစံကိုတော့ (× ×)လမ်းက တိုက်ခန်းတစ်ခန်းပဲ ပေးခဲ့ပါတယ်၊ တခြားအတွင်းအပြင်ပစ္စည်းတွေကိုလည်း သားကိုကိုနဲ့ သမီးမမတို့နှစ်ဦးရဲ့အမည်နဲ့ပဲ ထားခဲ့ပါတယ်၊ ဒါကကျုပ်သိထားတဲ့





အကြမ်းဖျင်းကိစ္စတွေပါ၊ အသေးစိတ်ကိုတော့ ဒီထဲမှာဖတ်ကြည့် ကြပါ. . ."

ရှေ့နေကြီးစကားအဆုံး၌ ကိုကိုသည် ဖခင်ရေးထားသည့် သေတမ်းစာကိုယူဖတ်လိုက်သည်။ ဒေါ်ချယ်ရီရွှေနှင့် ပမတို့မှာ တစ် ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စိတ်မကောင်းခြင်း၊ အနေခက် ခြင်းတွေနှင့် ရှိနေကြရရှာ၏။

"ဘဘရယ်. .သမီးတို့အတွက် မလိုပါဘူး၊ သမီးတို့ ဒါတွေမယူလို့ရတယ်မဟုတ်လားဟင်. . ."

"ဟုတ်ပါတယ် ရှေ့နေကြီးရယ်၊ ကျွန်မတို့သားအမိအတွက် ဘာမှမလိုအပ်ပါဘူးရှင်. . ."

"ဒါကတော့ သူဌေးရဲ့ဆန္ဒအတိုင်းပဲလေ၊ သူဌေးရဲ့ရက်ရော ပါပဲ၊ ပြီးတော့ သူဌေးက အင်မတန်မှအမြော်အမြင်ကြီးတဲ့ဂုဏ်၊ သူဒီလိုရေးသွားတယ်ဆိုတာကလည်း သူ့အကြောင်းသူရှိမှာပါ၊ သူ့ ခံစားချက်နဲ့ သူ့အကြောင်းတွေရှိပါလိမ့်မယ်. . ."

ရှေ့နေကြီးစကားတွေဆိုဆဲ ကိုကိုသည် စာကိုပြီးဆုံးအောင် ဖတ် မဖတ်မတော့မသိ။ စာရွက်ကိုစားပွဲတင်ထားခဲ့ပြီး မျက်နှာ ချောချောက တင်းမာစွာနှင့် နေရာမှထထွက်သွားလိုက်ပါတော့၏။

ကိုကို့နောက်ကျောဆီသို့ အားလုံးက လှမ်းကြည့်ဖြစ်လိုက် ကြသည်။ မမသည် မျက်ရည်များစီးဆင်းကျရပြီး ဒေါ်ချယ်ရီရွှေ သည်က မျက်ရည်များဝေဝဲ၍နေရှာသည်ပါ။ လူတွေရှေ့၌ ဒေါ်ဝင်းမာ စံသည် ရင်ထဲမှ ဒေါသလှိုင်းတန်ပိုးတွေကို ထိန်းချုပ်ပြီး လက်သည်း တွေကို ကိုက်စားနေသည့် အရူးမကြီးအသွင်ပကတိနှင့် ရှိပါ၏။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ. .ဒေါ်လေးချယ်ရီရွှေတို့သားအမိကို ဖေဖေ ဒီလောက်တောင်ပဲချစ်လား၊ မေမေ့ထက် ကျွန်တော့်ထက်ပဲ ဖေဖေ ပိုချစ်သလား၊ ဘာကြောင့်လဲ ဘာကြောင့်လဲ. . .

ဖေဖေဒီလိုလုပ်တာ ဘာကြောင့်လဲ၊ ဖေဖေတရားသလား၊ ဖေဖေစဉ်းစားကြည့်ပါ၊ မေမေက ဖေဖေ့ရဲ့ယယ်ပေါင်းဖော်တစ်ယောက်ပါ၊ ပြီးတော့ ဖေဖေတို့ကြောင့်ပဲ မေမေက ခုလိုရောဂါဆိုးကြီးနဲ့ ဖြစ်နေရတာပါ၊ ဒီလိုဝေဒနာနဲ့ မေမေ့ကို ဖေဖေရက်စက်နိုင်လွန်းတယ်နော်၊ ကျွန်တော်မက်မောလွန်းလို့ပြောနေတာ မဟုတ်ဘူး ဖေဖေ၊ မေမေ့အတွက် ရင်နာလွန်းလို့ ပြောနေတဲ့စကားတွေပါ. . .

ကျွန်တော်ငယ်ငယ်ကတည်းက ဖေဖေ့လုပ်ရပ်တွေအတွက် ရင်နာခဲ့ရတယ်၊ ဖေဖေသိရဲ့လား၊ ဖေဖေမတရားဘူး၊ မေမေ့အပေါ်မှာ ဖေဖေဘယ်တုန်းကမှ မတရားခဲ့ဘူး၊ မတရားဘူး၊ ဖေဖေ့ကို ကျွန်တော် မုန်းလိုက်ချင်ပြီးဗျာ. . ."

ဖခင်နားတွင်ထိုင်ကာ ဖခင်လက်တစ်ဘက်ကိုဆုပ်ကိုင်ပြီး မိခင်အတွက် မျက်ရည်တွေကျရင်းမှ သူ စကားတွေဆိုနေခြင်းပါ။ သူ့ခံစားမှုတွေနှင့် သူ့ဟာသူစကားတွေကို နာကျင်လွန်းစွာဆိုနေရ၍ ဖခင်ကြီးကို သူ သတိမထားဖြစ်။ သတိထားပြီး မကြည့်ဖြစ်ပါ။

အကယ်၍များ ဖခင်ကြီး၏မျက်နှာဆီ သူ ကြည့်မိမည်ဆိုလျှင် ဖခင်ကြီးသည် သူ့အား မျက်ဝန်းအစုံဖွင့်ကြည့်နေသည်ကို သူ တွေ့ရမည်ပါ။ ပြီးတော့ တစ်ဘက်ဆေးတွင်ချထားသည့် ဖခင်၏လက်တစ်ဘက်မှ လက်ချောင်းလေးများလှုပ်ရှားနေသည်ကိုလည်း သူ တွေ့မြင်မိရမည်ပါ။

နောက်ဆုံး သူသည် ခံစားမှုတွေနှင့် မျက် [illegible] မြဲဆုပ်ကိုင်ထား





သည့် ဖခင်လက်ကိုလွှတ်ချခဲ့ပြီး မျက်ရည်တို့နှင့် ဖခင်ကိုကျောခိုင်းကာ အခန်းထဲမှလှမ်းထွက်သွားလိုက်လေပြီဖြစ်လေ၏။ ဦးမြတ်ထင်သည် သားချောအား ဘယ်လိုမှလှမ်းခေါ်၍မရနိုင်သည်မို့ မျက်ဝန်းမှ မျက်ရည်တို့သည် စီးကျရင်း တစ်ကိုယ်တည်းကျန်ရစ်ခဲ့လေ၏။

ဆေးရုံမှကားမောင်းထွက်ခဲ့ပြီး ကိုကိုသည် ဘီယာဘားတစ်ခုသို့သွားပြီး အမူးသောက်ပစ်လိုက်သည်။ မည်မျှအထိ သောက်ပစ်နေသည်မသိ၊ ဆိုင်ပိတ်နေပြီကိုပင် သူ မသိ။ ဝန်ထမ်းလေးတွေက သူ့ကိုစောင့်ကြည့်ပြီးနေကြသည်။ အတန်ကြာမှ အကြီးအကဲဝန်ထမ်းတစ်ဦးက သူ့ထံရောက်လာပြီး. . .

"အစ်ကို. .ကျွန်တော်တို့ဆိုင်ပိတ်ပါပြီခင်ဗျာ. . ."

"အင်..အဟောင် ဆောရီး ကိုယ့်ညီရာ. . ."

ဆိုရင်း နေရာမှယိုင်နဲ့နဲ့ဖြင့် သူ ထတော့၊ လဲပြိုတော့မလိုဖြစ်သွား၍ ဝန်ထမ်းလေးတွေက ထိန်းထားလိုက်ကြရလေ၏။

"အစ်ကို. .ကျွန်တော်တို့ကူညီပါ့မယ်၊ အစ်ကို့ကို ကျွန်တော်တို့ကားနဲ့ပဲ အိမ်ပြန်ပို့ပေးပါ့မယ်၊ မနက်မှပဲ အစ်ကို့ကားကို လာယူခိုင်းရင်ရပါတယ်. . ."

ဆိုင်ဝန်ထမ်းအမျိုးသားလေးကဆိုသော်လည်း သူကဖြင့် ခေါင်းစိုက်နေပါပြီ။ ဆိုင်ဝန်ထမ်းလေးတွေမှာ သူ့ကိုကားပေါ်တွဲတင်ကြရသည်။ ပြီးတော့ သူ့ပိုက်ဆံအိတ်ထဲမှ လိပ်စာကဒ်ကိုရှာပြီး သူ့အိမ်သို့ဦးစွာပို့ပေးလိုက်ကြရလေ၏။ တစ်အောင့်ခန့်ကြာသည်တွင် သူ့အိမ်သို့ရောက်လာသည်။ သူသည် ကားပေါ်မှ တဖြည်းဖြည်းချင်းဆင်းလိုက်ပြီး. . .

"ဟား ဟား ဟုတ်တယ် ဟုတ်တယ်၊ ဒါအစ်ကို့အိမ်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်တယ်ကွာ. . ."

"အစ်ကို ရတယ်နော်. . ."

"ရတယ် ရတယ်၊ ကျေးဇူးပဲငါ့ညီတို့ရယ်. .ဟား ဟား"

"သွားပြီ အစ်ကို၊ မနက်ဖြန် အစ်ကို့ကားကို လာပို့ပေးမယ်"

"ကောင်းပြီ ကောင်းပြီ. . ."

အိမ်ရှေ့မှစကားသံတွေကြောင့် မမသည် အိမ်ရှေ့တံခါးကို ဖွင့်ပြီး ကြည့်လိုက်သည်တွင် ကိုကိုတစ်ယောက် ခြေလှမ်းရေတွက် လာနေသည်ကို တွေ့လိုက်ရလေ၏။

"ကိုကို့. .အများကြီးသောက်လာတယ်ထင်တယ်. . ."

မမတစ်ယောက် စိတ်ထဲဆိုရင်း ကိုကို့ကိုပြေးကြိုကာ တွဲလိုက်သည်။ ကိုကိုသည် မမအကူနှင့် တိုက်ကြီးထဲရောက်လာပြီးမှ မမကိုတွန်းပစ်လိုက်ပြီး. . .

"သွားစမ်းကွာ၊ မင်း ငါ့ကိုလာမထိပါနဲ့၊ မင်း ငါ့ရှေ့လည်း မလာပါနဲ့၊ ငါ့ရင်တွေနာကျင်လွန်းလို့ပါကွ သွား သွား. ."

"ကိုကိုရယ် ဘာပဲဖြစ်ဖြစ် ကိုကို့ကို မမပြုစုမှာပါ. . ."

မျက်ရည်တွေနှင့် ကြိတ်ရှိုက်ပြီး မမသည် ကိုကို့အနီး ပြေးကပ်ကာ ကိုကို့ကိုအပေါ်ထပ်သို့ တွဲတင်ခဲ့သည်။

"မင်းသွားစမ်းပါကွာ. . ."

"မလုပ်ပါနဲ့ ကိုကိုရယ်. . ."

လှေကားပေါ်တက်ရင်း သူ တွန်းပစ်နေတော့ မမ သူ့ကို ဖက်ထားပြီးဆိုရှာသည်။

"အေ့ အား. . ."

"မမ သံပုရာရည်ဖျော်ပေးမယ်နော်. . ."





"မသောက်ဘူး. . ."

"ကိုကိုသိပ်မူးနေတယ်. . ."

"ငါဘာဖြစ်ဖြစ်ကွာ၊ မင်းဟာမင်းနေ. . ."

စကားတွေဆိုရင်း တွန်းရင်းထိုးရင်းကပင် သူတို့အပေါ်ထပ် သို့ရောက်ခဲ့ကြသည်။ အိပ်ခန်းထဲအရောက်မတော့ ကိုကိုသည် မမကို တွန်းပစ်လိုက်၍ မမခများကြမ်းထက်လဲကျသွားရရှာ၏။ သို့သော် လည်း မမသည် ချက်ချင်းပြန်ထပြီး ကိုကို့ကိုတွဲသည်။ အိပ်ယာဆီ အရောက်တွဲခေါ်သည်။

"မင်းဟာမင်းနေလို့ ပြောတယ်မဟုတ်လား. ."

"မနေနိုင်ဘူး၊ ကိုကို့ကို မမပြုစုရမယ်. . ."

"မင်းကိုမြင်ရင် ငါရင်နာတယ်ကွ. . ."

"မမလည်းခံစားရပါတယ် ကိုကိုရယ်. . ."

"မင်းလည်း ခံစားရတယ် ဟုတ်လား၊ ဘာခံစားရလဲ၊ မင်းဘာခံစားရလဲ. . ."

"မမခံစားရတယ်ဆိုတာ ကိုကို့အတွက်ပါ၊ မမတို့သားအမိ ကြောင့် ကိုကိုတို့မိသားစုဘဝတွေ ပျက်စီးခဲ့ရတာမို့ မမပြန်ပေးဆပ် ပါရစေ၊ ကိုကို မမကိုကြိုက်သလိုပြောပါ၊ အားမရသေးရင်လည်း ရိုက်ပါ. . ."

"ကော် တော်. .မင်းက ငါ့ကိုလူကြမ်းကြီးလုပ်ခိုင်းနေတာ လား၊ သွား သွား မင်းမျက်နှာကိုလည်း ငါမကြည့်ချင်ဘူး. ."

"မမကိုမုန်းနိုင်ပါတယ်၊ ဒါပေမယ့် မမကတော့ ကိုကို့ကို ချစ်တယ်၊ ဘယ်လိုပဲဖြစ်နေနေချစ်တယ်၊ ကိုကိုနဲ့ပဲနေမယ်၊ ကိုကို့ ကိုပြုစုမယ်၊ ကိုကိုပြောသမျှခံမယ်၊ ကိုကိုခိုင်းသမျှလုပ်ပေးမယ်၊ ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်တယ်၊ ထာဝရချစ်တယ်. . .

အနုဖေဖေပေးခဲ့တဲ့ပစ္စည်းတွေကိုလည်း မမဘာမှမယူဘူး၊ ယူလိုချင်ဘူး၊ ကိုကိုတို့သားအမိပဲယူပါနော်၊ ဒီပစ္စည်းတွေကလည်း ကိုကိုတို့သားအမိရဲ့ ပစ္စည်းတွေပါပဲ. . .”

“တော်စမ်းကွာ၊ မင်း အပိုတွေလျှောက်ပြောမနေစမ်းပါနဲ့”

“အား. . .”

သူဆိုရင်း မူးမူးနှင့် လက်တစ်ဘက်လွှဲလိုက်သည်တွင် မမကို တွန်းပစ်သလိုဖြစ်သွား၍ မမမှာ အိပ်ယာကြီးထက် ပစ်ကျသွားလိုက်ရရှာပါတော့၏။ ဘာဖြစ်ဖြစ် မမပြန်ကြုံးထသည်။ သူ့ကိုအိပ်ယာပေါ်ရောက်အောင် ဆွဲတင်သည်။ အိပ်ယာပေါ်ရောက်ပြီး သူငြိမ်သွားတော့မှ မမသည် သူ့ခြေအစုံကို ရေပတ်နှင့်သုတ်ပေးပြီး စောင်ခြုံပေးသည်။ ပြီးတော့ မမသည် သူ့မျက်နှာချောချောဆီ မျက်ရည်တွေနှင့်ကြည့်ရင်း. . .

“ကိုကို. .ကိုကို့ကိုမမချစ်တယ်၊ မမလည်း ဟိုငယ်ငယ်ကတည်းကပဲ ကိုကို့ကို ချစ်အားကိုးခဲ့တာပါ၊ ကိုကိုခံစားနေရတဲ့အတွက် မမလည်းခံစားနေရပါတယ် ကိုကိုရယ်၊ ကိုကို မမတို့သားအမိကြောင့်နဲ့ ရှေ့လျှောက် ဘာမှစိတ်မပူနဲ့နော်. . .

ကိုကိုတို့သားအမိတွေ စိတ်ချမ်းသာစေရပါမယ်၊ မမ ကတိပေးပါတယ်၊ တကယ်ပါ မမတို့သားအမိဘာမှမလိုချင်ပါဘူး ကိုကိုရယ်၊ ကိုကို့ကိုသိပ်ချစ်တယ်၊ ကိုကို့ခံစားမှုတွေအတွက် ဘဝတစ်လျှောက်လုံးပေးဆပ်ပြီးနေသွားပါ့မယ်. . .”

ဝမ်းနည်းကြေကွဲခြင်းတွေနှင့်ဆိုအပြီး မမသည် အခန်းထဲမှ လှမ်းထွက်ခဲ့လေ၏။ မမလှမ်းထွက်သွားသည်တွင် သူ့မျက်ဝန်းအစုံ





ဖွင့်လာသည်။ သူ့မျက်ဝန်းအိမ်ထောင့်တွင်မလည်း မျက်ရည်တွေစီးဆင်းနေသည်ပါ။

ဒေါ်ချယ်ရီရွှေ၏အိပ်ခန်းထဲမတော့ သားအမိနှစ်ယောက်သည် ထွေးပိုက်ကာလှဲအိပ်ရင်း အိပ်မပျော်နိုင်၍ စကားတွေပြောနေဖြစ်ကြ၏။

“မေမေ. . .”

“ဟင်. . .”

“ကိုကိုငယ်ငယ်ကအကြောင်းကို နည်းနည်းပြောပြပါလားဟင်၊ သမီး ကိုကိုတို့အိမ်ပေါ်ကို ရောက်မလာသေးတဲ့အချိန်ကလေ၊ သမီးက အိမ်ဖော်အဒေါ်ကြီး ရွာပြန်သွားမှ မေမေတို့နဲ့လာနေရတာမဟုတ်လား၊ အဲဒီတုန်းက ကိုကို့အကြောင်းတွေကို ပြောပြပါလား”

“ဟုတ်ပါတယ် သမီး၊ သားက သိပ်ခံစားခဲ့ရရှာပါတယ်၊ သူ့အမေကို စိတ်ကျန်းမာရေးဆေးရုံပို့ထားတော့ သူ စိတ်အားငယ်နေရှာမယ်၊ သူ မေမေ့ကို ဘယ်ကြည်ဖြူနိုင်ရှာမလဲလေ၊ တစ်နေ့ သူ့အမေဆီကိုသွားမယ်ဆိုပြီး သူ အိမ်ကထွက်သွားတာသိလို့ သူ့အဖေ သူ့ကိုရိုက်ခဲ့တယ်. . .

သူ့ကိုမရိုက်ဖူးတဲ့အဖေက ရိုက်လို့ သူ မေမေ့ကိုပိုပြီးမကျေမနပ်ဖြစ်ပုံရတယ်၊ မေမေက ကျောင်းပို့ရင် သူ မေမေနဲ့မသွားချင်ဘူး၊ မေမေ့ကိုစကားမပြောချင်ဘူး၊ သူ ငယ်ငယ်ကတည်းက အမုန်းမျက်လုံးတွေနဲ့ပဲ မေမေ့ကို သူ ကြည့်တတ်ခဲ့တယ်. . .

သူ့အသက်ကလေး ငယ်သေးတော့ သူ့မိခင်ကိုပဲ သူ လွမ်းနေရှာမယ်ဆိုတာ မေမေလည်းသိပါတယ်ကွယ်၊ ဒါကြောင့်လည်း မေမေက သားကိုပိုပြီးဂရုစိုက်ခဲ့ပါတယ်၊ သားက အကောင်းမမြင်လည်း မေမေ သားကိုအမြဲဂရုစိုက်တယ်၊ သားကတော့ သူ့အဖေ



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံကိုအမြဲဖက်ထားပြီး ငိုပြီး အမြဲအိပ်ပျော်သွားတတ်ရှာတယ်"

မိခင်ဒေါ်ချယ်ရီရွှေစကားတွေကို နားထောင်ရင်း မမသည် ရင်ထဲနှလုံးသားက စာနာစိတ်များနှင့် ဝမ်းနည်းကြေကွဲရရှာပါ၏။ မမမျက်ဝန်းမှ ယိုစီးကျနေသည့် မျက်ရည်တွေက ခေါင်းအုံးထောင့် နေရာတစ်ခုလုံးတွင် နစ်ရွှဲနေပါပြီ။ နောက်ဆုံး မမသည် ကြေကွဲမှုများ၊ ဆုံးဖြတ်ချက်များနှင့် မျက်ဝန်းလေးအစုံအား ပိတ်ထားဖြစ်လိုက်ရပါလေ၏။ ။

❖ ❖ ❖



(တစ်ဆယ့်နှစ်)

ကိုကိုနှင့်အတူ မမအား ကုမ္ပဏီလုပ်ငန်းတွေလုပ်ရန် လွှဲအပ်သွားပြီမို့ မမတစ်ယောက် ကုမ္ပဏီလုပ်ငန်းတွေကို နေ့စဉ်လေ့လာလုပ်ကိုင်နေရပြီဖြစ်၏။ အစမို့လုပ်ငန်းမကျွမ်းကျင်ဖြစ်နေသည်က အမှန်ပါ။ တကယ်တော့ မမ မလုပ်ချင်၊ ကိုကိုက ကုမ္ပဏီသို့ မသွားဘဲနေ၍ မမမှာ ကိုယ့်ကိုယ်ကိုအားပေးပြီး ကုမ္ပဏီသို့နေ့စဉ်သွားနေရခြင်းပါ။ ခုလည်း မမသည် ကုမ္ပဏီလုပ်ငန်းတွေကို လေ့လာလုပ်ကိုင်ခဲ့ပြီး နေ့လည်ထမင်းစားချိန်လွန်လွန်လေးတွင် အိမ်သို့ပြန်ခဲ့လေ၏။

မမအနေနှင့် ဝမ်းနည်းသည်၊ စိတ်ထိခိုက်ရသည်၊ ပင်ပန်းနေရသည်ကဖြင့် အမှန်ပါ။ သို့သော်လည်း မမသည် မိမိကိုယ်မိမိ အားပေးသည်၊ အားတင်းထားသည်။ ဘာဖြစ်ဖြစ် ကိုကို့အတွက် ပေးဆပ်မည်ဟုဆုံးဖြတ်ထားပြီးသားမို့ပါ။

ကိုကို့အငြိုအငြင်ကိုခံမည်၊ အပြောအဆိုကိုခံမည်၊ မုန်းတီးခြင်း နာကြည်းခြင်းတွေကိုလည်းခံမည်။ မမကမူ ကိုကို့အား မငြိုငြင် နာကြည်းမှုမရှိ အချစ်မပြယ်တမ်းချစ်မည်ဖြစ်၏။ နေ့နေ့ညည ... လေတိုင်း၌ ကိုကို့အတွက် မမမျက်ရည်များဝဲရပါသည်။ ... ပါသည်။ ခုလည်းပဲ အတွေးများတွင်ဝမ်းနည်းခြင်းများဖြင့်မမသည်



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်လျှောက်၌ မျက်ရည်တို့ဝေ့ဝဲလာရင်းမှ အိမ်သို့ပြန်ရောက်ခဲ့ပါပြီ။

အိမ်ပြန်ရောက်သည်နှင့် မမသည် အပေါ်ထပ်သို့လှမ်းတက်ခဲ့သည်။ မိမိတို့အိပ်ခန်းဆီအရောက်မတော့ ကိုကိုသည် အသံအကျယ်ကြီးဖွင့်ထားပြီး တီဗီထိုင်ကြည့်နေသည်ကိုတွေ့၍ မမမှာ ရင်တုန်ပမ်းတုန်ဖြစ်ကာ ရင်ကလေးကိုဖိထားလိုက်ရရှာ၏။ နောက်ဆုံး မမမခံနိုင်၍ ရီမုကိုယူကာ တီဗီကိုပိတ်ပစ်လိုက်ရတော့၏။

"ကိုကို. .မမပြောစရာရှိလို့ပါ. . ."

ကိုကိုကမဆို၊ မမထံသာတစ်ချက်ကြည့်ပြီး တီဗီကိုပြန်ဖွင့်သည်။ မမ စိတ်ညစ်သွားသည်။ ပြီးတော့ ရီမုကိုယူပြီး ပြန်ပိတ်ပြန်သည်။

"ကိုကို. .မမ စကားပြောမလို့ပါဆို. . ."

"ပြောပါလား၊ မင်းဟာမင်း. . ."

ကိုကိုဆိုရင်း စားပွဲပေါ်မှ ရီမုကိုလှမ်းယူမည်ပြင်တော့ မမက ဖြတ်ခနဲရီမုကိုပြန်ယူထားလိုက်သည်။ ကိုကိုမှာ မမကိုမျက်မှောင်တွန့်ကာကြည့်လိုက်ပြီး. . .

"မင်း ဒါဘာလုပ်တာလဲ. . ."

"မမစကားပြောတာနားထောင်ပေးပါ. . ."

"ပြောပေါ့၊ ပေး ရီမု. . ."

"မပေးဘူး၊ ဟိုတယ်ကို ကိုကိုသွားစေချင်တယ်. . ."

"ပေးစမ်းပါကွာ ရီမုကို၊ လက်စ‌ေ့ကြည့်မလို့ကွ. . ."

"မပေးဘူး၊ မမစကားပြောပြီးမှပေးမယ်. . ."

"အလုပ်ကိစ္စတွေကို ဘာပြောစရာရှိလဲ၊ မင်းသဘောအတိုင်း





လုပ်ကိုင်ခွင့်ပြုထားတာပဲ၊ ပေးစမ်းပါကွာ. . ."

ကိုကိုဆိုရင်း မမလက်ထဲ ရီမုကိုလှမ်းယူတော့ မမက လက်ကလေးနှစ်ဘက်ကို နောက်ပစ်ထားလိုက်သည်။ ရီမုကိုနောက်တွင်ဖွက်ထားပြီး မမစကားပြောမည်ပြုဆဲ ကိုကိုသည် မမကိုယ်လေးအား ခါးမှဆွဲဖက်ကာ ရီမုကိုလုသည်။

"အို မပေးဘူး၊ ကိုကိုနော်. . ."

မမတစ်ယောက် ရှောင်တိမ်းရုန်းကန်ရင်းဆိုသော်လည်း ကိုကိုကား မမလက်ထဲမှ ရီမုဆီစိတ်ကမရောက်တော့ပါ။ ရင်းသန့်သောကိုယ်သင်းနံ့လေးနှင့် သနပ်ခါးရနံ့လေး သင်းပျံ့နေသည့် မမကိုယ်လေးကိုသာ သူ ရင်ခွင်ထဲထွေးဖက်ထားဖြစ်တော့၏။

ပမကအမှတ်တမဲ့ပင်ရှိကာ ရုန်းသည်။ ပြီးမှ သူ့မျက်နှာချောချောဆီ မမကြည့်ဖြစ်တော့ မမရင်ထဲဆိုနှင့် နာကျင်သွားရသည်၊ ဝမ်းနည်းသွားရသည်။ သူတို့တစ်ဦးကိုတစ်ဦး အတန်ကြာကြာကြီး ကြည့်နေဖြစ်ကြသည်။ ကြည့်ဆဲမှ ကိုကို့မျက်နှာချောချောသည် မမမျက်နှာလုလုလေးအနီးသို့ တဖြည်းဖြည်းတိုးကပ်လာလေ၏။ မမသည် ဝမ်းနည်းခြင်းတွေနှင့် မှင်သက်စွာရှိနေရာမှ သတိရလာသည်မို့ မျက်နှာလေးကို မသိမသာတိမ်းဖယ်ကာ ရှောင်လိုက်သည်။

သူက မျက်မှောင်တွန့်သွားသည်။ အသည်းယားသွားသည်မို့ မမကိုယ်လေးကို ခပ်တင်းတင်းလေးထွေးဖျစ်လိုက်ပြီး မျက်နှာချင်းပူးကပ်ဖို့ကြံသည်နှင့် မမကလည်း သူ့မျက်နှာကို လက်ကလေးနှစ်ဘက်နှင့် ဖုံးတွန်းထားလိုက်လေ၏။ တစ်ဆက်တည်းလည်း သူတို့အသံတိတ် မျက်လုံးချင်းစကားပြောလိုက်ကြသည်။

"မရုန်းနဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ရှန်းမယ်. . ."

"နာသွားချင်လား. . ."

"ရဲရင်လုပ်ကြည့်လိုက်လေ. . ."

"အာဂပဲ၊ ကောင်မလေးနော် နောက်မှမအော်နဲ့. . ."

"ကဲ အခုဘယ်သူအော်ရပြီလဲ. . ."

"အား. . ."

"ခစ် ခစ် ခစ်. . ."

သူ့ဗိုက်ခေါက်ဆီ ဆတ်ခနဲ မမ ဆွဲလိမ်လိုက်သည်မတော့ သူလန့်ပြီးအော်ကာ လက်များအလျော့၊ မမသည် သူ့လက်မှရှန်းထွက်ကာ အခန်းထဲမှ ပြေးထွက်သွားလိုက်ပါပြီ။ အပြင်ဘက်အရောက် မမသည် ပါးစပ်ကလေးပိတ်ကာ တခစ်ခစ်ရယ်ရင်း အခန်းထဲပြန်ချောင်းကြည့်လိုက်သည်။ ပြီးတော့ မမသည် ကြက်သီးလေးများထကာ ရှက်ပြုံးလေးများနှင့် တစ်ကိုယ်တည်းရှိနေဆဲအချိန်များ၌...

တိုက်ဆိုင်စွာပင် ဒေါ်ဝင်းမာစံသည် အခန်းထဲမှထွက်လာခိုက် မမကို အခန်းဝ၌ ပြုံးရယ်နေသည်ကို တွေ့မြင်သွားရခိုက်၊ ဒေါ်ဝင်းမာစံတစ်ယောက် မမထံ လှမ်း၍စိုက်ကြည့်နေလိုက်၏။ ဒေါ်ဝင်းမာစံအကြည့်တွေက ဒေါသနှင့်မနှစ်မြို့မှုတွေနှင့်ပါ။

အတန်ကြာကြာစိုက်ကြည့်နေပြီးမှ ဒေါ်ဝင်းမာစံသည် စိတ်ကူးတစ်ခုရလိုက်သလိုနှင့် အပေါ်ထပ်မှ ချက်ချင်းပြန်ဆင်းသွားလိုက်သည်။ အောက်ထပ်အရောက် ခြံထဲသို့ဆက်ဆင်းခဲ့သည်။ ခြံထဲအရောက်မတော့ ဒေါ်ဝင်းမာစံသည် ဖုန်းနံပါတ်တစ်ခုဆီ လှမ်းနှိပ်လိုက်လေ၏။

"ဟယ်လို. .အင်း ဟုတ်တယ်၊ ပြောစရာရှိတယ်၊ မြန်မြန်





လာနော်၊ အရင်နေရာပဲလာခဲ့ ကောင်းပြီ. . ."

စကားအဆုံး ဒေါ်ဝင်းမာစံသည် ဖုန်းလေးကိုပိတ်လိုက်သည်။ ဒေါ်ဝင်းမာစံ၏မျက်နှာထားအသွင်သည်က အကြံအစည်များနှင့် တင်းမာခက်ထန်နေရလေ၏။

× × × × ×

ဟင်! ငါ့ကိုမချစ်ပြောတာ မှန်နေပြီပဲ၊ သူတို့ဘာတွေပြောနေကြပါလိမ့်၊ ပြီးတော့ ဘာဖြစ်လို့ ဒီလိုနေရာမှာမှ လာတွေ့ပြီးပြောကြရတာလဲ၊ သူတို့ရိုးသားတယ်ဆိုရင် အိမ်ထဲဝင်ပြောသင့်တာပေါ့၊ အိမ်ထဲမှာပြောလည်းရတာပဲ. . .

ဘာတွေဘယ်လိုဖြစ်ကုန်ပြီလဲ မသိတော့ဘူး၊ ဝင်းမာစံကတကယ်စိတ်ဝေဒနာသည်တစ်ယောက်မှ ဟုတ်ရဲ့လား၊ ဟန်ဆောင်နေတာများလား၊ ခုလိုကြည့်တော့လည်း သူစကားပြောနေပုံကတကယ့်လူကောင်းတစ်ယောက်အတိုင်းပဲ၊ ဟင်း. .ဘယ်လိုတွေးရမလဲတောင် မသိတော့ဘူး. . .။

"မမ. . ."

"အို့ အမေ. .၊ ဒေါင် . . ."

နောက်ဘက်မှ ရုတ်တရက်ခေါ်လိုက်သည့် မချစ်ခေါ်သံကြောင့် ဒေါ်ဝင်းမာစံနှင့်ဦးလင်းနိုင်တို့ဆီ လှမ်းကြည့်နေသည့် ဒေါ်ချယ်ရီရွှေသည် လန့်တုန်သွားရကာ လက်ထဲမှ ရေပုံးပင်လွတ်ကျသွားလိုက်ရလေ၏။

ဒေါင်ကနဲကြားလိုက်ရသည့်အသံကြောင့် ဦးလင်းနိုင်ရော ဒေါ်ဝင်းမာစံပါ အသံကြားရာဘက်သို့ လှမ်းကြည့်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ချယ်ရီရွှေနှင့် မချစ်တို့က ပစ္စည်းဟောင်းများထားသည့် အဆောက်အဦးတစ်ခုနှင့်ကွယ်နေ၍ သူတို့မမြင်ဘဲရှိ၏။

"ဘယ်သူလဲ ဝင်းမာစံ. . ."

"မသိဘူးလေ၊ ငါ ဒီကိုလာတာ ဘယ်သူမှမသိပါဘူး"

"တစ်ယောက်ယောက်များ ငါတို့ကိုလာချောင်းသလား မသိဘူး၊ ငါတို့ပြောတဲ့စကားတွေတော့ မကြားနိုင်လောက်ဘူးထင်ပါတယ်"

ဦးလင်းနိုင်ဆိုတော့ ဒေါ်ဝင်းမာစံလည်း စဉ်းစားသွားသည်။ တစ်ဆက်တည်းလည်း စိုးရိမ်စိတ်တွေ ပေါ်လာသလိုဖြစ်လာ၍. .

"နင်သွားကြည့်လိုက်၊ ငါသွားတော့မယ်. . ."

ဒေါ်ဝင်းမာစံဆိုရင်း နေရာမှခပ်သွက်သွက် လှမ်းထွက်သွားသည်တွင် ဦးလင်းနိုင်သည် အသံကြားရာဘက်ဆီသို့ တစ်လှမ်းချင်း လှမ်းလာခဲ့လေ၏။ ထိုအချိန်များ၌ ဒေါ်ချယ်ရီရွှေသည်လည်း မချစ်ကိုလက်ဆွဲကာ ခပ်လှမ်းလှမ်းသို့ခေါ်ခဲ့ပြီး သဇင်တိုင်များနားတွင် စကားပြောသလိုနေနေလိုက်သည်။

"ဒီသဇင်တွေက တော်တော်သန်တယ်နော် မချစ်၊ ဩော် ရေတစ်ပုံးသွားခပ်ပေးပါဦးလား၊ အရွက်တွေဆေးချင်လို့. . ."

"ဟုတ်ကဲ့ မေမေ. . ."

မချစ်ဆိုရင်း ရေပုံးလေးယူကာထွက်သွားသည်တွင် ဒေါ်ချယ်ရီရွှေသည် ကတ်ကြေးလေးကိုင်ကာ တစ်ဘက်သို့အလှည့်. . .

"အမလေး. .ဟင်! ကိုလင်းနိုင်. .ရှင်ဘယ်ကလာတာလဲ"

ဦးလင်းနိုင်မှာ ဒေါ်ချယ်ရီရွှေမျက်နှာချောချောလှလှဆီ ဖတ်နေရင်း စဉ်းစားနေဖြစ်သည်။ ပြီးမှ. . .

"မချယ်ရီရွှေက ဒီမှာရှိနေတာကိုး. . ."





"ဟုတ်ကဲ့၊ ကျွန်မသဇင်တွေကို ပြုစုနေတာပါ၊ ဘာကိစ္စရှိလို့လဲ ကိုလင်းနိုင်၊ ဘယ်တုန်းကရောက်နေတာလဲ. ."

"သိပ်မကြာသေးပါဘူး၊ ခြံထဲလျှောက်ကြည့်ရင်း တွေ့တာနဲ့လာခဲ့တာ. . ."

"ဩော် ဒါဖြင့် လာလေ၊ အိမ်ရှေ့သွားကြတာပေါ့. . ."

ဒေါ်ချယ်ရီရွှေဆိုဆဲ မချစ်တစ်ယောက် ရေတစ်ပုံးခပ်၍ရောက်လာသည်ကိုတွေ့၍. . .

"ကိစ္စမရှိပါဘူး၊ မချယ်ရီမှမအားဘဲ၊ ကျွန်တော်ပြန်တော့မယ်. . ."

"ဒါဆိုလည်း ကောင်းပါပြီရှင်. . ."

ဦးလင်းနိုင်တစ်ယောက် ထွက်သွားသည်နှင့် ဒေါ်ချယ်ရီရွှေသည်လည်း ရေတစ်ပုံးကိုသွန်ခဲ့ပြီး မချစ်နှင့်အတူ တိုက်ကြီးဆီသို့ ပြန်လှမ်းခဲ့လိုက်ပါတော့၏။

ဟင် ကောင်မချယ်ရီရွှေပါလား၊ ဒီကောင်မ ငါတို့ကို တွေ့သွားလားမသိဘူး၊ ငါတို့ပြောတဲ့စကားတွေကို ကြားသွားလားမသိဘူး၊ ကြည့်ရတာတော့ သိပုံမပေါ်ဘူးနဲ့တူတယ်. . .။

ဦးလင်းနိုင်တစ်ယောက် စိတ်ထဲမလုံမလဲဖြစ်ကာ လမ်းတစ်လျှောက် မတင်မကျဖြစ်သွားရသကဲ့သို့ ဒေါ်ချယ်ရီရွှေအား လှမ်းမြင်လိုက်သည့် ဒေါ်ဝင်းမာစံသည်လည်း စိတ်တွေမလုံမလဲဖြစ်နေရပါသတည်း။ ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်သုံး)

"ဦးချစ်ဝင်း. .ကျုပ် မှိုတ်ထားခဲ့ထားခိုင်းတဲ့ စာရွက်စာတမ်းတွေ လုပ်ထားပြီးပြီလား. . ."

"ပြီးပါပြီ ဆရာ၊ အားလုံးအသင့်ပါပဲ. . ."

"အခုလည်း ဒါကို ကွန်ပျူတာရိုက်ပြီး ခြောက်စုံထုတ်ထားပေးပါ. . ."

"ဟုတ်ကဲ့ ဆရာ. . ."

"ဒါဖြင့် ခင်ဗျားလုပ်စရာရှိတာ အရင်သွားလုပ်ထားနှင့်ပါ၊ ကျုပ်လိုက်လာခဲ့မယ်. . ."

"ဟုတ်ကဲ့ ဆရာ၊ ဒါနဲ့ ဆရာ. . ."

"ပြော ဦးချစ်ဝင်း၊ ဘာကိစ္စရှိလို့လဲ. . ."

"ကိစ္စတော့မရှိပါဘူး ဆရာ၊ ဆရာ့ကို သတိပေးထားချင်လို့ပါ. . ."

ဦးချစ်ဝင်းစကားအတွက် ရှေ့နေကြီးဦးဇော်ကြည်တစ်ယောက် မျက်မှောင်တွန့်သွားသည်။ ဦးချစ်ဝင်းက စကားကို မြန်မြန်ဆက်ဆိုလိုက်၏။

"ဆရာ အခုကိစ္စတွေမှာ ဒေါ်ဝင်းမာစံနဲ့ ဦးလင်းနိုင်တို့က ဆော်တော့်ကိုကျေနပ်ပုံမရဘူးလို့ ကျွန်တော်ထင်တယ်၊ သူတို့ကြည့်ရ





တာ တစ်ခုခုကိုတော့ ကြိတ်ကြံကြမယ့်ပုံမျိုးရှိတယ် ဆရာ. . ."

"ဒါကတော့ သူ့ဘွေးစိစဉ်တဲ့အတိုင်းပဲလေ၊ ငါလုပ်တာမှ မဟုတ်ပဲကွာ. . ."

"ဟုတ်ပါတယ်၊ ဆရာမလုပ်ပေမယ့် အားလုံးက ဆရာ့လက်ထဲမှာလိုဖြစ်နေတယ်မဟုတ်လား၊ သူတို့ ဆရာ့ကိုတောင် အန္တရာယ်ပေးနိုင်တယ်၊ ဖြစ်နိုင်ရင် ဆရာ သတိနဲ့နေဖို့ ကျွန်တော် သတိပေးချင်တာပါ. . ."

ဟိုတယ်စာရေးကြီး ဦးချစ်ဝင်းဆိုတော့ ရှေ့နေကြီးဦးဇော်ကြည်သည် အလေးထားကာ စဉ်းစားသွားရသလိုရှိသည်။ ပြီးမှ...

"အေး ခင်ဗျားသတိပေးတာ ကျုပ်ကျေးဇူးတင်ပါတယ်"

"ဒါဖြင့် ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ. . ."

"ကောင်းပြီ. . ."

ရှေ့နေကြီးကိုနှုတ်ဆက်ခဲ့ပြီး ရှေ့နေကြီးအိမ်မှ ဦးချစ်ဝင်းသည် ထွက်ခဲ့လိုက်လေ၏။ ဦးဇော်ကြည်သည်လည်း စဉ်းစားကျွန်ရစ်ရင်း ကုမ္ပဏီသို့သွားရန် ပြင်ဆင်လိုက်သည်။ ပြင်ဆင်ရင်းပင် ဦးဇော်ကြည်သည် မိမိ၏အတက်ရှိကော့စ်ထဲမှ စာအိတ်အဝါကြီးတစ်ခုကို ထုတ်ကြည့်လိုက်သည်။

ပြီးတော့ ဦးဇော်ကြည်သည် စာအိတ်အဝါကြီးကို ကိုင်ကြည့်နေပြီး စဉ်းစားလိုက်သည်။ ပြီးမှ ဦးဇော်ကြည်သည် သားဖြစ်သူအိပ်ခန်းဆီသို့ လှမ်းထွက်ခဲ့ပြီး သားဖြစ်သူရှေ့နေကိုချစ်ဦး၏ အဝတ်ဘီဒိုတွင်းရှိအံဆွဲကိုဖွင့်ပြီး စာရွက်စာတမ်းများ၏ အောက်ဆုံးတွင် ထားထားလိုက်လေ၏။

ထိုအခါမှပင် ဦးဇော်ကြည်သည် စိတ်အေးသွားသလိုရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



အတက်ချီကော့စ်ကိုဆွဲကာ ဆင်ဝင်အောက်သို့ ထွက်ခဲ့လိုက်လေ၏။ ဆင်ဝင်အောက်အရောက် ဦးဇော်ကြည်သည် ကားတံခါးကိုဖွင့်ပြီး ကားထဲဝင်တော့မည်အပြု. . .

"ဒုတ်. . ."

"အ. . ."

ဒုတ်ခနဲအသံနှင့်အတူ ဦးဇော်ကြည်သည် ခန္ဓာကိုယ်ကြီး ရှေ့သို့စိုက်ကျသွားတော့မလိုဖြစ်ပြီးမှ ကားတံခါးကိုဆုပ်ကိုင်ပြီး နောက်သို့လည်ကျသလိုဖြစ်ရင်း ဦးဇော်ကြည်၏အကြည့်သည် မိမိအားရိုက်သူကိုကြည့်ဖြစ်သလို ရှိသွား၏။

"ဒုတ်. . ."

"အင့်. . ."

လူဆိုးက နောက်ထပ်တစ်ကြိမ် ထပ်ရိုက်ချလိုက်သည်မတော့ ဦးဇော်ကြည်သည် ကားနားဒွှပင် လဲကျသွားလိုက်ရပါတော့၏။ မျက်နှာဖုံးစွပ်လူဆိုးသည် မိမိလက်ဆကိုသိပြီမို့ လက်ထဲမှ တုတ်ပိုင်းကြီးကို ပစ်ချလိုက်သည်။

ဦးဇော်ကြည်သည် မျက်လုံးအစုံပွင့်လျက်မှ လဲကျနေ၏။ သို့သော် ထိုမျက်လုံးတို့သည် မိမိအားရိုက်သည့် လူဆိုး၏ လက်ဖမိုးပေါ်၌ နီညိုသလိုအရောင်ရှိသည့် ဒဏ်ရာကြီးအား မြင်မှမြင်မိပါလေစ။ လူဆိုးကား မိမိလုပ်ရပ်အား စိတ်ချယုံကြည်စွာဖြင့် ထွက်သွားလိုက်ပြီဖြစ်၏။

× × × × ×





"ဒေါက်. .ဒေါက်. .ဒေါက်. . ."

ဟိုတယ်လုပ်ငန်းများအကြောင်းနှင့် စည်းမျဉ်းစည်းကမ်းများအကြောင်း၊ ဝန်ထမ်းများအကြောင်းအား မမတစ်ယောက် လေ့လာဖတ်ရှုနေဆဲ ရုံးခန်းတံခါးခေါက်သံနှင့်အတူ ရုံးခန်းထဲဝင်ရောက်လာသည့် ရဲအရာရှိများကြောင့် မမသည် ရုတ်တရက်ဘာပြောရမှန်းမသိအောင် မှင်သက်ကာ ငေးကြည့်နေဖြစ်တော့၏။

"ဒေါ်မမဆိုတာ. . ."

"ဟုတ်ကဲ့ ကျွန်မပါ၊ ဘာကိစ္စများ. . ."

"ရှေ့နေကြီးဦးဇော်ကြည် အသတ်ခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီး နည်းနည်းစစ်ဆေးစရာရှိလို့ စခန်းကိုခဏလိုက်ခဲ့ပါ. . ."

"ရှင်. .ရှေ့နေကြီးအသတ်ခံရတယ်၊ အိုး ဘုရားရေ. ဒုက္ခပါပဲ. . ."

"ကျွန်တော်တို့နဲ့လိုက်ခဲ့ပါ. . ."

"ဟုတ်ကဲ့ပါ. . ."

ကြားလိုက်ရသည့် ရဲအရာရှိထံမှ စကားအတွက် မမသည် မယုံနိုင်အောင်ဖြစ်ရခြင်းများနှင့်အတူ တုန်လှုပ်ခြင်းကြီးစွာလည်း ဖြစ်သွားရရှာပါ၏။ နားမလည်နိုင်ခြင်း၊ တုန်လှုပ်ခြင်းတွေဖြင့် မမသည် ရဲအရာရှိများခေါ်ရာသို့ လိုက်ပါသွားဖြစ်ရသည်။ တစ်အောင့်ခန့်ကြာတော့ ရဲစခန်းသို့ မမ ရောက်ရှိလာသည်။

"သမီးလေး. . ."

"ဟင် မေမေလည်း ဒီကိုရောက်နေတယ်. . ."

ရဲစခန်းထဲဝင်လိုက်သည်နှင့် မိခင်ကိုတွေ့လိုက်ရ၍ သားအမိနှစ်ဦး ပြေးဖက်ထားကြပြီး စကားတွေပြောဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သမီး၊ အိမ်ကလူတွေအားလုံးပဲ စစ်ဆေးခံနေရတယ်. . ."

"ဒေါ်လေးကိုရောလား မေမေ. . ."

"သမီးဒေါ်လေးတော့ မပါပါဘူး၊ သူက စိတ်ရောဂါရှင်ဆိုတာ သိထားကြပါတယ်. . ."

"အခုဘယ်သူ့ကိုစစ်နေလဲ မေမေ. . ."

"အိမ်ဖော်ဘုတ်ဆုံမကို စစ်နေတယ်. . ."

သားအမိနှစ်ယောက် စကားတွေဆိုရင်း ဘုတ်ဆုံမကို စစ်ဆေးမေးမြန်းနေသည့်နေရာတွင် သွားရောက်နားထောင်ဖြစ်ကြသည်။

"အိမ်မှာအလုပ်သမားတွေ ဘယ်နှစ်ယောက်ရှိလဲ. . ."

"အလုပ်သမားသီးသန့် ဆယ့်နှစ်ယောက်ရှိပါတယ်"

"အိမ်ရှင်တွေကရော . ."

"အိမ်ရှင်တွေက သူဌေးကဆေးရုံတက်နေတော့ အခုအိမ်မှာရှိနေတာက လေးယောက်ပါပဲ. . ."

"ဒီနေ့မနက် အိမ်ရှင်လေးယောက်စလုံး အိမ်မှာရှိလား"

"မရှိပါဘူး၊ အလုပ်တွေသွားကြပါတယ်၊ ဒါပေမယ့် တစ်ယောက်ကတော့. . ."

ဘုတ်ဆုံမ၏ထိုစကားအတွက် မမတို့သားအမိနှစ်ယောက်မှာ မျက်မှောင်လေးတွေတွန့်ကာ တစ်ယောက်ကိုတစ်ယောက် ကြည့်ဖြစ်လိုက်ကြသည်။

"တစ်ယောက်ကတော့ ဘာဖြစ်လဲ၊ ဘယ်သူတွေက အလုပ်သွားကြလဲ. . ."

"ကိုကိုနဲ့မမက အလုပ်သွားတာပါ၊ ဒေါ်ချယ်ရီရွှေကတော့





အပြင်သွားတာပါ၊ ရှေ့နေကြီးဦးဇော်ကြည်နဲ့လည်း တွေ့ဆုံဖို့ ဒေါ်ချယ်ရီရွှေကပြောပါသေးတယ်. . ."

"ဟင်. . ."

ဘုတ်ဆုံမစကားအတွက် ဒေါ်ချယ်ရီရွှေသည် အံ့ဩမျက်လုံးပြူးသွားရသည်။ ရဲအရာရှိသည် ဘုတ်ဆုံမကို သေချာစွာကြည့်ပြီး

"ခင်ဗျားက အိမ်မှာဘာအလုပ်တွေလုပ်ရလဲ. . ."

"ကျွန်မက စိတ်ရောဂါဖြစ်နေတဲ့ သူဌေးကတော် ဒေါ်ဝင်းမာစံကို ပြုစုစောင့်ရှောက်ရပါတယ်. . ."

"ဒေါ်ဝင်းမာစံဆိုတာ ဘယ်သူလဲ. . ."

"ဟိုမှာထိုင်နေတဲ့ တစ်ယောက်ပါ. . ."

ရဲအရာရှိလှမ်းကြည့်လိုက်သည်။ ဒေါ်ဝင်းမာစံသည် ခပ်လှမ်းလှမ်းရှိ ခုံတစ်ခုံတွင်ထိုင်ရင်း တစ်ယောက်တည်းရယ်မောကာ ဟိုဒီလျှောက်ကြည့်နေ၏။ ဆံပင်ဖားလျားချပြီး နှုတ်ခမ်းနီတွေပေပွနေအောင် ဆိုးထားသည်။ ပြီးတော့ လက်ထဲတွင် ဘီး၊ မှန်၊ နှုတ်ခမ်းနီတောင့်နှင့် ပန်းတွေကိုင်ထားပြီး ဂါဝန်ရှည်ကြီးဝတ်ထားသည့် ဒေါ်ဝင်းမာစံအသွင်က အကယ်ဒမီရှေ့ပါ။

ရဲအရာရှိကြီးကဲ့သို့ပင် ဒေါ်ချယ်ရီရွှေသည် ဒေါ်ဝင်းမာစံထံ အတန်ကြာကြာကြီး လှမ်းကြည့်နေဖြစ်လေ၏။ ဒေါ်ဝင်းမာစံ၏ ရင်ထဲမှအတွေးကို[illegible] မည်သူကမျှ သိမည်မထင်ပါ။ ဒေါ်ဝင်းမာစံသည်ကလည်း [illegible]ထဲပင်မြိုသိပ်ထားရှာပါ၏။

မမမှာ ဘုတ်ဆုံမစကားတွေအတွက် မခံမရပ်နိုင်အောင် ဖြစ်လာရ၍ မမသည် အခန်းထဲလှမ်းဝင်သွားပြိုက်ပြီး. .

"ဒီမှာ မဘုတ်ဆုံ. .စကားပြောရင် လူတစ်ဘ[illegible]သားကို



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက် ချောက်ချားပြီးမပြောပါနဲ့. . . .”

“အို ကျွန်မက အမှန်ပြောတာပဲဟာ၊ ဒီနေ့ ဒေါ်ချယ်ရီရွှေက အပြင်ထွက်သွားတာပဲလေ. . .”

“အပြင်ထွက်တာ ဘာဖြစ်လဲ၊ ကျွန်မအမေက သူလုပ်မယ့် အလုပ်၊ သူ့စိတ်ကူးတွေကို ရှင့်ကိုဘယ်တုန်းကများ အရာထားပြီး ပြောဖူးလို့. ရှင်က ဦးဇော်ကြည်နဲ့ ကျွန်မအမေတွေ့ဖို့ရှိတဲ့အကြောင်းကို သိနေရတာလဲ. . .”

မမဆိုတော့ ဘုတ်ဆုံမသည် ရုတ်တရက်ဘာပြောရမှန်း မသိသလို အုအုအအဖြစ်သွားရသလို၊ မသိမသာလည်း ဘုတ်ဆုံမ မျက်လုံးအကြည့်က ခပ်လှမ်းလှမ်းတွင်ထိုင်နေသည့် ဒေါ်ဝင်းမာစံထံ ရောက်ရှိသွားသည်ကို ဒေါ်ချယ်ရီရွှေသည် သတိထားတွေ့မြင်မိ၍ ဒေါ်ချယ်ရီရွှေသည် တစ်ကိုယ်တည်းတွေဝေစဉ်းစားသလိုရှိသွားရလေ၏။

“နေပါဦး နေပါဦး၊ ကျွန်တော်မေးပါဦးမယ်၊ မနက်က ဒေါ်ချယ်ရီရွှေ အပြင်ထွက်သွားတဲ့အချိန်ကို ခင်ဗျားမှတ်မိလား”

“မနက်ဆယ်နာရီနဲ့ ဆယ်နာရီခွဲလောက်ရှိမယ်. . .”

ဘုတ်ဆုံမစကားများအတွက် စခန်းမှူးကြီးသည် အလေးမထားတော့သလို ဆက်မမေးတော့ဘဲ စဉ်းစားသလို၊ တွေးတွေးဆဆရှိသလိုနှင့် ငြိမ်နေတော့၏။ မမသည်လည်း မခံမရပ်နိုင်ဖြစ်ကာ ဒေါသလေးများပေါက်ကွဲနေရလေသည်။ ထိုအချိန်များ၌ သေးမဲ့ပေးထားသည့် ဒေါ်ဝင်းမာစံကား ဘုတ်ဆုံမ၏ ရှေ့နောက်မညီညွတ်သည့် စကားများအတွက် ဒေါသကြိတ်ကြိတ် ထွက်နေဖြစ်ရပါသတည်း။

× × × × ×





ရဲစခန်းမှအိမ်သို့ မမတို့သားအမိက နောက်ဆုံးပြန်ရောက်ခဲ့သည်။ အိမ်ရောက်သည်နှင့် စိတ်ပင်ပန်းနွမ်းနယ်မှုတွေကြောင့် ဒေါ်ချယ်ရီရွှေသည် အပေါ်ထပ်သို့ ဆက်တက်သွားလိုက်သည်။ သားအမိနှစ်ယောက်ပြန်လာသည်ကို သိလိုက်သည်နှင့် ထမင်းစားခန်းထဲမှ ဒေါ်ဝင်းမာစံနှင့် ဘုတ်ဆုံမတို့က ချောင်းကြည့်လိုက်ကြသည်။

မိခင်အပေါ်ထပ်တက်သွားပြီမို့ မမသည်လည်း အပေါ်ထပ်သို့ဆက်တက်သွားမည်အပြု စာကြည့်ခန်းထဲမှထွက်လာသည့် ကိုကို့ကိုတွေ့လိုက်ရ၍ မမသည် ကိုကို့ထံလှမ်းကြည့်လိုက်သည်။ ကိုကိုကလည်း အေးဆေးသည်ထက် အေးစက်စက်ကြီးဖြင့် တစ်ချက်ကြည့်ပြီး ညှော်ခန်းဆီလှမ်းသွားနေ၍ မမသည် ကိုကို့ရှေ့တွင် သွားရောက်ရပ်ဖြစ်ရင်း. . .

“ကိုကို့ .ဘာဖြစ်လို့ အဲဒီလိုနေနိုင်ရတာလဲ. . .”

“ဘာကိုဆိုလိုချင်တာလဲ. . .”

“အိမ်မှာ ဘာတွေဖြစ်နေလဲဆိုတာ ကိုကိုဘာမှမသိဘူးလို့ ပြောချင်တာလား၊ ယုံရမှာလား. . .”

“မယုံတာတော့ မတတ်နိုင်ဘူး၊ ရှင်းရှင်းပြောပါ၊ ကိုယ်ဘာမှမသိဘူး၊ ဘာဖြစ်လို့လဲ. . .”

“အခု မမတို့ရဲစခန်းကပြန်လာတာ၊ တစ်အိမ်သားလုံးလည်း ရဲစခန်းမှာသွား အစစ်ဆေးခံကြရတယ်၊ ကိုကိုက ဘာလို့မသွားရတာလဲ. . .”

“ဘယ်သိမလဲကွာ၊ ကိုယ်က အခုမှ ပဲခူးကပြန်ရောက်လာတာပဲ၊ နေပါဦး ကိုယ်ဘာမှမသိသေးဘူး ပြောပြပါဦး. . .



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးဆိုလည်း ပြောရမှာပေါ့လေ၊ ရှေ့နေကြီးဦးဖော်ကြည် ဒီနေ့မနက်ကပဲ အသတ်ခံလိုက်ရတယ်တဲ့. . ."

"ဟင်. . ."

ကိုကိုအံ့ဩသွားသည်က အမှန်။ မမသည် ကိုကို့ကို ကြည့်ပြီး အသံကိုလည်းမြှင့်၍ စကားကိုဆက်ပြောလိုက်သည်။

"ဒီမှာ ကိုကို. .ရှေ့နေကြီးသေဆုံးမှုနဲ့ မမတို့သားအမိကို မယုံသင်္ကာဖြစ်အောင်ပြောတာတော့ မကောင်းပါဘူး၊ ရှေ့နေကြီး သေဆုံးတာ မမတို့သားအမိနဲ့ ဘယ်လိုပတ်သက်နေလို့လဲ၊ ဒီအမှုနဲ့ မမတို့သားအမိကို ယုံထင်ကြောင်ထင်ဖြစ်အောင်လုပ်ပြီး မမတို့ သားအမိကပဲ အမှုကိုရင်ဆိုင်ရမှာလား၊ ဒီကိစ္စတွေက မေမေဆေးရုံမှာ ရှိမှ ဘာဖြစ်လို့မကောင်းတာတွေဆက်တိုက်ဖြစ်နေရတာလဲ. .

ဒီလိုဖြစ်အောင် ဘယ်သူက ဖန်တီးနေတာလဲ၊ ဘာကြောင့် လဲ၊ ပြီးတော့ မမတို့သားအမိအပေါ် ပုံချချင်တာလား၊ ဒါပေမယ့် ရပါတယ်၊ အမှန်တရားကို ဖုံးကွယ်လို့တော့ မရပါဘူး၊ အချိန်က အမှန်တရားကို ပေါ်ထွက်လာစေပါလိမ့်မယ်. . ."

စကားအဆုံး မမ အပေါ်ထပ်သို့ တက်သွားလိုက်တော့ သည်။ ကိုကိုသည် မမစကားများအတွက် အံ့ဩကျန်ရစ်ခဲ့လေ၏။

ထမင်းစားခန်းထဲမတော့ ဒေါ်ဝင်းမာစံသည် မိမိအကြံအစည်များ အတွက် ကျေနပ်မဆုံးရှိနေသည်ပါ။ တစ်ဆက်တည်းလည်း ဦးလင်း နိုင်အိမ်တွင် သားအဖနှစ်ယောက်သည်လည်း ကျေနပ်အားရနေသည် ပါ။

မှန်သည်၊ ဦးလင်းနိုင်သည်လည်း ဒေါ်ဝင်းမာစံ၏အကြံ အစည်များကို သိထားပြီမို့ ဒေါ်ဝင်းမာစံ၏အကြံများကိုနင်း၍ မိမိ





အကြံအစည်များ အောင်မြင်ဖို့အတွက် အထူးကြိုးစားအားထုတ်နေ သည်မဟုတ်ပါတကား။

ဦးလင်းနိုင်၏အကြံအစည်များအား ဒေါ်ဝင်းမာစံက မသိ။ ဒေါ်ဝင်းမာစံသိသည်က မိမိအား ဦးလင်းနိုင်က ကူညီနေသည်ဟု၊ ဦးလင်းနိုင်နှင့် မိမိ၏သား မိမိဘက်မှ ရပ်တည်ကူညီပေးကြလျှင် မိမိအကြံအစည်တွေ အမြန်ဆုံးအောင်မြင်ရမည်ဟူသော ယုံကြည် ချက်ရှိထားသူဖြစ်၏။

ထို့အတွက် ဒေါ်ဝင်းမာစံသည် ဧည့်ခန်းထဲ၌ မှင်သက်ကာ တည်၍ရပ်ကျန်ခဲ့သည့် သားချောထံလှမ်းကြည့်နေလိုက်သည်။ ကိုကို သည် အတန်ကြာသည်အထိ ရပ်နေပြီးမှ ရုတ်တရက် သတိဝင်လာ သလို အပေါ်ထပ်သို့ ပြေးတက်သွားလိုက်သည်။ မိမိအိပ်ခန်းထဲ အရောက်မတော့ တစ်ကိုယ်တည်း ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်နေသည့် မမကို တစ်ချက်ကြည့်ပြီး. .

"လာ သွားမယ်. . ."

ဆိုရင်း မမလက်ကိုဆွဲကာ သူ ခေါ်ထုတ်သွားသည်။

"အို ဘယ်သွားမှာလဲ ကိုကို၊ လွှတ်ပါ. . ."

မမဆိုရင်းရုန်းသော်လည်း မရ၊ ကားရှိရာအရောက် မမကို ကားပေါ်တင်ပြီး ဆင်ဝင်အောက်မှကားကို မောင်းထွက်ခဲ့လေ၏။ မမသည် မျက်ရည်တွေကိုသုတ်ပြီး သူ့ကိုခပ်ငြိမ်ငြိမ်လေးပင် ကြည့် ဖြစ်ရင်း. . .

"အခု ဘယ်သွားမလို့လဲ ကိုကို. . ."

"ရဲစခန်းကိုလေ၊ ကိုယ်မှာဘာမှမသိသေးတာ. . ."

သူဆိုတော့ မမငြိမ်သွားသည်။ တစ်အောင့်[illegible]တော့ရဲစခန်း



www.burmeseclassic.com

www.burmeseclassic.com



သို့သူတို့ရောက်လာ၏။ ပြီးတော့ စခန်းမှူးကြီးနှင့် သူတို့တွေ့ဆုံ စကားပြောဖြစ်ကြသည်။

"စိတ်မပူပါနဲ့၊ ဒီကိစ္စတွေကို ကျွန်တော်တို့သေချာစုံစမ်းနေပါတယ်၊ အလောင်းအောနားမှာပဲ တရားခံက လူသတ်တဲ့တုတ်ကို ပစ်ချထားခဲ့တာတွေ့ရတယ်၊ လက်ဗွေရာတော့ မတွေ့ဘူး၊ လက်အိတ်စွပ်ထားပုံရတယ်၊ ကျွန်တော်တို့စုံစမ်းနေပါတယ်. . .

အမှုကတော့ တော်တော်လေးကျစ်လျစ်နေတာတွေ့ရတယ်ဗျာ၊ ဒါပေမယ့် မပူပါနဲ့၊ ခုလိုဆင်တူယိုးမှား အမှုမျိုးတွေ အများကြီးပါ၊ အနေးနဲ့အမြန်ဆိုသလို ကျွန်တော်တို့အမှုမှန်ကို ဖော်ထုတ်နိုင်မှာပါ. . ."

"ကျေးဇူးတင်ပါတယ် စခန်းမှူးကြီး၊ ဒါဆို ကျွန်တော်တို့ကို ခွင့်ပြုပါဦးခင်ဗျာ၊ လိုအပ်ရင်လည်း ကျွန်တော်တို့ကို အချိန်မရွေးခေါ်တွေ့နိုင်ပါတယ်. . ."

"ကောင်းပါပြီ ဦးကိုကို. . ."

စခန်းမှူးကြီးကိုနှုတ်ဆက်ပြီးသည်နှင့် မမသည် ကိုကို့ကို မစောင့်ဘဲ ရဲစခန်းထဲမှထွက်ခဲ့လိုက်သည်။ ရဲစခန်းအပြင်ဘက်ရောက်သည်မတော့ မမသည် အသင့်တွေ့သည့် တက္ကစီတစ်စီးကိုငှားပြီး ရှေ့မှထွက်သွားလိုက်သည်ကို ကိုကိုသည် တွေ့လိုက်ရ၍ မမကားနောက်မှ ထပ်ချပ်မကွာလိုက်သွားလိုက်လေ၏။

အတန်လေးကြာတော့ မမစီးလာသည့် ကားလေးသည် ချစ်ဦးတို့သားအဖနေထိုင်သည့် အိမ်သို့ရောက်လာခဲ့လေ၏။ မမတစ်ယောက် ကားပေါ်မှဆင်းလိုက်ချိန်တွင် ချစ်ဦးနားတွင် ခင်စပယ်နှင့် ရဲလေးတို့ရှိနေသည်ကို တွေ့လိုက်ရ၍ အားတက်သွားရ၏။





"ဟိုမှာ မမလာပြီ ကိုချစ်ဦး. . ."

"ခင်စပယ် ဘယ်တုန်းကရောက်နေလဲ. . ."

"ကြာပြီ သူငယ်ချင်း၊ ရဲလေးလည်း နယ်ကပြောင်းလာပြီ၊ သူ့ကိုပါတစ်ခါတည်း ခေါ်လာခဲ့တာ. . ."

မမရောက်လာသည်ကိုမြင်၍ ခင်စပယ်လည်း အားရှိသွားပုံရသည်။ ကိုချစ်ဦးနှင့် ရဲလေးတို့က မမထံလှမ်းကြည့်ကြ၏။ မမသည် စိတ်မကောင်းခြင်းကြီးစွာဖြင့် ကိုချစ်ဦးအနီးလှမ်းခဲ့သည်။ မျက်ဝန်းအစုံဝယ် မျက်ရည်တွေနှင့် ပြည့်နေသည့် ကိုချစ်ဦးကိုကြည့်ပြီး မမစိတ်ထိခိုက်မဆုံးပါ။

"ကိုချစ်ဦး. . ."

မမခေါ်ရင်း ချစ်ဦးလက်ကို ကိုင်ထားဖြစ်သည်။ ထိုအချိန်မှ ကိုကို့ကားကလည်း ခြံရှေ့ရပ်လာသည်နှင့်ဆုံ၍ ကိုကို့အကြည့်က ဆုပ်ကိုင်ထားသည့်လက်တွေဆီ ရောက်ရှိရ၏။ နဂိုကတည်းကမှ ကိုချစ်ဦးနှင့်သဝန်တိုနေသည့် ကိုကိုတစ်ယောက် အသည်းဂျမ်းပြန်သွားသည်။ တင်းမာသောမျက်နှာထားနှင့် ကိုကိုသည် ခြံရှေ့မှ ကားကိုမောင်းထွက်သွားလိုက်ပါတော့၏။

× × × × ×

ကိုကိုတစ်ယောက် နာရီဆီလှမ်းကြည့်ပြီး ဧည့်ခန်းတွင် ထိုင်စောင့်နေဖြစ်သည်။ အချိန်က ညကိုးနာရီထိုးတော့မည်ဖြစ်သည်။ မမကားပြန်ရောက်မလာသေး။ သူ သဝန်တိုစိတ်တွေနှင့် တောင်တွေးမြောက်တွေးကြီးစဉ်းစားနေဆဲ ဆင်ဝင်အောက်မှ ကားရပ်သံကြားလိုက်ရ၍ သူသည် နေရာမှထသွားကြည့်မည်ပြုပြီးမှ နေရာတွင်မ[illegible] ပြ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေလိုက်ပြီး မမအိမ်ထဲဝင်လာမည့်အချိန်ကိုသာ သူစောင့်နေလိုက်၏။

"သွားတော့နော် ခင်စပယ်၊ လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်. . ."

"ပြောစရာလား မမရယ်၊ ကဲ ကဲ အထဲဝင်တော့. ."

သူငယ်ချင်းနှင့်နှုတ်ဆက်ပြီး မမသည် တိုက်ထဲသို့ပြန်ဝင်ခဲ့လေ၏။ တိုက်ထဲရောက်သည်နှင့် ဧည့်ခန်းအမှောင်ထဲ ငုတ်တုတ်ထိုင်နေသည့် ကိုကို့ကို ညမီးရောင်အောက်တွင် မမတွေ့လိုက်ရသည်။ မမကိုမြင်လိုက်မှ ကိုကိုသည်လည်း ထိုင်ရာမှထကာ စကားတစ်ခွန်းမျှမဆိုဘဲ အပေါ်ထပ်သို့ တက်သွားလိုက်ပါတော့၏။ အပေါ်ထပ်အိပ်ခန်းထဲအရောက်မတော့ သူ အိပ်ယာထဲ ဝင်အိပ်နေလိုက်သည်။ မမသည်လည်း အိပ်ခန်းထဲဝင်ခဲ့ပြီး ရေချိုးခန်းထဲဝင်ကာ ခြေလက်တွေဆေးလိုက်သည်။

ပြီးတော့ မမသည် ညဝတ်အင်္ကျီကို လဲဝတ်လိုက်ပြီး အိပ်ယာပေါ်တွင် ဖြည်းညင်းစွာဝင်အိပ်လိုက်၏။ တစ်နေ့လုံး စိတ်ရောကိုယ်ပါ ပင်ပန်းလွန်း၍ မမသည် တခဏအတွင်း၌ပင် အသက်ရှူသံမှန်မှန်လေးထွက်ပေါ်ကာ အိပ်ပျော်သွားရှာပြီဖြစ်၏။

မမအိပ်ပျော်သွားသည်ကို သိသည်နှင့် ကိုကိုသည် အိပ်နေရာမှထထိုင်လိုက်ပြီး မမ လက်တစ်ဘက်ကိုဆွဲခေါ်နိုးလိုက်သည်။

"မမ မမ. .ဟော့ မမ. .၊ ထ ထ မင်း အခုထ. . ."

"ဟင် ဘာလဲ၊ ဘာဖြစ်လို့လဲ. . ."

အိပ်ချင်မူးတူးနှင့် မမနိုးလာပြီးဆိုတော့ ကိုကိုသည် မမကိုဆွဲကာ ထထိုင်စေလိုက်ပြီး. . .





"မအိပ်နဲ့ ထ၊ ကိုယ်တို့အခုခရီးထွက်ကြမယ်. . ."

"ဟင် ဘာလဲ. . ."

"ခရီးထွက်မယ်လို့. . ."

"ဘာခရီးလဲ၊ ညကြီးအချိန်မတော်၊ သူ ဘာတွေလျှောက်ပြောနေလဲမသိဘူး. . ."

"ဟော့ မမ. .ကိုယ်တို့ခရီးထွက်မယ်၊ ထ အခု အဝတ်တွေသွားထည့်၊ ပြင်ဆင် သွားမယ်. . ."

မမ ပါးနုနုလေးကိုပုတ်ရင်း သူ မမကို အတင်းထခိုင်းသည်။ မမသည်လည်း ကောင်းကောင်းနိုးလာပြီး သူ့ကိုအံ့သြစွာဖြင့်ကြည့်လာရင်းက. . .

"အို ကိုကို. .ဘာဖြစ်နေတာလဲ၊ ဘာခရီးထွက်မှာလဲ၊ ကိုကိုတော့လေ မဟုတ်တာတွေ. . ."

"ကိုယ်တကယ်ပြောနေတာ၊ ထ အခုခရီးထွက်မယ်. . ."

"ဘာခရီးထွက်မှာလဲ၊ ရူးနေလား. . ."

"ဟန်းနီးမွန်းလေ၊ ကိုယ်တို့လက်ထပ်ပြီးတာ ဟန်းနီးမွန်းမှ မထွက်ရသေးတာ၊ အခုထွက်မယ်. . ."

"ရူးနေလား၊ မထွက်ဘူး အိပ်ချင်တယ်. . ."

မမဆိုရင်း ပြန်အိပ်မည်ပြင်တော့ သူကဆွဲထားသည်။ မမသည် သူ့ရင်ဘတ်ကြီးဆီ ထုရိုက်ပစ်ရင်း. . .

"ကိုကိုနော် စိတ်ညစ်အောင်မလုပ်ပါနဲ့၊ အိမ်မှာလည်း ပြဿနာတွေဖြစ်နေတာ၊ မေမေတစ်ယောက်တည်းထားခဲ့လို့ ဖြစ်မလား. . ."

မမစကားအတွက် သူ ကျေနပ်စွာပြုံးဖြစ်လိုက်သည်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ မမကိုမအိပ်ရအောင် သူ ဖွတ်ဆွဲထားပြီး. . .

"ဘာဖြစ်ဖြစ် ကိုယ်ခရီးထွက်ချင်တယ်၊ ထပါ၊ မင်းအခုပဲ ခရီးသွားဖို့ပြင်ဆင်ပါ. . ."

ဒီလောက်တောင်ဖွတ်နိုင်နေသည့် သူ့ကို မမ ကြည့်လိုက်သည်။ သူ့မျက်နှာချောချောက ဘာရယ်မဟုတ်သလိုရှိနေ၏။ သူ့ကိုကြည့်ပြီး မမဝမ်းနည်းရသည်ကအမှန်။ နောက်ဆုံးမတော့ သူ့ကို မမအလျှော့ပေးလိုက်ပါပြီ။ မမဘာမှမပြောတော့ဘဲ အိပ်ယာပေါ်မှဆင်းပြီး မမသည် ခရီးဆောင်သေတ္တာကိုယူကာ အဝတ်တွေထည့်သည်။ ကိုကိုသည် အိပ်ယာထက်ထိုင်ပြီး မမလုပ်နေသမျှ ကြည့်နေလေ၏။

ကိုကိုနှင့်မမတို့အိပ်ခန်းထဲတွင် မအိပ်ရဘဲ ပြဿနာတွေ ကိုကိုတစ်ယောက် ရှာဖွေနေဆဲအချိန်များ၌ အခန်းအပြင်ဘက်တွင်ကား ဒေါ်ဝင်းမာစံသည် အခန်းထဲချောင်းကြည့်ရင်း မိမိကြားသမျှ မြင်တွေ့ရသမျှတွေအတွက် အကျေနပ်ကြီး ကျေနပ်နေဖြစ်ရပါလေ၏။

"ဟား ဟား ဟား ဒါမှငါ့သားပေါ့၊ ကောင်းတယ် ဒီလိုပဲ ပညာပြထားမှ၊ ဒီလိုကောင်းကောင်းနိုပ်ကွပ်ထားမှ၊ ဟင်း ဟင်း ဟုတ်ပြီ၊ ဒီကောင်မကို ငါ့သားက တခြားခေါ်ထုတ်သွားမယ်ဆိုရင် ငါ့အတွက် အဆင်ပြေဆုံးပဲ၊ ဟင်း ဟင်း ချယ်ရီရွှေ .ညီးထမင်းဝအောင်စားထားလိုက်တော့. . ."

ဒေါ်ဝင်းမာစံတစ်ယောက် မိမိအိပ်ခန်းထဲပြန်ပြေးဝင်ခဲ့ပြီး တစ်ကိုယ်တည်းကျေနပ်အားရမဆုံး ရေရွတ်နေဖြစ်ခြင်းပါ။ တစ်ဆက်တည်းလည်း ဒေါ်ဝင်းမာစံသည် ဖုန်းနံပါတ်လေးတွေကို နှိပ်လိုက်သည်။





"ဟယ်လို .ကျော်စိန်၊ မင်းတို့အသင့်ပြင်ထားပါ၊ ဖုန်းထပ်ဆက်တာကိုစောင့်နေ၊ ဒါပဲ. . ."

ဖုန်းပြောအပြီး ဖုန်းကို အိပ်ယာထက်ပစ်တင်လိုက်သည်။ ပြီးတော့ ဒေါ်ဝင်းမာစံသည် အခန်းတံခါးကို တစ်ချက်ဖွင့်ကြည့်ပြီး အပြင်သို့ချောင်းကြည့်လိုက်သည်။ ပြီးတော့ နှုတ်ခမ်းမဲ့သလို ပြုံးလိုက်ပြီး စီးကရက်တစ်လိပ်ကိုဖွာရှိုက်နေလိုက်၏။

ထိုအချိန်များ၌ ကိုကိုနှင့်မမတို့အိပ်ခန်းထဲတွင်ကား မမတစ်ယောက် ခရီးထွက်ရန် အဝတ်တွေထည့်ပြီး အဝတ်လဲပြီးသည်မတော့ ကိုကိုသည် မမရှေ့၌သွားရောက်ရပ်လိုက်ပြီး. . .

"ကိုယ်စိတ်မရှည်တော့ဘူးကွာ၊ အိပ်တော့မယ်၊ မနက်ကျမှပဲ သွားတော့မယ်. . ."

"ဟင် ကြည့်စမ်း၊ သူ အဲဒီလိုအကျင့်တန်တာ. . ."

မမတစ်ယောက် စိတ်တိုပြီးဆိုတော့ ကိုကိုကား တစ်ဘက်လှည့်ကာပြုံးရင်း. . .

"အဲဒါဒဏ်ခတ်တာ၊ ဟိုကောင်နဲ့အကြည်ဆိုက်ချင်ဦး"

သူစိတ်ထဲမှ ရေရွတ်ရင်း စောင်ကိုခေါင်းမြီးခြုံကာ အိပ်လိုက်ပါတော့၏။ မမကား စိတ်တိုလွန်း၍ငုတ်တုတ်ပါ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်လေး)

"ဟင်. .သမီး၊ အခုကဘယ်သွားကြမလို့လဲကွယ်"

မနက်မိုးလင်းသည်နှင့် မနက်စာမှမစားကြဘဲ ခရီးဆောင်အိတ်တွေဆွဲကာ အပေါ်ထပ်မှဆင်းလာကြသည့် ကိုကိုနှင့်မမတို့ကိုတွေ့၍ ဒေါ်ချယ်ရီရွှေ မေးဖြစ်လိုက်ခြင်းပါ။ ကိုကိုကမဖြေ။ မမလက်ကိုဆွဲကိုင်ထားပြီး မမဘက်ကြည့်လိုက်သည်။ မမသည် မိခင်ထံသနားကြင်နာစွာနှင့် ကြည့်ဖြစ်ရင်း. . .

"မေမေ. .သမီးတို့တစ်ရက်နှစ်ရက်လောက် ခရီးသွားမလို့ပါ၊ ဟန်းနီးမွန်းမကုန်ရသေးလို့ ဟန်းနီးမွန်းသဘောလောက်ပါပဲ မေမေ၊ ခေါင်းရှုပ်စရာတွေနဲ့မို့ စိတ်တွေလည်းမကြည်လင်တာနဲ့ ခဏလောက်ခရီးထွက်ချင်တာပါ. . ."

မိခင်ထံကြည့်ပြီး ပေ့ါပါးသောအပြုံးလေးနှင့် မမ ဆိုဖြစ်သည်။ မမရင်ထဲမတော့ အားငယ်နေသည့် မိခင်မျက်နှာညှိုးနွမ်းနွမ်းလေးဆီကြည့်ပြီး စိတ်ထိခိုက်ဝမ်းနည်းနေရသည်ပါ။

"မေမေ. .သမီးမြန်မြန်ပဲပြန်လာမှာပါ၊ မေမေကျန်းမာရေးဂရုစိုက်နေနော်၊ ဖေဖေ့ကိုလည်း နေ့တိုင်းသွားကြည့်ပါနော် မေမေ"

"အေးပါကွယ်၊ သမီးလည်း ရောက်တဲ့နေရာကနေ မေမေ့ဆီ





ဖုန်း. . ."

ဒေါ်ချယ်ရီ စကားပင်မဆုံးခင် ကိုကိုသည် မမလက်ကိုဆွဲခေါ်ထုတ်သွားလိုက်သည်။ ဒေါ်ချယ်ရီရွှေသည် အားလုံးပြောင်းလဲသွားပြီဖြစ်သောလူတွေဆီ အံ့သြဝမ်းနည်းစွာဖြင့် ကြည့်ကျန်ရစ်ခဲ့လေ၏။ ဆင်ဝင်အောက်တွင်မတော့ ကိုကိုသည် ကားပေါ်သို့ ပစ္စည်းတွေကိုယ်တိုင်တင်ပြီး မမကို ကားပေါ်တက်ရန် မေးဆတ်ပြလိုက်သည်။ ထို့နောက်မတော့ ကိုကိုသည် ဆင်ဝင်အောက်မှ ကားလေးကိုမောင်းထွက်သွားလိုက်ပါတော့၏။

ကိုကိုတစ်ယောက် ကားလေးမောင်းထွက်သွားသည်ကို မိခင်ဖြစ်သူ ဒေါ်ဝင်းမာစံသည် အပေါ်ထပ်ရှိ မိမိအိပ်ခန်းပြူတင်းမှ စောင့်ကြည့်နေသည်ပါ။ သားဖြစ်သူကား မောင်းထွက်သွားပြီကိုမြင်သည်နှင့် ဒေါ်ဝင်းမာစံသည် လက်ထဲအသင့်ကိုင်ထားသည့် ဖုန်းကိုဖွင့်လိုက်ပြီး. . .

"လိုက်သွား၊ ငါ့သားကို နည်းနည်းလေးမှ မထိခိုက်စေနဲ့၊ ကောင်မလေးကို အပြတ်ရှင်းပစ်လိုက် ဒါပဲ. . ."

စကားအဆုံး ဒေါ်ဝင်းမာစံသည် ဖုန်းလေးကိုပိတ်ပစ်လိုက်ပြီး အိပ်ယာထက်ပစ်တင်လိုက်သည်။ ပြီးတော့ ကျေနပ်မဆုံးသောမဲ့ပြုံးကိုပြုံးနေလိုက်၏။

× × × × ×

ညနှစ်နာရီ . ၊ စောစောစီးစီးပင် အိပ်ခန်းတံခါးကိုပိတ်ပြီး ဒေါ်ဝင်းမာစံတစ်ယောက် ရှိသမျှစိန်ရွှေငွေရတနာတွေကို စုစည်းသိမ်းဆည်းရင်း ကြည့်နေဖြစ်၏။ ဒေါ်ဝင်းမာစံ၏ မျက်လုံးတွေက



www.burmeseclassic.com

www.burmeseclassic.com



စိန်ရွှေငွေရတနာများနှင့်အပြိုင် လောဘမီးရောင်များနှင့် လင်းလက်နေလေ၏။

စိန်ရွှေရတနာ လက်ဝတ်လက်စားတွေကို တစ်ဆင်ပြီးတစ်ဆင် ကိုယ်တွင်ဝတ်ကြည့်သည်၊ ကပ်ကြည့်သည်။ မျက်နှာသည်က လောဘပြုံးတွေတပြုံးပြုံးနှင့်ရှိ၏။ အခြေအနေတွေက မိမိဖန်တီးယူထားသည့် အခြေအနေတွေအတိုင်းဖြစ်နေပြီမို့ ဒေါ်ဝင်းမာစံသည် ကျေနပ်မဆုံးနိုင်အောင် တစ်ကိုယ်တည်းရှိနေရသည်ပါ။

"ကရင်း ရင်း ရင်း. . ."

ဒေါ်ဝင်းမာစံတစ်ယောက် တစ်ကိုယ်တည်း လောဘပြုံး၊ ကျေနပ်ပြုံး၊ အားရပြုံး၊ ပျော်ရွှင်သောအပြုံးတွေနှင့်ရှိဆဲ အနီးမှ ဟဲန်းဖုန်းလေးမြည်လာသဲကြောင့် ဒေါ်ဝင်းမာစံသည် မျှော်လင့်ထားသည့် အပြုံးတွေနှင့် ဖုန်းကိုလှမ်းယူနားထောင်လိုက်သည်။

"ဟယ်လို. . ."

"သူဌေး. .ကျွန်တော်တို့နောက်ကလိုက်လာတာ သူတို့သိသွားတယ်. . ."

"အဲဒီတော့ . .ငါ့ကိုမြန်မြန်ပြောစမ်း. . ."

"ကျွန်တော်တို့လည်း မထူးဘူးဆိုပြီး သူတို့ကားကိုဆက်လိုက်တယ်. . ."

"နေပါဦး၊ သူတို့ရိပ်မိသွားတာ ဘယ်နေရာလောက်မှာရိပ်မိသွားတာလဲ. . ."

"ရွှေတောင်ကိုရောက်မှ ရိပ်မိသွားတာပါ. . ."

" အသုံးမကျတဲ့ကောင်တွေ၊ ပြောစမ်းပါဦး၊ အခုအခြေအနေက ဘယ်လိုလဲ. . ."





"ပြည်အဝင်နားလောက်မှာ ကျွန်တော်တို့ကလည်း နောက်ကလိုက်နေတော့ သူတို့လည်းဖွတ်ပြေးတယ်၊ ဒီအချိန်ပဲ ကားကြီးတစ်စီးကို ရှောင်ရာက သူတို့ကား လမ်းဘေးချောက်ထဲ ထိုးကျသွားပြီး ကားမီးလောင်သွားတယ်. . ."

"ဟင်! ဘာပြောတယ်ဟဲ့. . ."

"သူဌေး. .ကျွန်တော်တို့လည်း လူတွေကားတွေဝိုင်းလာတာနဲ့ ပြန်လှည့်ထွက်ခဲ့လိုက်တယ်. . ."

"အား အား ဟီး ဟီး ဟီး. . ."

ဒေါ်ဝင်းမာစံတစ်ယောက် ဒေါသ၊ မောဟတွေနှင့် ငယ်သံပါအောင် အော်ဟစ်ပြီး အော်ငိုပါပြီ။ အော်ဟစ်ငိုယိုရင်း ဒေါ်ဝင်းမာစံသည် အခန်းထဲမှ ပြေးထွက်ခဲ့လိုက်သည်။ အခန်းပြင်အရောက် အော်သံကြား၍ စိတ်ပူပြီး ပြေးထွက်လာကြသည့် ဒေါ်ချယ်ရီရွှေနှင့် ဘုတ်ဆုံမတို့ကို တွေ့လိုက်သည်နှင့် ဒေါ်ဝင်းမာစံ၏ ဒေါသများဦးသည် ဒေါ်ချယ်ရီရွှေထံသို့ ဦးတည်သွားလိုက်ရပါတော့၏။

"ဟင် ကဲဟယ်. . ."

"ဖြန်း ဖြန်း. . ."

"အို အမလေး. . ."

"သေ သေစမ်း၊ နင့်ကိုသေစေချင်တာ၊ နင်မသေဘဲနဲ့ ဘာဖြစ်လို့ အီး ဟီး ဟီး. .ငါမကျေနပ်ဘူး ငါမကျေနပ်ဘူး၊ အီး ဟီး ဟီး၊ သွား ညီးအခုငါ့အိမ်ပေါ်ကဆင်းသွား၊ ဆင်းသွား၊ အခုဆင်း သွား သွား. . ."

"ဘုံး ဘုံး ဘုံး. . ."

"အို မဝင်းမာရယ် မလုပ်ပါနဲ့ရှင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"လုပ်မယ်၊ လုပ်ရမယ်ဟဲ့၊ ဆင်း ဆင်း အခုဆင်း၊ မဆင်းရင် နင့်ကိုသေအောင်ရိုက်သတ်မယ်. .ဆင်း ဆင်း. . ."

"ဘုံး ဘုံး ဘုံး၊ ဖြန်း ဖြန်း. . ."

"အား အမလေး. . ."

ပါးတွေနားတွေရိုက်၊ ဆံပင်တွေဆွဲ၊ မျက်နှာတွေကိုဆွဲကုတ်ပြီး ကြမ်းထက်လဲကျသွားသည့် ဒေါ်ချယ်ရီရွှေအား ဒေါ်ဝင်းမာစံသည် ခြေထောက်နှင့်ကန်၊ တက်နင်း၊ ဒေါသတကြီးဖြင့် လုပ်ချင်တိုင်းလုပ်နေသည်ကို ဝင်ရောက်မဆွဲဘဲ အားရစွာကြည့်နေသည်က ဘုတ်ဆုံမပါ။

"ဆင်း အခုဆင်း၊ ညီး မဆင်းဘူးလား. . ."

"မဝင်းမာရယ် .ကိုမြတ်ထင်ကလည်း ဆေးရုံမှာမို့ပါ၊ ကျွန်မ မနက်ဖြန်သွားကြည့်ပြီးရင် ဆင်းပေးပါ့မယ်ရှင်၊ ကျွန်မရှိခိုးပါတယ်၊ တောင်းပန်ပါတယ် မဝင်းမာစံရယ်. . ."

မြင်မကောင်းအောင် မျက်ရည်တွေကျကာ ဒေါ်ချယ်ရီရွှေသည် ငိုရှိုက်ရင်း ရှိခိုးတောင်းပန်ရင်းဖြင့် အသနားခံနေရှာ၏။ ခင်ပွန်းသည် ဆေးရုံရှပါတွင်ရှိနေသေးကြောင်းအဖြစ်ကို သတိရမှ ဒေါ်ဝင်းမာစံသည် မိမိအခြေအနေတွေကို ပြန်လည်သတိရလိုက်ဖြစ်သည်တွင် ဘရိတ်အုတ်လိုက်ရလေ၏။

"သွား သွား၊ ညီးတို့ကို ငါမတွေ့ချင်ဘူး၊ ငါဘယ်သူ့မှ မတွေ့ချင်ဘူး၊ ငါကြောက်တယ် ကြောက်တယ် သိပ်ကြောက်တယ် အီး ဟီး ဟီး. . ."

"အို သူဌေး သူဌေး. .သတိထားပါ သတိထားပါ၊ မမ မမ မမလေး. . ."





ဒေါ်ဝင်းမာစံတစ်ယောက် မိမိအရူးမအဖြစ်ကို ပြန်သတိရပြီး ပြန်ရူးပစ်လိုက်သည်တွင် တပည့်မဘုတ်ဆုံမသည် သခင်မကို စိုးရိမ်တကြီးတွဲကာ အခန်းထဲသို့ပြန်ခေါ်သွားလိုက်လေ၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်ငါး)

ဖခင်ကြီးသေဆုံးသည်မှမကြာသေး၊ အခုအခင်မင်ဆုံးနှင့် အချစ်ဆုံးသူငယ်ချင်းလေးတို့ ဇနီးမောင်နှံကား မီးလောင်သေဆုံးကြောင်း သတင်းဆိုးကထပ်ရောက်လာပြန်၍ ကိုချစ်ဦးသည် လွန်စွာမှ စိတ်ထိခိုက်ရင်း တွေးတောစဉ်းစားမရအောင်လည်း ဖြစ်နေရပါလေ၏။ ဖခင်အတွက်ပင် ထိခိုက်ကြေကွဲ၍မှမဆုံးသေး၊ သူငယ်ချင်းအတွက် ထပ်၍ခံစားရပြန်သည်။

ဖခင်အမှုနှင့် သူငယ်ချင်းတို့ဇနီးမောင်နှံကိစ္စတွေကို သူကိုယ်တိုင်ပင် လေ့လာစုံစမ်းရန် သူ ဆုံးဖြတ်ထားသည်။ ထို့အတွက် သူသည် ရဲတပ်ဖွဲ့ဝင်များနှင့်လည်း ပူးပေါင်းဆွေးနွေးထားပါ၏။

တစ်ဘက်ကလည်း ဖခင်လုပ်ကိုင်ထားသည့် လုပ်လက်စအလုပ်တွေကို သူသည် လေ့လာပြီးဆက်လက်လုပ်ကိုင်သွားပေးဖို့အတွက် ကုမ္ပဏီရှိဖခင်ကြီးရုံးခန်းသို့ နေ့စဉ်လာပြီး စာရွက်စာတမ်းများအား ရှာဖွေကြည့်ရှုနေရ၏။ တစ်ချီတစ်ချီဖြင့်လည်း သူသည် ဖခင်ကြီးနှင့် သူငယ်ချင်းတို့ဇနီးမောင်နှံအား သတိရကာ ဝမ်းနည်းကြေကွဲမှုဖြင့် ကိုယ်ရောစိတ်ပါ တွေဝေငေးငေါင်နေဖြစ်၏။

"ဒေါက် ဒေါက် ဒေါက်. . ."





တံခါးခေါက်သံကြောင့် သူတွေဝေငေးငိုင်နေရာမှ အခန်းဝဆီ လှမ်းအကြည့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်တွေကို သူတွေ့လိုက်ရလေ၏။

"ဩော် ဆရာတို့. .ဘာများအကြောင်းထူးလဲခင်ဗျာ. ."

"ကျွန်တော်တို့စုံစမ်းဆဲပါ ကိုချစ်ဦး၊ ဟောဒီမှာ နာရီနဲ့ ပိုက်ဆံအိတ်ပါ. . ."

"ဟင် ဒါ ကိုကို့ရဲ့နာရီနဲ့ပိုက်ဆံအိတ်ပဲ၊ ဘယ်လိုဖြစ်ပြီး.."

"ဟုတ်ကဲ့ အဲဒါစဉ်းစားစရာပါပဲ၊ အဲဒါတွေကို ကျွန်တော်တို့ရတာက ထမင်းဆိုင်တစ်ဆိုင်ရှေ့မှာပါ၊ ကျွန်တော်က ရွှေတောင်ရဲစခန်းက ဒုရဲအုပ်ပါ. . ."

"ဩော် ဟုတ်ကဲ့ခင်ဗျာ၊ လေးစားပါတယ်ခင်ဗျာ၊ ကားမီးလောင်တာက ပြည်မြို့အဝင်မှာ၊ ဒီပစ္စည်းတွေက ရွှေတောင်က ထမင်းဆိုင်ရှေ့မှာဆိုတော့. . ."

"ဟုတ်ကဲ့ ဒီကိစ္စတွေကို ကျွန်တော်တို့စုံစမ်းနေပါတယ်၊ ဒါတွေကို လာပြပြီးအကြောင်းကြားတာပါ၊ ကျွန်တော်တို့ကိုခွင့်ပြုပါဦး. . ."

"ဟုတ်ကဲ့ ကောင်းပါပြီခင်ဗျာ. . ."

ရဲတပ်ဖွဲ့ဝင်များနှုတ်ဆက်ပြီး ပြန်သွားချိန်တွင် ချစ်ဦးသည်လည်း ဘဲ့ဦးစားတွေးတောရင်း ကျန်ရစ်ခဲ့လေ၏။

× × × × ×

နားထဲတွင် ကျေးငှက်သာရကာတို့၏ သာယာနာပျော်ဖွယ်ကောင်းသော တေးသံစုံတို့ တွန်မြည်ကျူးနေသည်ကို သူ ကြားနေရ၏။ စိတ်ထဲထူးဆန်းသလိုလိုတော့ ဖြစ်မိသလိုလိုပါပင်။ သူသည်



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းအစုံအား ဖြည်းဖြည်းချင်းဖွင့်ကြည့်ဖြစ်သည်။

ဟင်! ဟာ ပန်းတွေ၊ အို ခြေတံရှည်အိမ်လေးတွေလည်း အများကြီးပဲ၊ ဒီဘက်က ဖြူနီပြာဝါပန်းခင်းကြီး၊ ဒီဘက်ကကျတော့ စိမ်းစိုလန်းဆန်းနေတဲ့ သစ်တောထင်တယ်၊ မဟုတ်သေးဘူး၊ သစ်ရိပ်ဝါးရိပ်ဟွေကောင်းတဲ့ရွာတစ်ရွာပဲ၊ ဟား တော်တော်သာယာလှပတဲ့ ရွာလေးပဲ။

"ဟဲ့ ကလေး. .နိုးပြီလားကွယ့်. . ."

"ဟင် ဩော် အဘွား. .၊ ကျွန်တော်. . ."

"လူလေးအဖျားကျတော့လည်း လန်းနေတဲ့ပုံပဲ၊ အခုနေလို့ ကောင်းတယ်မဟုတ်လားကွယ့်. . ."

"ဟုတ်ကဲ့ အဘွား၊ ကျွန်တော်နေလို့ကောင်းပါတယ်"

"လူလေး နှစ်ရက်လောက်မနိုးဘူး၊ အဖျားသိပ်ကြီးနေလို့၊ ခေါင်းမှာလည်းဒဏ်ရာနဲ့ဆိုတော့လေ. . ."

"ဩော် ဟုတ်ကဲ့ အဘွား. . ."

သူ ခေါင်းကိုစမ်းကြည့်တော့ သူ့ခေါင်းတွင်ပတ်တီးစည်းထားသည်ကို စမ်းကိုင်မိလိုက်ရ၏။ တစ်ဆက်တည်းလည်း သူသည် သူ့ကိုယ်သူငုံ့ကြည့်ဖြစ်သည်။ သူ့လည်ပင်းတွင် ဆွဲကြိုးလေးတစ်ကုံးကို တွေ့လိုက်ရ၍ ဆွဲကြိုးလေးကို သူကိုင်ကြည့်ဖြစ်ရင်း စဉ်းစားသလိုဖြစ်သွားရသည်။

"လူလေးမိန်းမ ရေသွားချိုးတယ်ကွယ့်. . ."

"ဗျာ ကျွန်တော့်မိန်းမ. . ."

"အေးလေကွယ်၊ လူလေးမိန်းမလေးဟာ တော်တော်လှသလောက် တော်တော်လည်းကောင်းတာပဲကွယ်၊ လူလေးကိုပြုစုတာ





များ နေ့မနားညမအိပ်ပဲဟော့၊ သူ့ခမျာပင်ပန်းလိုက်တာလည်းလွန်ရော၊ လူလေးအဖျားကျမှပဲ သူ့ခမျာရေကောင်းကောင်းသွားချိုးရှာတာကွယ့်. . ."

အဘွားကြီးစကားတွေကို နားထောင်ပြီး သူ့မိန်းမဆိုသဖြင့် သူ စိတ်ဝင်စားနေဖြစ်လေ၏။

"သမီးလေး ရေချိုးပြီးရင် ထမင်းစားကြမယ်ကွယ့်၊ လူလေးလည်း နေကောင်းပြီဆိုတော့ သမီးလေးဆီလိုက်ချင်လိုက်သွားကြည့်လိုက်လေ. . ."

"ဟို ဟုတ်ကဲ့ အဘွား. . ."

စကားအဆုံး တပြုံးပြုံးနှင့် အဘွားထွက်သွားသည်တွင် သူသည်လည်း ခြေတံရှည်အိမ်လေးပေါ်မှဆင်းခဲ့လိုက်လေ၏။ အိမ်အောက်သို့အရောက် သူဘယ်သွားရမှန်းမသိဖြစ်နေဆဲ ဝင်းဝင်းပပနှင့် ဆေးရလောက်အောင် ချောမောလှပသည့် မိန်းကလေးတစ်ယောက် ရေပုံးလေးဆွဲကာ လှမ်းလာနေသည်ကို တွေ့လိုက်ရ၍ သူကြည့်နေဖြစ်၏။

"ကိုကိုနေကောင်းသွားပြီပဲ၊ ဝမ်းသာလိုက်တာ၊ ကဲ လာ အိမ်ပေါ်ပြန်တက်၊ ရေပတ်တိုက်ပေးမယ်၊ လာလေ ဘာကြည့်နေတာလဲ. . ."

"ဩော် အင်း. . ."

သူ အံ့ဩနေဆဲပင် မိန်းမချောလေး၏ဆွဲခေါ်လာမှုကြောင့် သူ အိမ်ပေါ်ပြန်ရောက်လာခဲ့လေ၏။ အိမ်ပေါ်ရောက်သည်နှင့် မိန်းမချောသည် အဝတ်တွေအခန်းထဲဝင်လဲလိုက်သည်။ သူသည် အံ့ဩလွန်း၍ မိန်းမချောလေးလိုက်ကြည့်နေဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အား . . ."

"အား. . .ဟင်. . ."

အဝတ်လဲပြီး၍ အခန်းထဲမှထွက်လာသည့် မမသည် အခန်းဝ၌ပင် သူ့ကိုတွေ့လိုက်ရ၍ လန့်ပြီးအော်သည်တွင် သူကပါလန့်ပြီး ပြန်အော်နေ၍ အအော်ချင်းပြိုင်သွားရ၏။

"ကြည့်စမ်း ကိုကို၊ သူချောင်းကြည့်နေတယ်ပေါ့လေ"

"ဟာ မဟုတ်ရပါဘူး၊ ကိုယ်အံ့သြလွန်းလို့ ကြည့်ဖြစ်တာပါ. . ."

"ဘာအံ့သြတာလဲ၊ အပိုတွေလျှောက်မပြောပါနဲ့၊ ကဲ လာ ချွတ်. .၊ ရေပတ်တိုက်မယ်. . ."

"ဟာ ဟာ နေ နေပါဦး၊ ကျွန်တော့်ကိုပြောပါဦး၊ ခင်ဗျားက ဘယ်သူလဲ၊ ကျွန်တော်ကဘယ်သူလဲဆိုတာ. . ."

"ကိုကို. .မနောက်နဲ့ကွာ. . ."

"ကျွန်တော်မနောက်ပါဘူး၊ ကျွန်တော့်ကိုပြောပြပါ၊ ကိုယ်က ဘယ်သူလဲ၊ မင်းကရောဘယ်သူလဲ. . ."

သူဆိုတော့ သူ့မျက်ဝန်းညိုအစုံတွေထဲ မမကြည့်လိုက်သည်။ ထိုအခါမမသည် လွန်စွာဝမ်းနည်းသွားလိုက်ရလေ၏။ တစ်ဆက်တည်းလည်း မမမျက်ဝန်းမှ မျက်ရည်များသည် စီးဆင်းကျလာရလေ၏။

"မင်းငိုနေတယ်ဟုတ်လား၊ မင်းဘာဖြစ်လို့ငိုတာလဲ၊ မင်း ကိုယ့်ကိုပြောပြဦးလေ. . ."

သူဆိုရင်း မမမျက်ရည်လေးတွေကို သူ သုတ်ပေးလာမည် အပြု မမသည်လွန်စွာမှ ဝမ်းနည်းခြင်းတို့ဖြင့် ငိုရှိုက်ကာအိမ်ပေါ်မှ





ပြေးဆင်းသွားလိုက်ပါတော့၏။

× × × × ×

"ဟင်. . ."

"ရှင်. .သြော် ဘယ်သူနဲ့တွေ့ချင်တာလဲ၊ လူနာအတွက် အခန်းလာကြည့်တာလား. . ."

အခန်းတံခါးဖွင့်လိုက်သည်နှင့် လူနာကုတင်ကို သန့်ရှင်းရေး လုပ်နေသည့် သူနာပြုဆရာမကို တွေ့လိုက်ရ၍ ဒေါ်ဝင်းမာစံသည် အလိုမပြည့်သောအသွင်နှင့်ဖြစ်သွားရသည်။

"ဒီအခန်းကလူနာရော ဆရာမ. . ."

"ကျွန်မလည်း သေချာတော့မသိပါဘူး၊ အခန်းပဲပြောင်း သွားတာလား၊ ဆေးရုံကပဲဆင်းသွားတာလားဆိုတာ. . ."

"ဟင်း တောက်၊ တကယ်ဒေါသထွက်ဖို့ကောင်းတယ်"

ဒေါသနှင့်ဆိုရင်း ဒေါ်ဝင်းမာစံတစ်ယောက် ချာခနဲလှည့် ကာ အခန်းထဲမှ ပြန်ထွက်သွားလိုက်ပါတော့၏။ ဆရာမမှာ လန့် ထွက်နေသော အပြင်အဆင်တို့နှင့် ဒေါ်ဝင်းမာစံအား အံ့သြလွန်းသော အကြည့်တွေနှင့် ကျန်ရစ်ခဲ့လေ၏။ ဆေးရုံအပြင်တွင်မတော့ ဒေါ်ဝင်း မာစံသည် ကားကိုဒေါသနှင့်မောင်းထွက်ခဲ့လိုက်သည်။

"ကောင်မ. .သူ့ကိုယ်သူများ ဘာမှတ်နေလဲမသိဘူး၊ သိ မယ် ငါ့အကြောင်း၊ သူ့သဘောနဲ့များ သူကလုပ်နေသေးတယ်၊ သူ့လိုအငယ်အနှောင်းမက ဘာများပါဝါရှိနေလို့လဲ၊ တွေ့မယ် ကောင်မ. . ."

ကြိမ်းဝါးမှုဒေါသတွေနှင့် ဒေါ်ဝင်းမာစံသည် အိမ်သို့ကားကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်မောင်းခဲ့လိုက်သည်။ မကြာလိုက်၊ ဒေါ်ဝင်းမာစံမောင်းလာသည့် ကားလေးသည် အိမ်သို့ပြန်ရောက်လာ၏။ အိမ်ရောက်သည်နှင့် ဒေါ်ဝင်းမာစံသည် ကားကိုထိုးရပ်ခဲ့ပြီး ကားပေါ်မှဆင်းခဲ့လိုက်သည်။ ပြီးတော့ အိမ်ထဲသို့ ဒေါသခြေလှမ်းကျဲကြီးတွေနှင့် ဆောင့်အောင့်ကာ ဝင်ခဲ့ရင်း. . .

"ဟဲ့ မိချယ်ရီရွှေ. . ."

"ဟင်. . ."

မြင်လိုက်ရသည့် ဒေါ်ဝင်းမာစံကိုကြည့်ပြီး ဒေါ်ချယ်ရီရွှေသည် လွန်စွာအံ့သြသွားလိုက်ရလေ၏။

"ဘာလဲ ညီးက ငါ့ကိုကြည့်ပြီး အံ့သြနေတာလား. ."

"ဩော် ဟို. . ."

ထမင်းပွဲပြင်ဆင်နေမို့ ဒေါ်ချယ်ရီရွှေသည် လက်ထဲမှ ဟင်းရည်ပူပန်းကန်ကို စားပွဲထက်ချထားလိုက်ပြီး ဘာပြောရမှန်းမသိဖြစ်သွားရသည်။ ထမင်းစားခန်း အော်ကြီးဟစ်ကျယ်စကားသံတွေကြောင့် အိမ်ဖော်အလုပ်သမားတွေပါ အပြေးရောက်လာကြသည်။

"ညီးက ငါ့ကိုအမြဲတမ်းရှုးနေစေချင်တဲ့ သဘောလားဟဲ့ ကောင်မရဲ့၊ ငါသိတယ် ညီးက ငါ့ကိုအမြဲရှူးနေစေချင်တယ်ဆိုတာ"

"အို မဟုတ် မဟုတ်ရပါဘူးရှင်၊ ဒေါ်ဝင်းမာစံနေကောင်းလာတာတွေ့ရလို့ ကျွန်မသိပ်ဝမ်းသာပါတယ်ရှင်. . ."

"တော်စမ်း တိတ်စမ်း၊ ညီးရဲ့လျှာဖျားကစကားတွေ ငါနားထောင်ဖို့မဟုတ်ဘူး၊ ဒီမှာ. .ကိုမြတ်ထင်ကို ညီးဘယ်မှာထားလဲ၊ ဘယ်ခေါ်သွားလဲ၊ ပြောစမ်းမြန်မြန်. . ."

"ဟို အဲဒါဆရာဝန်က ကောင်းကောင်းအနားပေးရမယ်ဆိုလို့





ကျွန်မ ဟိုတယ်ကအခန်းတစ်ခန်းမှာ ထားထားတာပါ၊ အာရုံကြောဆရာဝန်ရဲ့ အစီအစဉ်ပါပဲရှင်၊ သူ့ရဲ့ဆရာမကိုလည်း ထားထားပါတယ်၊ ဆရာဝန်ကလည်း တစ်နေ့တစ်ခါ မှန်မှန်လာကြည့်ဖို့ပြောပါတယ်. . ."

"တောက်. .၊ ဟင်း. .ကဲဟယ် ဒီလောက်ပဲ နင့်ကိုယ်နင် နေရာယူချင်ဦး. . ."

"အား ပူတယ် ပူတယ်၊ အမလေး. .ပူတယ် ပူလိုက်တာ"

"ဟွန်း နည်းတောင်နည်းသေးတယ်. . ."

"မချစ်ရယ် ဘာလို့ဝင်ခံရတာလဲကွယ်. . ."

"ကျွန်မဝင်မခံရင် မမလေးကို အပူတွေလောင်ကုန်မှာပေါ့၊ ဟင်းရည်က အခုပဲမီးဖိုပေါ်က ချကာစဥ္စွာ၊ တော်တော်ဆိုးတဲ့ မိန်းမကြီး. . ."

"မပြောပါနဲ့တော့ကွယ်. . ."

"သက်သက်ရှုးချင်ဟန်ဆောင်နေတာ မမလေးရဲ့၊ အလကား မိန်းမလည်မကြီး. . ."

မချစ်တစ်ယောက် မခံချိမခံသာဖြင့်ပြောသော်လည်း ဒေါ်ဝင်းမာစံကဖြင့် မကြားတော့ပါ။ မှန်သည်၊ ဒေါ်ဝင်းမာစံသည် ဟင်းရည်ပူပန်းကန်နှင့်ပက်ခဲ့ပြီး မျက်နှာကိုမဲ့ပစ်ရင်း တင်းထန်သောအသွင်ဖြင့် ထွက်သွားလေပြီမဟုတ်ပါတကား။

× × × × ×

(× × )ဟိုတယ်ကြီး၏ (× × )ထပ်ရှိ အစည်းအဝေးခန်းမကြီးထဲတွင်ဖြစ်၏။ စည်းဝေးပွဲကျင်းပသည့် စားပွဲရှည်ကြီး၏ထိပ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



နေရာတွင်ရှိသည့်ထိုင်ခုံက လွတ်နေသေးသည်မို့ အဖွဲ့ဝင်တွေအားလုံးက အစည်းအဝေးကိုမစသေးဘဲရှိနေကြ၏။ အစည်းအဝေးခန်းမထဲတွင် ဦးလင်းနိုင်တို့သားအဖနှစ်ယောက်သည်လည်း ရောက်နေကြပါပြီ။ ဦးလင်းနိုင်၏အသွင်က အရာရာအတွက် ကျေနပ်အားရနေပုံနှင့်ရှိလေ၏။

ထိုအခိုက် စည်းဝေးခန်းမထဲသို့ စိန်ရွှေရတနာတွေကို တစ်ကိုယ်လုံးညွတ်နေအောင် ဝတ်ဆင်ထားပြီး တောက်ပပေါ်လွင်လွန်းသည့်ဝတ်စုံကို ဆင်မြန်းကာ လုပကျေ့ရှင်းထည်ဝါနေသောအသွင်နှင့် ဒေါ်ဝင်းမာစံသည် ဝင်ရောက်လာလေ၏။

"ဟင်. . ."

"ဟာ. . ."

"ဟယ် ဒေါ်ဝင်းမာစံ. . ."

"ဟင်. . ."

ဦးလင်းနိုင်တို့သားအဖမှလွဲ၍ ဒေါ်ဝင်းမာစံအား တွေ့လိုက်ရသည့် လူတွေအားလုံးသည် အလွန်မှအံ့သြဘနန်းဖြစ်သွားလိုက်ကြရလေ၏။ အထူးသဖြင့် မန်နေဂျာအဆင့်ရှိသည့် လူကြီးပိုင်းမှဝန်ထမ်းများသည် ဒေါ်ဝင်းမာစံအား သေချာစွာနှင့် အတန်ကြာသည်အထိပင် ဒေါ်ဝင်းမာစံအားကြည့်နေဖြစ်ကြလေ၏။

ဒေါ်ဝင်းမာစံသည် ထိပ်ဆုံးရှိ လွတ်နေသည့် စားပွဲတွင် ဝင်ထိုင်လိုက်ပြီး. . .

"ဒီအစည်းအဝေးကတော့ အရေးပေါ်အစည်းအဝေးသဘောပါ၊ ပြောချင်တာကတော့ အခုဒီဟိုတယ်ကြီးနဲ့ လုပ်ငန်းတွေအားလုံးကို လွှဲပြောင်းဆက်ခံမယ့်သူက ကျွန်မဒေါ်ဝင်းမာစံပဲဖြစ်ပါတယ်၊





ဘာကြောင့်လဲဆိုတော့ ကျွန်မခင်ပွန်းက သူ့သားနဲ့ချွေးမကို ဒီလုပ်ငန်းတွေအားလုံး လွှဲပြောင်းအပ်နှံသွားပေမယ့် သူတို့တွေက ငယ်ရွယ်ပြီး မနိုင်မနင်းကြတာလည်းတစ်ပိုင်း၊ လုပ်ငန်းတွေကို မသိနားမလည် မကျွမ်းကျင်တာလည်းတစ်ကြောင်း ရှိပါတယ်၊ ဒါပေမယ့် ကျွန်မခင်ပွန်းရဲ့ဆန္ဒအတိုင်းပဲ လူငယ်တွေက ဆက်ခံကြပြီး ကြိုးစားခဲ့ကြရှာပါတယ်. . .

ဒါပေမယ့် အခုတော့ မလွှဲမရှောင်သာတဲ့ ကိစ္စတစ်ခုကြောင့် ကျွန်မကပဲ ဒီလုပ်ငန်းတွေကို လွှဲပြောင်းယူပြီး ဆက်လက်လုပ်ကိုင်သွားတော့မှာဖြစ်ပါတယ်. . ."

"တဆိတ် မေးချင်ပါတယ် ဒေါ်ဝင်းမာစံခင်ဗျား. . ."

"ပြောပါ ဦးသိန်းမောင်. . ."

"ဒါရိုက်တာတို့ဇနီးမောင်နှံက ဘယ်များရောက်နေကြလို့ပါလဲခင်ဗျာ. . ."

"ဒီကိစ္စတွေကို ကျွန်မ သေချာမှပဲပြောချင်ပါတယ်"

"ဟုတ်ကဲ့၊ ဒါဆိုလည်း ခုလိုလုပ်ငန်းတွေကို လွှဲပြောင်းယူတယ်ဆိုတာလည်း ခေတ္တခဏလွှဲပြောင်းယူထားကြောင်းကို စာရွက်စာတမ်းနဲ့ လုပ်စေချင်ပါတယ်၊ ဒါမှလည်း သဘာဝကျမှာမို့ပါ"

ဦးသိန်းမောင်စကားအတွက် ဒေါ်ဝင်းမာစံမျက်နှာမှာ တစ်ချက် ပျက်သွားရသလိုရှိပြီးမှ. . .

"ဒါတွေကျွန်မနားလည်ပါတယ်၊ ကျွန်မလုပ်မှာပါ၊ အခု ဒီကိစ္စကိုပဲ ကျွန်မပြောချင်တာပါ၊ အစည်းအဝေးပြီးပါပြီ၊ အားလုံး သွားနိုင်ပါပြီ. . ."

ဒေါ်ဝင်းမာစံစကားအဆုံး ဦးလင်းနိုင်တို့သားအဖမှလွဲ၍



www.burmeseclassic.com

www.burmeseclassic.com



ကျန်လူတွေအားလုံးမှာ ခေါင်းချင်းဆိုင်ကာ တစ်ယောက်ကို တစ်ယောက် ကြည့်ဖြစ်ကြပြီး နေရာမှထသွားလိုက်ကြပါတော့၏။ လုပ်ငန်းများဆိုင်ရာ မန်နေဂျာကြီးဦးသိန်းမောင်သည်လည်း ဒေါ်ဝင်းမာစံ၊ ဦးလင်းနိုင်နှင့် သမီးဖြစ်သူဝင်းစုချိုတို့ထံ တစ်ချက်လှမ်းကြည့်ပြီးမှ နေရာမှထသွားလိုက်လေ၏။

လူတွေထွက်သွားကြပြီမို့ စည်းဝေးခန်းမထဲတွင် ဒေါ်ဝင်းမာစံ၊ ဦးလင်းနိုင်နှင့် ဝင်းစုချိုတို့သာ ကျန်ရှိတော့သည်။ ဦးလင်းနိုင် မျက်နှာက ပြီတီတီနှင့်ရဲတင်းနေဟန်မျိုးရှိနေ၏။

"သမီးဝင်းစုချို. . ."

"ရှင် ဖေဖေ. . ."

"သမီးလည်းသွားတော့လေ၊ ဒီမှာ ဖေဖေနဲ့သမီးဒေါ်လေး ဆွေးနွေးစရာတွေရှိနေသေးတယ်. . ."

"ဟုတ်ကဲ့ ဖေဖေ၊ ဒေါ်လေး. .သမီးသွားပြီနော်. . ."

"အေး ကောင်းပြီ သမီး. . ."

"ဩော် ဒါနဲ့ ဒေါ်လေး၊ ကိုကို့သတင်း ဘာမှထပ်မကြားတော့ဘူးလားဟင်. . ."

မျက်ရည်လေးဝဲကာ ကြေကွဲထိခိုက်စွာနှင့် ဝင်းစုချို မေးသည်။ ဝင်းစုချိုအနေနှင့် တကယ်ခံစားနေရသည်ကအမှန်ပါ။

"အေး သမီးရယ်. .စုံစမ်းနေဆဲပါကွယ်၊ ဒေါ်လေးလည်း သားဇော်နဲ့ တော်တော်ခံစားနေရတာပါ. . ."

"သမီး ဘာမှမပူပါနဲ့၊ ဖေဖေလည်း သီးသန့်လူငှားပြီး ရှာ[illegible]ကယ်၊ သူတို့တွေက တွေ့ရင်အကြောင်းကြားမှာပါ၊ [illegible]ငသွားတယ်ဆိုတော့လည်း မျှော်လင့်ချက်ကတော့





ခပ်နည်းနည်းပေါ့ သမီးရယ်. . ."

"တော်ပါတော့ ဖေဖေရယ်. . ."

ရှေ့ဆက်မကြားချင်တော့၍ စကားအဆုံး မျက်ရည်တွေကျကာ ဝင်းစုချိုတစ်ယောက် စည်းဝေးခန်းထဲမှထွက်သွားလိုက်ပါတော့၏။ ဒေါ်ဝင်းမာစံသည်လည်း ကြိတ်၍ငိုရှိုက်ကာ ထွက်သွားသည့် ဝင်းစုချိုထံလှမ်းကြည့်ရင်း မိမိရည်ရွယ်ချက်များ အထမမြောက်ခဲ့သည့်အတွက် မချင့်မရဲရှိနေရသည်ပါ။

ထိုအခိုက် ဒေါ်ဝင်းမာစံသည် မိမိပါးပြင်နှင့် ဆံစပ်ကလေးများဆီ လက်ချောင်းတွေနှင့် ဖွဖွရွရွထိကိုင်လာသည့် အတွေ့တစ်မှုကြောင့် ဒေါ်ဝင်းမာစံသည် မျက်နှာကိုဆတ်ခနဲလှည့်ကြည့်လိုက်သည် မတော့ မချိုမချဉ် ပြီတီတီအပြုံးနှင့် မျှော်သွေးစမ်းနေသည့် ဦးလင်းနိုင်မျက်နှာအား တွေ့လိုက်ရခိုက်. . .

"ဒါကဘာလုပ်တာလဲ၊ ဘာသဘောလဲ. . ."

"ဝင်းမာရယ်. .ကိုယ်တို့ကလေးချင်းလည်း အလုပ်မှမဖြစ်တော့တာ၊ ကိုယ်တို့ချင်းပဲ. . ."

"နင့်ပါးစပ်ပိတ်စမ်း၊ အရှက်မရှိ စည်းကမ်းမရှိ မပြောပါနဲ့."

"ကိုယ်ကတကယ်ပြောတာပါ၊ ကိုယ်တို့ချင်းလည်း လူလွတ်တွေပဲမဟုတ်လား၊ မြတ်ထင်က မင်းကိုမှမပေါင်းတော့ဘဲ၊ မင်းကို ဒေဝနာရှင်ဆိုပြီး တိုက်ကြီးပေါ်မှာတင်ထားတာတစ်ခုပါပဲ. . ."

"တိတ်စမ်း လင်းနိုင်၊ ဘာဖြစ်ဖြစ် ငါက နင့်လိုအကောင်ကို ယူရမှာလား၊ နင်တော်တော်အတင့်ရဲတဲ့ကောင်၊ နင့်ပါးစပ်မို့ ဒီလို စကားပြောထွက်တယ်၊ ထွီး အန်ချင်လိုက်တာ. . ."

ပျစ်ပျစ်နှစ်နှစ်ကြီးပင်ဆိုရင်း စကားအဆုံး ဒေါ်ဝင်းမာစံ



www.burmeseclassic.com

www.burmeseclassic.com



သည့် စလင်းဘက်အိတ်ကိုဆွဲကာ နေရာမှထသွားလိုက်ပါတော့၏။

"တောက်. .၊ ဝင်းမာစံ ခွေးမ. .နင်သိမယ်၊ နင် ငါ့ အကြောင်းသိရဦးမှာပေါ့ ဟွန်း၊ ခွေးမ ငါ့ကိုများပြောသွားလိုက်တာ ပျစ်ပျစ်နှစ်နှစ်၊ အေးပါ နောက်မှ နင် ငါ့ခြေသလုံးကိုဖက်ပြီး တောင်းပန်စေရမယ်. . .တောက်. . ."

ဒေါ်ဝင်းမာစံတစ်ယောက် ပြောဆိုလုပ်သွားပုံအတွက် ဦးလင်းနိုင်မှာ ခံပြင်းမှုအတွင့်အထိပ်ဖြင့် ကြိမ်းဝါးကျန်ရစ်ခဲ့လေ၏။

❖ ❖ ❖



## (တစ်ဆယ့်ခြောက်)

ပန်းခင်းထဲမှ ပန်းတွေကို ဖြတ်သူက ဖြတ်၊ သယ်သူက သယ်၊ စည်းသူကစည်း၊ ရေတွက်နေသူက ရေတွက်နေကြ၏။ ပန်းတွေကအိမ်ရှေ့ရှိ ကွပ်ပျစ်စင်ပေါ်တွင် မောက်လျှံနေတော့သည်။ ပန်းတွေကိုကြည့်ပြီး သဘောကျမဆုံး၊ ကြည်နူးပျော်ရွှင်မဆုံးအောင် ရှိနေသည်က ကိုကိုနှင့်မမတို့ပါ။ အလုပ်သမားတွေနှင့်အတူ သူတို့လည်း လုပ်ကိုင်နိုင်သည့်ဘက်မှ ဝိုင်းကူလုပ်ကိုင်ပေးကြသည်။

ကိုကိုက ပန်းခင်းထဲမှ သူများခူးဖြတ်ပြီးသည့် ပန်းတွေကို အိမ်ရှေ့အထိသယ်ထမ်းလာပေးသည်။ မမက သူများစည်ထားပြီးသည့် ပန်းတွေကို ရေတွက်မှတ်သားပေးသည်။ မမသည် တက်ကြွပျော်ရွှင်နေသည့် ကိုကို့ကိုကြည့်ပြီး ချမ်းမြေ့နေသည်ကအမှန်ပါ။ တစ်ဆက်တည်းလည်း ကိုကို့အဖြစ်ကိုတွေးမိတော့ မမသက်မဟောလေးချဖြစ်လိုက်ရရှာလေ၏။

"ကဲ ကဲ ကားလာပြီ၊ ကားလာပြီ၊ ပန်းခူးတာခဏရပ်ဦး၊ ပန်းစည်းတွေကို ခြင်းကြားကြီးတွေထဲဖက်ခံပြီး သေချာထည့်ကြ၊ အရေအတွက်လည်းမှတ်ကြဦး. . ."

"ဟုတ်ကဲ့ အဘွား၊ အရေအတွက်မှတ်တာကို သမီးဦးစီး... လိုက်ပါ့မယ်၊ ကိုကိုရေ. .ကိုကိုက ခြင်းကြားတွေယူလာပေး..."



www.burmeseclassic.com

www.burmeseclassic.com



မမဆိုတော့ ကိုကိုကထပ်ထားသည့် ခြင်းကြားတွေကို သယ်လာပေးသည်။ မမက ပန်းစည်းတွေကို ရေတွက်ပေးသည်။ ခြင်းထဲထည့်သည့်လူတွေကထည့်ပြီး ခြင်းတွေကိုချုပ်သည့်လူတွေက ချုပ်ကြ၏။ ကျွမ်းကျင်ရာလိမ္မာဆိုသလိုပင် လုပ်နေကျအလုပ်မို့ ပန်းခြင်းတွေက တစ်ခြင်းပြီးတစ်ခြင်း ထွက်လာသည်။ သေချာဖုံးအုပ်ပြီး ချုပ်ပြီးသည့်ပန်းခြင်းတွေကို ကားပေါ်သို့တင်သည့် အလုပ်သမားတွေကတင်ကြ၏။

အလုပ်သမားသုံးလေးယောက်နှင့်အတူ ကိုကိုကလည်း ကားပေါ်တက်ပြီး ပန်းခြင်းတွေကိုဝိုင်းသယ်ပြီး နေရာချပေး၏။ တစ်ယောက်တစ်လက် ဝိုင်းလုပ်တော့လည်း ပြီးမည်သည်ဟု ဆိုရမည်ဖြစ်၏။

"ဟော့ မောင်သောင်းရေ. . ."

"ဗျာ အမကြီး. . ."

"မင်းမောင်းမယ့်ကားက ဘယ်တုန်းကွယ့်. . ."

"ကျွန်တော်က အောက်ပြည်လေ အမကြီးရဲ့၊ အညာဘက်သွားမယ့်ကားက ဟိုမှာ၊ အမကြီးဘာမှာချင်လို့လဲ. . ."

"တခြားမဟုတ်ပါဘူးကွယ်၊ ရန်ကုန်ကပြန်လာရင် ဈေးနည်းနည်းဝယ်စားလာစမ်းပါလို့၊ လက်ဖက်ကလေး မုန့်ပဲသွားရည်စာကလေးပါကွယ်. . ."

"ဟုတ်ကဲ့ ဟုတ်ကဲ့ အမေ၊ ဝယ်ခဲ့မယ်၊ ကဲ သွားပြီဗျာ"

"အေး အေး. . ."

ပန်းတွေတင်သည့်ကားတွေ ထွက်သွားသည်တွင် ကိုကိုသည် အပြုံးတွေနှင့်လက်နှစ်ဘက်နောက်ပစ်ကာ မမအနီးသို့လှမ်းခဲ့





၏။ ရွာသူရွာသားတွေကလည်း ပြုံးစိစိတွေဖြင့်ရှိကြသည်။

"ဟော့ ကောင်မလေး. . ."

"ဘာလဲ ကိုကို. . ."

"မင်းကိုလက်ဆောင်ပေးချင်တယ်၊ ရော့ မင်းအတွက်"

"ဟယ် ပန်းကွင်းလေး လှလိုက်တာ၊ ကိုကိုလုပ်တာလားဟင်. . ."

"ဒါပေါ့ ကိုယ့်မိန်းမအတွက် ကိုယ်ကိုယ်တိုင်မလုပ်လို့ ဘယ်သူလုပ်မလဲ. . ."

"ဟုတ်ပါ့ ဟုတ်ပါ့ ဟား ဟား ဟား. . ."

အိမ်ရှင်အမကြီးက ထောက်ခံပြီးရယ်တော့ မမခမျာ ရှက်သွေးလေးကြွယ်သွားရရှာ၏။ ပန်းကွင်းလေးခေါင်းတွင်စွပ်ကာ ရှက်ရှက်နှင့် မမ ထထွက်ပြေးတော့ ကိုကိုကပါ နောက်မှပြေးလိုက်သွားလိုက်၏။ ပန်းခင်းထဲအရောက်မတော့ ကိုကိုသည် မမလက်ကလေးကိုလှမ်းဆွဲကာ ရင်ခွင်ထဲပွေ့ဖက်ထားလိုက်လေသည်။

ခုတော့လည်း ကိုကို၏ချစ်ကြင်နာမှုသည် အပြစ်ကင်း၍ နွေးထွေးမှုတွေအပြည့်နှင့်ပါ။ မမသည် ကိုကို့ကိုကြည့်ပြီး ဝမ်းနည်းနေမိသည်။ ဒီအခြေအနေမျိုး တကယ်ဖြစ်ချင်လိုက်တာ ကိုကိုရယ်ဟုလည်း မမရင်ထဲပြောနေဖြစ်ရှာပါ၏။

"ဟော့ မျက်ရည်တွေဝဲနေတာလား. . ."

"မဟုတ်ပါဘူး ကိုကိုရယ်၊ နေရှိန်လို့ပါ. . ."

မမဆိုတော့ ကိုကိုသည် မမ့မျက်နှာလေးဆီ အလေးထားကာ ကြည့်လာရင်း. . .

"မမ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . ."

"မင်းကိုသိပ်ချစ်တာပဲကွယ်၊ မင်းကရော ကိုကို့ကိုချစ်တယ် မဟုတ်လား. . ."

"ချစ်တာပေါ့ ကိုကိုရယ်၊ မမတို့က ငယ်ငယ်ကတည်းက ချစ်ခဲ့ကြတာပဲလေ၊ ဘာလဲ ကိုကိုက မမပြောပြထားတဲ့အကြောင်း အရာတွေကို မယုံကြည်လို့လားဟင်. . ."

"သိပ်ယုံကြည်တာပေါ့ အချစ်ရယ်၊ အဲဒီလိုမဖြစ်မှာတောင် စိုးရိမ်နေတာ၊ မင်းနဲ့ကိုယ်နဲ့က ဇနီးမောင်နှံတွေ၊ ငယ်ချစ်တွေ၊ ပြီးတော့ ကိုယ်တို့နှစ်ယောက်စလုံးက ဟိုတယ်ကြီးတစ်ခုမှာ အတူတူ အလုပ်တွေလုပ်နေကြတယ်၊ နောက်ပြီး ကိုယ်တို့အဖေက အခုဆေးရုံ တက်နေရတယ်ဆိုတာတွေ၊ ပြီးတော့ ကိုယ်တို့ရဲ့လက်ရှိအခြေအနေ တွေက နည်းနည်းရှုပ်ထွေးနေတယ်ဆိုတာတွေရယ်၊ ကိုယ့်မေမေက စိတ်ဝေဒနာခံစားနေရတယ်ဆိုတာတွေ မမ ပြောပြတာတွေ ကိုယ် အားလုံးယုံကြည်ပါတယ်၊ လက်ခံပါတယ်ကွယ်. . ."

"ကိုကို. . ."

"ဟင်. . ."

"ကိုကို နည်းနည်းလေးတောင် တွေးကြည့်လို့မရဘူးလား ဟင်. . ."

"ဟင်း. .ကိုယ်တာမှတွေးမရပါဘူးကွယ်၊ မင်းပြောသလိုတွေ မဖြစ်မှာကိုပဲ ကိုယ်ကစိုးရိမ်မိတယ်၊ မင်း ကိုယ့်ကိုကူညီနော်၊ ကိုယ် ပြန်သတိရအောင် မင်းကူညီပါနော်. . ."

"စိတ်ချပါ ကိုကိုရယ်၊ ကိုကို့ကို မမအစွမ်းတွေရှိသလောက် နဲ့ စောင့်ရှောက်သွားမှာပါ. . ."





"ကျေးဇူးတင်လိုက်တာ အချစ်ကလေးရယ်၊ ကိုယ်အားကိုး ပါရစေ. . ."

သူဆိုရင်း မမကိုယ်လုံးလေးကို ထွေးဖက်ထားလိုက်သည်။ သူ့ရင်ခွင်တွင် မမ မျက်ရည်များမထိန်းနိုင်အောင် ယိုစီးကျရရှာပါ၏။

× × × × ×

"ကဲ ရော့ကွာ၊ ဒီမှာ မင်းအတွက်ငွေ၊ မင်းလုပ်တဲ့အလုပ်က မပီပြင်တော့ မင်းကို ဒီလောက်ပဲငွေပေးဦးမယ်. . ."

"ဟာ ဦးလင်းနိုင်. .ခင်ဗျားကလည်းဗျာ၊ ဒီလိုမတရားတာ တော့မလုပ်ပါနဲ့၊ ခင်ဗျားခိုင်းတာတွေက တကယ့်မေဂျာတွေဗျာ"

"အေး ဟုတ်တယ်၊ မေဂျာပေမယ့် မင်းလုပ်တာတွေက ပြတ်မှမပြတ်တာ၊ ရှေ့လျှောက်ဘာတွေဖြစ်လာဦးမလဲ မသိသေးဘူး လေ၊ အခုက ဆေးရုံမှာရှိတုန်းကွ. . ."

"သေမှာပါဗျာ၊ ခုထိသတိမှမရတာ၊ ပြီးတော့ ဟိုရှေ့နေက ကိစ္စပြတ်တာပဲမဟုတ်လား. . ."

"ပြတ်လည်း အမှုကြွေးကရှိသေးတယ်လေကွာ၊ ကဲ ယူကွာ၊ မင်း ကျေနပ်နပ် မနပ်နပ် ဒါပဲယူထားဦး၊ ငါလည်း ငွေနည်းနေ သေးလို့ ငါပေးမှာပါကွာ၊ နောက်ပြီး မင်းကိုနောက်ထပ်အလုပ် တစ်ခု ငါထပ်ခိုင်းစရာရှိသေးတယ်၊ အခု ငါ အချိန်ကိုစောင့်နေသေး တယ်. . ."

"တော်ပါဗျာ၊ ခင်ဗျားကတော့. . ."

ကျော်မိုးတစ်ယောက် ဦးလင်းနိုင်ကိုစိတ်ပျက်သွားသည်။ အလုပ်ခိုင်းပြီး ငွေကိုပြောထားသည့်အတိုင်းမရ၍ ကျော်မိုး မကျ



www.burmeseclassic.com

www.burmeseclassic.com



မနုပ်ဖြစ်သည်ကအမှန်။

"ကဲ ကဲ ဒီနေရာမှာ ကြာကြာနေရင်မကောင်းဘူးကွ၊ မင်းလည်းသွားတော့၊ ငါ မင်းကိုဆက်သွယ်မှာပါ၊ မင်းစိတ်ထဲ ဘယ်လိုမှမဖြစ်ပါနဲ့ကွာ နော်၊ ငါငွေရှင်၍ မင်းကိုထပ်ပေးမှာပါ၊ စိတ်ချပါ၊ ကဲ ငါသွားနှင့်ပြီနော်. . ."

စကားအဆုံး ဦးလင်းနိုင်တစ်ယောက် ဟိုတယ်ကြီး၏အနောက်ဘက်ထောင့်ခပ်ကျကျနေရာလေးမှ ကပျာကယာပြေးထွက်သွားလိုက်တော့သည်။ ကျော်မိုးသည်လည်း ငွေရနည်း၍ ဒေါသထွက်ထွက်နှင့် နေရာမှလှမ်းထွက်ခဲ့ရင်း ဟိုတယ်ကြီးအား အမှတ်ရရှိကာ ဟိုဒီကြည့်ရင်း လှမ်းထွက်ခဲ့လေ၏။

ထိုအခိုက် ဟိုတယ်ကြီး၏ဆင်ဝင်အောက်၌ အပျံစားနောက်ဆုံးပေါ်ကားတစ်စီးရပ်လာပြီး ကားထဲမှ ဒေါ်ဝင်းမာစံတစ်ယောက် ကျော့မော့ကော့ပျံကာ ထွက်လာသည်ကို ကျော်မိုး လှမ်းတွေ့ဖြစ်လိုက်သည်မတော့. . .

"ဟာ မမ မမ. .မမကိုမတွေ့ရတာကြာသွားပြီ၊ ကေန္တ မမ နိုင်ငံခြားမှာသွားနေရလို့ဖြစ်မယ်၊ အခုမှ မမပြန်လာရတာဖြစ်မယ်၊ ဟား ဟား ဝမ်းသာလိုက်တာ မမရာ ဟား ဟား ဟား. . ."

ဒေါ်ဝင်းမာစံကို မမျှော်လင့်ဘဲတွေ့လိုက်ရ၍ ကျော်မိုးတစ်ယောက် လွန်စွာမှအံ့သြဝမ်းသာ ပျော်ရွှင်သွားလိုက်လေ၏။ သည့်နောက်မတော့ ကျော်မိုးသည် ငွေတွင်းကြီးရပြီမို့ လက်ဖျစ်တစ်ချက်တီးကာ ဟိုတယ်ဝင်းကြီးထဲမှ ကျေနပ်စွာလှမ်းထွက်သွားလိုက်ပါတော့၏။

× × × × ×





ထမင်းစားပြီး ကိုကိုတစ်ယောက် အိပ်ပျော်နေတုန်း မမသည် ဖုန်းလေးကို ခါးကြားထဲထည့်ခဲ့ပြီး ပန်းခင်းဘက်ဆီသို့ ခပ်မြန်မြန်လေးလှမ်းထွက်ခဲ့လေ၏။ ပန်းခင်းထဲအရောက်မတော့ မမသည် ပန်းတွေကြားထဲထိုင်ချလိုက်ပြီး ဖုန်းလေးကိုထုတ်လိုက်သည်။ ပြီးတော့ ဖုန်းနံပါတ်လေးကို လျှင်မြန်စွာနှိပ်လိုက်၏။

"ဟယ်လို. . ."

တစ်ဘက်မှ မိခင်အသံကိုကြားသည်တွင် မမသည် လွန်စွာဝမ်းသာသွားရရင်း. . .

"မေမေ. .မေမေလားဟင်၊ မမ မမပါ၊ သမီးမမပါ မေမေ၊ မေမေနေကောင်းတယ်နော်. . ."

"ဟင် အို သမီး. .သမီးလေး သမီးလေး အခုဘယ်မှာလဲဟင်၊ မေမေစိတ်ပူလိုက်တာကွယ်၊ မေမေ့မှာ သောကတွေနဲ့ချည်းပဲခံစားနေရပြီလို့မှတ်တာ၊ ဝမ်းသာလိုက်တာ သမီးလေးရယ်၊ သမီးလေး မသေဘူးနော်. . ."

"မသေပါဘူး မေမေ၊ သမီးရော ကိုကိုပါ ကျန်းကျန်းမာမာပဲရှိပါတယ်၊ မေမေနေကောင်းတယ်နော်။ ဖေဖေရောဘယ်လိုလဲ မေမေ. . ."

"မေမေနေကောင်းပါတယ် သမီးရယ်။ သမီးဖေဖေလည်း အခြေအနေကတော့ မဆိုးပါဘူး၊ ဒီလိုကတော့ ဒီလိုပါပဲ၊ ဒါနဲ့သမီး.. သမီးတို့အခုဘယ်ရောက်နေလဲ၊ ဘယ်နေနေကြလဲ၊ ပြန်လာကြတော့လေ. . ."

"မမတို့က အခုပြည်တစ်ဘက်ကမ်းမှာရှိတဲ့ ရွာလေးတစ်ရွာမှာပါ မေမေ၊ တစ်ဘက်ကမ်းဆိုပေမယ့် နည်းနည်းတော့ဝေးပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



တံငါရွာတော့မဟုတ်ဘူး၊ သစ်သီးဝလံနဲ့ ပန်းတွေပေါတဲ့ရွာလေးတစ်ရွာပါ၊ မမလည်းပြန်လာချင်ပါပြီ မေမေရယ်၊ ပြန်လာမှာပါ၊ ဒါပေမယ့် ကိုကို့အခြေအနေကို နည်းနည်းစောင့်ကြည့်. . ."

"ဟင် သား သားကဘာဖြစ်နေလို့လဲ သမီး၊ ပြောစမ်းပါကွယ်၊ မေမေစိတ်ပူလွန်းလို့ပါ. . ."

တစ်ဘက်မှလှုပ်လှုပ်ရှားရှားရှိသွားသည့် မေမေ့စကားသံကြောင့် မမသည်ပြောသင့်မပြောသင့် တစ်ချက်မျှစဉ်းစားပြီးမှ . .

"မေမေ. .ကိုကိုက. . ."

"မြန်မြန်ပြောပါ သမီးလေးရယ်၊ မေမေစိတ်ပူလို့ သေတော့မယ်. . ."

"သိပ်လည်းစိတ်မပူပါနဲ့ မေမေရယ်၊ ကိုကို့အခြေအနေက ဒီလိုပါ. . ."

ဟုအစချီကာ မမသည် ဖြစ်ကြောင်းကုန်စင်အား လိုရင်းတိုရင်းပြောပြလိုက်လေ၏။

"ဟင် အို ဒါဆိုသားက ဘာမှသတိမရတော့ဘူးပေါ့"

"ဟုတ်ပါတယ် မေမေ၊ သူ့အမေမပြောနဲ့ သူ့ကိုယ်သူတောင် သူမသိတော့ပါဘူး၊ သမီးကတော့ သူ့ကိုပြန်သတိရစေဖို့ ဖြည်းဖြည်းဖြည်းဖြည်းပြောပြနေပါတယ်၊ ကိုကိုနည်းနည်းသိမှ မမတို့ပြန်လာမလားလို့ပါ၊ အခုကိုကိုအိပ်နေတုန်း မမလစ်ထွက်လာပြီး မေမေ့ကိုဖုန်းခေါ်တာ၊ မေမေ့ဆီ မမဖုန်းခေါ်နေတာ သုံးလေးခါရှိပြီ၊ အခုမှပဲရတော့တယ်. . ."

"ဟုတ်လား မေမေလည်းမအားလို့ပါ သမီးရယ်၊ ခုရက်ပိုင်းတွေမှာ သမီးဖေဖေဆီနဲ့ အိမ်နဲ့ပဲကူးနေရတယ်. . ."





"မေမေလည်းပင်ပန်းနေရှာပြီ၊ မမအမြန်ဆုံးပြန်လာပါ့မယ် မေမေ၊ မေမေ ဒါပဲနော်။ နောက်မှ မမဖုန်းပြန်ခေါ်မယ်၊ ကိုကိုနိုးလာလို့ မမကိုမတွေ့ရင် လျှောက်ရှာနေဦးမယ်. . ."

"ကောင်းပြီ သမီးလေး၊ ဖုန်းဆက်နော်. . ."

"ဟုတ်ကဲ့ပါ မေမေ. . ."

"သမီး သမီး. . ."

ဒေါ်ချယ်ရီရွှေထပ်ခေါ်သော်လည်း တစ်ဘက်မှ မမ ဖုန်းကပိတ်သွားပြီမို့ ဒေါ်ချယ်ရီရွှေမှာ ဖုန်းလေးကိုချလိုက်ရပါတော့၏။ သမီးနှင့်ဖုန်းပြောအဆက်အသွယ်ရပြီမို့ ဒေါ်ချယ်ရီရွှေသည် စိတ်ချမ်းမြေ့ကာ အခန်းထဲမှထွက်ခဲ့သည်။

အလုပ်နှင့်လက်မပြတ်လုပ်နေတတ်သည့် ဒေါ်ချယ်ရီရွှေသည် အောက်ထပ်သို့ဆင်းခဲ့ပြီး ကြက်မွေးတစ်လက်ကိုယူကာ ဧည့်ခန်းထဲလှဲကျင်းခါနေရလိုက်၏။ ထိုအခိုက်ပင် ဒေါ်ဝင်းမာစံသည် ဟိုတယ်မှ ဒေါ်သမကျေမနပ်တွေနှင့် အိမ်ပြန်ရောက်လာပြီး ဧည့်ခန်းထဲမှ ဒေါ်ချယ်ရီရွှေကိုတွေ့သည်နှင့် ဒေါ်သအိုးကကွဲပါတော့၏။

"ငါ့အိမ်မှာ အိမ်အလုပ်လေး ပါးရှိုပါးချက်လုပ်ပြီး ထမင်းမျှနေတဲ့သူကရှိသေးတယ်. . ."

ဒေါ်ချယ်ရီရွှေမှာ မိမိကိုပြောနေမှန်းသိသော်လည်း ငြိမ်၍ပင်နေနေလိုက်၏။ ထိုသို့ဖြစ်လေ ဒေါ်ဝင်းမာစံက ပို၍ဒေါပွလေဖြစ်ရသည်။ မိမိအား နည်းနည်းပြန်ပြောလျှင် ပွဲကြမ်းပစ်လိုက်မည့်အခင်းအား ဒေါ်ဝင်းမာစံက ဖန်တီးနေခြင်းပါ။ ဒေါ်ချယ်ရီရွှေက အေးချမ်းစွာနေထိုင်တတ်သူမို့ မျှော်လင့်သလိုမဖြစ်လာ၊ မဖြစ်ပြန်တော့လည်း အပြစ်ရှာနေသူ ဒေါ်ဝင်းမာစံသည် ပို၍ဒေါသထွက်



www.burmeseclassic.com

www.burmeseclassic.com



လာရပြီး. . .

"ဒီမှာ နင် ငါ့အိမ်ပေါ်ကဆင်းသွားသင့်ပြီ၊ ငါရှုးတုန်းနင်ကအခွင့်ကောင်းယူပြီး ငါ့လင်ကိုချိုင်ယူတဲ့ကောင်မစုတ်၊ ဒီလိုတံမြက်ခါရုံနဲ့ ထမင်းမစားရဘူးဟဲ့၊ တော်တော်ခြူမြူကောင်းတဲ့မိန်းမ၊ ငါ့လင်ကို ညီးကယူပြီး ငါ့သားကိုကျတော့ ညီးသမီးနဲ့ထိုးအပ်တယ်၊ ဒါဘာလုပ်ရပ်ကြီးလဲ၊ ညီးတို့က ဘယ်လိုမျိုးနွယ်လဲ၊ အမျိုးယုတ်မကြီး ကဲဟယ် ကဲ. . ."

"အား အမလေး အမလေး. . ."

ဒေါသနှင့် အော်ကြီးဟစ်ကျယ်ပြောဆိုပစ်ပြီး အားမရ၍ ဒေါ်ဝင်းမာစံသည် ကြမ်းထက် ငှက်မွေးတံမြက်နှင့်လှဲကျင်းနေသည့် ဒေါ်ချယ်ရီရွှေ၏လက်ကို တက်နင်းချထားလိုက်ပါတော့၏။ ဒေါ်ချယ်ရီရွှေမှာ နာကျင်လွန်း၍ မျက်ရည်ပေါက်ပေါက်ကျကာ အော်သော်လည်းမရ။ ထိုအခိုက်ပင် ဘုတ်ဆုံမတစ်ယောက် တိုက်ထဲပြေးဝင်လာပြီး. . .

"မမလေး မမလေး. .ဒီမှာ မမလေးကို လူတစ်ယောက် စာလာပေးတယ်. . ."

"ဟဲ့ ဘာလဲ ဘာစာလဲ၊ ပေးစမ်း. . ."

ထိုအခါမှပင် ဒေါ်ချယ်ရီရွှေလက်ပေါ်မှဆင်းပြီး ဘုတ်ဆုံမလက်ထဲမှစာကို ဖြတ်ခနဲယူကာ ဒေါ်ဝင်းမာစံဖတ်လိုက်သည်။ စာဖတ်ရင်း ဒေါ်ဝင်းမာစံမျက်နှာမှာ တစ်မျိုးဖြစ်သွားသည်။ ပြီးမှ ဒေါ်ဝင်းမာစံသည် တိုက်ထဲမှလှမ်းထွက်သွားလိုက်လေ၏။ ဒေါ်ဝင်းမာစံသည် ခြံထဲဆင်းခဲ့ပြီး ပစ္စည်းဟောင်းများထားသည့် ဂိုဒေါင်ဘက်သို့ လှမ်းခဲ့၏။ ဂိုဒေါင်အနီးအရောက်မတော့. . .





"ပေား မမ. .အား မွေးလိုက်တာ၊ မောင့်မမကတော့ နဲနဲ လုံးဝပြောင်းလဲမသွားဘူးဗျာ. . ."

"ဟင်! အို မင်း မောင်ကျော်မိုး. . ."

"ဟုတ်ပါ့ဗျာ၊ မမရဲ့မောင်လေ မတွေ့ရတာ နှစ်တွေဘယ်လောက်ကြာသွားပြီလဲ မမရယ်၊ မောင် မမကိုသိပ်လွမ်းတယ်၊ မမကော မောင့်ကိုမလွမ်းဘူးလားဟင်. . ."

ဒေါ်ဝင်းမာစံတစ်ကိုယ်လုံးကို နောက်ဖိကမှသိုင်းဖက်ထားပြီး ကျော်မိုးတစ်ယောက် ခြူမြူနမ်းရှိုက်နေတော့၏။ ဒေါ်ဝင်းမာစံမှာ ခုအချိန်တွင် ကျော်မိုးအားမလိုအပ်တော့ပေမယ့် အလိုက်သင့်နေဖြစ်၏။

"မမ. .မမကို အဘိုးကြီးက နိုင်ငံခြားမှာသွားနေခိုင်းလိုက်တာလားဟင်၊ မောင့်ကိုလည်း အဘိုးကြီးက အလုပ်ထုတ်ပစ်လိုက်တာ၊ မမ,မရှိတော့ မောင်သိပ်အားငယ်သွားတယ် မမရယ်၊ အခုအဘိုးကြီးဆေးရုံတက်နေရတော့ မမအပြီးပြန်လာရတာပေါ့နော်"

မိမိအကြောင်းတွေကို ဘာမှမသိသည့် ကျော်မိုးစကားတွေကိုသာ ဒေါ်ဝင်းမာစံနားထောင်နေလိုက်သည်။

"ဝမ်းသာလိုက်တာ မမရယ်၊ အခုမောင့်မှာ ဘိုင်ပြတ်နေတယ်၊ မမ မောင့်ကိုပေးပါဦးနော်. . ."

တွေ့သည်နှင့် မိမိထံမှငွေတောင်းနေသည့် ကျော်မိုးစကားတွေကြောင့် ဒေါ်ဝင်းမာစံသည် မျက်နှာတစ်ချက်တင်းသွားရသော်လည်း. . .

"မင်းက ဘယ်လောက်လိုနေလို့လဲ၊ အမေ ကျန်းမာရေးမကောင်းလို့ အမေ့ဆီငွေပို့ပေးချင်လို့ပါ၊ အလုပ်လုပ်တာလည်း



www.burmeseclassic.com

www.burmeseclassic.com



ထင်သလောက် ငွေကမရလို့ပါ. . ."

"ကောင်းပြီလေ၊ မမပေးမယ်၊ ကဲ လွှတ်၊ မင်းသွားတော့ မမမှာ အလုပ်တွေရှိသေးတယ်. . ."

"မမဘယ်တော့ပေးမှာလဲ. . ."

"ဒီနေ့မကုန်ခင် မင်းလက်ထဲ ငွေငါးသိန်းရောက်လာရင် ပြီးရောမဟုတ်လား၊ မင်းနေတာအရင်နေရာပဲ မဟုတ်လား"

"ဒါပေါ့၊ မမနဲ့နှစ်ပါးကြည်မွေ့ခဲ့တဲ့နေရာလေးမို့ မောင်က မစွန့်ရက်ဘူးလေ. . ."

"ကောင်းပြီ၊ အဲဒီကို ငါငွေပို့လိုက်မယ်၊ မင်းသွားတော့"

"အိုကေ မမ. . ."

ဆိုသော်လည်း ဒေါ်ဝင်းမာစံပုံစံက အရင်နှင့်မတူတော့၍ ကျော်မိုးတစ်ယောက် တစ်ချက်တွေးသွားမိသကဲ့သို့ ဒေါ်ဝင်းမာစံကလည်း တစ်ဘက်လှည့်သည်နှင့် ကျော်မိုးအား စိတ်ပျက်သည့်အသွင်၊ မနှစ်မြို့ဟန်ဖြစ်သွားရလေ၏။

"ဟဲ့ ဘယ်မလဲ ဟိုမိန်းမယုတ်မ၊ ဒီကောင်မ အခုငါ့အိမ်ပေါ်ကဆင်းကိုဆင်းရမယ်၊ ဆင်းမှကိုဖြစ်မှာ၊ ဒီမှာ နင်မဆင်းဘူးလား၊ ဆင်းမလား ဒါပဲပြောစမ်း. . ."

အိမ်ထဲပြန်ရောက်လာသည်နှင့် စောစောကဒေါသကို ဒေါ်ဝင်းမာစံပြန်ဆက်သည်။ ဒေါ်ချယ်ရီရွှေမှာ ကြောက်ရွံ့စွာကြည့်ဖြစ်ရင်း...

"ကျွန်မ. . ."

"နင်ဘာမှ ငါ့ကိုမပြောနဲ့တော့၊ ဆင်း ဆင်း နင်ဆင်းရမယ်၊ ဆင်းရင်သတ်ပစ်မယ်. . ."





"အ အ အဟွတ်၊ အု အ. . ."

"သေ သေ နင်တို့သားအမိနှစ်ယောက်စလုံး သေမှအေးမှာ၊ နင်တို့ရှိနေသရွေ့ ငါဒေါသထွက်လို့သေမယ်ဟဲ့၊ သေ သေ. . ."

"အ အ အု. . ."

"ဟင်! အမလေး အမလေး ဒေါ်ဝင်းမာစံ၊ ရှင်လွန်မယ်၊ လွှတ် လွှတ်ပါ ကဲဟယ်. . ."

ဟင် မမလေး မမလေး. . .

မချစ်က လည်ပင်းမှဆွဲကိုင်ကာ ဖွဲ့ချတော့မှ ဒေါ်ဝင်းမာစံမှာ ဒေါ်ချယ်ရီရွှေကိုလွှတ်ပေးဖြစ်တော့သည်။ တစ်ဆက်တည်းပင် ဘုတ်ဆုံမကလည်း ပြေးထွက်လာပြီး သူ့သခင်မကို ပြေးဖက်ထားလိုက်သည်။

"အဟွတ် အဟွတ် အဟွတ်. . ."

ဒေါ်ချယ်ရီရွှေမှာ လည်ပင်းကိုကိုင်ကာ ချောင်းတွေဆိုရင်း အသက်ကိုလုရှူနေရတော့သည်။ နောက်ဆုံးမတော့ ဒေါ်ချယ်ရီရွှေသည် ဒေါ်ဝင်းမာစံအား ထိတ်လန့်မှုတွေနှင့် နေရာမှမနိုင်အင်ကာ ထကာပြေးထွက်သွားလိုက်ပါတော့၏။

× × × × ×



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို. . ."

"ဟင်. . ."

"အစ်မဝင်းစုချိုကိုရော ကိုကိုမှတ်မိလားဟင်. . ."

"ဘယ်သူလဲ၊ ကိုယ်မသိဘူး၊ ကိုယ်သိတာတော့ မင်းတစ်ယောက်တည်းပဲ. . ."

"ကိုကိုရယ် မမရယ် အစ်မဝင်းစုချိုရယ်က အတူတူကြီးပြင်းခဲ့ကြတာလေ၊ ကိုကိုလည်းကြိုးစားပြီး စဉ်းစားပါဦး၊ ပြီးတော့ ကိုကို့ဖေဖေရယ် မမဖေဖေရယ်နဲ့ အစ်မဝင်းစုချိုဖေဖေတို့က သူငယ်ချင်းတွေလေ၊ သိပ်ပြီးချစ်ခင်ကြတဲ့ သူငယ်ချင်းတွေလေ. . ."

"ဟုတ်ပါပြီလေ၊ ဒါကြောင့်လည်း ကိုကို့ဖေဖေနဲ့ မမဖေဖေတို့က သူတို့သားသမီးတွေနဲ့ ပြန်ပြီးပေးစားထားကြတာ၊ ဟုတ်တယ်မဟုတ်လား. . ."

"ဟင်း. .ကိုကို၊ ဒီလိုပေါ့ပေါ့လေးပဲတွေးနေလို့ မပြီးဘူးနော်၊ ကိုကို့မှာတာဝန်တွေ အလုပ်တွေအများကြီးရှိသေးတယ် သိလား"

ထိုအခိုက် ခေါင်မိုးပေါ်မှ မိုးစက်တွေကျလာသံကို သူတို့ကြားလိုက်ရသည်။

"ဟော ကိုကို မိုးရွာမယ်ထင်တယ်. . ."

"မထင်နဲ့၊ မိုးကရွာနေပြီ. . ."

သူတို့စကားတွေဆိုဆဲပင် လေနှင့်မိုးကတဝေါဝေါ ရွာချလာလေ၏။

"ကိုကို မိုးပက်တယ်၊ တံခါးပိတ်လိုက်. . ."

မမဆိုတော့ ကိုကိုကတံခါးကိုထပိတ်သည်။ ခြေတံရှည်အိမ်ကလေးထဲတွင် မီးအိမ်လေးနှင့် သူတို့နှစ်ယောက် တစ်ယောက်ကို





တစ်ယောက်ကြည့်နေဖြစ်ကြလေ၏။ မမမှာ မျက်လွှာလေးသိမ်းရင်း မသိမသာလေး သူ့နားမှရွှေ့ထိုင်လိုက်သည်။ သူကပြုံးကြည့်နေလိုက်၏။

"ဘာပြုံးတာလဲ ကိုကို. . ."

"ဒီလိုနေရတာကို ကိုကိုပျော်လို့ပါ၊ မင်းနဲ့အတူ ကိုယ်တစ်သက်လုံး ဒီလိုပဲနေသွားမယ်၊ ကိုယ်ကတိပေးတယ်. . ."

သူဆိုတော့ မမမျက်ရည်တွေဝဲချင်လာ၍ မျက်နှာလေးကို ခပ်လွှဲလွှဲလေးနေဖြစ်လိုက်လေ၏။

"ကိုကိုပြောတာ မယုံလို့လားဟင်. . ."

သူ မမအနီးတိုးကပ်ထိုင်လာရင်း မေးသည်။ မမသည် သူ့ကိုကြည့်ကာ မျက်ရည်တွေကျလာရင်း ခေါင်းလေးညိတ်ပြရှာ၏။ ပြီးမှ. . .

"ကိုကို. . ."

"ဟင်. . ."

"သတိရဖို့အတွက် ကြိုးစားပါနော်၊ ဒါမှ ကိုကို မမကို ချစ်တယ် မချစ်ဘူးဆိုတာ အဖြေပေါ်လာမှာပါ ကိုကိုရယ်. . ."

မမဆိုတော့ ကိုကိုသည် မျက်မှောင်သာသာတွန့်ရင်း စဉ်းစားဟန်ဖြင့် မမမျက်နှာလှလှလေးဆီ ငေးကြည့်နေဖြစ်မိ၏။ ပြီးမှ. .

"မမ. . ."

"ရှင်. . ."

"ကိုကို့စိတ်ကို ကိုကို့ကိုယုံကြည်တယ်၊ မင်းကို သိပ်ချစ်တယ်ဆိုတာ မမှားနိုင်တဲ့အရာတစ်ခုပါ. . ."

"မမကတော့ ဘာဖြစ်ဖြစ်ဝမ်းသာပါတယ် ကိုကိုရယ်. ."



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆိုရင်း တစ်ဦးကိုတစ်ဦး ငေးမောကြည့်နေလိုက်ကြသည်။ ကြည့်ဆဲမှ သူတို့မျက်နှာလှလှလေးနှစ်ခုသည် တဖြည်းဖြည်းနီးကပ်လာ၏။ ကိုကို၏နှာတံလှလှသည် မမ၏ပါးပြင်နုနုလေးထက် ကျရောက်တော့မည့်ဆဲဆဲမတော့. . .

"ဖောက် ဖောက် ဖောက်. . ."

"အို အမလေး မိုးယိုတယ်၊ ကိုကို ကိုကို အမလေးအများကြီးပဲ. . ."

"ဟာ ဟုတ်တယ်၊ ဒီဘက် ဒီဘက်ရွှေ့ ရွှေ့. . ."

နှစ်ဦးသား ဘယ်ပြေးရမှန်းမသိဖြစ်ကာ ဖျာနှင့်အဝတ်တွေကို ဆွဲလွဲကြရသည်။

"ဒုက္ခပါပဲ၊ ဒီညတော့ ဘယ်လိုအိပ်ရတော့မလဲ မသိတော့ဘူး. . ."

"အတူတူအိပ်မယ်လေ. . ."

"အို ဘယ်ဖြစ်မလဲ. . ."

"ဟင် မင်းပြောတော့ လင်မယားဆို၊ ကိုယ်တို့က ဘယ်လိုလင်မလားလဲ. . ."

"ပြောရမလား. . ."

"ပြောပါဦး. . ."

"ကိုကိုက မမကိုမချစ်တဲ့ခင်ပွန်း၊ ကဲ သိပြီလား. . ."

"မဖြစ်နိုင်တာကွာ၊ ဒီလောက်လှတဲ့ ကော်ရုပ်လေးကို မချစ်ဘဲနေပါ့မလား၊ ကိုယ်ကအရူးလားကွ. . ."

"ဟင်း. .ကိုကိုက မမကိုဂလဲ့စားချေတဲ့ခင်ပွန်း. . ."

"ဂလဲ့စားချေတာ. . ."





"အင်း. . ."

"ဘာအတွက် ဂလဲ့စားချေတာလဲ. . ."

"ဒါတော့ မမမပြောချင်ဘူး၊ ကိုကိုဘာသာပဲသိအောင် ကြိုးစားပါ. . ."

"မသိဘူးကွာ၊ ညကိုးနာရီတောင်ထိုးနေပြီ၊ အိပ်ချင်ပြီ၊ အိပ်ကြမယ်. . ."

"ကိုကိုအိပ်ပါ၊ မမ မအိပ်ဘူး. . ."

"ဟိုမှာ ဟိုဘက်အိမ်က အဘိုးနဲ့အဘွားက မီးအိမ်ကြီးနဲ့ ကိုယ်တို့အိမ်ဘက်လှမ်းကြည့်နေတယ်. . ."

"ဟေ့ ကလေးတို့ရေ. .မိုးယိုနေလားကွယ့်. . ."

"ဟုတ်ကဲ့၊ ဒါပေမယ့် ရပါတယ် အဘိုး. . ."

"မင်းတို့အဘွားက ပြောတာကွာ၊ ငါကမေ့နေတာ၊ မနက်မှပဲ ရွာထဲကကောင်တွေခေါ်ပြီး အမိုးဖာပေးရမယ်. . ."

"ရပါတယ် အဘိုး၊ ဘာမှမဖြစ်ပါဘူး၊ အဘိုးတို့အိပ်ပါတော့၊ ကျွန်တော်တို့လည်းအိပ်ပါတော့မယ်. . ."

"အေး အေး. . ."

အဘိုးနှင့်အဘွား အိမ်ထဲပြန်ဝင်သွားသည်တွင် သူတို့လည်း အိပ်ဖို့ပြင်ဆင်ကြရတော့သည်။

"ကဲ မစိုးရိမ်ပါနဲ့ မိန်းမရယ်၊ မင်းလေးစိတ်မချမ်းသာတာကို ကိုယ်ဘာမှမလုပ်ပါဘူး၊ လာ. .မင်းကဟိုနားမှာအိပ်၊ ကိုယ်က ဒီဘက်မှာပဲ အိပ်ပါ့မယ်. . ."

ချောမောဟန်နှင့် သူဆိုတော့ မမလည်း သူနှင့်ခပ်လှမ်းလှမ်း[illegible]လေးတွင် ဝင်အိပ်လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကိုယ် မီးအိမ်ကိုမှိန်ထားလိုက်တော့မယ်နော်. . ."

"အင်း. . ."

သူ မီးအိမ်လေးကိုမှိန်ပြီး ကိုယ်စီအိပ်ယာဝင်လိုက်ကြသည်။ ဒီညမှ မိုးကလည်း အမှုန်းရွာမည့်ပုံပင်၊ တစ်ချက်တစ်ချက် လျှပ်ရောင်တွင် သူတို့တစ်ယောက်ကိုတစ်ယောက် တွေ့လိုက်ကြရသည်။ မိုး...လေသံနှင့် လျှပ်ရောင်တွေကိုကြည့်ရင်း မြင်ရင်း နားထောင်ရင်းပင် သူတို့အိပ်ပျော်သွားလိုက်ကြလေ၏။ ။

❖ ❖ ❖



## (တစ်ဆယ့်ခုနစ်)

"မမလေး မမလေး. .သတိရလာပြီလားဟင်၊ မမလေး မမလေး. . ."

"အင်း ဟင် . . ."

မချစ်၏တတွတ်တွတ်ခေါ်နေမှုကြောင့် ဒေါ်ချယ်ရီရွှေတစ်ယောက် သတိကောင်းစွာရလာခဲ့ပြီဖြစ်၏။

"မမလေး. .မနေ့က မမလေးဘယ်လောက်အထိ ခံစားရရှာမလဲဆိုတာ ကျွန်မကောင်းကောင်းသိပါတယ် မမလေးရယ်. . ."

စိတ်မကောင်းစွာဆိုနေသည့် မချစ်ထံ ဒေါ်ချယ်ရီရွှေသည် စိတ်ထိခိုက်စွာနှင့် ကြည့်နေဖြစ်လေ၏။

"မမလေး လည်ပင်း(၂) အရမ်းနာနေလားဟင်၊ ပြောပါဦး မမလေးရယ်. . ."

"...ဒါတာကတော့ တစ်ကိုယ်လုံးပါပဲလေ. . ."

"ဘယ်လိုဖြစ်ရတာလဲ မမလေးရယ်၊ ကျွန်မလည်း ဂိုဒေါင်မှာ ပစ္စည်းသွားသားနေတာမသိလိုက်ဘူး. . ."

"မပြောချင်တော့ပါဘူး မချစ်ရယ်၊ မမလေးရဲ့ ဝဋ်ကြွေးပေါ့ကွယ်. . ."

"စိတ်မကောင်းလိုက်တာ မမလေးရယ်၊ ကျွန်မလည်း မမ



www.burmeseclassic.com

www.burmeseclassic.com



လေးကိုစိုးရိမ်လို့ ခင်စပယ်တို့ဆီဖုန်းဆက်ထားတယ်၊ သူတို့ရောက် လာကြလိမ့်မယ်. . ."

"အားနာစရာကြီးကွယ်၊ ဘာလို့ခေါ်လိုက်တာလဲ. . ."

"အားမနာရပါဘူး မမလေးရယ်၊ သူတို့က သမီးမမရဲ့ သူငယ်ချင်းကောင်းတွေဆိုတာ ကျွန်မသိပါတယ်၊ သူတို့ကလည်း ပြောထားတယ်၊ ကိစ္စရှိရင် သူတို့ဆီဖုန်းဆက်ပါတဲ့၊ ဟော ပြောရင်း ဆိုရင်း ဟိုမှာ သူတို့လာနေကြပြီ မမလေး. . ."

"ဟင် အန်တီး၊ အိုး အန်တီသိပ်ပိန်သွားတာပဲ၊ မနေ့ညက အန်တီ့ကိုဆေးရုံတင်ထားရတယ်လို့ ဒေါ်ချစ်ဖုန်းဆက်တော့ ကျွန်မ တို့ ချက်ချင်းအန်တီ့ကိုလာကြည့်ကြတယ်၊ ဆရာဝန်က အန်တီရဲ့ နှလုံးရောဂါအခြေအနေက နည်းနည်းစိုးရိမ်ရတယ်လို့ပြောတယ်၊ အန်တီ ဂရုစိုက်နေပါနော်. . ."

"ကျေးဇူးတင်ပါတယ် ကလေးတို့ရယ်၊ ဒါနဲ့ မောင်ချစ်ဦးရဲ့ ဖခင်အမှုက ဘယ်လိုလဲ၊ သိရပြီလား. . ."

"စုံစမ်းဆဲပါပဲ အန်တီ. . ."

"အန်တီလည်း စိတ်မကောင်းပါဘူးကွယ်၊ သတင်းကြားစက ယုံတောင်မယုံနိုင်အောင်ဖြစ်သွားတယ်. . ."

"တရားကို နှတ်စောင့်ပါတယ် အန်တီရယ်၊ ဝမ်းနည်းမှု ကတော့ ရှိတာပေါ့၊ ဒါပေမယ့် အမှုမှန်က ထွက်ပေါ်လာမှာပါ"

"မှန်တာပေါ့ သားရယ်. . ."

"ဒါနဲ့ အန်တီ၊ မမသတင်းရော ဘာကြားသေးလဲဟင်"

"အဟွတ် အဟွတ် အဟွတ် အဟင်း ဟင်း ဟင်း"

"အန်တီမောနေပြီ၊ အန်တီ့ကိုသိပ်စကားမပြောရင် ကောင်း





မယ် ကိုချစ်ဦး. . ."

"ဟုတ်တယ်၊ အန်တီ့ကို ကိုယ်ရောစိတ်ပါ အနားပေးထား ရင်ကောင်းမယ်. . ."

"အန်တီ. .ဆေးရုံက ချက်ချင်းမဆင်းသေးနဲ့ဦးနော်၊ ကျွန်တော်တို့ဆင်းခိုင်းမှဆင်းပါ၊ အန်တီ ဆေးရုံမှာပဲ အနားကောင်း ကောင်းယူလို့ရမယ်၊ လေးလေးအတွက် မပူနဲ့၊ ကျွန်တော်တို့ရှိပါ တယ်. . ."

"ဟုတ်ပါတယ် အန်တီ၊ စိတ်အေးအေးထားပါနော်၊ စိတ် ချမ်းချမ်းသာသာနဲ့နေပါ၊ ဆရာဝန်နဲ့ကျွန်မတို့ဆွေးနွေးပြီးမှ အန်တီ့ ကိုဆေးရုံကဆင်းရင် ကျွန်မတို့ကိုယ်တိုင်လာခေါ်မယ်. . ."

"ကျေးဇူးတင်ပါတယ် ကလေးတို့ရယ်၊ အဟွတ် အဟွတ်"

"ဒေါ်ချစ်. .အန်တီ့ကိုဂရုစိုက်ပေးပါနော်၊ ကျွန်မတို့အလုပ် ကိုပြန်ရဦးမှာမို့လို့ပါ. . ."

"အေးပါကွယ် အေးပါ၊ စိတ်ချပါ. . ."

"အန်တီခွင့်ပြုပါဦးနော်. . ."

"ကောင်းပါပြီကွယ်. . ."

ခင်စပယ်၊ ချစ်ဦးနှင့် ရဲလေးတို့ ဒေါ်ချယ်ရီရွှေအား နှုတ် ဆက်ပြီး ဆေးရုံမှပြန်သွားလိုက်ကြလေ၏။

× × × × ×

ဘယ်လိုအကြံအစည်တွေနှင့် ဘယ်လိုစိတ်ကူးတွေကြောင့် ဖြင့် မသိ၊ ဦးလင်းနိုင်၏စေခိုင်းမှုကြောင့် ကျော်မိုးတစ်ယောက် ဆေးရုံသို့ရောက်လာခဲ့လေ၏။ မရိုးဖြောင့်သူမို့ ဆေးရုံသို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည့် ကျော်မိုးမှာ ကျီးလန့်စားသလို တောင်ကြည့်မြောက်ကြည့်နှင့် ကြည့်ရင်း ဦးမြတ်ထင်အခန်းကို ရှာဖွေနေရ၏။ နောက်ဆုံး အချိန်တွေကုန်နေ၍ ကျော်မိုးသည် ကောင်တာတွင်သွားရောက် စုံစမ်းဖြစ်တော့သည်။

"ဟင် ဦးမြတ်ထင်က ဆေးရုံကဆင်းသွားပြီဟုတ်လား"

"ဟုတ်တယ်လေ၊ နှစ်လလောက်တောင် ရှိတော့မယ်"

"သူ အိမ်ကိုပဲဆင်းသွားတာလား၊ ဘယ်ကိုဆင်းသွားတာလဲ"

"အဲဒါတော့ ကျွန်မတို့လည်းမသိပါဘူး. . ."

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်. . ."

နောက်ဆုံး ကျော်မိုးတစ်ယောက် ဆေးရုံမှပြန်ခဲ့လိုက်ရတော့သည်။

ဒါဘယ်လိုဖြစ်တာလဲ၊ ဦးမြတ်ထင် ဆေးရုံကဆင်းတာတောင် သူငယ်ချင်းအရင်းခေါက်ခေါက်ဖြစ်တဲ့ ဦးလင်းနိုင်မသိဘူးဆိုတော့ ကြည့်ရတာ ဒီလူတွေတစ်ယောက်နဲ့တစ်ယောက် အဖုံးအကြိတ်တွေတော်တော်ကြီးမားနေကြပြီထင်တယ်. . .

ပြီးတော့ မမဝင်းမာစကလည်း အချိုးတစ်မျိုးပြောင်းနေတယ်၊ ငါလည်း သူတို့ကိုလေ့လာဦးမှပဲ၊ မဟုတ်မှလွဲရော ဦးမြတ်ထင်က ဦးလင်းနိုင်ရဲ့အကြံတွေကိုများ သိသွားလို့လား၊ ဒါမှမဟုတ် ဦးမြတ်ထင်ဘက်က တစ်ယောက်ယောက်ကပဲ ရိပ်မိသွားတာလား. . .

ဒေါ်ဝင်းမာစကတော့ သူ့လင်ကို ဘယ်လိုနည်းနဲ့မှ ကာကွယ်မှာမဟုတ်ဘူး၊ အရင်ကတည်းက ငါနဲ့ဖောက်ပြန်ရေးဇာတ်ခင်းပြီး ဒေါ်ဝင်းမာစက သူ့လင်ကို သစ္စာဖောက်နေတဲ့မိန်းမကြီးပဲ၊ အင်းဇာတ်ကတော့ ရှုပ်နေပြီ။





တစ်လမ်းလုံးအတွေးတွေနှင့်ရှိရင်း ကျော်မိုးတစ်ယောက် ဦးလင်းနိုင်နှင့်ချိန်းထားသည့် နေရာသို့ရောက်လာခဲ့လေ၏။ ချိန်းထားသည့်နေရာက ဦးလင်းနိုင်၏ခြံ နောက်ဖေးလမ်းကြားတွင်ပါ။

"ဘယ်လိုလဲ ကျော်မိုး၊ အဆင်ပြေလာရဲ့လား. . ."

"ဘယ်လိုပြေမလဲ၊ ခင်ဗျားကိုက ကျုပ်ကိုခိုင်းလိုက်ရင် တလွဲချည်းပဲ. . ."

"ဟင် ဘာဖြစ်လို့လဲကွ. . ."

"ဘာဖြစ်ရမလဲ၊ သူဌေးဦးမြတ်ထင်က ဆေးရုံကဆင်းသွားတာ နှစ်လတောင်ရှိနေပြီ၊ ခင်ဗျားဘာလို့မသိရတာလဲ. . ."

"ဘာ. . ."

ဦးလင်းနိုင် အံ့သြသွားသည်။ တုန်လည်း တုန်လှုပ်သွားသည်။

"ခင်ဗျား အံ့သြသွားလား. . ."

"သူဘယ်ကိုဆင်းသွားလဲဆိုတာ မင်းစုံစမ်းခဲ့လား. . ."

"ကျုပ်လိုလူကို ဘယ်သူကပြောမှာလဲဗျာ. . ."

"တောက်. .မိဝင်းမာ၊ ငါ့ကိုလျှိုထားတယ်. . ."

ဦးလင်းနိုင် ဒေါသတကြီးနှင့် တောက်ခေါက်ဆိုလိုက်သည့်စကားတွေကို ကျော်မိုးသည် အလေးထားစသ်းစားဖြစ်လိုက်လေ၏။

"ကဲ ဦးလင်းနိုင်. .ကျုပ်သွားမယ်၊ ခင်ဗျား ကျုပ်ကိုခိုင်းပဲခိုင်းပြီး ငွေပေးဖို့လည်း စဉ်းစားဦး. . ."

"အေးပါကွာ၊ ငါသိပါတယ်. . ."

ကျော်မိုးထွက်သွားသည်နှင့် ဦးလင်းနိုင်သည် ဒေါသတွေနှင့် အိမ်ထဲပြန်ဝင်လာခဲ့လိုက်လေ၏။ ဦးလင်းနိုင် အိမ်ထဲရောက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မကြားလိုက်၊ ဒေါ်ဝင်းမာစံသည်လည်း ဒေါသတွေပေါက်ကွဲပြီး ဦးလင်းနိုင်ထံသို့ ရောက်လာခဲ့လေ၏။

"ကဲ ပြောပါဦး မမချော၊ ခင်မျှားလင် ဆေးရုံပေါ်က ဆင်းသွားတာ ဘာဖြစ်လို့ ကျုပ်ကိုမပြောပြဘဲထားတာလဲ. . ."

"ရှင့်ကိုပြောဖို့နေသာ ဒီကောင်ဆေးရုံပေါ်က ဘယ်အချိန်ဆင်းသွားမှန်းတောင် ငါလည်းမသိလိုက်ဘူး၊ ဒီမှာ အခု ရှင့်ကိုလည်း ကျွန်မပြောစရာရှိလို့လာတာ၊ ရှင်ခိုင်းတဲ့လူက ဘယ်သူလဲ၊ ဘာတစ်ခုမှ ပြတ်သားတယ်ဆိုတာ မရှိဘူး. . ."

"အဲဒါကတော့ ကျုပ်လည်းမတတ်နိုင်ဘူး၊ ငါ့လူကပဲ ချာလို့လား၊ ဟိုကဲ့ ကံကောင်းနေလို့လားမသိဘူး၊ ဒါနဲ့ မင်းခိုင်းလိုက်တဲ့ကိစ္စကရော ဘယ်လိုလဲ၊ ရဲတွေကတော့ ခြေချင်းလိမ်နေကြတယ်နော်၊ မင်း,သားနဲ့ မင်းချွေးမကိစ္စလေ. . ."

"တော်စမ်းပါ၊ ကျွန်မက ကျွန်မလုပ်တဲ့ကိစ္စကို ကိုယ့်ဟာကိုယ်အဆုံးသတ်နိုင်တယ်. . ."

"ဟဲ ဟဲ ဟဲ ဒါဆိုလည်း ပြီးတာပါပဲဗျာ၊ ဟဲ ဟဲ. . ."

ခနိုးခနဲ့နှင့်ပြီတီတီရယ်ရင်း ဦးလင်းနိုင်ဆိုသည်။ ဒေါ်ဝင်းမာစံသည် ဦးလင်းနိုင်မျက်နှာဆီ ဒေါသနှင့်ကြည့်ကာ ပြန်ခဲ့လိုက်လေ၏။

× × × × ×

ညနေအလုပ်သိမ်းပြီးမို့ ချစ်ဦး၊ ခင်စပယ်နှင့် ရဲလေးတို့ သုံးယောက် ဆေးရုံသို့ရောက်လာ၏။

"ဒေါ်လေး. . ."

"ဟင် သမီးတို့ သားတို့ ရောက်လာကြပြီ. . ."





ခင်စပယ်ခေါ်သံကြောင့် ဒေါ်ချယ်ရီရွှေသည် အတွေးမှ နိုးထလာဟန်ဖြင့်ဆိုသည်။ သူတို့ကိုမြင်လိုက်ရ၍လည်း ဒေါ်ချယ်ရီရွှေ၏ မျက်ဝန်းမျက်နှာသည် လင်းလက်သွားလိုက်သလိုပါ။

"ဒေါ်လေး .နေထိုင်ရသက်သာလားဟင်၊ ခုတလောအတွင်းမှာပဲ သိသိသာသာတော့ ဒေါ်လေးပိန်သွားတယ်နော်၊ ကျန်းမာရေးဂရုစိုက်ပါ ဒေါ်လေးရယ်. . ."

"ဒေါ်လေးကိုဂရုစိုက်တာ ကျေးဇူးတင်ပါတယ် သမီးတို့ရယ်၊ ဒါနဲ့ ဒီချိုင့်တွေနဲ့ သမီးတို့ ဘယ်သွားကြမလို့လဲ. . ."

"အဟင်း မသွားပါဘူး ဒေါ်လေးရဲ့၊ ဒေါ်လေးအတွက် ညစာယူလာတာပါ. . ."

"ဩော် သမီးရယ်၊ ဒုက္ခရှာလို့ကွယ်၊ ဒေါ်လေးလည်း ဘာမှသိပ်ပြီး စားမဝင်ပါဘူးကွယ်. . ."

"ဒေါ်လေးကြည့်ရတာ အားမရဘူးဗျာ. . ."

"ဟုတ်တယ်၊ ဒေါ်လေးကို ဆရာဝန်ကလည်း ပြောတယ်၊ ကောင်းကောင်းအနားယူရမယ်တဲ့၊ စိတ်ရောကိုယ်ရောပေါ့. . ."

ချစ်ဦးနှင့်ရဲလေးတို့ဝင်ဆိုလာသည့် စကားတွင် ဒေါ်ချယ်ရီရွှေသည် ခေါင်းလေးညိတ်ကာ မျက်ရည်များဝဲနေဖြစ်ရလေ၏။

"ဩော် ကိုချစ်ဦးကလည်း ခုတလော ဒေါ်လေးက ဘယ်လိုစိတ်ချမ်းသာနေနိုင်မှာလဲ၊ လေးလေးကိစ္စတွေနဲ့ မမကိစ္စတွေအတွက် ဒေါ်လေးခမျာ သိပ်ပင်ပန်းနေရှာမှာ. . ."

"သမီးခင်စပယ်. . ."

"ရှင် ဒေါ်လေး. . ."

"သမီးတို့ကို ဒေါ်လေးပြောစရာရှိတယ်၊ သမီးတို့အဖေကို



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးစောင့်နေတာ. . ."

"ဘာများလဲ ဒေါ်လေး. . ."

ချစ်ဦး ဝင်မေးသည်။ ရဲလေးနှင့်ခင်စပယ်တို့ကလည်း စိတ်ဝင်တစားဖြင့် ရှိနေကြ၏။

"သားကိုကိုနဲ့သမီးမမတို့ အခုရှိနေတဲ့နေရာကို ဒေါ်လေးသိတယ်. . ."

"ဟင်. . ."

"ရှင်. .ဘယ်မှာလဲ ဒေါ်လေး. . ."

"သူတို့ပြည်တစ်ဘက်ကမ်းက ရွာတစ်ရွာမှာရှိတယ်၊ ရွာနာမည်က သာလုရွာတဲ့. . ."

"ဟာ ဒါဆိုရင် ကျွန်တော်တို့ မြန်မြန်သွားခေါ်မှဖြစ်မယ်၊ ဒီအတိုင်းထားလို့မဖြစ်ဘူး၊ ဒီမှာကပြဿနာတွေပုံနေတယ်လေ"

"ဟုတ်ပါတယ် သားရယ်၊ ဒါပေမယ့် သူတို့မပြန်လာချင်လို့မဟုတ်ပါဘူး၊ ကားမှောက်တုန်းက ဒဏ်ရာနဲ့ သားကိုကိုက အတိတ်မေ့သွားတယ်တဲ့. . ."

"ဗျာ. . ."

"ရှင်. . ."

ကြားလိုက်ရသည့်စကားအတွက် သူတို့အားလုံး အံ့သြသွားသည်။ ပြီးမှ. . .

"ဟာ မဖြစ်ဘူး ဒေါ်လေး၊ ကျွန်တော်တို့ မြန်မြန်ပဲသွားခေါ်မှဖြစ်မယ်. . ."

"သားကိုကိုရဲ့အခြေအနေမှန်ကို သူ့အမေမသိဘူး၊ ဘယ်သူမှမသိသေးဘူး. . ."





ထိုစကားအတွက် ချစ်ဦး တစ်ချက်စဉ်းစားသည်။ ပြီးမှ..

"အဲဒီကိစ္စတွေကို နောက်မှစဉ်းစားတာပေါ့ ဒေါ်လေး၊ လောလောဆယ်တော့ သူတို့ကိုသွားခေါ်ရမယ်၊ မနက်ဖြန်ပဲ သွားခေါ်မယ်၊ ဒေါ်လေးဖုန်းဆက်ထားပေးပါ. . ."

"မမကလည်း ဒီကိုပြန်လာချင်နေပါပြီ၊ ဒီမှာပတ်ဝန်းကျင်ကို တွေ့ရင် သားကိုကိုသတိများပြန်ရမလားဆိုတဲ့ စိတ်ကူးနဲ့ပါ"

"အခြေအနေသိပ်မဆိုးရင်တော့ အနေးနဲ့အမြန်ဆိုသလို ပြန်ကောင်းလာမှာပါ ဒေါ်လေး. . ."

"ဟင်း ဒေါ်လေးအဖို့ကတော့ ဘုရားမှပဲသိတော့မယ်ကွယ်"

ဝမ်းနည်းခြင်းကိုမြိုသိပ်ရင်း ဒေါ်ချယ်ရီရွှေဆိုသည်။ ခင်စပယ်က ဒေါ်ချယ်ရီရွှေလက်ကို နှစ်သိမ့်မှုဖြင့်ဆုပ်ကိုင်ထားဖြစ်၏။

"ဩော် ကိုချစ်ဦး. .မနက်ဖြန်သွားဖြစ်လား. . ."

"ဖြစ်တာပေါ့၊ သွားကိုသွားရမှာ. . ."

"ဒါဆို ဒေါ်လေးကိုဘယ်လိုထားခဲ့မှာလဲ၊ ဆေးရုံမှာပဲလား၊ ဒါမှမဟုတ် စပယ့်အိမ်မှာပဲထားခဲ့ရင်ကောင်းမယ်ထင်တယ်၊ မေမေနဲ့အဖော်ရတာပေါ့. . ."

"အင်း ဒါကောင်းတယ်၊ ပိုပြီး ဒေါ်လေးအတွက် စိတ်ချရတယ်. . ."

"အားနာစရာ သမီးရယ်. . ."

"ဒီလိုပြောစရာလား ဒေါ်လေးကလည်း၊ ကဲ ဒါဖြင့် အခုပဲ ဆေးရုံကဆင်းမလား. . ."

"ဆရာဝန်က ပေးဆင်းပါ့မလား. . ."

"ဆရာဝန်က မနက်ကတည်းက ပေးဆင်းတယ်၊ စပယ်တို့



www.burmeseclassic.com

www.burmeseclassic.com



ဟ ဒေါ်လေးကို ဆေးရုံမှာတမင်ထားတာ၊ အခုကိစ္စပေါ်လာတော့ ဆင်းရဲဖြစ်မယ်. . ."

ခင်စပယ်ဖြိုးဆိုရင်း ဒေါ်ချယ်ရီရွှေ ဆေးရုံဆင်းမည့်ကိစ္စအတွက် ချစ်ဦး ရဲလေးတို့နှင့်အတူ သွက်လက်ဖြတ်လတ်စွာဖြင့် လုပ်ဆောင်ဖြစ်ပိုက်ကြသေး၏။

❖ ❖ ❖



(တစ်ဆယ့်ရှစ်)

ပြန်ရတော့မည်မို့ အိမ်ရှင်အဘိုးနှင့် အဘွားတို့ကို သူတို့ကန်တော့လိုက်ကြသည်။

"အေး တွေ့ဆုံကြုံကွဲဆိုတာက လောကဓမ္မတာပေကိုး၊ ကလေးတို့နဲ့တွေ့ဆုံရပြီး အခုကလေးတို့ပြန်သွားကြတော့မယ်ဆိုတော့ ကျန်ခဲ့တဲ့အဘိုးနဲ့အဘွားက သတိရကြဦးမှာပေါ့. . ."

အဘိုးက ဆိုသည်။ အဘွားက ဆိတ်ဆိတ်ကလေးနေပြီး မျက်ရည်ကျနေရှာ၏။ ကိုကိုက အဘွားနှင့်အဘိုးကို သွားရေက်ဖက်ထားလိုက်ပြီး. . .

"ဝမ်းမနည်းပါနဲ့ ဘွားရယ်၊ ကျွန်တော်တို့ ဒီကိုပြန်လာခဲ့ကြဦးမှာပါ. . ."

"အမေကြီးရယ်. .ကလေးတွေကို သွားခါနီးစိတ်မကောင်းဖြစ်အောင် မလုပ်ပါနဲ့. . ."

"ကျုပ်နားလည်ပါတယ်တော်၊ ဒါပေမယ့် ကျုပ်ဝမ်းနည်းတာတော့ ဘယ်လိုလုပ်မလဲ. . ."

"ဒါကြောင့် မင်းကို ငါပြောတာပေါ့၊ ကလေးများများမွေးပါဆိုတာ မင်းကမှတစ်ယောက်မှမမွေးဘဲ. . ."

"အဘိုးကြီးနော် ကလေးမမွေးနိုင်တာက ဘယ်သူလဲ၊ အေးသဲ



www.burmeseclassic.com

www.burmeseclassic.com



ရေငုတ်ရင်း ငုတ်နဲ့ဆောင့်မိလို့ ကလေးမရတော့တာလေ. . ."

"ဟား ဟား ဟား. . ."

အဘိုးက အဘွားကို စိတ်အပြောင်းအလဲလုပ်ပေးလိုက်၍ အဘွားပြောလိုက်သည့်စကားတွင် အလုပ်သမားတွေနှင့် အိမ်နီးနားချင်းတွေအားလုံးက ဝိုင်းရယ်လိုက်ကြခြင်းပါ။ သူတို့ပြန်ကြတော့မည်ဆို၍ အိမ်နီးချင်းတွေနှင့် အလုပ်သမားတွေကလည်း လာရောက်နှုတ်ဆက်ကြသည်။ အားလုံးကိုနှုတ်ဆက်ပြီး သူတို့ကားပေါ်တက်တော့...

"သားနဲ့သမီး. .အဘွားတို့ဆီပြန်လာကြဦးနော်. . ."

မျက်ရည်လေးဝဲကာ အဘွားဆုတော့ ကိုကိုရော မမအပြင် ချစ်ဦးနှင့်ခင်စပယ်ပါ မျက်ရည်များဝိုင်းသွားကြရလေ၏။

"အဘွား. .စိတ်ချပါ၊ ဆက်ဆက်ပြန်လာပါ့မယ်. . ."

အဘိုးကပြုံး၍သာကြည့်နေလေသည်။ အဘိုးအပြုံးကလည်း ဝမ်းနည်းပြုံးလေးပါ။ သူတို့လက်ပြနှုတ်ဆက်ရင်းပင် ချစ်ဦးသည် ကားကို ရွာထဲမှမောင်းထွက်ခဲ့လေ၏။ အပြန်လမ်းတစ်လျှောက် ချစ်ဦးရော ခင်စပယ်ပါ ကိုကို့ကိုလေ့လာကြည့်ဖြစ်ခဲ့ကြသည်။ ကိုကိုသည်က သူ့လည်ပင်းမှ ဆွဲကြိုးလေးဆီ ကိုင်နေတတ်နေသည်က အကျင့်တစ်ခုလိုပင်ဖြစ်နေပြီး ငြိမ်၍လိုက်ပါလာလေ၏။

"မမ. . ."

"ဟင်. . ."

"ကိုကိုက တကယ်ပဲ နည်းနည်းလောက်တောင် ဘာမှမသိတော့ဘူးလား. . ."

"မြင်တဲ့အတိုင်းပဲလေဟယ်၊ နင်တို့ကိုတောင် သိတော့လို့လားလို့. . ."





"ဟင်း စိတ်လည်းမကောင်းဘူး၊ အံ့လည်းအံ့သြမိတယ်ဟယ်၊ ဒါနဲ့နေပါဦး၊ နင်တို့ကားက ဘယ်လိုဖြစ်လို့ မှောက်ရတာလဲ"

"လူဆိုးတွေကြောင့်. . ."

"ဘာ လူဆိုးတွေ. . ."

သူတို့စကားအတွက် ချစ်ဦးမှာ မျက်မှောင်တွန့်သွားသည်။ ပြီးမှ ကားမောင်းဆဲ ချစ်ဦးစကားတစ်ခွန်း ဝင်ဆို၏။

"အဖြစ်အပျက်ကို ပြောပြနိုင်မလား မမ. . ."

"ပြောပြနိုင်တာပေါ့၊ ဒီလို. . ."

ဟုအစချီကာ မမသည် ခရီးထွက်ခဲ့စဉ်က အဖြစ်အပျက်အား စဉ်းစားမြင်ယောင်ကာ ပြောပြဖြစ်လေ၏။ မမစကားတွေနားထောင်ရင်း ချစ်ဦးသည် စဉ်းစားနေဖြစ်၏။ ပြီးမှ. . .

"ဒီပုံအတိုင်းဆိုရင် မမတို့သားအမိမှာလည်း အန္တရာယ်ရှိနိုင်တယ်၊ မမ. .ရှေ့လျှောက် ဂရုစိုက်နေဖို့လိုတယ်၊ မမတို့သားအမိ ပျက်စီးဖို့ကို ကြိုးစားနေတဲ့လူကရှိနေပြီ၊ ဦးမြတ်ထင်ကလည်း သတိမရသေးတဲ့အချိန်ဆိုတော့၊ အင်း ကိုယ်စဉ်းစားလို့တော့ဘတ်တယ်၊ ပြောလို့မဖြစ်သေးတာ တစ်ခုပဲ. . ."

"ကဲ ထားပါတော့၊ ခုနစကားပြတ်သွားတာ ပြောရဦးမယ်၊ ဟိုရောက်ရင် ဘယ်လိုလုပ်မလဲ မမ၊ သူ့အမေကို ဘယ်လိုပြောမလဲ၊ ကိုချစ်ဦးကတော့ ဘာမှမပြောဘဲထားဖို့ ပြောတယ်. . ."

"မမလည်း ဘာမှပြောပြဖို့ စိတ်ကူးမရှိပါဘူးလေ၊ သူ့သားကို တွေ့နေပြီပဲ၊ ကြည့်ပေါ့. . ."

"ဟင်း. .နင်တို့အဖြစ်တွေက စိတ်ကူးယဉ်ဆန်နေပြီ..."

"ဒါနဲ့ ခင်စပယ်. .ဖေဖေရော ဘယ်လိုလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



“ငါတို့လာတဲ့အထိတော့ ဘာမှမထူးခြားသေးဘူး၊ အရေးကြီးတာက နင့်အမေကျန်းမာရေးကိုလည်း နင်ဂရုစိုက်ပေးဦးနော်၊ ခုအတောအတွင်း ဒေါ်လေးသိပ်ပိန်သွားရှာတယ်. . .”

“မေမေ့ကို ငါသိပ်သနားတယ် စပယ်ရယ်. . .”

“ဟုတ်တယ်၊ ငါလည်း ဒီလိုပါပဲ. . .”

သူငယ်ချင်းနှစ်ယောက်က နောက်ဘက်တွင် စကားပြောလာသည်တွင် ရှေ့မှကိုကိုက အိပ်ပျော်၍နေ၏။ ချစ်ဦးသည်က ကားကို ဂရုတစိုက်မောင်းနှင်နေလေ၏။

× × × × ×

ခြံထဲကားမောင်းဝင်လာသည်နှင့် ကိုကိုကား ကြီးမားခမ်းနားလှပလွန်းသည့် တိုက်ကြီးနှင့် ခြံကြီးကိုကြည့်ကာ မျက်ဝန်းအစုံပြူးသည်အထိ အံ့သြနေသည်ပါ။ သူ အံ့သြနေဆဲပင် ကိုချစ်ဦးသည် ဆင်ဝင်ကြီးအောက်၌ ကားကိုရပ်လိုက်ပြီဖြစ်လေ၏။ ပြီးတော့ သူတို့အားလုံး ကားပေါ်မှဆင်းလိုက်ကြသည်။ ကားသံကြောင့် အိမ်ရှေ့ထွက်ကြည့်လာသည့် ဘုတ်ဆုံမတစ်ယောက် ကိုကို့ကိုမြင်တွေ့လိုက်သည်နှင့်. . .

“ဟင် ဟောတော် အစ်ကိုလေးပြန်လာတယ်၊ မမလေး မမလေး. .အစ်ကိုလေး အစ်ကိုလေး မမလေးရဲ့သား အစ်ကိုလေး ပြန်ရောက်လာပြီ. . .”

ဘုတ်ဆုံမအော်ရင်း တိုက်ကြီးထဲပြန်ဝင်ပြေးသွားသည်တွင် ဧည့်ခန်းထဲရှိနေသည့် ဒေါ်ဝင်းမာစံသည် ဘုတ်ဆုံမထံကြည့်ကာ ကြောင်တက်တက်ရှိနေပြီးမှ. . .





“ဟဲ့ ဘာပြောတယ်၊ ငါ့သားလား. . .”

“ဟုတ်တယ် ဟုတ်တယ်၊ ဟိုမှာ ဟိုမှာလေ. . .”

ဒေါ်ဝင်းမာစံတစ်ယောက် မယုံနိုင်သလိုရှိနေဆဲ ကိုကိုနှင့်အားလုံးမှာ တိုက်ထဲဝင်လာပြီကို တွေ့လိုက်ရခိုက် ဒေါ်ဝင်းမာစံသည် ဆိုဖွယ်မရှိအောင်ပင် အံ့သြဝမ်းသာသွားရရင်း သားချောအား ပြေးဖက်ကာ ငိုယိုပါတော့၏။

“အမလေး သား သား မေမေ့သားလေး ပြန်လာပြီ၊ ဟဲ့ ဟီး သားရယ် မသေကောင်း မပျောက်ကောင်းကွယ်. .”

သားကိုဖက်ကာနမ်းရှုံ့ပြီး ဒေါ်ဝင်းမာစံတစ်ယော က် ပြောဆိုနေသမျှ ကိုကိုသည်က အံ့သြရင်း ဒေါ်ဝင်းမာစံလက်ထဲမှ ရုန်းဖယ်နေတော့၏။

“ဟာ မဟုတ်တာဗျာ၊ ခင်ဗျားလူမှားနေပြီ၊ ကျွန်တော်က ခင်ဗျားသားမဟုတ်ပါဘူး၊ ခင်ဗျားကိုလည်း ကျွန်တော်မသိဘူး၊ မိန်းမ..ဒီမှာလုပ်ပါဦး၊ ဒီမိန်းမကြီးက ဘာ တွေပြောနေလဲမသိဘူး”

“ဟင် အို သား..မေမေလေ၊ မေမေ့ကို သားဘာယ်လိုပြောလိုက်တာလဲကွယ်၊ သြော် ညီးက ဒီလော က်အထိတောင် ငါ့သားကို သိမ်းသွင်းထားနိုင်ပြီလား၊ မိန်းမလည်မ၊ မအေတူသမီး၊ ဘဲ ကဲ နင့်ကိုတော့လား. . .”

ဒေါ်ဝင်းမာစံဆိုရင်း မမလက်ကို ဆောင့်ဆွဲကာ ရိုက်တော့မည်အပြု ခင်စပယ်က ဖျတ်လတ်စွာ ဒေါ်ဝင်းမာစံလက်ကို ဆွဲကိုင်ထားလိုက်ပြီး . . .

“အန်တီ. .တစ်ဘက်သတ်မပြောပါနဲ့၊ သူတို့နှစ်ယောက်ရဲ့ ကြတာ အတူတူပါ၊ အန်တီ့သား အသက်ကို ကျွန်မသူငယ်ချင်းက



www.burmeseclassic.com

www.burmeseclassic.com



ကယ်ခဲ့တာပါ. . ."

"ထွီး တော်စမ်း၊ ဒါတွေ ငါဘာမှမကြားချင်ဘူး၊ ဒီဟာမသားအမိက ရုပ်တွေကိုဘန်းပြပြီး ပိုင်းလုံးမတွေ လုပ်စားနေကြတာဟဲ့. . ."

"တော်စမ်းပါဗျာ၊ ခင်ဗျားက လူကြီးလုပ်ပြီး တော်တော်ရိုင်းတာပဲ၊ ခင်ဗျား ကျွန်တော့်မိန်းမကို လက်ဖျားနဲ့တောင် မထိပါနဲ့၊ ဒါကျွန်တော့်မိန်းမဗျာ. . ."

"ဟင် ဘာပြောတယ်၊ အမလေး အား အား. ."

ကိုကို့စကားများအတွက် ဒေါ်ဝင်းမာစံတစ်ယောက် ဆတ်ဆတ်ခါကာ ဒေါသဖြင့် သတိလစ်သွားအောင်ပင် သံကုန်ခြစ်၍ကျူးအော်ပစ်လိုက်ပါတော့၏။

× × × × ×

"ဟင် မေမေ. . ."

"သမီး. .သမီးလေးမမ၊ မေမေ့သမီးရယ်. . ."

ကိုကို့ကိုနားလည်အောင် ဖြောင်းဖျပြောပြကြပြီး ကိုကို့ကိုဒေါ်ဝင်းမာစံအနားတွင်ပင် ထားခဲ့ကာ ကိုချစ်ဦးနှင့် ခင်စပယ်လည်းပြန်သွားကြပြီဖြစ်သည်။ မမသည်လည်း မိဘများအိပ်ခန်းဆီပင်ညင်သာစွာဝင်ရောက်ခဲ့၏။ အိပ်ယာထက်၌ မိခင်အား ငုတ်တုတ်လေးတွေ့ရသည်တွင် သားအမိနှစ်ယောက်သည် ပြေးဖက်ထားလိုက်ကြပြီးဝမ်းနည်းစွာဖြင့် ငိုရှိုက်ဖြစ်ကြရရှာလေ၏။

"သမီးလေးရယ်. .မသေကောင်းမပျောက်ကောင်းကွယ်၊ သမီးကို သတင်းကြားစက မေမေရူးမတတ်ပါပဲ. . ."





"ပိန်သွားလိုက်တာ မေမေရယ်၊ မေမေ့ကို သမီးသိပ်သနားတာပဲ၊ မေမေ့ကို သမီးပြောဆိုခဲ့တာတွေအတွက် တောင်းပန်ပါတယ်မေမေရယ်၊ သမီးရှိခိုးပြီးတောင်းပန်ပါတယ်နော်. . ."

မမဆိုရင်း မိခင်ကို ရင်ထဲမှလှိုက်လှဲစွာကန်တော့သည်။

"သမီးရယ် မေမေက သမီးလေးကို ဘယ်တုန်းကများအပြစ်ယူခဲ့ဖူးလို့လဲကွယ်၊ မေမေ့ရင်ထဲမှာ သမီးလေးကို ချစ်လို့တောင်မဝဘူး. . ."

"မေမေရယ်. .မေမေ့ကိုဒီနေ့ကစပြီး သမီးပိုပြီးဂရုစိုက်တော့မယ်၊ မေမေ့ကို သမီးစိတ်ချမ်းသာအောင်ထားသွားမယ်. . ."

"လိမ္မာလိုက်တဲ့ကလေးလေးရယ်၊ သမီးလေးကလေ ဟိုးမွေးကင်းစကတည်းက သိပ်လိမ္မာတဲ့သမီးလေးပါ၊ မိဘတွေကို ဒုက္ခမပေးခဲ့ဘူး၊ မိဘတွေကသာ ငါ့သမီးလေးအပေါ် တာဝန်မကျေ..."

"မေမေ. .မပြောပါနဲ့တော်နော်၊ ဖေဖေရော မေမေရောသမီးကိုချစ်တာနဲ့တင် လုံလောက်နေပြီပဲ၊ ပြီးတော့ ဖေဖေဦးမြတ်ထင်ကလည်း သမီးကို ဖေဖေ့လိုပဲချစ်တာပါပဲ၊ အချစ်တွေပြည့်ဝစွာရတဲ့သမီးက ကုသိုလ်ထူးလို့ပေါ့ မေမေရယ်၊ ဟုတ်တယ်နော် မေမေ"

"သမီးရယ်. . ."

သားအမိနှစ်ယောက်ဖက်ကာ တရှုံ့ရှုံ့နမ်းဖြစ်ကြသည်။

"ဒါနဲ့ မေမေ. .ဖေဖေသက်သာလားဟင်. . ."

"အေး ဒနေကတော့ ကောင်းတယ်လို့ ဆရာဝန်ကပြောတာပဲ၊ မေမေကြည့်ရတာတော့ သမီးဖေဖေက ဘာမှကိုမလှုပ်ရှားသေးဘူး၊ သမီးဖေဖေက ဆေးရုံမှာတော့မဟုတ်တော့ဘူး၊ ဟိုတယ်ရဲ့သီးသန့်အခန်းမှာ ထားထားတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟုတ်လား မေမေ၊ ဒါဆို မေမေ့အခြေအနေကောင်းလို့ပေါ့ မေမေရယ်၊ ဝမ်းသာလိုက်တာ. . ."

အခန်းထဲတွင် သားအမိနှစ်ယောက်မှာ ဝမ်းသာဝမ်းနည်း စကားတွေဆိုနေကြဆဲ တိုက်ကြီး၏အခြားအခန်းတစ်ခုတွင်မလည်း ခုထိသဘောမရသေးသည့် ဒေါ်ဝင်းမာစံထံ ကိုကိုသည် အံ့ဩရင်း စဉ်းစားမရဟန်ဖြင့် ကြည့်နေဖြစ်လေ၏။

"ဟင် သား. . ."

"ခြော်. . ."

သူစဉ်းစားနေဆဲ ဒေါ်ဝင်းမာစံသတိရလာသည်ကိုမြင်တော့ သူလန့်သွားသည်။

"သား. .အဟင့် ဟင့် မေမေ့ကိုမရက်စက်ပါနဲ့ သားရယ်၊ မေမေက သားကိုသိပ်ချစ်တဲ့မေမေပါကွယ်၊ မေမေ့ကိုစိတ်ထိခိုက်အောင် မလုပ်ပါနဲ့နော် ဟီး ဟီး ဟီး. . ."

"ဟို အင် မေ့မေ. . ."

"ဟင် သား. .မေမေ့ကိုချစ်တဲ့သားလေးပဲ မဟုတ်လားဟင်၊ သားက မေမေ့သားအလိမ္မာလေးပါကွယ်၊ မေမေသိတယ်၊ ဟိုကောင်မလေးက ငါ့သားကို ဘယ်လောက်သိမ်းသွင်းထားတယ်ဆိုတာ မေမေသိတာပေါ့. . ."

ကိုကိုက မေမေဟုခေါ်လာ၍ ဒေါ်ဝင်းမာစံ ကျေနပ်ပြုံးပျော်သွားရသည်။ တစ်ဆက်တည်းလည်း မိမိကလည်း မိမိသားအား မည်သို့ကိုင်တွယ်ရမည်ကို ဒေါ်ဝင်းမာစံသဘောပေါက်သလို ရှိသွား၏။

"သားရယ်. .သားမရှိတော့ မေမေလေ သိပ်ပြီးစိတ်အား





ငယ်ရတယ်ကွယ်၊ သားလောက် ဘယ်သူမှ မေမေ့ကိုဂရုမစိုက်ကြဘူး၊ ဟိုကောင်မလေးရဲ့အမေကဆိုရင် ပိုဆိုးသေးတယ်၊ မေမေ့ကို သားနောက်ကွယ်မှာ သိပ်အနိုင်ကျင့်ကြတယ် ဟီး ဟီး ဟီး"

သားကိုဖက်ထားပြီး သားနောက်ကျောတွင် ဒေါ်ဝင်းမာစံ တစ်ယောက် ကျေနပ်ပြုံးတွေနှင့် ဟန်လုပ်ပြောဆိုနေသည့် စကားတွေပါ။ ကိုကိုမှာ မိခင်ပြောသည့်စကားတွေအတွက် ဟုတ်မှဟုတ်ရဲ့လား၊ ဘယ်လိုပါလိမ့်ဟူသောအတွေးနှင့် စဉ်းစားဖြစ်နေရ၏။ ပြီးမှ. . .

"ကဲ မေမေ. .ညစာစားကြရအောင်နော်၊ လာ ထ. . ."

"သားနဲ့အတူတူပဲစားမှာနော်၊ သားကကိုယ်တိုင် မေမေ့ကို ကျွေးမှာမဟုတ်လားဟင်၊ သသားနဲ့အတူစားရမှ မေမေစားမှာ. ."

"အတူတူပဲစားမှာပါမေမေ၊ လာ ထမင်းစားခန်းမှာ သွားစားကြမယ်. . ."

မိခင်ကိုချော့မော့ခေါ်ရင်း ထမင်းစားခန်းဆီသို့ ထွက်ခဲ့ကြသည်။ ထမင်းစားခန်းထဲအရောက်မတော့ ဒေါ်ချယ်ရီရွှေနှင့်မမတို့ နှစ်ယောက်က ထမင်းပွဲပြင်ဆင်နေသည်ကို ဒေါ်ဝင်းမာစံရော ကိုကိုပါ တွေ့လိုက်ရ၍ ကိုကိုကပျော်ရွှင်သွားသည်။ ဒေါ်ဝင်းမာစံက မျက်နှာတစ်ချက်ပုံး တင်းမာခက်ထန်သွား၏။

"ဟင် ဘယ်မလဲ အိမ်ဖော်တွေ၊ ထမင်းပွဲပြင်တာ ကိုယ့်မိန်းမနဲ့ယောက္ခမကလုပ်နေရတယ် ဟုတ်လား. . ."

"ခြော် ကို မဟုတ်ပါဘူး၊ ဒေါ်ချစ်လည်းလုပ်နေပါတယ်၊ ဟင်းရည်သွားခပ်နေလို့ပါ. . ."

မမကအပြုံးလေးနှင့်ဆိုသည်တွင် ဒေါ်ချယ်ရီရွှေက ပြောင်းလဲသွားသည့် ကိုကို့အသွင်အား မယုံမရဲဖြင့်ကြည့်နေဖြစ်ရှာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသည်က ယေ့ပါးလန်းဆန်းသောစိတ်၊ မိသားစုကိုချစ်ခင်အလေးထားသောစိတ်၊ လူကြီးမိဘများအား ဂရုစိုက်အလေးထားသောစိတ်တွေနှင့်သာရှိ၍ မိသားစုအားလုံး ထမင်းတစ်ဝိုင်းတည်းစားစေချင်သည့်စိတ်ဖြင့် အားလုံးကိုခေါ်ကာ ထမင်းဝိုင်းတွင်ထိုင်စေ၏။

"မေမေကဒီမှာထိုင်၊ ဒီကမေမေက ဒီနေရာမှာထိုင်. . ."

"မဟုတ်ဘူးသား၊ ဒီနေရာက သားဖေဖေနေရာပါ၊ မေမေ့နေရာကဒီမှာပါ၊ မေမေဒီမှာထိုင်မယ်နော်. . ."

"ဪ ထိုင်ပါ မေမေ ထိုင်ပါ၊ လာ ကိုကို့မိန်းမနဲ့ ကိုကိုက ဒီမှာထိုင်မယ်. . ."

ဒေါ်ဝင်းမာစံမှာ စားပွဲအောက်တွင် လက်သီးနှစ်ဘက်ကို ကျစ်ကျစ်ဆုပ်ထားဖြစ်သည်။ မျက်နှာအသွင်က မကျေနပ်မှု ဒေါသတွေနှင့် နီတွတ်နေ၏။ ဒေါ်ချယ်ရီရွှေမှာ သားအမိနှစ်ယောက်ကိုကြည့်ပြီး မဲ့မရဲလေးနေရှာ၏။ မမသည်က ဒေါ်ဝင်းမာစံအား မသိမသာ လှေ့လာနေဖြစ်၏။

"မေမေ. .ဒီကြက်သားပေါင်းလေးနဲ့ အရင်စားနော်"

"မေမေမစားချင်တော့ဘူးကွယ်၊ စားလို့လည်းဝင်မှာ မဟုတ်ဘူး. . ."

"ဘာဖြစ်လို့လဲ မေမေရယ်၊ ဟင်းတွေက ဒီလောက်ကောင်းတာ. . ."

"ဟင်းတွေကကောင်းတယ်၊ လူတွေက မကောင်းတာ၊ ဟန်ဆောင်ကောင်းနေကြတဲ့လူတွေနဲ့ မေမေအတူမနေဘူး. . ."

ဒေါ်ဝင်းမာစံပြောသည့်စကားအတွက် မမတို့သားအမိမှာ မျက်လုံးတွေဝင်ပြူးကြရ၏။ ဒေါ်ချယ်ရီရွှေသည် ဒေါ်ဝင်းမာစံအား





လွန်စွာကြောက်ရွံ့နေရရှာပါ၏။ မမသည်က မိခင်ထံအားပေးကြည့်ပြီး ငြိမ်ငြိမ်ကလေးပင်နေလိုက်၏။ ကိုကိုကလည်း အားလုံးကို လေ့လာသလို စဉ်းစားသလိုရှိသွားရသည်။ ပြီးမှ. . .

"ကဲပါ မေမေရယ်၊ မေမေက သားနဲ့အတူနေတာပဲ၊ သူများနဲ့အတူနေရတာမှမဟုတ်တာ၊ မေမေ့နားမှာ သားရှိနေပြီပဲ၊ မေမေ စားနော်. . ."

သူချော့ကျွေးတော့ ဒေါ်ဝင်းမာစံ စားသည်။ မျက်နှာထားကတော့ အရှုးလိုလို အကောင်းလိုလိုလုပ်ထား၏။

"ဒီမှာ သား. .မေမေတို့အိမ်မှာ ကျူးကျော်ပြီးနေတဲ့သူအားလုံး ရှင်းထုတ်ပစ်ရမယ်. . ."

"စားပါ မေမေရယ်၊ နောက်တော့ အေးအေးဆေးဆေး ပြောတာပေါ့၊ ဒါလေးစားလိုက်ပါဦးနော်. . ."

"မေမေ့ကိုရူးတယ်ဆိုပြီးတော့ အားလုံးက အနိုင်ကျင့်နေကြတာ သားရဲ့၊ အဟင့် ဟင့် အဟီး ဟီး သားလေး. .မေမေ့နားက ခွဲမသွားပါနဲ့နော်၊ မေမေကြောက်တယ် မေမေသိပ်ကြောက်တယ် သားရယ်၊ အဟင့် ဟင့် မေမေမရူးပါဘူး၊ မေမေအားလုံးသိတယ်၊ သား. .မေမေ့ကို အရူးမကြီးဆိုပြီး မပစ်သွားပါနဲ့နော်၊ မေမေကြောက်တယ် သားရယ်-ဟီး ဟီး ဟီး. . ."

စကားတွေဆိုရင်းငိုယိုကာ သားကိုဖက်ထားလိုက်သည်။ ဒေါ်ဝင်းမာစံစကားတွေက အမှန်တစ်ဝက် လုပ်ကြံတစ်ဝက်ဖြစ်နေသည်ကို မမသတိထားမိသည်။ ပြီးတော့ မမအကြည့်သည် ဒေါ်ဝင်းမာစံမျက်နှာဆီ အကြည့်ရောက်ခိုက်မတော့. . .

"ဟင်!. . ."



www.burmeseclassic.com

www.burmeseclassic.com



မမ အံ့သြသွားသည်။ ကိုကို၏ပုခုံးထက်မှ ဒေါ်ဝင်းမာစံသည် မမတို့အား အငြိုးကြီးသောအပြုံးမျိုးနှင့် နှုတ်ခမ်းကိုတွန့်ကာ ပြုံးနေသည့်မျက်နှာအား တွေ့လိုက်ရသောကြောင့်ပါတည်း။ မမသည် အကြည့်ကိုပြန်ရုပ်သိမ်းထားလိုက်ပြီး ထမင်းကိုသာ ငုံ့စားနေဖြစ်ရင်းက. . .

မေမေပြောတဲ့စကားက မှန်နေပြီ၊ ဟင်း. .ဒေါ်ဝင်းမာစံက ငါ့ကိုစိန်ခေါ်နေတဲ့ပုံပဲ၊ မာယာများလိုက်တာ၊ သူ့သားကိုပြောတဲ့စကားတွေကပြောင်းပြန်ချည်းပဲ၊ သူမရှုံးဘူးလို့ပြောတဲ့စကားက အမှန်စကားပဲ၊ အင်းလေ စမ်းကြည့်လိုက်တာ ဒေါ်ဝင်းမာစံ၊ အကောက်နဲ့အဖြောင့် ဘယ်လောက်အထိယှဉ်နိုင်မလဲဆိုတာ၊ မှတ်ထားပါ ဒေါ်ဝင်းမာစံ၊ ရှင့်ကိုမကြောက်ဘူး၊ ရှင့်ရဲ့မာယာတွေကို ဘယ်အထိအသုံးချသွားနိုင်မှာမို့လဲ. . .။

စိတ်ထဲက မမ ရေရွတ်လိုက်သည်။ တစ်ဆက်တည်းလည်း ဒေါ်ဝင်းမာစံထံ မမပြန်ကြည့်လိုက်သည်။ ဒေါ်ဝင်းမာစံ၏ ကောက်ကျစ်သောမျက်လုံးတွေနှင့် ဆုံစည်းလိုက်ရ၏။ အတန်ကြာသည်အထိ မမသည် ဒေါ်ဝင်းမာစံ၏မကျေနပ်မှု၊ သဝန်တိုမှု၊ လောဘဒေါသတွေနှင့် ကောက်ကျစ်နေသည့် မျက်လုံးတွေဆီ ခံကြည့်နေလိုက်၏။

"အို ကြောက်တယ် ကြောက်တယ်၊ သား. .မေမေကြောက်တယ်၊ မေမေ့ကိုမျက်လုံးကြီးတွေနဲ့ ကြည့်နေတယ် သား၊ မေမေကြောက်တယ်. . ."

"ဟင်!. . ."

ဒေါ်ဝင်းမာစံကတော့ လုပ်ထည့်လိုက်ပြန်ပြီ။ မမသည် လက်ဖျားခါသွားရ၏။ မိခင်စကားအတွက် ကိုကိုကပင် မမတို့. .





သားအမိထံကြည့်လာသည့်အကြည့်က သံသယရှိသွားသလိုလို၊ မမသည် သက်မလေးချကာ လက်လျှော့ဖြစ်လိုက်ရ၏။

"သား. .မေမေ့ကိုအခန်းပဲပြန်ပို့ပါ၊ မေမေကြောက်တယ်၊ မေမေအခန်းထဲမှာပဲစားပါရစေ သားလေးရယ်. . ."

"မေမေ မေမေ. .စိတ်အေးအေးထားပါ၊ ကျွန်တော်ပို့ပေးပါ့မယ်. . ."

ပျာယာခတ်အောင် ဒေါ်ဝင်းမာစံလုပ်ပြလာ၍ ကိုကိုမှာ မိခင်ကိုတွဲကာ နှစ်သိမ့်ရင်း ထမင်းစားခန်းထဲမှ ခေါ်ထုတ်သွားလိုက်ရပါတော့၏။ အကြောင်းသိ၍ မမကလှမ်းကြည့်သည်။ ဒေါ်ဝင်းမာစံ၏မာယာနှင့် အောင်နိုင်ပြုံးနှင့် လှမ်းကြည့်သွားသည့်အပြုံးအား မမတွေ့လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

## (တစ်ဆယ့်ကိုး)

"မေမေ အစားအသောက်ဝင်ရဲ့လား၊ မနက်စာစားတုန်းက မေမေသိပ်စားမဝင်သလိုပဲ၊ မေမေ့ကြည့်ရတာ ကောင်းကောင်း နေမကောင်းသေးတဲ့ပုံပဲ၊ မေမေ အနားကောင်းကောင်းယူဖို့သင့်တယ်"

"မရေ. .မေမေ့ကိုအားဆေးတွေ ဝယ်တိုက်ရအောင်နော်၊ မေမေ့ကျန်းမာရေးလည်း ဂရုတစိုက်ပေးပါဦး မရယ်. . ."

"ဟုတ်ကဲ့ပါ ကိုကို၊ ကိုကိုလည်း ဆေးမှန်မှန်သောက်ဖို့ လိုသေးတယ်၊ ကဲရော့ မနက်စာစားပြီးပြီဆိုတော့ အခုဆေးသောက်တော့နော်. . ."

"ကိုယ့်မိန်းမကိုယ်တိုင်တိုက်မှတော့ သောက်ရမှာပေါ့၊ နောက်လည်း မ,ကိုယ်တိုင်ပဲတိုက်နော်. . ."

ကိုကိုတိုက်စေချင်ရင် မမကလည်း တိုက်ချင်ပါတယ် ကိုကိုရယ်. .။

သူ့ဆိုရင်းဆေးသောက်လိုက်တော့ မမရင်ထဲမှဆိုဖြစ်လိုက်သည့်စကားပါ။ ဒေါ်ချယ်ရီရွှေသည်က အရင်ကနှင့်မတူတော့သည့် ကိုကို့အား စိုးရွံ့အားငယ်စွာနှင့်ပင်ကြည့်ရင်း အလိုက်သင့်နေဖြစ်ရှာ၏။ ကိုကို့အရိပ်အခြေကိုကြည့်ပြီး သားအမိနှစ်ယောက်မှာလည်း တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ အားပေးနှစ်သိမ့်ရှာပါ၏။





ရင်းနှီးချစ်ခင် ပျော်ရွှင်နေရှာသည့် မမတို့သားအမိနှင့် သားဖြစ်သူကိုကို့ထံသို့လှမ်းကြည့်ရင်း မကျေမနပ်ဖြစ်ကာ အကြံထုတ်နေသည်က ဒေါ်ဝင်းမာစံပါ။ နောက်ဆုံး ဒေါ်ဝင်းမာစံသည် ညှို့ခန်းဆီသို့လှမ်းထွက်ခဲ့လိုက်ပြီး . . .

"သား. .မေမေ့ဆီလာပါဦးကွယ်. . ."

"ဟုတ်ကဲ့ မေမေ. . ."

သူ့ဆိုရင်း မမကိုအပြုံးနှင့်ကြည့်ကာ မိခင်ရှိရာ လှမ်းသွားလိုက်လေ၏။ စာကြည့်ခန်းထဲအရောက်မတော့ မလိုတမာစိတ်တွေနှင့် တင်းမာနေသည့် ဒေါ်ဝင်းမာစံ၏မျက်နှာထားသည် သားဖြစ်သူထံအကြည့်မတော့ ပြုံးချိုနေရသည်ပါ။

"သား. .သားကို မေမေပြောစရာရှိတယ်ကွယ်. . ."

"ဟုတ်ကဲ့၊ ပြောပါ မေမေ. . ."

"သားအနေနဲ့ အဲဒီကောင်မလေးမိသားစုနဲ့ သိပ်မရောစေချင်ဘူး၊ ဒီသားအမိကို မေမေလုံးဝခွင့်မလွှတ်နိုင်ဘူး . . ."

မိခင်စကားအတွက် သူ့ မျက်နှာညှိုးသွားသည်။ ပြီးမှ. .

"မေမေရယ်. .ကျွန်တော်ကလေ မမကိုသိပ်ချစ်တယ်၊ မေမေ ဒေါ်ချယ်ရီရွှေကိုလည်း လေးစားချစ်ခင်တယ် မေမေ. . ."

ထိုစကားအတွက် ဒေါ်ချယ်ရီရွှေမျက်နှာသည် ဒေါသနှင့် တင်းမာခက်ထန်သွားရသည်။ ပြီးမှ သားချောအား ဝမ်းနည်းဟန်၊ စိတ်ထိခိုက်ဟန်နှင့် တိုးလျှိုးတောင်းပန်ဟန်အသွင်နှင့် ဆံပင်လေးများဆီပွတ်ကိုင်လာရင်း. . .

"သားလေးရယ် မေမေဖြင့်နားမလည်တော့ဘူး၊ သားရဲ့ ပြောင်းလဲမှုတွေအတွက် မေမေသိပ်အံ့ဩမိတယ်၊ သားလေးချစ်လှ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်ဆိုတဲ့ သမီးလေးဝင်းစုချိုခမျာ ဘယ်လိုခံစားရှာမလဲ၊ သူ ခံစားနိုင်မှာ မဟုတ်ဘူး သား၊ ဒီမှာကြည့်လေ. .ဒီဆွဲကြိုးလေးက ငယ်ငယ်ကတည်းက သားက ဝင်းစုချိုလေးကိုပေးထားတဲ့ ဆွဲကြိုး လေး. . ."

"အို မဟုတ်ဘူး မေမေ၊ ကျွန်တော်ပေးတာက မမကိုပါ"

"မဟုတ်ဘူး၊ အဲဒါဟုတ်ကိုမဟုတ်ဘူး၊ သားကို အဲဒီ ကောင်မလေးက ပြောတာမဟုတ်လား၊ အဲဒါသူလိမ်တာ၊ သူကတော့ ဒီလိုပဲပြောမှာပေါ့၊ သားအကိုးမေ့နေတာနဲ့ သူ သားကိုအပိုင်သိမ်း နေပြီဆိုတာ မေမေသိတယ်၊ မေမေတော့ ဒီလိုအဖြစ်မခံနိုင်ဘူး၊ သားသတိပြန်ရလာရင် သားနောင်တရလိမ့်မယ်၊ မဖြစ်ဘူး သား မဖြစ်ဘူး၊ မေမေဒီလိုအဖြစ်မခံနိုင်ဘူး၊ သားနဲ့သမီးဝင်းစုချိုကို မေမေ အမြန်ဆုံးလက်ထပ်ပေးမှဖြစ်မယ်. . ."

"မဟုတ်သေးဘူး မေမေ၊ မလုပ်ပါနဲ့၊ ကျွန်တော်လက်မခံ နိုင်ဘူး၊ ဘာဖြစ်ဖြစ် ကျွန်တော့်အကြောင်းတွေကို ကျွန်တော်သိမှသာ"

"ဒီအချိန်ထိဆိုရင် အားလုံးနောက်ကျကုန်မှာပေါ့ သားရဲ့၊ သမီးဝင်းစုက ဘယ်လောက်နစ်နာရှာမလဲ. . ."

"အဲဒါ ကျွန်တော်မသိဘူး မေမေ၊ ကျွန်တော်ချစ်တာ မမ တစ်ယောက်တည်းပဲ၊ ကျွန်တော်သိတာလည်း မမတစ်ယောက်တည်းပဲ၊ ကျွန်တော့်ကို အတင်းမလုပ်ပါနဲ့ဗျာ. . ."

"ဟင်း သားလေးရယ်၊ သားလေးကို မေမေသနားလိုက် တာကွယ်၊ အင်းလေ. .သားကို မေမေအတင်းမလုပ်ပါဘူး၊ သားဟာ သား မိမိန်းမလေးသားအမိအကြောင်းကို သိလာမှာပါလေ၊ ကဲ သားလေးစိတ်ချမ်းသာသလိုပဲ နေပါတော့ကွယ်. . ."





ပရိယာယ်တစ်မျိုးပြောင်း၍ သားချောအား အပြုံးနှင့်ကြည့် ကာ ဒေါ်ဝင်းမာစံဆိုတော့ ကိုကိုသည် ကျေနပ်သွားလိုက်ရလေ၏။

x x x x x

ကိုကိုနှင့်မမတို့ ကိုယ်စီအလုပ်သို့ထွက်သွားကြသည်တွင် ဒေါ်ဝင်းမာစံသည် ဒေါ်ချယ်ရီရွှေတစ်ယောက် ချက်ပြုတ်လုပ်ကိုင် နေသည့် မီးဖိုဆောင်ဘက်သို့ ဝင်ရောက်လာခဲ့၏။ ဒေါ်ချယ်ရီရွှေ သည် ချက်ပြုတ်ဆဲ အိုးခွက်ပန်းကန်တွေကို ဆေးကြောနေဆဲ ဒေါ်ဝင်း မာစံတစ်ယောက် ပုဏ္ဏကတိုက်သလိုအသံများနှင့် ဝင်ရောက်လာလေ ၍. . .

"အိုး ချွမ်း. . ."

လန့်သွားသည့် ဒေါ်ချယ်ရီရွှေမှာ ဆပ်ပြာတိုက်နေသည့် လက်ထဲမှ ပန်းကန်တစ်ချက်ကျကွဲသွားလိုက်လေ၏။ ဒေါ်ဝင်းမာစံ သည် သွားတို့စေ့ကာ မျက်ထောင့်နီကြီးနှင့် ဒေါ်ချယ်ရီရွှေကို စိုက် ကြည့်နေ၍ လွန်စွာမှ ထိတ်လန့်ကြောက်ရွံ့နေရရှာပါ၏။

"ဟွန်း. .နင်တို့သားအမိက တစ်စတစ်စ လူပါးဝလာကြ တယ်၊ ဒီမှာ ဟိုလူပြီးတော့ ငါ့သားကိုများ နင်တို့အားကိုးလို့ရမယ် လို့ထင်နေလား၊ ဟိုလူကလည်း ရှင်လျက်နဲ့သေပြီ၊ ဒီကောင် ဘယ် တော့မှမနိုးတော့ဘူးမှတ်၊ နင်သိပ်လိုချင်ခဲ့တဲ့ နင့်လင်လေ. . ."

ဒေါ်ဝင်းမာစံတစ်ယောက်ဆိုရင်း ဒေါသထွက်လာပုံနှင့် အနီးမှ ကြက်သွန်လှီးသည့်ဓားကို ဆွဲယူလိုက်သည်နှင့် ဒေါ်ချယ်ရီ ရွှေသည်လည်း နေရာမှပြေးရန် ခြေလှမ်းအပြင်. . .

"အ အား. . ."



www.burmeseclassic.com

www.burmeseclassic.com



စာစောကကျကွဲသွားသည့် ကြွေပန်းကန်စက ခြေထောက်ကိုထိုးမိသွား၍ ဒေါ်ချယ်ရီရွှေမှာ လွန်စွာနာကျင်သွားလိုက်ရရှာ၏။

"မမလေး. . ."

"ဟင်. . ."

ထိုအခိုက် ရုတ်တရက် မီးဖိုထဲသို့ မချစ်ဝင်ရောက်လာသည်တွင် ဒေါ်ဝင်းမာစံသည် လက်ထဲမှဓားကို မသိမသာလွှတ်ချပစ်လိုက်ပြီး. . .

"ဟဲ့ ကောင်မ. .နင့်သခင်မကို သင်ပေးထားစမ်း၊ နမော်နမဲ့မလုပ်ဖို့၊ ငါတို့အိမ်ကပေါ်များနေတဲ့အိမ်မဟုတ်ဘူးဟေ့. . ."

ဒေါ်ဝင်းမာစံဆိုရင်း မီးဖိုထဲမှလှမ်းထွက်သွားလိုက်လေ၏။

× × × × ×

"ကရင်း ရင်း ရင်း. . ."

"အို ဒီဖုန်းစုတ်ကလည်း၊ ငါ့အကြံတွေတောင် ပျက်တယ်"

ရေရွတ်ရင်း စားပွဲထက်မှဖုန်းကို ဒေါ်ဝင်းမာစံသည် ဒေါသနှင့်လှမ်းယူနားထောင်လိုက်သည်။

"ဟယ်လို ဘယ်သူလဲ ပြော . . ."

"သူဌေးကတော်. .ကျွန်တော်အခန်းစောင့်ပါ၊ အခုသူဌေးရန်းကြွလာတာမြင်ရပါတယ်၊ ဒါကြောင့် ဖုန်းလှမ်းဆက်လိုက်တာပါ"

"ဩော် ဟုတ်ပြီ ဟုတ်ပြီ၊ အေး အေး လာခဲ့မယ်. . ."

စကားအဆုံး ဖုန်းချလိုက်သည်။ ပြီးတော့ ဒေါ်ဝင်းမာစံသည် ခပ်နက်နက်အတွေးတစ်ခုကို တွေးမိလိုက်သလိုနှင့် ရတနာပစ္စည်းတွေကို လျင်မြန်စွာသိမ်းဆည်းလိုက်သည်။ ပြီးတော့ အရေး





ကြီးသည့် စာရွက်စာတမ်းတွေကိုလည်း စစ်ဆေးသိမ်းဆည်းလိုက်၏။

ထို့နောက် ဒေါ်ဝင်းမာစံသည် မိမိအိမ်ခန်းတံခါးအားသေချာစွာသော့ခတ်ပိတ်ခဲ့ပြီး ဦးမြတ်ထင်အားလားသည့် ဟိုတယ်ကြီးဆီသို့ ထွက်ခဲ့လိုက်ပါတော့၏။ ဟိုတယ်ကြီးဆီအရောက်မှာတော့ ဒေါ်ဝင်းမာစံသည် ဦးမြတ်ထင်ရှိရာ အခန်းဆီသို့ လျင်မြန်စွာတက်ခဲ့ပြီး အခန်းထဲအရောက် ဦးမြတ်ထင်အခြေအနေကို ကြည့်လိုက်၏။

"ဟင်း. .မြတ်ထင်၊ နင် ခုတော့ဘာတတ်နိုင်သေးလဲ၊ ငါ့ကိုယှဉ်ရဲသေးလား၊ ငါ့ကိုယှဉ်ချင်တယ်ဆိုရင်လည်း ဆက်ယှဉ်ပေါ့ ဟင်း ဟင်း ဟင်း. . ."

ကုတင်ထက်၌မလှုပ်မယှက်ရှိနေသည့် ဦးမြတ်ထင်ထံ ကြည့်ပြီး ဒေါ်ဝင်းမာစံသည် သရော်ပြုံး အောင်နိုင်ပြုံးတွေနှင့် ခနိုးခနဲ့ဆိုသည်။

"ဟေ့ ဒီမှာ. . ."

"ဗျာ သူဌေးကတော်. . ."

"ဆရာမကိုပြောလိုက်၊ လူနာလှုပ်ရှားလာပြီဆိုရင် အိမ်မှာပဲပြန်ထားတော့မယ်လို့. . ."

"ဟုတ်ကဲ့ခင်ဗျာ. . ."

မည်သို့စိတ်ကူးရှိမှန်းမသိ၊ ဒေါ်ဝင်းမာစံသည် အခန်းထဲမှ မဲ့ပြုံးနှင့်ထွက်ခဲ့လိုက်သည်။ ဓာတ်လှေကားရှိရာလှမ်းအလာ ဒေါ်ဝင်းမာစံသည် သားဖြစ်သူထံ ဖုန်းခေါ်လိုက်၏။

"ကရင်း ရင်း ရင်း. . ."

မမအလုပ်လုပ်နေသည်ကိုကြည့်နေဆဲ ကိုကိုသည် ဖုန်းဖုန်းလေးမြည်လာ၍ နားထောင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို. .ဩော် မေမေ၊ ဟင် ဗျာ. .ဖေဖေလှုပ်ရှားလာပြီ ဟုတ်လား မေမေ၊ ဩော် ဟုတ်ကဲ့၊ ကျွန်တော်တို့ခုပဲ ဖေဖေ့ဆီ သွားလိုက်ပါ့မယ်၊ ဟုတ်ကဲ့ မေမေ၊ ဖေဖေ့ကိုအိမ်ပြန်ခေါ်ဖို့လည်း စီစဉ်လိုက်ပါ့မယ်. . ."

စကားအဆုံး ကိုကိုသည် ဖုန်းကိုချလိုက်ပြီး. . .

"ကိုကို့သဲလေးရေ. . ."

"မကြားပါတယ်၊ ဖေဖေ့ကို အိမ်ပြန်ခေါ်တော့မယ်မဟုတ်လား ကိုကို. . ."

"ကိုကိုလည်းမသိဘူး၊ မေမေ့ဆန္ဒပဲလေ. . ."

"ဟင်း. . ."

သက်မမောလေးချကာ မမ နှုတ်ဆိတ်ငြိမ်နေလိုက်တော့၏။ ကိုကိုကား ဇဝေဇဝါမရေမရာဖြင့် မမအသွင်လေးဆီပင် အဖြေရှာသလို ကြည့်နေဖြစ်လိုက်လေ၏။ ထိုအချိန်များ၌ ဒေါ်ဝင်းမာစံကား ဦးလင်းနိုင်တို့အိမ်သို့ ရောက်ရှိနေပြီး ဦးလင်းနိုင်သားအဖနှင့် တိုင်ပင်ဆွေးနွေးနေသည်ပါ။

"ဦးလင်းနိုင်. .ရှင်ကလည်း ကလေးတွေကိစ္စမှာ နည်းနည်းတော့ ကူညီပေးဦးမှပေါ့၊ ရှင်ပါ,ပါမှ ဟိုမိန်းမလည်မလေးက ယုံကြည်မှာပေါ့. . ."

"ကောင်းပါပြီဗျာ၊ လုပ်ဆိုလည်းလုပ်ပါ့မယ်၊ ငါ့သမီးလည်း ကိုကိုနဲ့မြန်မြန်လက်ထပ်ရမှပဲ၊ နို့မဟုတ်ရင် ဒီအတွက် စိတ်ညစ်ရတာက တစ်မှောင့်ပဲ ဝင်းမာစံရေ. . ."

"ဟင်း ဟင်း စိတ်ချပါ သမီးရယ်၊ သမီးဘာမှမပူနဲ့၊ သမီးလေးလေးကိုလည်း အိမ်ကိုပြန်ခေါ်ထားလိုက်တော့မယ်၊ သမီးက





နေ့တိုင်းလာကြည့်သလိုနဲ့ လာခဲ့နော်. . ."

"စိတ်ချပါ ဒေါ်လေး၊ သမီးလာခဲ့မှာပါ. . ."

"အဲဒါကအရေးမကြီးဘူးနော် သမီး၊ မနက်ဖြန်ကိစ္စက ပိုပြီးအရေးကြီးတယ်၊ ဒေါ်လေးစီစဉ်တာမှန်သမျှ အားလုံးက တစ်ချက်ခုတ် နှစ်ချက်ပြတ်ကြီးပဲ၊ ရှိသေးတယ် ဒေါ်လေးမှာ နောက်ထပ်အစီအစဉ်တွေ လုပ်စရာတွေ အများကြီးရှိသေးတယ်"

"သမီးလည်း သမီးလည်း သမီးဘက်ကသာ တိတိကျကျဆောင်ရွက်၊ ကြားလား. . ."

"ဟုတ်ကဲ့ပါ ဒေါ်လေး. . ."

"ကဲ ဒါဖြင့် ဒေါ်လေးသွားမယ်၊ ဒေါ်လေးဆီ အမြဲဖုန်းဆက်နော်. . ."

"ဟုတ်ကဲ့ပါ ဒေါ်လေး . . ."

နှုတ်ဆက်ပြီး ဒေါ်ဝင်းမာစံတစ်ယောက်ထွက်သွားသည်တွင် ဦးလင်းနိုင်သည် သဘောကျလွန်းစွာဖြင့် ရယ်ပစ်လိုက်လေ၏။

"ဟား ဟား ဟား ဟား. ."

"ဖေဖေ ဘာလို့ရယ်တာလဲ. . ."

"ဖေဖေ သဘောကျလို့ပါ ငါ့သမီးရာ၊ သမီးက သူဌေးသားကို ရဖို့ကြိုးစား၊ ဖေဖေကလည်း ဖေဖေ့နည်း ဖေဖေ့ဟန်နဲ့ ကြိုးစားနေတာတွေရှိတယ်. . ."

"ဖေဖေက ဘာတွေကြိုးစားနေတာလဲ၊ ဖေဖေနော် သမီးကို ထိခိုက်မယ့်ကိစ္စမျိုးတော့ မလုပ်ပါနဲ့၊ သမီးကခံမှာမဟုတ်ဘူး သိလား"

"တယ် တိရိစ္ဆာန်မလေး၊ သူ့သားတောင်မရသေးဘူး၊ ဖ[illegible] ကိုအာခံနေပြီ၊ ငါလုပ်သမျှတွေဟာ နင့်အတွက်ကောင်းဖို့[illegible]ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာသိပဲ နွားမလေးရဲ့. . "

သမီးကိုခေါ်သနင့်ဆိုကာ ဦးလင်းနိုင်သည် အပေါ်ထပ်သို့ တက်သွားလိုက်ပါတော့၏။ ဝင်းစုချိုကလည်း ဖခင်အားမဲ့ရွဲ့၍ပင် ကြည့်နေလိုက်သည်ပါ။

❖ ❖ ❖



## (နှစ်ဆယ်)

"ဟူး. . "

ဆိုင်တွင်မုန့်ဖုတ်ရင်း မမသည် လေပြင်းလေးများအား မကြာခဏမှုတ်ထုတ်ဖြစ်၏။ တစ်ချက်တစ်ချက် ချွေးစို့စို့လေးတွေကိုသုတ်ရင်း မမသည် အလုပ်ကိုသာ အားတက်သရောလုပ်နေဖြစ်သည့်တိုင် မမစိတ်တွေကဖြင့် ရောက်တတ်ရာရာ ရောက်နေရချေ၏။

"ဟင်း. .ဖေဖေ့အခြေအနေကလည်း အိမ်ကိုသာ ပြန်ရောက်လာတယ်၊ ဒီအတိုင်းပါပဲ၊ မေမေ့ကိုလည်း သိပ်သနားတယ်၊ ဖေဖေနေမကောင်းတဲ့နေ့ကစပြီး မေမေခမျာ အထီးကျန်ဆန်နေခဲ့ရှာတယ်၊ ဒေါ်လေးဝင်းမာစံကတော့ သိသာပါပြီလေ၊ မရှုးပါဘူး အကောင်းကြီးပါ၊ အခုအိမ်မှာ သူ့ပဲမင်းမူနေတာပဲလေ၊ သူ့သားရှေ့မှာသာ သူရူးချင်ဟန်ဆောင်နေတာ၊ နောက်ကွယ်မှာတော့ ဒါရိုက်တာပဲ. .

ဟင်း. .စိတ်ပင်ပန်းလိုက်တာ၊ ဒေါ်လေးက ငါတို့သားအမိကို စိမ်ခေါ်နေတာ၊ ဘယ်တော့မှအေးချမ်းမလဲမသိဘူး၊ မေမေ့ကိုလည်း သနားတယ်၊ မေမေလည်း စိတ်ဆင်းရဲနေရှာတယ်၊ အိုးဖြစ်သမျှတွေအတွက် ဘုရားမှပဲသိတော့မယ်. . "

"မမ. .ဒီမှာ ညွှန့်သည်က တွေ့ချင်လို့တဲ့. . "

အတွေးတို့ဖြင့်ဂျုံနယ်နေဆဲ မုန့်ဖုတ်ခန်းထဲထိ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည့် ဧည့်သည်ဆိုသူထံ မမကြည့်ဖြစ်တော့ ဟိုတယ်တွင် ဦးလင်းနိုင်ခန့်ထားသည့် ဝန်ထမ်းသစ်ကိုတွေ့လိုက်ရ၍. . .

"ဟင် ဪ ဟို. . ."

"ကျွန်တော် ခင်မောင်ဝင်းပါ၊ သူဌေးဦးကိုကို သတိလစ်လဲကျသွား၍ ခင်ဗျားကိုလာခေါ်တာပါ. . ."

"ရှင်. .ကိုကိုလဲကျသွားတယ် ဟုတ်လား၊ အခုဘယ်မှာလဲ"

မမဆိုရင်းကပင် အပြေးအလွှားအဝတ်တွေ သွားလဲလိုက်သည်။ ခင်မောင်ဝင်းသည်က မမအရိပ်ကိုသာ ကြည့်နေလိုက်၏။

"ကိုကို ဘယ်မှာလဲ. . ."

"(x x )စားသောက်ဆိုင်မှာ ဧည့်သည်နဲ့စကားပြောရင်း ဖြစ်သွားတာ၊ ကျွန်တော် ကားယူလာတယ်. . ."

စကားတွေဆိုရင်း ကားရှိရာသို့ မမတန်းထွက်ခဲ့သည်။ ကောင်တာမှ ခင်စပယ်က လှမ်းကြည့်သော်လည်း မမ မမြင်တော့၊ ကိုကို့အတွက် စိတ်တွေပူပြီး မမသည် ခင်မောင်ဝင်းနှင့်အတူ ကားပေါ်တက် လိုက်ပါသွားပါတော့၏။

"ဟင်း. . ."

ခင်မောင်ဝင်းတစ်ယောက် မမကိုခေါ်ကာ ကားလေးမောင်းထွက်သွားသည့်မြင်ကွင်းအား ဝင်းစုချိုသည် တစ်နေရာမှစောင့်ကြည့်ပြီး မဲ့ပြုံးပြုံးလိုက်သည်။ ပြီးမှ ကိုကို့ရုံးခန်းထဲမှ ဖုန်းနံပါတ်ကို ခေါ်လိုက်၏။

"ကိုခင်မောင်ဝင်း. .ဘယ်စားသောက်ဆိုင်လဲရှင့်. . ."

"ပဲခူးသွားတဲ့လမ်းမှာပါ. . ."

"ဘာ ကိုကိုက ပဲခူးသွားတယ် ဟုတ်လား. . ."





"ဟုတ်တယ်လေ၊ ခင်ဗျားကို မပြောပြဘူးလား"

ခင်မောင်ဝင်းပြောသည့်စကားတွေအတွက် မမမှာစဉ်းစားသလိုရှိသွားရသည်။

"ကရင်း ရင်း ရင်း. . ."

ထိုအခိုက် ခင်မောင်ဝင်းထံမှ ဖုန်းလေးကမြည်လာ၍ မမကြည့်လိုက်သည်။ ခင်မောင်ဝင်းသည် ဖုန်းကိုနားထောင်လိုက်၏။

သူ့လိုဘာမဟုတ်တဲ့ ဝန်ထမ်းအဆင့်က ဟဲန်းဖုန်းကိုင်လို့၊ ဟင် ဒီဖုန်းက ဦးလင်းနိုင်ဖုန်းပဲ၊ အင်း အရေးကြီးလို့ ဦးလင်းနိုင်ပေးကိုင်လိုက်တာဖြစ်မယ်. . .။

မှတ်မိလိုက်သည့် ဦးလင်းနိုင်ဖုန်းဆီကြည့်ကာ မမစဉ်းစားနေဆဲ ခင်မောင်ဝင်းသည် ဖုန်းပြောပြီးသွားဟန်တူသည်။ ဖုန်းလေးကိုပိတ်လိုက်ပြီး ကားကိုလမ်းဘေးတစ်နေရာတွင် ထိုးရပ်လိုက်လေ၏။

"ဟင် ကိုခင်မောင်ဝင်း. .ဘာဖြစ်လို့လဲ. . ."

"မဖြစ်ပါဘူး၊ တာရာလေနည်းလားလို့ တစ်ချက်ဆင်းကြည့်လိုက်ဦးမယ်. . ."

ဆိုရင်း ခင်မောင်ဝင် ကားအောက်ဆင်းလိုက်သည်။ ပြီးတော့ ခင်မောင်ဝင်းအကြည့်တွေက ဟိုဟိုဒီဒီလှမ်းကြည့်ပြီး ကားပေါ်ပြန်တက်လိုက်သည်။ မမကနားမလည်သလို ခင်မောင်ဝင်းအသွင်ဆီကြည့်နေဆဲ. . .

"ဟင် အို ရှင်ဒါဘာလုပ်တာလဲ၊ လူယုတ်မာ. .လွှတ်လွှတ်စမ်း၊ ဟင် နင် နင်က ဒီလိုတောင်လုပ်ရတယ်ပေါ့၊ လွှတ် လွှတ်. . ."

မပြောမဆိုနှင့် ခင်မောင်ဝင်းတစ်ယောက် မမအား ဆက်နမ်း



www.burmeseclassic.com

www.burmeseclassic.com



တော့သည်တွင် မမမှာ အငိုက်မိသလိုဖြစ်သွားပြီးမှ ခင်မောင်ဝင်း မျက်နှာနှင့်ရင်ဘတ်ဆီ ဆွဲကုတ်ခြစ်ကာ ရန်းကန်ပြောဆိုပစ်ပါတော့၏။

"တောက်. . ."

တက်ခေါက်သံပြင်းပြင်းတစ်ချက်က ကိုကို့နှုတ်မှ ထွက်ပေါ်သွား၏။ မယုံနိုင်သော်လည်း မျက်မြင်တွေ့နေရပြီမို့ ကိုကိုသည် ခံစားမှုဒေါသများနှင့် မျက်ရည်များပင်ဝဲလျှံရပါ၏။ ကိုကို့အသွင်ဆီ မသိမသာကြည့်ပြီး ဝင်းစုချိုက ကြိတ်၍ကျေနပ်နေပြုံး၏။ ထို့နောက် မတော့ ကိုကိုကား နေရာမှ ကားကိုပြန်လှည့်ကာမောင်းထွက်သွားလိုက်ပါတော့၏။

တစ်ဆက်တည်းပင်လည်း မမသည် ခင်မောင်ဝင်းအား အမျိုးမျိုးနည်းနှင့်ခုခံခဲ့ပြီး ကားပေါ်မှပြေးဆင်းကာ အသင့်တွေ့ရသော အငှားကားတစ်စီးကိုတားပြီး တက်လိုက်သွားပါတော့၏။ မမစီးသွားသည့် အငှားကားလေးက ကိုကိုမောင်းသည့်ကားလေးအား ကျော်တက်သွားသော်လည်း ကိုကိုကား ခံစားမှုတွေ၊ ဒေါသတွေ၊ ခံပြင်းမှုတွေ၊ ဝမ်းနည်းထိခိုက်မှုတွေနှင့်မို့ မမြင်ဖြစ်လေပါ။

× × × × ×

"ဟား ဟား ငါ့သမီး ဆက်လုပ်၊ ဒါတွေဟာ ငါ့သမီး အတွက်ချည်းပဲ၊ ငါ့သမီးတော်တယ်ကွာ ဟား ဟား ဟား. ."

"ဖေဖေ. .သမီးက ကိုကို့ကိုတကယ်ချစ်လို့လုပ်တာပါ"

"အေးပါ၊ ဘာပဲဖြစ်ဖြစ် ငါ့သမီးအတွက်ချည်းပါပဲ၊ ဝင်းမာစံက ငါ့သမီးဘက်ပါနေတာကိုက ငါ့သမီးကုသိုလ်ကောင်းတာ"





"ဖေဖေ. .အန်တီဝင်းမာစံကလည်း တကယ်မာယာကောင်းတာပဲနော်၊ သူဖွင့်ပြောလို့သာပဲ၊ သူဖွင့်မပြောရင် ဖေဖေရော သမီးပါ လုံးဝမသိဘူး. . ."

"အင်း ဒီမိန်းမက ရုပ်ချောသလောက် မာယာလည်းများတယ်၊ ဝင်းမာစံကတကယ်လည်တာ၊ သူ့အကြောင်း ဖေဖေသိတာပေါ့၊ မျက်နှာလည်းတကယ်များ၊ တကယ်ရှုပ်တဲ့မိန်းမ၊ သူ မာယာကောင်းလို့လည်း မြတ်ထင်နဲ့ရသွားတာဖြစ်မယ်. . ."

"ရှုး တိုးတိုး ဖေဖေ၊ အပြင်ကကြားသွားဦးမယ်"

အပြင်မှ ခြေသံလိုလိုကြား၍ သားအဖနှစ်ယောက် တစ်ချက်ငြိမ်သွားသည်။ ပြီးမှ. . .

"သမီး. .သမီးအန်တီလေးဆီဖုန်းဆက်ပြီး အကျိုးအကြောင်းပြောပြလိုက်ဦး၊ သူဘာတွေစီစဉ်ထားလဲမသိဘူး၊ ဝင်းမာစံကတော့ တစ်တောကိုအပြတ်ရှင်းပစ်မှာတော့ သေချာတယ်. . ."

"ဒါပေါ့ဖေဖေရဲ့၊ ရှင်းရင်လည်း အပြတ်ပဲရှင်းမှပေါ့၊ ကဲ ဖေဖေ လာ၊ သမီးတို့ အန်တီလေးရုံးခန်းကိုသွားကြမယ်. . ."

သားအဖနှစ်ယောက် အောင်ပွဲခံကာ ဒေါ်ဝင်းမာစံရုံးခန်းဆီသို့ သွားရောက်ကြသည့် အချိန်များ၌ မမသည် ဝမ်းနည်းခြင်း၊ စိတ်လှုပ်ရှားခြင်းများနှင့် ကိုကို့ရုံးခန်းဆီသို့ ဝင်ရောက်လာလေ၏။

"ကိုကို. . ."

"ထွက်သွား၊ မင်းအခုချက်ချင်းထွက်သွား၊ အရှက်မရှိတဲ့မိန်းမ၊ သစ္စာမရှိတဲ့မိန်းမ. .ထွက်သွား. . ."

"ကိုကို မဟုတ်ဘူး၊ မမရှင်းပြ. . ."

"ရှင်းပြဦးမယ် ဟုတ်လား၊ ဘာကိုရှင်းပြချင်သေးတာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့မျက်လုံးနဲ့ တပ်အပ်မြင်ခဲ့တာကွ. . ."

"ဟင် ကိုကိုတောင်မြင်ခဲ့တယ် ဟုတ်လား၊ ဘယ်လိုမြင်ခဲ့တာလဲ. . ."

မမမေးရင်း စဉ်းစားသွားမိရသည်။ တစ်ဆက်တည်းလည်း မမဖြေရှင်း၍မရနိုင်တော့သည့်အကြောင်းအား သိရှိသွားလိုက်ရလေ၏။

"ဟုတ်တယ်၊ ငါမြင်ခဲ့တာ၊ မင်းထွက်သွား၊ မင်းကိုမတွေ့ချင်ဘူး. . ."

မမပို၍ဝမ်းနည်းသွားသည်။ မမမှာ အားကိုးတကြီးနှင့် သူ့ထံသို့ရောက်ခဲ့ရခြင်းပါ။ မမသည် နှုတ်ခမ်းလေးဖိကိုက်ကာ သူ့ရုံးခန်းထဲမှထွက်ခဲ့လိုက်လေ၏။ မမထွက်သွားသည်နှင့် ကိုကိုသည်လည်း နာကျင်မှုများနှင့် စားပွဲထက် မျက်နှာအပ်ထားလိုက်ပါတော့၏။

x x x x x

"ဟဲ့ ငကောင်မလေး. . ."

"ဟင်. . ."

ဝမ်းနည်းလွန်းစွာဖြင့် မုန့်တွေကိုလုပ်နေဆဲ မုန့်ဖုတ်ခန်းထဲအထိ ဦးလင်းနိုင်တစ်ယောက် ဝင်ရောက်လာပြီး ခေါ်လိုက်သံကြောင့် မမသည် အံ့သြစွာကြည့်ဖြစ်လိုက်ရလေ၏။

"ဒီမှာလာပြီး နင်ဘာလုပ်နေလဲ. . ."

"ဒါကျွန်မအလုပ်ပဲလေ၊ ကျွန်မအလုပ် ကျွန်မလုပ်နေတာပေါ့. . ."

"ဟင်း စိတ်ပျက်ဖို့ကောင်းတယ်၊ အခုနင့်အကြောင်းတွေကပွထနေပြီ၊ နင်ဘယ်လိုမျက်နှာနဲ့ ဒီမှာရှိနေသေးတာလဲ. . ."





"ဒီမှာဦးလေး. .ဘာတွေပြောနေတာလဲ၊ ကျွန်မကဘာဖြစ်နေလို့လဲ. . ."

"ဩော် နင်ဘာဖြစ်နေလဲဆိုတာ ငါတို့က ခင်မောင်ဝင်းကိုသွားမေးရမှာလား. . ."

"ဩော် အဲဒီလိုလား၊ အဲဒီလိုယုတ်မာနေကြတာကိုး၊ အစလိုက်အပြုံလိုက် ယုတ်မာကြတာကိုး. . ."

"နင်ဘာပြောပြော နင့်ကိုဒီကအလုပ်ထုတ်ပစ်လိုက်ပြီ၊ နင်ဟိုတယ်က ဝန်ထမ်းတွေရဲ့ စည်းကမ်းကိုသိတယ်မဟုတ်လား၊ နင်ဒီကထွက်သွားတော့. . ."

"ကျွန်မမှာအပြစ်မရှိလို့ ကျွန်မ မသွားနိုင်ဘူး. . ."

"ဩော် နင်ကဒီလိုလား၊ လူလေးက ကြည့်တော့ ဘာမှမဟုတ်ဘူး၊ တော်တော်အာမာတယ်၊ အေး နင့်ဟာနင်သွားချင်သွားမသွားချင်နေ၊ အထက်ကတော့ နင့်ကိုအလုပ်ထုတ်ပစ်လိုက်ပြီ၊ နင့်ကိုတင်မကဘူး၊ စည်းကမ်းမရှိတဲ့ နင့်အမေကို ငါအိမ်ပေါ်ကနှင်ချလိုက်ပြီ၊ နင်တို့သားအမိ ဒီကထွက်သွားကြတော့၊ ဒီကနဲ့ဆေးလေကောင်းလေပဲ. . ."

"ဟင် ဘာ. .မေမေ ကျွန်မမေမေ အိုး. . ."

ကြားလိုက်ရသည့်စကားအတွက် မမတုန်လှုပ်သွားသည်။ တစ်ဆက်တည်းလည်း မမသည်ငိုယိုကာ အဝတ်လဲပြီး မုန့်ဖုတ်ခန်းထဲမှ ပြေးထွက်ခဲ့လိုက်လေ၏။

"မမ. . ."

ခင်စပယ်ကလှမ်းခေါ်သည်။ မျက်ရည်တွေနှင့် မမ တစ်ချက်လှည့်ကြည့်သည်။ ပြီးတော့ မမသည် ပြေးထွက်သွားလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်စပယ်မှာ မမထံအံ့သြစွာကြည့်ပြီး စိုးရိမ်စွာနှင့် မမနောက်မှ လိုက်သွားဖြစ်၏။

"မမ မမ. .လာ လာ ကားပေါ်တက်၊ အခုဘယ်သွားမှာ လဲ. . ."

"ဟင် စပယ် အဟင့် အဟင့် . . ."

ကားနှင့်နောက်မှလိုက်ပြီး ခင်စပယ်ခေါ်တော့ မမသည် ကားပေါ်တက်လိုက်ပြီး စမ်းနည်းခြင်း၊ အားကိုးခြင်းတွေနှင့် အားပါးတရကြီးငိုချပစ်လိုက်ပါတော့၏။

"အို မမ. .ဘာဖြစ်လို့လဲ၊ ပြောပါဦး. . ."

"အဟင့် အဟင့် စပယ်ရယ် မမကိုကယ်ပါဦး၊ မေမေ မေမေ့ကို သိပ်သနားတယ်. . ."

"ဒေါ်ဒေါ်ဘာဖြစ်လို့လဲ၊ ပြောပြပါဦး. . ."

"အဟင့် ဟင့် သူတို့ရက်စက်တယ်. . ."

ရှိုက်သံများနှင့် မမသည် မိမိတို့ သားအမိနှစ်ယောက် အကြောင်းအား ကုန်စင်စွာပြောပြလိုက်ပါတော့၏။

"အိုး ရက်စက်လိုက်ကြတာဟယ်၊ ဒါဟာမရိုးသားဘူး မမ၊ ဒီကိစ္စတွေကို ဘယ်လိုရှင်းပြမလဲ၊ ငါအံ့လည်းအံ့သြမိတယ် မမရယ်၊ ခုချိန်မှာတော့ သူတို့ကအင်အားတောင့်နေတယ်၊ ပြီးတော့ ကိုကိုက အစ သူတို့ဘက်ပါနေတော့. . ."

"ဒါတွေအရေးမကြီးတော့ပါဘူးလေ၊ အခုမေမေပဲ အရေး ကြီးတယ်. . ."

မျက်ရည်တွေသုတ်ပြီး မမဆိုသည်။ သူတို့စကားတွေဆိုဆဲ ပင် ခင်စပယ်မောင်းလာသည့်ကားလေးသည် အိမ်သို့ရောက်လာ၏။





"ဟင် အို မေမေ၊ မေမေ့ကို ပစ္စည်းတွေနဲ့ သူတို့ခြံပြင် မောင်းထုတ်ထားပြီး တံခါးပိတ်ထားကြတယ်၊ ဆိုးလိုက်တဲ့လူတွေ"

"အို ဘုရားရေ ဒေါ်လေး ဒေါ်လေး လာ လာ၊ စပယ်တို့ အိမ်ကိုသွားမယ်. . ."

ခြံရှေ့တွင်ရပ်ကာ မျက်ရည်တွေစီးကျပြီး အိမ်ထဲလှမ်းကြည့် နေသည့် ဒေါ်ချယ်ရီရွှေအား မမနှင့်ခင်စပယ်သည် ဖေးမစွာ ကားပေါ် တင်လိုက်ကြသည်။ ဒေါ်ချယ်ရီရွှေသည် တိုက်ကြီးဆီလှမ်းကြည့်ဆဲ ကပင် မျက်ရည်တွေကျကာ ခေါ်ရာသို့ လိုက်ပါသွားရှာ၏။

× × × × ×

စိတ်ထိခိုက်လွန်း၍ ဘီယာဘားတွင် အချိန်ဖြုန်းခဲ့ပြီးမှ သူ အိမ်သို့ပြန်ရောက်လာ၏။ သူအိမ်ထဲသို့ဝင်လိုက်သည်နှင့် မေမေ နှင့် ဝင်းစုချိုကိုတွေ့လိုက်ရသည်။

"ကိုကို. .ခုမှပြန်လာလား. . ."

ဝင်းစုချိုဆိုတော့ သူသည် စိတ်မပါသလို တစ်ချက်ကြည့်ပြီး အပေါ်ထပ်သို့ လှမ်းတက်သွားလိုက်၏။

"သား. .မူးနေတယ်မဟုတ်လား၊ သမီး..သမီး၊ကိုကို၊ကို တွဲပါ. . ."

"ရတယ်၊ ကျွန်တော်မမူးပါဘူး. . ."

ကိုကိုဆိုတော့ ဝင်းစုချိုတစ်ယောက် ငိုမလိုပင်ဖြစ်သွားရ၏။ ဒေါ်ဝင်းမာစံက ဝင်းစုချိုလက်ဆီကိုင်ကာ အားပေးနှစ်သိမ့်သည်။ ကိုကိုသည် အပေါ်ထပ်တက်ခဲ့ပြီး အိပ်ခန်းထဲအရောက်မတော့ ချစ် သောမမကို ရင်နာစွာနှင့် ရှာဖွေကြည့်ဖြစ်၏။ မမကိုမတွေ့တော့



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲကျင်ရှကာ ဟာလှပ်သွား၏။ နာကျင်သော ခံစားမှုကို တိုး၍ သူခံစားလိုက်ရလေ၏။

"မမ. .မင်းဘယ်မှာလဲ၊ ခုထိမင်းအိမ်ပြန်မရောက်သေးဘူးလား၊ မင်းပြောတော့ ကိုကို့ကိုချစ်တယ်ဆို၊ မင်းပါးစပ်လှလှလေးကယ်ထမ်းစကားကြီးတွေကိုတောင် ပြောတတ်နေပြီနော်. . ."

သူနာကျင်စွာရေရွတ်ရင်း အခန်းထဲမှပြန်ထွက်ခဲ့သည်။ ပြီးတော့ သူ အောက်ထပ်ပြန်ဆင်းခဲ့ပြီး. . .

"မေမေ..ကျွန်တော့်မိန်းမရော. . ."

"သူ အိမ်ပေါ်ကဆင်းသွားပြီ သား၊ မေမေကမဆင်းဖို့ပြောတာကောင်းမရဘူး၊ သူ့အပြစ်တွေအတွက် မျက်နှာပူလို့ပဲလား၊ ဟိုကောင်နဲ့ပဲ သွားပေါင်းနေပြီလားတော့ မပြောတတ်ဘူး၊ သူကတော့ ဒီမှာမနေတော့ဘူး. . ."

မိခင်စကားတွေအတွက် သူသည်အားပြတ်ကာ လဲကျမတတ်ပင်ဖြစ်ရ၏။ သူအပေါ်ထပ်သို့ ပြေးတက်ခဲ့လိုက်သည်။ အခန်းထဲအရောက်မှာတော့ မမခေါင်းအုံးကိုဖက်ကာ မျက်နှာအပ်ပြီး သူငိုရှိုက်နေမိပါတော့၏။ တစ်ချိန်တည်း၌ပင် မမသည်လည်း မအိပ်နိုင်ရှာပါ။ မမသည် ကုတင်ခြေရင်းတွင် ငုတ်တုတ်လေးထိုင်ကာ မျက်ရည်များတာကျိုးသကဲ့သို့ ရှိနေရပါလေ၏။

"ကိုကို. .ဘာပဲဖြစ်ဖြစ်၊ ကိုကိုက ဘာပဲလုပ်လုပ်၊ ကိုကို့ကိုမချစ်တယ်၊ ကိုကို့ကိုချစ်တယ်. . ."

မမရင်ထဲမှရေရွတ်နေဖြစ်၏။ ထိုစကားက မမရင်ထဲ အစဉ်အမြဲရေရွတ်နေသည့်စကားပါ။ ။

❖ ❖ ❖



(နှစ်ဆယ့်တစ်)

"မမ. .ဘာလို့အိမ်အလုပ်တွေလျှောက်လုပ်နေရတာလဲ၊ အိမ်ဖော်တွေရှိတာပဲ၊ သူတို့လုပ်ပါစေ မမရယ်၊ နင် အဲဒီလိုလုပ်နေတော့ ငါဘယ်လိုစိတ်ကောင်းမလဲဟာ. . ."

"ရတယ် သူငယ်ချင်း၊ ဘာမှစိတ်မကောင်းမဖြစ်နဲ့၊ မေမေနဲ့ ငါက ငါတို့အိမ်မှာလည်း ဒီလိုပဲချက်ပြုတ်လုပ်နေတာပဲ၊ ဟုတ်တယ်နော် မေမေ. . ."

"ဟုတ်ပါတယ် သမီးရယ်. . ."

သမီးချောလေးဘဝကိုကြည့်ပြီး ဒေါ်ချယ်ရီရွှေမှာ စိတ်မကောင်းဖြစ်နေသည်ကအမှန်ပါ။ သူငယ်ချင်းအိမ်တွင် သားအမိနှစ်ယောက်လိုက်နေနေရသည်ဆိုတော့ သမီးလေးက အလိုက်သိစွာနှင့် အိမ်အလုပ်တွေကို လုပ်ကိုင်ပေးရှာ၏။

"အေးပါ၊ နင့်အိမ်မှာဘာပဲလုပ်လုပ်၊ ငါ့အိမ်မှာတော့ မလုပ်ပါနဲ့ဟာ၊ နင့်ကို ငါတောင်းပန်ပါတယ်၊ ကဲ လုပ် လုပ် ပြင်ဆင်၊ အလုပ်သွားဖို့ပြင်ဆင်တော့. . ."

"ဟား ဟား ငါ့မှာအလုပ်မှမရှိတော့တာ၊ ငါက ဘယ်အလုပ်ကိုသွားရမှာလဲ၊ ငါက ဒီနေ့အလုပ်ထွက်ရှာရမှာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ ဒါဆိုလည်း နင်အလုပ်ထွက်ရာဖို့အတွက် ပြင်ဆင်တော့ပေါ့. . ."

သမီးလေးအလုပ်မရှိတော့သည်ကို သိလိုက်ရ၍ ဒေါ်ချယ်ရီရွှေသည် မျက်ရည်များပင် ကျလာချင်လာရ၏။ သမီးလေးမမြင်စေရန် ထိန်းပြီး ဒေါ်ချယ်ရီရွှေသည် အခန်းထဲပြင်ဝင်ခဲ့သည်။ အခန်းထဲရောက်မှ ဒေါ်ချယ်ရီရွှေသည် ချုံးပွဲချတစ်ဝကြီးငိုပစ်လိုက်သည်။ ငိုရင်းမှလည်း ခုတိုင်သတိမရသေးသည့် ခင်ပွန်းသည်အား သတိရဖြစ်ရလေ၏။

အပြင်ဘက်မှ ခြေသံကြားတော့ ဒေါ်ချယ်ရီရွှေသည် မျက်ရည်တို့သုတ်ကာ ဟန်လုပ်ပြီး သမီးအတွက် ရေချိုးပြီးဝတ်ဖို့ ဝတ်စုံလေးတစ်စုံကို ထုတ်ပေးထားသည်။

"မေမေ. .ဘာလုပ်နေတာလဲ. . ."

"သမီးလေး ရေချိုးပြီးရင်ဝတ်ဖို့ အဝတ်ထုတ်ပေးထားတယ်"

"မေမေကလည်း သမီးဟာသမီးထုတ်မှာပေါ့၊ မေမေ နေကောင်းရဲ့လားဟင်၊ နားနားနေနေ နေနော် မေမေ. . ."

"ကောင်းပါတယ် သမီးရယ်၊ မေမေက သမီးအတွက်ပဲ စိတ်ပူတယ်"

"အမလေး သမီးအတွက်တော့ စိတ်မပူနဲ့ မေမေ၊ သမီးမှာ အားအပြည့်ရှိတယ်၊ သမီးက အသက်အများကြီးငယ်သေးတယ်"

မိခင်ရှေ့တွင် ဘာမှခံစားမှုမရှိသလို အပြုံးတွေနှင့် မမဆိုသည်။ ဒေါ်ချယ်ရီရွှေမှာ သမီးချောအပြုံးအား နားလည်ရှာပါ၏။

"ကဲ သမီးရေချိုးတော့နော်. . ."

"ဟုတ်ကဲ့ မေမေ၊ မေမေ့ကိုသိပ်ချစ်တယ် 'ရွှတ် ရွှတ်"





မိခင်ကိုတရွှတ်ရွှတ်နမ်းပြီး မမသည် ရေချိုးခန်းထဲဝင်ရောက်သွားလိုက်ပါတော့၏။ ဒေါ်ချယ်ရီရွှေကား မျက်ရည်မိုးများရွာသွန်းဖြိုးရပြန်ပါလေ၏။ တစ်အောင့်ခန့်ကြာတော့ ရေချိုးခန်းထဲမှ မမပြန်ထွက်လာသည်။

"ဟော မေမေကတော့လုပ်ပြန်ပြီ၊ ဘာဖြစ်လို့ သမီးအတွက် သနပ်ခါးတွေသွေးနေရတာလဲလိုက၊ ကဲ ချစ်မေမေရယ် ငြိမ်ငြိမ်လေး ပဲနေပါနော်. . ."

မိခင်ကို ကုတင်ပေါ်ပြန်ထိုင်နေစေပြီး မမ သနပ်ခါးလူးလိုက်သည်။ ပြီးတော့ အဝတ်လဲ ခေါင်းလေးဖြီးသင်ပြီးသည်နှင့် မမသည် စလင်းဘက်လေးကိုလွယ်လိုက်ပြီး. . .

"မေမေ. .သမီးသွားတော့မယ်နော်၊ စောစောလည်း သမီး ပြန်လာခဲ့မယ်. . ."

"သမီး. .သမီးမှာပိုက်ဆံရှိရဲ့လား. . ."

"ရှိပါတယ် မေမေ၊ သမီးစုထားတဲ့ပိုက်ဆံလည်း ဘဏ်မှာ ရှိပါသေးတယ်၊ ပိုက်ဆံမရှိလည်း ကိစ္စမရှိပါဘူး မေမေ၊ ဒီဖုန်း ရောင်းပစ်လိုက်မှာပေါ့၊ ကဲ သမီးသွားမယ်နော် မေမေ. . ."

"သမီးကို ဆင်ဝင်အောက်အထိ မေမေလိုက်ပို့မယ်"

"ဒါမှချစ်မေမေပေါ့၊ အဟင်း ဟင်း. . ."

ပြုံးရယ်ကာ သားအမိနှစ်ယောက် အခန်းထဲမှ ထွက်ခဲ့ကြသည်။ ဧည့်ခန်းထဲအရောက် အလုပ်သွားတော့မည့် ခင်စပယ်ကို တွေ့လိုက်ရ၏။

"ပြီးပြီလား မမ၊ အတော်ပဲ အတူသွားကြမယ်. . ."

"အတူသွားလို့ ဘယ်ဖြစ်မလား၊ အလုပ်မှမတူတာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်မတွေလည်း မမသွားမယ့်နေရာကို လိုက်ပို့ခဲ့မှာပေါ့"

"နေပါစေဟာ၊ နင်အလုပ်နောက်ကျနေမယ်၊ ငါ လိုင်းကား စီးပြီးသွားတာက နောက်ဆံကင်းတယ်၊ သွားပါနော်၊ ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်. . ."

"ဟင်း. . ."

မမဆိုတော့ ခင်စပယ်သည် စိတ်မကောင်းစွာနှင့် သက်မ မောအားချရ၏။

"တာ့တာ မမေ၊ စပယ်. . ."

မမကား လက်ကလေးပြကာ ခြံထဲမှလှမ်းထွက်သွားပါပြီ။ ခင်စပယ်သည်လည်း ကားလေးမောင်းကာ ထွက်ခဲ့ပြီဖြစ်လေ၏။ သမီးလေးအိမ်မှထွက်သွားပြီမို့ ဒေါ်ချယ်ရီရွှေသည်လည်း မိမိစိတ်ကူးအား အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်လေ၏။

× × × × ×

ဒေါ်ချယ်ရီရွှေတစ်ယောက် မိမိနေထိုင်ခဲ့သည့်တိုက်ကြီး၏ ဆင်ဝင်အောက်၌ ရပ်လိုက်သည်နှင့်. . .

"ဟင် ဟဲ့ ကောင်မ. .ညီးကို ဘယ်သူက ခြံတံခါးဖွင့်ပေးလို့ ညီးဝင်လာရတာလဲ၊ ဘယ်မလဲ အလုပ်သမားတွေ၊ လာကြစမ်း ဒီမှာ လာဆွဲထုတ်ကြစမ်း. . ."

"မဝင်းမာစံရယ်၊ ကျွန်မ အစ်ကို့အခြေအနေကို ခဏလောက် ကြည့်ပါရစေရှင်၊ ကျွန်မကို ကြည့်ခွင့်ခဏလေးပဲပေးပါ. . ."

"ဟင် ရာရာစစ၊ ဖြန်း. .၊ ပြောဦး. .ဖြန်း. . ."

"အိုး. . ."





"ညီးမျက်နှာမကြည့်ချင်ဘူး၊ အခုပြန် ထွက်သွား သွား..."

"အင့်. .အမေ့ . . ."

ပါးနားရိုက်ပြီး ဆောင့်ပစ်လိုက်၍ ဒေါ်ချယ်ရီရွှေမှာ ဖင်ထိုင်ရက်လဲကျသွားရသည်။ ဒါကိုပင် အကြင်နာကင်းမဲ့စွာဖြင့် ဒေါ်ဝင်းမာစံသည် ဒေါ်ချယ်ရီရွှေအား ဒေါသတကြီး ခြေနှင့်ကန်ပစ်နေပြန်ပါ၏။

"ညီးနဲ့ဒီနေရာနဲ့ ဘာမှမဆိုင်တော့ဘူး၊ ညီး ဒီကိုနောက်ဘယ်တော့မှမလာပါနဲ့၊ သွား ထွက်သွား အခုထွက်သွား၊ ဟဲ့ အလုပ်သမားတွေ. .ဒီကောင်မကို အခုဆွဲထုတ်ကြစမ်း. . ."

အလုပ်သမားတွေက ခုမှအပြေးရောက်လာကြသည်။ နောက်ဘက်မှ မချစ်နှင့်ဘုတ်ဆုံမတို့လည်း ပြေးထွက်လာကြ၏။

"အိုး မမလေး. . ."

ဒေါ်ချယ်ရီရွှေအား ဒဏ်ရာတွေနှင့်တွေ့သည်တွင် မချစ်မှာ အံ့သြရင်း စိတ်မကောင်းဖြစ်သွားရသည်။

"ဟဲ့ ကောင်မ. .ညီးသခင်မနဲ့ ညီးလိုက်သွားချင်ရင် အခု လိုက်သွား၊ မလိုက်ချင်ရင် ညီး အိမ်ထဲဝင်. . ."

"ဟဲ့ ကောင်မ..ညီးအလုပ်မရှိဘူး၊ အခုအထဲဝင်. . ."

ဘုတ်ဆုံမက မချစ်လက်ကိုဆွဲပြီး အိမ်ထဲပြန်ဝင်ခိုင်းလိုက်သည်။ မချစ်မှာ အလုပ်သမားတွေဆွဲခေါ်သွားသည့် ဒေါ်ချယ်ရီရွှေကို လှမ်းကြည့်ပြီး စိတ်ထိခိုက်ကျန်ရစ်ခဲ့ရလေ၏။ ဘစ်ဆက်တည်းလည်း ဒေါ်ချယ်ရီရွှေသည် ဘုတ်ဆုံမထံ မျက်နှာရိပ်နှင့် လှမ်းကြည့်လိုက်သည်။

ဘုတ်ဆုံမကလည်း အကင်းပါးသည်၊ မချစ်ကိုဆွဲခေါ်ပြီး မီးဖိုထဲပြန်ဝင်သွားလိုက်ကြ၏။ ဒေါ်ဝင်းမာစံကား အလုပ်သမားတော့



www.burmeseclassic.com

www.burmeseclassic.com



မည့်သားချော အပေါ်ထပ်မှဆင်းမလာခင် သူမမျက်နှာအား နှုတ်ခမ်းဆိုးဆေးနှင့်ပွတ်ထားလိုက်သည်။ ပြီးတော့ ဧည့်ခန်းကြမ်းပြင်ထက်၌ ထိုင်ချလိုက်ပြီး ကတုန်ကရင်ကြောက်ရွံ့ဟန်နှင့် ငိုရှိုက်နေဟန်လုပ်နေလိုက်သည်။ မှန်းဆထားသည့်အတိုင်းပင် အပေါ်ထပ်မှ သားဖြစ်သူကိုကိုသည် အလပ်သွားရန်ဆင်းလာခဲ မိခင်အားမြင်တွေ့လိုက်သည်တွင် အံ့ဩခြင်းနှင့် ပျာယာခတ်သွားရရှင်း. . .

"ဟင် မေမေ မေမေ၊ ဟင် အို .မေမေ့မျက်နှာမှာ ဒဏ်ရာတွေပါလား၊ ဘယ်လိုဖြစ်ရတာလဲ မေမေရယ်. . ."

"အဟင့် ဟင့် အီး ဟီး ဟီး သား. .ချယ်ရီရွှေဆိုတဲ့ မိန်းမ သိပ်အနိုင်ကျင့်တယ်၊ မေမေ့ကို လာရိုက်သွားတယ် အီး ဟီး ဟီး . . ."

"ဟင် ဗျာ. . ၊ တောက်. . ."

မိခင်စကားတွင် ကိုကိုတစ်ယောက် ဒေါသထွက်သွားရသည်။ တစ်ဆက်တည်း ဖုန်းရှိရာသွားပြီး မမထံ ဖုန်းကောက်ဆက်လိုက်၏။ မဒေါ်ဝင်းမာစံကပြုံး၍နေ၏။

"ဟော့ ဒီမှာ မမ. . ."

"ရှင်. . ."

"မင်းကို ငါပြောစရာရှိတယ်၊ (× ×)ဆိုင်ကို အခုချက်ချင်းလာခဲ့ပါ. . ."

စကားအဆုံး သူဖုန်းချလိုက်သည်။ ပြီးတော့ သူသည် အိမ်မှကားမောင်းထွက်သွားလိုက်လေ၏။

× × × × ×





မမမှာ . .ပုပ်လိုက်ရှာနေရင်းမှ ကိုကို့ဖုန်းကြောင့် ကိုကိုချိန်းရာ(× ×)ဆိုင်သို့ ရောက်လာခဲ့ရလေ၏။

"ဒီမှာ မမ. .မင်းအမေက ကြည့်တော့ မခုတ်တတ်တဲ့ကြောင်လိုလိုနဲ့. . ."

"ဘာပြောတယ်၊ ဘာကြောင့် မေမေ့ကို ဒီလိုပြောရတာလဲ"

"ပြောရတဲ့အကြောင်း ပြောပြမယ်လေ၊ ခုမနက်စောစောစီးစီး မင်းအမေအိမ်ကိုလာသွားပြီး ငါ့မေမေကိုရိုက်သွားတာ မျက်နှာတစ်ပြင်လုံး ရစရာမရှိဘူးကွ. . ."

"ဘာပြောတယ်၊ မဖြစ်နိုင်ဘူး၊ အဲဒါကမှ ပိုပြီးမဖြစ်နိုင်သေးတယ်. . ."

"မင်းကမယုံဘူးပေါ့. . ."

"သေတာတောင်မယုံဘူးရှင့်၊ ရှင့်အမေမျက်နှာကိုရော ရှင်သေချာကြည့်ခဲ့ရဲ့လား၊ ရှင့်အမေက သိပ်မာယာများတယ်၊ အဲဒါရှင်သိရဲ့လား. . ."

"မင်းမဖော်ကားနဲ့ မမ၊ မင်းစကားကောင်းကောင်းပြောပါ"

"ကျွန်မ ကောင်းကောင်းပဲပြောတယ်၊ ကျွန်မသိတယ်၊ အားလုံး ရှင့်အမေပဲကြံစည်နေတာ၊ ရှင့်အမေရဲ့ရိုက်ချက်တွေပဲ၊ ရှင်ဘာပြောပြော ကျွန်မဘာမှမယုံဘူး၊ ကျွန်မကိုလက်တွေ့ပြတာတောင်မယုံဘူး. . ."

"မမ. . . ငါ. . ."

"ရိုက်လေ ရိုက်ပါ၊ မမကိုရိုက်နိုင်ပါတယ်၊ မမကပြုံးပြုံးလေးပဲနေပြပါမယ်၊ ရိုက်ပါ. . ."

သူလက်ရွယ်တော့ မမဆိုသည်။ မမအသွင်က အေးစက်



www.burmeseclassic.com

www.burmeseclassic.com



မက်ပင်၊ ကိုကိုသည်က ဒေါသတကြီးဖြင့် ဘာလုပ်၍လုပ်ရမှန်းမသိဖြစ်ကာ နောက်ဆုံး ကိုကိုသည် ဆိုင်ထဲမှထွက်သွားလိုက်ပါတော့၏။ ထိုအချိန်များ၌ ကိုကို၏တိုက်ကြီးတွင်ကား. . .

"ဟား ဟား ဟား ကဲ ခုတော့ ဘာတတ်နိုင်သေးလဲ၊ ဟား ဟား ဒီမှာမြတ်ထင်ဆိုတဲ့အကောင်၊ နင်ခုတော့ ဘာလုပ်နိုင်သေးလဲ၊ နင်ဖါ၀ါတွေပြနိုင်သေးလား၊ နင်ဘယ်နေရာမှာ ဘာတစ်ခုအသုံး၀င်တော့လို့လဲ၊ ပြောစမ်း ပြောစမ်း ငါ့ကိုပြောစမ်း၊ မြတ်ထင်.. ရော့ ဒီမှာ နင်သောက်ဖို့အရက်၊ နင့်ပါးစပ်ထဲပါ လောင်းချပေးမယ် ဟား ဟား ဟား. . ."

မိမိရူးဟန်ဆောင်ကာ မကျေနပ်ခဲ့ရသမျှ ဒေါ်၀င်းမာစံသည် လက်တုံ့ပြန်သည့်အနေနှင့် ဦးမြတ်ထင်မျက်နှာပေါ်တွင် အရက်တွေလောင်းချရင်း စကားတွေကို ကျေနပ်စွာဆိုသည်။ ဦးမြတ်ထင်သည်က ငြိမ်သက်စွာရှိနေရာမှ တစ်ချို့ဖြင့် ဦးမြတ်ထင်သည် သုံးလေးချက်မျှ မျက်ခွံတွေလှုပ်သွားရလေ၏။

"မြတ်ထင်. .နင်အခုဘာလုပ်နိုင်သေးလဲ၊ နင်အခု ဘာမှမလုပ်နိုင်တော့ဘူးမဟုတ်လား၊ နင်မလုပ်နိုင်တော့လို့ ငါလုပ်တယ်၊ အခုအားလုံး ငါ့စိတ် ငါ့သဘော ငါဒါရိုက်တာပဲ၊ ဟား ဟား ဟား. . ."

ဒေါ်၀င်းမာစံကား ဦးမြတ်ထင်အခြေအနေမှန်ကို လုံး၀မသိသည်ကအမှန်၊ စိတ်ကြိုက်ပြောချင်ရာပြောပြီး အောင်နိုင်သူကြီးတစ်ယောက်အဖြစ် ပြုံးပျော်ရယ်မောနေပါတော့၏။

× × × × ×





နေကကျစ်ကျစ်တောက်ပူပြင်းနေသော်လည်း ဒေါ်ချယ်ရီရွှေသည် ဘာမှမသိ၊ ဘာမှမခံစားမိသလို လမ်းပေါ်တွင် တစ်လှမ်းချင်းလျှောက်လှမ်းနေဖြစ်လေ၏။ ဒေါ်ချယ်ရီရွှေ၏အသွင်သည် တူရူသို့မှ ငေးငေ၍နေသည်ပါ။

"မချယ်ရီရွှေရယ်. .ကျွန်တော်လေ ရက်လိုက်တာ၊ ရှက်လိုက်တာဗျာ၊ ကျွန်တော်သိပ်ခံပြင်းတယ်၊ ပြီးတော့ ကျွန်တော့်ကိုယ်ကျွန်တော်လည်း သိပ်နမျောမိတယ် . . ."

တစ်ချိန်က တစ်ညတွင် ဦးမြတ်ထင်တစ်ယောက် ဘီယာမူးပြီးရောက်လာခဲ့စဉ်က အသည်းထဲမှ နာနာကျင်ကျင်ပြောသည့် စကားတွေပါ။ အလိုအလျောက် ဒေါ်ချယ်ရီရွှေနားထဲ ပြန်လည်ကြားယောင်နေဖြစ်ရသည်ပါ။

"ရက်စက်လိုက်တာ၊ ယုတ်မာလိုက်တာ၊ မိုက်ရိုင်းလိုက်တာဗျာ. . ."

"ကိုမြတ်ထင်..ဘယ်သူ့ကိုဘာတွေပြောနေတာလဲ၊ ဘာတွေဖြစ်ခဲ့လို့လဲရှင်. . ."

"ကိုယ်သိပ်ဝမ်းနည်းမိတယ် ချယ်ရီရွှေရယ်၊ ကိုယ့်လိုအလုပ်ကိုကြိုးစားပြီး မိသားစုအိမ်ထောင်ရေးကို ဂရုစိုက်တဲ့ယောကျ်ားတစ်ယောက်ဟာ ဒီလိုဖြစ်သင့်သလား၊ ဒီလိုရသင့်သလားဗျာ၊ စဉ်းစားပေးပါဦး. . ."

"ရှင်. .တွေဖြစ်ခဲ့လို့လဲ ကိုမြတ်ထင်ရယ်၊ ရှင်းရှင်းပြောပြမှပဲ ကျွန်မသိမှာပေါ့. . ."

"သူဖောက်ပြန်တယ်၊ သူဖောက်ပြန်နေတယ်၊ သူဖောက်ပြန်နေတဲ့သူကလည်း ကြည့်ဦး၊ တံခါးစောင့် .ဟိုတယ်တံခါးစောင့်ကွဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ဝင်းမာစံ..ဒေါ်ဝင်းမာစံဆိုတဲ့မိန်းမလေ၊ ကိုယ့်နောက်ကွယ်မှာ ဖောက်ပြန်ရေးဖောက်ခင်းနေတာမှ အကြီးအကျယ်၊ သူများတွေပြောရင်တောင် ကိုယ်ယုံမှာမဟုတ်ဘူး၊ ဘယ်သူပဲပြောပြော ကိုယ်ယုံမှာမဟုတ်ဘူး၊ သူ့ရဲ့မာယာပရိယာယ်တွေက သိပ်ကောင်းတယ်လေ၊ ကိုယ်အသုံးမကျဘူး၊ ကိုယ်တကယ်အသုံးမကျတဲ့ယောကျ်ား. . ."

"ဟင်! အို. .ဟုတ်လို့လား ကိုမြတ်ထင်ရယ်၊ ရှင့်ကို ဘယ်သူပြောလဲ၊ ဒါမှမဟုတ် ရှင်ကိုယ်တိုင်တွေ့ခဲ့တာလား. . ."

"ဟင်း. .ပြောပါပကောဗျာ၊ သူများတွေပြောရင် ကိုယ်မယုံပါဘူးလို့၊ ကိုယ်ကိုယ်တိုင်မြင်ခဲ့တာ၊ ကိုယ့်မျက်လုံးနဲ့မြင်ခဲ့တာ၊ ကိုယ့်အိမ်ထဲမှာပဲ၊ ကိုယ့်တိုက်ထဲမှာပဲ၊ ကိုယ့်အိပ်ယာထဲမှာပဲ. . ."

"ရှင်. .အို ဟုတ်မှဟုတ်ရဲ့လားရှင်. . ."

"အဲဒါ ကိုယ်လည်းဒီလိုပဲမေးနေတာပါ၊ ဟုတ်မှဟုတ်ရဲ့လားလို့၊ ဒါပေမယ့် ဒီမျက်လုံးတွေနဲ့မြင်ခဲ့မှတော့ ကိုယ်သိပ်ပြီးနာကြည်းမုန်းတီး စက်ဆုပ်မိပြီ၊ ကိုယ်နွားကြီးဖြစ်နေရတဲ့အတွက် ရှက်လို့မဆုံးဘူး၊ ဒီမိန်းမကိုယူမိတဲ့အတွက်လည်း ကိုယ့်ကိုယ်ကို နှမြောမဆုံးဘူး၊ နောင်တရမဆုံးဘူး. . .

ကျွန်တော်မုန်းတယ်၊ ကျွန်တော်နာတယ်၊ ကျွန်တော်ရွံတယ်၊ ကျွန်တော့်ကိုကယ်ပါဦး ချယ်ရီရွှေရယ်၊ ကျွန်တော်ဒီလိုမိန်းမမျိုးကို ရသင့်သလားဗျာ၊ ကျွန်တော်ကွာမယ်၊ တရားဝင်ကွာမယ်၊ တစ်စက္ကန့်တောင် ကျွန်တော်လက်မခံနိုင်ဘူး. . ."

"ကိုမြတ်ထင်ရယ်. .စဉ်းစဉ်းစားစားလည်းလုပ်ပါရှင်၊ သားကိုကိုတစ်ယောက်လုံးလည်း ရှိနေသေးတာမဟုတ်လား၊ သားလေးရဲ့မျက်နှာကိုလည်းထောက်ပါရှင်. . ."





"ကိုယ့်သားက ကိုယ့်သားပါပဲ၊ ကိုယ့်သားရဲ့နေရာမှာ လုံးဝမလျော့စေရပါဘူး၊ ဒါပေမယ့် ဝင်းမာစံဆိုတဲ့မိန်းမကိုတော့ ဘယ်လိုမှလက်ခံလို့မရတော့လို့ပါဗျာ၊ ဒီမိန်းမ ကျွန်တော့်ကိုစော်ကားတာ၊ ယောကျ်ားတစ်ယောက်ကို စော်ကားလိုက်တာ၊ ကိုယ်စာရင်းရှင်းမယ်၊ ဒီညပဲစာရင်းရှင်းမယ်၊ သူတို့က ကျွန်တော်ခရီးသွားတယ်ဆိုပြီး လောကကြီးကို မေ့နေကြတယ်၊ ထွီး..စာရင်းရှင်းမယ်၊ အခုသွားရှင်းမယ်၊ မချယ်ရီရွှေ .ခင်ဗျားလိုက်ခဲ့ပါ၊ ခင်ဗျားကို ကျွန်တော်လက်ထပ်မယ်. . ."

"အို အို ဘယ်လိုပြောလိုက်တာလဲ၊ မဟုတ်တာရှင်. . ."

ဒေါ်ချယ်ရီရွှေလန့်ဖြန့်ကာ နေရာမှထရပ်လိုက်သည်။ စောစောကစကားတွေပြောနေသည်မှာ အကောင်း၊ မိမိမှာ အံ့သြစိတ်မကောင်းဖြစ်ရသည်။ ခုလိုပြောလာတော့ ဒေါ်ချယ်ရီရွှေမှာ ရှက်လန့်တုန်လှုပ်ကာ အခက်ကြုံရတော့၏။

"ချယ်ရီ..ကိုယ်တကယ်ပြောတာပါ၊ ကိုယ့်ကိုစိတ်မဆိုးပါနဲ့၊ မင်းကို ကိုယ်တကယ်မြတ်နိုးမိတယ်. . ."

"အိုး ရှင်မူးနေတယ်၊ တော်ပါတော့ရှင်၊ ရှင်အိမ်ပြန်တော့နော်. . ."

"ဩော် မင်းလည်း ကိုယ့်ကိုလက်မခံချင်ဘဲကိုး၊ အေးလေ ကိုယ်ပြန်ပါ့မယ်၊ အ အ ဝုန်း. . ."

"အိုး ကိုမြတ်ထင်. .ကိုမြတ်ထင်. . ."

အိမ်ပြန်ရန် ကိုမြတ်ထင်တစ်ယောက် နေရာမှအထ မဟန်နိုင်ဘဲ ဟပ်ထိုးလဲကျကာ ကြမ်းထက်တွင်ပုံနေတော့သည်။ ဒေါ်ချယ်ရီရွှေမှာ မကိုင်ရဲမပြောရဲဖြင့် တစ်ခေါ်တည်းခေါ်နေရသည်။ ထိုအချိန်



www.burmeseclassic.com

www.burmeseclassic.com



က သမီးလေးမမသည် အခန်းထောင့်လေးတွင် ကြောက်ရွံ့ကာ ကြည့်နေရှာလေ၏။

ထိုအချိန်က အိမ်ဖော်အဒေါ်ကြီးကလည်း ပြန်သွားပြီဖြစ်၍ အမူးသမားနှင့် ဒေါ်ချယ်ရီရွှေသည် အခက်ဖြစ်နေရသည်။ နောက်ဆုံး မတော့ မဖြစ်မနေ သူ့အားတစ်ချက်ကူညီမိလိုက်သည်တွင် သူ့ဘဝ တစ်လျှောက်လုံးအတွက် ဒေါ်ချယ်ရီရွှေသည် ကူညီဖော်ဖြစ်သွားရ ပါတော့၏။

ထိုအချိန်က သမီးလေးမမသည် လွန်စွာငယ်ရှာပါသေး သည်။ ထိုညလွန်ပြီး နောက်တစ်နေ့မနက်တွင်မတော့ ကိုမြတ်ထင် သည် ဒေါ်ချယ်ရီရွှေအား တရားရုံးတွင်လက်ထပ်ပြီး တိုက်ကြီးပေါ်သို့ ခေါ်တင်သွားလိုက်ပါ၏။ မိမိရှေ့တွင်ပင် ကိုမြတ်ထင်နှင့် ဒေါ်ဝင်းမာ စံတို့ ရန်ဖြစ်စကားများကြသည်။

သားကိုကိုသည်လည်း ထိုအချိန်က အရွယ်မရောက်သေး သည့်အရွယ်ပါ။ မိဘတွေစကားများနေသည်ကို မျက်နှာငယ်လေးနှင့် ကြည့်ပြီး ဒေါ်ချယ်ရီရွှေထံလည်း လှမ်းလှမ်းကြည့်သည်။ ဦးမြတ်ထင် သည် သားကိုကိုရှိနေ၍ မိခင်ဖောက်ပြန်မှုအကြောင်းအား လုံးဝဖွင့် မပြောဘဲထားသည်။

ဝင်းမာစံကအဟုတ်ကြီးမှတ်ပြီး ရင်ကွဲမတတ် သူမကောင်း ကြောင်းတွေကချည်းကို အော်ဟစ်ငိုယိုကာပြောဆို၏။ ထိုအဖြစ်အပျက် တွေက နုနယ်သော သားကိုကို၏ရင်တွင်း၌ အနာကြီးတစ်ခု ဖြစ်စေ ခဲ့မည်ပါ။ နောက်ဆုံး ဦးမြတ်ထင်သည် ဒေါ်ဝင်းမာစံအား တရားဝင် ကွာရှင်းရန်အတွက် ရှေ့နေတွေခေါ်လာချိန်တွင် ဒေါ်ဝင်းမာစံကား ရူးပါပြီ။ ဒေါ်ဝင်းမာစံတစ်ယောက် ထိုအချိန်မှစပြီး စိတ်ရောဂါသည်





ဖြစ်သွား၏။

"ကျွီး. . .ဒိုင်း. . ."

"အား. . ."

မည်မျှအထိ အတွေးတွေလွန်ခဲ့သည်မသိပါ။ ဒေါ်ချယ်ရီရွှေ သည် ကိုယ်စိတ်နှလုံးသုံးပါး ထိခိုက် ဆင်းရဲ ပင်ပန်းမောပမ်းစွာဖြင့် သတိလက်လွတ် လမ်းဖြတ်ကူးမိလိုက်သည်မတော့ ကားတစ်စီးသည် ဘရိတ်နင်းပါသော်လည်း ဒေါ်ချယ်ရီရွှေအား တိုက်မိသွားရပါ သတည်း။

× × × × ×

"အင်း မေမေ့သားလေးအဖြစ်ကလည်း ဆန်းကြယ်ပါတယ် ကွယ်၊ ခုတော့ သားလေးသိပြီမဟုတ်လား၊ ဒီကလေးမက ငါ့သား လေးကို ဘယ်လိုဆေးဝါးတွေနဲ့လုပ်ပြီး လှည့်စားနေလဲတော့မသိ တော့ဘူး၊ အိုး မဖြစ်တော့ဘူး၊ မေမေတော့ သားကိုကြည့်မနေနိုင် တော့ဘူး၊ သားတို့ချစ်သူနှစ်ဦးကို မေမေ မြန်မြန်ပဲပေးစားမှရတော့ မယ်၊ သားတို့ကို မြန်မြန်လက်ထပ်ပေးမယ်. . ."

နဂိုကတည်းကမှ ထမင်းစားချင်စိတ်မရှိဘဲ ထမင်းကိုစားနေ ရသည်။ ထမင်းစားရင်းပြောနေသည့် မေမေ့စကားတွေကလည်း သူ့နားထဲရောက်တစ်ချက် မရောက်တစ်ချက်၊ တစ်ချို့ မေမေ့စကား ကြောင့် သူခေါင်းမော်သွားရသည်။ ထမင်းစားရင်း ဝင်းမှူးက သူ့ကို အသနားခံသော၊ ရိုးရိုးမဲ့သောအကြည့်တွေနှင့် ကြည့်လာသည်။ သွေးတိုးစမ်း၍ပြောလိုက်သည့် စကားအတွက် ဒေါ်ဝင်းမာစံက သားချောမျက်နှာသိ အကဲခတ်ကြည့်လိုက်၏။ ကိုကိုသည်



www.burmeseclassic.com

www.burmeseclassic.com



ဝင်းစုချိုထံ အားနာစွာကြည့်လိုက်ပြီး. . .

"ကျွန်တော်လက်မခံဘူး မေမေ၊ လက်မခံပါရစေနဲ့၊ ကျွန်တော်က လက်ထပ်ပြီးသား၊ မမက ကျွန်တော့်ဇနီးပါ. . ."

"ဒီကောင်မလေးက သားကိုလှည့်စားနေတာပဲ၊ အခု သားလည်း သူ့အကြောင်းသိပြီမဟုတ်လား၊ မေမေခွင့်မလွှတ်နိုင်ဘူး သား"

"တောင်းပန်ပါတယ် မေမေရယ်၊ ကျွန်တော်က သူ့ကိုချစ်တယ်၊ ဘာဖြစ်ဖြစ် သူ့ကိုချစ်တယ်. . ."

"ဟင်! ကိုကို. . ."

ဝင်းစုချို ခံရခက်သွားသည်။ ရှက်ခြင်းနှင့် ဝမ်းနည်းသွား၏။ ကိုကို့သနားအောင် ဟန်လုပ်ရသည်လည်းတစ်ကြောင်း၊ တကယ်လည်း ရှက်စိတ်ဖြင့် ဝင်းစုချိုသည် ဝမ်းနည်းမျက်နှာဖြင့် ထမင်းစားပွဲမှ ငိုယိုသလို ထထွက်သွားလိုက်လေ၏။

"အို သမီးဝင်းစု. . ."

"ဝင်းစုရှက်တယ် ဒေါ်လေး၊ အဟင့် ဟင့်. . ."

ဒေါ်ဝင်းမာစံကတားသော်လည်း ဝင်းစုက ထွက်သွားပြီဖြစ်သည်။ သူက အားနာစွာနှင့်ပင် ရှိနေလေ၏။ ဒေါ်ဝင်းမာစံမှာ သားရှောဂထံ သက်မချကာကြည့်ဖြစ်ရင်း. . .

"မေမေတော့ နားမလည်တော့ဘူး၊ သားဘာဖြစ်လို့ ခုလို အပြောင်းအလဲမြန်ရတာလဲ၊ သားကို တကယ်နားမလည်တော့ဘူး၊ ဟိုကလေးမနဲ့တော့ ဘယ်လိုမှမဖြစ်နိုင်တော့ဘူးနော် သား၊ မေမေ လက်မခံဘူး၊ ငယ်ငယ်တုန်းကတော့ သားဟာ ဝင်းစုမှဝင်းစု၊ ဝင်းစုလေးကို အရမ်းချစ်ခဲ့ပြီး အခုတော့ သား ဘာဖြစ်လို့ ဝင်းစုလေးကို မချစ်တော့တာလဲ. . ."





မိခင်ဆိုတော့ သူ့စိတ်တွေသည် ဇဝေဇဝါဖြစ်ကာ [illegible] စဉ်းစားဖြစ်ရလေ၏။

"သား. . ဝင်းစုကိုသွားချော့လိုက်ပါ သားရယ်၊ [illegible] တော်တော်ကိုထိခိုက်သွားရှာမယ်. . ."

မိခင်ကတိုက်တွန်းသလိုဆိုတော့ ကိုကိုသည် ဇဝေဇဝါစိတ်ဖြင့် နေရာမှထကာ ဝင်းစုရှိရာသို့ လှမ်းထွက်ခဲ့ဖြစ်၏။ ထမင်းစားခန်းအပြင်ဘက်ရှိ ပြူတင်းနားတွင် ဝင်းစုကို သူတွေ့လိုက်ရသည်။

"ဝင်းစု. . ."

သူခေါ်တော့ ဝင်းစုလှည့်ကြည့်လာသည်။ ဒေါ်ဝင်းမာစံက နောက်မှလှမ်းကြည့်ပြီး ဝင်းစုထံလက်မထောင်ပြ၏။ ဝင်းစုမှာ မျက်ရည်စလေးတွေနှင့် သူ့ကိုကြည့်လာတော့ သူသည် ဝင်းစုလက်တစ်ဘက်ဆီ ဆွဲကိုင်ဖြစ်ရင်း. . .

"တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော်တကယ်ပဲ ဘာမှမမှတ်မိတော့လို့ပါ. . ."

သူဆိုသာဆိုရသည်၊ သူ့မျက်နှာကမကောင်း၊ ဝင်းစုသည်က သူ့ကိုငိုပြ ရယ်ပြရင်း သူ့ရင်ခွင်ထဲတိုးဝင်လာရင်းက. . .

"အဟင့် ဟင့် ဟင့် ကိုကိုရယ်. . ဝင်းစုကတော့ ကိုကို့ကို ချစ်လိုက်ရတာ. . ."

သူ့ရင်ခွင်ထဲတိုးဝင်ကာ ဝင်းစုဆိုရင်း သူ့ကိုပိုက်ဖက်လာတော့ သူသည် ဝင်းစုအား ပြန်၍နှစ်သိမ့်မှုပေးဖို့ပင် ဝန်လေးနေရသလိုပါ။ နောက်ဆုံးမတော့ သူ့လက်အစုံသည် ဝန်လေးစွာနှင့်ပင် ဝင်းစုချိုအား ဖွဖွထွေးဖက်ဖြစ်လိုက်ရလေ၏။

ထိုအချိန်များ၌ (× ×)ဆေးရုံကြီးတွင်က [illegible] ရှိလေး၊



www.burmeseclassic.com

www.burmeseclassic.com



ခင်စပယ်၊ မမနှင့် ချစ်ဦးတို့အဖွဲ့မှာ ခုမှသက်မတွေကိုယ်စီချကြရပြီး ဒိတ်တွေပေါ့ပါးစွာနှင့် ဒေါ်ချယ်ရီရွှေအား ကြည့်ဖြစ်ကြရင်း...

"တော်သေးတယ် ဒေါ်ဒေါ်ရယ်၊ ဘာမှဖြစ်မသွားလို့"

"သမီးဖြင့်စိတ်ပူလိုက်ရတာ မေမေရယ်၊ တော်သေးတယ်၊ သူတော်ကောင်းနဲ့တွေ့လို့ပေါ့ မေမေရယ်. . ."

"ဒေါ်ဒေါ်..နောက်တစ်ခါ အိမ်ထဲကအိမ်ပြင် မထွက်ပါနဲ့နော်၊ ဒေါ်လေးအတွက် ဂိုးရုံမ်လို့ပါ၊ ဒေါ်လေးကအားမရှိသေးဘူး"

"မေမေ့ကို သမီးသနားလိုက်တာ မေမေရယ်. . ."

"မေမေက ကိစ္စမရှိဘူး၊ မေမေက သမီးလေးကိုပဲ သနားနေတာ. . ."

သမီးချောကိုထွေးပိုက်ရင်း ဒေါ်ချယ်ရီရွှေဆိုသည်။ သို့သော်လည်း သားအမိနှစ်ယောက်စလုံးက မိမိတို့ခံစားချက်တွေကို ကိုယ်စီထိန်းချုပ်နိုင်သူတွေပါ။

"ကဲ သမီးတို့ သားတို့. .မိုးချုပ်လှပြီကွယ်၊ ပြန်အနားယူကြပါ၊ မေမေလည်း မနက်ဖြန်ကျရင် ဆေးရုံကဆင်းရမှာပါ၊ ဒီညတော့ ဆရာမနဲ့ မေမေနေရင်ရပါပြီ သမီးတို့အားလုံး ပြန်ကြတော့နော်. ."

ဒီ.ချိန်လည်းမရှိတော့ပြီမို့ အားလုံးလည်းပင်ပန်းထားကြ၍ ဒေါ်ချယ်ရီရွှေဆိုသည်တွင် သူတို့အားလုံးပြန်ခဲ့လိုက်ကြလေ၏။

❖ ❖ ❖



## (နှစ်ဆယ့်နှစ်)

အိမ်ရှေ့တွင် ကားတစ်စီးရပ်လာ၍ ခင်စပယ်ထွက်ကြည့်သည်။ ကားပေါ်မှဆင်းလာသည့် ဝင်းစုချိုကိုမြင်လိုက်တော့ ခင်စပယ်သည် အိမ်ထဲပြန်ဝင်ခဲ့ပြီး...

"မမ. .ဝင်းစုချိုဆိုတဲ့မိန်းမ စောစောစီးစီးလာနေတယ်၊ ပုံစံကတော့ မာရေကြောရေနဲ့ကြည့်မရဘူး၊ ကောင်းသောလာခြင်းတော့ မဖြစ်တန်ဘူး၊ သူတို့ရုပ်တွေကိုက ကောင်းတဲ့ရုပ်တွေမဟုတ်ဘူး"

မုန့်ဆိုင်တစ်ဆိုင်တွင် အလုပ်ရပြီမို့ အလုပ်သွားရန်ပြင်ဆင်နေသည့်မမ၊ ခင်စပယ်စကားတွေကြောင့် စိတ်ဝင်စားသွားရပြီး အိမ်ရှေ့သို့ထွက်ခဲ့လိုက်သည်။ ခင်စပယ်သည်က ပြူတင်းမှပင်လှမ်းကြည့်ကျန်ရစ်ခဲ့၏။

"ဘာကိစ္စရှိလို့လဲ အစ်မ. . ."

"နင်အလုပ်ရပြီလား. . ."

"ဟုတ်ကဲ့၊ (× ×)မုန့်ဆိုင်မှာရပြီ. . ."

"ကြော် ကြော် တော်သေးတာပေါ့. . ."

ပုံစံက မိမိအကျိုးအားမလိုလားသည့်ပုံစံက ပေါ်လွင်နေသည်ကို မမ နားလည်လိုက်လေ၏။

"ကိစ္စရှိလား အစ်မ. . ."



www.burmeseclassic.com

www.burmeseclassic.com



"အေး. . နင် ဒီမှာ လက်မှတ်ထိုးပေးလိုက်၊ ကိုကိုက နင့်မျက်နှာကိုမကြည့်ချင်လို့ ကိုယ်တိုင်မလာဘူး၊ ငါ့ကိုလွှတ်လိုက်တာ. . ."

"လက်မှတ်ကဘာအတွက်လဲ၊ စာချုပ်စာရွက်က ဘာမှလဲရေးမထားဘူး. . ."

"ဟုတ်တယ် ကွာရှင်းစာချုပ်၊ ကိုကိုက နင်နဲ့ကွာရှင်းမယ်တဲ့. . ."

"ပြီးတော့. . ."

"ငါနဲ့ကိုကို လက်ထပ်မယ်၊ နင်ရှက်တတ်မယ်ဆိုရင် အမြန်ဆုံးလက်မှတ်ထိုးပေးလိုက်ပါ. . ."

"မထိုးနိုင်ဘူးဆိုရင်ကော. . ."

"ညီးကဘာပြောတယ်၊ ယောက်ျားတစ်ယောက်က နင့်ကိုမှမလိုချင်တော့တာ၊ အရှက်မရှိဘူးလား. . ."

"အရှက်မရှိတာက ကျွန်မ,မဟုတ်ဘူး၊ သူများယောက်ျားကို သူများလက်ထဲက အမျိုးစုံနည်းနဲ့က လုယူနေတဲ့သူကမှ အရှက်မရှိတာ. . ."

"ဟင် ဘာပြောတယ်၊ နင်လိုကောင်မက. . ."

"ဝင်းစုချို. .နင် ငါ့သူငယ်ချင်းကို ထိရဲထိကြည့်စမ်း"

ဆိုရင်း မမကိုပါးရိုက်တော့မည်ပြုနေ၍ လှမ်းကြည့်နေသည့် ခင်စပယ်က လှမ်းအော်ပြောရင်း ပြေးထွက်ခဲ့သည်။ ခင်စပယ်ရောက်လာ၍ ဝင်းစုချိုဖြုံသွားသည်ကအမှန်။

"သတိထား ဝင်းစုချို၊ ဒါငါ့ရဲ့အိမ်နော်၊ နင့်ကိုယ်နင် ဘာမှတ်နေလဲ. . ."





"နင့်သူငယ်ချင်းက ငါ့ကိုစော်ကားနေတာ. . ."

"သူ့လင်ကိုယူလို့ယူတဲ့အကြောင်း ပြောတာပဲ၊ သူက စပြောတာမဟုတ်ဘူး၊ နင်ကစပြောတာပဲ၊ လင်မယားကိစ္စ လင်မယားပဲ ရှင်းတာကောင်းတာ၊ နင်က ဘာကိစ္စနဲ့ သူများလင်မယားကွာရှင်းမယ့်ကိစ္စထဲ ပါနေရတာလဲ၊ ရှေ့နေလည်းမဟုတ် ဘာလဲမဟုတ်နဲ့"

"ညီးကဘာသိလို့လဲ ခင်စပယ်၊ ကိုကိုက သူနဲ့မျက်နှာချင်းမဆိုင်ချင်တော့လို့ ငါ့ကိုလွှတ်လိုက်တာ. . ."

"မယုံပါဘူး၊ ငါတို့သိတာကတော့ ကိုကိုက သူ့မိန်းမကို သိပ်ချစ်တာပဲသိတယ်. . ."

"အခုနင်တို့ထင်သလို မဟုတ်တော့ဘူး၊ အခုကွာရှင်းလက်မှတ်နဲ့ ကုမ္ပဏီလွှဲစာချုပ်တွေ တောင်းခိုင်းလိုက်တယ်. . ."

"အဲဒါနင်ရူးလို့ပြောတဲ့စကားတွေပဲ ဝင်းစုချိုရဲ့၊ အဓိပ္ပါယ်မရှိတာတွေလာပြောနေတယ်၊ သွား နင်အခုထွက်သွား၊ ဘာမှမပေးဘူး၊ သူလိုချင်ရင် သူ့ဟာသူလာတောင်းပစေ. . ."

လက်သည်းငေါက်ငေါက်ထိုးကာ ခင်စပယ်ဆိုတော့ ဝင်းစုချိုသည် ရှက်ဒေါသတွေနှင့် ကားမောင်းပြန်ခဲ့လိုက်ရလေ၏။ တစ်လမ်းလုံးဒေါသတွေနှင့် ဝင်းစုချိုသည် ဒေါ်ဝင်းမာစံရှိရာသို့ ပြန်ရောက်လာသည်။

"သမီး ဘယ်လိုလဲ၊ အဆင်ပြေခဲ့လား. . ."

"မထိုးပေးဘူးတဲ့ ဒေါ်လေး၊ လိုချင်ရင် ကိုကို့ဟာကိုကိုလာယူတဲ့၊ ဝင်းစုကိုများပြောလွှတ်လိုက်တာ စုံနေတာပဲ. . ."

"အံမယ် စွာနေလိုက်တဲ့ ကောင်မ၊ ငါ့အကြောင်းသိရအောင်တာပေါ့၊ အေး ငါ့သားကလာယူဆိုရင် ငါ့သားကို သွားတောင်းခိုင်း



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ငါလည်းလိုက်မယ် သိရမယ်၊ သမီး..အပေါ်မှာသားရှိတယ်၊ သွားခေါ်ခဲ့. . ."

"ဟုတ်ကဲ့. . ."

ကျေနပ်စွာနှင့် ဝင်းစုချိုတစ်ယောက် အပေါ်ထပ်သို့တက်ခဲ့လိုက်သည်။ အပေါ်ထပ်ရှိအခန်းထဲအရောက်မတော့. . .

"ကိုကို. .ဟင် ကိုကိုလည်းမရှိပါလား၊ ကိုကို ကိုကို. ."

တစ်ခန်းလုံး ကိုကို့ကိုလိုက်ရှာသော်လည်း ကိုကိုကမရှိ၊ နောက်ဆုံး မှန်တင်ခုံပေါ်တွင် စာခေါက်လေးကိုတွေ့လိုက်၍ ဝင်းစုယူဖတ်ကြည့်လိုက်သည်။

*မေမေ. .စိတ်ညစ်လွန်းလို့၊ စိတ်ချမ်းသာမယ်ထင်တဲ့နေရာကို ကျွန်တော်ထွက်သွားပါပြီ. . .။*

"ဟင် ကိုကိုမရှိတော့ဘူး၊ အိုး အဟင့် ဟင့်. . ."

စာခေါက်လေးကိုယူပြီး ငိုယိုကာ အခန်းထဲမှ ဝင်းစုချိုပြေးထွက်ခဲ့လိုက်လေ၏။

"ဒေါ်လေး ဒေါ်လေး..ကိုကို မရှိတော့ဘူး၊ ထွက်သွားပြီ ဒီမှာ စာရေးသွားတယ်. . ."

"ဟင်! အမလေး သားရယ်. . ."

လေ့ကားမှပြေးဆင်းလာရင်း ဝင်းစုချိုပြောလာသည့်စကားကြောင့် ဒေါ်ဝင်းမာစံကား ခဲလေသမျှ သဲရေကျအဖြစ်မျိုးရောက်သွား၍ ဆိုဖာကြီးထက် အရုပ်ကြိုးပြတ်သကဲ့သို့ ကျသွားလိုက်ရပါတော့၏။

× × × × ×





"ကိုချစ်ဦး..ကိုချစ်ဦးကိုကြည့်ရတာလည်း အားမရလိုက်ဘာ၊ မမက သူတို့တွေစော်ကားနေတာကို ဒီလိုပဲခံနေရမှာလား၊ ဒါ သက်သက်အနိုင်ကျင့်စော်ကားနေတာ. . ."

"စပယ်ရယ်..မင်းကလည်းကွာ၊ ကိုယ်လည်းစဉ်းစားနေတာပါပဲ၊ ဒီလိုကိစ္စတွေဆိုတာက အရမ်းအရမ်းလုပ်လို့မရဘူး၊ ပြီးတော့ သူတို့ဇာတ်ကရှုပ်တယ်. . ."

"ဘာဇာတ်ရှုပ်တာလဲ၊ သူ့ကိုပြောရင်ဒီလိုချည်းပဲ၊ သူ့ကိုအားကိုးပြီး အကူအညီလာတောင်းပါတယ်ဆိုမှ တရားဟောဆရာနဲ့တွေ့နေရတယ်လို့၊ ဘာဇာတ်တွေကရှုပ်နေရပြန်တာလဲ ကိုချစ်ဦးရဲ့ပြောပါဦး. . ."

"စပယ်ကလည်းကွာ၊ တကယ်ခက်ဘယ်၊ အခုကိုယ်တို့စုံစမ်းရသလောက် ဇာတ်ရှုပ်နေတာက ဒေါ်ဝင်းမာစံနဲ့ဦးလင်းနိုင်ပဲ"

"ဟင်. .သူတို့တွေက ဖောက်ပြန်နေကြတာလား. ."

"မဟုတ်ပါဘူး၊ ဒီကိစ္စတွေကို ကိုယ်နဲ့ရဲတွေ ပူးပေါင်းပြီး စုံစမ်းနေတယ်၊ ကိုယ့်ဖေဖေအသတ်ခံရတဲ့အမှုနဲ့ လေးလေးဦးမြတ်ထင် အရိုက်ခံရတဲ့အမှုတွေက တစ်ဆက်တည်းပဲလို့ ရဲတွေကယူဆထားကြတယ်. . ."

"ဟုတ်လား၊ အကြောင်းတွေက ဘယ်လိုလဲ. . ."

"အကြောင်းအရာတွေကတော့ ပစ္စည်းကိစ္စတွေရော၊ လူမှုရေးကိစ္စတွေပါ ရောထွေးနေတယ်. . ."

"အဓိက,က ဘယ်သူလဲ. . ."

"အဓိက,ကတော့ ဒေါ်ဝင်းမာစံနဲ့ဦးလင်းနိုင်ကို လေ့လာနေတယ်၊ သူတို့ပတ်ဝန်းကျင်မှာ ရဲတွေစောင့်ကြည့်နေကြတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မမနဲ့ကိုကိုတို့ကရော. . ."

"သူတို့က ဘာမှမသိရှာပါဘူး၊ ဒါရိုက်တာက ဒေါ်ဝင်းမာစံပဲ၊ သူတကယ် ရှူး၊မရူး ရဲတွေကအခုလိုက်နေပြီ. . ."

"ဟင် တကယ်မရူးဘူးလား. . ."

"ကဲပါကွာ နောက်မှပြောပြပါ့မယ်၊ အခု ကိုယ်သွားစရာရှိသေးတယ်၊ ဒါနဲ့ ဒေါ်လေးကို ဆေးရုံကသွားခေါ်ပြီးပြီလား. ."

"မသိဘူး မပြောဘူး. . ."

"ဒီကောင်မလေး ဖက်နမ်းလိုက်ရမလား. . ."

"အမလေး ကြောက်တယ်၊ မမက သူ့ ဒေါ်လေးကိုသွားခေါ်မယ်လို့ ပြောသွားတယ်၊ ဒါပဲ ဒါပဲ သွားပြီ. . ."

"ဟား ဟား ဟား. . ."

ခင်စပယ်ဆိုရင်း လန့်ဖြန့်ကာ ကားမောင်းထွက်သွားသည်နှင့် ချစ်ဦးသည် သဘောကျမဆုံးဖြစ်ကာ တဟားဟားအော်ရယ်ကျန်ရစ်ခဲ့လေ၏။

x x x x x

သည်နေ့ မေမေဆေးရုံမှဆင်းရပြီမို့ မမသည် မိခင်ကိုလာရောက်ကြို၏။ ပစ္စည်းတွေသိမ်းပြီး ဆရာမကိုနှုတ်ဆက်ကာ အခန်းထဲမှ ထွက်ခဲ့လိုက်ကြသည်။ မမသည် မိခင်လက်ကိုဆွဲပြီး ငွေရှင်းရန်ကောင်တာသို့လှမ်းအလာ ဆေးရုံထဲ အရေးပေါ်လူနာတစ်ယောက်ရောက်လာ၍ ဘာရယ်မဟုတ် မမသည်လှမ်းကြည့်မိခိုက် ..နာကု..င်ထက်မှ ဒေါ်ဝင်းမာစံကိုတွေ့လိုက်ရ၍ မမ အံ့ဩသွား..က်ရလေ၏။





"မေမေ..ဒီနားထိုင်နေဦးနော်၊ သမီးငွေသွားရှင်းလိုက်ဦးမယ်"

"သွား သမီး၊ သွား. . ."

မိခင်ကိုထိုင်စေခဲ့ပြီး ကောင်တာဆီ မမလှမ်းခဲ့သည်။ လူနာရှင်အဖြစ် ဝင်းစုချိုကို မမတွေ့လိုက်ရ၍ အကဲခတ်ရင်း မမသည် ငွေရှင်းကောင်တာတွင် ငွေရှင်းလိုက်သည်။ မမငွေရှင်းပြီသည်တွင် ဒေါ်ဝင်းမာစံလှည်းအား သူနာပြုတွေကတွန်းသွားသည်ကို တွေ့လိုက်ရ၏။ မမသည်လည်း ငွေရှင်းပြီးပြီမို့ မိခင်ကိုသွားခေါ်ပြီး ပြန်တော့မည်အပြု. . .

"ဩော် ဟဲ့ ကောင်မ. . ."

လူပုံအလည် ရင့်သီးစွာခေါ်လိုက်သည့် ဝင်းစုချိုခေါ်သံကြောင့် မမမျက်နှာလှလှလေးမှာ တင်းမာသွားရရင်း. . .

"ရှင့်ရဲ့ယဉ်ကျေးမှုတွေကို လူပုံအလည်မှာ ဖော်ပြလိုက်တာလား. . ."

"အေး ဟုတ်တယ်၊ နင့်လိုဟာမျိုးက ဒီလိုဆက်ဆံမှတန်..ာကျလို့ အခု ကိုကိုကအိမ်ကနေထွက်သွားပြီ၊ ဒါကြောင့်သူ့အမေသတိလစ်သွားတာ၊ အဲဒါတွေဟာ နင့်ကြောင့်ဟဲ့ နင့်ကြောင့်ကဲ. . ."

ဆိုရင်း ဝင်းစုချိုသည် မမ..နုနုလေးဆီ ရိုက်ပစ်လိုက်မည်အပြု မမသည် ဝင်းစုချိုလက်..ဆုပ်ကိုင်လိုက်ပြီး ကျန်တစ်ဘက်နှင့် ဝင်း....ါးကို ရိုက်ပစ်လိုက်၏။

"ဖြန်း. . ."

"မှတ်ထားပါ၊ ရိုင်းတယ်ဆိုတာ လွယ်လွယ်လေး၊ ဖြစ်သမျှတွေဟာ ရှင်တို့ဟာရှင်တို့ ခလောက်ဆန်လို့ဖြစ်ရတာတွေ၊ မ..



www.burmeseclassic.com

www.burmeseclassic.com



အလာဘ်တွေထွက်နေကြလို့ လင်လုနေရလို့ ရှင်တို့ဒေါသတွေ ထွက်နေရတာ၊ ရှင်တို့မောနေကြတာ၊ ရှင်တို့ဂယက်က နောက်ထပ် တခြားလူတွေဆီ မရိုက်ခတ်ပါစေနဲ့တော့ နောက်ထပ်လာရင် ဟော ဒီမှာ. . ."

"ပြန်း. . ."

"အမေ့. . ."

"**မှတ်ထား**၊ ရှင်တို့ထက်မက ရိုင်းပြမယ် ထွီး. . ."

ဒေါသထွက်လွန်း၍ ပြောဆိုပစ် ရိုက်ပစ်ပြီး မမသည် မိခင်ကိုသွားရောက်ခေါ်ကာ ဆေးရုံမှထွက်သွားလိုက်လေတော့၏။

❖ ❖ ❖





## (နှစ်ဆယ့်သုံး)

ဘာပဲဖြစ်ဖြစ် မိဘယောက္ခမမို့ မမသည် သည်နေ့ဖြင့် ဆေးရုံတွင် ဒေါ်ဝင်းမာစံအား လာရောက်ကြည့်ဖြစ်ပါ၏။ ကောင်တာတွင်စုံစမ်းပြီး ဒေါ်ဝင်းမာစံရှိသည့် အခန်းဆီသို့ မမရောက်လာခဲ့သည်။ လူနာခန်းထဲဝင်လိုက်သည်နှင့် ဒေါ်ဝင်းမာစံသည် မျက်လုံးမှိတ်ကာ အိပ်နေသည်ကိုတွေ့လိုက်ရ၍ မမသည် ဒေါ်ဝင်းမာစံ ကုတင်ခြေရင်းနားတွင် ရပ်ကြည့်နေလိုက်သည်။ မမရင်ထဲဝမ်းနည်းရသည်၊ ထိခိုက်ရသည်ကအမှန်ပါ။ ကြည့်ဆဲ ဒေါ်ဝင်းမာစံသည် အနည်းငယ်လှုပ်လာပြီး. . .

"သမီးဝင်းစုရယ်..ဒေါ်လေးကို ရေနည်းနည်းတိုက်ပါကွယ်"

မျက်လုံးမဖွင့်ဘဲ ဒေါ်ဝင်းမာစံဆိုတော့ မမသည် ရင်ထဲဝမ်းနည်းစွာနှင့် စိုးရိမ်သွားရပြီး ခေါင်းရင်းစားပွဲပေါ်မှ ရေခရားနှင့် ရေခွက်ကိုယူပြီးထည့်လိုက်သည်။ ပြီးတော့ ကမ်းလာသည့် ဒေါ်ဝင်းမာစံလက်ထဲ ရေခွက်ကိုကပျာကယာထည့်ပေးလိုက်ရ၏။ မျက်လုံးမဖွင့်ဘဲရေသောက်နေသည့် ဒေါ်ဝင်းမာစံထံ မမသည် ဝမ်းနည်းစွာနှင့်ကြည့်နေဖြစ်၏။ ရေသောက်ပြီးမှ ဒေါ်ဝင်းမာစံသည် ရေခွက်လည်းပေး မျက်လုံးလည်းဖွင့်ကြည့်၏။

"ဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးနေမကောင်းတာသိရလို့ လာကြည့်တာပါ. ."

မမကိုမြင်တော့ ဒေါ်ဝင်းမာစံသည် အံ့သြသွားသည်။ ပြီးတော့ မနှစ်မြို့ဟန်မျက်နှာထားတင်းတော့မယောင်ဖြစ်လာ၍ မမသည် ကမျာကယော စကားဆိုလိုက်ရခြင်းပါ။

ညာဏ်နီညာဏ်နက်တွေ အမြဲတမ်းထုတ်နေတတ်သည့် ဒေါ်ဝင်းမာစံကလည်း မမ၏တိုးလျှိုးဟန်လေးကိုမြင်သည်တွင် အကြံတစ်ခုက ချက်ချင်းပေါ်ထွက်လာပြန်၍ ဒေါ်ဝင်းမာစံသည် ရုတ်ချည်းညှိုးကျသွားဟန်ဆောင်ကာ မျက်ရည်များပါဝဲလာရရင်း. . .

"ဪ မမကိုး၊ မမ်ရယ် ဒေါ်လေးဘဝက သားမရှိရင် မဖြစ်ဘူး၊ ဒီသားလေးကိုသာ ဒေါ်လေးအားထားပြီးနေရတာပါ၊ သားလေးစိတ်ဆင်းရဲနေတာလည်း ဒေါ်လေးမကြည့်ရက်ဘူး၊ သားကို သိပ်သနားတယ်ကွယ် အဟွတ် အဟွတ်. . ."

ဒေါ်ဝင်းမာစံချော့မော့ပြောနေသည့် စကားတွေကို မမသည် ငြိမ်၍သာနားထောင်နေဖြစ်၏။ မျက်ရည်တွေစီးကျလာရင်း ဒေါ်ဝင်းမာစံက စကားတွေဆက်ပြောသည်။

"သားက ဝင်းစုနဲ့လက်ထပ်ချင်နေတယ်၊ မမက ကွာရှင်းမပေးလို့ သားလေးသိပ်စိတ်ထိခိုက်ပြီး ထွက်သွားပြီကွယ်၊ မမရယ် ဒေါ်လေးတောင်းပန်ပါတယ်ကွယ်၊ သားလေးကို မမတကယ်ချစ်တယ်ဆိုရင် သူစိတ်ချမ်းသာမှုကို ပေးလိုက်ပါကွယ်၊ ဟင်း. .ဒေါ်လေးကတော့ သားလေးသာမရှိရင်သေရမှာပါပဲ၊ ဆရာဝန်က ဒေါ်လေးရဲ့နှလုံးရောဂါအတွက် အနားယူခိုင်းတယ်၊ သားလေးက အနားမှာမရှိတော့ ဒေါ်လေးတော့ သေမှာပါပဲလေ၊ အဟင့် ဟင့် သမီးရယ် ဒေါ်လေးတောင်းပန်ပါတယ်ကွယ်. . ."





မမသည်ရင်နာခြင်းများစွာနှင့် ဒေါ်ဝင်းမာစံထံကြည့်နေလိုက်သည်။ ပြီးမှ. . .

"ဟုတ်ကဲ့ပါ ဒေါ်လေး၊ ဒေါ်လေးတို့အားလုံး စိတ်ချမ်းသာဖို့အတွက် မမလုပ်ပေးပါ့မယ်. . ."

စကားအဆုံး၌ မမသည် ဒေါ်ဝင်းမာစံရှေ့၌မငိုမိစေဘဲ ချက်ချင်းထွက်ခဲ့လိုက်လေ၏။

× × × × ×

သာလှရွာသို့ မမရောက်လာသည်တွင် ညဆယ်နာရီခွဲပြီဖြစ်လေ၏။ ကားပေါ်မှဆင်းပြီး အထုပ်အပိုးတွေနှင့် မမရွာထဲလှမ်းဝင်လာသည်နှင့် ရွာသားတွေမှာ အပြေးအလွှားထွက်ကြိုလာကြ၏။

"ဟာ ညီမလေး. .ညီမလေးလာတယ်ဟေ့. . ."

"သမီး သမီး. .တို့သမီးလေးလည်း လာပြီ. . ."

"ညီမလေး လာ လာ၊ ပေး ပေး ဒီအထုပ်တွေ. . ."

အားလုံးက အားရဝမ်းသာထွက်ကြိုသံတွေကြောင့် ကိုကိုသည် အိပ်ယာထဲငေးငေတွေးတောနေသည့် ကိုကိုသည် အံ့သြမှုတွေနှင့် ရုတ်ချည်းထကာ အိမ်ရှေ့ထွက်ကြည့်လိုက်သည်မတော့ မမနှင့်ဆုံဆည်းသွားလိုက်ရလေ၏။ နှစ်ဦးသားတစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြသည်။ သူတို့အကြည့်တွေက ထိခိုက်ကြေကွဲခြင်းနှင့်ဝမ်းနည်းခြင်းတွေကို မနိုင်အင်ကာ ချုပ်တီးဖုံးဖိထားနေကြရသည့်အကြည့်မျိုးတွေပါ။ တစ်ဦးကိုတစ်ဦး အတန်ကြာကြာကြည့်နေကြပြီးမှ နှစ်ဦးစလုံးမှာ ပေါ့ပေါ့ပါးပါးဟန်နှင့် နေလိုက်ကြသည်။ ပြီးမှ

"ဘယ်သူနဲ့လာလဲဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"မမက ဘယ်သူနဲ့လာရဦးမှာလဲ၊ ကိုကိုအိမ်ပေါ်ကဆင်းသွားတယ်လို့ သူတို့ပြောတာနဲ့ ဒီကိုလာမှာပဲဆိုတာ မမသိလို့လိုက်လာခဲ့တာပါ၊ ကိုကိုစိတ်ချမ်းသာအောင် မမအားလုံးလုပ်ပေးမယ်ဆိုရင် ကိုကိုမနက်ဖြန်ရန်ကုန်ပြန်လို့ရပြီမဟုတ်လား. . ."

"ကိုယ်မပြန်ချင်ဘူး၊ ကိုယ်ဒီမှာပဲနေတော့မယ်၊ ဒီမှာနေတာက စိတ်ချမ်းသာတယ်၊ ဒီမှာက အေးချမ်းတယ်၊ ကိုယ်မပြန်တော့ဘူး. . ."

"ဒီလိုလုပ်လို့တော့မရဘူး ကိုကို၊ ကိုကို့မေမေလည်း ကိုကို့စိတ်နဲ့ပဲဆေးရုံတက်နေရတယ်၊ ကိုကို သူ့ကိုပြုစုဖို့တာဝန်ရှိတယ်"

"ကိုယ်ဒီလောက်စိတ်ဆင်းရဲပြီး စိတ်ဒုက္ခတွေဖြစ်နေတာ မင်းကြည့်နေချင်တာလား. . ."

"ကောင်းပါပြီ၊ အဲဒီလိုမဖြစ်စေရတော့ပါဘူး ကိုကိုရယ်၊ ဒီမှာ မမအားလုံးယူလာခဲ့ပါတယ်. . ."

မမ ဝမ်းနည်းစွာနှင့်ဆိုရင်း အိတ်ထဲမှဖိုင်တစ်ခုကို ယူထုတ်ပြီး ကိုကို့ကိုပေးလိုက်သည်။

"ဒီမှာ ယူပါ. . ."

"ဘာတွေလဲ. . ."

"ကွာရှင်းပြတ်စဲစာချုပ်နဲ့ လုပ်ငန်းလွှဲပြောင်းပေးတဲ့စာချုပ်တွေပါ၊ အားလုံးလက်မှတ်ထိုးပေးထားပါတယ်. . ."

"ဟင်! ဒီလောက်တောင်ပဲလားကွာ. . ."

ကိုကိုရင်နာစွာနှင့်ဆိုရင်း မမပေးသည့် ဖိုင်ကိုယူလိုက်ရသည်။ တစ်ဦးနှင့်တစ်ဦးက နားလည်မှုလွဲကာ ရင်နာနေကြရသည်ပါ၊ နာကျင်နေကြရသည်ပါ။ သူ့လက်ထဲမှဖိုင်ဆီ မမသည်ကြည့်နေပြီးမှ ငိုချင်





နေသည့်မျက်နှာလေးကို ဟန်လုပ်ကာ ပြုံးနေဖြစ်ရင်း. . .

"ဒါဆိုပြီးပြီမဟုတ်လား၊ မနက်ဖန် ကိုကိုရန်ကုန်ပြန်လိုက်ပါ၊ ဒေါ်လေးက ကိုကို့ကိုစောင့်နေတယ်. . ."

စကားအဆုံး မမသည် တစ်ဘက်သို့လှည့်ထွက်သွားလိုက်သည်။ ကိုကိုသည် မမနောက်မှ တစ်လှမ်းချင်းလိုက်သွားဖြစ်သည်။ ရင်ထဲက မမကို သူတစ်ခုခုပြောချင်နေသော်လည်း ရင်သည် ဝမ်းနည်းခြင်းနှင့် ထိခိုက်ရလွန်း၍ သူ ဘာစကားတစ်ခွန်းမှ ပြောမထွက်နိုင်အောင်ဖြစ်နေရလေ၏။

မမသည် မဘုတ်တို့ညီအစ်မတွေ အိမ်ပေါ်သို့လှမ်းတက်သွားသည်တွင် ကိုကိုသည် ကြေကွဲခြင်းတွေနှင့် လှမ်းကြည့်ကျန်ရစ်ခဲ့လေ၏။ အဘိုး၊ အဘွားနှင့် အိမ်နီးချင်းတွေကလည်း ကိုကိုနှင့်မမတို့ထံလှမ်းကြည့်နေကြပြီး စိတ်မကောင်းဖြစ်နေကြလေ၏။

မှန်သည်၊ ထိုညက မမသည် ဒေါ်ဝင်းမာစံ၏လုပ်ကြံပြောလိုက်သည့် စကားတွေကို ယုံကြည်ကာ လွန်စွာမှထိခိုက်ကြေကွဲမှုတွေနှင့် အိပ်ယာထဲမျက်ရည်မိုးများ ဖြိုင်ဖြိုင်ရွာသွန်းဖြိုးနေရသကဲ့သို့ ကိုကိုသည်လည်း မမတစ်ယောက် မိမိနှင့်အပြီးတိုင်လမ်းခွဲပြီး ရင်ခွင်သစ်တွင်သွားရောက်ခိုဝင်တော့မည်ဟူသော အသိနှင့် ကြေကွဲစိတ်၊ ဝမ်းနည်းစိတ်တွေနှင့် မျက်ရည်များကျနေရသည်ပါ။ ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

(နှစ်ဆယ့်လေး)

ကိုကိုမောင်းခဲ့သောကားလေးသည် ရန်ကုန်သို့ရောက်ခဲ့ပါပြီ။

“ကိုကို..ဆေးရုံကိုပဲ တန်းမောင်းသွားပါ. . .”

အပြန်လမ်းမှ မီးပွိုင့်ရောက်တော့ မမဆိုသည်။ ကိုကိုသည် ခေါင်းညိတ်သလိုရှိရင်း ကားကိုဆက်မောင်းခဲ့သည်။ တစ်အောင့်ခန့်ကြာသည်တွင် ဆေးရုံသို့ သူတို့ရောက်လာခဲ့သည်။ နှစ်ဦးသား၏ ရင်ထဲမတော့ ဆို့နင့်နေကြရသည်ပါ။ ကားပါကင်နေရာတွင် ကိုကို ကားရပ်လိုက်သည်။ မမသည် တစ်အောင့်မျှထိုင်နေပြီးမှ ကားပေါ်မှ ဆင်းလိုက်သည်။

“ဆေးမှန်မှန်သောက်ပါနော်၊ အားလုံးအတွက် ကျေးဇူးတင်ပါတယ် ကိုကို. . .”

စကားအဆုံး မမသည် ကိုကို့ကိုကျောခိုင်းကာ လှည့်ထွက်သွားလိုက်လေ၏။ ကိုကိုမမြင်သည့်ဘက်တွင်မတော့ မမမျက်နှာလေးတွင် မျက်ရည်မြစ်လေးနှစ်သွယ်သည် စီးဆင်းနေသည်။ နောက်တွင် မလည်း ကိုကိုသည် မမထံလှမ်းကြည့်ရင်း ရင်နာခြင်းများစွာနှင့်





မျက်ရည်များကျဆင်းနေရသည်ပါ။

“မင်းရွေးချယ်ပြီးလျှောက်တဲ့လမ်း သာယာပါစေ အချစ်ရယ်”

ကိုကို ရင်ထဲပုန္နာကျင်စွာဆိုဖြစ်ခြင်းပါ။ သည့်နောက်မတော့ ကိုကိုသည် ကားပေါ်မှဆင်းပြီး ဆေးရုံထဲသို့ဝင်ခဲ့သည်။ မိခင်ရှိရာ အခန်းသို့ ကိုကိုတက်ခဲ့သည်။ သူ့ခြေလှမ်းတွေသည်က လေးတွဲ့နေရသည်ပါ။ မိခင်ရှိရာအခန်းရှေ့အရောက် အခန်းတံခါးကို သူဖွင့်လိုက်သည်နှင့်. . .

“ဟင် အို ကိုကို ကိုကိုပြန်လာပြီ၊ ဝမ်းသာလိုက်တာ ကိုကိုရယ်. . .”

ဝင်းစုချိုတစ်ယောက် ရေတွေ့ပန်းလို လန်းဆန်းတက်ကြွသွားပြီး ကိုကို့ကိုပြေးဖက်တော့သည်။ ကုတင်ထက်မှ မိခင်ဖြစ်သူ ဒေါ်ဝင်းမာစံသည်လည်း ငေါက်ခနဲပင်အပြုံးတွေနှင့် ထလိုက်တော့၏။

“သားပြန်လာပြီ၊ မေမေ့သားလေးပြန်လာပြီ၊ ဝမ်းသာလိုက်တာသားလေးရယ်. . .”

ဝမ်းသာပျော်ရွှင်နေသူနှစ်ဦးကြား၌ ကိုကိုသည်ကား သတိမလစ်ရုံတမယ် နွမ်းနယ်ညှိုးကျနေရသည်ပါ။

“ကိုကိုပြန်လာတာ ကျေးဇူးတင်လိုက်တာ ကိုကိုရယ်”

“သမီးကို မေမေပြောတယ်မဟုတ်လား၊ သားလေးက သမီးကို ဘယ်တော့မှမရက်စက်ပါဘူးလို့၊ သားရဲ့မေတ္တာက သမီးဆီမှာပဲ ရှိနေတာ၊ ဟုတ်တယ်မဟုတ်လား သား၊ အဟင်း ဟင်း မေမေ့သားလေး ပြန်လာပြီဆိုတော့ မေမေလည်း နေလို့ကောင်းသွားပြီ၊ ဆေးရုံပေါ်မှာနေဖို့မလိုတော့ဘူး၊ ခုပဲဆေးရုံကဆင်းတော့မယ်၊ သားလေးက မေမေ့အတွက် ဆေးပဲလေ. . .”



www.burmeseclassic.com

www.burmeseclassic.com



ခုတိုင် သူသည် စကားတစ်ခွန်းမျှမဆိုနိုင်၊ ဘာတွေပဲပြော နေနေ သူသည် ရင်နာပြုံး မချိပြုံးတွေနှင့်သာ ရှိနေရပါလေ၏။

× × × × ×

"ဖေဖေ ဖေဖေ. .သမီးပျော်လိုက်တာ၊ သိပ်ပျော်တာပဲ၊ ဒီနေ့ကတော့ အပျော်ဆုံးနေ့ပဲ ဖေဖေရေ. .အဟင်း ဟင်း ဟင်း"

ဆေးရုံမှပြန်ရောက်ရောက်ခြင်း အိမ်ထဲပြေးဝင်လာရင်း ဝင်းစုချိုစကားတွေကြောင့် ဦးလင်းနိုင်သည် လင်းလက်သွားသောမျက်လုံးကြီးတွေနှင့် လှမ်းကြည့်လာရင်း. . .

"သမီး..ဘာတွေပျော်နေတာလဲ၊ ဖေဖေ့ကိုလည်း ပြောပြဦးလေ. . ."

"ပြောမှာပေါ့ ဖေဖေရဲ့၊ ပြောဖို့ပဲပြန်လာတာပဲ၊ အခုကိုကို ပြန်လာပြီလေ၊ အဲဒါဒေါ်လေးက သမီးတို့လက်ထပ်ဖို့ကိစ္စတွေကို ချက်ချင်းတောင်လုပ်နေပြီ၊ သတင်းစာတိုက်ကို ဖုန်းဆက်လိုက်ပြီ၊ မနက်ဖြန်ဆိုရင် စေ့စပ်ပြီးစီးခြင်းသတင်းပါလာတော့မှာ. . ."

"ဟာ တယ်ဟုတ်ပါလား၊ ငါ့သမီးတော့ သူဌေးမကြီး ဖြစ်ပြီကွာ ဟား ဟား ဟား. .မြတ်ထင်ဆိုတဲ့ကောင်က သိပ်ချမ်းသာတာ သမီးရဲ့၊ ဖေဖေတို့သိနေတာထက် ပိုပြီးချမ်းသာတယ်၊ ဖေဖေတို့က သူနဲ့ငယ်ပေါင်းလိုဖြစ်နေတာ သူ့မျိုးရိုးအကြောင်း အသိဆုံးပေါ့"

"[illegible]လေးဦးမြတ်ထင်က ချမ်းသာမှာပေါ့ ဖေဖေရဲ့၊ [illegible]လေးက စည်းကမ်းလည်းရှိတယ်၊ စိတ်ကောင်းလည်းရှိတယ်၊ [illegible]လည်းကြိုးစားတာကိုး ဖေဖေရဲ့. . ."

"[illegible]ပါကွာ၊ ငါ့သမီးကိုလည်း ဖေဖေက အားကိုးပါတယ်၊ [illegible]ာက်ကြိုးစား သမီး၊ မကြာခင်အချိန်လေးမှာ ဒီဟိုတယ်





လုပ်ငန်းကြီးတစ်ခုလုံးကိုပါ ဖေဖေတို့ပိုင်သွားစေရမယ်၊ မဝေးတော့ဘူး ဟား ဟား ဟား. . ."

ဦးလင်းနိုင်တစ်ယောက် သဘောကျ ကျေနပ်မဆုံးရှိကာ တဟားဟားအော်ရယ်ပစ်တော့ ဝင်းစုချိုသည် ဖခင်ကိုနားမလည် သလိုနှင့် သဘောမတွေ့ပုံနှယ်ကြည့်ကာ မျက်မှောင်တွန့်သွားလိုက် ရလေ၏။

တစ်ဆက်တည်းပင် ထိုအချိန်များ၌ ဒေါ်ဝင်းမာစံတစ်ယောက် သည်လည်း အိမ်ပြန်ရောက်ကတည်းက ဖုန်းတစ်လုံးနှင့် အလုပ်တွေ ရှုပ်နေပါတော့၏။ သတင်းစာတိုက်ကို ဖုန်းဆက်ပြီး တရားသူကြီး နှင့် ရှေ့နေတွေဆီဖုန်းဆက်သည်၊ အားလုံးပြီးတော့ ဒေါ်ဝင်းမာစံ သည် တစ်ချက်မျှစဉ်းစားလိုက်ပြီးမှ ကျေနပ်အောင်နိုင်သောအပြုံးနှင့် ဖုန်းနံပါတ်တစ်ခုကိုနှိပ်လိုက်လေ၏။

× × × × ×

"ကရင်း ရင်း ရင်း. . ."

ဟဲန်းဖုန်းလေးမြည်လာ၍ ဒေါ်ချယ်ရီရွှေသည် ဆေးသောက် ပြီး အနားယူရန်ပြင်ဆင်ဆဲ ဖုန်းလေးကို လှမ်းယူနားထောင်ဖြစ်လေ၏။

"ဟယ်လို. . ."

"ဟော့ ကောင်မ. .ညီးကို သတင်းထူးပြောချင်လို့ ဖုန်းဆက် လိုက်တာ၊ ငါ့သားရဲ့မင်္ဂလာသတင်း မနက်ဖြန်သတင်းစာမှာ ပါလာ တော့မယ်၊ ညီးသမီးနဲ့လည်း ငါ့သားကွာရှင်းလိုက်ပြီ၊ တရားသူကြီးနဲ့ ရှေ့နေတွေလည်း ငါ့အိမ်ကိုဖိတ်ထားပြီးပြီ၊ မနက်ဖြန်လက်မှတ်ထိုးပြီး ညည့်ခံပွဲကိုတော့ နှစ်ပတ်လောက်ကြာမှ ကျင်းပမယ်၊ အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင်လို့၊ ညီးမသိလိုက်မှာစိုးလို့ ပြောလိုက်တာ. . .”

စကားအဆုံး တစ်ဘက်မှဒေါ်ဝင်းမာစံသည် ဖုန်းပိတ်လိုက်ပြီဖြစ်သည်။ ဒေါ်ချယ်ရီရွှေကား ဒေါ်ဝင်းမာစံဖုန်းဆက်ကတည်းက စိတ်တွေလှုပ်ရှားကာ နှလုံးအိမ်သည် နာကျင်နေသည်ပါ။ ဒေါ်ဝင်းမာစံစကားတွေကို နားထောင်ရင်း ဒေါ်ချယ်ရီရွှေသည် အံ့သြတုန်လှုပ်မှုတွေနှင့် နာကျင်ကြေကွဲနေရ၏။

ဒေါ်ဝင်းမာစံစကားအဆုံးမတော့ ဒေါ်ချယ်ရီရွှေသည်လည်း ထိုင်လျက်မှလဲကျသွားရပါတော့သတည်း။ မှန်သည်၊ ဒေါ်ချယ်ရီရွှေကား အညိုးတကြီးနှင့် ပြုံးအားကောင်းလွန်းသည့် ဒေါ်ဝင်းမာစံအား အရှုံးပေးသွားလေပြီဟုဆိုရတော့မည်ပါ။

“ဟင် မချယ်ရီရွှေ ဘယ်လိုဖြစ်တာလဲ၊ အို ဟဲ့ လုပ်ကြပါဦး၊ မချယ်ရီ မချယ်ရီ. .ဘုရားရေ ဒုက္ခပဲ. . .”

ထမင်းပွဲပြင်ပြီး၍ ထမင်းစားရန် ဒေါ်ချယ်ရီရွှေအား လာရောက်ခေါ်သည် ခင်စပယ့်မိခင်ဒေါ်မြနှင်းတစ်ယောက်မှာ တစ်ကိုယ်တည်းပျာယာခတ်သွားရပါတော့သတည်း။

× × × × ×

“ဖေဖေ. .ဖေဖေက ကျွန်တော့်အဖေလို့ သူများတွေက ပြောပြကြတယ်၊ ကျွန်တော်ကတော့ ကျွန်တော့်ကိုယ်လည်း ကျွန်တော်ဘာမှန်းမသိတော့ပါဘူး ဖေဖေရယ်. . .

ဖေဖေရယ်. .ဖေဖေကရော ဒီလိုပဲနေသွားတော့မှာလားဗျာ၊ ဖေဖေ ကျွန်တော့်အတွက် တစ်ခုခုထပြောပေးပါဦးလား ဖေဖေရယ်၊ ကျွန်တော်ကဘာလဲ ဘယ်သူလဲ၊ ကျွန်တော်ဘာမှမသိဘူး၊ ကျွန်တော်





မိန်းမ့ငြိုးသားကို မေမေ မိန်းမထပ်ပေးစားဦးမယ်တဲ့ ဖေဖေ၊ ကျွန်တော်စိတ်ညစ်တယ်၊ ကျွန်တော့်ကို တစ်ခုခုကူညီပါဦး ဖေဖေရယ်. .”

ဖေဖေ့လက်ကို သူဆုပ်ကိုင်ပြီး မျက်ရည်တွေနှင့် တစ်ကိုယ်တည်းနာကျင်စွာ သူဆိုနေခြင်းပါ။ ဦးမြတ်ထင်သည်က အိပ်ယာထက်၌ ငြိမ်သက်ဆဲပါ။ ကိုကိုသည်က ဖခင်လက်တစ်ဘက်ကို ဆုပ်ကိုင်ကာ ပါးတွင်ကပ်ထားပြီး ထိခိုက်နာကျင်ကြေကွဲမှုများနှင့် ဖခင်ရှေ့တွင် လာရောက်ရင်ဖွင့်နေခြင်းပါ။

“ဖေဖေ. .ကျွန်တော့်ကိုကယ်ပါဦး၊ ကျွန်တော်ဘာလုပ်ရမလဲဗျာ၊ မေမေကပြောတယ် အဲဒီအမျိုးသမီးက ကျွန်တော့်ရဲ့ငယ်ချစ်ဦးတဲ့၊ မဟုတ်ဘူးထင်တယ်ဗျာ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်သူ့ကို ဘယ်လိုမှ ဘယ်နေရာကမှ ခံစားလို့မရခဲ့ပါဘူး၊ မမက ကျွန်တော့်မိန်းမ၊ မမကိုပဲ ကျွန်တော်ချစ်တယ် ဖေဖေ၊ ကျွန်တော့်ရင်တွေကွဲနေပါပြီ ဖေဖေရယ်၊ အခုမမနဲ့ကျွန်တော်က ကွာရှင်းပြီး မေမေက နောက်ထပ်တစ်ယောက်နဲ့ ကျွန်တော့်ကိုပေးစားဖို့ ပြင်ဆင်နေပြီ၊ ဖေဖေ. .ကယ်ပါဦး၊ ကူညီပါဦး၊ ကျွန်တော်ဘာလုပ်ရမလဲ ဟင်. . .”

သူ မျက်ရည်တွေနှင့် နာကျင်လွန်းစွာဆိုနေသော်လည်း ဖခင်ဦးမြတ်ထင်သည်ကား အိပ်ယာထက်တွင် ငြိမ်သက်ဆဲပါတည်း။

× × × × ×

“မေမေ မေမေ. .အ အ အဟင့် ဟင့် မေမေရယ်၊ မေမေ့သမီးလာပြီလေ၊ သမီးကိုဘာဖြစ်လို့ မစောင့်တာလဲ မေမေရယ်၊ ဟီး ဟီး မေမေ..သမီးကို စကားနည်းနည်းတော့ပြောပါဦး မေမေ



www.burmeseclassic.com

www.burmeseclassic.com



မေမေ. .အီး ဟီး ဟီး. . ."

"မမ မမ. .နည်းနည်းစိတ်ထိန်းပါ သူငယ်ချင်းရယ်၊ ဒေါ်လေးမှာ ရောဂါရှိနေတာလည်း မမသိနေတာပဲဟာ. . ."

"စပယ်. .ငါဘယ်လိုဖြေရမှာလဲဟယ်၊ ငါ့မှာ ဒီအမေတစ်ခု သမီးတစ်ခုပဲရှိတာ၊ အခုမေမေမရှိတော့ ငါဘယ်သူနဲ့နေရတော့မှာလဲ၊ အဟင့် ဟင့် မေမေ မေမေရယ်..သမီးကိုမထားခဲ့ပါနဲ့၊ သမီး သိပ်အားငယ်တယ်. . ."

"မမရယ်. .ငါတို့လည်းရှိပါတယ်ကွာ၊ ငိုတာတော့ငိုပါ၊ ဒါပေမယ့် အားတင်းပါ. . ."

ကိုချစ်ဦးက ဝင်ရောက်ဆိုသည်။ ရဲလေးက ပြောမထွက်သောအကြည့်တွေနှင့် စိတ်မကောင်းစွာကြည့်နေလေ၏။ ဒေါ်မြနှင်းနှင့် ခင်စပယ်တို့သားအမိက မမကိုတစ်ဘက်တစ်ချက်တွင် ဖေးမကာ နှစ်သိမ့်ကြသည်။

"သမီးရယ် ဖြေပါ၊ ဒေါ်ဒေါ်တို့ရှိပါတယ်ကွယ်၊ သမီးလေး မျက်နှာမငယ်အောင် ဒေါ်ဒေါ်ထားနိုင်ပါတယ် သမီးရယ်. . ."

"အခုလို နေရတာပဲ ကျေးဇူးကြီးလှပါပြီ ဒေါ်ဒေါ်ရယ်၊ အဟင့် ဟင့် မေမေက ဘယ်လိုဖြစ်သွားရတာလဲရှင်. . ."

"ဒေါ်လေးသိတာတော့ သူ ဆေးသောက်မယ်ဆိုပြီး အပြင်ထွက်လာတယ်၊ ဒေါ်လေး တစ်ချက်အပြင်ထွက်ကြည့်တော့ သူ ဖုန်းပြောနေတာတွေ့တယ်၊ ဘယ်သူနဲ့လဲတော့မသိဘူး၊ နောက်တော့ ထမင်းစားဖို့ထွက်ခေါ်တော့ ဖုန်းပြောပြီး သူလဲကျသွားတာတွေ့ရတာပဲ. . ."

ဒေါ်မြနှင်းစကားတွေကိုနားထောင်ပြီး မမစဉ်းစားသည်။ ပြီး





တော့ မမသည် နှုတ်ခမ်းလေးကိုတင်းတင်းစေ့ကာ မျက်ရည်များ စီးကျနေရလေ၏။ မမကဲ့သို့ပင် အားလုံးကလည်း ဝေဉ်းစားသယောင် နှင့် ရှိနေကြသည်ပါ။

× × × × ×

သားအမိနှစ်ယောက်စလုံး ဦးမြတ်ထင်ရှိရာ အခန်းထဲသို့ ဝင်ခဲ့ကြသည်။ အခန်းထဲအရောက်မတော့ ဦးမြတ်ထင်၏ ခြေရင်းတွင် ရပ်လိုက်ကြပြီး. . .

"ကဲ သား. .သားဖေဖေကိုကန်တော့ပြီး ပြော၊ ကျွန်တော် လက်ထပ်တော့မယ်လို့. . ."

"ကျွန်တော်မပြောဘူး မေမေ၊ ပြောလို့မထွက်ဘူး၊ ပြောလည်း မပြောချင်ဘူး. . ."

"အဟင်းဟင်း သားကတော့လေ၊ တကယ့်ဟာသပဲ၊ ကဲ သားမပြောချင်ရင်လည်း မေမေပဲပြောလိုက်ပါ့မယ်. . ."

ဆိုရင်း ဒေါ်ဝင်းမာစံသည် ခင်ပွန်းသည်မျက်နှာဆီ လှမ်းကြည့်သည်။ ပြီးတော့ မဲ့ပြုံးပြုံးရင်း ကျေနပ်အားရစွာနှင့် စကားတွေ ဆက်ဆို၏။ ကိုကိုသည်က ကိုယ်နှင့်စိတ်ကင်းကွာနေသကဲ့သို့ ရှိနေလေ၏။

"ကိုမြတ်ထင်. .ရှင့်သားကို အခုကျွန်မကိုယ်တိုင် မိန်းမ ထပ်ပေးစားရပြီ၊ ရှင်ပေးစားထားတဲ့မိန်းကလေးက တကယ့်မိန်းမလည်း မိန်းမပါး၊ မိန်းမနပ်၊ ကြောက်စရာမိန်းမပဲတော့၊ တကယ့်ပိုင်းလုံးမ၊ သားရဲ့ပစ္စည်းဥစ္စာတွေကြောင့် သားကိုယူခဲ့တာ၊ သားနောက်ကွယ်မှာ ဖောက်ပြန်နေတာ ရှင်မသိဘူးမဟုတ်လား. . .



www.burmeseclassic.com

www.burmeseclassic.com



အခု သားကို သူကကွာရှင်းလက်မှတ်ထိုးပေးလိုက်ပြီ၊ သူက သူ့အကောင်နဲ့ယူတော့မယ်တဲ့၊ ကျွန်မသားက သက်သက်နွားကျခံနေရတာ၊ ကျွန်မမခံနိုင်ဘူး ကိုမြတ်ထင်၊ ဒီကောင်မကြောင့် ကျွန်မသားလေးမှာ ဒုက္ခတွေလည်း အမျိုးမျိုးရောက်လိုက်ရတာ. . .

သားကိုတောင် အသေသတ်ဖို့ကြံတာ၊ ခရီးထွက်တော့ သားကို ကားချင်းလိုက်တိုက်ကြတယ်လေ၊ သားရဲ့ကားလည်း လမ်းချော်ပြီးချောက်ထဲ ကျသွားတယ်. . ."

အစကတော့ ဘာရယ်မဟုတ်နားထောင်နေရာမှ သေချာသတိထားနားထောင်လိုက်တော့ ကိုကိုသည် တစ်စုံတစ်ရာကို စဉ်းစားမိပြီး မိခင်ဘက်ဖြတ်ခနဲကြည့်လိုက်သည်။ သားအကြည့်များအတွက် ဒေါ်ဝင်းမာစံသည်လည်း ရုတ်ချည်းသဘောပေါက်သတိရကာ နှောင်တရသွား၏။

"မေမေ. .ဒီအကြောင်းတွေကို မေမေသိနေတယ် ဟုတ်လား၊ မေမေသိထားတဲ့ကိစ္စပေါ့နော်. . ."

"အို မဟုတ် မဟုတ်ဘူး သား. . ."

"ရက်စက်လိုက်တာဗျာ၊ မေမေဘာကြောင့် ဒီလိုလုပ်ရတာလဲ"

"မဟုတ်ပါဘူးလို့ပြောနေတယ်လေ. . ."

"မလိမ်ပါနဲ့တော့ မေမေ၊ မေမေ့မှာ ဘယ်လိုအကြောင်းတွေ ရှိတယ်ဆိုတာ ကျွန်တော်မသိပေမယ့် မေမေ့သဘောထားကို ကျွန်တော်နားလည်သွားပါပြီ၊ ကျွန်တော်ဖြစ်ခဲ့တဲ့ကိစ္စတွေကို မေမေဘာမှ ပိစားမလိုဘူး၊ အခု မေမေအားလုံးသိနေတယ်၊ ဒါဘာကြောင့်လဲ"

"မဟုတ်ဘူး. . ."

"မေမေ့အငြင်းစကားက အဓိပ္ပါယ်မဲ့နေတယ်၊ တော်ပြီ မေမေ့





ကို မယုံဘူး၊ ကျွန်တော့်ကိစ္စတွေ မေမေဘာမှဆက်မလုပ်ပါနဲ့၊ ကျွန်တော်လက်မခံဘူး. . ."

"ဟင်!. . ."

စကားအဆုံး ကိုကို အခန်းထဲမှထွက်သွားလိုက်တော့သည်။ ဒေါ်ဝင်းမာစံသည် ပြီးစီးနေသည့်ကိစ္စတစ်ခုက ပျက်သွားရပြီမို့ ဆွေ့ဆွေ့ခုန်ကျန်ရစ်ရင်း. . .

"တောက်. .ကိုကို. .မင်းကွယ်၊ သားပါကွ၊ ငါ့အကြံအစည် မအောင်မြင်ရင် မင်းနဲ့ဒီကောင်မလည်း တစ်သက်လုံးမရစေရဘူးဟေ့"

ဒေါသတကြီးနှင့် မျက်လုံးကြီးတွေပြူးကာ ဒေါ်ဝင်းမာစံ တစ်ယောက် ကြိမ်းဝါးကျန်ရစ်ခဲ့လေ၏။

× × × × ×

ညကတိကျက်ဆိတ်လွန်းနေပါပြီ၊ သို့သော်လည်း သူသည် ခုထိုင် အိပ်၍မပျော်သေးပါ။ အိပ်မပျော်နိုင်လွန်း၍ သူ အိပ်ယာမှ ထလိုက်သည်။ ပြီးတော့ လသာဆောင်တွင်ထွက်ရပ်ကာ သူ လေညှင်းခံလိုက်၏။ စိတ်တွေကဟိုရောက်ဒီရောက်၊ မျက်လုံးထဲလည်း ဟိုမြင် ဒီမြင်[illegible]င်း သူ့ရင်တစ်ခုလုံး နာကျင်နေရသည်ပါ။ သူ့အတွေးနှင့် သူ့အမြင်[illegible]တွင်မတော့ အားလုံးသည် မမ၏အကြောင်းနှင့် မမ၏ ပုံရိပ်တွေ[illegible]င်ဖြစ်၏။

သ[illegible] ကိုချပြီး သူခြံထဲမှာကျော်ကြည့်လိုက်သည်။ လမ်းပေါ်တွင် လမ်းမီး[illegible]နှင့်လင်းထိန်ကာ ဆိတ်ငြိမ်နေ၏။ ပြီးတော့ သူ့အကြည့်သည် ခြံထဲပြန်ကြည့်သည်။ ခြံထဲကွင်မလည်း မီးလုံးများ ထွန်းထားသည်မို့ လင်းထိန်နေသည်ပါ။ ထိုမှ သူသည် ကော[illegible]င်



www.burmeseclassic.com

www.burmeseclassic.com



ယက်အကြည့်ရောက်၏။ ကောင်းကင်ထက်တွင်မလည်း ငွေလမင်းသည် သာလွန်နေရှုပြီး ကြယ်တာရာတွေလည်း စုံလင်နေ၏။ ကြယ်မှာရာများဝိုင်းရံထားသကဲ့သို့ လမင်းကြီးသည် ကောင်းကင်အားအလှဆင်ထားသလိုပါ။

သူသည် ကောင်းကင်ယံထက် မော့ကြည့်ဆဲ အေးမြမြလေပြည်တစ်သုတ်သည် သူ့ကိုလာရောက်တွေးဖက်လာ၍ ကိုယ်စိတ်နှလုံးသုံးပါးသည် အေးမြလန်းဆန်းသွားသလိုရှိရလေ၏။ သူသည် ဝရံတာတွင် အတန်ကြာသည်အထိ ထိုင်နေပြီးမှ အခန်းထဲသို့ ပြန်ဝင်ခဲ့သည်။ အိပ်ခန်းထဲအရောက်မတော့ သူသည် ဘာရယ်မဟုတ် စာကြည့်စားပွဲတွင် ထိုင်ဖြစ်ရပြန်၏။ ထိုမှ သူသည် စာအုပ်တွေကြားထဲမှ အပြာရောင်အဖုံးနှင့် စာအုပ်လေးကိုတွေ့မိရိုက် သာလှရွာတွင် သူနှင့်မမတို့နှစ်ယောက် နေထိုင်ခဲ့ခိုင်က မမ ညစဉ်ရေးနေသည့် စာအုပ်လေးကို အမှတ်ရမြင်ယောင်မိလိုက်လေ၏။

ဒီစာအုပ်လေးက မမရေးနေတဲ့စာအုပ်ပဲ၊ ငါတောင်လုပြီးကြည့်သေးတယ်၊ မမပေးမဖတ်ဘူး၊ ဘာတွေရေးထားလို့လဲ. . .။

အတွေးနှင့် သူသည် စာအုပ်အပြာလေးကိုယူလိုက်ပြီး ဖွင့်ဖတ်ကြည့်ဖြစ်လိုက်လေ၏။

*ငါတို့ကို ကားနဲ့လိုက်တိုက်တဲ့သူတွေက ကြေးစားတွေပဲ၊ တကယ်သေအောင်ကိုလုပ်တာ၊ ဒီလူတွေကို ဘယ်သူကခိုင်းတာပါလိမ့်၊ ခိုင်းတဲ့လူတော့ရှိရမယ်၊ မဟုတ်ရင် ဒီလိုဖြစ်စရာအကြောင်းမရှိဘူး. . .*

*ခုကွဲ သနားပါတယ်၊ ကိုကိုအတိတ်မေ့သွားရှာပြီ၊ ကိုကိုရယ်. .အတိတ်မေ့မှုများ ကြင်နာနေလိုက်တာနော်၊ ကိုကိုအမြဲပြော*





*တယ်၊ အချစ်ကအချစ်၊ ဂလွဲစားကဂလွဲစားပဲဆိုတဲ့စကားလေ၊ မစစ်မှန်တဲ့ကြင်နာမှုတွေကို မမ,မလိုချင်ပါဘူး ကိုကိုရယ်၊ ကိုကိုကအတိတ်မေ့နေတော့လည်း မမဘာတတ်နိုင်မှာလဲ၊ အတတ်နိုင်ဆုံးတော့ ကိုကိုသတိရလာအောင် မမကြိုးစားရမယ်၊ ကိုကို့ချစ်တယ်၊ ကိုကို့ကို ငယ်ငယ်ကတည်းက မမချစ်ခဲ့ရတာပါကိုကိုရယ်. . .*

*ကိုကိုကလည်း မမကိုချစ်ခဲ့တာပါပဲလေ၊ ဒါပေမယ့် မိဘတွေကိစ္စနဲ့ပတ်သက်ပြီး ကိုကို မမကိုမုန်းခဲ့တယ်၊ ကိုကို့ရင်ထဲမှာ အစိုင်အခဲတွေရှိနေတယ်၊ အဲဒီလိုသိရတဲ့နေ့က မမသိပ်ဝမ်းနည်းခဲ့ရပါတယ် ကိုကိုရယ်၊ မမတို့ရဲ့အိမ်ထောင်ဦးတစ်ရက်ကို ကိုကိုဟန်ဆောင်နေပြခဲ့ပြီး နောက်တစ်ရက်မှာတော့ ကိုကို့ရင်ထဲက အကြိတ်အခဲတွေကို ကိုကို မမကို ဖော်ထုတ်သိစေခဲ့တယ်နော်၊ မမ တကယ်အံ့သြခဲ့ရပါတယ်. . .*

*ငယ်ငယ်ကတည်း ကိုကိုက မမကို အကြင်နာဆုံးပဲ၊ ကိုကို ငယ်ငယ်ကတည်းက မမမွေးနေ့မှာပေးတဲ့ ဆွဲကြိုးလေးကို ကိုကို့ကို မမပြန်ဆွဲပေးထားလိုက်ပြီ၊ ဘာကြောင့်လဲဆိုတော့ ဒီဆွဲကြိုးလေးကြောင့် ကိုကို့စိတ်ရင်းအမှန်ကို ပြန်သိပါရစေဆိုတဲ့ စိတ်ကူးရမိလို့ပါ။*

"ဟင်! . . ."

မမမှတ်စုတွေကိုမှတ်ရင်း ပုံရိပ်တွေကိုပါ သူ အမှတ်ရမြင်ယောင်နေဖြစ်ရ၏။

"အိုး ငါသိ၍၊ ငါမှတ်မိပြီ၊ ဟုတ်တယ် မမက ငါ့ချစ်သူ၊ ငါ့ချစ်ဇနီး၊ ဘုရားရေ .အခုဘာတွေဖြစ်ကုန်ပြီလဲ. . ."

သူညီးတွားစွာရေရွတ်ရင်း ခေါင်းကိုလှန်ကာ သူ့ဆံပင်တွေကို လက်နှစ်ဘက်နှင့် ဆုပ်ဆွဲကိုင်ထားဖြစ်သည်။ သူ့မျက်ရည်များအစုံ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လည်း မှိတ်ထားဖြစ်သည်။ ပြီးတော့ သူ ဆတ်ခနဲ ခေါင်းကို မော့ကာ နာရီဆီကြည့်လိုက်သည်။ ဘာတွေပဲဖြစ်နေနေ သူ ချက်ချင်းပင် မမရှိရာသို့ထွက်သွားချင်နေရတော့သည်။ သို့သော်လည်း အချိန်အား နာရီပြန်နှစ်ချက်ခွဲနေပြီမို့ သူသည် စိတ်ကသိကအောင့်နှင့် ရင်တစ်လုံးပြောင်းဆန်အောင် ခံစားနေရပါတော့၏။ ။

❖ ❖ ❖



(နှစ်ဆယ့်ငါး)

မိုးလင်းမည့်အချိန်ကို ကိုကိုသည် တော်တော်မှသည်းခံပြီး စောင့်ခဲ့ရ၏။ မိုးလင်းသည်နှင့် ကိုကိုသည် မနက်စာကော်ဖီမှ တစ်ခွက်မျှသောက်ဖြစ်ဘဲ မမရှိရာ ခင်စပယ်တို့အိမ်သို့ ထွက်ခဲ့လိုက်လေ၏။ လမ်းတစ်လျှောက် ထိခိုက်ခံစားရင်းနှင့်ပင် သူသည် ကားကို မောင်းနှင်ခဲ့သည်။ ချစ်ရသောချစ်ဇနီးချစ်သူလေးကို သူ သနား၍ မဆုံးပါ။

မမရယ်. .သနားလိုက်တာ သနားလိုက်တာ၊ အခုကိုကို သိတာတွေ အကုန်ပဲလား၊ ဘာတွေရှိသေးလဲ၊ ဘာတွေကျန်သေးလဲ၊ ဘာပဲဖြစ်ဖြစ် ကိုကိုကြိုးစားပါ့မယ်၊ အားလုံးသိအောင် ကိုကို ဆက်ပြီး ကြိုးစားပါ့မယ်၊ မမလည်း ကိုကို့ကိုကူညီပါနော်၊ တောင်းပန်ပါတယ် ချစ်သူရယ်. . .။

လမ်းတစ်လျှောက်အတွေးတွေနှင့် တောင်းပန်စကားတွေနှင့်ပင် ကိုကိုမောင်းလာသည့်ကားလေးသည် ခင်စပယ်တို့နေအိမ်သို့ ရောက်လာခဲ့လေ၏။

"ဘယ်သူနဲ့တွေ့ချင်လို့လဲရှင်. . ."

ခြံရှေ့ကားရပ်လိုက်သည်နှင့် အပြင်ထွက်မည့်ဆဲဆဲ အိမ်ဖော်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတစ်ယောက်က မေးလာသံကြောင့်. . .

"ဩော် ဒီအိမ်မှာနေတဲ့ မမနဲ့တွေ့ချင်လို့ပါ. . ."

"မမ,မရှိဘူးရှင့်. . ."

"ဒါဖြင့် ခင်စပယ်ရော. . ."

"ခင်စပယ်လည်းမရှိဘူး၊ ဒီနေ့မမရဲ့အမေ အသုဘချတဲ့နေ့လေ၊ သူတို့အားလုံး ရေဝေးကိုသွားကြတယ်. . ."

"ဗျာ ဗျာ ဘယ်လို၊ မမမိခင်အသုဘ ဟုတ်လား. . ."

"ဟုတ်တယ်၊ အသုဘက နှစ်နာရီမှာချမှာ၊ ကျွန်မလည်း အခုသွားတော့မှာ. . ."

ကြားလိုက်ရသည့်စကားအတွက် ကိုကိုတစ်ယောက် အံ့ဩတုန်လှုပ်မဆုံးအောင်ဖြစ်ရပါ၏။ တစ်ဆက်တည်းလည်း ကိုကိုသည် ထိခိုက်ခံစားရသည်။ ဝမ်းနည်းမဆုံးအောင်ဖြစ်ရပါ၏။

"ခင်ဗျားဘာနဲ့သွားမလဲ၊ ကျွန်တော်လည်းသွားမယ်၊ ခင်ဗျားလိုက်ခဲ့လို့ရပါတယ်. . ."

"ကျေးဇူးပဲ၊ ဒါဆိုကျွန်မတို့သွားကြတာပေါ့. . ."

အိမ်ဖော်အမျိုးသမီးကိုခေါ်ခဲ့ပြီး ရေဝေးသို့ သူ ကားမောင်းထွက်ခဲ့၏။

"ဒေါ်လေးက ဘာဖြစ်လို့ဆုံးသွားတာလဲဗျာ၊ ကျွန်တော်ယုံတောင်မယုံနိုင်ဘူး. . ."

"ရုတ်တရက်ဆုံးသွားတာလို့တော့ ပြောသံကြားတာပဲ၊ ဒေါ်လေးမှာ နှလုံးရောဂါကပြင်းနေပြီလို့လည်း ပြောတယ်. . ."

"ဒါဆိုနှလုံးရောဂါနဲ့ ဆုံးသွားတာပေါ့နော်. . ."

"ဟုတ်တယ်. . ."





လမ်းတစ်လျှောက်၌ အမျိုးသမီးကြီးကို သူမေးကြည့်သည်။ အမျိုးသမီးကြီးကလည်း သူမသိသလောက်ပြောပြ၏။ သူတို့စကားတွေပြောခဲ့ကြရင်း ရေဝေးသို့ရောက်မှန်းမသိ ရောက်လာခဲ့လေ၏။ ကားရပ်ပြီး ဒေါ်ချယ်ရီရွှေ၏အလောင်းထားသည့် အဆောင်ထဲသို့ သူလှမ်းဝင်လိုက်သည်နှင့် ကိုချစ်ဦးက သူ့ကိုလှမ်းမြင်လိုက်သည်။ ထိုအခါ ကိုချစ်ဦးသည် သူ့ထံသို့ခြေလှမ်းကျဲကြီးတွေနှင့် လှမ်းလာခဲ့ပြီး...

"ဩော် ခင်ဗျား ဒီကိုဘာလာလုပ်တာလဲ၊ ခင်ဗျားဒီကိုလာရဲသေးတယ်နော်၊ ဘယ်လိုမျက်နှာနဲ့ ဒီကိုခင်ဗျားလာဝံ့သေးတာလဲ၊ ထွက်သွား ထွက်သွားပါ၊ ဒေါ်လေးသေရတာ ခင်ဗျားတို့ကြောင့်ဗျာ၊ သွား အခုထွက်သွားပါ. . ."

တဖြည်းဖြည်းကျယ်သွားသည့် ကိုချစ်ဦးစကားသံကြောင့် ကြားသွားသည့် မမက သူတို့ထံသို့လှမ်းကြည့်လာ၏။ သူ့ကိုတွေ့တော့ မမသည် ချက်ခင်းပင်မျက်နှာလေးလွှဲထားလိုက်သည်။

"ကိုချစ်ဦး .ကျွန်တော့်ကိုနားလည်ပေးပါဗျာ၊ ကျွန်တော်တကယ်ပဲဘာမှမသိခဲ့တာပါ၊ ကျွန်တော်တောင်းပန်ပါတယ်၊ ဒေါ်လေးကို ကျွန်တော်ခဏလောက်ကြည့်ပါရစေ. . ."

"ခွင့်မပြုနိုင်ဘူး၊ ခင်ဗျားထွက်သွားပါ၊ ခင်ဗျားကိုယ်တိုင်ကလည်း ဘယ်အချိန်ကမှ မမအပေါ်မှာ မကောင်းခဲ့ပါဘူး. . ."

"ဟင်း ဟုတ်မှာပါ၊ ဟုတ်ပါတယ်၊ ကျွန်တော်အဲဒါတွေအားလုံးသိအောင်ကြိုးစားနေပါတယ်ဗျာ၊ အခုကျွန်တော် တစ်ချို့ကိုကောင်းကောင်းသိနေပါပြီ. . ."

"မလိုအပ်ပါဘူး၊ ခင်ဗျားသိလာလို့လည်း မထူးခြားသွားသလို ခင်ဗျားမသိလို့လည်း ဘာမှပိုပြီးမထူးခြားသွားပါဘူး၊ သွားပါ၊



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားထွက်သွားပါ၊ ခုချိန်မှာ မမလည်းခင်ဗျားကိုတွေ့ချင်မှာ မဟုတ်ပါဘူး. . ."

သူတို့စကားတွေဆိုဆဲပင် ကိုကိုသည် မမနှင့်ခင်စပယ်တို့ကိုလှမ်းတွေ့လိုက်သည်။

"မမ. . ."

သူလှမ်းခေါ်တော့ မမရော ခင်စပယ်ပါ သူ့ထံလှမ်းကြည့်သည်။ ပြီးတော့ မမသည် တစ်ဘက်သို့လှည့်ထွက်သွားလိုက်လေ၏။

"မမ. .မမ. . ."

သူခေါ်လည်း မမဟာ သူ့ကိုလှည့်မကြည့်ပါတော့။ သူသည်ထိခိုက်ခြင်းများစွာနှင့်ပင် ရေဝေးမှပြန်ခဲ့လိုက်ရလေ၏။

x x x x x

"ဟင် အို သား၊ ငါ့သားဘာဖြစ်လဲဟင်. . ."

နီရဲ၍စွတ်စိုနေသော မျက်ဝန်းအစုံနှင့်ကတုန်ကရင် ခြေလှမ်းတို့ဖြင့် အိမ်ထဲလှမ်းဝင်လာသည့် သားတော်မောင်အား တွေ့လိုက်ရ၍ နိုးရိမ်အံ့သြခြင်းတွေနှင့် ဒေါ်ဝင်းမာစ်တစ်ယောက် သဲသဲလှုပ်ကာ မေးလိုက်ခြင်းပါ။

"သား သား. .ပြောပါဦး သားရဲ့၊ မေမေ့ကိုပြောဦးမှပေါ့"

"မေမေ. . ."

သူမျက်ရည်တွေစီးကျလာရင်း ခေါ်သည်။

"ဘာလဲ သား၊ ပြောပါဦးကွယ်. . ."

"ဒေါ်လေးဆုံးပြီ မေမေ၊ ဒေါ်လေးချယ်ရီရွှေဆုံးပြီ၊ ဒီနေ့





ဒေါ်လေးအသုဘချတဲ့နေ့ပဲ. . ."

"ဟင် သားဘာပြောလိုက်တယ်. . ."

ကြားလိုက်ရသည့်စကားအတွက် ဒေါ်ဝင်းမာစ်တစ်ယောက် အံ့သြသွားသည်ကအမှန်။ လွန်စွာမှပျော်ရွှင်ကျေနပ်အားရသွားရသည်ကလည်း အမှန်ဖြစ်၏။

"ဒေါ်လေးချယ်ရီရွှေ ဆုံးပြီ မေမေရယ်. . ."

မျက်ရည်တွေနှင့်သူဆိုရင်း မေမေ့ကို သူဖက်ထားဖြစ်သည်။ ဒေါ်ဝင်းမာစ်သည်က သားချော၏နောက်ကျောဘက်တွင် ကျေနပ်အားရစွာနှင့် မဲ့ပြုံးပြုံးနေဖြစ်ရင်းက. . .

"အို သားရယ် . .မေမေစိတ်မကောင်းလိုက်တာကွယ်၊ ဘယ်လိုဖြစ်တာပါလိမ့်. . ."

"ဒေါ်လေးက နှလုံးရောဂါနဲ့ ရုတ်တရက်ဆုံးသွားတာလို့ ပြောတယ် မေမေ. . ."

"ဪ ဟုတ်လား၊ အေးလေ ဒီရောဂါကထိခိုက်လွယ်တဲ့ ရောဂါပဲ၊ ဒီရောဂါနဲ့ဆုံးတာကတော့ မဆန်းပါဘူးလေ. . ."

မိမိဖုန်းဆက်လိုက်သည့်အကြောင်းကို မြင်ယောင်ကာ ကျေနပ်အားရစွာနှင့် မိမိလုပ်ရပ်ထိရောက်သွားသည့်အတွက် ဂုဏ်ယူစွာဖြင့် ဒေါ်ဝင်းမာစ်ပြုံးရယ်ကာဆို၏။

"မေမေရယ် ဒီအချိန်မှာ ဒေါ်လေးမသေသင့်ပါဘူး၊ ဖေဖေ သိရင်လည်း စိတ်ထိခိုက်မှာပါပဲ၊ ဒေါ်လေးကိုသနားတယ်၊ မမနဲ့ သူ့သူငယ်ချင်းတွေကလည်း ကျွန်တော့်ကို အထင်လွဲအထင်သေးနေကြမှာပါဗျာ. . ."

မိခင်ရင်ခွင်တွင် မျက်ရည်တွေနှင့် သူထိထိခိုက်ခိုက်ငိုကြွေ



www.burmeseclassic.com

www.burmeseclassic.com



ကြေ...ကြီး စကားတွေဆိုနေသမျှ ဒေါ်ဝင်းမာစံကား တစ်ရန်ကင်း၍ တစ်တောရှင်းပြီဟူသောအတွေးနှင့် လွန်စွာမှအားရကျေနပ်နေဖြစ်ရ ပါတော့၏။ ။

❖ ❖ ❖



## (နှစ်ဆယ့်ခြောက်)

ခြံထဲတစ်ကိုယ်တည်းလမ်းလျှောက်ရင်း ဒေါ်ဝင်းမာစံတစ်ယောက် အားရကျေနပ်နေသည်ပါ။ ဆက်လက်ပြီးလည်း ဒေါ်ဝင်းမာစံသည် မိမိဘာတွေဆက်လုပ်ရဦးမည်ကို တွေးတောကာ လမ်းလျှောက်နေဆဲ. . .

"ရှုတ်. .၊ မမ. . ."

"ဟင်! မင်း. .မောင်ကျော်မိုး. . ."

"မမကလည်းဗျာ၊ မောင့်ကိုတွေ့တာများ အထိတ်တလန့်နဲ့၊ မောင်ကတော့ မမနဲ့ခွဲနေရတာကြာလို့ လွမ်းနေရတာ. . ."

ကျော်မိုးစကားတွေအတွက် ဒေါ်ဝင်းမာစံ ဒေါသထွက်သွားရသည်။ ခုဖြင့် ကျော်မိုးကြောင့် ဒေါ်ဝင်း..စံဒေါသထွက်တတ်နေပါပြီ၊ သို့သော်လည်း ဒေါ်ဝင်းမာစံသည် ရှုံ့စပ်ကဂျင်ဂျင်လည်နေသူမို့ ကျော်မိုးရိပ်မိအောင်မနေ၊ အပြုံးလွမ်းသည့်မျက်နှာဖုံးနှင့် ကျော်မိုးကို ကြည့်ပြီး. . .

"အင်း ကြည့်ရတာ မောင်ကျော်မိုး. .ငါ့မောင်က ငွေလိုနေပြန်ပြီထင်တယ်. . ."

"အဟဲ ဟဲ ဟဲ မောင့်မမက မောင့်အကြောင်းကို ခုထိနားလည်နေတုန်းနော်၊ ဒါကြောင့် မမကိုချစ်ရတာသိလား. . ."

ရွှံ့စရာကောင်းတဲ့ကောင်စုတ်ရယ်. . .။



www.burmeseclassic.com

www.burmeseclassic.com



ကျော်မိုးထံကြည့်ပြီး ဒေါ်ဝင်းမာစံစိတ်ထဲမှ ရွံရှာစွာဖြင့် ဆိုလိုက်ခြင်းပါ။

"မင်းအကြောင်းမသိဘဲနေမလားကွယ်၊ ကဲ ကဲ ပြော၊ မင်းငွေဘယ်လောက်လိုလဲ. . ."

"မမကလည်းဗျာ ငွေလိုတာလည်းလိုတာပေါ့၊ ပြီးတော့ အဟဲ ဟဲ မမသိပါတယ်၊ ကဲ လာပါမမရာ၊ မမယောကျ်ားကြီးမှ မရှိတာ၊ ခေါင်နဲ့မမ ချစ်ဗျူဟာခင်းနေကြ မမတို့အိပ်ယာမှာပဲသွားကြရအောင်၊ မမအိမ်သားတွေကို မမကပိုင်ပြီးသားပဲမဟုတ်လား"

"အိုး ယော့ မင်းအတင့်မရဲနဲ့၊ ငါ့အခြေအနေက အရင်ကနဲ့ မတူတော့ဘူးကွ. . ."

"ဟုတ်တယ်လေ၊ ကျွန်တော်သိတာပဲ မမရဲ၊ မမက တစ်အိမ်လုံးကိုပိုင်ပြီးသား၊ မမလင်ကြီးကလည်း သေဖို့လမ်းကများနေပြီ၊ ဒီတော့ စည်းစိမ်တွေအားလုံး မမလက်ထဲမှာ၊ မမပဲပြောတယ်လေ၊ နောက်ဆိုရင် ကျွန်တော်နဲ့မမနဲ့က ··စိမ်ပေါ်မှာ ထိုင်ကြရမှာဆို. . ."

ခွေးသူတောင်းစား၊ ဟွန်း နင် စည်းစိမ်ပေါ်ထိုင်ရမယ် အားကြီး၊ နင်မကြာခင်သေတွင်းထဲသွားရဖို့ကတော့ သေချာပြီ...။

အတွင်းသွားများစေ့ကာ စိတ်ထဲမှ ဒေါ်ဝင်းမာစံဆိုသည်။

"ကဲ လာပါ မမရာ၊ ကြာတယ် လာ သွားမယ်. . ."

"အို နေစမ်းပါ၊ ငါ့သားက ဟိုတုန်းကလို လေးငါးနှစ်အရွယ်လေးမဟုတ်တော့ဘူးကွ၊ သူက ဒီတိုက်ကြီးရဲ့အရှင်သခင်နေရာမှာဖြစ်နေပြီ၊ မင်းသတိထားရလိမ့်မယ်. . ."

"မမကလည်းဗျာ ဒါများ၊ သူက မမသားပဲလေ၊ မောင်က





မမရဲ့တိတ်တိတ်ပုန်းအချစ်၊ တစ်ပင်လဲမှ တစ်ပင်ထူမယ့်အချစ်ကလေး မဟုတ်လား၊ ကဲ လာစမ်းပါ မမရာ၊ ကြာပါတယ်. . ."

ပြောရင်းဆိုရင်းပင် ဒေါ်ဝင်းမာစံလက်တစ်ဘက်ကို ကျော်မိုးဆွဲခေါ်သည်။ ဒေါသထွက်နေသော်လည်း ဒေါသကိုထိန်းပြီး ဒေါ်ဝင်းမာစံက ရန်းသည်၊ ကျော်မိုးကဆွဲခေါ်ဆဲ ဒေါ်ဝင်းမာစံက ရုန်းကန်နေကြဆဲအချိန်၌ပင်. . .

"ဟွန်း မေမေမရှိတော့မှ ငါဘယ်သူ့ကိုဂရုစိုက်ရတော့မှာလဲ၊ သူတို့ကို ငါပြန်စိမ်ခေါ်မယ်၊ ဒီတိုက်ကြီးမှာ ငါပြန်နေမယ်၊ ဖေဖေ့ကိုပြုစုမယ်၊ ငါ့ကိုလာထိခိုက်တဲ့သူမှန်သမျှ ငါအလွတ်မပေးဘူး၊ ငါသိတယ်၊ ငါ့အမေသေရတာ သူတို့ပရောဂကြောင့်ဆိုတာ၊ သိကြရပြီပေါ့၊ ဘွာမခတ်ကြေးနော်. .မမပြန်လာတက်နေပြီ၊ တိုက်ကြီးပေါ်ကို မမပြန်လာပြီ၊ ဒေါ်ဝင်းမာစံ. .ရှင့်ရဲ့မာယာတွေကို မမက ခဝါချွတ်ပြလိုက်မယ်၊ ရှင်တို့ရဲ့လုပ်ကြံမှုတွေ ရပ်တန့်းကရပ်. . ."

စိတ်ထဲက ခံစားမှုအလုံးအခဲတွေနှင့် မမတစ်ယောက် ရေရွှတ်လာဆဲ အသင့်ပွင့်နေသည့်ခြံတံခါးမှ ခြံထဲသို့ မမလှမ်းဝင်ခဲ့၏။ တစ်ဆက်တည်း ဆင်ဝင်အောက်ဆီသို့ မမလှမ်းသည်။ တစ်နေရာအရောက်မဟော့. . .

"ဟော့ မောင်ကျော်မိုး. .အဲဒါခြံရှေ့ကြီးကွ၊ မင်းလွှတ်စမ်း"

"ဘာဖြစ်လဲ မမရာ၊ ဟိုးအစကတည်းက နေရာမရွေး အချိန်မရွေး မမ ကျွန်တော့်ကိုချိန်းနေတာပဲဟာ၊ လာပါ. . ."

"မင်း လွှတ်ဆိုလွှတ်စမ်း၊ ဒီမှာ မင်းအကြောင်းတွေငါသိတယ်နော်၊ မင်းကဘာကောင်လဲ၊ မင်းဘာအလုပ်တွေလုပ်ပဲဆိုတာ ငါအားလုံးသိထားပြီးပြီ. . ."



www.burmeseclassic.com

www.burmeseclassic.com



"မမသိတာဘာတွေလဲ၊ ကဲ ပြောပါဦး. . ."

"ရှေ့နေကြီးဦးဇော်ကြည်ကိုသတ်တာ မင်းဆိုတာ ငါသိတယ်. . ."

"ဟင်! . . ."

ဒေါ်ဝင်းမာစံစကားတွင် ကျော်မိုး မျက်နှာတစ်ချက်ပျက်သွားသည်။ မမသည်က ရုတ်ကရက်ကြားလိုက်ရသော စကားများနှင့် မြင်ကွင်းကြောင့် မှင်သက်ကာ လှမ်းကြည့်နေဖြစ်ရာမှ နောက်ဆုံး ဒေါ်ဝင်းမာစံပြောလိုက်သည့်စကားတွင် မမသည် ထိတ်လန့်တုန်လှုပ်သွားရကာ ပန်းခြံကြီးနောက်ကွယ်သို့ ဝင်ပုန်းဖြစ်လိုက်ရပါတော့၏။

"ဒီကိစ္စကို ခင်ဗျားဘယ်လိုသိလဲ. . ."

"ငါမသိပါဘူး၊ နောက်မှ ငါစုံစမ်းလို့သိတာ . . ."

"ကျုပ်မယုံဘူး၊ ခင်ဗျားဘာကြောင့်သိတယ်ဆိုတာ ကျုပ်စုံစမ်းမယ်၊ လွယ်လွယ်လေးပဲ၊ ကျုပ်လည်းအခုဆက်စပ်မိလာပြီ"

ကြားသမျှစကားတွေကိုနားထောင်ရင်း မမသည် ကျော်မိုး၏ အရပ်နှင့်အလုံးအပေါက်ဆီ သတိထားကြည့်နေရာမှ အကြည့်တစ်ချက်က ကျော်မိုးလက်ခုံဆီရောက်သွားသည်။ ထိုအခါ မမမျက်လုံးပြူးသွား၏။

ဟင် ဒီလက်ခုံပေါ်မှအမာရွတ်ကြီးနဲ့လူ၊ ဖေဖေ့ကိုရိုက်သွားတာလည်း ဒီလူပဲ၊ ကိုချစ်ဦးအဖေကို သတ်တာလည်း ဒီလူပဲတဲ့၊ ဘယ်လိုဆက်စပ်နေလဲ၊ သူတို့ပုံစံတွေကြည့်ရတာလည်း တစ်မျိုးပဲ၊ မဖြစ်ဘူး ငါ ဒီကိစ္စတွေအားလုံး ကိုချစ်ဦးကိုပြောပြထားမှ. . .။

စိတ်ကူးရင်း မမသည် ခြံထဲမှပြန်ထွက်ခဲ့လိုက်လေ၏။

× × × × ×





"ဘာပြောတယ် မမ. . ."

"မမတကယ်ပြောတာပါ ကိုချစ်ဦးရဲ့. . ."

"တကယ်သေချာတယ်နော်. . ."

"သေချာပါတယ်၊ မမဘယ်လိုလုပ်ပြီးမေ့ပါ့မလဲ ကိုချစ်ဦးရယ်၊ ဖေဖေ့ကိုရိုက်တုန်းကလည်း အဲဒီလူပဲ၊ တကယ်ဆို ဖေဖေ့ကို အဲဒီလူက အသေဆော်တာ၊ မမရောက်သွားတာမြန်သွားလို့ အဲဒီကတည်းက သူ့လက်ခုံပေါ်ကအမာရွတ်ကို မမကောင်းကောင်းမှတ်ထားတာ. . .

အခုလည်း ဒေါ်ဝင်းမာစံနဲ့အဲဒီလူ စကားတွေပြောနေတာ မမနားနဲ့ဆတ်ဆတ်ကြားခဲ့ရတာ၊ စဉ်းစားစရာတွေအများကြီးပဲ ကိုချစ်ဦးရယ်၊ ဒီလောက်ကြီးမားပြီးလုံခြုံတဲ့တိုက်ကြီးထဲကို ဒီလူဘာကြောင့် အလွယ်တကူဝင်လာနိုင်ရတာလဲ၊ ပြီးတော့ သူဝင်လာတဲ့အခန်းက ဖေဖေ့အခန်းနော်၊ ပြီးတော့ ဒီလူနဲ့ဒေါ်ဝင်းမာစံစကားပြောနေပုံက သိပ်ရင်းနှီးလွန်းတယ်၊ ကြည့်တာနဲ့ထူးခြားတယ်ဆိုတာ သိတယ်၊ သူတို့ချင်းဘယ်လိုပတ်သက်နေလဲဆိုတာ စဉ်းစားစရာပဲ မဟုတ်ဘူးလား

နောက်ပြီး ဒေါ်ဝင်းမာစံကို လူတွေသိနေကြတာက အရှုံးမကြီးလေ၊ စိတ်မနဲ့တဲ့မိန်းမတစ်ယောက်မဟုတ်လား၊ ဘယ်သူမှမသိတဲ့အကြောင်းက ဒေါ်ဝင်းမာစံဟာ လူတွေကိုလိမ်ထားတာပဲ၊ သူဟာ ရူးနေပါကယ်ဆိုပြီး နောက်ကွယ်မှာလုပ်ချင်ရာတွေလုပ်နေတာ၊ ကိုချစ်ဦး. .မမစကားတွေယုံရဲ့လား၊ အဲဒါတွေတွေးမိရဲ့လား. . ."

"အင်းပါ ကိုယ်လည်းအဲဒါတွေစဉ်းစားနေတာပါပဲ၊ မဖြစ်ဘူး ဒီအကြောင်းတွေ ကိုယ်တို့ရဲ့စခန်းမှာပြောပြထားရမယ်၊ ပြီးတော့ ဒေါ်ဝင်းမာစံကိုစောင့်ကြည့်ပြီး လူသတ်ကောင်ကို ခြေရာခံလိုက်ရမယ်



www.burmeseclassic.com

၁၀၄၂၀၁၃/၃၁

www.burmeseclassic.com



"ဒါပေါ့ အဲဒီလိုပဲလုပ်ရမယ်. . ."

စဉ်းစားတွေးဆကာ ကိုချစ်ဦးပြောသည့်စကားများအား မမသည် အားပါးတရကြီးထောက်ခံဆို၏။

× × × × ×

ငွေတွေတစ်လိုင်ကြီးနှင့် ကျော်မိုးတစ်ယောက် မိမိငှားနေသည့်အခန်းသို့ပြန်လာခဲ့၏။ လမ်းတစ်လျှောက်၌ ကျော်မိုးစိတ်ကူးတွေလုပခဲ့သည်။ သူဌေးကတော်မမက မိမိလက်ခုပ်ထဲတွင်ရှိသည်ဟု ကျော်မိုးထင်သည်။ သူဌေးကတော်မမကို အပိုင်ကြံရန်လည်း ကျော်မိုးဆုံးဖြတ်သည်။

တကယ်တော့ မိမိနှင့်ဇာတ်လမ်းက မိမိကစခဲ့သည်မဟုတ်၊ သူဌေးကတော်မမကစပြီး မိမိအားရင်ခုန်ခဲ့ခြင်းဖြစ်၏။ မိမိက နှင်းဆီပြာဟိုတယတွင် တံခါးပေါက်အစောင့်လုပ်ခဲ့သူဖြစ်သည်။ မိမိလိုလူကို ရွေးချယ်ခဲ့သည်က သူဌေးကတော်မမ။ သည်တော့ မိမိကသိုက်တူးဖို့ကြိုးစားစရာတောင်မလို၊ မမနှင့်ပတ်သက်သည့်အချိန်မှစပြီး မိမိတွင်ငွေကလျှံပြီးသားဖြစ်၏။

"ဟား ဟား ဟား. . ."

လမ်းတစ်လျှောက်လုံး ကျေနပ်ပြုံးတွေနှင့် ကျော်မိုးတစ်ယောက် နေအိမ်သို့ပြန်ရောက်လာခဲ့သည်။ ရှေ့လျှောက် မိမိသည် ငွေတွေနှင့်ဘာလုပ်ရမည်ကိုတွေးကာ ကျေနပ်ပြုံးတွေနှင့် မိမိနေသည့်ခုနစ်လွှာသို့ ကျော်မိုးတက်ခဲ့သည်။ ငါးလွှာလှေကားထစ်များအရောက် ခြောက်လွှာသို့ဆက်တက်မည်အပြု အပေါ်မှဆင်းလာသည့် မျက်မှန်နက်တပ်ထားသည့်လူတစ်ယောက်ကို တွေ့လိုက်ရ၍ ကျော်မိုးစိတ်က





တစ်ချက်ဖြစ်သွား၏။

စဉ်းစားရင်း သတိထားရင်း ကျော်မိုးဆက်တက်သည်။ မျက်မှန်နက်နှင့်လူကလည်း ဆက်၍ဆင်းလာ၏။ နှစ်ဦးသားသည် ပုခုံးချင်းကပ်၍ကျော်မည်ပြုတော့ နှစ်ဦးလုံးက ကြေးစားသမားတွေချည်းမို့ အကြံကတူကြသည်။ ပုခုံးချင်းကပ်လိုက်သည်နှင့် တစ်ဦးကအကျီကြားက ဓားကိုအထုတ် ဟိုတစ်ယောက်ကလည်း သတိနှင့်ငဲ့အကြည့်. . .

"ဟော့. . ."

"သေကွာ. . ."

"လွယ်ရင် လူမိုက်တောင်လုပ်မနေပါဘူးကွ. . ."

နှစ်ဦးသားလုံးထွေးသတ်ပုတ်ထိုးကြိတ်ရင်း ဓါးကိုလုကြသည်။ ထိုအခိုက်ပင် တက်လာသည့်ခြေသံတွေကိုကြား၍ နှစ်ဦးသားသည် လူချင်းခွာလိုက်သည်နှင့် မျက်မှန်တပ်ထားသည့် ကြေးစားသည် လှေကားမှပြေးဆင်းသွားလိုက်လေ၏။ မျက်မှန်နှင့်လူ၏ဓားက ကျော်မိုးလက်ထဲတွင်ကျန်ခဲ့သည်။ ကျော်မိုးသည် ဓါးကိုကျစ်ကျစ်ခုပ်ကိုင်ကာ ဒေါသတွေဖွင့် မိမိအခန်းဆီသို့တက်ခဲ့၏။ မိမိအခန်းပဲအရောက်မတော့. . .

"ဟွန်း ဒေါ်ဝင်းမာစံ. .ခင်ဗျားစိတ်ကူးလောက်တော့ ကျုပ်ခေါင်းထဲ...င်မထည့်သေးဘူး မှတ်ပါ၊ ခင်ဗျားကို ကျုပ်အပိုမကိုင်သေးတာ... ပိုင်သေးလို့မဟုတ်ဘူးဗျို့၊ ကျန်နေသေးလို့၊ ကျန်နေသေးလို့ဗျာ၊ ခင်ဗျားကို ကိုင်ကောင်းတဲ့အကွက်ကျန်နေသေးလို့ပဲ

ဟွန်း ဟွန်း ခင်ဗျားရော ဦးလင်းနိုင်ပါ စောင့်ကြည့်နေလိုက်ကြပါ၊ ခင်ဗျားတို့နှစ်ယောက်စလုံးရဲ့ အကြံတွေဟာ ဘာတွေလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ကျုပ်အကုန်သိတယ် ဟား ဟား ဟား. . ."

အမောပြေဘီယာသောက်ရင်း ကျော်မိုးတစ်ယောက်ကြွေးဝါး နေလိုက်ခြင်းပါ။

× × × × ×

တစ်ချိန်လုံး ဒေါ်ဝင်းမာစံတစ်ယောက် ဂဏာမငြိမ်ဖြစ်နေ၏။ လက်ထဲကိုင်ထားသည့် ဟဲန်းဖုန်းဆီကြည့်လိုက်၊ လိုင်းဖုန်းဆီလှမ်းကြည့်လိုက်နှင့် ဒေါ်ဝင်းမာစံ၏ပုံစံက မမှန်ဖြစ်နေ၏။ အပေါ်တက်လိုက် အောက်ထပ်ဆင်းလိုက်၊ ဖုန်းဆော့ကိုကြည့်လိုက်၊ ဧည့်ခန်းကြီးထဲလှည့်ပတ်လျှောက်နေလိုက်၊ မျက်လုံးတွေကအပြင်ကြည့်လိုက်၊ အထဲကြည့်လိုက်နှင့် ဘယ်လိုမှုမမှန်ဖြစ်နေသည့် မိခင်ဖြစ်သူအား ကိုကိုသည် ခုဖြင့်တိတ်တိတ်ကလေးစောင့်ကြည့်နေဖြစ်လေ၏။

"တောက်. .ဟင်း. . ."

ဘာကိုအလိုမကျဖြစ်နေမှန်းမသိ။ မိခင်ထံမှတက်ခေါက်သံနှင့် သက်မချသံကြီးအား ကိုကိုကြားလိုက်ရသည်။

"ကရင်း ရင်း ရင်း. . ."

ကိုကိုစောင့်ကြည့်နေဆဲပင် ဒေါ်ဝင်းမာစံလက်ထဲမှ ဖုန်းကမြည်လာ၏။ ဒေါ်ဝင်းမာစံသည် ချက်ချင်းပင်ဖုန်းကိုနားထောင်လိုက်ပြီး. . .

"ဟဲ့ ပြောစမ်း၊ အခုပြောတာဘယ်သူလဲ၊ တင်ဝင်းလား ကျော်စိန်လား၊ မြန်မြန်ပြောစမ်း၊ ငါခိုင်းတဲ့ကိစ္စဘယ်လိုလဲ. . .

ဟင်! ဘာပြောတယ်၊ မအောင်မြင်ဘူး ဟုတ်လား၊ ဟဲ့ သေနာကောင်တွေ နင်တို့ကိုခိုင်းရင် ဘယ်တုန်းကအောင်မြင်လဲ၊





ပြောစမ်း. .ဟိုတစ်ခေါက်လည်း ကောင်မလေးကို အပြတ်ရှင်းဆိုတာ ငါ့သားပဲအတိတ်မေ့ရောဂါရလာတယ် သေနာကောင်တွေ. . ."

ကြားလိုက်ရသည့်စကားတွင် ကိုကိုသည် လွန်စွာမှ အံ့သြတုန်လှုပ်သွားလိုက်ရလေ၏။ နှုတ်ခမ်းပင်မဖွဲ့ဖြစ်တော့ မိခင်ကို သူလှမ်းကြည့်နေဖြစ်တော့သည်။

"အခု ဒီကျော်မိုးဆိုတဲ့အကောင်ကို အပြတ်ရှင်းဆိုတာလည်း မအောင်မြင်ပြန်ဘူး၊ နင်တို့ကိုဘယ်နေရာသွား သုံးစားရမလဲဟဲ့၊ ဒါနဲ့တောင် နင်တို့ကကြေးစားတွေပါဆို၊ ဘာကြေးစားလဲ၊ နင်တို့ ဘာလုပ်တဲ့ကြေးစားလဲ၊ ငါမပြောလိုက်ချင်ဘူး. . .

ဟော့ ဒီမှာ ငါတစ်ခါတည်းအပြတ်ပြောလိုက်မယ်၊ နင်တို့ ဒီကောင်ကိုအပြတ်ရှင်း၊ ဒီကောင့်ကိစ္စပြတ်မှ နင်တို့ ငါနဲ့ဆက်သွယ်ပါပဲ. . ."

ဒေါသတွေနှင့်စကားအဆုံး ဒေါ်ဝင်းမာစံသည် ဖုန်းကိုပိတ်ကာ ကိုယ်ကိုအလှည့်. . .တုန်လှုပ်ခြင်း၊ ထိခိုက်ခြင်း၊ မယုံနိုင်ခြင်းများစွာနှင့်လှမ်းကြည့်နေသည့် သားတော်မောင်အားပက်ပင်းတွေ့ဖြစ်ရခိုက် ဒေါ်ဝင်းမာစံသည် လက်ထဲကဖုန်းပင် လွတ်ကျသွားအောင် ထိတ်လန့်တုန်လှုပ်သွားလိုက်ရပါတော့၏။

"ဒေါက်. . ."

"အို သား သား. . ."

"ရက်စက်လိုက်တာဗျာ၊ မေမေက ကျွန်တော့်မေမေတဲ့လား၊ မယုံနိုင်အောင်ပါပဲ၊ ကျွန်တော်ကြောက်မိတယ်. . ."

"သား သားရယ်၊ မဟုတ်ပါဘူး မဟုတ်ပါဘူး. . ."

"ကျွန်တော်အားလုံးသိပြီးမှ မေမေဘာကိုဖုန်းကွယ်ဦးမလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုလိမ်ညာနေဦးမှာလဲဗျာ၊ ကျွန်တော်ဘာဆက်လုပ်ရတော့မလဲ၊ မေမေ့ကြောင့်နဲ့ ကျွန်တော်လည်းအားလုံးမှားခဲ့ပြီ၊ တောက်လျှောက်မှားခဲ့ပြီ၊ ဖြစ်ခဲ့သမျှပြဿနာတွေဟာ မေမေ့ကြောင့်ပဲဆိုတာ အခု ကျွန်တော်တွေးလို့တတ်ပါပြီ၊ သိတတ်တဲ့အရွယ်ကတည်းက ဒေါ်လေးချယ်ရီကို ကျွန်တော်အထင်လွဲခဲ့တယ်၊ သူတို့သားအမိကို စိတ်ဒုက္ခတွေပေးခဲ့တယ်၊ ခုတော့. . ."

"သား သား သားရယ် အီး ဟီး ဟီး..မဟုတ်ပါဘူး မဟုတ်ပါဘူး၊ အီး ဟီး ဟီး. . ."

"မေမေအခုရူးသွားပြန်ပြီလား၊ မာယာများတဲ့မေမေ့ကို ကျွန်တော်ဘယ်လိုမှ မယုံကြည်တော့ပါဘူး၊ ခုမှဒုက္ခဖြစ်ရတဲ့သူက ကျွန်တော်ပါ၊ ကျွန်တော်တို့ပယောဂတွေကြောင့် ဒေါ်လေးလည်းသေပြီ၊ မေမေကတော့ ပျော်နေမယ်ဆိုတာ သိပါပြီ. . .

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဇနီးမမကို ကျွန်တော်ပြန်ခေါ်ရတယ်၊ သူ့ကိုဒီတိုက်ကြီးပေါ်မှာနေစေပြီး အုပ်ချုပ်စေမယ်၊ သူ့နဲ့ထိုက်တန်တာတွေ အားလုံးပြန်လုပ်ပေးရမယ်၊ အခုကျွန်တော့်ဇနီးကို တောင်းပန်ပြီးသွားခေါ်ခဲ့မယ်. . ."

"သား သား မခေါ်နဲ့ မခေါ်နဲ့၊ မသွားနဲ့ မသွားရဘူး၊ သား ဒီမှာပဲနေရမယ်၊ သူ့ကိုသွားမခေါ်ရဘူး မခေါ်ရဘူး. . ."

"အဟင်း ဟင်း သိပ်ရယ်ချင်တာပဲ၊ ရှင်တို့မခေါ်လည်း ကျွန်မကတော့ ရောက်နေပါပြီ၊ ကျွန်မ ဒီတိုက်ကြီးပေါ်မှာ နေကိုနေရမယ်၊ ဖေဖေဦးမြတ်ထင်အတွက် ကျွန်မမေမေအတွက် ကျွန်မအတွက် ဒီမှာနေကိုနေရမယ်. . ."

"ဟင် မမ. . ."





"ဟုတ်တယ်၊ ကျွန်မ မမပါပဲ. . ."

"ကိုကိုလည်း ခုပဲသွားခေါ်မလို့ပါ. . ."

"မခေါ်လည်း ကျွန်မကရောက်နေပါပြီ. . ."

"ညီးထွက်သွားစမ်း၊ အခုထွက်သွားစမ်း၊ ဒီအိမ်က ညီးနဲ့ဘာဆိုင်လဲ၊ အခုထွက်သွား. . ."

"အဟင်း ဟင်း ဒေါ်ဝင်းမာစံ. .ကျွန်မကို ဒီလိုမဆက်ဆံနဲ့နော်၊ ကျွန်မသိတာတွေ အများကြီးရှိတယ်၊ နောက်ထပ်သိအောင်ကြိုးစားဖို့အတွက် ကျွန်မဒီကိုပြန်လာတာ၊ ရှင်းတယ်နော် အဟင်းဟင်း. . ."

"ဟဲ့ ကောင်မ..ညီးကို ငါသတ်မယ်. . ."

"ကိုယ့်ကိုယ်ကိုပဲ လုံခြုံအောင်နေပါလေ၊ ကျွန်မကသေရမှာ မကြောက်လို့ တစ်ယောက်တည်းဒီကိုပြန်လာတာ. . ."

"မမ. .ကိုကိုတောင်းပန်ပါတယ်ကွယ်၊ လာ လာ ကိုကိုတို့အပေါ်တက်ကြရအောင်. . ."

ကိုကိုဆိုရင်း မမလက်ကလေးကိုဆွဲခေါ်ကာ အပေါ်ထပ်သို့တက်သွားသည်။ ဒေါ်ဝင်းမာစံသည် ဒေါသအမျက်ချောင်းချောင်းထွက်နေသည့် မျက်လုံးမျက်နှာကြီးနှင့် လှမ်းကြည့်သည်။ မမသည် ကိုကိုခေါ်ရာလိုက်ပါရင်း ဒေါ်ဝင်းမာစံအား ကလီလို၍လိုက်ခဲ့ခြင်းပါ။ အပေါ်ထပ်အခန်းထဲအရောက်မတော့ ကိုကိုသည် မမနှင့်အတူ ဒေါ်ချယ်ရီရွှေဓာတ်ပုံကြီးရှေ့တွင် ရပ်လိုက်ပြီး နှစ်ဦးသားရှိခိုးကန်တော့လိုက်ကြသည်။

"မေမေ. .ကျွန်တော် မေမေလို့ခေါ်ပါတယ် မေမေ၊ အလေးထားချစ်ခင်မှုနှင့် ကျွန်တော် မေမေလို့ခေါ်ပါတယ် မေမေရယ်၊



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကိုကျွန်တော်တောင်းပန်ပါတယ်၊ ကျွန်တော်အထင်လွဲခဲ့မိပါတယ်၊ မေမေ့ကို စိတ်ဆင်းရဲအောင် ကျွန်တော်လုပ်ခဲ့မိပါတယ်...

မေမေ. .ဒီအပြစ်တွေဆပ်ဖို့အတွက် မမကို ကျွန်တော်ပိုပြီးချစ်ပါမယ်၊ ပိုပြီးဂရုစိုက်ပါမယ်၊ မေမေ..ကျွန်တော့်ကိုယုံကြည်ပေးပါ. . ."

မျက်ရည်တွေကျရင်း သူဆိုသည်။ မမသည် သူ့မျက်နှာမှ မျက်ရည်တွေဆိုကြည့်ရင်း မမသည်လည်း မျက်ရည်တွေစီးကျနေရသည်ပါ။

"ရှင်ကတောင်းပန်နေပေမယ့် ကျွန်မမေမေကတော့ ကျွန်မတို့ဆီကို ပြန်လာတော့မှာမဟုတ်ပါဘူးလေ. . ."

"အဲဒီအတွက် ကိုယ်ဘယ်လိုမှပြောမပြတတ်အောင် ထိခိုက်နာကျင်ရပါတယ် အချစ်ရယ်. . ."

နောင်တများ၊ ဝမ်းနည်းခြင်းများစွာဖြင့် သူဆိုသည်။ မမသည် သူ့ကိုကြည့်နေလျှင် နာကျင်နေရ၍ သူနှင့်အကြည့်ကိုလွှဲထားဖြစ်ပြီးမှ. . .

"ကိုကို. .ရှင် အားလုံးကို ပြန်အမှတ်ရလာပြီလားဟင်"

"ဟုတ်တယ်၊ ကိုယ်အားလုံးမှတ်မိလာပါပြီ. . ."

"ရှင့်ဇနီးရော. . ."

"ကိုယ့်ဇနီးက မင်းပဲလေ. . ."

"မဟုတ်ဘူး၊ အစ်မဝင်းစုချိုကိုပြောတာ. . ."

"ကိုယ် သူနဲ့လက်မထပ်ပါဘူး. . ."

"ရှင့်မေမေစီစဉ်တာတွေက ထိရောက်ပါတယ်လေ. ."

"ဒါကတော့ သူတို့ရဲ့ဖွတ်စီစဉ်မှုတွေပါ၊ ဒီတော့ နောက်





ဆက်တွဲကိစ္စတွေကို သူတို့ဟာသူတို့ရှင်းပေါ့. . ."

"မဝင်းစုချိုက အခုဘယ်မှာနေလဲ. . ."

"သူက မေမေနဲ့ပါတနာဆိုတော့ ဒီမှာပဲနေနေသေးတယ်ထင်တယ်၊ ကိုယ်တော့မသိပါဘူး. . ."

"ဘာပဲဖြစ်ဖြစ်လေ၊ ဒီအချိန်ကတော့ ကျွန်မအချိန်ပါ၊ ကျွန်မအမေလည်းမရှိတော့ဘူး၊ အဖေလည်းမရှိဘူး၊ ကျွန်မကတစ်ကောင်ကြွက်၊ ကျွန်မရဲ့ခံစားချက်နဲ့ ကျွန်မဒီအိမ်ပေါ်ကိုပြန်တက်လာတာ၊ ကျွန်မကို ရှင်ဘာမှဂရုစိုက်ဖို့မလိုပါဘူး. . ."

"တောင်းပန်ပါတယ် အချစ်ရယ်၊ ကိုကိုနောင်တရနေပါတယ်. . ."

သူဆိုရင်း မမကိုယ်လေးကို ထွေးပိုက်ထားတော့ သူ့ရင်ခွင်တွင် မမသည်လည်း မျက်ရည်များနှင့် မောပမ်းနွမ်းနယ်၍နေပါပြီ။ မှန်သည်၊ မမသည် နာကျင်နေသော်လည်း ကိုကို့အားမည်သို့ဖြစ်စေ ချစ်လျက်ချစ်ဆဲပင် မဟုတ်ပါတကား။ ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (နှစ်ဆယ့်ရှစ်)

တမင်ပင် မမတစ်ယောက်တည်း ထမင်းစားခန်းထဲတွင် ကော်ဖီဆင်းသောက်နေလိုက်သည်။ မမစိတ်တွေက ကျားသစ်မလေး အရိုင်းတစ်ယောက်ကဲ့သို့ဖြစ်နေ၏။ တစ်ချိန်က မိခင်အတွက် ထောက်ထားခဲ့ရသည်။ မိခင်ခံစားခဲ့ရရှာမည့်ခံစားမှုတွေအတွက် မမစဉ်းစားရင်း ဒေါသနှင့်ခံပြင်းနေမိ၏။ ခုချိန်တွင်မတော့ မမ ဘာမှထောက်ထားစရာမရှိတော့၊ ငဲ့ညှာစရာလည်းမရှိတော့။ ထိသည်နှင့်ပေါက်မည့် အဆိပ်ပြင်းသည့် မြွေဟောက်မလေးမမဖြစ်နေပါပြီ။ ထင်သည့်အတိုင်းပင် ထမင်းစားခန်းထဲသို့ ဒေါ်ဝင်းမာစံဝင်ရောက်လာ၏။

ဒေါ်ဝင်းမာစံကလည်း သားနောက်ကွယ်မှ ဒီကောင်မကို ဦးကျိုးအောင် အပြတ်ဆော်ပစ်လိုက်မည်ဟူသော စိတ်ကူးနှင့်ပါ။ မမကလည်း သိပြီးသားမို့ ကော်ဖီပူပူကို တဖြည်းဖြည်းချင်းမှုတ်၍ သောက်နေ၏။

"ဒါတွေက ဒီလိုထားတာ အမှိုက်ပဲ၊ မျက်စိရှုပ်တယ် သွားစမ်း. . ."

"ချွမ်း ခွမ်း ချွင်း. . ."

စားပွဲပေါ်မှ သကြားပုလင်းနှင့် နို့ခွက်တွေကို လက်နှင့် သိမ်းကျုံးချလိုက်၍ သကြားပုလင်းနှင့် နို့ခွက်မှာ အောက်ကျပြီး





ကွဲကုန်တော့သည်။ ကြမ်းပြင်တွင် သကြားနှင့်မို့နို့တွေလည်း ပေပွကုန်တော့၏။ မမသည် အတွင်းသွားလေးများ စေ့ကြိတ်ကာ ငြိမ်နေလိုက်၏။

ဒေါ်ဝင်းမာစံသည် ဓါးအိမ်တွင် ကြက်သွန်လှီးဓါးတစ်ချောင်းကို သွားယူလိုက်ပြီး စားပွဲပေါ်တင်ထားသည့် မမလက်ကလေးအနီးတွင် အားနှင့်ထိုးစိုက်ပစ်လိုက်သည်။

"ကဲဟယ်. .၊ ဟား ဟား ဟား. . ."

မမသည် ဒေါသထွက်ချင်သည်ကိုပင် ဒေါသမထွက်၊ စိတ်ပျက်ရုံမျှသာဖြစ်ပြီး ဒေါ်ဝင်းမာစံထံကြည့်လိုက်ပြီး. . .

"ရှင်က ဘယ်လိုဖြစ်ချင်နေတာလဲ. . ."

"ညီးက ဘာစကားပြောတာလဲ၊ စိန်ခေါ်တာလား. . ."

"စိန်ခေါ်တာကရှင်ပါ၊ ဒီလုပ်ရပ်တွေက ရှင်စိန်ခေါ်နေတာပဲ မဟုတ်လား၊ ရှင့်လုပ်ရပ်ကို ကျွန်မကပျင်းသေးတယ်. . ."

"ဘာပြောတယ်၊ မခန့်လေးစားနဲ့ အောက်တန်းစားမက.. ချွမ်း. . ."

ထမင်းစားပွဲပေါ်မှ ဆားပုလင်းလေးက ဓါးစာခံဖြစ်သွားရပြန်သည်။

"ဒေါ်ဝင်းမာစံ. .ရှင် ရူးနေပြီလား၊ ဆေးသောက်ဖို့လိုပြီနဲ့တူတယ်. . ."

"ဟဲ့ သူတောင်းစားမ. .ညီးကိုကောင်းကောင်းဆုံးမပြမယ်"

"ဖြတ်. . ."

"အား ပူတယ် ပူတယ်၊ ဟင် နင် ငါ့ကို ကော်ဖီပူနဲ့ မျက်နှာကိုပက်တယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ရှင်ရှူးနေရင်လည်း အသိစိတ်ရှိသွားအောင်လို့ လေ အဟင်း ဟင်း၊ ဒါပေမယ့် ရှင်ဘယ်တုန်းကမှ တကယ်မရူး ခဲ့ဘူးဆိုတာ ကျွန်မရော ကျွန်မအမေပါသိနေတာကြာပါပြီ. ."

"ဟင်. . ."

"အံ့ဩသွားလား ဒေါ်ဝင်းမာစံ. . ."

"အမလေး အံ့ဩစရာလားအေ၊ ကျုပ်က ညီးတို့ကို အဲဒီ လိုတောင်သိစေချင်တာပါအေ၊ ကျုပ် ညီးတို့ကိုပြိုင်ခဲ့တာ အခု ညီးအမေကျသွားပြီ၊ ညီးလောက်တော့ သနားသေးတယ်အေ"

"ဟုတ်လား၊ သိပါတယ် ဒေါ်ဝင်းမာစံ၊ ရှင့်သားနောက်ကွယ် မှာ ရှင်က ကျွန်မကို အပီနှာပစ်မယ်ဆိုတဲ့အကြံတွေကို ကျွန်မသိ ပြီးသားပါ၊ ရှင့်ကိုယ်ရှင်အထင်ကြီးနေရင်တော့ စမ်းကြည့်လိုက်ပေါ့၊ ခုနက ကော်ဖီနဲ့ပက်တာ နမူနာပဲရှိပါသေးတယ်. . ."

"ကောင်မက လာ လာချည်သေးတယ်၊ ညီးလိုကောင်မ ကသား. . ."

ဒေါ်ဝင်းမာစံသည် ခါးကိုဆွဲနှုတ်ကာ မမထံထိုးဖို့ ပြင်လိုက် သည်နှင့်. . .

"ဖေဖေ့ကို သေကောင်ပေါင်းလည်း ဖြစ်အောင်လုပ်တာ၊ ရှေ့နေကြီးဦးကြည်ဖော်ကိုသတ်တာ၊ ငါ့အမေကို သေအောင် ဖုန်းနဲ့ နှိပ်စက်လိုက်တာ၊ ဒီကိစ္စတွေဟာ ရှင်နဲ့ဦးလင်းနိုင်ရဲ့ ပူးပေါင်းဆောင် ရွက်မှုတွေပဲဆိုတာ အကုန်သိတယ်. . ."

"ဟင် ဘာ ဘာပြောတယ်၊ နင်ဘာပြောတယ်. . ."

"ရှင်တို့ရဲ့လျှို့ဝှက်ချက်တွေကို အကုန်သိတယ်၊ ကျွန်မ တစ်ယောက်တည်းတင်မဟုတ်ဘူး၊ ဦးကြည်ဖော်ရဲ့သား ရှေ့နေကိုချစ်ဦး





လည်းသိတယ်၊ ရှင်တို့နောက်မှာ ရဲတွေရှိနေတယ်၊ ညာလက်ဖမိုး ပေါ်က အမာရွတ်နဲ့လူသတ်ကောင်ကိုလည်း ငါသိတယ်. . ."

"ဘာပြောတယ်. . ."

"ဒီလူကကြေးစား၊ ပြစ်မှုတွေအားလုံးကို ဒီလူကကျူးလွန်တာ၊ ရှင်နဲ့ဦးလင်းနိုင်ကပူးပေါင်းကြံစည်ပြီး ဒီလူကိုလုပ်ခိုင်းလိုက်တာ၊ ထူး ခြားချက်က ဒီလူသတ်ကောင်က ရှင့်ရဲ့. . ."

"ဟင်! ဟင် နင် နင်. . . ."

"ဟား ဟား ဟား ဟား ကိုကိုရေ့ .ဒီနေ့မမကို ကုမ္ပဏီနဲ့ ရှိသမျှစီးပွားရေးကော၊ စည်းစိမ်တွေပါလွှဲပေးဖို့ လက်မှတ်ထိုးပေးရ မယ်နော်၊ အဲဒီလိုမဖြစ်လို့ကတော့ ကိုကို့အချစ်ကို မမ မယုံဘူး ကွယ်၊ ဟား ဟား ဟား. . ."

မမစကားတွေကို အကျယ်ကြီးအော်ပြောသည်။ အကျယ်ကြီး အော်ဟစ်ရယ်ပစ်ပြီး ထမင်းစားခန်းထဲမှ လှမ်းထွက်သွားလိုက်တော့ သည်။ ဒေါ်ဝင်းမာစံကား တုန်လှုပ်ခြောက်ခြားမှုတွေနှင့် ဒေါသက ငယ်ထိပ်မှပေါက်ထွက်တော့မည့်အတိုင်း ခါးကြီးမြှောက်ကိုင်ကာ မျက်စိ မျက်ဆန်ပြူးလျက် ကျန်ရစ်ခဲ့တော့၏။ ဧည့်ခန်းတွင်မတော့ ကိုကို သည် ကုမ္ပဏီသို့သွားရန် အပေါ်ထပ်မှဆင်းခဲ့သည်။ အောက်ထပ် အရောက် မမနှင့်ဆုံသည်မတော့. . .

"မမ. .ကော်ဖီသောက်ပြီးပြီလား၊. အသင့်ဖြစ်ရင် သွားကြ မယ်. .. ."

"ကိုကို..ကော်ဖီသောက်ဦးလေ၊ ကိုကို့မေမေလည်း ထမင်း စားခန်းထဲမှာရှိတယ်. . ."

"ကိုကိုမသောက်တော့ပါဘူး၊ ကဲ လာ သွားမယ်၊ မမတောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတွေကို ကိုကိုအားလုံးလုပ်ပေးမယ်. . ."

စကားတွေဆိုရင်း နှစ်ဦးသား အိမ်ထဲမှထွက်သွားလိုက်ကြသည်။

"ရဲရင်လုပ်ကြည့်၊ သိတ္တိရှိရင်လုပ်ကြည့်ဟော့၊ ဒီကောင်မကို ငါ ါတ်မယ် သတ်မယ်. . ."

"ဟင် ဒေါ်လေး ဘာဖြစ်လို့လဲ၊ ဟိုမှာ သူတို့ကကားနဲ့ ထွက်သွားတာ ဝင်းစုတွေ့လိုက်တယ်.."

ရော ်က်လာသည့် ဝင်းစု အိမ်ထဲပြေးဝင်လာပြီး ငိုမလိုရယ်မလိုနှင့် ဒေါ်ပင်းမာစံကိုပြောပြသည်။ ဒေါ်ဝင်းမာစံမှာ ဒေါသနှင့်သွားတွေကို စေ့ယားလိုက်ပြီး. . .

"နေပစေ သမီး၊ ဟိုကောင်မက ဒေါ်လေးတို့အကြံတွေကို သိနေတယ်၊ ဒီတော့ သူ့ကိုနည်းနည်းအချိုသတ်ပြီး အပေါင်းအသင်းဖွဲ့ရဖို့စဉ်းစားရမယ်၊ အခု သမီးဖေဖေဆီကို ဒေါ်လေးဖုန်းဆက်ပြီး ပြောပြထားရဦးမယ်. . ."

ပြောပြေ ဆိုဆိုနှင့် ဒေါ်ဝင်းမာ့စံသည် ဖုန်းလေးဆီပြေးသွားပြီး ဦးလင်းနိုင်ထံဖုန်းဆက်လိုက်သည်။ မိမိတို့ကိစ္စတွေကို ဝင်းစုချိုသိသွားမည်လည်းစိုး၍ ဒေါ်ဝင်းမာစံသည် ဝင်းစုချိုနားမလည်နိုင်သည့်စကားကွေနှင့် ဦးလင်းနိုင်အား သတိပေးပြောဆိုလိုက်ရလေ၏။

ဝင်းစုချိုကလည်း ဒေါ်ဝင်းမာစံတစ်ယောက် ဖြစ်ပျက်နေပုံနှင့် ပြောသည့်စကားများအား နားမလည်ဖြစ်ရသည်ကအမှန်ပါ။ ထို့အတွက် ဝင်းစုချိုသည်စဉ်းစားဖြစ်ရ၏။ မိမိနှင့်ကိုကိုတို့ ကြိတ်ပြီး လက်ထပ်မည့်အစီအစဉ်ကို မမသိရုံနှင့် ဒေါ်ဝင်းမာစံသည် မျက်စိမျက်နှ ျက်အောင် ဘုန်လှုပ်နေပုံကို သတိထားမိရကာ စဉ်းစားစရာ





များ ဖြစ်နေရသည်မဟုတ်ပါလား။

× × × × ×

ကိုချစ်ဦး၏အလုပ်ရုံးခန်းတွင်ပါ။

"ကိုချစ်ဦး. .ဘာထူးလဲ. . ."

"ထူးတယ် မမ၊ ဒီမှာ ဓာတ်ပုံကိုကြည့်ပါဦး၊ အဲဒီလူဟုတ်ရဲ့လားဆိုတာ. . ."

ချစ်ဦးဆိုရင်း ဓာတ်ပုံတစ်ပုံပြလာတော့ မမ ကြည့်လိုက်သည်။ မမမျက်ဝန်းလေးတွေက လင်းသွား၏။

"သိပ်သေချာတာပေါ့၊ ဘယ်ကရလဲ. . ."

"ရဲစခန်းကပဲ၊ ဒီကောင်က ရဲမှတ်တမ်းရှိတဲ့ကောင် လက်ဖမိုးကဒဏ်ရာက သူ့ကိုမှတ်မိစေတဲ့အမှတ်အသားပဲ၊ သူ့လ ဒဏ်ရာကအချင်းအခေမတဲ့လို့ ရန်ဖြစ်ရာကရခဲ့တဲ့ဒဏ်ရာပဲ၊ ပြီး ဒီကောင်ကျူးလွန်တဲ့ပြစ်မှုတွေများတယ်။ အနုကြမ်းစီးမှု၊ လူသဝ ဖောက်ထွင်းမှုနဲ့ အလွဲသုံးစားလုပ်မှုတွေနဲ့ ထောင်ကျခဲ့တယ်

အစက ဒီကောင်က ကိုကိုတို့ရဲ့နှင်းဆီပြာဟိုတယ်မှာ တံခါးစောင့်လုပ်ခဲ့ဖူးတယ်၊ ဘာဖြစ်လို့လဲတော့မသိဘူး၊ သူ့ကို သူဌေးဦးမြတ်ထင်ကိုယ်တိုင်ပဲ အလုပ်ထုတ်ပစ်လိုက်တယ်ဆိုတာ စုံစမ်းသိရတယ် . . ."

"ဟင် ဟုတ်လား. . ."

ထိုမှသာ မမဆိုပြီး စိတ်ထဲမတော့ ဒေါ်ဝင်း ာစံနှင့် ဆက်စပ်ပြီး မမတွေးကြည့်ဖြစ်လိုက်သည်။ သို့သော်လည်း မမသည် ထိုကိစ္စအတွက် ဆိတ်ဆိတ်ပင်နေဖြစ်လိုက်သည်။ ပြီးမှ. .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကိုချစ်ဦး..မမ ဒီဓာတ်ပုံယူသွားမယ်. ."

"အင်း. .၊ မမ. .သတိနဲ့လည်းလုပ်နော်. ."

"အင်းပါ မစိုးရိမ်ပါနဲ့. . ."

"မစိုးရိမ်ပေမယ့် စိုးရိမ်တယ်၊ ဒါပေမယ့် ရဲတွေကတော့ သူတို့နဲ့မနီးမဝေးမှာ မပြတ်ရှိပါတယ်၊ ဒီကောင်က အခုရှောင်နေတယ်၊ သူ့ကိုမိရင် ပွဲသိမ်းပြီ. ."

"ပွဲကို မြန်မြန်သိမ်းစေချင်ပြီ၊ ရာဇဝတ်ကောင်တွေကို လွှတ်ထားသလိုဖြစ်နေတယ်၊ ကဲ. .မမသွားပြီ. ."

ကိုချစ်ဦးကိုနှုတ်ဆက်ပြီး မမထွက်ခဲ့လိုက်လေ၏။

× × × × ×

"ဟိုကောင်မက မိန်းမလည်၊ ငါ့သားကို အပီနှုးနှပ်ပြီး အားလုံးအပိုင်သိမ်းတော့မှာ၊ သူက ငါ့ကိုတောင် စိန်ခေါ်သွားတာ"

"အဲဒါမပူပါနဲ့ ဝင်းမာစံရာ၊ ဟိုတယ်ရဲ့လုပ်ပိုင်ခွင့်အကုန်လုံးကို ငါထိန်းချုပ်ဖို့ ကိုကိုက ငါ့ကိုစာချုပ်မှာ လက်မှတ်ထိုးပေးလိုက်ပါပြီဟ. ."

"ဟင်! ဘယ်တုန်းက ထိုးပေးလိုက်တာလဲ. ."

"ဒီမနက်ကပဲ၊ နင်ပဲ ငါ့ဆီဖုန်းဆက်လိုက်တဲ့ အချိန်ကပေါ့၊ သူ ဟိုတယ်လာတော့ ငါထိုးခိုင်းလိုက်တာ၊ နင်ထိုးပေးဖို့ပဲကျန်ပြီ၊ ဒါမှ ဒီကောင်မလေး စွက်ဖက်လို့မရတော့မှာ. ."

ဦးလင်းနိုင်စကားတွေကို သိပ်သဘောမတွေ့လှသော်လည်း လူလည်လင်းနိုင်က မမကိစ္စကိုထိုးထည့်ပြောလာ၍ ဒေါ်ဝင်းမာစံသည် မပြောသာဘဲဖြစ်သွားရသည်။





"မြတ်ထင်ဆိုတဲ့ကောင်ကို ငါတော်တော်ဒေါသထွက်တယ်၊ သူ့ရဲ့အမွေခွဲစာချုပ်တွေကြောင့် ခုလိုဖြစ်နေရတာ. ."

"စိတ်မပူပါနဲ့ဟာ၊ အချိန်တန်ရင် ရှင်းလင်းသွားမှာပါ၊ ဒါနဲ့ နင် ငါ့ဆီဖုန်းဆက်တုန်းက ငါ့သမီးရှိနေလား. ."

"အင်း ရှိတယ်၊ သူမရိပ်မိအောင် ငါပြောတာပဲလေ. ."

"နင်ထင်လား၊ သူကငါ့သမီးနော်၊ ပါးနပ်ပြီးသားပဲ၊ ကိစ္စတွေက ရှေ့ဖုံးနောက်ပေါ်တွေဖြစ်နေပြီ. ."

စိတ်ရှုပ်စရာစကားတွေဆိုခဲ့ကြရင်း ဦးမြတ်ထင်ရုံးခန်းထဲသို့ ရောက်လာခဲ့ကြသည်။ ရုံးခန်းထဲရောက်သည်နှင့် အကြံသမားလင်းနိုင်က ဒေါ်ဝင်းမာစံရှေ့၌ ကိုကိုလက်မှတ်ထိုးထားသည်ဆိုသည့် စာရွက်ဖြူတစ်ရွက်ကို ထိုးပေးလာရင်း. .

"ရော့ ဒီနေရာမှာ နင်လက်မှတ်ထိုးလိုက်၊ ဟာ ဓာတ်ပုံ"

"ဟင် ဒီဓာတ်ပုံက. ."

လက်မှတ်ထိုးရေးစိုင်းပြင်းနေသည့် ဦးလင်းနိုင်နှင့် မမကို ကောင်းကောင်းကိုင်တွယ်ရန် အကြံထုတ်နေသည့် ဒေါ်ဝင်းမာစံတို့ နှစ်ဦးစလုံး စားပွဲပေါ်တွင် တွေ့လိုက်ရသည့်ဓာတ်ပုံကြောင့် နှစ်ဦးလုံး မျက်လုံးမျက်ဆန်ပြူးကာ ထိတ်လန့်တုန်လှုပ်သွားလိုက်ကြရသည်။

"ဒါ ငါသိတယ်၊ ဒါ ငါသိတယ်. ."

လက်သီးဆုပ်ကာ တစ်ကိုယ်လုံးဆတ်ဆတ်တုန်ရင်း ဒေါ်ဝင်းမာစံဆိုသည်။

"ဒါ ဘယ်သူ့လက်ချက်ဖြစ်မလဲ ဝင်းမာစံ. ."

"ဟိုကောင်မစုတ်လက်ချက်ပဲ ဖြစ်ဖို့သေချာတယ်၊ နင့်ကို ဒင်းကစမ်းနေတာ၊ သိမယ် သိရစေမယ်ဟေ့. ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါသနှင့် အော်ဟစ်ပစ်သည်။ တစ်ကိုယ်လုံးက အကြောတွေတင်းထောင်ကာ တဆတ်ဆတ်တုန်နေ၏။ သည်ပုံဖြင့် လက်မှတ်ထိုးဖို့ကမဖြစ်နိုင်တော့ပြန်၍ ဦးလင်းနိုင်သည် စိတ်ထဲမချင့်မရဲဖြစ်ကာ ရုပ်ပင်ပြောင်းနေသည့် ရောမဒေါသတွေနှင့် ဒေါ်ဝင်းမာစံ၏ ရုပ်ကြီးကိုပင် စိတ်ပျက်ပျက်ရှိကာ ကြည့်နေလိုက်ပါတော့၏။ ။

❖ ❖ ❖



(နှစ်ဆယ့်တိုး)

"ဖေဖေ. .ဖေဖေဘယ်တော့နိုးမှာလဲ ဖေဖေရယ်၊ အခြေအနေတွေကတော့ ပြောင်းလဲကုန်ပါပြီ၊ မေမေတော့မရှိတော့ဘူး ဖေဖေ၊ ဖေဖေအိပ်ပျော်နေတဲ့ကြားကာလထဲမှာ အခြေအနေတွေက ရှုပ်ထွေးလွန်းပါတယ်၊ နားမလည်နိုင်အောင်ပါပဲ ဖေဖေရယ်၊ ဒါပေမယ့်ခုတော့ နားလည်စပြုပါပြီ၊ ဖေဖေ မြန်မြန်နိုးပါတော့၊ သမီးပင်ပန်းလှပါပြီ ဖေဖေရယ်. . ."

ဦးမြတ်ထင်အနီးတွင် မျှော်လင့်ခြင်း၊ အားကိုးခြင်းများစွာနှင့် မမတစ်ယောက်ဆိုနေဖြစ်ခြင်းပါ။ ဦးမြတ်ထင်၏မျက်နှာဆီကြည့်ရင်းမှလည်း မမသည် ဝမ်းနည်းမျက်ရည်များ စီးကျရပါ၏။ စိတ်ကုန်ခြင်း၊ ဂဏှာပင်ပန်းခြင်းတွေနှင့် မမသည် ဝမ်းနည်းစွာငိုရှိုက်နေဆဲ ဦးမြတ်ထင်၏ လက်ချောင်းကလေးများသည် သိသိသာသာလှုပ်ရှားလာလေ၏။

နှစ်ကြိမ်သုံးကြိမ်ခန့် လှုပ်ရှားလိုက်သော်လည်း မမကား မမြင်[illegible]။ [illegible]ဝမှ မမသည် သက်မဲ့မောလေးချကာ မျက်ရည်တွေကို သုတ်လိုက်[illegible]ည်။ ပြီးတော့ ဦးမြတ်ထင်လက်တစ်ဘက်ကို ဆုပ်ကိုင်လိုက်ပြီး. . .

"ဖေဖေ..ဒီနေ့ သမီးလုပ်စရာတွေရှိသေးလို့ သွားရဦးမယ်၊ ဖေဖေ့ကိုခုလိုဖြစ်အောင် ဘယ်သူလုပ်တယ်ဆိုတာ [illegible]ရအောင်



www.burmeseclassic.com

www.burmeseclassic.com



ဖော်ထုတ်မယ်၊ သမီးကိုခွင့်ပြုဦးနော် ဖေဖေ၊ ညနေကျမှ ဖေဖေ့ကို သမီးရေပတ်လာတိုက်ပေးမယ်နော်. . ."

ဦးမြတ်ထင်ကိုနှုတ်ဆက်ခဲ့ပြီး မမသည် ဦးမြတ်ထင်အခန်းမှ ယွက်ခဲ့လိုက်လေ၏။

× × × × ×

"ဟင် သမီး. .အထုပ်အပိုးတွေနဲ့ ဘယ်သွားမလို့လဲ. ."

"ဒေါ်လေးရယ် ဝင်းစု ဒီမှာနေလို့မဖြစ်တော့ပါဘူး"

"ဘာဖြစ်လို့လဲ သမီးရဲ့၊ သမီးနဲ့သားကို ဒေါ်လေးက ဖြစ်အောင်ကိုလက်ထပ်ပေးမှာပါ၊ သမီးစိတ်မပူစမ်းပါနဲ့ကွယ်. ."

"မဖြစ်နိုင်တော့ဘူးထင်ပါတယ် ဒေါ်လေးရယ်၊ ကြည့်ရတာ ကိုကိုက သတိရလာတဲ့ပုံပဲ၊ သူပြောတဲ့စကားတွေနဲ့ သူ့အပြုအမူ တွေကပါ အရင်နဲ့မတူတော့ဘူး. . ."

"အိုကွယ် သားသတိရလာလည်း ကိစ္စမရှိပါဘူး၊ ဒေါ်လေး မှာ အကြံတွေအများကြီးရှိတယ်. . ."

"မဖြစ်ဘူး ဒေါ်လေး၊ ကိုကို ဝင်းစုကို ဒီထက်အထင်သေး သွားမှာ ဝင်းစုကြောက်တယ်၊ ဝင်းစုသွားပါတော့မယ်၊ ဝင်းစုကို ခွင့်လွှတ်ပါ. . ."

ဝင်းစုဆိုရင်း အဝတ်အိတ်ကိုဆွဲကာ ထွက်သွားပါပြီ။

"သမီး သမီးဝင်းစု ဝင်းစု. .သမီး နေဦးလေ၊ နေပါဦး"

ဒေါ်ဝင်းမာစံတစ်ယောက် ပြေးလိုက်၍ခေါ်သော်လည်း ဝင်းစု ချိကား ကားမောင်းထွက်သွားပါပြီ၊ ကားမောင်းရင်း ဝင်းစုသည် မျက်ရည်များစီးကျရင်းမှ နှုတ်ခမ်းကိုပြတ်ထွက်မတတ် ဖိကိုက်ထားဖြစ်





လေ၏။ ဒေါ်ဝင်းမာစံအားကောင်းအောင်သာပြောပြီး ထွက်ခဲ့ရသည်။ တကယ်တော့ ဝင်းစုအဖြစ်က ဘုမသိဘမသိနှင့် ခါးစာခံအဖြစ်ပါ။ ဝင်းစုစဉ်းစားရင်း မျက်ရည်များပို၍စီးကျလာရလေသည်။

"ဖေဖေ. .ဖေဖေ့ကို ဝင်းစုမုန်းတယ်၊ သိပ်မုန်းတယ်၊ ဝင်းစု ရဲ့အိပ်မက်တွေ ပျက်စီးကုန်တာ ဖေဖေ့ကြောင့်၊ ဖေဖေ့ကိုမုန်းတယ်၊ ဖေဖေ့ကိုလုံးဝမကျေနပ်ဘူး၊ ဖေဖေဘာတွေလုပ်နေတယ်ဆိုတာ ဝင်းစု ဘာမှမသိဘူး၊ ဒါပေမယ့် ဖေဖေ့ကြောင့် ဝင်းစု ခါးစာခံဖြစ်ရတယ်၊ ဖေဖေအတွက် ဝင်းစုပေးဆပ်လိုက်ရပြီ၊ အီး ဟီး ဟီး...."

ကားမောင်းရင်း အားပါးတရကြီး ဝင်းစု အော်ငိုပစ်လိုက် သည်။ ထိုမှ အားမရနိုင်၍ ကားကိုလမ်းဘေးထိုးရပ်ပြီး ဝင်းစု ရှိုက်ငိုဖြစ်သည်။ ပြင်းပြင်းငိုရှိုက်ဆဲမှ ဝင်းစုမျက်ဝန်းထဲ မြင်ယောင် နေဖြစ်သည်က၊ ဝင်းစုချိုနားထဲ ကြားယောင်နေသည်က. . .

"မင်းက လူလည်ကြီးဦးဝင်းနိုင်ရဲ့သမီးပေါ့ ဟုတ်လား၊ ဟဲ ဟဲ မင်းအဖေက သူများတွေကိုပဲ လူလည်လုပ်လို့ရမယ်၊ ငါ့ ကိုတော့မရဘူးကွ၊ ငါ့ကို သူ့သားမက်မှတ်တယ်ထင်တယ်၊ အလုပ် အပ်ပြီး တန်ရာတန်ကြေးမပေးချင်တော၊ ဟား ဟား ဟား ဒီတော့ သည်း ငါ့နည်းငါ့ဟန်နဲ့ တန်ရာတန်ကြေးယူရုံပေါ့၊ ငါ့ကိုအပြစ်မတင် နဲ့နော်၊ အလုပ်လုပ်တာမပြတ်သားတဲ့ မင်းအဖေကိုပဲ အပြစ်တင်ရမယ်၊ မဆိုးပါဘူး မင်းလေးက ချစ်စရာလေးပါပဲ ဟား ဟား ဟား..."

တစ်ည။ တစ်ခါမှမမြင်ဖူးသည့် အမျိုးသားတစ်ယောက်၊ တရုတ်စပ်ပုံရသည်၊ အသားမဖြူမညို၊ အရပ်မြင့်မြင့်နှင့် ကိုယ်ဟန် တောင့်တင်းကျစ်လစ်သည်။ ရုပ်ရုပ်ကလည်း ရွက်ကြမ်းရည်ကျိုပေ မယ့် အမျိုးသားမို့ကြည့်၍ကောင်းသည် အသွင်ရှိသည်။ ထူးခြားသည်



www.burmeseclassic.com

www.burmeseclassic.com



က ထိုလူ၏ယာဘက်လက်မမိုးပေါ်တွင် နီစပ်စပ်အမာရွတ်ကြီးတစ်ခု ရှိသည့်က စိတ်ကိုမနှစ်မြို့စရာဖြစ်ရလေ၏။

ဝင်းစုချို မိမိသည် စိတ်ချလုံခြုံပါသည်ဟုဆိုတော့ မိမိ၏ အခန်းတွင်း၌ပင် ထိုလူ၏သိမ်းပိုက်ခြင်းအား ခံခဲ့ရသည်မဟုတ်ပါ တကား။ ထိုအဖြစ်အား မိမိသည် ရင်နာမဆုံး မြိုသိပ်ခဲ့ရ၏။ မိမိ မြိုသိပ်ခဲ့သည်မှာ ခုဆိုလျှင် သုံးလကောင်ကျော်စပြုလေပြီဖြစ်၏။

× × × × ×

"ကဲ ကိုချစ်ဦး. .ဒီပုံတွေကို ခင်ဗျားကြည့်. . ."

ဆိုရင်း စားပွဲထက် စခန်းမှူးကြီးချပြလိုက်သည့် ဓာတ်ပုံ တွေကို ကိုချစ်ဦးကြည့်လိုက်သည်။

"ဒါ ကျော်မိုးပဲ. . ."

"ဟုတ်တယ်လေ၊ ဒီကောင်ရဲ့လှုပ်ရှားမှုတွေ. . ."

"ဆရာတို့ သူ့ကိုခြေရင်းမိသွားပြီလား. . ."

"သူ့ကိုခြေရာခံလို့ရသွားပါပြီ၊ ဒါပေမယ့် သူ့ကို ခဏ လွှတ်ထားသေးတယ်၊ နောက်ဆက်တွဲကိစ္စတွေသိချင်လို့ စောင့်ကြည့် ချင်သေးတယ်. . ."

"ဆရာ. .ဩော် ကိုချစ်ဦးလည်း ရောက်နေတာကိုး. ."

စခန်းမှူးနှင့်အတူ ဓာတ်ပုံတွေကြည့်နေဆဲ ရဲစခန်းအတွင်းသို့ လူတစ်ယောက်ဝင်လာပြီးခေါ်၍ မျှော်လင့်ချက်ပို၍ကြီးမားသွားလိုက် ရလေ၏။

"ဟာ ကိုခင်ထွန်း. .အကြောင်းထူးလားဗျာ၊ ဆရာ..ဒါ ကျွန်တော်အကူအညီတောင်းထားတဲ့ ကိုခင်ထွန်းပါ. . ."





"ဟုတ်ကဲ့ ကျုပ်တို့ဝိုင်းဝန်းပူးပေါင်းကြတာပေါ့၊ ကဲ ခင်ဗျား ထူးတဲ့ကိစ္စလေး လုပ်စမ်းပါဦးဗျာ. . ."

"ဟုတ်ကဲ့ စခန်းမှူးကြီး၊ ကျွန်တော် စေ့စေ့စုံစုံလေးတော့ ကြိုးစားထားပါတယ်၊ ဒီမှာကြည့်ပါ. . ."

ကိုခင်ထွန်းဆိုရင်း သူ၏ဗီဒီယိုကင်မရာလေးကို ဖွင့်ပြလိုက် သည်။ ကျော်မိုး၏လျှို့ဝှက်လှုပ်ရှားသွားလာပုံတွေကို တွေ့ကြရ၏။ ကိုခင်ထွန်းကလည်း သူသိသမျှ နှုတ်မှထပ်၍ ရှင်းလင်းပြောဆိုပြ သည်။

"ဟား .ဒီကောင်က တကယ့်လူရှုပ်ပဲ၊ ကြည့်စမ်း ဒေါ်ဝင်း မာစံနဲ့လည်း. . ."

"ဟုတ်ပါတယ် စခန်းမှူးကြီး၊ ဒီကောင်က ဒေါ်ဝင်းမာစံ နဲ့လည်း ရံဖန်ရံခါသွားတွေ့တတ်ပါတယ်၊ ဒီကောင်က လိုင်းစုံတဲ့ ကြေးစားစစ်စစ်ပဲ. . ."

"ဟင် ဒီဓာတ်ပုံက မဝင်းစုချိုရဲ့ဓာတ်ပုံပဲ၊ ဘယ်လိုဖြစ်ပြီး ဒီလူ့လက်ထဲရောက်နေတာလဲ. . ."

"အဲဒါတော့မသိဘူး ကိုချစ်ဦးရေ. .၊ ဆက်ကြည့်ဦး"

"ဟာ ဦးလင်းနိုင်၊ ဒီလူနဲ့ဦးလင်းနိုင်ကလည်း အဆက် အသွယ်ရှိနေတာကိုး. . ."

"ဟုတ်တယ်၊ သူတို့ဘယ်လိုပတ်သက်နေတယ်ဆိုတာ သေ ချာမသိပေမယ့် သူတို့ချင်းဆက်သွယ်မှုရှိနေတာတော့ အမှန်ပဲ၊ အဲဒီလို သတင်းစုံအောင်ရဖို့အတွက် ကျွန်တော်အပင်ပန်းခံပြီး ဒီကောင့်နောက် ကို တကောက်ကောက်လိုက်ပြီး ရိုက်နေရတာ. . ."

"တော်တယ်ဗျာ ကိုခင်ထွန်း၊ ခင်ဗျားတကယ်တော်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟာ ကိုခင်ထွန်း. .ခုနက နည်းနည်းလေး ပြန်ရစ်ပေးပါဦးဗျာ. . ."

"ဘယ်နေရာလဲ. . ."

"နည်းနည်း နည်းနည်း အဲ အဲ ဟုတ်ပြီ ဟုတ်ပြီ၊ အဲဒါပဲ နည်းနည်း အနီးကပ်လိုက်ပါဦး၊ ဟုတ်ပြီ ဟုတ်ပြီ တွေ့ပြီ၊ သေချာပြီ၊ သေချာပြီဗျာ၊ စခန်းမှူးကြီး..ဒီမှာ ဒီမှာ. . ."

"ဘာလဲ ကိုချစ်ဦး, . ."

"ဒီမှာလေ၊ ဒီလူဝတ်ထားတဲ့ လက်စွပ်၊ မြင်တယ်မဟုတ်လား. . ."

"အင်း မြင်တယ်. . ."

"အဲဒါ ကျွန်တော့်ဖေဖေဝတ်နေတဲ့ လက်စွပ်ပဲ၊ အမြဲဝတ်ထားတဲ့ လက်စွပ်. . ."

"ဟင် သေချာလား ကိုချစ်ဦး. . ."

"သိပ်သေချာတာပေါ့ စခန်းမှူးကြီးရယ်၊ ကျွန်တော်မသိဘဲနေမလား. . ."

အားလုံးက ကင်မရာထဲမှ လက်စွပ်ဆီကြည့်ပြီး အံ့သြစဉ်းစားသွားသည်။ တစ်ဆက်တည်းလည်း မည်သို့ဆက်လုပ်ရမည်ကို စခန်းမှူးကြီးသည် ဆုံးဖြတ်ချက်ချဖြစ်သွား၏။

× × × × ×

ဖေဖေ့ကိုရေပတ်တိုက်ပေးဖို့အတွက် အခန်းထဲသို့ ဒေါ်ချစ်ချစ်နှင့်အတူ မမဝင်ခဲ့သည်။ အခန်းထဲအရောက်မတော့ ဒေါ်ချစ်က အခန်းသန့်ရှင်းရေးကိုလုပ်ပြီး မမက ရေနွေးနွေးလေးနှင့် ဦးမြတ်ထင်





၏လက်တွေကို ရေပတ်တိုက်ပေးနေ၏။ ရေပတ်တိုက်ရင်း ဦးမြတ်ထင် လက်ခုံပေါ်သို့ မမမျက်ရည်တွေက ခုန်ချနေသလိုရှိ၏။ တစ်ချိတစ်ချိဖြင့် မမသည် ရှိုက်သံလေးပင် ပွင့်ထွက်ရ၏။ သန့်ရှင်းရေးလုပ်ရင်း ဒေါ်ချစ်ကလှမ်းကြည့်သည်။ ဒေါ်ချစ်သည်လည်း စိတ်မကောင်းပါ။

"ဖေဖေ. .နိုးပါတော့၊ သမီးလည်း ပင်ပန်းလှပြီဖေဖေရယ်၊ ကိစ္စတွေက ဘယ်ကစပြီး ဘယ်လိုဖြစ်တယ်ဆိုတာတော့ သမီးမသိပါဘူး၊ ဒါပေမယ့် ဒီအမှန်တရားကိုတော့ မမဖော်ထုတ်နေပါတယ် ဖေဖေ၊ ဖေဖေနိုးပါ၊ ဖေဖေနိုးပါတော့နော်၊ ဖေဖေနိုးမှဖြစ်မယ်၊ ကိစ္စတွေရဲ့တစ်ချို့ကို သမီးသဘောပေါက်ထားတယ် ဖေဖေ၊ ဖေဖေ့ကို ပြောပြချင်တယ်၊ ဖေဖေနိုးပါတော့၊ ဖေဖေနိုးလာရင် ဒီကိစ္စတွေ အားလုံးပြီးဆုံးသွားမှာပါ. . ."

ဦးမြတ်ထင်၏ငြိမ်သက်နေသည့်မျက်နှာဆီ လှမ်းကြည့်ဆဲက တိုးတိတ်စွာငိုရှိုက်ရင်း ဦးမြတ်ထင်၏လက်ချောင်းလေးများအား မမ ပွတ်တိုက်ပေးသည်။ ထိုအခါ ဦးမြတ်ထင်လက်ချောင်းများသည် မမလက်ကလေးအား ပြန်၍ဆုပ်ကိုင်လာသည့်အတွေ့ကြောင့် မမသည် လွန်စွာမှအံ့သြဝမ်းသာဖြစ်သွားရရင်း. . .

"ဟင် အို ဖေဖေ. .ဖေဖေ၊ ဒေါ်ချစ် ဒေါ်ချစ်. .ဒီမှာ မြန်မြန်လာကြည့်၊ ဖေဖေ ဖေဖေ. .မမလက်ကိုပြန်ပြီးဆုပ်ကိုင်ထားတယ်၊ တွေ့လား တွေ့လား. . ."

"အို ဟုတ်တယ် ဟုတ်တယ်၊ သူ့ခြေသတိရပြီ၊ သူ့ခြေးသတိရပြီ၊ မမ..ဒေါ်ချစ် သူတို့ကိုသွားပြောလိုက်မယ် သိလား"

ဒေါ်ချစ်တစ်ယောက် ပြေးထွက်သွားသည်။ မကြာလိုက်



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲသို့ ကိုကိုနှင့် ဒေါ်ဝင်းမာစံတို့ ပြေးဝင်လာကြသည်။

"ဖေဖေ. .ဖေဖေ..ဖေဖေ့ကို ဆေးရုံပြန်တင်ရမယ်၊ ဒေါ်ချစ်.. ဆရာဝန်ဆီဖုန်းဆက်ထား. . ."

"ဟုတ်ကဲ့ ဟုတ်ကဲ့. . ."

ဝမ်းသာလွန်း၍ ကိုကိုက ဖခင်ကိုပွေ့ဖက်ကာ ဂရုတစိုက် ရှိသော်လည်း ဒေါ်ဝင်းမာစံသည်က ဝမ်းသာသလိုဟန်ဆောင်နေသော်လည်း အေးတိအေးစက်ပင်ရှိ၏။ မမမျက်လုံးလေးတွေက အားလုံးကို လေ့လာလိုက်ပြီးသားဖြစ်သည်။ ထို့နောက်မတော့ ဦးမြတ်ထင်အား ဆေးရုံသို့ဝင်ခဲ့လိုက်ကြ၏။ ဆေးရုံရောက်တော့လည်း ကိုကိုရော မမပါ ဆရာဝန်နှင့်တွေ့ဆုံပြီး ပြောဆိုကြသည်။ ဖေဖေ့အတွက်လည်း လိုလေသေးမရှိအောင် ပံ့ပိုးပေးကြသည်။

"ဒေါက်တာ. .ကျွန်တော့်ဖေဖေအခြေအနေ . . ."

"စိတ်မပူပါနဲ့၊ ဦးမြတ်ထင် ပြန်ကောင်းလာတော့မှာပါ၊ တကယ်တော့ ဦးမြတ်ထင်ဝေဒနာက အဆန်းပဲ၊ ဒါပေမယ့် ဖြစ်တတ်တဲ့ရောဂါပါပဲ၊ အားလုံးအသိရှိတယ်၊ အကြောတွေပဲဆိုင်းသွားတာ၊ တစ်ကိုယ်လုံးရဲ့အကြောတွေ ခဏဆိုင်းသွားတာ၊ ဒီရောဂါမျိုးက ဆေးမကုဘဲထားရင် ဒီလိုပဲသွားမှာပဲ၊ တခြားရောဂါတစ်ခုခုဝင်လာရင်တော့ အခြေအနေ ဆိုးသွားနိုင်တယ်၊ ဦးမြတ်ထင်က နဂိုက ကျန်းမာရေးအခံကောင်းတော့ အခြေအနေက ပြန်ကောင်းလာတော့မှာပါ. . ."

"ဝမ်းသာလိုက်တာ ဆရာရယ်၊ ကျွန်တော်တို့လည်း ဖေဖေ့ကို သနားလှပါပြီ. . ."

"စိတ်မပူပါနဲ့ ကောင်းလာတော့မှာပါ၊ ဒီလိုအချိန်မှာတော့





လူနာကို အထူးဂရုစိုက်ရမယ်၊ ဆေးရုံမှာတော့ ဆေးနဲ့ပစ္စည်းကိရိယာတွေက စုံတယ်လေ. . ."

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်တို့ ဖေဖေ့ကို ဆေးရုံမှာပဲ ထားမှာပါ. . ."

ဆရာဝန်နှင့် သူတို့စကားဆိုဆဲ အခန်းထဲသို့ ဒေါ်ဝင်းမာစံ၊ ဝင်းစုချိုနှင့် ဦးလင်းနိုင်တို့ဝင်ရောက်လာကြသည်ကို တွေ့လိုက်၏။ မမအကြည့်တွေက အားလုံးဆီလှမ်းကြည့်လိုက်သည်။ ကိုကိုက မမထံကြည့်လိုက်သည်။ ဆရာဝန်ထွက်သွားသည်တွင် မမမှလွဲ၍ အားလုံးသည် ဦးမြတ်ထင်အနားတွင် သွားရောက်ထိုင်နေကြသည်။ ဒေါ်ဝင်းမာစံသည် အားလုံးရှေ့တွင် ဦးမြတ်ထင်လက်တစ်ဘက်ဆီ ဆုပ်ကိုင်ထားရင်း. . .

"အစ်ကို. .အစ်ကိုမြန်မြန်သတိရပါတော့ အစ်ကိုရယ်၊ အစ်ကို့စိတ်နဲ့ ဝင်းမာလည်းမောလှပါပြီ၊ အစ်ကိုက ကိစ္စတွေအားလုံးအတွက် မရှိမဖြစ်တဲ့သူပါ၊ အစ်ကိုခုလိုဖြစ်နေတော့ ဝင်းမာသိပ်အားငယ်ရတယ် အစ်ကို၊ ဝင်းမာရဲ့စိတ်ရောဂါကောင်းသွားတဲ့အချိန်မှာ အစ်ကိုက ခုလိုဖြစ်သွားတော့ ဝင်းမာအတွက် အားကိုးရာမဲ့ပါတယ် အစ်ကိုရယ်၊ အစ်ကိုအမြန်ဆုံးသတိရဖို့ ဝင်းမာဘုရားရှိခိုးတိုင်း ဆုတောင်း. . ."

"ဟင် အား အား အမလေး၊ လွှတ် လွှတ်. .နာတယ် နာတယ်၊ နာတယ်၊ ငါ့လက်ကို သူအတင်းဆုပ်ညှစ်ထားတယ်၊ အား အင်း ကဲ. . ."

ဒေါ်ဝင်းမာစံတစ်ယောက် မျက်ရည်စက်လက်နှင့် စကားတွေဟန်လုပ်ပြောကောင်းနေဆဲ၊ ရုတ်တရက် အထိတ်တလန့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ငယ်သံပါအောင် အော်ပစ်လိုက်၍ အားလုံးလည်းလန့်ဖြန့်ကာ မှင်သက်ကြည့်ဖြစ်သွားကြရသည်။ ဦးမြတ်ထင်က လက်ကိုဆုပ်ကိုင်ထားသည့်ဆိုမှ အားလုံးက သူ့ယောကျ်ားက သူ့မိန်းမလက်ကို ကိုင်ထားပဲဟူသော သာမန်အတွေးနှင့်သာရှိသွားကြသည်။

ဒေါ်ဝင်းမာစံကဖြင့် နှာကျင်လွန်း၍ လက်ကိုအတင်းကြီးပင်ဆောင့်ရုန်းယူလိုက်ရ၏။ လက်လွှတ်သွားသည့်တိုင် ဒေါ်ဝင်းမာစံသည် မျက်လုံးမျက်ဆန်ပြူးဆဲ၊ ထိတ်လန့်ဆဲရှိနေရ၏။ ဦးလင်းနိုင်ကလည်း ဒေါ်ဝင်းမာစံနှင့် ဦးမြတ်ထင်တို့အခြေအနေကို ဂရုစိုက်ကြည့်နေဖြစ်၏။ ဦးမြတ်ထင်၏မျက်ဝန်းအစုံကဖြင့် ပိတ်ထားဆဲပါ။

"ကဲ မေမေ. .ဖေဖေ့ကိုအနားပေးဖို့ ဆရာဝန်ကမှာထားတယ်၊ မိုးလည်းချုပ်နေပြီဆိုတော့ အားလုံးပြန်ကြပါတော့. . ."

ကိုကိုဆိုတော့ အခန်းထဲမှ အားလုံးထွက်ခဲ့ကြသည်။ အပြင်အရောက်မတော့ ဝင်းစုချိုသည် မမကိုကြည့်လာရင်း. . .

"မမ. .နင်အိမ်ပြန်၊ ငါဒီမှာပဲစောင့်နေမယ်. . ."

"အပိုတွေပြောမနေစမ်းပါနဲ့. . ."

"ငါ လူနာစောင့်မယ်ဆိုတာ အပိုလားဟဲ့. . ."

"အပိုပေါ့၊ ဘယ်တုန်းက ရှင် လူနာစောင့်ဖူးလဲ၊ ဘယ်တုန်းကများ ရှင် ယောင်လို့ လူနာအခန်းထဲဝင်ကြည့်ဖူးလဲ၊ ရှင်လူနာအတွက် ဘာလုပ်ပေးဖူးလဲ၊ ဒီမှာ ရှင်းရှင်းထပ်ပြောလိုက်ဦးမယ်၊ ရှင်တို့နဲ့ လူနာကို စိတ်မချဘူး. . ."

မမစကားအဆုံး ထွက်သွားသည်တွင် ဦးလင်းနိုင်၊ ဒေါ်ဝင်းမာစံနှင့် ဝင်းစုချိုတို့မျက်နှာပျက်ကျန်ခဲ့ကြလေ၏။ သုံးယောက်သားအပြင်ဘက်တွင် ဘာလုပ်၍ ဘာပြောကြမည်မှန်းမသိရှိဆဲတွင် မမ





သည် သူနာပြုဆရာမလေးတစ်ယောက်နှင့် ပြန်ရောက်လာပြီး ဦးမြတ်ထင်အခန်းထဲဝင်သွားလိုက်သည်။ အခန်းထဲမတော့ ကိုကိုသည် ဖခင်အနီးတွင်ထိုင်နေ၏။ မမနှင့် ဆရာမဝင်လာသည်ကိုတွေ့တော့ ကိုကိုသည် နေရာမှထခဲ့ပြီး မမအနီးလှမ်းခဲ့သည်။ ဆရာမလေးက ဦးမြတ်ထင်ကို သွားရောက်ကြည့်ရှုနေဆဲ ကိုကိုသည် သည့်နောက်ပိုင်း၌ မိမိအား အေးတိအေးစက်နှင့် စိမ်းကားလွန်းနေသည့် ချစ်ဇနီး၏ ဥပေက္ခာပြုမှုအတွက် မခံစားနိုင်တော့၍ မမကိုသွားရောက်ဖက်ထားလိုက်ပါတော့၏။

"ဘို့ အရေးထဲ သူက. . ."

"ဟုတ်တယ် အရေးထဲပဲလုပ်ရမှာပဲ၊ ကိုယ့်ယောကျ်ားကို ဘာလို့စိတ်ဆင်းရဲအောင်လုပ်နေရတာလဲကွာ. . ."

သူဆိုရင်း မမကိုဖက်နမ်းတော့ ဆရာမကလှည့်အကြည့်နှင့်ဆုံသွားသည်။

"အို ဟိုမှာ ဆရာမရှိနေတယ်လေ၊ မရှက်ဘူးလား"

"မရှက်ပါဘူး၊ လင်မယားပဲ၊ [illegible]မဖြစ်ဘူး. . ."

"ကျွန်မကတော့ အပျိုကြီးဆို[illegible] မကြည့်ဘူး၊ ရှောင်ပေးမယ်နော်. . ."

ရှက်ပြုံးနှင့် ဆရာမဆိုရင်း အခန်းထဲမှထွက်သွားလိုက်သည်။

"ဆရာမထွက်သွားပြီ. . ."

"သူကအပျိုကြီးဆိုတော့ ထွက်သွားပါစေကွာ. . ."

"ရှင်က လူရှုပ်ပဲ၊ ဆရာမနဲ့မမက ဖေဖေ့ကိုစောင့်အိပ်ရမှာရှင့်. . ."

"စောင့်အိပ်လေ၊ ကိုယ်လည်း ဖေဖေ့ကိုစောင့်အိပ်မှာ. . ."



www.burmeseclassic.com

www.burmeseclassic.com



သူဆိုရင်း ဖခင်အနီးသွားအိပ်တော့ မမသည် ခုံပေါ်မှ ၁လင်းဘက်အိတ်ကလေးကို လှမ်းယူလိုက်ပြီး. . .

"ဒါဆိုလည်းဖြစ်တာပဲ၊ ရှင်အိပ်တော့ပိုကောင်းတာပေါ့၊ ကျွန်မ အိမ်ပြန်မယ်. . ."

"ဟေ့ ဒါတော့မရဘူး၊ ကိုယ်လည်းလိုက်မယ်. ."

မမထွက်သွားတော့ သူလည်း ပြေးလိုက်ထွက်သွားသည်။ ဆေးရုံမလေးက သဘောကျမဆုံးကျန်ရစ်၏။ ဆေးရုံအောက်အရောက် တော့ မမကားထဲဝင်ထိုင်လိုက်သည်နှင့် တစ်ဘက်မှ ကိုကိုလည်း ကားထဲဝင်ထိုင်လိုက်ပြီဖြစ်သည်။

"ရှင်နေခဲ့ပါ. . ."

"အတူပဲလိုက်မယ်. . ."

မမစကားမဆိုတော့ဘဲ ကားကိုမောင်းထွက်ခဲ့သည်။ ကိုကို သည် မမမျက်နှာလေးဆီ ချစ်မြတ်နိုးခြင်းနှင့် နာကျင်စွာကြည့်ရင်း..

"မမ. .မင်းလေးတောင်မှ အရင်ကနဲ့မတူတော့ဘူးနော်"

"ကျွန်မပြောင်းလဲအောင်လုပ်တာ ရှင်တို့ပါ. . ."

"ကိုယ်ဝေဘင်းပန်တဲ့အကြိမ်တွေလည်း မနည်းတော့ပါဘူး မမရယ်. . ."

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်မလည်း ရှင့်လိုပဲပေါ့၊ ရှင်လည်း ကျွန်မကိုပြောခဲ့တယ်၊ အချစ်ကအချစ် ရန်ငြိုးက ရန်ငြိုးတဲ့၊ ခုလိုလမ်းပေါ်မှာ ခုလိုညအချိန်မျိုးမှာပဲ ရှင်ပြောခဲ့တာ မှတ်မိမှာပါ၊ ဒါကြောင့် ကျွန်မလည်းပြောချင်တယ်၊ အချစ်ကအချစ် ဂလဲ့စားက ဂလဲ့စားပဲလို့ အဲဒီနှစ်ခုကို ကျွန်မလည်းမရောထွေးဘူး. . ."

"မင်း ဘယ်သူ့ကိုဂလဲ့စားချေချင်တာလဲ. . ."





"ကျွန်မအမေအတွက် ကျွန်မမုန်းတဲ့သူတွေကို၊ ကျွန်မနဲ့ ရှင်ရှိနေရင် ရှင်စိတ်ချမ်းသာရမှာမဟုတ်ဘူး၊ ကျွန်မက ကျွန်မ မိခင် အတွက်ဆိုရင် အသေးအမွှားလေးနဲ့လည်း တိုက်ခိုက်မှာပါပဲ၊ ရှင် ဒီကနေပဲဆင်းသွားပါ၊ ရှင့်ကို သူနဲ့ကျွန်မ ဘယ်တော့မှလုမယူဘူး၊ ကျွန်မအားလုံးကို စိတ်ကုန်တယ်၊ စိတ်ပျက်တယ်၊ ရှင်ဆင်းသွားပါ"

ဆိုရင်းပင် မမသည် လမ်းဘေးတစ်နေရာတွင် ကားကိုရပ် ပေးလိုက်သည်။ ကိုကိုသည်လည်း ယောကျ်ားမာန်နှင့် နာကျင်မှုများ ဖြင့် ကားပေါ်မှဆင်းခဲ့လိုက်လေ၏။ မမကားလေးမောင်းထွက်သွား သည်။ ကိုကိုသည် လမ်းပေါ်တွင် မတ်မတ်ရပ်ရင်း လက်သီးနှစ် ဘက်ကို ကျစ်ကျစ်ဆုပ်ထားဖြစ်လေ၏။

× × × × ×

"ဟင်! ရှင်ရောက်နေပြန်ပြီလား. . ."

စိတ်ရောကိုယ်ပါ မောပန်းနွမ်းနယ်စွာနှင့် ဆေးရုံမှပြန်ခဲ့ပြီး မိမိအိပ်ခန်းထဲအရောက် ဆေးသောက်ပြီး ကောင်းကောင်းအိပ်ပစ်လိုက် မည်ဟူသည့် အတွေးနှင့် ဝင်းစုချိုတစ်ယောက် မိမိအခန်းထဲဝင်လိုက် သည်နှင့် မိမိအိပ်ယာပေါ်တွင် ကျော်မိုးကိုတွေ့လိုက်ရ၍ ဒေါသများနှင့် ပေါက်ကွဲကာ မေးဖြစ်လိုက်ခြင်းပါ။

"ဒါပေါ့ ဒီကို ကျူပ်လာနေရမှာပဲ. . ."

"ဒီလောက်အိမ်တံခါးတွေပိတ်ထားတာ ရှင်ဘယ်လိုဝင်လဲ"

"အသေးအမွှားတွေ မမေးစမ်းပါနဲ့၊ ဒီအိမ်က ငါ့အိမ်ပဲ၊ ငါကြိုက်သလိုဝင်ထွက်လို့ရတယ်. . ."

"တောက်. .ရှင်သိပ်ကိုလူပါးဝနေပြီ. . ."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစကားက မင်းအဖေကို ငါပြောရမှာ. . ."

"အေး ငါ့အဖေကို နင်ပြောပေါ့ဟဲ့၊ နင်ဘာလို့ ငါ့ဆီလာလဲ၊ နင်ယောကျ်ားဆိုရင် ငါ့အဖေနဲ့ကိစ္စတွေကို နင်တို့ချင်းရှင်းပေါ့"

ဒေါသနှင့် ဝင်းစုချိုဆိုရင်း ကျော်မိုးကို အခန်းထဲမှအလှပြင်ပစ္စည်းတွေနှင့် ကောက်ပေါက်တော့သည်။ ကျော်မိုးကလည်း ရှောင်ရှားကာ ဝင်းစုချိုကို ချုပ်ကိုင်ထွေးပိုက်ထားလိုက်ပြီး. . .

"အေး ငါကယောကျ်ားမို့လို့ မင်းဆီလာတာပေါ့၊ မင်းအဖေလိုလူက ခေါင်းချင်းယှဉ်ဖို့ ငါ့ကိုစိန်ခေါ်လိုက်တာကိုး၊ ဒါပေမယ့် မင်းကို ငါကလျော်ကြေးအဖြစ်ယူတယ်လို့တော့ မထင်လိုက်နဲ့နော်၊ ငါ့အတွက် လောကမှာ ငွေပဲအဓိက. . ."

"ဟင် မိုက်ရိုင်းတဲ့လူ၊ ရှင် သေ သေ . . ."

"ဟား ဟား ဟား. . ."

ဝင်းစုချိုတစ်ယောက် ဒေါသတွေနှင့် ကျော်မိုးအား သတ်ချင်နေသော်လည်း လက်ရှိက ဝင်းစုချိုသည် ကျော်မိုး၏ရင်ခွင်တွင်း၌မှာပါ။ ။

❖ ❖ ❖



## (သုံးဆယ်)

ကိုကိုတစ်ယောက် ဧည့်ခန်းထဲတွင် တင်းကျပ်နေသောရင်နှင့် ငူငူကြီးပင်ထိုင်၍နေသည်။ ကိုကိုတစ်ယောက်တည်း ထိုင်နေသည်မို့ ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ဒေါ်ဝင်းမာစံနှင့် ဝင်းစုချိုတို့သည်လည်း ဧည့်ခန်းတွင်လာရောက်ထိုင်နေလိုက်ကြ၏။ ဖြစ်လာသည့် အခြေအနေတိုင်း မိမိတို့အတွက် အခွင့်အရေးကောင်းဖြစ်ဖို့ ကြံစည်လုပ်ကိုင်တတ်သူတွေက ဒေါ်ဝင်းမာစံနှင့် ဝင်းစုချိုတို့ပါ။ မှန်သည်၊ မမရောက်လာလျှင် ဘာလုပ်ရမည်ကို ဝင်းစုချိုသည် စိတ်ကူးထားပြီးသားပါ။

ဝင်းစုချို စိတ်ကူးနေသကဲ့သို့ပင် မမသည် ဘမင်းစားခန်းထဲမှထွက်လာသည်နှင့် သူတို့သုံးယောက် အဂ္ဂုဆိုင်နေသည်ကို တွေ့လိုက်ရသော်လည်း ဂရုမစိုက်ပါ။ မမသည် ဆင်ဝင်အောက်ဆီသို့ ဆက်ထွက်သွားသည်ကို ဝင်းစုချိုလှမ်းတွေ့သွားသည်နှင့်. .

"ဟယ် မမ..မမရေ. .မဝင်းစု ပြောစရာရှိလို့ ခဏ ခဏ"

ကိုကို့ရှေ့မို့ ဝင်းစုတစ်ယောက် ဟန်လုပ်ခေါ်သည်။ မမက ဂရုမစိုက်၊ ဆက်ထွက်သွားသည်။ ဝင်းစုချိုက ခေါ်ရင်းပြေးလိုက်ထွက်သွားသည်။

"မမရေ. .မဝင်းစု ပြောစရာရှိလို့ပါကွယ်. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . ."

မမနှင့်ဝင်းစုချိုထံလှမ်းကြည့်ရင်း ကိုကို သက်မချသည်။ ဆင်ဝင်အောက်တွင်မတော့ ဝင်းစုချိုသည် မထေမဲ့မြင် ကြံဖန်အောင် နိုင်သူအပြုံးနှင့် မဲ့ကာကြည့်ရင်း. . .

"ဘယ်လိုလဲ မမ၊ ကိုကိုကတော့ ငါ့ရော နင့်ကိုပါ လက် မလွှတ်တဲ့ပုံပဲ၊ ငါညက ကိုကိုနဲ့အတူတူရှိတယ်၊ အဲဒါနင်သိလား"

"ဒီမှာမဝင်းစု. .ရှင်တို့ကိစ္စတွေကို ကျွန်မသိသိ မသိသိ ဘာမှမဖြစ်ဘူး၊ ရှင်တို့ဘာဖြစ်ဖြစ် ဂရုစိုက်စရာလည်းမလိုဘူး၊ ကျွန်မ ရှေ့မှာ ရှင်တို့လုပ်ချင်ရာလုပ်လည်း မမြင်ဘူးလို့ပဲ ကျွန်မသဘော ထားလို့ရတယ်၊ ကဲ အခု ရှင်သိပြီမဟုတ်လား. . ."

မမဆိုရင်း ခြံထဲဆက်ထွက်သွားမည်အပြု ဝင်းစုချိုသည် မမစကားအတွက် မခံမရပ်နိုင်ဒေါသဖြစ်သွားရပြီး သူမလက်ထဲမှ ဖန်ခွက်ကို လွှတ်ချခဲ့ပစ်လိုက်သည်။

"ချွမ်း. . ."

"ဟင်. . ."

မမက ဝင်းစုချိုလုပ်သမျှ ကြည့်နေဖြစ်သည်။ ဝင်းစုချိုသည် ဖန်ကွဲစကိုကောက်ပြီး ဧည့်ခန်းဘက်တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ သူမလက်ဖဝါးနှင့် လက်ကောက်ဝတ်တွင် နှစ်ချက်ခြစ်ပစ်လိုက်သည်။

"အား အား အမလေး. .လုပ်ပါဦး၊ ကယ်ပါဦး မမ မမ အဟင့် ဟင့်. . ."

"ဟာ. . ."

ဝင်းစုချိုအော်ဟစ်သံကြောင့် ကိုကို ပြေးထသွားကြည့်ရ သည်။ မမသဘောပေါက်သွား၏။ ကိုကို့အလစ်တွင် ဝင်းစုချိုသည်





မမထံလှမ်းကြည့်ပြီး နှုတ်ခမ်းမဲ့ပြသည်။ ဝင်းစုချိုလက်မှ သွေးတွေ ကိုမြင်တော့ ကိုကိုလန့်သွားပြီး မမကိုတစ်ချက်လှမ်းကြည့်သည်။

"အား အား ကိုကို ကိုကို့ .မမ မမရက်စက်တယ်၊ မထင်ရဘူး ကိုကိုရယ်၊ မမလုပ်ရက်လိုက်တာ အဟင့် ဟင့်"

ဝင်းစုချိုငိုယိုရင်းဆိုတော့ ကိုကိုမှာ ညကပင်ပြောထားသည့် မမစကားတွေကိုကြားယောင်ပြီး မမလုပ်သည်ဟုပင်အထင်နှင့် မမ ကိုယ်စား ဝင်းစုချိုကိုဂရုစိုက် ပြုစုပေးရတော့သည်။ မမက လက်ပိုက် ၍ပင်ကြည့်နေဖြစ်သည်။ ဝင်းစုချိုက မကျေနပ်နိုင်သေး၊ ငိုကာ ကြောက်ရွံ့ဟန်နှင့် တုန်လှုပ်ပြရင်း. . .

"အဟင့် ဟင့် ကိုကို့ .ကိုကို့ .ဝင်းစုကြောက်တယ်၊ မမကို ကြောက်တယ်၊ သူ ဝင်းစုကိုကြည့်နေတာ တစ်ခုခုလုပ်ဦးမယ့် ပုံပဲ၊ ကြောက်တယ် ကြောက်တယ်. . ."

ဝင်းစုချိုဆိုရင်း သူ့ကိုဖက်ထားလိုက်သည်။ ကိုကိုက မမထံ စိတ်ပျက်စွာလှမ်းကြည့်ပြီး. . .

"မမ. .မင်းသွားပါကွာ. . ."

"ဘာလို့သွားရမှာလဲ၊ ကျွန်မ ရှင်တို့ဘာလုပ်လုပ် လက် ပိုက်ပြီးကြည့်နေနိုင်ပါတယ်. . ."

"မင်းသွားပါ၊ တောင်းပန်ပါတယ်၊ သွားပါ. . ."

[illegible] ရပ်လာပြီး ကိုကိုဆိုသည်။

"မသွားဘူး၊ သူတို့ရဲ့မာယာတွေကို ကျွန်မသင်ပြရဦးမယ်၊ ရှင်မသိဘူးမဟုတ်လား၊ ဒါမှမဟုတ် ရှင်ကပဲစုံမက်နေတာလား၊ ဘာ ဖြစ်ဖြစ် ကျွန်မ ရှင်တို့ကိုကြည့်နေနိုင်. . ."

"ဖြန်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"အ. . ."

မမစကားမှမဆုံး၊ မမပါးပြင်နုနုလေးထက် ကိုကိုရိုက်ပစ်လိုက်သည်။ မမသည် ကိုယ်လေးပင်လည်ထွက်သွားပြီး ကိုကို့ကို ပြန်ကြည့်သည်။ ကိုကိုသည်လည်း လွန်စွာမှအံ့သြတုန်လှုပ်သွားသည်။ မမကိုကြည့်တော့ မမမျက်ဝန်းမှ မျက်ရည်မြစ်နှစ်သွယ်သည် အင်အားကောင်းနေတော့၏။

"တောင်းပန်ပါတယ် တောင်းပန်ပါတယ် အချစ်ရယ်၊ မမ မမ. . ."

မမချာကနဲလှည့်ထွက်သွားပြီး အိမ်ထဲလှမ်းဝင်သွားလိုက်သည်။ ကိုကိုတစ်ယောက် သည်းလှိုက်ထူပူစွာခေါ်သော်လည်း မမလှည့်မကြည့်တော့။ အပေါ်ထပ်သို့ မမတက်ခဲ့သည်။ အပေါ်ထပ်အရောက် ဒေါ်ဝင်းမာစံကို မမတွေ့လိုက်ရ၍ ဒေါ်ဝင်းမာစံသည် မမပါးပြင်ထက်မှ လက်ချောင်းရာတွေဆီကြည့်ပြီး သဘောပေါက်သွားရ၍. . .

"ဟင်း ညီး ပါးရိုက်ခံခဲ့ရပြီမဟုတ်လား၊ နည်းတောင်နည်းသေးတယ်၊ ဒါကြောင့် ညီးကိုငါပြောတာပေါ့၊ ဝင်းစုကိုမထိပါနဲ့လို့၊ ဝင်းစုက ငါ့သားရဲ့အသည်းအသက်ပဲ၊ အခုဝင်းစုကိုထိလို့ ညီးခံခဲ့ရပြီမဟုတ်လား၊ နည်းတောင်နည်းသေးတယ်. . ."

"လူယုတ်မာဟာ လူယုတ်မာပဲ၊ ရှင်တို့အားလုံး ယုတ်မာတာ ကျွန်မသိတယ်၊ ရှင်တို့ဘယ်သူတွေလဲ ဘာတွေလုပ်ကြလဲဆိုတာလဲ ကျွန်မသိတယ်၊ ဖေဖေ့ကြောင့် ကျွန်မ ရှင်တို့ကိုသည်းခံပြီးနေတာ၊ ဖေဖေ့အတွက် ရှင်တို့ကိုစိတ်မချလို့ သည်းခံပြီးနေနေတာ၊ ရှင်းတယ်နော်. . ."





စကားအဆုံး မမသည် မိမိအခန်းရှိရာသို့ လှမ်းထွက်သွားလိုက်တော့သည်။ ဒေါ်ဝင်းမာစံကား ဒေါသတွေနှင့် တုန်လှုပ်ခြောက်ခြားကာ ကျန်ရစ်ခဲ့လေ၏။ အပြင်တွင်မတော့ မမနောက်လိုက်သွားမည့် ကိုကို့အား ဝင်းစုချိုသည်ဆွဲကာပြီး ဖက်ထားလိုက်သည်။ နှုတ်မှပလီပလာစကားတွေကိုလည်း ငိုရှိုက်ကာ ဝင်းစုချိုဆို၏။ ကိုကိုကား ဝင်းစုချိုဘာတွေပြော၍ ဘာတွေဆိုနေသည်ကို ဘာမှမသိ။ ဝင်းစုချိုက အတင်းပင်ဆွဲဖက်ထား၍ ကိုကိုကား စိတ်ရောကိုယ်ပါ ကျဉ်းကျပ်နေရပါတော့၏။ ဝင်းစုချိုကား မိမိလုပ်ရပ်အောင်မြင်သည်မှာ အထင်နှင့် ကိုကို့ပုခုံးထက်မှကျော်ကာ ကျေနပ်ပြုံးနေဖြစ်ပါလေ၏။

× × × × ×

ဆင်ခြေဖုံးရပ်ကွက်တစ်ခုပင်ဖြစ်သည်။ ချစ်ဦးနှင့် စပယ်တို့နှစ်ဦး ထိုရပ်ကွက်ထဲသို့ရောက်လာကတည်းက အရောင်မတူသည့်သူတွေမို့ ဝိုင်းကြည့်ခြင်းခံကြရ၏။ ကိုချစ်ဦးသည် လမ်းတွင်တွေ့ရသည့် ယောက်ျား မိန်းမအားလုံးကို ဓာတ်ပုံတစ်ပုံထုတ်ပြပြီး မေးသည်၊ စုံစမ်းသည်။ လူတွေအားလုံးက မသိကြောင်း ခေါင်းရမ်းပြ၏။

"ကိုချစ်ဦး. .ကျော်မိုးဆိုတဲ့လူက ဒီရပ်ကွက်ကိုပြောင်းလာတာ မကြာသေးတော့ ဒီကလူတွေလည်း သိချင်မှသိဦးမှာပေါ့. . ."

စဉ်းစားမိ၍ စပယ်ကဆိုသည်။ စပယ်ဆိုတော့ ချစ်ဦး လက်ခံသည်။ သို့သော်လည်း ဇောတစ်ခုကကပ်နေ၍ ကိုချစ်ဦးသည် မဖြစ်မနေပင် ဆက်၍စုံစမ်း၏။

"ကိုချစ်ဦးကလည်း အပင်ပန်းခံနေပါပြီရှင် ဒီကိစ္စတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်တာက ရဲတွေလေ၊ ရဲတွေဖမ်းပေးမယ်လို့ ပြောထားတာပဲ"

"ကိုယ်သိပါတယ်၊ မင်းယောက္ခမလောင်း ကိုယ့်ဖေဖေ့ကိစ္စအတွက် ကိုယ်သိပ်ခံပြင်းနေလို့ ကိုယ်ကိုယ်တိုင်ကြိုးစားနေတာ၊ ဒီကောင်ကိုဖမ်းမိရင် ကိစ္စအားလုံးပြီးပြီ၊ ဒီကောင်နဲ့အားချိတ်ဆက်နေတယ်. . ."

"စကားကိုကောင်းကောင်းမပြောဘူး၊ အသားယူပြီးပြောရသေးတယ်. . ."

"အဟွန်း ဟွန်း အသားပဲယူယူ၊ အရိုးပဲယူယူ၊ ဒီကိစ္စတွေပြီးရင် မင်းနဲ့ကိုယ်လက်ထပ်ကြရအောင်. . ."

"အမလေး ပြောအားသေးတယ်၊ ကဲပါ လူပဲတွေ့အောင်ရှာပါဦး. . ."

"စိတ်ချ၊ ဒီကောင့်ကို ဒီနေ့မိကိုမိမှာ၊ ရဲကဒီရပ်ကွက်က လူကြီးတွေကိုလည်း အကြောင်းကြားထားပြီးပြီ၊ ပြီးတော့ ရဲတွေလည်း အရပ်ဝတ်နဲ့ ဒီကောင့်နောက်မှာရှိနေမှာသေချာတယ်. . ."

"ဒါနဲ့များ အစ်ကိုက ဒီအထိလာရတယ်လို့. . ."

"သူ့လက်ထဲမှာ ကိုယ့်အဖေလက်စွပ်ရှိလို့ပါ. . ."

"ရှိလည်း ခုလောက်ဆိုရင် သူရောင်းစားပြီးလောက်ရောပေါ့"

"ဒါတော့မပြောတတ်ဘူး၊ လာ ဟိုဘက်ကဈေးတန်းဘက်မှာ သွားစုံစမ်းကြည့်မယ်. . ."

စကားတွေဆိုရင်း သူတို့ဈေးတန်းလေးတွေဘက် လှမ်းခဲ့ကြသည်။ ထိုအချိန်၌ပင် ခပ်လှမ်းလှမ်းမှ လက်ဘက်ရည်ဆိုင်လေးတစ်ဆိုင်ထဲမှ ရတ်ရတ်သဲသဲဖြစ်နေသည်ကို သူတို့တွေ့လိုက်ရ၍ လှမ်းကြည့်ဖြစ်လိုက်ကြသည်။





"ဟော့ အဲဒါဝရမ်းပြေး၊ ဒီလူကိုဖမ်းထား၊ မလွတ်စေနဲ့"

"ဖမ်းဟော့ ဖမ်း ဖမ်း ဖမ်း. . ."

"ချဟော့၊ ဝိုင်းဟော့၊ ဖမ်းဟော့. . ."

"ဟာ စပယ်. . ကိုယ့်နောက်မှာနေ၊ အဲဒါကျော်မိုးပဲ၊ ဒီဘက်ပြေးလာပြီ. . ."

"ဟင် ဟုတ်လား၊ အမလေး ကြောက်လိုက်တာ"

လူဆိုးပြေးလာပြီဆိုသဖြင့် စပယ်ကြောက်ဒူးတုန်နေရှာတော့သည်။

"မကြောက်နဲ့ စပယ်၊ ကိုယ်ရှိတယ်. . ."

ချစ်ဦးက စပယ့်ကိုအားပေးရင်း မိမိလည်း ဘာလုပ်ရမည်ကို စဉ်းစားနေဖြစ်၏။ ပြီးမှ ချစ်ဦးအကြံရလိုက်သည်။ မိမိအိတ်ထဲမှ မီးခြစ်သေနတ်ကို လျှင်မြန်စွာထုတ်လိုက်ပြီး. . .

"ဟေ့လူ. .လက်မြှောက် အဖမ်းခံပါ၊ ကျုပ်ရဲ့တပ်ဖွဲ့ကပဲ"

"ဒုတ်. . ."

"ခွပ်. . ."

"အ. . ."

သူကရှေ့မှဆီးပြီး သေနတ်နှင့်ချိန်ကာ ခြိမ်းခြောက်ခိုက် ကျော်မိုးတစ်ယောက် ရတ်တရက်လန့်ပြီး အရှိန်လျှော့ခိုက်၊ နောက်မှ ပြေးလိုက်လာသည့် ရပ်ကွက်မှလူတစ်ယောက်၏ရိုက်ချက်က ကျော်မိုးအား နေရာ၌မှောက်သွားစေတော့၏။ မှန်သည်၊ ကျော်မိုးနှင့် ဒုစရိုက်သားကောင်တို့၏ပြေးလမ်းကား သည်နေ့တွင်မတော့ အဆုံးသတ်ကြတော့မည်ထင်၏။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့လည်း ဦးမြတ်ထင်အခြေအနေအား ဆရာဝန်ကြီးတွေအားလုံးက စစ်ဆေးကြည့်ရှုကြသည်။ ဦးမြတ်ထင်အခြေအနေတွေက တစ်ရက်ထက်တစ်ရက်ပင်မဟုတ်၊ နောက်ဆုံးပေါ်ဆေးတွေ၏အစွမ်းက နှာရှိနှင့်အမျှ ထူးခြားစွာကောင်းမွန်နေသည်မဟုတ်ပါလား။

"သား. .သား့ကဖေဖေ့သား. . ."

"ဟင် ဖေဖေ. .ကျွန်တော့်ကိုသိတယ်နော်. . ."

"ဟာ လေးလေးစကားပြောပြီ ကြည့်စမ် ပြောတာနဲ့ ကိုကိုကို ခေါ်တာပဲနော်၊ ဝမ်းသာလိုက်တာ လေးလေးရယ်. . ."

"ကဲ ဦးမြတ်ထင်ကို သူ့အိမ်ပြန်ခေါ်သွားနိုင်ပါပြီ၊ ရှေ့လျှောက်အခြေအနေကတော့ ကောင်းလာဖို့ပဲရှိပါပြီ၊ စိုးရိမ်စရာမရှိတော့ပါဘူး. . ."

"ဟုတ်ကဲ့ ဆရာ၊ ဖေဖေ့ကို ကျွန်တော်တို့ ဆေးရုံမှာပဲထားချင်ပါသေးတယ်. . ."

"မလိုအပ်တော့ပါဘူး၊ အိမ်မှာ ဆရာမခေါ်ထားရင် ရပါတယ်၊ ဆရာဝန်တွေက အလှည့်ကျလာကြည့်ပေးသွားလို့ရပါတယ်၊ အိမ်မှာနေပြီး အိမ်သားတွေကိုတွေ့မှ သူ့အသိဉာဏ်တွေလည်း ဆက်စပ်လို့ရမှာမို့ပါ. . ."

"ဩော် ဟုတ်ကဲ့ ဆရာ၊ ကျေးဇူးတင်ပါတယ် ဆရာ၊ ဒါဆို ကျွန်တော်တို့ အခုပြန်ခေါ်သွားပါ့မယ်. . ."

စကားအဆုံး ဆရာဝန်ကို နှုတ်ဆက်ပြီး ဖခင်ကြီးအားကောင်းမွန်စွာပင် အိမ်သို့ပြန်ခေါ်ခဲ့သည်။ တစ်အောင့်ခန့်ကြာသည်တွင် ဆေးရုံမှ သူတို့အိမ်သို့ပြန်ရောက်လာခဲ့လေ၏။ ကားပေါ်မှ ဖခင်ကြီးထိုင်သည့် ဝှီးချဲအား အောက်သို့ချပြီး သူတို့အိမ်ထဲသို့





တွန်းဝင်ခဲ့ကြသည်။

"ဟယ် သားတို့ပြန်ရောက်လာကြပြီ၊ ဟင် အစ်ကို့အခြေအနေတောင် တော်တော်ကောင်းလာပြီပဲနော်၊ ဝမ်းသာလိုက်တာ အစ်ကိုရယ်. . ."

ရင်ထဲက တုန်လှုပ်နေသော်လည်း သားရှေ့မို့ ဒေါ်ဝင်းမာစံသည် ဟန်ဆောင်ကာပြုံးရယ်ပျော်ရွှင်ပြနေရခြင်းပါ။ ဦးမြတ်ထင်သည်က ဒေါ်ဝင်းမာစံထံသို့ အတန်ကြာကြာပင်စေ့စေ့ကြီး ကြည့်၍နေသည်။ ပြီးမှ. . .

"မင်းလည်း တော်တော်အကြံကြီးတာပဲ၊ နောက်မှ ငါစီစဉ်မယ်. . ."

"ဟင်! ရှင်. . ."

ဘာကိုဆိုလိုလိုက်မှန်းမသိ၍ ဒေါ်ဝင်းမာစံမျက်လုံးပြူး အံ့သြသွားလိုက်ရ၏။ စိတ်ထဲလည်း မလုံမလဲဖြစ်သွားသည်မို့ သားနှင့်ဝင်းစုချိုရှေ့တွင် တော်တော်ကြီးဟန်ဆောင်နေလိုက်ရပြီးမှ. . .

"သား. .သားအဖေက ပုံမှန်မဟုတ်သေးရဲ့လား၊ ကြည့်ရတာပုံမှန်မဟုတ်ဘူးနဲ့တူတယ်. . ."

"ဟုတ်ပါတယ် မေမေရဲ့၊ ဆရာဝန်က အားလုံးကောင်းကြောင်း ပြောလိုက်ပါတယ်၊ ဖေဖေက စကားပြောစမို့ မဆီလျော်တာမျိုးပဲဖြစ်ပါလိမ့်မယ်၊ ဖေဖေ့ကို အနားကောင်းကောင်းယူခိုင်းရမယ်"

"ကရင်း ရင်း ရင်း. . ."

ဖခင်ကို အိပ်ယာဆီပို့မည့်ဆဲဆဲ ဖုန်းမြည်သံကြောင့် ကိုကိုနားထောင်လိုက်သည်။ ဦးမြတ်ထင်သည် ဝှီးချဲထက်မှ အားလုံးဆီကြည့်နေဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို. .ဟင် ဘာ. .ကောင်းပြီ၊ ကျွန်တော်အခုလာခဲ့ပါ့မယ်. . ."

သူစကားအဆုံး ဖုန်းကိုပိတ်လိုက်သည်။ ပြီးတော့ မိခင်ထံကြည့်လိုက်ပြီး. . .

"မေမေ. .မေမေ့ရဲ့ပါတနာတစ်ယောက်တော့ ဖောက်ပြီ၊ ဒီလိုဖြစ်မယ်ဆိုတာ ကျွန်တော်အစကတည်းက တွက်ထားပြီးသားပဲ၊ မေမေ့ဓာတ်တော့ မေမေနိုင်မယ်ထင်ပါတယ်၊ အခုကုမ္ပဏီမှာ အရေးကြီးနေပြီ၊ ကျွန်တော် ဖေဖေ့ကို အိပ်ယာထဲပို့ပြီးသွား. . ."

"သား ကုမ္ပဏီကိုသွားပါ၊ ဖေဖေ့ကို ဒီမှာပဲထားခဲ့ပါ"

"ဟုတ်ကဲ့ ဖေဖေ. . ."

ဦးမြတ်ထင်ဆိုတော့ ကိုကိုသည် ဖခင်ကြီးအား စိတ်မချစွာနှင့်ပင်ထားခဲ့ပြီး ကုမ္ပဏီသို့ထွက်သွားလိုက်လေ၏။ ဒေါ်ဝင်းမာစံသည်လည်း ဟန်ပင်မဆောင်နိုင်တော့ဘဲ ပြေးထွက်လိုက်သွားလေ၏။ ဦးမြတ်ထင်ကား အားလုံး၏ပုံရိပ်တွေဆီကြည့်ပြီး ငြိမ်သက်စွာဖြင့် စဉ်းစားတွေးတောကျန်ရစ်ခဲ့လေ၏။

× × × × ×

"ဘာပြောတယ်ဗျာ၊ ဦးလင်းနိုင်. .ခင်ဗျားယုတ်မာလှချည်လားဗျာ. . ."

"ငါယုတ်မာတာမဟုတ်ဘူး၊ မင်းတို့အသုံးမကျတာ၊ အထူးသဖြင့် မင်းအမေပဲပေါ့ကွာ. . ."

"ဘာပြောတယ် လင်းနိုင်၊ နင်က ငါ့ယောက်ျားသနားလို့ ဒီလိုအခြေအနေကိုရောက်လာတဲ့ အကောင်ပါဟဲ့. . ."





"ဘာပြောပြောလေ ငါ့မှာဉာဏ်ရှိတယ်ဆိုတာ နင်အခုသိပြီမဟုတ်လား. . ."

"ဦးလင်းနိုင်. .ကျွန်တော်တို့မိသားစု ဒုက္ခအခက်အခဲတွေနဲ့ ရင်ဆိုင်နေရချိန်မှာ ခင်ဗျားက ဒီလိုအခြေအနေရအောင် ကြံစည်နေတာကိုး. . ."

"ဒါကတော့ ငါ့အတွက်ဖြစ်လာတဲ့အခွင့်အရေးပါကွာ၊ မင်းတို့မိသားစုကလည်း အစည်းပြေနေတဲ့ ထင်းစည်းဖြစ်နေတော့ ငါ့အခွင့်အရေးကြီးပဲပေါ့ကွာ၊ အထူးသဖြင့်တော့ ဒီကိစ္စတွေက မင်းအမေရဲ့ဖန်တီးချက်တွေချည်းပဲ. . ."

"တော်ပြီ လင်းနိုင်၊ သား. .သား အိမ်ပြန်ပါ၊ ဒီကောင်နဲ့ မေမေ ရှင်းလိုက်ပါ့မယ်၊ သားပြန်လိုက်ပါ. . ."

လင်းနိုင်တစ်ယောက် ဘာကိုအပိုင်ကိုင်ထားသည်ကိုဖြင့် မသိ၊ အပိုင်တစ်ခုခုကိုင်ထားပြီကိုတော့ ဒေါ်ဝင်းမာစံသိလိုက်ပြီမို့ သားကို အိမ်ပြန်ခိုင်းလိုက်သည်။ ကိုကိုတစ်ယောက် မိခင်နှင့် ဦးလင်းနိုင်ဆီသို့ နာကျင်မှုနှင့် စက်ဆုပ်မှုတွေဖြင့်ကြည့်ကာ ရုံးခန်းထဲမှ ထွက်သွားလိုက်လေ၏။ သားဖြစ်သူထွက်သွားပြီးမှ ဒေါ်ဝင်းမာစံသည် အခြေအနေကိုသုံးသပ်ရင်း ဦးလင်းနိုင်နှင့် ရင်ဆိုင်လိုက်သည်။

"ဒီမှာ လင်းနိုင်. .နင့်အကြံတွေက ဒါအကုန်ပဲလား"

"ဘယ်ဟုတ်ဦးမလဲ၊ မကြာခင် နင်တို့တိုက်ကြီးပေါ်ကလည်း ဆင်းကြရဦးမယ်. . ."

"ဩော် နင်က ဒီအထိတောင်လုပ်ထားတာပဲ၊ နင့်သမီး မျက်နှာတောင် နင်မထောက်တော့ဘူးလား၊ နင့်သမီးက ငါ့သားကိုသာ မရရင် ရူးတော့မှာလေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"နင်စိတ်မပူပါနဲ့ ဝင်းမာစံရာ၊ ငါ့သမီးကြောင့် နင်တို့ အခြေအနေခံသာပါတယ်၊ ငါကသူဌေးဖြစ်ချင်တာလေ၊ နင်တို့အားလုံး ငါ့လက်အောက်ခံဖြစ်ရုံပါပဲ၊ နင်နဲ့ငါက ခမည်းခမက်ဖြစ်ကြမှာပဲ မဟုတ်လား၊ မဟုတ်ရင်တော့လည်း နင်တို့ထိုက်နဲ့နင်တို့ကံ တစ်လမ်းစီပဲလျှောက်ကြတာပေါ့ဟာ..ဟား ဟား ဟား. . ."

"နင်က ငါတို့ကုမ္ပဏီနဲ့ ဟိုတယ်လုပ်ငန်းတစ်ခုလုံးကို ဘယ်လိုနည်းနဲ့ အပိုင်သိမ်းလိုက်တာလဲ. . ."

"ဟဲ ဟဲ နင်တို့သားအမိလက်မှတ်တွေနဲ့ပေါ့၊ နင်တို့ စိတ်တွေလှုပ်ရှားနေတဲ့အချိန်က ငါ လက်မှတ်တွေလာထိုးခိုင်းခဲ့တာ သတိရကြရဲ့လား၊ ပြီးတော့ ဒီကုမ္ပဏီကလူတွေအားလုံးကလည်း ငါ့လူတွေဖြစ်ကုန်ပြီ၊ ကဲ နင်ရှင်းပြီလား၊ ဒီမှာကြည့် လွှဲပြောင်းစာတွေ၊ မှတ်ပုံတင်မိတ္တူတွေအားလုံး ငါ့လက်ထဲမှာရှိတယ်. . ."

"နင်သိပ်တော်ပါတယ် လင်းနိုင်၊ ဒါပေမယ့် နင့်ကိုနိုင်တဲ့ နည်းတော့ ငါ့မှာရှိဦးမှာပါ. . ."

"မထင်နဲ့တော့ ဝင်းမာစံ၊ နင့်အကောင်ကျော်မိုးဆိုတာက ငွေပဲမက်တာ၊ နင်တို့အခြေအနေကို ငါက နင့်လင်ထက်ပိုပြီးသိတယ်၊ ကျော်မိုးကို နင်အားကိုးဖို့မကြံနဲ့တော့၊ ရော့. .ဒီမှာ နင် ဒါကိုဖွင့်ပြီးနားထောင်ကြည့်လိုက်ဦး၊ ဟား ဟား ဟား. . ."

ဆိုရင်း အသံဖမ်းစက်လေးတစ်ခုကို ဒေါ်ဝင်းမာစံထံ ဦးလင်းနိုင်ပေးလိုက်သည်။ ဒေါ်ဝင်းမာစံဖွင့်ပြီး နားထောင်ကြည့်လိုက်တော့ ဒေါ်ဝင်းမာစံတစ်ယောက် ဒေါသရမ်းအိုးကြီးပေါက်ကွဲထွက်ရင်း အတိုင်းမသိတုန်လှုပ်ခြောက်ခြားသွားရပါတော့၏။

"ဟင် ကြည့်စမ်း၊ ဒါက. . ."





"ဟုတ်တယ်လေ၊ နင် ငါ့ဆီကိုဖုန်းဆက်ပြီး ခိုင်းခဲ့တဲ့ အလုပ်တွေ ငါအသံသွင်းထားတာ၊ နင့်ယောက်ျားကို နင်လုပ်ကြံခိုင်းတာတွေ၊ မမကို နင်ကြံစည်ခဲ့တာတွေ၊ နင်ရူးဟန်ဆောင်ပြီး လုပ်ခဲ့တာတွေ ဟား ဟား ဟား. . ."

"သူတောင်းစားကြီး. . ."

ထိုမျှသာ ဒေါ်ဝင်းမာစံဆိုပြီး အိမ်သို့ပြန်ခဲ့လိုက်သည်။ ဒေါ်ဝင်းမာစံကား ဘာလုပ်၍လုပ်ရမှန်းမသိအောင် တုန်လှုပ်မှု၊ ခြောက်ခြားမှုတွေနှင့် သွေးပျက်ခမန်းရှိနေရပါတော့၏။

× × × × ×

"ဒေါ်လေး. .အဟင့် ဟင့် ဝင်းစုတောင်းပန်ပါတယ်၊ ကိုကို ပြောပြလို့ ဝင်းစုသိပြီးပါပြီ၊ ဝင်းစုသေချင်တယ်၊ ဖေဖေ လုပ်ရက်တယ်၊ ဝင်းစုဘာမှမသိခဲ့ပါဘူး ဒေါ်လေးရယ်၊ ဝင်းစုကိုယုံပါ၊ ဝင်းစု တောင်းပန်ပါတယ် ဒေါ်လေးရယ်. .အဟင့် ဟင့်. . ."

"ဟင်း. . ."

တိုက်ထဲဝင်လိုက်သည်နှင့် ငိုကြီးချက်မဖြင့်ပြောလာသည့် ဝင်းစုချိုအား မြင်လိုက်ရ၍ ဒေါ်ဝင်းမာစံသည် ဒေါသကိုဖိကာ မြိုချလိုက်ရလေ၏။

"ဒေါ်လေး. .ဖေဖေ့ကို ဝင်းစုပြောပါ့မယ်၊ ဖေဖေလုပ်ထားတာတွေမှန်သမျှ ဝင်းစုအားလုံးပြန်ပြီး ဒေါ်လေးတို့ကို ကူညီပါ့မယ်၊ ဝင်းစုကိုနားလည်ပေးပါ ဒေါ်လေးရယ်. . ."

ဝင်းစုချိုတစ်ယောက် ဒေါ်ဝင်းမာစံခြေထောက်ကိုဖက်ပြီး အူလှိုက်သည်းလှိုက် တောင်းပန်နေ၍ ဒေါ်ဝင်းမာစံသည် ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်ဖြေကာ စိတ်ကူးတစ်ခုရသွားရသည်။

"သမီး ထပါ၊ သမီးမှာအပြစ်မရှိပါဘူးကွယ်၊ သမီးလေးလေး ကျွန်းမှာလာရင် ခုလိုပြဿနာတွေသိတာနဲ့ ဒေါ်လေးကိုနှင်ချတော့မှာ၊ သမီး ဒေါ်လေးကိုကူညီနော်၊ သမီးဖေဖေဆီက စာချုပ်စာတမ်းတွေ အားလုံး ဒေါ်လေးကိုပြန်ယူပေးပါ သမီးရယ်. . ."

"စိတ်ချပါ ဒေါ်လေးရယ်၊ အဲဒီအတွက် စိတ်မပူပါနဲ့၊ ဝင်းစု..ဒီညပဲအိမ်ပြန်ပြီး စာချုပ်တွေကို လိုက်ရှာမှာပါ. . ."

"ဝမ်းသာလိုက်တာ သမီးရယ်၊ သမီးကိုကျေးဇူးတင်လိုက်တာ၊ ကိုကို့ကိုလည်း ဒေါ်လေးပြောပါ့မယ်၊ သမီးတို့လက်ထပ်မယ့် ကိစ္စလည်း ဒေါ်လေးမြန်မြန်စီစဉ်ပေးပါ့မယ်ကွယ်. . ."

"ဟုတ်ကဲ့ပါ ဒေါ်လေး၊ ဒေါ်လေးကိုပဲ ဝင်းစုချစ်တယ်၊ အားလည်းအားကိုးပါတယ်နော်. . ."

"အေးပါကွယ်၊ ဒေါ်လေးဖြစ်အောင် စီစဉ်မှာပါ၊ သမီးလည်း ဒေါ်လေးအတွက် ကူညီပေးနော်. . ."

"ဟုတ်ကဲ့ပါ ဒေါ်လေး၊ ဝင်းစုအခုပြန်လိုက်မယ်နော်"

"ကောင်းပြီ သမီး. . ."

ဝင်းစုတစ်ယောက် ပြန်သွားသည်တွင် ဒေါ်ဝင်းမာစံသည် မျက်လုံးကိုအနည်းငယ်မှေးကျဉ်းကာ မဲ့ပြုံးနှင့်လှမ်းကြည့်နေလိုက်လေ၏။ ထို့နောက်မတော့ ဒေါ်ဝင်းမာစံသည် ခင်ပွန်းသည်ဦးမြတ်ထင်ရှိရာ အခန်းဆီသို့ လှမ်းတက်ခဲ့၏။ ဦးမြတ်ထင်အခန်းထဲသို့ ဝင်လိုက်သည်နှင့် အခန်းထဲတွင် မည်သူ့ကိုမျှမတွေ့ရ၍ ဒေါ်ဝင်းမာစံသည် ခြေလှမ်းဖြင့်တွန့်သွားဖြစ်၏။ ဦးမြတ်ထင်သည်က ဒေါ်ဝင်းမာစံအား ငြိမ်ငြိမ်ကြီးပင်လှမ်းကြည့်၍နေသည်။





"အစ်ကို နေကောင်းရဲ့လား. . ."

"ကျုပ်နေမကောင်းတာကိုပဲ ခင်ဗျားက သဘောကျတယ် မဟုတ်လား၊ နင်သဘောရှိခြယ်လှယ်လို့ရအောင်လေ. . ."

"အို. . ."

ဒေါ်ဝင်းမာစံ ထိတ်လန့်သွားဆဲပင် အခန်းထဲသို့ ကိုကိုနှင့်မမတို့ လှမ်းဝင်လာသည်။ မမလာသည်ကို သဘောမကျသလို ဒေါ်ဝင်းမာစံကလှမ်းကြည့်သည်။ မမကလည်း သဘောပေါက်သည်ပို့

"မိသားစုဆုံနေတုန်း အေးအေးဆေးဆေးစကားပြောပြီး၊ မမသွားလိုက်ဦးမယ်. . ."

"သမီး မမ. .ဖေဖေ့ဆီလာခဲ့ပါ. . ."

မမထွက်သွားမည်ပြင်တော့ ကိုကိုမျက်နှာပျက်သွားသည်။ ဒေါ်ဝင်းမာစံက ကျေနပ်သွား၏။ သို့သော်လည်း ဦးမြတ်ထင်က လှမ်းခေါ်လိုက်၍ ကိုကို့မျက်နှာချောချောက ကျေနပ်ဟန်ဖြစ်သွားပြီး ဒေါ်ဝင်းမာစံမျက်နှာမှာ တင်းမာသွား၏။

"ဖေဖေ. . ."

ဝမ်းသာစွာနှင့် မမခေါ်ရင်း ဦးမြတ်ထင်ကိုဖက်ထားလိုက်သည်။ ဦးမြတ်ထင်မှာ မမ၏ဆံနွယ်လေးတွေဆီပွတ်ရင်း မသိမသာ မျက်ရည်တွေဝဲရင်းမှ. . .

"သမီးကို ဖေဖေသိပ်ကျေးဇူးတင်တယ်. . ."

"ဖေဖေဘာပြောတာလဲဟင်. . ."

"သမီးဖေဖေ့ကို ပြုစုစောင့်ရှောက်ခဲ့လို့ပေါ့. . ."

"ဟင်. ဖေဖေသိလားဟင်. . ."

"ဖေဖေအားလုံးသိပါပေါ့ သမီးရယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားများအတွက် ဒေါ်ဝင်းမာစံမျက်လုံးပြူးသွားသည်၊ ဒေါ်ဝင်းမာစံသည် ဦးမြတ်ထင်မျက်နှာဆီ စေ့စေ့ကြည့်ဖြစ်ရင်း...

ငါ သူ့ကိုကြမ်းကြမ်းတမ်းတမ်းနဲ့ ပစ်ပစ်နှစ်နှစ်ပြောဆိုလုပ်ခဲ့တာတွေလည်း သူသိနေမယ်နဲ့တူတယ်. . .

ဒေါ်ဝင်းမာစံတစ်ယောက် စိတ်ထဲတီးတိုးဆိုနေဖြစ်ခြင်းပါ။ ဒေါ်ဝင်းမာစံသည် စိတ်ထဲမလုံမလဲဖြစ်လာရသည်။ ထို့အတွက် မသိမသာဖြင့် အခန်းထဲမှထွက်သွားလိုက်၏။ ဦးမြတ်ထင်သည် ဒေါ်ဝင်းမာစံတစ်ယောက် ဘာတွေဖြစ်နေမည်ကိုသိသော်လည်း အားဆေးစွာပင်နေလိုက်၏။

"ဖေဖေ. .ဖေဖေတကယ်နေကောင်းသွားပြီလား. . ."

"ဖေဖေအားလုံးကောင်းနေပါပြီ သမီး၊ ဆေးတွေကလည်း အစွမ်းထက်တယ်၊ ဆရာဝန်ဆရာမတွေကလည်း တော်ကြတယ်၊ ဖေဖေ့ကိုလည်း ဂရုစိုက်ကြတယ်. . ."

"ဝမ်းသာလိုက်တာ ဖေဖေရယ်၊ ဖေဖေနေကောင်းလာလို့ သမီးအားရှိလာဝါပြီ. . ."

မိခင်သေဆုံးပြီဖြစ်ကြောင်း ပြောပြချင်သော်လည်း ဦးမြတ်ထင်ကျန်းမာရေးကိုထောက်ပြီး မမ မပြောဖြစ်ဘဲနေရ၏။

"သား. . ."

"ဗျာ ဖေဖေ. . ."

"မနက်ဖြန် ဖေဖေ ဟိုတယ်ရော ကုမ္ပဏီကိုပါ သွားကြည့်မယ်. . ."

"ဖေဖေသွားလို့ဖြစ်ပါဦးမလား၊ ဖေဖေ့ကျန်းမာရေးက. ."

"ကောင်းနေပါပြီ သား၊ ဖေဖေကောင်းနေတာ နှစ်လလောက်





ရှိပြီ၊ သားတို့မသိအောင် ကိုယ့်ကိုယ်ကို အားမွေးနေတာ. . ."

"ဟင်း. . ."

ကုမ္ပဏီကော ဟိုတယ်ကြီး၏အခြေအနေက မကောင်း၍ ကိုကိုသည် ဘာပြောရမှန်းမသိအောင်ဖြစ်နေရသည်။ ဖခင်သိအောင် ပြောပြလျှင်လည်း စိတ်ဆင်းရဲရတော့မည်ကိုသိ၍ ကိုကိုတစ်ယောက် သက်မမောတွေသာ ကျိတ်ချဖြစ်ရပါတော့၏။

"သား. . ."

"ဗျာ ဖေဖေ. . ."

ဖေဖေခေါ်တော့ သူ မလုံမလဲထူးဖြစ်သည်။ ဦးမြတ်ထင်က အခြေအနေတွေကိုသိ၍ နားလည်စွာပြုံး၏။

"သား ဘာတွေစိတ်ပူနေလဲ၊ သားကြည့်ရတာ စိတ်ပူနေသလိုပဲ. . ."

"မဟုတ်ပါဘူး ဖေဖေ၊ ကျွန်တော် ဖေဖေ့အတွက်ပဲ စိုးရိမ်နေတာပါ. . ."

"ဖေဖေ့အတွက် ဘာစိုးရိမ်စရာရှိလဲ သားရယ်၊ ဖေဖေကသာ သားတို့အတွက် စိုးရိမ်နေတာ၊ ဖေဖေစိုးရိမ်ခဲ့သလိုလည်း ဖြစ်နေကြတာပဲမဟုတ်လား. . ."

"ဟင် ဗျာ. .ဖေဖေ. . ."

ကိုကိုရော မမပါ အံ့သြစွာနှင့် ဖခင်ထံကြည့်နေဖြစ်သည်။ ဦးမြတ်ထင်က သဘောကျစွာပြုံးရယ်ရင်း. . .

"စိတ်မပူနဲ့ သား၊ ဖေဖေအားလုံးသိတယ်. . ."

"ဖေဖေ အားလုံးသိတယ်. . ."

အံ့သြစွာနှင့် မမ ဝင်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သမီး၊ ဖေဖေအားလုံးသိနေတယ်၊ စိတ်မပူကြနဲ့၊ မနက်ဖြန်ကျရင် အားလုံးရှင်းသွားမယ်၊ လောဘသားကောင်တွေကတော့ သူတို့ပြစ်ဒဏ် သူတို့ခံကြရမှာပဲ. . ."

"ဖေဖေရယ် ဖေဖေက သိပ်တော်တာပဲ၊ ဒါကြောင့် မေမေက အမြဲပြောတာ၊ ဖေဖေကသိပ်တော်တယ်တဲ့၊ ဖေဖေ့ကိုအတုယူပါတဲ့"

"ဟုတ်တယ် ဖေဖေ၊ ဝန်ထမ်းတွေပြောတဲ့စကားတွေကိုလည်း ကျွန်တော်အမြဲကြားရတယ်၊ တို့သူဌေးက တကယ့်ကိုတော်တဲ့သူတဲ့၊ ဝန်ထမ်းတွေနှုတ်က မကြာခဏပြောသံကို ကျွန်တော်ကြားရတယ်၊ ကျွန်တော်ဂုဏ်ယူပါတယ် ဖေဖေရယ်. . ."

"ကျေးဇူးတင်ပါတယ် သားနဲ့သမီးရယ်၊ ကိစ္စတွေအားလုံး ရှင်းလင်းပြီးရင် သားနဲ့သမီးကိုလည်း ဖေဖေပြောပြစရာကိစ္စလေးတွေ ရှိနေတယ်၊ ကဲ အခု ဖေဖေဆေးသောက်ချိန်ရောက်ပြီ၊ ဖေဖေ နားလိုက်ဦးမယ်. . ."

"ဟုတ်ကဲ့ ဖေဖေ. . ."

ဖခင်စကားအဆုံး ကိုကိုရောမမပါ အခန်းထဲမှထွက်ခဲ့လိုက်ကြသည်။ ဦးမြတ်ထင်ကား သားနှင့်သမီးထံ မျက်ရည်များဝဲကာ လှမ်းကြည့်နေဖြစ်လေ၏။ ။

❖ ❖ ❖



## (သုံးဆယ့်တစ်)

သားဖြစ်သူကိုကိုနှင့်အတူ ဦးမြတ်ထင်သည် ဟိုတယ်သို့ ရောက်လာခဲ့လေ၏။ ကားပေါ်မှဆင်းလိုက်သည်နှင့် ဦးမြတ်ထင်သည် ဟိုတယ်ဝင်ပေါက်ဆီလှမ်းကြည့်ဖြစ်ရင်း အတိတ်ပုံရိပ်တစ်ခုအား မြင်ယောင်အမှတ်ရလိုက်လေ၏။

တံခါးစောင့် ကျော်မိုး၊ မိမိဇနီးဒေါ်ဝင်းမာစံနှင့် ဖောက်ပြန်သည့် တံခါးစောင့်ကျော်မိုးကိုမြင်ယောင်ဖြစ်သည်။ တစ်ဆက်တည်းလည်း မိမိသည် ရွံရှာခံပြင်းလွန်း၍ ထိုနေရာ၌ပင် ထိုးကြိတ်ပစ်ခဲ့သည်။ သို့သော်လည်း မိမိသည် ကျော်မိုးအား စကားတစ်ခွန်းမျှ မပြောခဲ့ပါ။ ဇနီးဖြစ်သူဝင်းမာစံကိုလည်း မိမိသည် လွန်စွာမှ စက်ဆုပ်ရွံရှာခဲ့သည်။ သူမ၏ဖောက်ပြန်မှုအား မိမိမြင်တွေ့ခဲ့သည်ကို သူမ,သိအောင် တစ်ခွန်းမှဖွင့်မပြောခဲ့သည်မှာ ဒီနေ့ဒီအချိန်ထိပင် ဖြစ်သည်။

မိမိသည် နာကျင်လွန်း၊ ခံပြင်းလွန်း၊ စက်ဆုပ်ရွံရှာလွန်း၍ ကျော်မိုးအား ချက်ချင်းပင် အလုပ်ထုတ်ပစ်ခဲ့သည်။ ဝင်းမာစံကိုလည်း လွန်စွာမှအထင်သေးရွံရှာစက်ဆုပ်လွန်း၍ ခပ်တင်းတင်းနှင့် ခပ်မှန်မှန်ပင် နေ့ထိုင်ခဲ့သည်။ တစ်နေ့ဖြင့် မြိုသိပ်ထားခဲ့ရသည်မှာ ကြာပြီမို့ မခံစားနိုင်တော့၍ ချယ်ရီအရှုကိုရင်ဖွင့်ကာ လက်ထပ်ဖြစ်ခဲ့သည်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့လည်း ချယ်ရီရွှေ၏ခင်ပွန်း၊ မိမိသူငယ်ချင်း အဂ္ဂကျော်နှင့် ပတ်သက်ပြီးလည်း မိမိတွင်အပြစ်မကင်းဟုထင်ခဲ့သည်။ ထို့အတွက်လည်း မိမိခံစားရသည်။ ထို့ကြောင့် တစ်ချက်ခုတ်နှစ်ချက်ပြတ် ဆိုသလို မိမိသည် ချယ်ရီရွှေကိုလည်းပြန်ကြည့်ရှုရင်း ချယ်ရီရွှေအပေါ်လည်း မှန်ကန်သည့်မေတ္တာဖြင့် လက်ထပ်ဖြစ်ခဲ့ခြင်းပါ။

"ဖေဖေ. . ."

"ဟင် ဩော် သား. . ."

အတိတ်ရေစီးတွင်မျှောပါခိုက် သားခေါ်သံကြားမှပင် ဦးမြတ်ထင်သည် အတိတ်မှရုန်းထွက်ဖြစ်ရင်း သားချောထံကြည့်ကာ ထူးဖြစ်၏။

"ဖေဖေ. .ဘာတွေတွေးနေလဲဟင်. . ."

"ဟင်း ဘာရယ်မဟုတ်ပါဘူး သားရယ်၊ ကဲ ကဲ အထဲဝင်ကြရအောင်. . ."

ဖခင်ဆိုတော့ သားအဖနှစ်ယောက် ဟိုတယ်ထဲဝင်ခဲ့ကြသည်။ ကိုကိုမှာ ဟိုတယ်ထဲဝင်သာဝင်ခဲ့ရသည်။ လက်ရှိက ဟိုတယ်ကြီးအား ဦးလင်းနိုင်က မတရားသောနည်းနှင့် အပိုင်သိမ်းလိုက်ပြီမို့ ကိုကိုသည် ဖခင်ရှေ့တွင် အပြစ်ရှိသူနှယ်ခံစားရင်း မျက်နှာပျက်နေရရှာ၏။ ခုမှကျန်းမာရေးကောင်းစရှိသည့် ဖခင်ကြီးအားလည်း သူဖွင့်မပြောရက်။ ဟိုတယ်ဝင်ခဲ့ပြီမို့ လူယုတ်မာဦးလင်းနိုင်နှင့် တွေ့မည်ကိုလည်း သူစိုးရိမ်နေမိသည်။ ဦးမြတ်ထင်သည် အေးဆေးစွာပင် ဟိုတယ်ထဲလျှောက်ဝင်ခဲ့ရင်း. . .

"သား. .ဟိုတယ်လုပ်ငန်းအခြေအနေက ဘယ်လိုလဲ. ."

"ဟဲ ဟဲ ဟဲ ဩော် မြတ်ထင်. .မင်းလာတာလား၊





ဘာလဲ ငါ့ဟိုတယ်ကို မင်းလာကြည့်တာလား၊ အေးလေ မင်းလာတော့လာရမှာပါ၊ ဒါပေမယ့် မင်းပိုင်တဲ့အခန်းတော့ ပြောင်းသွားပြီ"

ဖခင်အမေးအတွက် စိုးရိမ်နေသည့် ကိုကိုတစ်ယောက် ဦးလင်းနိုင်ရောက်လာပြီး ပြောလာသည့်စကားတွေကြောင့် ဒေါသထွက်သွားရကာ မျက်နှာချောချောက တင်းမာသွားလိုက်ရ၏။ ဦးလင်းနိုင်စကားအတွက် ဦးမြတ်ထင်သည်က မည်သို့မျှလှုပ်ရှားခြင်းမရှိ၊ အေးဆေးပင်ရှိ၏။ ထိုအခိုက် ဟိုတယ်ဌာနဆိုင်ရာအသီးသီးမှ မန်နေဂျာများနှင့် စာရေးကြီးတို့သုံးလေးယောက် အပေါ်ထပ်မှ ဆင်းခဲ့ကြပြီး ဦးမြတ်ထင်တို့သားအဖကိုတွေ့သည်တွင် လွန်စွာမှလိုက်လှဲပျူငှာသော အပြုံးတွေနှင့် အနီးသို့ရောက်ခဲ့ကြရင်း. . .

"မင်္ဂလာပါ သူဌေး၊ သူဌေး ဟိုတယ်ကိုလာနိုင်ပြီနော်"

"မင်္ဂလာပါ သူဌေး၊ ခုလိုသူဌေးကိုတွေ့ရလို့ ဝမ်းသာလိုက်တာ. . ."

"မင်္ဂလာပါ သူဌေး၊ သူဌေးကိုတွေ့ရလို့ အားရလိုက်တာဗျာ. . ."

"မင်္ဂလာပါဗျာ၊ ဒါနဲ့အခုဘာလဲ အစည်းအဝေးပြီးလို့လား"

"ဟုတ်ပါတယ် သူဌေး၊ သူဌေးတို့သားအဖကို မနက်စာနဲ့ဧည့်ခံပါရစေ၊ အခန်းနံပါတ်(x x )ကိုကြွပါခင်ဗျာ. . ."

မန်နေဂျာကြီးများဖြစ်သည့် ဦးသိန်းမောင်၊ ဦးစောလှ၊ ဦးချစ်တင်နှင့် ဦး အေးမင်းတို့၏ သူဌေးချင်းထပ်မျှချစ်ခင်လေးစား ပျူငှာနေကြသောအသွင်များကြောင့် ဦးလင်းနိုင်မှာ အံ့ဩရင်း မခံမရပ်နိုင်အောင် ဖြစ်နေရတော့သည်။ လက်ရှိသူဌေးက မိမိဖြစ်ပါလျက်နှင့် ဘာကြောင့် ဦးမြတ်ထင်လာသည်ကို ဒီလောက် ရိုသေလေးစား



www.burmeseclassic.com

www.burmeseclassic.com



ဂါရာပြုကြီးဆိုနေသည်ကို နားမလည်နိုင်အောင်ဖြစ်ရင်း မကျေမနပ် ဒေါသထွက်နေရ၏။

"သူဌေးနဲ့ သူဌေးလေး. .ဒီဘက်ကြွပါခင်ဗျာ. . ."

ဦးသိန်းမောင်က လေးစားစွာခေါ်တော့ ဦးမြတ်ထင်သည် ဦးလင်းနိုင်ထံ တစ်ချက်မျှစေ့စေ့ကြည့်ဖြစ်ရင်း. . .

"သူငယ်ချင်းလင်းနိုင်. .မင်းဘာဖြစ်နေလဲ၊ မျက်နှာလည်း မကောင်းပါလား၊ မင်းမဟုတ်တာ ဘာတွေလုပ်ထားပြန်ပြီလဲ၊ မင်း စိတ်ဓာတ်ကို ငါက အစကတည်းက သိပြီးသားနော်၊ မင်းက ကလိန်ကကျစ်များတယ်. . ."

"ဟဲ ဟဲ မင်းကလည်းကွာ မဟုတ်တာ. . ."

"အေး မဟုတ်ရင်ပြီးတာပါပဲကွာ၊ ကဲ ငါသွားလိုက်ဦးမယ်"

စကားအဆုံး ဖခင်ကရှေ့မှလှမ်းသွားတော့ ကိုကိုသည်လည်း စိတ်လှုပ်ရှားခြင်းများစွာနှင့် နောက်မှလိုက်သွားဖြစ်လေ၏။

"ဟော့ ချစ်ဝင်း. .ဒီကိုလာဦးကွ. . ."

စာရေးကြီးအဆင့်ရှိသည့် ဦးချစ်ဝင်းကို ဦးလင်းနိုင်ကပါဝါ သုံး၍လှမ်းခေါ်လိုက်သည်။

"ခဏနေဦး ကိုလင်းနိုင်၊ ကျုပ် ဒီမှာအရေးကြီးကိစ္စတွေ ရှိနေသေးတယ်. . ."

ထိုမျှသာပြောပြီး ဦးချစ်ဝင်းသည် သူဌေးသားအဖနောက် ဆက်လိုက်သွားသည်။ ဦးလင်းနိုင်သည် ဓာတ်လှေကားထဲဝင်ရောက် သွားကြပြီဖြစ်သည့် သူဌေးနှင့်အဖွဲ့ဆီ လှမ်းကြည့်နေဖြစ်ရင်း. . .

"တောက် ဒီလူတွေ ဘာ [illegible]လုပ်လဲ၊ ငါသူဌေးကိုတော့ တိုင်မှတ်လို့ နင် [illegible]ငါမသတ်သွားကြဘူး၊ သိကြသေးတာပေါ့၊





အားလုံးကို အလုပ်ကထုတ်ပစ်မယ်"

နှုတ်မှတီးတိုးရေရွတ်ရင်း ဦးလင်းနိုင်တစ်ယောက် ဒေါသ တွေနှင့် ဟိုတယ်ထဲမှလှမ်းထွက်သွားလိုက်ပါတော့၏။

× × × × ×

"ဟယ်လို့. .ဟုတ်ကဲ့၊ အိမ်ထဲကိုဝင်သွားပါပြီ ဆရာ၊ ဟုတ် ကဲ့ ဦးလင်းနိုင်က ခုပဲပြန်ရောက်လို့ အိမ်ထဲဝင်သွားပါပြီ၊ သူ့သမီးက လွန်ခဲ့တဲ့ဆယ့်ငါးမိနစ်က အပြင်ကပြန်ရောက်လာလို့ အိမ်ထဲမှာ ရှိနေပါတယ်။ ဟုတ်ကဲ့ ဟုတ်ပါတယ် ဆရာ၊ ဒေါ်ဝင်းမာစ်က လွန်ခဲ့တဲ့နှစ်နာရီလောက်ကတည်းက အဲဒီအိမ်ထဲမှာရောက်နေတာပါ၊ ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်က အပြင်မှာစောင့်ကြည့်နေတာ ဆိုတော့ အထဲမှာဘာတွေလုပ်နေကြတယ်ဆိုတာ မသိသေးပါဘူး"

အရပ်ဝတ်နှင့်လူတစ်ယောက်က ရဲစခန်းသို့သတင်းပို့နေ သည်ပါ။ ဦးလင်းနိုင်၏ တိုက်ထဲမတော့. . .

"ဖေဖေ..သမီးရှက်တယ်၊ သမီးကိုအရှက်မခွဲပါနဲ့၊ ဖေဖေ ဒီလိုမလုပ်ပါနဲ့၊ ဖေဖေမတရားလုပ်ထားတွေ ပြန်ပေးလိုက်ပါ. ."

"ဖြန်း. . ."

"အား. .၊ ဖေဖေမတရားဘူး၊ ဖေဖေ့ကိုမုန်းတယ်၊ ဖေဖေ့ ကြောင့် သမီးကို ဘယ်သူကအယုံအကြည်ရှိဦးမလဲ. . ."

"မရှိနဲ့ မရှိနဲ့၊ ကောင်းတယ်၊ နင်ကအသုံးမကျတဲ့သမီး၊ အဖေလုပ်သမျှဟာ နောက်ပိုင်းနင့်အတွက်ချည်းပဲဆိုတာ မသိတဲ့ တိရစ္ဆာန်မ. . ."

"သမီးမလိုချင်ဘူး၊ သူတပါးပစ္စည်းကို မတရားမှုလိုချင်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး. . ."

"အေး နင်ဘယ်ယူမလဲဟဲ့၊ နင်က လင်ဆိပ်မိနေတာကိုး၊ ငါ့ကိုတော့ နင်ကမတရားဘူးပြောတယ်၊ နင်ကျတော့ သူများလင်ကို မရမကလိုက်လုနေတာ ကောင်းတဲ့အလုပ်လား၊ စဉ်းစားစမ်း. . ."

"ဖေဖေ. .ဖေဖေ့ကိုမုန်းတယ်၊ ဖေဖေ ဒေါ်လေးတို့ကို ပြေလည်အောင်မလုပ်ဘူးဆိုရင် သမီးကတော့ ရတဲ့နည်းနဲ့လုပ်ရမှာပဲ"

"လုပ်လေ လုပ်ဟဲ့ ခွေးမရဲ့၊ ငါ့အလုပ်တွေက အားလုံး ပြီးစီးနေပြီ၊ သူတောင်းစားဖြစ်ချင်တဲ့သမီးမိုက်. . ."

"ဟုတ်တယ် သမီးကမိုက်ပါတယ်၊ အဲဒီဖေဖေနဲ့တူတဲ့သမီးမို့ မိုက်မဲနေတာပါ၊ ကောင်းပြီ ဖေဖေ သမီးအတွက်မှအဆင်ပြေအောင် မလုပ်ပေးရင် သမီးလည်း ဖေဖေ့ကိုဘာမှငဲ့ညှာစရာမလိုဘူး၊ အရေးကြီးတဲ့ စာရွက်စာတမ်းတွေ ဖေဖေလုံခြုံအောင်သာထားတော့"

စကားအဆုံး ဖခင်နှင့်ရင်မဆိုင်ချင်တော့၍ ဝင်းစုချိုသည် အိမ်မှကားမောင်းထွက်သွားလိုက်သည်။ ဦးလင်းနိုင်က သမီးအပေါ် ဒေါသတွေပေါက်ကွဲရင်း.

"သူတောင်းစားမ ခွေးမ. .နင် ငါ့ကိုအာခံရဲအာခံကြည့်၊ နင် ငါ့အကြောင်းကောင်းကောင်းသိစေရမယ်မှတ်. . ."

"အေး ဟုတ်တာပေါ့ လင်းနိုင်၊ နင်လည်း ငါ့အကြောင်းကို အခုသိရမယ်၊ ကဲဟယ်. . ."

"ဟင် နင် ဝင်းမာစံ. .၊ အား အား အား. ."

ဒေါ်ဝင်းမာစံတစ်ယောက် ရုတ်ချည်းပေါ်လာပြီး ဦးလင်းနိုင်အား အမျိုးသမီးများကာကွယ်သည့် ဂက်စ်ဘူးလေးနှင့် သူ၏မျက်နှာတစ်ခုလုံးနှင့် လည်ပင်း လည်ဂုတ်တွေဆီ ဖြန်းထည့်လိုက်၍ ဦးလင်း





နိုင်ကား မျက်စိကန်းမတတ်ဖြစ်ကာ ကိုယ်တစ်ပိုင်းလုံးပူစပ်ပူလောင်ကြီးဖြစ်၍ ရမ်းချည်လည်နေရပါတော့၏။

"မှတ်ထား လင်းနိုင်၊ နင် ငါ့ပစ္စည်းတွေကို လွယ်လွယ်ရမယ်များထင်နေလား၊ နင့်လိုကောက်ကျစ်တဲ့အကောင်မျိုး လောကမှာလည်း ငါမထားဘူး၊ နင်ရှိနေရင် အန္တရာယ်များတယ်. ."

ဦးလင်းနိုင်ကစားသည့် ဂေါက်တံကိုဆွဲကိုင်ရင်း ဒေါ်ဝင်းမာစံတစ်ယောက် စကားတွေဆိုနေခြင်းပါ။ ဦးလင်းနိုင်ကား ပူစပ်သည့်ဝေဒနာအား နာရီဝက်လောက်တော့ ခံစားနေရဦးမည်မို့ ဒေါ်ဝင်းမာစံအတွက် အေးဆေးဖြစ်နေရ၏။

"ဝင်းမာစံ ဝင်းမာစံ, .နင် ငါ့ကိုဘာလုပ်ဦးမှာလဲ. ."

"ဒါလုပ်ဦးမယ်. .၊ ဒုတ်. . ."

"အား အား. . ."

"ဒုတ် ဒုတ် ဒုတ်. . ."

ဦးလင်းနိုင်ကား အသံပျောက်သွားပါပြီ။ ဂေါက်တံတွင်လည်း သွေးတွေကချင်းချင်းရဲနေပြီဖြစ်၏။ ဒေါ်ဝင်းမာစံသည် စက်ဆုပ်သောအပြုံးနှင့် ဂေါက်တံကိုပစ်ချလိုက်သည်။ ဒေါ်ဝင်းမာစံတစ်ယောက် ဦးလင်းနိုင်၏တိုက်ထဲ စိမ်ပြေနပြေနှင့် လှုပ်ရှားနေဆဲအချိန်များ၌ အပြင်တွင်ကား. . .

"ဆရာ. .ဦးလင်းနိုင်သမီးကတော့ ကားနဲ့အပြင်ပြန်ထွက်သွားပါပြီ၊ ဟုတ်တယ် ဆရာ..အိမ်ထဲမှာ ဒေါ်ဝင်းမာစံနဲ့ဦးလင်းနိုင်တို့ရှိတယ်၊ ကျွန်တော်ကတော့အပြင်မှာပဲ စောင့်ကြည့်နေပါတယ် ဆရာ. .၊ ကိစ္စမရှိပါဘူး ဆရာ၊ အထဲမှာဘာတွေဖြစ်တယ်ဆိုတာ ကျွန်တော်တို့သိနိုင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အကြံသမား



www.burmeseclassic.com

www.burmeseclassic.com



ကျော်မိုးက အစကတည်းက အဲဒီအိမ်မှာ ဗီဒီယိုကင်မရာနှစ်ခုကို အပေါ်ထပ်မှာတစ်လုံး၊ အောက်ထပ်မှာတစ်လုံး တပ်ထားတာ ရှိနေတယ်. . .

ဟော ဆရာ ..ကျွန်တော်သတင်းပို့နေဆဲပဲ ဒေါ်ဝင်းမာစံက နောက်ဖေးလမ်းကြားပေါက်ကနေ ခပ်သုတ်သုတ်ထွက်ပြေးသွားပါပြီ၊ ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်အထဲဝင်ကြည့်ပြီး အသေးစိတ်အကြောင်းပြန်ပါ့မယ်၊ ဟော ဆရာ. .ဦးလင်းနိုင်သမီးလည်း အပြင်ကပြန်ရောက်လာပြီ. . .

ဟုတ်ကဲ့ ကျွန်တော်စောင့်ကြည့်နေပါတယ်၊ ကားရပ်ပြီး အိမ်ထဲဝင်သွားပါပြီ၊ ကျွန်တော်နောက်က လိုက်ဝင်ကြည့်. . ."

"အား အား အား. . ."

"ဟာ ဆရာ အော်သံကြားတယ်၊ ဟော ဦးလင်းနိုင်သမီး အပြင်ပြေးထွက်လာပြီး ငိုရိုအော်နေပြန်ပြီ၊ ဆရာ. .အကူအညီတောင်းနေတာပဲ၊ ကျွန်တော်ပင်ကြည့်မှဖြစ်တော့မယ်ထင်တယ်. . ."

"လာကြပါဦး လာကြပါဦး၊ ကယ်ကြပါဦး ကယ်ကြပါဦး၊ ကျွန်မအဖေကို သတ်သွားပြီ. . ."

"ဆရာ. .ဦးလင်းနိုင် အသတ်ခံရပြီတဲ့၊ ဟုတ်ကဲ့ ကောင်းပါပြီ ဆရာ၊ ဆရာတို့မြန်မြန်လာခဲ့ပါ၊ ကောင်းပါပြီ ဆရာ. . ."

စကားအဆုံး ရဲအရာရှိသည် ဆက်သွယ်သည့်ပစ္စည်းတွေကို လွယ်အိတ်ထဲထည့်လိုက်ပြီး ဝင်းစုချိုမြင်အောင် ကိုယ်ဟန်ပြလိုက်သည်။ ပတ်ဝန်းကျင်ခြံမှ လူတွေလည်း ထွက်ကြည့်လာကြသည်။

"လာကြပါဦး၊ ကယ်ကြပါဦးရှင် ဟီး ဟီး အီး အီး..."

ဝင်းစုချို၏ငယ်သံပါအောင် အော်ဟစ်အကူအညီတောင်းသံ





ကြောင့် ရဲအရာရှိနှင့်အပါ လူတွေအားလုံးသည် ဝင်းစုချိုအိမ်ထဲသို့ ဝင်ရောက်ကြည့်ဖြစ်ကြ၏။

x x x x x

ဖခင်ပြောသောစကားများနှင့် ကုမ္ပဏီမှလူကြီးများ၏စကားကို နားထောင်ရင်း ကိုကိုသည် မျက်ရည်များကျလာရလေ၏။ ဦးမြတ်ထင်သည် မိမိ၏သားချောကြီးအား ရင်ခွင်ဝယ်ထွေးဖက်ထားလိုက်ပြီး. . .

"စိတ်မကောင်းမဖြစ်ပါနဲ့ သားရယ်၊ ဝမ်းလည်းမနည်းပါနဲ့၊ သားနဲ့သမီးတို့က လုပ်ငန်းတွေကို ရုတ်တရက်လွှဲကိုင်ရတော့ ဘာမှ ကျွမ်းကျင်မှုမှမရှိတာ၊ လင်းနိုင်နဲ့သားရဲ့မေမေတို့အတွက် လွယ်ကူတဲ့ ကိစ္စတွေဖြစ်သွားတာပေါ့၊ ဒါပေမယ့် ဒါကလည်း သူတို့အထင်ပါလေ၊ ဖေဖေက ကိုယ့်ရဲ့လုပ်ငန်းကြီးတွေကို ဒီလိုလွယ်လွယ်နဲ့ လက်လွှဲပြောင်းယူလို့ရအောင် လုပ်ထားပါ့မလားလေ. . .

လင်းနိုင်နဲ့ဝင်းမာစံက လောဘကြောင့် ကန်းသွားကြပြီ၊ သူတို့ဘာမှမမြင်တော့ဘူး၊ စည်းစိမ်ပဲမြင်တယ်၊ ဒုစရိုက်ကိုမမြင်ကြတော့ဘူး၊ ဦးသိန်းမောင်တို့လူကြီးတွေက လင်းနိုင်နဲ့အစည်းအဝေးလုပ်ကတည်းက သံသယဖြစ်သွားကြတယ်၊ ဒီလူကြီးတွေနဲ့ ဖေဖေက အမြဲအဆက်အသွယ်လုပ်နေတာပါ သား၊ သူတို့ယုတ်မာတဲ့အကြောင်းတွေသိလို့လည်း ဖေဖေက ဆရာဝန်နဲ့တိုင်ပင်ထားပြီး ခုလိုနေခဲ့တာပဲ၊ ပြီးတော့ ရဲစခန်းနဲ့လည်း အမြဲဆက်သွယ်မှုရှိတယ်၊ လင်းနိုင်နဲ့ သားရဲ့မေမေအကြောင်းကို ဖေဖေအားလုံးသိတယ်. . ."

"ဖေဖေရယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီးအတွက် သူ ခုမှခံစားလာရသည်ပါ။

"တောင်းပန်ပါတယ်၊ ဖေဖေ့ကိုသနားလိုက်တာ၊ ခွင့်လွှတ်ပါ ဖေဖေရယ်. . ."

"ဖေဖေ့သားမှာ လုံးဝအပြစ်မရှိဘူး၊ ဖေဖေအားလုံးကို နားလည်ပါတယ်၊ သားတောင်းပန်ရမှာက ဖေဖေ့ကိုမဟုတ်ဘူး၊ သမီး မမကိုပါ၊ ပြီးတော့ သားရဲ့မျက်နှာကြောင့် ဖေဖေဟာ သားမေမေကို ဘာဟစ်ခုမှမလုပ်ခဲ့ပါဘူး၊ ဖေဖေ့ဘဝအတွက် လက်တွဲဖော်အစစ် အမှန်ကို ထပ်ပြီးရွေးချယ်လိုက်တာကလွဲရင်ပေါ့၊ ချယ်ရီရွှေဆုံးသွား တဲ့သတင်းကို ကြားရစဉ်က ဖေဖေတော်တော့်ကို ကြေကွဲဝမ်းနည်းခဲ့ ရပါတယ် သား၊ ခုတိုင်လည်း ဖေဖေခံစားနေရဆဲပါ၊ တစ်နေ့ကျရင် သား မမကိုတောင်းပန်ရလိမ့်မယ်၊ ဖေဖေပါ သမီးမမကို တောင်းပန် ရမယ်. . ."

ထိုစကားများအတွက် အံ့သြစွာနှင့် သူ ဖေဖေ့ကိုသာကြည့် နေဖြစ်တော့သည်။ ထိုအခိုက် ဖုန်းသံကမြည်လာ၍ ဦးမြတ်ထင်သည် စားပွဲပေါ်မှဖုန်းလေးကို လှမ်းယူနားထောင်လိုက်၏။

"ဟယ်လို. .ဩော် စခန်းမှူးကြီး...ဟုတ်ကဲ့ ကျွန်တော် မြတ်ထင်ပါ၊ ဗျာ. . ."

တစ်ဘက်က ဘာပြောလိုက်သည်တော့မသိ၊ ဦးမြတ်ထင်မှာ ဗျာတစ်ခွန်းနှင့်အတူ ကြက်သေသေသလိုရှိကာ ငြိမ်ကျသွားလိုက် လေ၏၊ ကိုကိုအပါအဝင် လူကြီးများအားလုံးသည် ဦးမြတ်ထင်ထံ စိတ်ဝင်တစားဖြင့် လှမ်းကြည့်နေကြလေ၏။

× × × × ×





ညရှစ်နာရီ။ ဧည့်ခန်းကြီးထဲတွင် တစ်ယောက်တည်း ကိုကို ထိုင်နေဖြစ်သည်။ ကိုကို့မျက်ဝန်းတွင်မတော့ အရည်ကြည်တွေက ရစ်သိုင်း၍နေ၏။ ထိုအခိုက်ပင်ဆင်ဝင်အောက်မှ ကားရပ်သံကို ကိုကိုကြားလိုက်ရသည်။ ခဏကြာတော့ တိုက်ထဲသို့ မိခင် ဒေါ်ဝင်း မာစံတစ်ယောက် လှမ်းဝင်လာသည်ကို သူတွေ့လိုက်ရ၏။

"ဟင် သား. .တစ်ယောက်တည်းလား၊ သား ဖေဖေရော"

"ဖေဖေအပေါ်ထပ်မှာရှိပါတယ် မေမေ. . ."

"သားနေကောင်းရဲ့လား၊ သားကြည့်ရတာ တစ်မျိုးဖြစ် နေတယ်. . ."

သူ့ရှေ့ရပ်လာပြီး သူ့နဖူးထပ်စမ်းကိုင်လာရင်း မိခင်ဆိုတော့ သူသည် မိခင်၏လှပသောအသွင်ဆီ ငြိမ်၍ကြည့်နေဖြစ်လေ၏။

"သား. .ထိုင်လေ၊ ဘာဖြစ်နေလဲ၊ သားကိုယ်လည်း မပူ ပါဘူး. . ."

သူ့လက်ကိုဆွဲကာ သားအမိနှစ်ယောက် အတူထိုင်လိုက်ကြ သည်။ ပြီးတော့ ဒေါ်ဝင်းမာစံသည် သားချောကိုနမ်းသည်။ သူသည် ဝမ်းနည်းမှုတွေကိုမြိုသိပ်ရင်း မိခင်လက်တွေဆီဆုပ်ကိုင်ထားရင်းက

"မေမေ. . ."

"ဘာလဲ သား. . ."

"ကျွန်တော့်ကိုချစ်လားဟင်. . ."

"ချစ်တာပေါ့ သားရယ်၊ ကမ္ဘာမှာ သားကိုအချစ်ဆုံး"

"ယုံပါတယ် မေမေရယ်၊ မေမေလည်း တစ်နေ့တစ်နေ့ လုပ်ရကိုင်ရ ကြဲစည်ရနဲ့ သိပ်ပင်ပန်းပြီး မောနေမှာပဲနော်. . ."

စကားတွေပြောရင်းကပင် သူ့စကားသံနှင့် အသွင်သည်



www.burmeseclassic.com

www.burmeseclassic.com



အားဆေး၍ငြိမ်လွန်းလာရ၏။ ဒေါ်ဝင်းမာစံသည်လည်း သားချော၏ အသွင်အား ထူးသန်းသလို၊ ထူးခြားနေသလို ကြည့်နေဖြစ်သည်။

"မေမေမပင်ပန်းပါဘူး သားရယ်. . ."

"မေမေ. . ."

နံရံထက်မှနာရီဆီလှမ်းကြည့်ပြီး သူခေါ်သည်။

"ဘာလဲ သား၊ သားကိုကြည့်ရတာ အားမရလိုက်တာ၊ သားဘာဖြစ်နေသလဲ. . ."

"မေမေ. .ကျွန်တော့်ကိုဖက်ထားပေးမယ်၊ ခဏလောက် ဖက်ထားပေးပါ မေမေရယ်. . ."

အံ့သြရင်း သားချောအား ဒေါ်ဝင်းမာစံဖက်ထားလိုက်သည်။ အတန်ကြာမျှ သားအမိနှစ်ယောက် ဖက်ထားဖြစ်ပြီးမှ ကိုကိုသည် မိခင်ရင်ခွင်မှဖယ်ခွာကာ ထရပ်လိုက်ပြီး. . .

"ကျေးဇူးတင်ပါတယ် မေမေရယ်၊ ကျွန်တော်အပေါ်တက်တော့မယ်. . ."

စကားအဆုံး သူအပေါ်ထပ်သို့ တက်ခဲ့လိုက်သည်။ ဒေါ်ဝင်းမာစံသည် ထူးခြားနေသော သား၏အသွင်ဆီလှမ်းကြည့်နေဖြစ်ဆဲ. . .

"အဟမ်း. . ."

ချောင်းဟန့်သံကြား၍ ဒေါ်ဝင်းမာစံသည် လှမ်းကြည့်လိုက်ရာ ...ဝ်မပျော့ ရဲ့အရာရှိများအားတွေ့မြင်မိခိုက်၊ လွန်စွာမှထိတ်လန့်တကြားသွားလိုက်ရလေ၏။ သို့သော်လည်း ဒေါ်ဝင်းမာစံသည် ကိုယ်မိမိ ကြိုးစားထိန်းချုပ်လိုက်ပြီး. . .

"ရှင်တို့ ဘယ်သူနဲ့တွေ့ချင်လို့ပါလဲရှင်. . ."





"ဒေါ်ဝင်းမာစံနဲ့ပါ၊ ဒေါ်ဝင်းမာစံကိုဖမ်းဖို့အတွက် ဖမ်းဝရမ်းပါပါတယ်. . ."

"ဟင်! ဘာ. .အို မဟုတ်ဘူး၊ မဟုတ်ဘူး၊ သွား သွားကြ၊ ငါ့ဆီမလာကြနဲ့၊ နင်တို့မှာ ဘာအထောက်အထားရှိလို့ ငါ့ကို ဒီလိုလာပြောရဲတာလဲ၊ နင်တို့ကို ငါတရားစွဲမယ်၊ သွား သွားကြ အခုထွက်သွားကြ. . ."

"အဖမ်းခံပါ ဒေါ်ဝင်းမာစံ၊ ဒေါ်ဝင်းမာစံထင်တာထက်ပိုပြီး ကျွန်တော်တို့ဆီမှာ သက်သေအထောက်အထား အခိုင်အမာရှိပါတယ်၊ ပြီးတော့ ဒေါ်ဝင်းမာစံကိုပြောပြရပါဦးမယ်. .ဒေါ်ဝင်းမာစံရဲ့ချစ်သူ ကျော်မိုး. . ."

"ဟင် ဘာပြောတယ်. . ."

ထိတ်လန့်တကြားဖြင့် ဒေါ်ဝင်းမာစံအော်ပစ်လိုက်သည်။ ရဲအရာရှိက အေးဆေးစွာစကားဆက်၏။

"ကျော်မိုးကပဲ ဒေါ်ဝင်းမာစံနဲ့က ချစ်သူတွေဆိုတာ ပြောပြသွားတာပါ. . ."

"ဟင် ဒီကောင့်ကိုသတ်ပစ်မယ်၊ အခုဒီကောင်ဘယ်မှာလဲ"

"ဒေါ်ဝင်းမာစံသတ်စရာ မလိုတော့ပါဘူး၊ သူ မနေ့ညကပဲ အချုပ်ထဲမှာရန်ဖြစ်လို့ သေဆုံးသွားပါပြီ. . ."

"ဟင်. . ."

ဒေါ်ဝင်းမာစံ တုန်လှုပ်သွားသည်။ ပြီးမှ. . .

"ဒီလိုအကောင်မျိုးနဲ့ ငါနဲ့ ဘာမှပတ်သက်စရာမရှိဘူး၊ သက်သက် ငါ့ကိုအရှက်ခွဲတာ၊ နင်တို့လည်းသွားကြ. ."

"ကျွန်တော်တို့ ဒေါ်ဝင်းမာစံကို လက်ထိပ်ခတ်ပြီး ဖမ်းရ...



www.burmeseclassic.com

www.burmeseclassic.com



မယ်. . ."

"မရဘူး မရဘူး၊ သွား သွား၊ နင်တို့သွားကြ၊ သွား သွား. . ."

ဒေါ်ဝင်းမာစံတစ်ယောက် အော်ဟစ်ပြောဆိုရင်း မီးဖိုဆောင်ဘက်သို့ ပြေးဝင်သွားတော့သည်။

"ဆရာ. .အိမ်နောက်ပေါက်ကနေ ပြေးပြီ. . ."

"လူခွဲပြီးလိုက်. . ."

ရဲအရာရှိများအပြင်သို့ ထွက်ခဲ့သည်တွင် ဒေါ်ဝင်းမာစံကား ခြံပေါက်ဝနားသို့ပင်ရောက်နေပါပြီ။

"ဒေါ်ဝင်းမာစံ..မပြေးနဲ့. . ."

ရဲတွေကလှမ်းတားသည်။ အော်ခေါ်ရင်း နောက်မှပြေးလိုက်သည်။ ဒေါ်ဝင်းမာစံကား နောက်မှ ရဲများလိုက်လာနေသည့်အသိနှင့် ခြံထဲမှလမ်းမကြီးဆီသို့ဖြတ်ကူးရန် ပြေးထွက်လိုက်သည်မတော့...

"ဒိုင်း. . ."

"အား. . ."

ဒေါ်ဝင်းမာစံ၏ စူးရှသောအော်သံနှင့် ဒိုင်းဟူသော တိုက်မိသံကြီးကား ဝန်းကျင်တစ်ခိုအား လွှမ်းမိုးဖုံးလွှမ်းသွားလိုက်ရပါတော့၏။ တိုက်ကြီး၏အခန်းတစ်ခုထဲရှိ ဦးမြတ်ထင်ကား ကြားသော်လည်း မကြားမိသလို တည်ငြိမ်၍ရှိပါ၏။ အခြားအခန်းတစ်ခုတွင်းရှိ ကိုကိုသည်ကား မျက်ဝန်းအစုံအား မှိတ်ထားသည့်ကြားမှ မျက်ရည်များသည် စိမ့်ယိုစီးကျနေသည်ပါ။

❖ ❖ ❖



(သုံးဆယ့်နှစ်)

ဆယ်ရက်ခန့်ကြာပြီးနောက်. . .

"ဖေဖေနဲ့မေမေ..ဖေဖေနဲ့မေမေကို သမီးရှိခိုးကန်တော့ပါတယ်၊ ဖေဖေနဲ့မေမေရဲ့ဓာတ်ပုံတွေကိုတောင် သမီးမှာ ထားစရာနေရာမရှိလို့ စပယ့်အိမ်မှာလာထားရတယ်၊ သနားလိုက်တာ၊ အဘူးသဖြင့်မေမေ့ကိုသိပ်သနားတယ်၊ မေမေ စိတ်ဒုက္ခတွေနဲ့ သောကတွေခံစားရတာ သမီးရဲ့မသိတတ်မလိမ္မာမှုကြောင့်လည်း ပါပါတယ်လေ၊ ခွင့်လွှတ်ပါမေမေရယ်၊ သမီးရှိခိုးပြီးတောင်းပန်ပါတယ်. . .

မေမေရေ. .အခုတော့ အားလုံးပြီးသွားပါပြီ၊ ဖေဖေဦးမြတ်ထင်လည်း အိမ်မှာရှိနေပါပြီ၊ ဖေဖေနဲ့မေမေ့ကို သမီး ဟိုအိမ်ကိုပြန်ခေါ်သွားပါတော့မယ်၊ သေတာတောင်မှ အေးချမ်းစွာမနေရသေးတဲ့ မေမေ့ကို သမီးအေးချမ်းစွာနဲ့နေစေချင်လှပါပြီ မေမေရယ်"

မိဘနှစ်ပါး၏ဓာတ်ပုံတွေဆီကြည့်ရင်း မျက်ရည်တွေစီးကျရင်း အကြိမ်ကြိမ်ရှိခိုးပြီးတောင်းပန်ရင်း တစ်ကိုယ်တည်းစကားတွေပြောဆိုနေသည့် မမထံလှမ်းကြည့်ရင်း ကိုကိုသည်လည်း စိတ်ထိခိုက်ခံစားနေရသည်ပါ။

"အဟင့် ဟင့် မေမေ..မေမေဘယ်လောက်အထိ ကိုယ်နဲ့စိတ်ပါဒုက္ခတွေရောက်ခဲ့ရသလဲဆိုတာ သမီးသိပါတယ် မေမေရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ..သမီးကို ခွင့်မလွှတ်ပါနဲ့၊ သမီးက မေမေ့ကိုကောင်းအောင် မထားနိုင်ခဲ့ဘူး..အင့် အဟင့် အဟင့်. . ."

"မမ ညီမလေးရယ်. . ."

မမတစ်ယောက် ကြေကွဲဝမ်းနည်းစွာနှင့် ရှိုက်ကြီးတငင် ငိုချပစ်လိုက်သည်ကို မကြည့်ရက်တော့၍ ကိုကိုသည် နောက်ဘက်မှ မမကိုယ်လေးအား ထွေးဖက်ကာ ကြင်နာခြင်း၊ တောင်းပန်ခြင်းများနှင့် နွေးထွေးစွာခေါ်ဖြစ်လိုက်ပါတော့၏။

"တောင်းပန်ပါတယ် ချစ်သူလေးရယ်၊ ခွင့်လွှတ်ပါ၊ အထင် အမြင်လွဲမှားခဲ့တာတွေအတွက် ခွင့်လွှတ်ပါ၊ ကိုကိုတောင်းပန်ပါတယ်၊ ကိုကိုဝမ်းနည်းစွာနဲ့ တောင်းပန်ပါတယ်ကွယ်. . ."

ကိုကိုတစ်ယောက် မမကိုထွေးပိုက်ထားပြီး စကားတွေကို အဆက်မပြတ်ဆိုကာ တောင်းပန်နေဖြစ်တော့သည်။ မမသည် ကိုကို့ ရင်ခွင်ထဲမှ ကိုကို့မျက်နှာဆီမော့ကြည့်နေဖြစ်သည်။ သူတို့အကြည့် ချင်းဆုံတော့ ကိုကိုသည် မမမျက်ရည်တွေကို ကြင်နာစွာသုတ်ပေး ဖြစ်ရင်း. . .

"ခွင့်လွှတ်ပါ အချစ်ရယ်. . ."

"ဘယ်တုန်းကများအပြစ်ယူခဲ့ဖူးလို့လဲ ကိုကိုရယ်၊ ဘာပဲ ဖြစ်ဖြစ် ကိုကို့ကို မမချစ်တယ်လို့သာပဲပြောခဲ့တာပါ. ."

"အချစ်ရယ် မင်းလေးရဲ့ချစ်တတ်မှုလေးတွေအတွက် ကိုကို ပိုပြီးခံစားရပါတယ်ကွယ်. . ."

"ငယ်ငယ်ကတည်းက ကိုကို့ကိုချစ်တယ်၊ ဘယ်တော့မှ ဘာအကြောင်းနဲ့မှမမုန်းဘူး. . ."

မျက်ရည်တွေနှင့် မမဆိုတော့ ကိုကိုသည် မမကိုယ်လေးအား





ပို၍တင်းကြပ်စွာဖြင့် ထွေးဖက်ထားဖြစ်ရလေ၏။ ချစ်သူဇနီးမောင်နှံ နှစ်ဦး၏ ငြိမ်းချမ်းနွေးထွေးမှုများအတွက် ဝမ်းသာပီတိဖြစ်နေကြရသည် က ဒေါ်မြနှင်းနှင့် ခင်စပယ်တို့သားအမိနှစ်ယောက်ပါ။

x x x x x

"ကဲ အချစ်ရေ..ဘယ်ဂိုလဲ ညီညာမှုရှိရဲ့လား၊ ကောင်းရဲ့ လား. . ."

နံရံတွင် ဦးအဂ္ဂကျော်နှင့် ဒေါ်ချယ်ရီရွှေတို့၏ ဓာတ်ပုံကြီး တွေကို ချိတ်ပေးရင်း ကိုကိုမေးသည်။ ဖခင်ကြီးဦးမြတ်ထင်ကလည်း အပေါ်ထပ်မှ အပြုံးနှင့်ဆင်းလာပြီး ကျက်သရေရှိသော ဓာတ်ပုံကြီး တွေဆီ ကျေနပ်စွာကြည့်ဖြစ်၏။

"ကောင်းတယ် ကိုကိုရေ၊ သိပ်ကောင်းတာပဲ၊ ညီလည်း ညီပါတယ်၊ အင်း ခုမှပဲကောင်းကောင်းနေကြရလို့လားမသိဘူး ကိုကို၊ ဖေဖေနဲ့မေမေဓာတ်ပုံတွေက ပြုံးနေကြသလိုပဲ. . ."

"ဟုတ်တယ်လေ၊ ဓာတ်ပုံတွေက ပြုံးနေကြတာပဲဟာ ဟား ဟား ဟား. . ."

"အဟင်း ဟင်း ဟင်း. . ."

"သား. .သားလေးလေးနဲ့ ဒေါ်လေးတို့ဓာတ်ပုံတွေမှာ ပန်းကုံးလေးချိတ်ပေးပါဦး၊ ဖေဖေဝယ်ထားခိုင်းတယ်၊ မချစ်ရေ. ."

"[illegible]ပါပြီ သူဌေး. . ."

ဆိုရင်း မချစ်တစ်ယောက် ပန်းကုံးကြီးနှစ်ကုံးကိုကိုင်ကာ ပြေးထွက်လာသည်ကိုတွေ့တော့ ကိုကိုရော မမပါ ကျေနပ်[illegible] သွားကြရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မချစ်. .ဒီကိုပေး၊ ကျွန်တော်ချိတ်မယ်. . ."

ကိုကိုကလှမ်းတောင်းပြီး ပန်းကုံးတွေချိတ်သည်။

"သမီးမမ. . ."

"ရှင် ဖေဖေ. . ."

"နေ့တိုင်းဘုရားပန်းနဲ့အတူ ဖေဖေ မေမေတို့ဓာတ်ပုံတွေမှာ ပန်းချိတ်ပေးရမယ်နော် သမီး. . ."

"ဟုတ်ကဲ့ပါ ဖေဖေ. . ."

"ကရင်း ရင်း ရင်း. . ."

ဧည့်ခန်းတွင် သားအဖတွေအလုပ်များနေဆဲ တယ်လီဖုန်းလေးမြည်လာ၍ ဦးမြတ်ထင်နားထောင်လိုက်သည်။

"ဟယ်လို. .သြော် ကိုကောင်း ပြောဗျာ၊ ဘာကိစ္စအရေးကြီးနေလဲ၊ ဟုတ်လား. .ကောင်းပြီ ကောင်းပြီ၊ အခုပဲ သားကိုလွှတ်လိုက်ပါ့မယ်၊ ဟုတ်ပါပြီဗျာ. . ."

တပြုံးပြုံးနှင့် ဦးမြတ်ထင်တစ်ယောက် ဖုန်းပြောပြီး ဖုန်းလေးကိုချထားလိုက်သည်။

"ဖေဖေ ဘယ်ကလဲ၊ ဘာကိစ္စလဲတဲ့. . ."

"အေး သားရေ၊ သား ကုမ္ပဏီကို အခုပဲသွားရလိမ့်မယ်၊ နိုင်ငံခြားဧည့်သည်ရောက်မယ်တဲ့၊ အဲဒါသားကြိုမှဖြစ်မယ်တဲ့. . ."

"ဟုတ်ကဲ့ ဖေဖေ၊ ကျွန်တော်သွားလိုက်ပါ့မယ်၊ မမရေ.. ကိုကို့အတွက် ဝတ်စုံထုတ်ပေးပါဦး. . ."

"ဟုတ်ကဲ့ပါ. . ."

ပြောပြောဆိုဆိုနှင့်ပင် ဖနီးမောင်နှံနှစ်ဦးမှာ အပေါ်ထပ်သို့ ပြေးတက်သွားလိုက်ကြသည်။ ဦးမြတ်ထင်သည် ကိုကိုနှင့်မမတို့၏





ချစ်ကြင်နာပုံလေးများဆီ လှမ်းကြည့်နေမြဲဖြစ်ရင်း. . .

"ငါ့ကြောင့်နဲ့ သားကို သမီးက မုန်းများသွားလေမလား၊ ငါ သမီးကို ဖွင့်ပြောရမလား၊ မပြောဘဲနေရမလား၊ မပြောရင်လည်း လင်းနိုင်သမီးဆီကသိရင် သမီးမမက ငါ့ကိုပိုပြီးအထင်လွဲနိုင်တယ်၊ လင်းနိုင်ဆိုတဲ့ကောင်က လူယုတ်မာ၊ ကာလတစ်လျှောက်လုံး ငါ့ကို သူ့မျက်လုံးတွေကအကြည့်တွေနဲ့ ချိန်းခြောက်နေသလိုပဲ၊ တစ်ခါတလေ သူပြောတဲ့စကားတွေက ငါ့ကိုတရားခံလိုပြောနေတဲ့ပုံပဲ...

ဒီကိစ္စကို ဒီကောင်က ဖော်ချင်သလိုမျိုးနဲ့ ငါ့ကိုအကျပ်ကိုင်ချင်နေတာ ငါလည်းသိတယ်၊ ဒီကောင်ကကောက်ကျစ်တယ်၊ ဟုတ်တာကို မဟုတ်တာလုပ်နိုင်သလို၊ မဟုတ်တာကိုလည်း အဟုတ်ဖြစ်အောင် လုပ်တတ်တယ်၊ ပြီးတော့ သူ့သမီးကိုလည်း ဒီကောင်တစ်နည်းတစ်လမ်းနဲ့ သိအောင်လုပ်ချင်လုပ်ထားမှာ့က သေချာတယ်၊ သူ့ခေါင်းထဲမှာ ဒီကိစ္စက တစ်သက်လုံးလုပ်စားသွားနိုင်တဲ့ နည်းလမ်းတစ်ခုလို့ သူတွက်ထားပုံရတယ်. . .

လင်းနိုင် လင်းနိုင်. .မင်းက သူငယ်ချင်းကောင်းမဟုတ်တာ ငါ နောက်ကျမှသိခဲ့ရလို့ မင်းအတွက် အခြေအနေကောင်းသွားတယ်ဆိုတာမှတ်ပါ၊ တကယ်တော့ မင်းက မြွေခွေးထက်ကောက်ကျစ်စဉ်းလဲတဲ့ကောင်၊ မင်းရဲ့သမီးလည်း ဘမျိုးဘိုးတူပဲဖြစ်မယ်၊ ဒါပေမယ့် မင်း[illegible]ချပါ လင်းနိုင်၊ မင်းမရှိတော့ပေမယ့် မင်းနဲ့ပတ်သက်တဲ့ ရှယ်ယာက[illegible]င်းသမီးစံစားရပါစေမယ်၊ မင်းသမီးမို့ငါကြောက်တယ်၊ ဒါကြောင့် ငါ့ဘက်က ရှင်းလင်းအောင် အားလုံးလုပ်ထားမှ စိတ်ချရမယ်၊ ဟင်း....ဟုတ်တယ်၊ ငါ သမီးမမကို အားလုံးအမှန်အတိုင်း ဖွင့်ပြောလိုက်မယ်၊ သားလည်းအပြင်သွားမယ်ဆိုတော့ အခ[illegible]ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေရေ..ကျွန်တော်သွားပြီ. . ."

"ဖေဖေ ဖေဖေ. . ."

"ဟင် ဪ ဘာလဲ သမီး. . ."

ဘယ်အချိန်က သားနှင့်သမီးဆင်းလာမှန်းမသိလိုက်၊ မမ အနှုးကပ်ခေါ်မှ ဦးမြတ်ထင်သည် သတိရကာဆိုဖြစ်ခြင်းပါ။

"ဖေဖေ. .ဘာတွေအတွေးလွန်နေတာလဲ၊ ပြီးတော့ ထိုင်လည်းမထိုင်ဘူး၊ ဧည့်ခန်းမှာ မတ်တပ်ကြီးနဲ့၊ ဖေဖေ့သားက ဖေဖေ့ကို နှုတ်ဆက်သွားတယ်. . ."

"ဪ သားသွားပြီလား သမီး. . ."

"သွားပြီ. . ."

"ဪ အင်း ဒါနဲ့ သမီးကို ဖေဖေပြောစရာရှိတယ် သမီး၊ အရေးကြီးတဲ့စကားမို့ ဖေဖေရဲ့အလုပ်ခန်းထဲမှာ အေးအေး ဆေးဆေးစကားသွားပြောရအောင်. . ."

"ဟုတ်ကဲ့ ဖေဖေ. . ."

ဆိုရင်း ဦးမြတ်ထင်ရော မမပါ အပေါ်ထပ်ရှိ ဦးမြတ်ထင်၏ အလုပ်ခန်းထဲသို့ တက်ခဲ့လိုက်ကြလေ၏။ အခန်းထဲအရောက်မတော့ စားပွဲတွင် မျက်နှာချင်းဆိုင်ထိုင်ဖြစ်ကြသည်။ မမသည် ဦးမြတ်ထင် ၏ ထူးခြားနေသော ခံစားချက်မျက်နှာဆီသာ ကြည့်နေဖြစ်လေ၏။

"သမီးမမ. . ."

စက္ကန့်များကြာကြာ တိတ်ဆိတ်နေပြီးမှ ဦးမြတ်ထင်သည် စတင်ခေါ်သံပြုလာ၍. . .

"ရှင် ဖေဖေ . . ."

"ဖေဖေအခုပြောမယ့်စကားတွေကို သမီးသေချာနားထောင်





ပေးပါ၊ ပြီးတော့ ကြိုတင်ပြီးလည်း ဖေဖေတောင်းပန်ပါတယ်ကွယ်"

"ဘာများလဲ ဖေဖေရယ်၊ ဘာကြောင့်တောင်းပန်ရတာလဲ"

"ဟင်း တကယ်တော့ ဒီစကားတွေကို၊ သမီးကို အခုပြောမယ့်စကားတွေကို သမီးမေမေချယ်ရီရှေ့ကိုပဲ ဖေဖေပြောပြချင်ခဲ့တာပါ၊ တကယ့်အဖြစ်မှန်တွေကို သူသိအောင် သူ့ကိုပဲဖွင့်ပြောပြချင်ခဲ့တာပါ သမီးရယ်၊ ဒါပေမယ့် ဖေဖေ့အနေနဲ့ သိပ်ကိုစိုးရွံ့ခဲ့လို့ မပြောဝံ့ခဲ့ဘူး၊ ဖေဖေက အမှန်တရားကိုပြောပေမယ့် လက်မခံရင် ဖေဖေ့အပေါ် အထင်လွဲပြီး ဖေဖေ့ကိုစွန့်လွှတ်သွားမှာ သေလောက်အောင် ကြောက်ရွံ့စိုးရိမ်ခဲ့လို့ပါ သမီးရယ်. . ."

ဘာကိုရည်ရွယ်နေမှန်း ခုထိမသိနားမလည်သေး၍ မမသည် မျက်ဝန်းလေးအကြောင်သားနှင့်သာ ဦးမြတ်ထင်ထံကြည့်နေဖြစ်၏။ ဦးမြတ်ထင်တစ်ယောက် မိမိပြောရမည့်စကားများအတွက် မပြောချခဲ့သေးဘဲ စကားအချီးများနှင့် စကားပလ္လင်တွေခံကာ စကားများပြောနေဆဲအချိန်များ၌. . .၊ အိမ်မှထွက်ခဲ့သည်မှာ လမ်းခုလပ်သို့ရောက်နေပြီဖြစ်သည့်ကိုကိုသည် တစ်စုံတစ်ရာကို သတိရလိုက်၍ ကားကို လမ်းဘေးထိုးရပ်လိုက်ပြီး ဖိုင်ကိုလှန်လှောကြည့်သည်။

"ဟာ ဒုက္ခပဲ ဒီဖိုင်ထဲမှာပါမလာဘူး၊ ဖေဖေ့အလုပ်ခန်းထဲက အံဆွဲထဲမှာကျန်ခဲ့ပြီ၊ ဟင်း ပြန်ယူမှပဲဖြစ်တော့မယ်၊ အလျင်လိုပါတယ်ဆိုမှကွာ. . ."

စိတ်ပျက်ပျက်နှင့် ညီးတွားရင်း ကိုကိုသည် ကားလေးကို နေရာမှလှည့်ပြန်မောင်းခဲ့လိုက်ရပါတော့၏။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



ခြေအစုံက နေရာ၌ သံနှင့်ရိုက်ထားလိုက်သကဲ့သို့ မြဲမြဲနေတော့သည်။ ကြားနေရသည့်စကားများအတွက်လည်း ရင်ကွဲမတတ် ခံစားနေရပါပြီ။ တစ်ဆက်တည်းလည်း ဖေဖေ၏ထိခိုက်သော တောင်းပန်စကားများနှင့် မမ၏ကြေကွဲစွာငိုရှိုက်သည့်ရှိုက်သံတွေကို သူသည် အသည်းမှသွေးများပွက်ပွက်ဆူသည့်အထိ ခံစားမှုများနှင့် ကြားလိုက်ရလေ၏။

“အဟင့် ဟင့် ဟင့် သနားလိုက်တာ၊ သနားလိုက်တာ၊ ဖေဖေနဲ့မေမေကိုသိပ်ချစ်တယ်၊ ပိုပြီးချစ်တယ်၊ အထူးသဖြင့် မေတ္တာရှင်မေမေ၊ ကြီးမားတဲ့မေတ္တာရှင်မေမေ့ကို ပိုပြီးချစ်တယ်၊ သနားတယ်၊ အမလေး ရက်စက်လိုက်တာ၊ ရက်စက်လိုက်တာ၊ ဖေဖေ့ကို ဘယ်လိုအပြိုးတွေနဲ့ ခုလိုဖြစ်အောင် လုပ်ရက်ကြရတာလဲ၊ ပြန်စဉ်းစားကြည့်ရင် မမတို့မိသားစုက သူများတွေအကောက်ကြံလို့ သေဆုံးပျက်စီးကြရတာချည်းပါပဲလား၊ အမလေး သနားလိုက်တာ မေမေရယ်...

ခံစားရရက်တွေအကြာဆုံးကတော့ ကျွန်မရဲ့မေမေပါပဲ၊ မေမေ့ကို အားလုံးက နှိပ်စက်လိုက်ကြတာ၊ သူများအိမ်ကိုဆင်းသွားရတာတောင် အားမရလို့ သေအောင်တောင်နှိပ်စက်တယ်၊ မေမေသေတော့ကော ဘေးဆေးသွားကြသလား၊ မုန်းတယ် သိပ်မုန်းတယ်၊ ခွင့်မလွှတ်ဘူး၊ ဘယ်လိုမှခွင့်မလွှတ်နိုင်ဘူး၊ ဖေဖေ..မေမေ..သမီးရူးချင်ပြီ၊ ခုအချိန်မှာ ဘယ်သူ့ကိုမုန်းတီးနာကြည်းရမှန်းတောင် မသိအောင်ဖြစ်နေပါပြီ၊ ဘယ်သူ့ကိုနာကြည်းရလို့ ဘယ်သူ့ကိုခွင့်မလွှတ်ရဘူးလဲ၊ ဘာပဲပြောပြော ကျွန်မရဲ့မိဘတွေကို သနားတယ်. . .”

“သမီးရဲ့ဖေဖေကို ဖေဖေမသတ်ပါဘူး သမီးရယ်၊ ဘုရားသိပါတယ်၊ ဘယ်လိုမှလည်းမပြစ်မှားခဲ့ပါဘူး၊ ယုံပါသမီးရယ်၊





ဒါပေမယ့် ဖေဖေဟာ ဒီနေ့အထိ ဒီကိစ္စအတွက် စိတ်ဆင်းရဲပြီး စိတ်ထိခိုက်ခံစားခဲ့ရတာပါ. . .”

“ဟုတ်ပါတယ် ဖေဖေ၊ ဘုရားတော့သိမှာအမှန်ပါ၊ ဒါပေမယ့် ကျွန်မရဲ့ဖေဖေဘဝက သူတပါးရဲ့လှည့်ကွက်ထဲဝင်ရောက်ခံရပြီးမှ သေဆုံးရတယ်ဆိုကတည်းက သူဟာ သူများရဲ့ကြံစည်ပြီး အသတ်ခံရတာနဲ့ ဘာထူးလို့လဲ၊ စဉ်းစားပါဦး ..ကျွန်မတို့မိသားစုရဲ့ဘဝတွေ၊ ကျွန်မဖေဖေသေရတာ၊ ကျွန်မမေမေသေရတာ၊ ပြီးတော့ ကျွန်မရဲ့ဘဝကရော. .ဒီမှာ ဖေဖေ. .ကျွန်မအိမ်ထောင်ကျပြီးတဲ့ မင်္ဂလာဦးညရဲ့ တစ်ဖက်ညတွေမှာ ကျွန်မဟာ ဒီနေ့အထိ ခင်ပွန်းသည်ရဲ့ အချစ်နဲ့ ဂလဲ့စားဆိုတဲ့ ခံစားမှုတွေရဲ့အောက်မှ နေခဲ့ရတာပါ. . .

ကျွန်မရော ကောင်းခဲ့တယ်လို့ ဖေဖေထင်ခဲ့လား၊ ကျွန်မ ပျော်ရွှင်ခဲ့တယ်လို့ ဖေဖေထင်လား၊ ကျွန်မတို့မိသားစုဘဝက အဖြစ်မဆိုးဘူးလား၊ ဖေဖေစဉ်းစားပေးပါဦး–ကျွန်မတို့မိသားစုလေးက သူငယ်ချင်းကောင်းတွေဆိုတဲ့ လူတွေအားလုံးရဲ့ကြံစည်မှုတွေ၊ နှိပ်စက်မှုတွေ၊ လှော်လယ်မှုတွေ၊ မတရားမှုတွေအောက်မှာ ကြေကွဲစွာနဲ့ ပြိုကွဲပျက်စီးခဲ့ကြရတယ်. . .”

အပြင်ဘက်မှကြားနေရသည့် ကိုကိုတစ်ယောက် နားအစုံကို လက်နှစ်ဘက်နှင့် ပိတ်ထားဖြစ်ရပါတော့၏။

“မှားပါတယ်လို့ ဘယ်လိုပြောရတော့မလဲ၊ တောင်းပန်ပါတယ်လို့လည်း ဘယ်လိုပြောရတော့မလဲ၊ ဒီစကားတွေကို ရင်ထဲက ပြောရင်တောင်မှ သရော်ပြော ပြောသလိုဖြစ်နေတော့မယ်. . .”

ခံစားရလွန်း၊ နာကျင်ရလွန်းစွာနှင့် ကိုကိုတစ်ယောက် မျက်ဝန်းအစုံနီရဲစွတ်စိုကာ နှုတ်မှတီးတိုးဆိုဖြစ်ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေဖွင့်ပြောရင် သမီးခံစားရမယ်ဆိုတာ ဖေဖေသိပါတယ် သမီးရယ်၊ ဖေဖေသိပ်စိုးရိမ်ခဲ့ပါတယ်၊ ဖေဖေမပြောချင်ခဲ့ပါဘူး၊ ဒါပေမယ့် ဖေဖေဖွင့်ပြောခဲ့တယ်၊ ဒီအတွက်လည်း သမီးပဲဆုံးဖြတ်ပါ တော့ သမီးရယ်၊ သမီးဆုံးဖြတ်သလို ဖေဖေဖြစ်စေရပါမယ်၊ ကတိပေးပါတယ်. . ."

စကားအဆုံး၌ ဦးမြတ်ထင်တစ်ယောက် နေရာမှထသွားလိုက်သည်တွင် မမသည် နာကျင်ကြေကွဲ ဝမ်းနည်းမှုများနှင့် ငိုရှိုက်ရှုမဆုံးနိုင်အောင် ကျန်ရစ်ခဲ့လေ၏။

"ဟင် သား. . ."

အခန်းတံခါးဖွင့်လိုက်သည်နှင့် အပြင်တွင် နီရဲသော မျက်ဝန်းတို့ဖြင့် မြင့်မြင့်မားမားကြီးရပ်နေသည့် သားချောအား တွေ့ရခိုက် ဦးမြတ်ထင်သည် တစ်ချက်ဖြင့် တုန်လှုပ်သွားမိပြီးမှ သားချောထံ တောင်းပန်ဟန်ဖြင့်ကြည့်ဖြစ်ရင်း. . .

"သားဘယ်တုန်းကရောက်နေလဲ. . ."

"ဖေဖေ့ရဲ့စကားတွေကို အစကနေအဆုံး ကြားလိုက်ပါတယ်"

"ဟင်း ကောင်းပါတယ် သားရယ်၊ အနှစ်နှစ်အလလထဲက ဖေဖေတစ်ယောက်တည်း ကြိတ်မှိတ်မြိုသိပ်ခံစားခဲ့ရတဲ့ အမှန်တရားတွေကို ကာယကံရှင်ရှေ့မှာ ဖွင့်ပြောလိုက်ရလို့ ဖေဖေ့ရင်ထဲပေါ့ပါးသွားပါပြီ. . ."

"ဒါပေမယ့် ဖေဖေ..သူကတော့ သိပ်ခံစားနေရပါပြီ၊ တကယ်တော့ ကျွန်တော် သူ့ကိုသိပ်ချစ်တာပါ ဖေဖေရယ်၊ ဒါပေမယ့် ကျွန်တော် မေမေ့ရဲ့မာယာတွေကိုယုံမှတ်ပြီး သူ့ကိုနှိပ်စက်ခဲ့မိပါတယ်၊ ခုတော့ ကျွန်တော်ဘာလုပ်ရတော့မလဲ၊ ကျွန်တော်ဘယ်လိုရင်ဆိုင်





ရတော့မလဲ၊ ကျွန်တော်တရားပါဦးမလား ဖေဖေရယ်. . ."

သူဆိုသည်။ ဦးမြတ်ထင်သည် သားချော၏စကားတွေကို အံ့ဩဟန်နှယ်နားထောင်နေဖြစ်ပြီးမှ ခေါင်းကိုညိတ်ကာ သူ့ပုခုံးဆီ ဆုပ်ကိုင်လာရင်း. . .

"သမီးကို ထွက်ပေါက်တစ်ခုပေးလိုက်ပါ သား. . ."

"ဖေဖေရယ်. . ."

ကလေးတစ်ယောက်လို ဖခင်ကို အားကိုးတကြီး သူခေါ်ကာ ဖခင်ရင်ခွင်ထဲ သူတိုးဝင်ဖြစ်၏။ သားအဖနှစ်ဦးကား ကိုယ်စီ မျက်ရည်များခံစားမှုများနှင့် တစ်ဦးကိုတစ်ဦး အားပေးနှစ်သိမ့်ကာ ဖက်တွယ်ထားဖြစ်ကြလေ၏။ ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (သုံးဆယ့်သုံး)

နောက်ထပ်တစ်ပါတ်ကြာသော်။ ချောင်းသာကမ်းခြေတွင်ပါ၊ အပြောကျယ်သည့် ပင်လယ်ကြီးဆီလှမ်းကြည့်ရင်း ရင်ထဲမှ ဝမ်းနည်းစိတ်သည် အလိုအလျောက် ဖြစ်ပေါ်လာ၏။ ခံစားမှုကို ရုတ်ချည်းပြောင်းကာ ကမ်းစပ်ဆီအကြည့်ကိုရွှေ့သည်။ လှိုင်းကြက်ခွပ်လေးအားသည် ရေပြင်ကျယ်အား အသက်သွင်းထားသလိုရှိသည်။ ရေမြေတောတောင်တို့၏သဘာဝက လူတွေ၏စိတ်ကို လန်းဆန်းပျော်ရွှင်စေသကဲ့သို့ လွမ်းဆွေ့တဆေးဆေးလည်း ဖြစ်စေသည်က အမှန်ပါ။

မိမိရပ်နေရာထိ ဇာနားကွပ်လှိုင်းကလေးများ ပြေးတက်လာကြပြီး ရေမြှုပ်ကလေးများသာ ကျန်ရစ်ခဲ့သည်။ အမြှုပ်ကလေးများဆီ မမသည် ခေါင်းလေးနှင့်နှင်းကာ ငုံ့ကြည့်နေဖြစ်သည်။ ရင်ထဲမတော့ ပြောနေသည့်စကားတွေက မကုန်ဆုံးအောင်ရှိ၏။ ဘယ်နေရာကိုပဲ ကြည့်ကြည့် ဘာကိုပဲမြင်မြင် မမရင်ထဲမှစကားလုံးများသည် ဖြစ်ထွန်းနေသည်ချည်းဖြစ်၏။

လွမ်းပါတယ် ပင်လယ်ကြီးရယ်၊ တမ်းတနေမိတာပေါ့၊ တမ်းတဆဲရှိတာပေါ့ မိုးကောင်းကင်ကြီးရယ်၊ လွမ်းရလို့ တမ်းတရလို့လည်း သိပ်ကိုငိုချင်နေမိပါတယ် ငွေလှိုင်းဇာခြည်တို့ရယ်...။

"မမ မမရေ. . ."





"ဟင် ဟယ် ကိုချစ်ဦးတို့ ခင်စပယ်တို့ လူစုတောင် ရောက်လာကြပြီ. . ."

အော်ဟစ်ခေါ်သံများနှင့် ကမ်းခြေသို့ပြေးဆင်းလာကြသည့် ကိုချစ်ဦးနှင့် ခင်စပယ်တို့လူစုတွေကို တွေ့လိုက်ရ၍ မမလည်း ဝမ်းသာပျော်ရွှင်သွား၏။

"မမ. .ဒီမှာ တစ်ယောက်တည်းနေနေတာ ဘမပျင်းဘူးလား"

မမကို ပြေးဖက်ရင်း ခင်စပယ်ဆိုသည်။

"မပျင်းပါဘူး၊ ဘာလို့ပျင်းရမှာလဲ၊ ရွာဝဲမှာ အဖော်တွေ အများကြီးရနေပြီ သိလား. . ."

"တယ်ဟုတ်ပါလား၊ တို့ကဖြင့် သူ့အတွက်ပူလိုက်ရတာ၊ သူက အတိတ်တောင်မေ့လို့. . ."

"ဒါပေါ့ ရဲလေးရ. .မမက ကိုယ့်ဂုဏ်ကိုပျော်အောင်ပဲ နေတယ်၊ အခုနင်တို့လာမယ်ဆိုတာသိလို့ ပုစွန်တွေဝယ်ပြီးကြော်ထားခိုင်းထားတယ်၊ တစ်ချို့က ကင်ထားတယ်. . ."

"အမလေးဟဲ့ လိမ္မာလိုက်တဲ့ ကလေးရဲ့၊ ကဲ ရဲလေးရေ—လာ တို့တွေပုစွန်သွားစားမယ်၊ သူတို့ကိစ္စသူတို့ပြောကြပါစေ"

ဆိုရင်း ချစ်ဦးနှင့်ရဲလေးတို့ ပြေးထွက်သွားလိုက်ကြသည်။ မမနှင့် စပယ်တို့မှာ ချစ်ဦး၏နောက်ကျောဆီ လှမ်းကြည့်ကျန်ရစ်ရင်း. . .

"ကိုချစ်ဦးလည်း ကြိုးစားပြီး မေ့ထားပုံပါပဲနော် စပယ်"

"ဒါပေါ့ အချိန်တွေက သူ့ကိုကုစားသွားတာပဲ၊ အနည်းဆုံးတော့ သူ့လုပ်ငန်းတွေက သူ့ကိုသတိရရှင့်မပြုအားဘူး၊ ဘာပြောပြော ဒီနေ့ရဲ့အဖြစ်အပျက်ဟာ မနက်ဖြန်အတွက် အတိတ်ပါ မမရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ရိုးဟာ အခါအားလျော်စွာနဲ့ တိုက်ဆိုင်မှုရှိမှ သတိရတာတဲ့ပြီး
ကြားတာနဲ့ အမျှ မေ့ပျောက်သွားတဲ့အရာပါ. . ."

"ဒါပေမယ့် ခံစားချက်တော့ရှိတယ်မဟုတ်လား စပယ်"

"မငြင်းပါဘူး၊ ရှေ့ ဒီမှာ နင့်အတွက် စာ၊ ကိုကို့ဆီက"

"ဟင်! . . ."

အံ့သြခြင်း၊ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ စိတ်တွေလှုပ်ရှား
ခြင်း၊ ထိခိုက်ကြေကွဲခြင်းများနှင့် စပယ့်လက်ထဲမှ စာကို မမယူဖတ်
ရှာ၏။ စာဖတ်နေသည့် မမထံ စပယ်သည် တခဏမျှကြည့်နေပြီးမှ
သည် မမအနီးမှလှမ်းထွက်သွားလိုက်လေ၏။

ချစ်ညီမလေး မမ. . .နေကောင်းရဲ့လားကွယ်၊ ကိုယ်စိတ်
နေ သုံးပါး အေးချမ်းသာယာပျော်ရွှင်ရဲ့လားဟင်၊ မင်းလေးတကယ်
ပျော်ရွှင်ပါစေလို့ ကိုကိုဆုတောင်းနေပါတယ်၊ ကိုကို့ဘဝမှာ မင်းလေး
ပြည့်စုံပျော်ရွှင်ဖို့သာ အစဉ်ကြိုးစားခဲ့တာပါ၊ သတိရတယ် လွမ်းတယ်
ချစ်တဲ့သူရယ်၊ နေ့နေ့ညည စက္ကန့်နဲ့အမျှ သတိရလွမ်းနေတာပါ၊
လွမ်းလျက် တမ်းတလျက် တွေ့ချင်လျက်နဲ့ မင်းလေးနဲ့ ရင်မဆိုင်
ဝံ့တဲ့သူပါ၊ ကိုကို့ဘဝက တောင်းပန်ခြင်းနဲ့လည်း မပြည့်စုံနိုင်တဲ့
ဘဝပါ။ ဒါပေမယ့် မင်းကိုချစ်တယ်၊ မင်းကိုတောင်းပန်ခဲ့ပါတယ်၊
ကိုကို မနက်ဖြန်အီတလီကို သွားတော့မှာမို့ ကိုယ့်အချစ်ဆုံးလေးကို
နှုတ်ဆက်ပါတယ်၊ ပျော်ရွှင်အောင်နေပါနော်၊ ဖေဖေလည်းနေကောင်း
ပါတယ်၊ ဝင်းစုချိုလည်း သူနဲ့ပတ်သက်ခဲ့ဖူးတဲ့လူတစ်ယောက်နဲ့
လက်ဆက်လိုက်ပြီး ကုမ္ပဏီမှာပဲ အလုပ်လုပ်နေပါပြီ။ မင်းလေးပဲ
ပျော်ရွှင်စွာနဲ့ နေပါနော်၊ နှုတ်ဆက်ပါတယ် ချစ်သူရယ် . . .

တစ်ဘဝလုံးအတွက် ကိုကို။





"အဟင့် ဟင့် ဟင့်. . ."

စာဖတ်ကတည်းက မမမျက်ရည်တွေက အငံနှင့်အားနှင့်
စီးဆင်းကျလာရသည်ပါ။ စာဖတ်ပြီးတော့ မမကား အသံထွက်အောင်
ပင် ရှိုက်၍ရှိုက်၍ ငိုချပစ်လိုက်ပါတော့၏။ ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (သုံးဆယ့်လေး)

ငါးလခန့်ကြာပြီးနောက်. . .။

"စပယ်. .မှန်ထဲကြည့်ပါဦး၊ နှင်အရမ်းလှတာပဲ၊ ကြည့်လိုက်၊ သိပ်လှတာပဲနော်. . ."

"အင်း ငါလှတာ နှင်တော်လို့ပါ မမရယ်. . ."

"အံမယ် နှင့်ကိုမရှိဘဲ နကိုင်းထွက်ပါမလားလို့၊ နှင်လှလို့ ကိုချစ်ဦးကြီးက ကြွေနေတာပေါ့. . ."

"အံမယ် မမရယ်၊ ငါ့များအမှန်တရားမသိတဲ့သူကျနေတာပဲ၊ တကယ်တော့ ကိုချစ်ဦးက နှင့်ကိုချစ်တာ၊ နောက်မှ နှင်က ဘယ်သူ့ပစ္စည်းဆိုတာ သိသွားပြီးမှ ငါ့ဘက်လှည့်လာတာပါနော်. . ."

"တော်ပါ ကိုချစ်ဦးက ငါ့ကို ညီမလေးလိုချစ်တာပါဟာ၊ ဒီနေ့ ပူပူနွေးနွေး လက်ထပ်ထားတဲ့ သတို့သမီးက ဘာတွေလျှောက်ပြောနေလဲမသိဘူး၊ ကဲ ပြီးပြီ ထထ၊ ခြံထဲဆင်းမယ်၊ သူငယ်ချင်းတွေတောင် စုံနေပြီနဲ့တူတယ်. . ."

အသစ်စက်စက်သတို့သမီးလေး ခင်စပယ်ကို အလှတွေပြင်ဆင်ပေးပြီး စကားတွေပြောနေကြသည့် သူငယ်ချင်းနှစ်ယောက်မှာ ခြံထဲဆင်းဖို့ စကားစကိုဖြတ်လိုက်ကြသည်။ စပယ်က တစ်ချိန်လုံး မမအသွင်လေးကိုသာ အကဲခတ်ကြည့်နေဖြစ်သည်။ မမ





အသွင်လေးက အေးအေးဆေးဆေးလေးနှင့် နွေးနွေးထွေးထွေးလေးပါ။

"ဟယ် မမရေ. .ခြံထဲမှာ သူတို့က ဘာဘီခရူတွေတောင်ကင်နေကြပြီ. . ."

"အဲဒါကြောင့်မြန်မြန်လုပ်ပါလို့ ပြောတာပေါ့၊ စကားတွေရှည်နေတာကိုး. . ."

"အမလေး မမရယ်၊ ဘာများအရေးကြီးလို့လဲ၊ အရေးကြီးပုဂ္ဂိုလ်လည်း တစ်ယောက်မှမပါပါဘူးဟာ၊ သူ့ဘက် ကိုယ့်ဘက်ပေါင်းမှ ဆယ့်လေးငါးယောက်ပဲရှိတဲ့ အရင်းနှီးဆုံးသူငယ်ချင်းတွေနဲ့ အပျော်ညှော့ခံစားသောက်ကြတာပဲဟာ. . ."

"ဘာပဲဖြစ်ဖြစ်လေ ကိုယ့်ရဲ့မင်္ဂလာရက်ကိုတော့ တန်ဖိုးထားရမှာပေါ့လို့၊ မြန်မြန်လာပါ. . ."

မရှိုးမချဉ်အပြုံးလေးတွေနှင့် စကားတွေပြောရင်း လက်ဆွဲကာ သူငယ်ချင်းနှစ်ယောက် ခြံထဲဆင်းခဲ့လိုက်ကြသည်။

"ဟေး ,သတို့သမီးလေးလာပြီဟေ့..။ ဖြောင်း ဖြောင်း ဖြောင်း. . ."

"ကျန်းမာပါစေ ချမ်းသာပါစေ ပျော်ရွှင်ပါစေ စီးပွားတိုးတက်ပါစေ၊ ဒီလင်ဒီမယား အိုအောင်မင်းအောင်ပေါင်းကြရပါစေ.."

သူငယ်ချင်းတွေက သတို့သားနှင့်သတို့သမီးကို ဆွဲလာကြပြီး နှစ်ဦးကိုမျက်နှာချင်းဆိုင်ပြီး ဖက်ထားခိုင်းလိုက်သည်။ ကျန်သည့် သူငယ်ချင်းတွေက ပန်းတွေကြဲကြသည်။ ဆုတောင်းပေးကြသည်။ လက်ခုပ်သြဘာများပေးကာ ပျော်ရွှင်ပြုံးရယ်ကြသည်။ ဂုဏ်ပြုကြသည်။ စပယ်နှင့် ချစ်ဦးတို့ကလည်း တစ်ဦးကိုတစ်ဦး ထွေးပိုက်ကာ အကြင်နာအနမ်းလေးများနှင့်ရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မမသည် သူငယ်ချင်းဧနီးမောင်နှံနှင့် သူငယ်ချင်းတို့ကို ခြေစုံလေးရပ်ကာ လက်ကလေးယှက်လျက်မှ အပြုံးလေးတွေနှင့် ကြည့်နေဖြစ်လေ၏။ သူငယ်ချင်း ဗိဒီယိုကင်မရာသမားနှစ်ယောက်ကလည်း မှတ်တမ်းတင်ထားကြသည်မှာ အသေးစိတ်ပင်။

"ကဲ ကဲ ကင်ကြပါဗျို့၊ စားကြမယ်၊ သောက်ကြမယ်၊ ဟော့ သူငယ်ချင်း..ငါ့ကိုအသေးစိတ်ပါအောင် ရိုက်ထားကွာ. . ."

"စိတ်ချပါ၊ မင်းမှ အသေးစိတ်ဆုံး၊ နောက်တော့ မင်းပြန်ကြည့် ဟား ဟား ဟား. . ."

သတို့သမီး သတို့သားနှင့် သူငယ်ချင်းတွေ ပျော်ရွှင်စွာ ကခုန်မြူးတူးပျော်ပါး စားသောက်နေကြသည်ကို မမသည်လည်း ပျော်ရွှင်သော အားရသော အပြုံးတွေနှင့် ကြည့်နေသည်ပါ။ ဗိဒီယိုကင်မရာမဲန်းနှစ်ယောက်ကလည်း မကြာခဏဆိုသလို တစ်ယောက်တည်းထိုင်ကာ အေးဆေးစွာစားသောက် ပြုံးရယ်နေသည့် မမကိုရိုက်နေကြသည်က ခဏခဏ။

"မမ. .လာလေကွာ၊ ကြည့်ရတာ မသွက်ပါလား"

"အဟင်း ဟင်း ဟင်း. . ."

သတို့သားကိုချစ်ဦးက လှမ်းခေါ်သည်။ မမက ပြုံးရယ်၍သာနေ၏။

"မမရေ ခဏနော်၊ အသားတွေကင်ပြီး လာခဲ့မယ်. ."

"ရပါတယ်၊ ကိုယ့်လူနဲ့ပဲနေစမ်းပါ. . ."

"အံမယ် ဒီစကားက ကိုယ်ချင်းစာတဲ့စကားလား ဟဲ ဟဲ"

"အဟင်း ဟင်း. . ."

ဘာပြောပြော မမက အေးဆေးစွာပင်ပြုံးရယ်၍နေသည်။





မမမျက်နှာလေးဆီ အနီးကပ်ကြည့်မည်ဆိုလျှင်တော့ မမ၏လှပသော မျက်ဝန်းအစုံဝယ် အရည်ကြည်လေးများ ရစ်သိုင်းနေမည်ကို သတိထားတွေ့မြင်ကြရမည်ပါ။ အသားတွေကင်ရင်း ချစ်ဦးနှင့် ခင်စပယ်တို့နှစ်ဦးမှာ တီးတိုးစကားတွေဆိုရင်း မမထံ လှမ်းလှမ်း၍ကြည့်ကွက်၊ ကြည့်ကွက်ရှိနေကြသည်။ တစ်အောင့်ကြာတော့ အသားကင်တစ်ပန်းကန်နှင့် မမအနီးသို့ စပယ်ရောက်လာ၏။

"မမရေ. .စားကြမယ်ဟော့ ကောင်းကောင်း. . ."

"အို့ များလှချည်လား. . ."

"အမလေး စေတနာကို. . ."

"ဟင်း ဟင်း ဟင်း. . ."

ပြောရင်း သူငယ်ချင်းနှစ်ယောက် ရယ်ကြသည်။ စားသောက်ကြသည်။

"ဩော် ပြောရဦးမယ်. . ."

"ဘာလဲဟင်. . ."

"ကိုချစ်ဦးမှာ အစီအစဉ်တစ်ခုရှိတယ်. . ."

"ဟင် ဟုတ်လား၊ ဘာအစီအစဉ်လဲဟင်. . ."

"မသိဘူး၊ သူပဲပြောလိမ့်မယ်၊ မမရော့ ပုဇွန်ကင်စား၊ အရမ်းကောင်းတယ်. . ."

"[illegible] ဟုတ်တယ်နော်၊ ချိုလိုက်တာ. . ."

"[illegible] ဒါက ဘဲကင်၊ စားကြည့်ဦး. . ."

"အင်း လတ်ဆတ်တော့ချိုနေတာပဲ၊ အချဉ်ရည်ကလည်း အရမ်းကောင်းတယ်. . ."

"ဒီအချဉ်ရည်က မေမေ့လက်ရာလေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့်ကောင်းတာ၊ ဘဝဲကို ဆလပ်ရွက်နဲ့စား၊ ပန်းချော့ပွလေးကိုက်၊ အရမ်းကောင်းပဲ. . ."

"မုန့်ကို ခရမ်းချဉ်သီးလေးနဲ့စားတာနဲ့ကို ပြည့်စုံတယ် မမရေ၊ ဆလပ်ရွက်လည်းစားလေ. . ."

"စားပါတယ်၊ ကင်လာတာကလည်း များလိုက်တာဟာ"

"အမလေး သူများတွေလည်း လာစားမှာပေါ့. . ."

"ကဲ ကဲ ကဲ၊ ဖြောင်း ဖြောင်း ဖြောင်း. . ."

အားလုံး စကားတွေပြောရင်း စားသောက်နေကြဆဲ သတို့သားကိုချစ်ဦးတစ်ယောက်က အားလုံးရဲ့အလည်တွင် ထွက်ရပ်ကာ လက်ခုပ်တီးစကားပြောလာ၍ အားလုံးက သူ့ထံလှမ်းကြည့်ဖြစ်ကြသည်။

"သူငယ်ချင်းတွေစားသောက်တုန်း အနှောင့်အယှက်ဖြစ်သွားတာ တောင်းပန်ပါတယ်၊ ကိုယ် အစီအစဉ်လေးတစ်ခုရှိတာ ပြောပြချင်လို့ပါ. . ."

"စိတ်ဝင်စားတယ် ပြော ပြော. . ."

"တခြားတော့မဟုတ်ပါဘူး၊ ကိုယ့်ရဲ့မင်္ဂလာပွဲမှာ ထူးခြားတဲ့ ဧည့်သည်တစ်ယောက်ကို ဖိတ်ထားလို့ပါ. . ."

ဘယ်သူများလဲဟု အားလုံးက စိတ်ဝင်စားကြရပြန်သည်။

"သူက အဝေးကြီးကတောင် လာခဲ့ရတာပါ၊ အခုသူရောက်ပါပြီ၊ သူ့ကို အားလုံးက လှိုက်လှိုက်လှဲလှဲကြိုဆိုပေးကြပါခင်ဗျာ"

ကိုချစ်ဦးစကားအဆုံး၌ ဆင်ဝင်အောက်မှ သူတို့ထံသို့ လှမ်းလာနေသည့် ရှေ့မင်းသားကိုကို့ကို လှမ်းတွေ့လိုက်ကြရနိုက် အားလုံးက လက်ခုပ်တီးကာ အပြုံးများနှင့် ကြိုဆိုကြသည်။





"ဟင် အို. . ."

မျှော်လင့်မထားသည်မို့ မမကား မှင်သက်အံ့သြမဆုံးအောင်ပင် ဖြစ်သွားရရှာပါ၏။ မမတစ်ယောက် မှင်သက်ဆဲ ကိုကိုသည် မမရှေ့၌ ငြိမ်၍ချောမွေ့သောအသွင်ဖြင့်ရပ်လာသည်။ တမေ့တမော့လေးကြည့်သည်၊ နွေးထွေးစွာကြည့်သည်၊ လွမ်းရသော တမ်းတရသောအကြည့်တွေနှင့်ကြည့်သည်။ ပြီးကော့ စိုးရိမ်၍ရွံ့သောအကြည့်မျက်ဝန်းများနှင့်ကြည့်နေဖြစ်သည်ပါ။ အခိုက်အတန့်၌ အသက်ပင် မရှုဖြစ်အောင် အားလုံးသည် ငြိမ်သက်နေမိကြလေ၏။ အတန်ကြာမှ မမသည် မှင်သက်ရာမှ မျက်ဝန်းလေးများလှုပ်ရှားကာ သတိရလာသည်။ ခုတိုင်တောင်းပန်ဆဲရှိသည့် ကိုကို့မျက်ဝန်းများဆီကြည့်ပြီး...

"ကိုကို..ဘယ်တုန်းကပြန်ရောက်နေလဲဟင်. . ."

"ညကပါ၊ ရောက်ရောက်ချင်း ကိုယ် ဒီအိမ်ရှေ့မှာ မင်းကို အကြာကြီးလာရပ်ကြည့်နေခဲ့တယ်. . ."

ကိုကိုဆိုတော့ မျက်ရည်များ ကျလုကျခင်ရှိသည့် မျက်ဝန်းလေးမကွနှင့် မမမော်ကြည့်လာသည်။ ကိုကိုသည် ဟန်ဆောင်ထိန်းချုပ်၍မရတော့ပါ၊ လွမ်းရှုလွန်း၍ နာကြင်ရလွန်းသည့်ရင်ကို ဖွင့်ကာ မမကိုယ်လုံးလေးအား ရင်ခွင်ထဲထွေးဖက်ထားဖြစ်ပါတော့၏။ မ[illegible]လည်း သူ့ရင်ခွင်ပယ်နားနိုရင်း မျက်ရည်များသည် အဆီးအ[illegible]ဆင်းနေပါတော့၏။ ထိုမျက်ရည်များကား မမ၏ဘဝအား လုံ[illegible]းတွေး ချမ်းမြေ့သွားစေမည့် မျက်ရည်များပင် ဖြစ်သတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## (သုံးဆယ့်လေး)

သုံးနှစ်ခန့်ကြာသော် . .။ ပေလီကမ်းခြေ၊ သဲနုနုပေါ်တွင် မှ။ ဖြူနုဝင်းဖန့်သော အသားရောင်နှင့် နှစ်နှစ်အရွယ်သမီးလေး သည် ဟိုဒီကြည့်ကာလမ်းလျှောက်နေ၏။ သမီးလေးနှင့် လက်တစ် ကမ်းအကွာတွင်မတော့ ကိုကိုနှင့်မမတို့ဇနီးမောင်နှံသည် လက်ချင်း တွဲကာ လျှောက်ခဲ့ကြသည်။ တစ်ချက်တစ်ချက်ဖြင့် ကိုကိုသည် မမအား ပုခုံးလေးမှဖက်လိုက်၊ ပါးနုနုလေးဆီ ရွတ်ခနဲနမ်းလိုက်၊ ကြည်နူးစွာပြုံးရယ်လိုက်ဖြင့်ရှိ၏။ စိမ်းလန်းသော သစ်ပင်တွေနှင့် လှပသစ်လွင်သော အဆောက်အဦးတွေနှင့် သာယာအေးမြသော ပင်လယ်ကြီးနှင့် ပြာလွင်သော မိုးကောင်းကင်နှင့် ပတ်ဝန်းကျင်သည် မင်္ဂလာများနှင့် ပြည့်စုံနေတော့၏။

"ကိုကို. .သမီးလေးကိုသွားချီလိုက်ပါဦး. . ."

"နေပါစေ အချစ်ရယ်၊ သမီးလေးလွတ်လွတ်လပ်လပ် လမ်း လျှောက်ပါစေ. . ."

"အို ကိုကိုကလည်း မမတို့သတိလစ်တဲ့အခါ သမီးလေး ရေထဲဆင်းသွားရင် ဘယ်လိုလုပ်မလဲ. . ."

"ဒါဆိုလည်း ကိုကိုသွားချီလိုက်ပါ့မယ်ဗျာ. . ."

ကိုကိုဆိုရင်း သမီးလေးကိုပွေ့ချီထားလိုက်သည်။ ပြီးတော့





သမီးလေးမျက်နှာအနှံ့ တရှုံ့ရှုံ့နမ်းလိုက်ပြီး. . .

"အား နမ်းလို့ကိုမဝနိုင်ဘူး၊ ချစ်လိုက်ရတဲ့သမီးလေးရယ်၊ မမရေ. . ."

"ဟင်. . ."

"သမီးလေးကလေ ကိုကိုနဲ့တူလို့လားမသိဘူးနော်၊ သိပ် ချစ်ဖို့ကောင်းတာပဲ. . ."

"ဟုတ်ပါတယ်၊ အဲဒါဘာဖြစ်လို့လဲ သိလား. . ."

"မမက ကိုကို့ကိုသိပ်ချစ်လို့၊ သမီးလေးကို ကိုကိုနဲ့တူ အောင်မွေးတာပေါ့. . ."

"အံမယ် သမီးလေးက မမနဲ့လည်းတူပါတယ်နော်၊ [illegible] မမကို ကိုကိုကသိပ်ချစ်လို့ မမနဲ့တူအောင် [illegible]"

"အို သူတော့လေ ဘာတွေပြောနေမှန်းမသိဘူး. . ."

ပုန်းညက်ပင်ပေါ်မှ ငှက်ကလေးတွေ [illegible] အော်ရယ်ပစ်လိုက်သည်။ ပြီးတော့ သမီးလေးကို [illegible] ချီပြီး လက်တစ်ဘက်က ချစ်ဇနီး [illegible]

"မမ. . ."

"ရှင်. . ."

"ကျေးဇူးတင်တယ် အချစ်ရယ်. . ."

"ဘာဖြစ်လို့. . ."

"ကိုကိုက မမအပေါ်မှာ အချစ်နဲ့ရန်ငြိုးတွေနဲ့ ရှုပ်ထွေး နေခဲ့ပေမယ့် မမကတော့ ကိုကို့ကို ဘယ်သောအခါကမှ မငြိုငြင်ခဲ့ လို့ပါ. . ."

"အဟင်း ဟင်း၊ ဒါလား၊ မမပြောထားသားပဲ၊ ကိုကိုမှန်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လည်း မမချစ်နေမယ်လို့၊ ကိုကို့ကို မမက ငယ်ငယ်ကတည်းက ချစ်အားကိုးပြီး ယုံကြည်ခဲ့တဲ့သူလေ. . .”

“ကိုကိုလည်း မမကိုငယ်ငယ်ကတည်းကပဲ ချစ်ခဲ့တာပဲဟာလေ”

“သိတယ်လေ၊ တစ်ချိန်လုံး ကိုကို့ကိုနားလည်စွာနဲ့ မမချစ်ခဲ့တယ်. . .”

“ညီမလေးရယ် ဘာဖြစ်ဖြစ် မင်းလေးတစ်ယောက်တည်းကိုသာ ချစ်မြတ်နိုးခဲ့ရတာပါလေ. . .”

သူဆိုရင်း မမမျက်နှာလေးအနှံ့သို့ နမ်းရှိုက်နေလိုက်သည်။

“ဒက်ဒက် မာမီ ချစ် ချစ်. . .”

ချစ်စရာစကားသံလေးနှင့် သမီးလေးက ကိုယ်လေးယိုင်လာပြီး သူတို့မျက်နှာများဆီနမ်းလာလေ၍ ကိုကိုနှင့်မမသည် သမီးလေး၏တက်တက်သိလိမ္မာပုံအား အံ့သြဝမ်းသာကာ ချစ်အသည်းတွေယားသွားကြ၍. . .

“ဟယ် ချစ်စရာကောင်းလှိုက်တဲ့ သမီးလေး. . .”

“ကြည့်စမ်း၊ တတ်လိုက်တဲ့ သမီးလေး. . .”

နှစ်ဦးသားသည် သမီးလေး၏ပါးနုနုလေးပေါ်သို့ ပြိုင်တူနမ်းလိုက်ကြပါတော့၏။ ။

ပြီးပါပြီ။

သိင်္ဂါရ,ရသအပေါင်းနှင့် ပြည့်ဝနိုင်ကြပါစေသတည်း။

စောပြည့်မာလာ

www.burmeseclassic.com

www.burmeseclassic.com



# စောဖြည့်မာလာ

အချစ်ကအချစ် ရန်ငြိုးကရန်ငြိုး

www.burmeseclassic.com